[illegible]

ရှင်ဝါယာမာဘိဝံသ

၏

# ပုတီးစိပ်ကိုယ်တွေ့မှတ်တမ်း

## သိဒ္ဓိ မဟိဒ္ဓိ မန္တာန်ဝိဇ္ဇာထွက်လမ်း

ကျမ်းမြွတ်မဟာ



# နိဒါန်း

နိဒါန်းအနေဖြင့် ရှေ့ပညာရှိများ၏ စကားပုံများကို အောက်တွင်ဖော်ပြထားပါသည်။ ရှေ့ပညာရှိများ၏ စကားပုံများသည် ဘုရားဟောဓမ္မစာပေများကို မှီညာန်းပြုပြီးရေးထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အထူးလေးစားမှတ်ယူ ကျင့်သုံးရမည်ဖြစ်၏။ ထို့ကြောင့် မှတ်ယူကျင့်သုံးနိုင်ရန် နိဒါန်းအဖြစ် ဖော်လိုက်ရလေသတည်း။ ။

**ကျောက်အောင်စံထား၏မေတ္တာစေတနာ**

**သတိ**

- မည်သည့်လေ့လာမှုမျိုးပဲဖြစ်ဖြစ်- မှတ်တမ်းမရှိပါက ကျဆုံးမှုဘက်သို့သာ ရောက်သွားရမည်မှတ်။
- သေးငယ်သောအလုပ်ဖြစ်စေကာမူ၊ မှတ်တမ်းရှိနေပါက ကြီးပွားအောင်မြင်လာမည်မှတ်ပါ။
- မှတ်တမ်းမရှိပဲ လုပ်ရသော သုတေသနသည် မျက်ကန်းလမ်းသွားသကဲ့သို့ဖြစ်၏။ စစ်မှန်သော မှတ်တမ်းဖြင့် သုတေသနပြုရပါက နတ်မျက်စိကဲ့သို့ဖြစ်၏။

**'' ကြီးပွားလိုလျှင် မှတ်တမ်းပြုပါ'' ''တိုးတက်အောင်မြင်လိုလျှင် နည်းကောင်းလမ်းမှန်နှင့် ပြုလုပ်ပါ၊ နည်းလမ်းမရှိတ မတိုးတက်''**

၁။ ခါသင့်ချိန်ဆုန်း နတ်တနွန်းသို့ လူ့ဘုန်းသမ္မာမမြင်သာဘူး။

၂။ ကံကြီးမား၍ ကောင်းစားမည်သူ ဖြစ်ဘိမူကား ထိုသူထင်ရှား မဖြစ်ညားဘဲ မသေမြဲတည်း။

၃။ သူ့ကိုစောင့်မှ သူကကိုယ့်ကို ကြည်ညိုမေတ္တာစောင့်နိုင်ရာ၏။

၄။ သဒ္ဓါဝမ်းတွင်း ပေးကမ်းခြင်းကား၊ ရခြင်းထက်သာ ဝမ်းမြောက်စွာ၏။

၅။ လူဟူသရွေ့ ဒုက္ခတွေ့သော် သိမ်မွေ့ကောင်းစွာ ကုသိုလ်မှာလျှင် ချမ်းသာရကြောင်း ကျင့်ရရှောင်းရှင်း။

၆။ သစ္စာနုတ်သီး မန္တာန်ကြီးက သေပြီးသော်မှ ရှင်ပြန်ရ၏။

၇။ သူ့ဂုဏ်ကိုနှိမ့် ကိုယ့်ဂုဏ်နိမ့် သူ့ကိုချီးမြှောက် ကိုယ့်ဂုဏ်ရောက်၏။

၈။ မသူတော်ချင်း သူတော်ချင်းတို့ ဓာတ်ချင်းသင့်လျော်ပေါင်းကြတော်၏။

၉။ ထကြွဝီရိယ၊ ဥဋ္ဌာနဖြင့် လုံ့လရှိမှဥစ္စာရ၏၊ မစွနွတ်လျှာ မှန်ကန်စွာလျှင် သစ္စာသည်မှ ကျော်စောရ၏။

၁၀။ လူမှုထိုထို၊ ထိုထိုသိပ္ပဟူသမျှကို နည်းသည်ဟူ၍၊ မအောက်မေ့နှင့်၊ ဘုရားမကြိုက် ဒုစရိုက်ကို မလိုက်မစား မြဲရှောင် ရှားလော့။

၁၁။ မုန်းပြင်းဒေါသ စိတ်နာဂကို ညာဏချွန်းတွင်း မြဲစေမင်း။

၁၂။ ကိုယ်က ဥစ္စာ စွန့်လွှတ်ကာလျှင် မေတ္တာရှေးလက် ပေးကမ်းဟတ်မှ မိတ်ဆွေရ၏။

၁၃။ ပညာမရှိ သတိမမူ ဒေါသဟူ၍ မာန်မူကြွားမြောက် လွှားမမောက်နှင့်။
၁၄။ ဆရာကိုယ်ပယ် ကိုယ်ဝယ်လှန်စူး အထူးမျက်မှောက် မန္တာန်ပျောက်၏။
၁၅။ ကျေးဇူးမဖြစ် သူမိုက်ချစ်က အပြစ်သည်သာများတတ်စွာ၏။
၁၆။ ကိုယ်မှာရှိဘူး သူ့ကျေးဇူးကို ထိမ်မြှုးမအပ် တုံ့ပြန်ဆပ်လော့။
၁၇။ လောကလူတွင် ရန်သူမှန်စွာ ဖြစ်စေကာလည်း၊ ပညာရှိက မြတ်တုံ့စွ၏။
၁၈။ ဟုတ်မဟုတ်ဆို မနာလိုနှင့် နာလိုတူဘိ ကျိုးမရှိငြား စကားလေးလုံး လူမိုက်သုံး၏။
၁၉။ သစ္စာဘောက်လှန်း မတော်မှန်းက ဘေးဒါဏ်ရောက်ခါ ပျက်တတ်စွာ၏။
၂၀။ ကျယ်ဝန်းသိမြင် ပညာရှင်က လူတွင်တရောက် တခေါ် လောက်၏။

၁၃၂၈ - ခု သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော် ညနေ ၈ နာရီတွင် ပုထိုးတော်ကြီးဘုရား၊ ဘုရားဖူး ပုတီးစိပ်သွား၏။ ဘုရားရောက်လျှင် ကျွန်ုပ်၏ တေဇအရပ်၊ တနင်္ဂနွေထောင့်က ပုတီးစိပ်၏။ ကျွန်ုပ်ပုတီးစိပ်လို့ ၉ပတ်လောက်အရ ဘုန်းတော်ကြီး၇ပါး အရှေ့ဘက် လှေကားမှတက်လာပြီး ထောင့်သုံးထောင့် ၃ ပါး၊ လေးမျက်နှာ လေးပါးထိုင်ကြပြီး ပုတီးစိပ်နေကြ၏။ ကျွန်ုပ်ပုတီးပတ် ၂၇ ပတ်စိပ်ပြီးလျှင် မေတ္တာပို့အမျှဝေ၏။ ထိုအခါ ဘုန်းကြီးများသည် ပုတီးစိပ်နေကြရာမှ ထလာကြပြီး ကျွန်ုပ်ကို အကြီးဆုံးဘုန်းကြီးတစ်ပါးက စပြီးမေးမြန်း၏။ ကျော်အောင်စံထားဆရာတော်က ဒီကပုတီးစိပ်ပြီး ဘယ်ကြွမှာလဲဘုရား . . ရွှေဂူကြီးသွားမှာပါဘုရား . . ရွှေဂူကြီး မနက်ဖြန်မှသွားပါလားဘုရား . . တပည့်တော်တို့နဲ့ အတူ "ရတနာမာန်အောင်၊ ရတနာထွန့်ခေါင်ဘုရားနှစ်ဆူ" ကို လိုက်ဖူးပြီး ပုတီးစိပ်ပါလားဘုရား . . . အဲဒီ ရတနာမာရ်အောင်၊ ရတနာထွန့်ခေါင် ဘုရားနှစ်ဆူက ဘယ်မှာရှိတာလဲဘုရား။ ဒီကနေသွားလျှင် သိပ်ပြီးမဝေးပါဘူး၊ တပည့်တော်တို့နှင့် လိုက်ခဲ့ပါလားဘုရား . . ကောင်းပါပြီဘုရား လိုက်တာပေါ့ . . . ကြွကိုယ်တော် ကြွကြွ။

ကျွန်ုပ်လည်း ကိုယ်တော်များနှင့်အတူ လိုက်ကြွသွား၏။ ပုထိုးတော်ကြီးဘုရား အရှေ့ဘက်သို့ လျှောက်သွားကြ၏။ ကျွန်ုပ်လဲ အထူးသတိပြုလိုက်၏။ ကျွန်ုပ်တို့အရှေ့တည့်တည့် သွားမိကြသောအခါ၊ ပြသာဒ်ကြီးရှာနားဟုထင်၍ ဖူးဘုရားကိုကြည့်၏။ မမြင်ပေ။ တောကြီးထဲလျှောက်သွားနေရ၏။ တမုဟုတ်ချင်း ဖြစ်နိုင်ရန်ကောဟု စိတ်ထဲကအောက်မေ့လိုက်၏။ ထိုအခါ ကျွန်ုပ်ရှေ့ကသွားသော ဘုန်းကြီးက ကျော်အောင်စံထားဆရာတော်က ဣဒ္ဓိဝိသယ - အရာဆိုတာ မကြံကောင်းပါဘူး၊ အခုအရှင်ဘုရားရောက်လာတာ မဟာဝုန်တောဖြစ်ပါတယ် . . . မဟာဝုန်တောဆိုတာ မြတ်စွာဘုရား မဟာသမယသုတ်တော် ဟောသောနေရာလားဘုရား . . မဟုတ်ပါဘူးဘုရား၊ တောအလွန်ကြီးလို့ မဟာဝုန်တောလို့ခေါ်ကြတာပါဘုရား၊ အရှင်ဘုရားမြင်တဲ့အတိုင်းဘဲဘုရား၊ လရောင်ဟာ ဇကာပေါက်ပဲထိုးနိုင် တယ်မဟုတ်လားဘုရား။

ဟိုရှေ့ကဝင်းဝင်း - ဝင်းဝင်းနှင့် တွေ့တယ်မဟုတ်လားဘုရား . . တွေ့ပါတယ်၊ အဲဒီနေရာ သွားရမှာဘုရား၊ ရတနာထွန့်ခေါင်နဲ့ ရတနာမာရ်အောင်ဘုရားဆိုတာ အဲဒါဘဲဘုရား . . ဘုရားတံတိုင်းနားရောက်လာကြသောအခါ နောက်ကကိုယ်တော် ၆ပါးက " နမောဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမောသံဃဿ"

ဆိုပြီး လက်အုပ်ချီဦးညွှတ်ကြ၏။ ကျွန်ုပ်လည်း ထိုပုဂ္ဂိုလ်များကဲ့သို့ပြုလုပ်၏။ ဘုရားတံတိုင်း အတွင်း ဝင်သွားကြ၏။ အာရုဏ်ခံတံဆောင်ကြီးမှာ အခန်း ၁၈ခန်းရှိ၏။ ကိုယ်တော်ကတံဆောင်းကို အံ့သြနေတာလား . . ဟုတ်ပါတယ်ဘုရား။

နောက်မှလိုက်သွားသောကိုယ်တော်က ဒီတန်ဆောင်းတော်က အခန်း ၁၈ ခန်းပတ်လည်ရှိတယ်။ တခန်း တခန်းလျှင်၊ အတောင် ၉ တောင်ရှိတယ်။ ဘူမိအားဖြင့် ၉ ဘူမိရှိတယ်။ အရပ်က ၉၀ ရှိတယ်။ အထဲက ရွှေအတိပြည့်သော ရတနာထွဋ်ခေါင် ၊ရတနာမာရ်အောင်ဘုရားနှစ်ဆူက အတောင် ၆၃တောင်ရှိတယ်။ မုခ်က ၉မုခ်ရှိတယ်။ မုခ်အကျယ်က ၉တောင်ရှိတယ်။ သေသေချာချာ ဖူးပေါ့ကိုယ်တော်၊ လူ့ပြည်မှာ ဒီလိုဘုရားမျိုး ဒီလိုပုံမျိုးမရှိဘူး။ ဘုရားစီထားသော အုဋ်များကား အဂ္ဂိရပ်အတတ်ဖြင့်လုပ်တဲ့ ရွှေအုဋ်တွေပဲကိုယ်တော် မုခ် ၉ မုခ်ထဲက တင်ပလ္လင်ခွေ ရုပ်ပွားတော်ကြီးများက ၇ တောင်တမိုက်ရှိတယ်၊ မဟာမြတ်မုနိကိုယ်တော်နှင့် အရပ်တော် အတူတူပဲ ကိုယ်တော် - ရွှေအတိပြီးသော ကိုယ်တော်များ ဖြစ်ကြတယ်၊ မကိုဋ်များကတော့ ပုလဲ သဏ္ဍာန်၊ ပတ္တမြား၊ စိန်၊ မြ၊ နီလာ၊ ဂေါ် မုတ်စသော ရတနာတို့ဖြင့် ပြုလုပ်ထားတာဖြစ်တယ်။ မှန်ပါဘုရား ကျွန်ုပ်လဲအထူးမှတ်သားထားပြီး ဘုရားတဆူလျှင် - ၉ ပါတ်စီ အဓိဋ္ဌာန်စိတ်ပြီးတိုင်း အမျှဝေ၏။ မုခ်များရှေ့က နတ်ရုပ်များမှ စပြီးခြင်္သေ့ရုပ်များ၊ နဂါးရုပ်များ၊ ဝိဇ္ဇာရုပ်များ၊ ဇော်ဂျီများ၊ ဘီလူးရုပ်များတို့က ပြိုင်တူသာဓုခေါ်ကြ၏။

အလွန်အံ့သြစရာကောင်းပေစွ - သူတို့ သာဓုခေါ် တိုင်း ကြက်သီးများထမိ၏။ မုခ်ဝယာတွင် ငွေတံခွန် တိုင်ကြီးများ ပေါ်မှ ဟင်္သာရုပ်များတွမည်ကြသည်မှာ အတော်အံ့သြစရာ ကောင်းလှပေ၏။ တံခွန်တိုင်အောက်ခြေက ကြာ-၃-ဆင့်ခုံ ထိပ်ကစတုလောကပါလ နတ်ရုတ်လေးရုပ်ရှိ၏။ ထိုနတ်ရုပ်များကလည်း သာဓုခေါ် နေကြ၏။ ထိုရတနာထွဋ်ခေါင်၊ ရတနာမာန်အောင်ဘုရားနှစ်ဆူ မုခ်တိုင်း မုခ်တိုင်း သံဃာတော်များ ဝတ်ဖြူစင်ကြယ်နှင့် သူတော်များ၊ ယောဂီဝတ်ဖြင့် အိန္ဒြေရလှသော ယောဂီမယ်များတို့သည် ပုတီးစိပ်လျှက်တွေ့ရ၏။ ထိုစေတီ ၂ဆူ၏ တံဆောင်တော်အတွင်းမှ ပရိသတ်သည် ထောင်သောင်းချီ၍ ရှိလိမ့်မည်ဟု ခန့်မှန်းရပေ၏။ ထိုကဲ့သို့ များပြားသော ပရိတ်သတ် ဖြစ်သော်လည်း တိတ်ဆိတ်ငြိမ်သက်လျှက် -

ကျွန်ုပ်သည် အံ့သြဖွယ်ကောင်းသော ပရိတ်သတ်ကိုရင်း၊ ခမ်းနားဆန်းကြယ်လှသော ရတနာထွဋ်ခေါင်၊ ရတနာမာန်အောင် စေတီတော်နှစ်ဆူနှင့် တန်ဆောင်းတော်ကြီးကို ရောင်စုံယှက်ဖြာနေသော အလင်းရောင်ခြည်များကိုရင်း ကြည့်ပြီးကြည့်နူး၍ မဆုံးနိုင်အောင်ဖြစ်နေပါတော့၏။ စေတီတော်မြတ်နှစ်ဆူကို ပတ်ဝိုက်၍ထားသော လူသွားလမ်းကလေးမှ လမ်းညွှန်ပုဂ္ဂိုလ်များနှင့်အတူ စေတီမြောက်ဘက်သို့ လက်အုပ်ချီပြီး ပတ်ခြာလှည့်ကြည့်၍ ဖူးသောအခါ အထူးအံ့သြဖွယ်ရာများ ထပ်မံ၍ တွေ့ရှိရ၏။ နတ်ဒေဝီလို့ယူဆရသော မိန်းမပျိုများ၏ ဆင်ယင်ပုံမှာ အငြိမ့်မင်းသမီးများကဲ့သို့ ဝတ်ဆင်ကြ၏။ သို့သော်လည်း သူ့အုပ်စုနှင့်သူ အသွေးအရောင်ဖြင့် ခွဲခြားထား၏။ စိန်းနုရောင်အုပ်စု၊ ဝါနုရောင်အုပ်စု၊ ပြာနုရောင်အုပ်စု၊ အဖြူရောင်အုပ်စု၊ ပန်းနုရောင် အုပ်စုဟူ၍၊ ဤငါးအုပ်စုတို့က လက်များတွင် ပန်းနံ့သာများ ကိုင်ဆောင်လာ နေကြတာ တွေ့မြင်ရ၏။ မီးရှူးမီးပန်းများလည်း ကိုင်ဆောင်လာကြ၏။

ကျွန်ုပ်လည်း ဘုရားလှည့်ပြီး ဖူးမျှော်ပြီးနောက် - ခေါင်းဆောင်ဘုန်းတော်ကြီး ခေါ်သွားသည့်နောက် လိုက်ပါသွား၏။ ထိုစေတီနှင့် ခြေလှမ်း ၂၀ကွာလောက်တွင် သဘာဝကျောက်လှိုင်ဂူကြီး တွေ့ရ၏။ ညဖြစ်၍ အနီးရောက်မှမြင်ရ၏။ ထိုကျောက်လှိုင်ဂူကြီး အဝရောက်သော် ခေါင်းဆောင်ဘုန်းကြီးက - ကိုယ်တော် လှိုင်ဂူအတွင်းမှာ သတိရှိရှိနှင့် မြင်သမျှမှတ်သား၊ မသိတာရှိလျှင်လည်းမေး၊ လှိုင်ဂူသာ ဆိုရသော်လည်း အထဲကြတော့ မြို့တစ်မြို့လောက်ကျယ်တယ်။ လေ့လာမှတ်ထား အရှင်ဘုရားကို ဂိုဏ်းချုပ်ဆရာတော်ဘုရားထံရောက်အောင် ပင့်သွားရမယ့် ဝတ္တရားရှိတယ်။ ဟိုကျတော့ အရှင်ဘုရား မေးလိုတာမေးပေါ့ . . ကိုင်း . . ကိုင်း ဂူကြီးထဲဝင်ကြစို့။

ဂူကြီးထဲဝင်လိုက်သောအခါ နေကဲ့သို့လင်း၏။ ကျွန်ုပ်က နာရီထုတ်ကြည့်၏။ နောက်က လိုက်ကြသော ကိုယ်တော်များက ဘယ်နှစ်နာရီထိုးပါလဲဘုရား ဟုမေး၏။အကျွန်ုပ်က ၁၂ နာရီ ခွဲပါပြီဘုရားဟု လျှောက်၏။ တော်တော်လေးသွားမိကြသောအခါ သမင်များခြံရံထားသော ပတ္တမြားရောင် ရုပ်ပွားတော်မြတ်တစ်ဆူ တွေ့မြင်ရ၏။ ဉာဏ်တော် ၅ တောင်လောက်ရှိမည်ထင်၏။ ရှေ့က တန်းနေကြသော သမင်များက ၁၃ကောင်လောက်ရှိ၏။ ဝပ်ပြီးနေကြ၏။ ဘုရား၏ ဝဲဘက်၊ ယာဘက်ဘေးက ရံနေသော သမင်များက တစ်ဘက်၇ ကောင်စီဖြစ်၏။ ဘုရားကျောင်းတော်က သက်တန့်ရောင် ကိုင်းကြီးများရှိ၏။ သက်တန့်ကွေ့ရောင်များ အထပ်ထပ်မြင်တွေ့ရ၏။

ကျွန်ုပ်က ရှေ့ဆောင်ဆရာတော်ကိုမေး၏။ အရှင်ဘုရား . . ဒါကဘာဘုရားပါလဲဘုရား။ (မဟာဇေယျ အနန္တထွဋ်ခေါင်) ဘုရားလို့ခေါ်တယ်။ အောင်မြင်ပြီးကြတဲ့ပုဂ္ဂိုလ်များ ဤဘုရားလာပြီး သိဒ္ဓိတင်ကြတယ် . . ပတ္တမြားတုံးကြီး ထုထားသောဘုရားလားဘုရား . . မဟုတ်ဘူးကိုယ်တော်၊ ရွှေကိုယ်တော်ကြီးကို ပေါက်မြောက်ပြီးသား ဓါတ်လုံးများစီထားတာကိုယ်တော် . . သေသေချာချာ အနားနားကပ်ဖူးပါ။ ကျွန်ုပ်သည်သေသေချာချာ ကြည့်၏။ ၃ မတ်သားလောက် ရှိမည်ထင်ရသော ပတ္တမြားရောင်ကဲ့သို့သော အလုံးလေးများ စီထား တာတွေ့ရ၏။ သင်္ကန်းတော် ဆံတော်အားလုံးစီထား၏။ ထိုဓါတ်လုံးများ အရောင်ကြောင့် အသားတော်က အဝါရောင်ပျောက်ပြီး အနီရောင်သန်းနေခြင်းဖြစ်ကြောင်း တွေ့မြင်ရ၏။

ဓါတ်လုံးများပြီးလျှင် ဒီအရောင်မျိုးလာပါသလားဘုရား . . ဟုတ်ပါတယ်။ "ပတ္တမြားရောင်ခြည်တထောင်နှင့် အမှောင်ကိုခွင်း"လို့ ဓါတ်လုံးကောင်းများ၏အရောင်ကို ရှေ့သူဟောင်း စပ်ဆိုထားကြတယ်။ ကိုယ်တော်မှတ်မိမှာပေါ့ . . တင်ပါဘုရား - တင်ပါဘုရား . . ။ သမင်များကို သေသေခြာခြာကြည့်တော့ အရုပ်များ ဖြစ်နေကြ၏။ ကျွန်ုပ်သည် ပုတီး ၉ ပတ်စိတ်ရန် လျှောက်ပြီးစိတ်၏။ ပြီးသောအခါ မေတ္တာပို့အမျှဝေ၏။ ပါလာကြသော အရှင်မြတ်များက သာဓုခေါ်ကြ၏။ ဆက်သွားကြပြန်၏။ နံရံများအထက်က ကျောက်တက်များပေါ်တွင် အင်းအမျိုးမျိုး ချထားတာတွေ့ရ၏။ အလယ်မှာ "မတ်တော်မူ" စာရေးထားသော ဘုရားတစ်ဆူတွေ့ရ၏။

အကျွန်ုပ်က ဒီနံရံနှင့် အမိုးများချထားသော အင်းများနှင့် ဘုရားက ဘာအဓိပ္ပာယ်လဲဘုရား . . သိဒ္ဓိရှင်များ အဓိဋ္ဌာန်ဝင်သောနေရာပါ၊ ဒီနေရာမှာ အဓိဋ္ဌာန်ဝင်ကြသော ပုဂ္ဂိုလ်များမှာ သိဒ္ဓိရှင်အဆင့်ရောက်ပြီးသား ပုဂ္ဂိုလ်များသာ ဖြစ်ရတယ်။ ရသာရတန အာယုသိဒ္ဓိပြာသာ သုံးဆောင်ပြီးအနည်းဆုံး ၉

လ အဓိဋ္ဌာန်ဝင်ရတယ်။ လူသာမန်တို့နှင့်ထိုက်တန်သော နေရာမဟုတ်ဘူးကိုယ်တော် . . တပည့်တော် ပုတီး ၉ပတ်စိပ်ပါဦးမည်ဘုရားဟု ဆိုပြီး ပုတီးစိပ်၏။

ကျွန်ုပ် မတ်တော်မူဘုရားကို ဝတ်ချပရိက်ယူပြီး ပုတီးစိပ်သော အခါ အင်းများက ရောင်ရှင်များ ထွက်၍ လက်ခနဲ လက်ခနဲ ထိုးသောအရောင်သည် ကျွန်ုပ်၏မှိတ်ထားသော မျက်လုံးကို ထိုးဖောက်၍ လင်းလင်းလာ၏။ ကျွန်ုပ်နှင့် ပါလာသော ဘုန်းကြီးများကလည်း ကျွန်ုပ်၏ဝဲယာ ဘေးကဝင်ပြီး ပုတီး စိပ်ကြ၏။ ၁၅မိနစ်လောက်ကြာသော် စိပ်ပြီးသွား၏။ မေတ္တာပို့ အမျှဝေလိုက်၏။ သာဓုခေါ်သော အသံများသည် ပဲ့တင်ထပ်သွား၏။ ကျွန်ုပ်မတ်တော်မူဘုရားကို ဝတ်ချပြီးထလိုက်၏။ ဘုရား၏ရှေ့တော် ဝဲယာနံရံ အမိုးများတွင် ရှိကြသော အင်းများက တပည့်တော်တို့ကို ကူးယူပါ၊ အသုံးချပါ၊ တာဝန်ကျေစွာ ထမ်းဆောင်ပါမည်၊ တပည့်တို့က အာယုသိဒ္ဓိအင်းပါ။ မနသိဒ္ဓိအင်းပါ။ ပီယသိဒ္ဓိအင်းပါနှင့် ပြောလိုက်ကြ ကာ ကျွန်ုပ်ဖြင့် ထိုအင်းများကို ငေးစိုက်ကြည့်နေမိတော့၏။ ထိုအခါ ရှေ့ဆောင်ဘုန်းတော်ကြီး က ကျော်အောင်စံထား ဆရာတော်ရှေ့ဆက်သွားကြဦးစို့၊ ဒီအင်းများကတော့ တပည့်တော်တို့ထံမှာ ပုရ ပိုက်နှင့်ရှိပါတယ်။ စာဖိုမဟိဒ္ဓိအင်းများလည်းရှိပါတယ်။ နှစ်ကျိပ်ရှစ်ဆူ ဂါထာများနှင့် ချထားသော အင်းများလည်းရှိပါတယ်။

ကြွပါဘုရား ကြွပါ . . ကျွန်ုပ်လည်း ရှေ့ဆက်သွား ရှေ့ဆောင်တပါး၊ နောက်ခြောက်ပါး သံဃာများ လည်း အတူပါလာကြ၏။ သွားရိုးလမ်းအတိုင်းမသွားပဲနှင့် ဂူကြီးအတွင်း ဝဲဘက်ကကွေ့ဝင်ပြီး၊ အရှေ့ချိုး ကာ ဝင်သွားတယ်ဟု မှတ်လိုက်၏။ သီးသန့်အစိမ်းရောင် ဂူကလေးနားရောက်လာ၏။ ထိုအခါ အားလုံး ရပ်လိုက်ကြပြီး ရှေ့ဆောင်ဘုန်းတော်ကြီးက ကိုယ်တော်လေးကို သွားရိုးလမ်းအတိုင်း သွားလျှင် ဆန်းကြယ် လှသော မဟိဒ္ဓိရှင်တို့၏ နေရာဖြစ်သောဤမနောမယမြဂူတော်ကြီးတွင် ကြည့်စရာမှတ်စရာတို့နှင့် ရောပြွန်းပြီး အံ့မခန်းဖွယ်ရာ အဖြာဖြာတို့ကြောင့် ခရီးတွင်မည်မဟုတ်၍ ဖြတ်လမ်း ဖြင့်ဂိုဏ်းချုပ် ဆရာတော်ကြီးထံ ခေါ်ဆောင်လာရခြင်းဖြစ်ပါတယ်။ ဤဂူက "မနိဇောတ-မဟိဒ္ဓိ" ဂူခေါ်ပါတယ်။

ဤဂူတော် လေးအထဲမှာ ဂိုဏ်းချုပ်ဆရာတော်ကြီးရှိပါတယ်၊ ကြွပါကိုယ်တော်လေး ကြွပါ၊ ကျွန်ုပ်လည်းရှေ့ဆောင် ဘုန်းတော်ကြီးနောက် လိုက်ပါသွား၏။ ဂူထဲဝင်မိကြသောအခါ ဝဲယာနှစ်ဘက် မြွေကြီးနှစ်ကောင် ခွေနေကြ၏။ သူတို့အဆင့်ဆင့် ခွေထား သောအခွေများသည် လူတစ်ရပ်နီးပါးရှိ၏။ အလုံးက ဓာတ်တိုင်လုံးလောက်ရှိ၏။ ထိုမြွေနှစ်ကောင် ကျော်လာပြီးနောက် မနုသီဟရုပ်နှစ်ကောင် တွေ့၏။ အရပ်မှာ ၁၀တောင်လောက်ရှိ မည်ထင်၏။ ထူးခြားချက်ကား နတ်ဝတ်တန်ဆာ အစစ်များ ဆင်ထားကြ၏။ ထိုမနုသီဟနှစ်ကောင်၏ ရှေ့ရောက်ကြသောအခါ အောင်ဇေယျတု - အောင်ဇေယျတု- အောင်ဇေယျတု၊ အောင်ပါစေသတည်း - အောင်ပါစေသတည်း - အောင်ပါစေသတည်းဟု ကောင်းချီး ကြွေးကြော်သံကိုဖြင့် မနုသီဟနှစ်ကောင်က တပြိုင်နက်အော်ကြ၏။ ဖြုန်းဆို ကျွန်ုပ်အနည်းငယ် တုန်လှုပ် သွား၏။

အနည်းငယ် ရပ်တန့်ပြီး ရှေ့ဆက်သွား၏။ မြကျောက်နံရံကြီး ပိတ်နေ၏။ ရှေ့ဆောင်ဘုန်း တော်ကြီးက လက်နှင့်သပ်လိုက်၏။ အလယ်ကခွဲ၍ပွင့်သွား၏။ မြနံရံလို့ထင်ရသောအရာသည် ထိုကဲ့သို့ ပွင့်သွားတော့မှ တံခါးဟုသိရ၏။ ငွေရောင်တံခါး ကြီးပေါ်လာ၏။ တဖက်တချက်စီမှာ ရတနာ ၉ပါး

ဖြင့်ပြုလုပ်ထားသော ကဒေါင်း ၂ကောင် လည်းပါ၏။ ထိုငွေရောင်တံခါးကြီးကို လက်ဖြင့်သပ်လိုက်ပြန်၏။ ပွင့်ထွက်သွားပြီး ရွှေရောင်တံခါးကြီးပေါ် လာ၏။တဖက်တချက်စီမှာ နတ်ရုပ်တစ်ပါးစီပါ၏။

ကျွန်ုပ်က ဒီတံခါးပွင့်သွားရင်တော့ ဆရာတော်ကြီး ထံတော်မှောက် ရောက်ရတော့မှာပဲဟု ထင်၏။ လက်နှင့်သပ်ချလိုက်ပြန်၏။ အလယ်ကခွဲ၍ ပွင့်သွားပြန်၏။ ပတ္တမြားရောင် အကာကြီးပေါ် လာပြန်၏။ တစ်ဖက်တစ်ချက်စီမှာ ကိန္နရာရုပ်တစ်ကောင်စီ ကနေသော ပုံပါ၏။ တန်ဆာတို့မှာ နတ်ဝတ်တန်ဆာဖြစ်၏။ ရွှေဆောင်ဆရာတော်ကြီးက လက်ဝါးဖြင့်သပ်ချလိုက်ပြန်၏။ ဆင်ဖြူတော်ကိုးစီးတန်းလျက် အစီအရီ ရပ်နေကြတာပေါ် လာ၏။ ထိုဆင်ဖြူတော်ကြီးများမှာ ကကြိုးတန်ဆာ အစုံဆင်ယင်လျက် ထား၏။နားရွက်တခပ်ခပ်နှင့် နှာမောင်းတကြွကြွနှင့် ဖြစ်နေကြ၏။ ရွှေဆောင်ဆရာတော်ကြီးက သက္ကတအသံဖြင့် ဂါထာတစ်ပုဒ်ရွတ်လိုက်၏။ ဆင်ဖြူတော်များသည် ယာဘက်လက်များမြောက်ချီ၍၊ နှာမောင်းများဦးကင်းပေါ် တင်ကြပြီး ခရုသင်းမှုတ်သံကဲ့သို့အော်ကြ၏။

ကျွန်ုပ်သည် ဤမြင်ကွင်းကို တော်တော်လေ့လာ ကြည့်ရှုနေရ၏။ ရင်သပ်ရှုမောစရာပါပေ။ ရွှေဆောင်ဆရာတော်ကြီးက ထိုဆင်ဖြူတော်များကို လက်ဝါးနှစ်ခုယှက်ပြီးခွဲပြလိုက်၏။ ဆင်ဖြူတော်များသည် နှစ်ကောင်တစ်တွဲ နှစ်ကောင်တစ်တွဲ ရှေ့တက်ရပ် ကြ၏။ အလယ်က ဆင်နှစ်စီးစာလောက် အပေါက်ဖြစ်သွား ၏။ ကျွန်ုပ်တို့လည်းဝင်သွား၏။ ရှေ့သလွန်တော် ရှေ့မှသံဃာ ၉ ပါး ဒူးတုပ်ပြီးလက်ယှက်ကာ ထိုင်နေကြသော မြင်ကွင်းကိုတွေ့ကြရ၏။ ထိုကဲ့သို့မြင်တွေ့လိုက်သည်နှင့်တပြိုင်နက် ရွှေဆောင် ဆရာတော် ကြီးသည် လက်ချီ၍ဦးညွတ်ကာဝင်သွား၏။ ကျွန်ုပ်တို့လည်းထို့အတူ ဦးညွတ်ကာဝင်သွားကြ၏။ ကျွန်ုပ်တို့ ၈ ပါးသည် ထိခြင်းကြီးငါးပါးဖြင့် မထေရ်ကြီးဦးချကြ၏။

သလွန်တော်ပေါ် မှ မထေရ်ကြီးက -

"ကုဿိတံ - ပတ္တိတံ - တုံယုံ - ခိပ္ပ - မေဝ - သဗ္ဗိဓာတု
သဗ္ဗေပုရေဇ္ဇ - စန္ဒောပန္တရသော ယထာ"

ဟု ဆုပေးတော်မူ၏။ ကျွန်ုပ်တို့က ပေးသောဆုတော်နှင့် ပြည့်စုံရပါစေဘုရားဟု တပြိုင်တည်း ဆို၍ ဆုယူကြ၏။ "ဟားမဲ့ဆရာတော် ကျော်အောင်စံထား ပါခဲ့ရဲ့လား" . . 'မှန်လှပါ ပါခဲ့ကြောင်းပါဘုရား၊ ဘုရား တပည့်တော်၏ ယာဖက်အလည်က ဆရာတော်ဟာ ကျော်အောင်စံထား ဆရာတော်ဖြစ်ပါတယ် ဘုရား' . . . "ဩ - ဟုတ်သားပဲ၊ ပြီးခဲ့သောနှစ်က အစည်းအဝေးကြီးမှာ သာသနာပြု ၉ဖွဲ့ထဲတွင် ထည့်သွင်း ပေးလိုက်ပြီးသာသနာ ပြုဖို့ချမှတ်ပေးလိုက်တယ်" . . ' မှန်လှပါဘုရား' . . . "ကျော်အောင်စံထား ဆရာတော်လေးက မောင်အောင်အဖွဲ့ထဲမှာမှတ်တယ်" . . 'မှန်လှပါ ဘိုးဘိုးအောင်အဖွဲ့ထဲမှာ ပါကြောင်း ပါဘုရား' . . .

"တပည့်တော်တို့ဆီကို ရောက်ရတယ်ဆိုတာ ဟန်သမားတွေမရောက်ရဘူး၊ အမှန်သမားတွေ သာရောက်ရတယ်" . . 'တင်ပါ့ဘုရား' . . "ဟန်သမားတွေက ဘာ - ဘုရားသာသနာ တော်ကို နောက်ခံပြုပြီး လမိုင်းနတ်၊ မိစ္ဆာကောင် တွေနှင့် ပေါင်းကာ ပညာဉာဏ်သေးသိမ်လှသော သူများကို လှည့်ဖြားပြီး စားလမ်းလုပ်နေကြတယ်၊ အဲဒါကိုတပည့်တော်တို့က မှန်ကန်သောလမ်းစဉ်ပြပြီး ရှင်းလင်းပစ်ရမယ်" 'တင်ပါ့ဘုရား - အမှားအမှန်ကိုသိဖို့က ဘယ်လိုသိရပါ့မလဲဘုရား' . . " စိဋ္ဌာန်ကြည့်လျှင် သိပါတယ်

ကိုယ်တော်၊ မိဌာန်ကြည့်နိုင်သော အဆင့်မရောက်သေးလျှင် ဘုရားဒေသနာတော်နှင့် ကြည့်လျှင် သိပါတယ်ကိုယ် တော်၊ သံဃာတော်ဘက်မှကြည့်လျှင် မဟိဒ္ဓိရှင်အစစ်ဖြစ်လျှင် ပါရာဇိကနှင့် သံဃာဒိသိက်တော့ အနည်းဆုံး လုံအောင်ထိန်းပါတယ်ကိုယ်တော် - လူဘက်ကကြည့်လျှင် သိဒ္ဓိရှင် - မဟိဒ္ဓိရှင် ဖြစ်ခဲ့ပါမူ အနည်းဆုံးငါးပါးသီလ၊ ကိုးပါးသီလတော့ လုံခြုံစွာဆောက်တည်ထား ကြပါတယ်ကိုယ်တော် . . ကိုယ်ကိုး မဖက်ဘဲ သာသနာအကျိုး သက်သက်သာပြုလုပ် နေကြပါတယ်။ အစစ်အမှန်လုပ်လာလို့ရှိလျှင် တပည့်တော်တို့က မစောင်မ-မကြည့်ရှုဘဲ မနေနိုင်ကြပါဘူးကိုယ်တော် . . ထင်ပေါ်လျှင် - စင်တော်က ကောက်စမြဲဆိုတာလိုပေါ့။ အမြို့အရွာရွာမှာ တပည့်တော်တို့ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်များ ရောက်ရှိကြပြီး မှတ်တမ်းယူကြရန် လွှတ်ထားပါတယ်" . . .

'မှန်လှပါဘုရား . . မှတ်တမ်းက ဘယ်လိုယူပါသလဲဘုရား' . . . "ဘယ်မြို့ဘယ်ရွာက - ဘယ်သူဟာ အမှန်အတိုင်း ဤလမ်းကောင်း ကျင့်ဆောင်နေသူဖြစ်ကြောင်း၊ ဤကဲ့သို့ကျင့်ဆောင်နေကြသော ပုဂ္ဂိုလ်များ၊ ယောကျ်ားဘယ်လောက်ရှိကြောင်း၊ မိန်းမဘယ်လောက် ရှိကြောင်း- ဘယ်လမ်းစဉ်ကို ကျင့်ကြကြောင်း၊ ဘယ်သူဟာ လမ်းမှန်ကျင့်သော်လည်း အဝိဇ္ဇာဦးစီး၍ ဝီရိယလွန် နေပြီးပျက်နေကြောင်း စသည်ဖြင့် တစ်လတစ်ခါ မဟိဒ္ဓိအစည်းအဝေးကြီးမှာ မှတ်တမ်းဖော်ပြရတယ်ကိုယ်တော်" . . 'တင်ပါဘုရား . . ဘုရားတပည့်တော် လျှောက်ထားပါရစေဘုရား . . ဘယ်လမ်းစဉ်ကို ကျင့်ကြောင်းဆိုသဖြင့် ဂိုဏ်းတော်ကြီး လမ်းစဉ်က ဘယ်နှစ်ဂိုဏ်းလောက် ရှိပါသလဲဘုရား' . . . "၉ဂိုဏ်းလောက်ရှိပါတယ် ကိုယ်တော် -

| | | | |
|---|---|---|---|
| ၁။ | အတုလမဟာသရဂုံဂိုဏ်းတော် | ၂။ | ကောဏ္ဍညဂိုဏ်းတော် |
| ၃။ | ပထမံဂိုဏ်းတော် | ၄။ | ရှင်သူငယ်ဂိုဏ်းတော် |
| ၅။ | ဝင်ဂိုဏ်းတော် | ၆။ | မနောမယဂိုဏ်းတော် |
| ၇။ | ့စေဂိုဏ်းတော် | ၈။ | ပင်မဂိုဏ်းတော် |
| ၉။ | မဟိဒ္ဓိဂိုဏ်းတော် တို့ဖြစ်တယ်။ | | |

သို့ပေမယ့် ယခုလူများက ဂိုဏ်းတော် များ၏ လုပ်ရပ်မှန်အတိုင်း မကျင့်ကြံကြတော့ဘဲ အဖွဲ့ဆွတ်ကလေးများလုပ်ပြီး ပယောဂကုဆေးကုနှင့် ကံများကျူးလွန်ပြီး နစ်မွန်းကုန်ကြတယ်။ ထို့ကြောင့် ဂိုဏ်းဆရာများ နာမည်ဖျက်နေကြတယ် . . ဒါ့ကြောင့် "ကိုယ်တော်ကို မဟာကောဏ္ဍညဂိုဏ်းတော်နှင့် အတုလမဟာသရဂုဏ် ဂိုဏ်းတော်ကြီးနှစ်ခုကို ရေးသားဖို့ရာ တာဝန်ပေးချင်တယ်" . . မှန်လှပါဘုရား၊ မှုမှန်ရလျှင် ရေးပါမည်ဘုရား . . "ကောင်းလှပါပြီကိုယ်တော်၊ ပင်မ ဂုဏ်တော်ပြီးသောအခါ လာပေးပါမည်။ ကိုယ်တော်တို့ရဲ့ ကျန်းမာရေးအတွက်လည်း ဆေးနှစ်မယ်ပေးမယ်၊ အချိန်ကြာတော့ ရပါရစေမယ်၊ ကိုယ်တော်ကြိုးစားသာအားထုတ်ပါ၊ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူ သော (သဗ္ဗာသဝ သုတ္တာန်ဒေသနာတော်) အတိုင်းကျင့်လျှင် တပည့်တော်တို့ မဟိဒ္ဓိစခန်းထွက်ရလမ်းမှ အလွန်အရေးပါ အရာရောက်တယ်ကိုယ်တော် " . . . "မှန်လှပါဘုရား၊ တပည့်တော်လိုက်နာပါမည်ဘုရား" ။

"ကျော်အောင်စံထားဆရာတော်ကို အထူးမှာချင်တာကတော့ သိဒ္ဓိတို့၊ မဟိဒ္ဓိတို့ အမြဲရပ်တည်နိုင်ရန် ဂုဏ်တော်နှင့် ပဌာန်းတွဲပြီး ပွားများပါ၊ ပဌာန်းပစ္စယုဒ္ဒေသနှင့် ၂၄ ပစ္စည်းပညာဝါဒကို နေ့စဉ်ရွတ်၊

အခါ ကြီးရက်ကြီးတွေမှာ အထူးရွတ်ပါကိုယ်တော် . . ပင်မပြီးမှ ပွားပါကိုယ်တော်၊ ပင်မဂုဏ်တော်စခန်းလည်း ပထမတစ်ကြိမ် ပေါက်မြောက်ပြီး ဤပဋ္ဌာန်းဒေသနာကိုလည်း နာရီ ဥပတ်တိတိ သုံးကြိမ် အဘိဓမ္မာအခါ တော်နေ့မှာ ဆင်ယင်ခဲ့သည့်အတွက် တပည့်တော်တို့လာပြီး စောင်မရတာဖြစ်တယ်၊ ပြီးတော့လည်း ယောဒီ အင်းပုရပိုက်ကို ချီးမြှင့်လိုက်မယ်။ ခုနင်ကပြောခဲ့တဲ့ ဂိုဏ်းများလည်းပါတယ်၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တို့၏ ရတနာအမွေအနှစ် ပစ္စည်းများဖြစ်ကြသော ဤအထဲမှ အင်းများကို ကိုယ်တော်ဉာဏ်စွမ်း ထက်သလောက် အသုံးချပေတော့၊ ရော့ - ရော့ကိုယ်တော်၊ ပင်မပြီးအောင်စိပ်ပြီးမှလုပ်၊ အောင်ပါစေ . . အောင်ပါစေ . . အောင်ပါစေ . . ပေးတဲ့ဆုအတိုင်းပြည့်ရပါစေသား။

ဗားမဲ့ဆရာတော် - မဟာဂူကြီးအတွင်း နှံ့နှံ့စပ်စပ်လိုက်ပို့ပြီး ပြန်ပို့လိုက်ပါဘုရား၊ ကောင်းလှပါပြီဘုရား၊ ကျွန်ုပ်တို့လည်း ဝတ်ချပြီးလာကြ၏။ ဗားမဲ့ဆရာတော်က လာတုန်းကလို ရှေ့ကလမ်းညွှန်သွား၏။ ကျွန်ုပ်တို့ကလည်း နောက်ကလိုက်ကြ၏။ ကျော်အောင်စံထားဆရာတော်- အဲဒီအင်းပုရပိုက်ထဲမှ မသိတာရှိ လျှင် တပည့်တော်ပင့်လိုက် - တင်ပါဘုရား၊ ဟော ရှေ့မှာမတ်တော်မူရောက်လာပြီ၊ ကိုယ်တော် ပုတီးဝင် စိပ်ခဲ့တဲ့ ဘုရားပေါ့၊ ဒီဘုရားတော့ မဝင်နဲ့တော့၊ ရှေ့မှာ ဝင်စရာတွေအများကြီး ရှိပါသေးတယ်။ တင်ပါ့ တင်ပါ့ ။ ထိုဘုရားရှေ့မှ သွားလိုက်သောအခါ သတ္တဋ္ဌာနဟု ရွှေစာလုံးကြီးဖြင့်ရေးထားသောနေရာ တွေ့၏။ ကျော်အောင်စံထား ဒီသတ္တဋ္ဌာနနေရာကို ဝင်ဖူးပါ။ ပုတီး ၇ ပတ်စိပ်ပါ။ အားလုံးပြီးမှ မေတ္တာပို့ အမျှဝေပါ။ ကောင်းလှပါပြီဘုရား -

ဗားမဲ့ဆရာတော် ဟိုမှာညောင်ပင်ကြီးမြင်လား၊ အဲဒီဘုရားက ဗောဓိပင်နှင့်ရွှေပလ္လင်အောင်တော်မူသော ဘုရားဖြစ်တယ်၊ ဗောဓိပင်မြေနေရာမှ မြေများယူပြီး ပြုလုပ်ထားတာဖြစ်တယ် - ပလ္လင်ကတော့ ရတနာ ၇ပါးစီခြယ်ထားတယ်။ ဗောဓိပင်စည်က ငွေအကိုင်းအခက်တို့ကလည်း ငွေဘဲ၊ အရွက်ကို ရွှေကွပ် ထားတယ်၊ အရွက်ပေါင်းရှစ်သောင်းလေးထောင်ရှိတယ်၊ ဘုရားကတော့ ရွှေအစစ်ဘဲ - လက်ယာဘက်က မာရ်နတ်တို့ ဆင်တို့ ကုန်းသတ္တဝါများဖြစ်ကြသော ကျား၊ ကျွဲ၊ ကျားသစ်၊ ဆင်ရိုင်း၊ သမင်၊ ဒရယ်၊ ကျီ၊ ဆိုင်၊ ဆတ်၊ ယုန်၊ ဖွတ်၊ မြွေ၊ နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ နတ်၊ အသူရာ စသောသတ္တဝါများ အရုပ်ကတော့ ပဉ္စလောဖြင့် လုပ်ထားတယ်။ ဘုရား၏ လက်ဝဲဖက် မသုန္ဒြေရုပ်က လေးထောင်ရှိတယ်။ ငွေဖြင့်ပြုလုပ် ထားတယ်၊ ရှေ့တည့်တည့်က ပုတီးစိပ်သောပုဂ္ဂိုလ်များ ထိုင်ဖို့ မြည်ကျောက်များဖြစ်တယ်။ ကဲ - ကဲ ပုတီးငါးပတ်စိပ်ပါ။

ကျွန်ုပ်လည်း အလွန်အံ့ဩစွာ ရင်သပ်ရှုမော ကြည့်နေတုန်း ပုတီးစိပ်ခိုင်းခြင်းကြောင့် ကြည့်နေသော အာရုံကို မရပ်ချင်ပဲနှင့် ရပ်လိုက်ရပြီး ပုတီးစိပ်ပါတော့၏။ ငါးပတ်ပြီးသွားပြီး၊ လာ - လာကိုယ်တော် ဤဗောဓိပင်နှင့် ရွှေပလ္လင်နေတော် မူခြင်းကို ရှင်းပြဦးမယ်။ ဤဗောဓိ အပရာဇိတ ပလ္လင်ထက်၌ပင် ကဆုန်လပြည့်နေ့ ဘုရားဖြစ်ပြီး ကဆုန်လပြည့် ကျော်တစ်ရက်မှ - ၇ ရက်နေ့တိုင်အောင် ဖလသမာပတ် ဖို့လ်ချမ်းသာကို ခံစားတော်မူတယ်။ ညအခါ ရှင်တော်ဘုရားသည် ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို အနုလုံ၊ ပဋိလုံ အပြန်အလှန်အဖန်ဖန် သုံးသပ်တော်မူပြီးလျှင် "ယဒါဟဝေ" စသော ဥဒါန်းသုံးဂါထာကို အသံတော်မထွက်ဘဲ စိတ်တော်ဖြင့်သာ ကျူးရင့်တော်မူတယ်။

မှတ်ဖို့ရာက ကိုယ်တော် ပထမနေ့ညဉ့်ယံ၌ အစဉ်အတိုင်း အနုလောမနည်း အားဖြင့် ဆင်ခြင်ပြီးလျှင် "ယဒါဟဝေ" ပထမ ဂါထာတော်ကို ဥဒါန်းကျူးရင့် တော်မူတယ်။ မဇ္ဈိမအလယ်ယံ၌ ပဋိစ္စ သမုပ္ပါဒ်ကို အပြန်အားဖြင့် ပဋိလောမနည်း ဆင်ခြင်တော်မူပြီးလျှင် "ယဒါဟဝေ" ဒုတိယ ဂါထာတော်ကို ဥဒါန်းကျူးရင့်တော်မူတယ်။ မဇ္ဈိမနောက်ဆုံးယံ၌ ပဋိစ္စသမုပ္ပါဒ် တရားတော်ကိုအနုလုံပဋိလုံ အပြန်အလှန် ဆင်ခြင်တော်မူပြီးသော် "ယဒါဟဝေ" တတိယဂါထာတော်ကို စိတ်တော်ဖြင့် ဥဒါန်းကျူးရင့်တော်မူတယ်။ အားလုံးနှုတ်တော်ကမမြွက်ပဲ ကျူးရင့်တာဘဲ။ နောက် ၆ရက်မှာ ဖလသမာပတ် ဖိုလ်ချမ်းသာဝင်စားကာ စံနေတော်မူတယ်။ သတ္တမမြောက်နေ့ ညဉ့်ဦးယံ ပထမယံအစ၌ ဖိုလ်ချမ်းသာမှထတော်မူပြီး ညဉ့်သုံးယံပတ်လုံး သဗ္ဗညုတဉာဏ်တော်ကြီး၏ အထောက်အပံ့ လည်းဖြစ်သော ပဋိစ္စသမုပ္ပါတ် တရားတော်ကြီးကို အနုလုံ၊ ပဋိလုံ အပြန်အလှန်အဖန်ဖန် သုံးသပ်ဆင်ခြင် တော်မူတယ်။

ဤနေရာကို ပလ္လင်က သတ္တာဟာလို့ခေါ်တယ်။ တင်ပါဘုရား - ကျွန်ုပ်၏စိတ်ထဲတွင် မြို့ပြကြီးများမှာ ဤကဲ့သို့ စနစ်တကျပြုလုပ်ထားတာရှိလျှင် အလွန်ကောင်းမှာပဲဟု အောက်မေ့မိ၏။ ထိုအခါ တားမဲ့ဆရာတော်က ရှိသားပဲကိုယ်တော်တို့ အမရပူရက သတ္တဌာနဘုရားဟာ စနစ်တကျပဲ၊ အခန်းအနားသာကွာတာပဲဟု ပြော၏။ ကျွန်ုပ်သည် ဒိတ်ကနဲဖြစ်သွား၏။ ငါ့စိတ်ကိုသိနေ ပါလားလို့ အံ့ဩသွား၏။ လာ လာကိုယ်တော် . . ဟောဒါက "အနိမိသ" ခေါ်တယ်။ ဒုတိယသီတင်းသုံးတော်မူသော ဌာနပေါ့ ကိုယ်တော် - အပရာဇိတပလ္လင်တော်ပေါ်မှဆင်းတော်မူပြီး ဗောဓိပင်၏အနီး အရှေ့မြောက်ခပ်ရွှန်းရွှန်း ၁၄ လမ် အကွာရှိတယ်၊ ကဆုန်လပြည့်ကျော် ၈ ရက်နေ့မှ ၁၄ရက်နေ့အထိ၊ ၇ ရက်စံမြန်းတော်မူတယ်။

ရှင်တော်မြတ်ဘုရားသည် "ငါသည် ပါရမီတော်များဖြည့်ဆည်းပူးတော်မူခဲ့သဖြင့် ဤပလ္လင်ထက်၌ မာရ်ငါးပါး ကို အောင်မြင်တော်မူ၍၊ ဘုရားဖြစ်တော်မူခဲ့ပြီတကား" ဟု ဆင်ခြင်တော်မူကာ ဖြောင့် ဖြောင့်မတ်မတ် ရပ်တော်မူ၍ စံနေတော်မူပုံဖြစ်တယ်။ ကိုယ်တော်က ရွှေကိုယ်တော်စစ်ဖြင့် ပြုလုပ်ထားတယ်။ ရပ်တော်မူသော အောက်ခံအခင်းက ပြဒါးအစစ်ဖြစ်တယ်။ အထက်ပိကန်မျက်နှာကျက်က ပတ္တမြားအမိုးပြုလုပ်ပြီး ရတနာ ၇ ပါးဖြင့် ပြုလုပ်ထားတယ်။ ကိုင်း - ပုတီးစိပ်ကိုယ်တော်။ ကျွန်ုပ်သည် ပုတီး ၅ပတ်စိပ်၏။ ပြီးလျှင် စင်္ကမသတ္တာဟသို့ခေါ်သွား၏။ ဒါက ရတနာစင်္ကြံခေါ်တယ်ကိုယ်တော် ကဆုန်လကွယ်နေ့မှ နယုန်လဆန်း ၆ ရက်အထိ၊ ရွှေပလ္လင်နှင့် အနိမိသအကြား ဗောဓိပင်၏မြောက်ဘက် အရှေ့အနောက် သွယ်တန်းလျက် အတောင်ခြောက်ဆယ်ရှိသော နတ်တို့ဖန်ဆင်းထားသည့် ရတနာစင်္ကြံအပေါ်၌ စင်္ကြံကြွတော်မူကာ စံမြန်းတော်မူတယ်။

ငုံ့နေသော၊ မော့နေသော လက်ကလေးကို ခေါင်းပွတ်နေသောလက်ဖြင့် ရင်ဘတ်ကို အုပ်ထားသော နတ်ရုပ်၊ ဗြဟ္မာရုပ်များ ၄၅ ရုပ်ဝိုင်းနေတာ တွေ့ရဲ့မဟုတ်လား . . တွေ့ပါတယ်ဘုရား . . အဲဒီပုံတွေက ကြေးဖြင့် သွန်းထားတယ်ကိုယ်တော်။ ထိုနတ်ဗြဟ္မာများ၏ အဓိပ္ပါယ်က အရှင်ဂေါတမသည် ပလ္လင်ပေါ်၌ တပ်မက်မောခြင်းရှိနေသေးသည်၊ ဘုရားဖြစ်ဟန်မတူသေးပေဟု ယုံမှားသံသယဖြစ်ကြတဲ့ နတ်များပုံဖြစ်တယ်။ မြေကြီးကောင်းကင်မထိသောအပေါ်မှာ ရပ်‌တော်မူဘုရားရှင်မြင်ရဲ့လား၊ မြင်ပါတယ်ဘုရား - ဘုရားရှင်ခြေတော်ပိုင်းမှာ မိုးရွာသလို ရေပန်း တွေကျနေပြီး အပေါ်ပိုင်း ကိုယ်တော်မှာ မီးတောက်မီးလျှံထွက်နေတာက ဘာသဘောလဲဘုရား . . ဘာတွေနဲ့ပြုလုပ်ထားပါသလဲ ဘုရား။

ဩ - ကိုယ်တော် နတ်ပြဟ္မာတို့၏ သံသယကို ယမကဗျာဋိဟာပြပြီး ဖျောက်တော်မူပုံပေါ့။ မဟိဒ္ဓိတန်ခိုးဖြင့် ပြုလုပ်ထားတာပါကိုယ်တော် - အံ့ဩဖွယ်အလွန်ကောင်းလှပေ၏ဟု လွှတ်ကနဲထွက်မိတော့၏။ ပုတီး ၅ ပတ်စိပ်ပါကိုယ်တော် - ကျွန်ုပ်လည်း ပုတီး ၅ ပတ်စိပ်လိုက်၏။ ပြီးလျှင် ကြွ . . ကိုယ်တော် ဒါက "ရတနာဃရသတ္တာဟ" လို့ခေါ်တယ်၊ ဗောဓိပင်၏ အနောက်မြောက် အတောင်လေးဆယ် ဆယ်လန် ကွာအရပ်၌ နတ်တို့ဖန်ဆင်းအပ်သော ရတနာအတိပြီးသော ရွှေအိမ်သို့ကြွရောက်တော်မူ၍ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော် မူပြီးလျှင် နယုန်လဆန်း ၇ရက်မှ ၁၃ရက်နေ့အထိ။ အဘိဓမ္မာတရားတော်ကို ဆင်ခြင်သုံး သပ်တော်မူလျှက် ၇ ရက်တိတိ စံမြန်းတော်မူနေသောပုံဖြစ်တယ်။

ရှေးဦး ဖြစ်သော ဓမ္မသင်္ဂဏီ၊ ဝိဘင်း ဓာတုကထာ ပုဂ္ဂလပဉာတ်၊ ကထာဝတ္ထု၊ ယမိုက်ကျမ်း၊ ဤ ၆ကျမ်းတို့ကို ဆင်ခြင်သောအခါ ရောင်ခြည်တော် မထွက်သေး ပဋ္ဌာန်းဒေသနာတော်ကြီးကို ဆင်ခြင်တော်မူသောအခါမှသာ ရှင်တော်ဘုရား၏ ကိုယ်တော်မှ ရောင်ခြည်တော် ၆ သွယ်တို့သည် ကွန်မြူးလာကာ စကြာဝဠာအနန္တသို့ ပြန့်နှံ့လွှမ်းမိုးသောပုံဖြစ်တယ်။ ရောင်ခြည်တော် ၆ သွယ်တို့သည် နောက်တော်မှ ဖြာထွက်နေ၏။ ကိုယ်တော်ပေါ်မှာလည်း ဖြာထွက်နေ၏။ ဖူးလို့မဝနိုင်အောင်ဖြစ်တော့၏။ ဒီနေရာမှာ ရှင်တော်ဘုရား၏ ဉာဏ်တော်အနန္တကို ထင်ရှားပေါ်လွင်တော်မူစေသည့် အခမ်းအနားကြီး ကျင်းပဘိသကဲ့သို့ အောင်ဘိသိက်ပွဲကြီး ခံတာဖြစ်တယ်။ ကိုယ်တော်ဝဲယာမှ မရေမတွက်နိုင်သော နတ်ပြဟ္မာ တို့သည် လှိုက်လှိုက်လှဲလှဲ ကြည်ညိုသဒ္ဒါလွန်ကျူးစွာဖြင့် ပူဇော်ကြသောပုံများဖြစ်တယ်။ ပုတီး ၅ ပတ် စိပ်ကိုယ်တော်- ကျွန်ုပ်သည် (အရဟံသိဒ္ဓိ) ဂုဏ်တော်ကို ၅ ပတ်စိပ်လိုက်ပါတော့၏။ ပြီး၍ ဝပ်ချပြီး ထလိုက်၏။ လာ ကိုယ်တော် . . ခရီးနဲနဲ သွားရဦးမယ်။ တင်ပါ့ဘုရား . . ဆိုပြီး လိုက်သွား၏။

ဗောဓိပင်က ဤနေရာထိ တာငါးရာရှိတယ်ကိုယ်တော် ဗောဓိပင်ရဲ့ အရှေ့ ရပ်တည့်တည့်ပဲ အဇ္ဇပါလ နိဂြောဓ - သတ္တာဟ - လို့ခေါ်တယ်။ ဟောဒီ၊ ၁၂နှစ်အရွယ်မိန်းကလေးများ၊ ၁၃နှစ်လောက် အရွယ် မိန်းကလေးများ ကြက်တောင်စည်းက လေးများ နုနုထွားထွား လှကညာပျိုစင် ယမင်းရုပ်ကလေးများ တွေ့တယ်မဟုတ်လား . . တင်ပါ့ဘုရား၊ တင်သား ရင်သားကလေးများ မပေါ့တပေါ်နှင့် ကိုယ်အင်္ဂါ အစိတ်အပိုင်းလေးများ လှစ်ဖွင့်ထားတာတွေ့ရဲ့လား . . တွေ့ပါတယ်ဘုရား၊ (၁၄၊၁၅၊၁၆)နှစ်အရွယ် အပျိုယမင်းရုပ်များ၊ တသားမွေးဖွားပြီးသော မိန်းမရုပ်များ၊ နှစ်သားသုံးသား မွေးဖွားပြီးသော ယမင်းရုပ်များ၊ ရွယ်လတ် ရွယ်ကြီးမိန်းမရုပ်များ၊ အမျိုးမျိုးသောအရွယ်၊ အမျိုးမျိုးသော တန်ဆာတို့ဖြင့် ၁၀၀စီ၊၁၀၀စီသော မိန်းမအား တွေ့တယ်မဟုတ်လား . . တွေ့ပါတယ်ဘုရား . .

ရှင်တော်မြတ်ဘုရားက အလည်ခေါင်ရတနာ ပလ္လင်ပေါ်မှ မျက်လွှာချလို့ နေတော်မူတာ ဖူးမြင်ရတယ်မဟုတ်လား . . ဖူးမြင်ရကြောင်းပါဘုရား။ အဲဒါမှ နတ်သမီးတဏှာ၊ အရတီ၊ ရာဂ၊ အမည်ရှိသော မိန်းမသုံးယောက်က မိန်းကလေးအရွယ်အစားစား ခြောက်ချိုး ခြောက်စားဖန်ဆင်းပြီး ရှင်တော်ဘုရားကို ဖျက်ဆီးနေကြတဲ့ပုံတွေဖြစ်တယ် . . တင်ပါဘုရား . . ကျွန်ုပ်သည် အမျိုးမျိုးသော ဆင်ယင်ထုံးဖွဲ့မှုတို့ ပြုလုပ်ထားသော မိန်းမရုပ်များကို ကြည့်ပြီ တအံ့တဩကြီး ဖြစ်နေမိ၏။ ကိုယ်တော် အဲဒီပုံတွေက အသားဖြင့်ပြုလုပ်ပြီး ဆေးခြယ်ထားတာ၊ ကြည့်မနေနဲ့ ပုတီး ၅ ပတ်စိပ်ပါ။ တင်ပါဘုရားဆိုပြီး ပုတီး ၅ပတ်စိပ်လိုက်၏။ ဤဆိပ်ကြောင်းညောင်ပင်မှ ပုတီးငါးပတ်စိပ်ပြီးသောအခါ ရှေ့နှစ်ခု ကျန်တော့

တယ် ကိုယ်တော်လာသွားစို့ . . ကျွန်ုပ်လည်းလိုက်ပါသွား၏။ ဤနေရာက ဗောဓိပင်၏ အရှေ့တောင် ထောင့်ကျတယ်၊ တာ ၂၈ တာကွာတယ်၊ ကျည်းပင်ရင်း မုံစလိန္ဒာအိုင်နား နဂါးပူဇော်ခံသောပုံဖြစ်တယ်- ကိုယ်တော်၊ မြတ်စွာဘုရားဤကျည်းပင်ရင်းသီတင်းသုံးနေ တော်မူသော အခါမိုးကြီးစွာရွာချ၍ထိုမိုးရေများ ဘုရားသခင်ကိုမစပ်ရအောင်ဆိုပြီးနဂါးမင်းကြီးကအခွေများဖြင့် ပတ်ခါပါးပြင်းအုပ်ပြီး ပူဇော်ထားတဲ့ဟန်ပဲ၊ ကိုယ်တော် . . ကဲ - ကဲ ပုတီး၅ပတ်စိပ်ကိုယ်တော် . . ကျွန်ုပ်လည်း ပုတီး၅ပတ်စိပ်လိုက်၏။ ပြီးလျှင် ဝတ်ချ၍ထလိုက်၏။

ရှေ့တနေရာသွားကြအုံးစို့ ကိုယ်တော်၊ ဤနေရာက "ရာဇာရတန"လို့ခေါ်တယ် . . လင်းလွန်းပင် ရင်းမှာ ရှင်တော်မြတ်ဘုရား ၇-ရက်ဖလသမာပတ်ကိုခံစားတော်မူနေတယ် . . ထိုအခါ ဘုမ္မစိုးနတ်က အမျိုးတော်ခဲ့ဘူးသော ဥက္ကလာပတိုင်းသားတဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့အား ဘုရားထံတော် သို့ လမ်းညွှန်ပြီးခေါ်ခဲ့တယ်။ တဖုဿနဲ့ ဘလ္လိကကုန်သည်ညီနောင်တို့ကလည်း မုံ့ကြွတ်ကျစ်တို့ဖြင့် လှူဒါန်းကြတယ်။ ထိုအခါ ရှင်တော်ဘုရားက မုံ့အလှူခံရန် ရဟန်းပြုစက ဖြဟ္မာလှူဒါန်းသော သပိတ်တော်မရှိခဲ့သဖြင့် သပိတ်တော်အလိုတော်ရှိကြောင်းစတုမဟာရာဇ် နတ်မင်းကြီးလေးပါးက သိတော်မူ၍ ပထမ - မြည်ိအဆင်းရှိသောသပိတ်တော် လေးလုံးလှူတော်မူတယ်၊ ကောင်းလွန်း၍ အလှူမခံ၊ ဒုတိယ - ကျောက်သပိတ်တော် လေးလုံးလှူသဖြင့် အလှူခံပြီးအဓိဋ္ဌာန်၍လေးလုံးသော သပိတ်တို့ကို ထပ်ပြီးနှိပ်ချလိုက်ရာ တလုံးတည်းဖြစ်သွားတယ် . . နခမ်းလေးရစ်ပေါ်နေတယ် . .

ထိုအခါ မုန့်အလှူခံပြီး တဖုဿ- ဘလ္လိကနှင့် နတ်များကို သံဒေသကထာမိန့်တော်မူပြီး ဒွေဝါစိက- သရဏဂုံ တည်စေတော်မူတယ်။ ဘုရား၏ယာဘက်က သပိတ်တော်လှူနေကြသော စတုမဟာရာဇ် နတ်မင်းကြီး လေးပါးပုံနောက်နားက ရုက္ခစိုးပုံ၊ ဘုရား၏ ဝဲဘက်က တဖုဿ၊ ဘလ္လိကကုန်သည်ညီနောင်ပုံ၊ ထိုကုန်သည်ညီနောင်ကို ဆံတော်များခီးမြှင့်တော်မူနေပုံဖြစ်တယ်။ ကိုယ်တော် ပုတီး၅ပတ်စိပ်လိုက်အုံး။ ကျွန်ုပ်လည်း ပုတီး၅ ပတ် စိပ်လိုက်၏။ ပြီးလျှင် ကဲ- ကိုယ်တော် သတ္တဋ္ဌာနတော့ပြည့်သွားပေပြီ၊ ဗောဓိပင် နေရာသွားပြီး ဓမ္မစကြာသုတ်တော် ရွတ်ကြအုံးစို့ဆိုပြီး ကျွန်ုပ်တို့လာခဲ့ကြ၏။

ဗောဓိပင်နေရာ ရောက်လျှင်ကျွန်ုပ်တို့ ရှစ်ပါးထိုင်ပြီး လက်အုပ်ချီကာ ဓမ္မစကြာသုတ်တော်ကို ရွတ်ကြပါတော့၏။ ပြီးလျှင်မေတ္တာပို့အမျှဝေလိုက်ရာ တဂူလုံးသာဓုခေါ်သောအသံများ ပဲ့တင်ထပ်သွား၏။ ကဲ- ကဲ- သွားကြစို့ အာရုဏ်လာခါနီးပြီကိုယ်တော်၊ ကျန်တဲ့ဟာများကသွားရင်း ရှောက်ကြည့်သွားတာပေါ့၊ လိုရင်းကတော့ - ကိုယ်တော်အဘို့ ဒီသတ္တဋ္ဌာနဟာ လိုရင်းဖြစ်တယ် . . ကိုင်း - ကိုင်းသွားကြစို့ . . ကျွန်ုပ်တို့ ထွက်လာကြ၏။

ဟောတာဆေးကြိတ်တဲ့နေရာ . . ကျွန်ုပ်သည်ကြည့်လိုက်၏။ ဆေးကြိတ်သောကျောက်ပြင် တချပ်လုံး အင်းများချထား၏။ ၂တောင်ပတ်လည်လောက်ရှိမည်ထင်၏။ ကျောက်လုံးကြီးလည်း အင်းများချ ထားတာ တွေ့ရ၏။ အလျား ၉လက်မ၊ အဝ ၅လက်မ လောက်ရှိမည်ထင်၏။ တဂူလုံး အစိမ်းရောင်ဖြစ်၏။ ဟောဒါက မန္တန်စုတ်သော နေရာဖြစ်တယ်၊ ဒေါင့်၄ထောင့်က စတုလောကပါလ နတ်မင်းကြီး လေးပါးပုံ၊ အလယ်ခေါင်က ၃တောင်လောက်ရှိသော တင်ပလ္လင်ခွေဗောဓိရိုး ရွှေသားရုပ်ပွားတော်ပန်းများ ဖယောင်း တိုင်များဝေဆာစွာ ထွန်းညှိထား၏။ အတော်သပ္ပါယ်၏ ဘုရားနေရာ ရတနာများကဲ့ထား၏။

ဟောဒါက ထုံဝင်ကူသောနေရာ. . သေချာစွာကြည့်၏။ ပေါင်မုန့်ဖိုလို အပိတ်မပါသော ကျောက်မီးဖိုကြီးများတွေ့ရ၏။ အဝ ဆယ်တောင်လောက် ရှိမည်ထင်၏။ ထိုမီးဖိုများဘေးဒေါင့် ၄ ဒေါင့်မှ ဝိဋ္ဌုရုပ်လေးရုပ်၊ ဇော်ဂျီရုပ်လေးရုပ်၊ ဆောက်ပုတ်ကိုင်သော ဘီလူးရုပ်လေးရုပ်၊ လူတရုပ်နီးနီးများရှိကြ၏။ ပထမဝင်လာကြသော ဂူဝအနီးရောက်လာ၏။ လာကိုယ်တော် ဂူပေါက်ထွက်တော့မယ်၊ ရှေ့ ဒီဆေးလုံးလေးမျိုလိုက်ပါ၊ ကျွန်ုပ်လည်းမျိုချလိုက်ပြီး ဂူပေါက်ထွက်လာကြ၏။ ထွက်လို့ (၄ -၅-၁၀) လှမ်းလောက်သွားမိကြလျှင် ကျွန်ုပ်ကျောင်းတိုက်အရှေ့တောင်လေးနား ရောက်လာ၏။ ကဲ - ကိုယ်တော် တပည့်တော်တို့သွားလိုက်အုံးမယ်၊ အဲဒီအင်းပုရပိုက်ကိုသာဂရုစိုက်ကူးပြီး ဂိုဏ်းချုပ်ဆရာတော် ဘုရားကြီး မိန့်တော်မူသောအတိုင်းပြုလုပ်ပါ. . ကောင်းလှပါပြီဘုရားဆိုပြီး ကျွန်ုပ်သည် ဖားမဲ့ဆရာတော်ကို လက်အုပ်ချီပြီး ဦးညွှတ်လိုက်၏။ ဆရာတော်များလည်းပျောက်ကွယ်သွားကြ၏။

ကျွန်ုပ်လည်းကျောင်းဘက် တက်လာ၏။ ကျွန်ုပ်အခန်းထဲဝင်၍ ဘုရားမီးပူဇော်လိုက်သောအခါ တုံ့ခေါက်သံကြားရတော့၏။ ဤအတွေ့အကြုံများကို ကျွန်ုပ်၏ ဘုရားခန်းထဲတွင် မှတ်တမ်းရေးလိုက်၏။ အင်းပုရပိုက်ကို ဘုရားရှေ့တော်၌ ကလပ်ဖြင့်တင်ထား၏။ အမိန့်ရှာန်အတိုင်း ပုတီးဝတ်မပျက်စိပ်၏။ ပုရပိုက်ထဲမှာ ပါသောအင်းများဂိုဏ်းစဉ်များ တနေ့ပုရပိုက် ၅ ရွက်ဝတ် ထား၍ရေးကူး၏။ တန်ဆောင်မုန်းလဆန်း ၃ရက်နေ့တွင် တောင်မှခ်စ၍ပန္နက်ချ၏။ လုပ်၏။ တန်ဆောင်မုန်းလပြည့်နေ့ နယ်က ကထိန်ခင်းသည်။ နှစ်တိုင်းနယ်ကခင်းသည်။ ဘေးကဒါယကာမရှိလျှင် နယ်ကခင်းမည်ဟု နှစ်တိုင်း လျှောက်ထား၏။ ညမှာအထူးပုတီးစိပ် ၁၀၈ပတ် တထိုင်စိပ်လိုက်၏။

ပြီးလျှင်ဖားမဲ့ဆရာတော် ရောက်လာ၏။ ပုရပိုက်ရေးကူးပြီး ပြီထင်လို့ ကိုယ်တော်ထံလာခဲ့တာပဲ။ ပြီးသွားကြောင်းပါဘုရား တိုက်ကြည့်ဖို့ပဲ လိုပါတော့တယ်ဘုရား။ ပြပါကိုယ်တော် . . တပည့်တော်ကြည့်စမ်းမယ်။ ကျွန်ုပ်လည်းပေးလိုက်ကာ လှန်ပြီးတချပ်စီကြည့်၏။ နာရီဝက်လောက်ကြာသော် မှန်တယ်ကိုယ်တော် . . မှန်ပါတယ်။ မှန်လို့ရှိရင် ဒီပုရပိုက်အရှင်ဘုရားထံ ပြန်အပ်လိုက်ပါရစေဘုရား . . ကောင်းပါပြီကိုယ်တော် . . ကျွန်ုပ်လည်းပြန်ကပ်လိုက်၏။ သွားပါအုံးမယ်ကိုယ်တော် . . တင်ပါဘုရားဆိုပြီးဝတ်ချလိုက်၏။ ကိုယ်တော်မြတ်ကြီးကြွသွား၏။ ကျွန်ုပ်လည်းမေတ္တာပို့အမျှဝေပြီး၊ ည၂ ချက်လောက်အိပ်လိုက်၏။

၁၃၂၈- ခု၊ တန်ဆောင်မုန်းလပြည့်ကျော်- ၁- ရက်၊ တနင်္လာနေ့မှာ မဟာသကျာသာ မိဘုရားနှင့်ကျောင်းတိုက်ထည်းက ဘုရားများ မီးတထောင်လျှုဒါန်း၏။ ဥစ္စာစောင့်မလေး တယောက်ကူညီပြီး လာထွန်းပေး၏။ ကိုရင်များနှင့်အတူထွန်းကြ၏။ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်ကျော်အောင်စံထားဆရာတော်ကြီးများ နှစ်ပါတ်လည်ဆွမ်းကျွေးပွဲတော်ကြီးပြုလုပ်၏။ သံဃာတော် ၇၅ ပါး ဆွမ်းကျွေး၏။ သံဃာအပါး ၄၀ ၊ နေ့ ၁၁ နာရီ မုန့်ဟင်းခါးကျွေး၏။ လူ ၁၅၀ကျော် ကျွေးမွေးညှေ်ခံ၏။ ကျွန်ုပ်က တရားဟောရေစက်ချ၏။ ၁၃၂၈ခု နတ်တော်လဆန်း ၃ရက် ကြာသပတေးနေ့ ဖားကရာနှင့် ဆင်ဖြူမယ်ကိစ္စသံဃာ့ အစည်းအဝေးပြုလုပ်၍ ဆုံးဖြတ်ကြ၏။

၁။ နာယက - မင်္ဂလာတိုက် တိုက်အုပ်ဆရာတော် ဦးဝေပုလ္လ

၂။ ဥက္ကဋ္ဌ - မင်္ဂလာတိုက်ဆရာတော်ဦးသာဂရ

၃။ အကျိုးတော်ဆောင်အဖြစ် ကျွန်ုပ်ကဆောင်ရွက်၏။

**ထိုအစည်းအဝေးတွင်ကြွရောက်ကြသောသံဃာတော်များစာရင်း**

၁။ ဒု- ဥက္ကဋ္ဌ ပုံပါဆရာတော် ဦးပဏ္ဍိတ

၂။ ဒုအကျိုးတော်ဆောင်ဆရာတော် ရေလဲတိုက် တိုက်အုပ်ဦးသာသန။

**အဖွဲ့ဝင်ဆရာတော်များ -**

နဂါးရုံဆရာတော်- ဦးတိက္ခ
မင်္ဂလာတိုက်လယ်ပေါ် ကျောင်းဆရာတော် ဦးညာဏ
ဆုတောင်းပြည့်ဆရာတော် ရွှေခဲဆရာတော်ဦးလာဘ
တောင်လေးလုံးဆရာတော်ဦးဇာဂရ
ရွှေဂူကြီးတိုက်ဆရာတော်ဦးအာဒိစ္စ
အောင်မြေရွှေဘုံတိုက်ဆရာတော် ဦးပဏ္ဍိတ
မုံတောဆရာတော်ဦးနာရဒ
မင်္ဂလာတိုက်ဆရာတော် ဦးသံဝရ
ဆားချက်ကျောင်းဆရာတော်
ပွဲတော်ကျောင်းဆရာတော်
မင်္ဂလာတိုက်မိုးကုတ်ကျောင်းဆရာတော်ဦးဇောတိက
မင်္ဂလာတိုက်သိမ်ကျောင်းဆရာတော်ဦးနရိန္ဒ
ရှမ်းကလေးဆရာတော်ဦးညာဏ
ဗားကရာတိုက်ဆရာတော်
ဂန္ဓာရုံတိုက်-ဦးစန္ဒော
ရွှေဖါးရဆရာတော်
ရွှေဘုံသာဆရာတော်
ရွှေတောင်ဆရာတော်
ရေလည်ဆရာတော်
အစိုးရဘက်ကထောက်လှမ်းရေးများနှင့်ရဲအရာရှိများ
ရ-လ-က၊န-လ-က များ

အစည်းအဝေးဖွင့်လှစ်ကြောင်း ကျွန်ုပ်ကကြေငြာ၏။ကြေငြာပြီးနောက်-ဤအစည်းအဝေးကြီး၌ အောက်ပါအချက် ၃ ချက်ဆွေးနွေးရန်နှင့် အစီအစဉ်။

၁။ နာယကဆရာတော်မိန့်ခွန်းဟောပြောရန်

၂။ ဝိဝါဒအဓိကရုဏ်းမှ အာပတ္တာဓိကရုဏ်းသို့ မရောက်စေရအောင် ကာကွယ်စောင့်ရှောက်ရေး အတွက် ဆွေးနွေးတော်မူရန်။

၃။ အမရပူရ မြို့နယ်ရှိသံဃာတော်များ၊ သံဃာ့ဖါသုဖြစ်ရေးအတွက်ညှိနှိုင်းဆွေးနွေးကြရန်။

ဤသုံးချက်ကိုဖတ်ပြပြီး နေ့ ၁ နာရီအစည်းဝေးစပါတော့သည်။ သဘာပတိက မိန့်ခွန်းပြော၏။ ထို့နောက် ကျွန်ုပ်က ဝိဝါဒဓိကရုံးဖြစ်ကြသော ပုဂ္ဂိုလ်များ၏ ဖြစ်ရပ်များကိုဖတ်ပြပါသည်။သဘာပတိနာရကဆရာတော်၏ကိုယ်စား ဆရာတော်ဦးသာကရက မိန့်ခွန်းပြောပါသည်။ ထိုမိန့်ခွန်း၏ အကျဉ်းချုပ်ကား-

ယခုကြွရောက်တော်မူလာကြသော သံဃာတော်အရှင်မြတ်များတို့က - ဝိဝါဒဓိကရုဏ်း ဖြစ်နေကြသော နှစ်ပက္ခသံဃာဘက်သို့ ပစ္စအာမိသ - ဓမ္မအာမိသတို့ဖြင့် ဆွဲဆောင်ကြသော်လည်း ဘယ်ဘက်မှ မလိုက်ပါတော်မူကြပဲ ကြောင်းကြမ့်နေတော်မူကြရန် မေတ္တာရှေ့ရှု၍ လျှောက်ထားအပ်ပါသည်ဘုရား။ ထို့နောက်ရေလဲဆရာတော်က . . ဥက္ကဌဆရာတော်၏ မိန့်ခွန်းတော်အတိုင်း သံဃာဖါသုဖြစ်စေရန်၊ ဟိုဘက်ဒီဘက် လက်မှတ်ထိုးခြင်း စသောပြုမူချက်များကို မပြုလုပ်တော်မူကြပါရန် တပည့်အဆိုတင်သွင်းပါသည်။ ထိုအဆိုကိုအားလုံးသော သံဃာတော်များက သဘောတူကြောင်းထောက်ခံကြပါသည်။

ပဲ့ပါဆရာတော်က ယခုဗားကရာနှင့် ဆင်ဖြူမယ်ဦးသာသနာတို့ဖြစ်ကြသော ဝိဝါဒအဓိကရုဏ်း အငြင်းပွားမှုမှာ မည်သူ့ဘက်ကမှားတယ်ထင်ပါသလဲ၊ မည်ကဲ့သို့အမှားအမှန်ဆုံးဖြတ်တော်မူကြမလဲ ဟုမေးရာတွင် . . ကျွန်ုပ်က ဆရာတော် သံဃာတော်များဘုရား နိဂုံးချုပ်အနေနှင့် ဘုရားတပည့်တော် လျှောက်ထားပါရစေ ဘုရား၊ ယခုဖြစ်နေကြသော ဝိဝါဒအဓိကရုဏ်းမှာ မည်သူ့ဘက်ကမှန်သည် ထင်ပါသလဲဆိုတဲ့- ပဲ့ပါဆရာတော်ဘုရားရဲ့ မေးခွန်းတော်ကိုအချိန်အခါတရားရုံးတော်ကဖြစ်စေ၊ သံဃာတော်များနှင့် အစိုးရတရားသူကြီးတို့ ပူးပေါင်းဆောင်ရွက်ကြမည့် ခုံရုံးကဖြစ်စေ၊ အမှားအမှန်ဆုံးဖြတ်ပေးကြပါလိမ့်မည်။ သို့တည်းမဟုတ် တပည့်တော်ဘက် မလိုက်ရေးဝါဒကြောင့် အလိုလိုပြီးပျက် သွားခြင်းလည်း သွားနိုင်ပါတယ်။

အဲဒီတော့ ယခုအချိန်အခါမှာသံဃာဖါသု ဖြစ်စေရန် ဘက်မလိုက်သောဝါဒကို ကျင့်သုံးတော်မူကြပြီး သူတို့ရှေ့က မားမားမတ်မတ် ရပ်သောအနေဖြင့် စောင့်ကြည့်နေ ဖို့ရာသာသင့်တော်ပါသေးသည်ဘုရား- အဲဒါကြောင့် နိဂုံးချုပ်အနေနှင့် နာယကဆရာတော် ဘုရားမိန့်ခွန်းတော်အတိုင်း ပစ္စယအာမိသ = ပစ္စည်းလေးပါးဖြင့် ဆွဲဆောင်သောငြား၊ ဓမ္မအာမိသ = တရားဟောပြောပြီး ဆွဲဆောင်သော်လည်း မလိုက်ပါတော်မူကြပဲ နေတော်မူကြ ရန် နောက်ဆုံးအနေနှင့် လျှောက်ထားပါသည်။ ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရားတပည့် လျှောက်ထားချက် အတည်ပြုတော်မူကြပါက သာဓု ၃ ကြိမ် ခေါ်ပြီး အစည်းအဝေး ရုပ်သိမ်းတော်မူ ကြပါရန်ဘုရား- သာဓု . . သာဓု . . သာဓု။ အစည်းအဝေး ၃ နာရီမှာပြီးသွား၏။ ဤအချက်သည်လည်း ကျွန်ုပ်ကသာသနာပြု လိုက်ခြင်းဖြစ်သည်။

၁၃၂၈ ခု၊ နတ်တော်လပြည့်နေ့တွင်၊ အောင်မြေဘုရားညပိုင်း၊ ဘုရားဖူးသွားပုတီးစိပ်၏။ သို့သော်လည်း- အောင်မြေရွှေစည်းခုံ ဘုရားပွဲရက်ဖြစ်၊ နောက်ညဖြစ်၊ ဇာတ်ဆိုင်းသံကဆူညံနေ၏။ အာရုံရအောင်စိတ်ရ၏။ ပုတီး ၂၇ ပတ်ပြီးသွားအခါ၊ ကျွန်ုပ်အရွယ်လောက် ဦးပဥ္စင်းတပါးနှင့် တွေ၏။ ထိုဦးပဥ္စင်းက


ကိုယ်တော်ကိုသွတ်ဖမ်း နည်းပေးရအုံးမယ်ဆိုပြီး အရေးခိုင်း၏။ ကျွန်ုပ်ထဲပါလာသော မှတ်စုစာအုပ်ကို ဖွင့်ပြီးရေးမှတ်လိုက်၏။

၁။ ယမ်း ၂။ ဆား ၃။ မဖောက်ထုံး ၄။ ကန့်
၅။ လကျ္ာ ၆။ ကျောက်ချဉ် ၇။ ဇဝက်သာ ၈။ ဆပ်ပြာ

၄င်းရှစ်ပါး တကျပ်စီအမှုံ့ပြုထား၊ လက်ချားကတမျိုးထဲအမှုံ့ပြုထား၊ သီးသီးသတ္တုရည် ပုဂံထဲထည့်ထား- သွတ်ဆယ့်ငါးကျပ်သားလောက် အရည်ကျို ဆေးရှစ်ပါးနှစ်ပုံ၊ လက်ချားတပုံ သီးသီး သတ္တုရည်နှင့်ဖျော်၊ သွတ်အရေဖြစ်လျှင်တင္ကန်းလောင်းထည့် ချော်ငြိမ်လျှင်အုပ္ပဲကို မြှောင်းလုပ်၍ လောင်းထည့်၊ ဤအတိုင်းသုံးကြိမ်လောင်းပါ။ "ဒုတိယအဆင့်" - ဆေးရှစ်ပါး အမှုံ့တစ်ပုံ လက်ချား အမှုံ့နှစ်ပုံ- သီးသီးရည်နှင့်ဖျော်၊ သွတ်ကိုလုံတွင်ထည့် ဖင်တိုက်ထိုး အရည်ဖြစ်လျှင် ချော်ထည့်၍- ထည့်၍၊ ပြည့်အောင်ထိုး၊ ချော်ပြည့်လျှင်တန်- လုံကိုချ- အအေးခံပြီးခွဲလိုက် သွတ်လုံးရ၏။

နတ်တော်လဆုတ် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ မဟာသကျာသာမိဘုရား မဟူရာမျက်လုံးတော် တပ်ဆင်သည်။ လှူဒါန်းသူမှာ အရှေ့ပန်းတိမ်အရီးမိဖြစ်၏၊ ကျွန်ုပ်၏ ရှင်အမဖြစ်၏။ နတ်တော်လဆုတ် ၆ ရက် နေ့ဂန္ဓာရုံမှစ၍ကျောက်လမ်းခင်းနေတာမြင်ခဲ့သည်။ ပြာသိုလကွယ်နေ့တွင် နံနက် ဂူကြီးဘုရားပုတီးစိပ် အပြီးတွင် ဘုန်းကြီးတပါးတွေ့၍၊ ထိုဘုန်းကြီးက ဘင်ကျအင်းနှင့် ဂါထာများပေး၍ အောက်ပါအတိုင်း ရေးမှတ်ခဲ့၏။

ပန် ပန်



ပန် ပန်

ဤ 'အင်း'ကို စလောင်းမှာ ဆီထိထွန်း ဘင်ကျ၏။

ဦးသတ္တိတေနာရံ - တွံထွေးထွေး
ဆရာထွေ = (၃၇အုပ်စုပ်)
တံစူးဝါးကိုချောချောသတ်၍အဝတ်ပုဆိုးကိုရိုက်၊ အရာထင်လျှင်ခိုးယူသူမှတ်ပါလေ
ဦး- ရိရိ - ရပ်ရပ် - ငါ၏ဆြာဆုံ - ရပ်ဆြာရပ်
တန့် ဆြာ တန့်
အမောင်း အဟန့်ကောင်း၏
၇- အုပ်ဖြစ်စေ၊ ၃၇-အုပ်ဖြစ်စေ မန်းပါ။

၁၃၂၈ ခု၊ ပြာသိုလဆန်း ၁၄ ရက် တုပ်လှန်းဘုရားသွားကြ၏။ နံနက် ၉ နာရီကား ထွက်၏။ ကူးတို့ဆိပ်၁၀ မတ်တင်းရောက်၏။ သိမ်ကြီးဈေးခဏဝယ်ချမ်းကြခြင်းကြောင့်ဖြစ်၏။ ၁၀း ၄၅ ကူးတို့ကူး ဆက်သွယ်လမ်းမှ အင်း၀ တံတားဦး၊ သင်ဘန်း၊ ပြုကုံ၊ ရေကဘိုး၁၂- နာရီရောက်၊ ကန်ကြီး- ၁ ချက်ရောက်၊ ၁ ချက်ဆယ်မိနစ် ဆင်မင်းတုပ်လှန်းဘုရားရောက်၏။ ပွဲခင်းရောက်နှင့်နေသော လှည်းများမှာ တစ်ရာကျော် လောက်ရှိ၏။ ပွဲခင်းကြီးမှာ ကိုက် ၂၀၀ ကျော်လောက်ရှိမည်ထင်၏ ပွဲလာပရိသတ်များသည် ညနေစာ များကို ကိုယ့်လှည်းနားကိုယ်ချက်စားတာတွေ့ ခဲ့ရ၏။ ဈေးတန်းမှာ စကောဆန်ကာ၊ တောင်း၊ လှည်း ကရိယာ နှီးရေပုံးတို့ ပေါ၏။ ကျန်တာတော့ အခြားပွဲများနှင့် မထူးပေ။ တောသူမြို့သူ၊ အမူအရာ လောက် ခြားတော့၏။ အဝတ်အစား မခြားနားတော့။ ပွဲဈေးတန်းမှဆားဈေးမေးကြည့်၏။ ဆားတပိသာ ၁၂ကျပ် ၈၀ပြားဖြစ်၏။ မြို့မှာ ၁၂ ကျပ် ၅၀ပြား ဆိုတော့ ပြား၃၀ သာကွာ၏။

ညတွင်ဆင်မင်းတုပ်လှန်းဘုရားမှာ ပုတီး၁၀၈- ပတ်၊ နှစ်ကြိမ်ထိုင်၏ ဥစ္စာစောင့်မလေးများသာ တွေ၏။ အခြား ဘာမှုမတွေ့ချေ။ နောက်တနေ့နံက်တွင် ဇီးကန်၊ တောင်ပြုး၊ အုန်းနဲ့ကုန်း၊ ထပေါက်ကုန်း၊ ကျောက်တန်းအုပ်ရှစ်တော၊ မိုးနံကုန်း ကံကြီးကဘုန်းတော်ကြီးများနှင့် စကားလက်ဆုံကြ၍ ထိုနေရာများကို လိုက်လည်၏။ ညမှာထောင့်ရှစ်ထောင့် ပုတီး ၂၇- ပတ်ကို ဆင်မင်းတုပ်လှန်းဘုရားကို ပတ်စိပ်ခဲ့၏။ တညကို ကျောက်ဖယောင်းတိုင် ကိုးတိုင်စီပူဇော်၏။ ဘုရားအရှေ့ဘက် ငွေရေးရှိကြောင်းသိခဲ့၏။ ဘုရား အရှေ့ဘက်လမ်းအဆင်းတွင် တောင်ဘက်၊ မြောက်ဘက် ရေကန်ကြီးများရှိ၏။ မြောက်ဘက် ရေကန်မှာ ငွေရေးရှိ၏။ ပြာသိုလပြည့်ကျော် ၁ရက်နေ့ ပြန်လာကြ၏။ စနေတောင့်ဘက်က သိမ်တော်ကြီးနား တံတိုင်း လုပ်ရန်မြေတိုင်း၏။ ပြာသိုလဆုတ် ၉ ရက် သောကြာနေ့၊ မြေတိုင်းမှတ်တမ်း-

အင်းကျီးကန်တောင်ထိပ်- သိမ်ကြီးနားက ရေတွင်းကို ဗဟိုပြု၍မြေတိုင်း၏။ အရပ်ရေတွင်း ဖြစ်၏။ ရေတွင်းမှာ အနောက်ဘက်လမ်းစထိ ၄၆- ပေ၊ ရေတွင်းမှအရှေ့ဘက် ၈၅- ပေ၊ ၇လက်မဖြစ်၍ ကျောင်းတိုက်နောက်ဘက်တောင်မုဒ် မှ သိမ်ကြီးကြားတွင်ကျောင်းတိုက်မြေကိုကျူးကျော် ဝင်းခတ်ထား သော ခြံရှင်ကိုပြောသောအခါ မဖယ်ကြောင်းသိရ၍ ထိုနားတွင် တံတိုင်းမလုပ်ဘဲ ထားခဲ့ကြောင်း။ ပြာသိုလကွယ်နေ့တွင် တောင်မုဒ်ပြီးစီး အောင်မြင်သွား၏။

၁၃၂၈ ခု၊ တပို့တွဲလဆန်း ၁ ရက် သောကြာနေ့၊ ကျွန်ုပ်၏ မွေးလမွေးရက်ဖြစ်၍ အမရပူရမြို့ ဘုရားများကို မီးတထောင်ပူဇော်ရန် တံခွန်တိုင်ဘက် ဘုရားများသွားပူဇော်၏။ ကိုရင်လေးများဖြင့် သွား၏။ (လောကမဏိစူဠာစေတီ) ရွှေဘိုမင်းကောင်းမှုတော်ဘုရား သာရမဏ္ဍသိမ်တော်ကြီးဘုရား၊ ပုဂံတိုက်ဘုရား၊ မကွေးတိုက်ဘုရား၊ သစ်ဆိမ့်တိုက်ဘုရား၊ ဗန်မော်တိုက်ဘုရား၊ ခန္တောတိုက်ဘုရား၊ ကျောက်မြောင်း တိုက်ဘုရား၊ ဆီဘန်နီဘုရား၊ မိုးထိတိုက်ဘုရား၊ မယ်ထိတိုက်ဘုရား၊ ကန်ဦးတိုက်ဘုရား၊ ပုထိုးတော်ကြီး ဘုရား၊ ရွှေစကား ရွှေလင်းပင်ဘိုးတော်ဂူ၊ ဘကြီးတော်ဂူ၊ မယ်ဘယက်ဘုရား၊ လေးမျက်နှာဘုရား၊ စူဠာမုနိဘုရား၊ မဟာဗောဓိဘုရား၊ ရွှေဂူကြီးဘုရား၊ ဦးကျောက်လူးဘုရား၊ ဦးပေါ်ဦးဘုရား၊ သမီးတော် ဘုရားများ၊ ဆုတောင်းပြည့်ဘုရား၊ ဘုရားသုံးဆူဘုရား၊ ရှင်ပင်ဆပ်သွားဘုရား၊ ရန်အောင်မြင်ဘုရား၊ သက်တော်ရာဘုရား၊ မိုးကောင်းဘုရား၊ ကျောက်ကာဘုရား၊ ရွှေဘုံသာဘုရား၊ မြသိန်းတန်ဘုရား၊ ရတနာဂူဘုရား၊ ရွှေကြက်ယက် ရွှေကြက်ကျဘုရား နှစ်ဆူ၊ ရွှေရင်းရဲဘုရား၊ အောင်ချမ်းသာဘုရား၊


အေးစေတီဘုရား၊ အောင်ပန်းဘုရား၊ အောင်ခြင်းရှစ်ပါးဘုရား၊ သမ္ဗုဒ္ဓေဘုရား၊ သတ္တဌာနဘုရားများ၊ နှစ်ကျိပ်ရှစ်ဆူဘုရား၊ ရှစ်ကျိပ်ရှစ်ဆူဘုရား၊တောင်မင်းကြီးဘုရား၊ အောင်မြေရွှေဘုံဘုရား၊ နဂါးရုံဘုရား၊ ရွှေပင်းရဘုရား၊ ကျော်အောင်စံထားတိုက်တွင်းကဘုရားစေတီ ၁၅- ဆူ၊ ကျောက်တော်ကြီးဘုရား၊ သာယာရွှေဂူမှဘုရားများ၊ တက်သေးကုသိန္နာရုံမမြလေးကောင်းမှုဘုရား၊ ကပ်ကျော်ဘုရား၊ စန္ဒာမုနိဘုရား၊ ဤဘုရားအတွင်းရှိ ဘုရားများပေါင်း စေတီတော်များ၁၀၈- ဆူကို တဆူလျှင်ကိုးတိုင်ပူဇော်ခဲ့၏။ ၅ရက်တိုင်တိုင် သွားရောက်ပူဇော်၊ ပုတီး ၉ပတ်စိပ်ခဲ့၏။

၁၃၂၈ခုတပို့တွဲလဆန်း၇ရက်၊ ကြာသပတေးနေ့ အင်း၂အင်းပုတီးစိပ်သော ရှေ့တွင်ချထား၏။ အောက်ပါအညွှန်းများနှင့် ဂါထာများလဲပါ၏။

**ပဋ္ဌမအင်းစုတ်ရန်ဂါထာတော်**

ဥုံကုဿန္တော - သာသပ - ဂဇ္ဇော - ကုတောစိတောစက်မတိ။ကုဿန္တော စက္ကဝါဠမှိ - အတ္တဘာဝေန ဆာဒယိ။ ဗုဒ္ဓမမ္မ - အဟစ္ဆရာ - တထာမေဟောန္တုနက္ခဂုဏာ။

"ပထမအင်းတော်"





၎င်းအင်းကို မှိုင်းခံစက္ကူချ၊ ပြာပြုသောက် - ပွဲစုံစေ၊ နက္ခတ်ခပတ်မိစေ၊ ပဋ္ဌမရက်ရွေးရန်သာလို၏။ တနေ့ ၃အင်း ၁၀၈ရက်သောက်။ ကါယသိဒ္ဓိမြောက်၏။ အိုးမှာချဆီကိုချက် ဆီခဲ၏။ ၎င်းဆီခဲကိုစား ကုသော် ဒါး၊ လှံ၊ သေနတ်၊ တုတ်ပြီး၏။ ပဋ္ဌမဂါထာနှင့် ၃၇ အုပ်စုပ်၊ သိဒ္ဓိဂါထာနှင့် ၉အုပ်စုပ်လေ။

**ဒုတိယအင်း ရွတ်ရန်ဂါထာတော်အရှိုး**

ဥုံအသိ - သတ္တိ - ဓမုစေဝ - သဗ္ဗတ္ထေ
ဘာဂ - ဂါနိစ - ဘဂ - ဘဂါ - ဝိစုဏ္ဏ - တုလောမံပိ
နေနန - ဖုသတု - အရဟံသိဒ္ဓိဘဂဝါ - (၃၇ အုပ်စုပ်)

“ ဒုတိယအင်းတော် ”



ဤစမကြီးလေးလုံ ဂဝ်ကြီးကို တစ်ချက်ဆွဲ မှိုင်းခံတွင်၍ အရဲဂါထာနှင့် ၄၅အုပ်စုပ်၊ အရဟံသိဒ္ဓိ (၃၀၀၀) စုပ်၊ ၁၀၈ အင်းသောအပါးသုံးဆယ်ပြီး၏။ ဉာဏ်ရှိသလိုသုံးပါ။

၁၃၂၈ ခု တပို့တွဲလဆန်း ၁၃ ရက်နေ့ အောင်မြေဘုရားက ပုတီးစိပ်အပြန် ကျွန်းကျောင်းဘုန်းကြီး ပျံသွား၏။ ထိုဘုန်းကြီးပျံတွင်တွေ့သော ဘုန်းကြီးတစ်ပါးက ဝဲ - နှင်းခူပျောက်သောဆေးနည်းပေး၍ မှတ်လာ၏။

၁။ ကျောက်ချဉ် ၁ ကျပ် ၂။ လက်ချား ၁ ကျပ် ၃။ ဒုတ္တာဂ ရွေး

တို့ကို အမှုံ့ကြိတ်ပြီးလျှင် မီးပေါ်တင်ဖေါက်၊ ပွထလာသောအခါ ရပ်။ အမှုံ့ကြိတ်ပြန် - ၎င်းကို ရေနံချေး သို့မဟုတ် အုန်းဆီနှင့်လိမ်းလေ။ ဝဲနာအပျောက်မြန်သဖြင့် တစ်နှစ်တစ်ခါ၊ နှစ်ခါခြေရောင်လာပြီး အဖုနီလေးပေါက်ကာ သန်ရေထွက်ခဲ့လျှင် ညှစ်ပြီးလိမ်းပါ။ အနာဆွေး၊ အနာပျက်၊ ဖက်ခွက်နာ၊ နှင်းခူ ဝဲစို၊ ဝဲခြောက် ပျောက်၏။ ဆေးလိမ်းပြီးနောက်သန်ရေထွက်ပေါက်ထား၊ ဂုံကမံ ရွက်အုံပါ။

## ဉာဏ်ရှင်အင်းတော်

| | | | | |
|---|---|---|---|---|
| ဉုံ | တ္တိ | မွ | အာ | က |
| မိ | ယော | ေ | နံ | က |
| ဖ | က | | ပု | ရော |
| တ္တ | ယာ | လိ | မ္ပံ | အာ |
| က | အာ | ပ | စ | ဠ |

**အကျိုးကား**

သိမ်ဝင်သပိတ်ကွဲ၊ ရွှေ - ငွေ၊ အုဋ္ဌကွတ်ပြားချ၍ ဆောင်ပါ။ ပြောသမျှဟုတ်၊ လုပ်သမျှအောင်၊ ကြံသမျှပြီး၏။ လာစေလို မီးထွန်းလာ၏။ ဉာဏ်ကြီး ရှင်တို့အရာသာ -

## အင်းဆန်ဂါထာ

ဉုံ ကေ ပုဂ္ဂလိက - ကမ္မကမ္ပံ - အာပတ္တိနံ အာပတ္တိယော - အာရော စယာမိ။
သုဂတော ၉ ချက်ဂါထာနှင့် - (၁၈၀၀)စုပ် လိုရာ ရည်ညွှန်းပြီးစုပ်လေ။

၎င်းအင်းအကျိုး ချဲ့၍ဆိုရသော် - ဘုန်းတံခိုးကြီး၍ ကြက်သရေတိုးတက်၏။ ချမ်းသာ၍ အခြံအရံပေါ၏။ ကိုယ်ကြံသမျှပြီးစီး၏။ ကိုယ့်ကိုကြောက်ရွံ့ကြ၏။ အသက်ရှည်၏။ ရာထူးတိုးတက်၏။ သူခပ်သိမ်းတို့ ချစ်မြတ်နိုး၏။ ကျောင်း - အိမ် - ထုပ်တိုင် - မျက်နှာကျက်ချ - ပူဇော်သကာများ၏။ ဘုန်းကြီး၏။ လာဘ်ပေါ၏။ ဇာတာနှင့်အတူ ထားရမူ ဥစ္စာတိုး၏။ ခေါင်းရင်းထားမူ သမာဒေဝ နတ်လာစောင့်၏။ တံခါး၌ထားမူ လာဘ်မိုးရွာ၏။ ဘုရား၌ထားမူ ရောင်တော်လွှတ်၏။ ခိုင်ခန့်၏။ တိုက်စည် တိုက်မောင်း၌ ချမူရန်အောင်မြင်၏။ တုံလှုပ်ကြောက်ရွံ့ကုန်၏။ စည် - မောင်းတုံးတို့၌ ချထားမူ ကြားကြားသမျှ ပူဇော်လာကုန်၏။ ဆိုးသွမ်းသောနေရာတို့၌ ချထားမူ မြေဘုတ် တစ္ဆေ နတ်ရဲဘီလူးရဲ ဥစ္စာစောင့်တို့ ထွက်ပြေးကုန်၏။ နံ့သင့်သစ်သားချ၊ ခေါင်းအုံး၊ တစ်ထောင်သောအကျိုး တို့ရောက်လာ၏။ ဆီစိမ်သောက်သော် အသားအရေကောင်း၏။ မြင်သမျှချစ်၏။ မျက်နှာသစ်ပွင့်လမ်း၏။ အိပ်ယာအောက်ထားသော် သူမကောင်းကြံနိုင်၊ အပင်းမဝင်နိုင်၊ ရက်ကောင်းရက်မြတ်၌ ပွဲစုံစွာတင်၊ သန့်ရှင်းစွာပြုလုပ်ဆောင်ပါ။ အားလုံးသောအကျိုးရ၏။ (ဗားမဲ့ပေး၏)။

၁၃၂၈ ခု တပို့တွဲလပြည့် ပါတိမောက်အခါတော်နေ့ကျင်းပ၏။ သံဃာတော် ၉၀၊ လူ ၃၀၀ လွှက်ရည်ချို၊ ကိတ် ၂မျိုး၊ စမူစာတို့ဖြင့် ဧည့်ခံကျွေးမွေး၏။ နံနက် ၁၁နာရီမှ ညနေ ၅နာရီပြီး၏။ ၁၃၂၈ခု တပေါင်းလဆန်း ၁၂ရက် ဗုဒ္ဓဟူးနေ့တွင် ငြိမ်းချမ်းရေးဘုရားကြီးကို ပြန်လည်ပြုပြင်ရန် စ၏။ တပေါင်းလဆန်း ၁၀ရက်နေ့ တောင်သမန်ဦးပိန်တံတားအစိုးရပြင်ရန် တိုင်ထူသောရက်ဖြစ်၏။ အဟောင်းတိုင်များ

မနှုတ်နိုင်၍ဖြတ်ပြစ်ရကြောင်းသိရ၏။ အစိုးရကပြင်ရန် (၅၀၀၀၀)ကျပ် ချပေးကြောင်းသိရ၏။ အသံား ဟောင်းများ လေလံမပြစ်၊ မရောင်းချဘဲ၊ အလဟဿ ကုန်ဆုံးသွား၏။ ဩ - လောက - လောက။

တပေါင်းလဆုတ် ၁၄ရက် အလံတိုင်ဘုန်းကြီးပျံ အလောင်းထုတ်နေ့ဖြစ်၍ ပင့်ထားသဖြင့် အောင်ချမ်းသာဘုရားဖူး ပုတီးစိပ်ပြီးသွား၏။ တပေါင်းလကွယ်မီးသင်းပြိုလ်သောနေ့သွား၏။ မီးသင်းပြိုလ်ပြီးမှ ပြန်ခဲ့၏။ ညပုတီးစိပ်ပြီး အာရုံပြုကြည့်ရာ တိုက်အိုကြီးထဲ အလံတိုင်ဘုန်းကြီး ဖိုထိုးနေတာ တွေ့မြင်ရ၏။ ဩ - ထွက်ရလမ်းလုပ်တဲ့ ဘုန်းကြီးပါလားဆိုတာသိရ၏။ ၁၃၂၈ ခု တန်ခူးလဆန်း ၅ရက် သောကြာနေ့ သကြိန်ကျ၏။ ၇ ရက်နေ့တက်၏။ ၈ရက်၊ တနင်္လာနေ့ မင်္ဂလာအခါတော်နေ့ ကျင်းပ၏။ သံဃာ ၄၅ပါး၊ လူ ၃၀၀ကျော်၊ ကြာဇံကျွေးမွေး၏။ နံနက်၁၁နာရီမှ အခန်းအနားစ၍ ၅နာရီ ညနေပြီး၏။ ၁၃၂၉ခု တန်ခူးလဆန်း ၈ ရက် နှစ်ဆန်း၁ ရက်ဖြစ်၏။

တန်ခူးလဆုတ် ၉ ရက်နေ့တွင် အောက်ကျင်းက ဟသ်ာဘုရားထီးတင်ပွဲသွား၏။ နေ့ ၁၁ နာရီမှ ပြန်လာပြီး အမရပူရမြို့တော်ရှိ သာသနာမြေများပေါ်သို့ ကျူးကျော်နေကြသူများကို တရားသဖြင့် ဆောင်ရွက်ပေး ရန် သာသနာရေး၊ ပြည်ထဲရေး စသောဌာနများ မေတ္တာရပ်ခံစာတင်လိုက်၏။ (သာသနာပြုခြင်း) ။ တန်ခူးလဆုတ် ၉ ရက်နေ့ညနေ အာဂန္တုဘုန်းတော်ကြီးတစ်ပါးရောက်လာပြီး အောက်ပါစုန်းအမျိုးမျိုး၊ ရန်အမျိုးမျိုးအောင်မြင်နိုင်သော အင်းတော်ကိုပေးသွား၏။

**အောင်နိုင်အင်း**

| | | | |
|---|---|---|---|
| ၄ | ၅ | ၃ | ၆ |
| ၁ | ၄ | ၂ | ၇ |
| ၆ | ၃ | ၅ | ၄ |
| ၇ | ၂ | ၄ | ၁ |

**အင်းဆံကား**

လေပြေဆော်သွေး၊ အေးယင်ကတုံ
သင်ဇာဘုံဝယ်၊ တွေ့ကြုံရအောင်

**စုပ်ရန်ဂါထာ**

ဉုံ ကောက္ကာသံ ကောဏာ၊ ဂမန - ကဿပ ၊ ဂေါတမ - အရိမေတ္တေယျ၊ ပစ္စေက ဗုဒ္ဓါ၊ ရဟန္တာ ပရိကမ္မ ရက္ခန္တု၊ ပယ်ဆရာပယ် - လွှဲဆရာလွှဲ - သွားဟယ်၊ ၁၀၀ - မန်း

၎င်းအင်းကို စက္ကူတွင်ချ၊ ပြာပြု - ဆီတစ်မတ်သားနှင့်ဖျော်တိုက်။ စုန်းပျောက်၏။ အပင်းကျ၏။ ပူးဝင်သူ ဟူသမျှထွက်၏။ လျှက်ဆားနှင့်ရောတိုက်က အဖျားရောဂါ၊ လေနာ၊ ရင်နာပျောက်၏။ ကြီးလေးလုံး၊ လေးထောင့်ရုံက ရန်အောင်၏။ စမလေးလုံးရုံက အလိုဆန္ဒပြည့်၏။ ဘုရားလေးဆူရုံက မည်သူမျှ မတော်လှန်ဝံ့။ ရက်ကောင်းရွေး ပွဲစုံစွာတင်။ ရွှေ - ငွေ ကမ္မဝါပြားချ။ သန့်ပြန့်စွာဆောင် အောင်၏။ ပယောဂနိုင်၏။

၁။ ဂဏန်း ၁၀ခု သဗ္ဗညုဘုရားပုံ၊　　　၂။ စမဘီလူးပုံ၊　　　၃။ စမမြောက်ပုံ -

ဤသုံးစုံ အစဉ်အတိုင်းရေပြီး ဤကမ္မဝါစာဖြစ်ရန် သုဏ္ဏာတုမေ - ဘန္တေသံယော - အယံနာဂေါ - အန္တရာယိကေဟိ - ဓမ္မေဟိ - ပရိပုဏ္ဏာသ - ပတ္တစီဝရံ နာဂေါ - အာယသ္မတော - တိဿ - ဥပသမ္ပဒါပေက္ခော စုန်းပယောဂအစွဲရှိလျှင် ငွေပြားတွင်လက်ဖွဲ့ထိုး၊ ဘုရားကစလိပ် - ဆံတုံးထဲထား ရှူးသော်မှ ပျောက်၏။ နိုင်စေလိုသော် အောက်ကလိပ်၊ မီးကင် - ဆံတုံးကို သုံးခါဖြည်၊ သုံးခါဆွဲလေ - သတိရှိပါစေ။

၁၃၂၉ခု တန်ခူးလဆုတ် ၁၃ ရက် တနင်္ဂနွေနေ့နံနက် ရန်အောင်မြင်ဘုရားနှင့် သက်တော်ရာဘုရားများ ပုတီးစိပ်၏။ ရန်အောင်မြင်ဘုရားမှာ ဦးပဥ္စင်းတစ်ပါးက ကိစ္စအရပ်ရပ်ပြုလုပ်သောအခါ ဤအင်းကို သုံးကြည့်စမ်းပါဆိုပြီး နည်းလာပေးသွား၏။

**အင်းချရန်မှာ**

၁။ ဗောဇ္ဈင် ၇ ပါး ၂။ အာရုက် ၆ ပါး

၃။ နေ၊ လ ၂ ပါး ၄။ ဘုရား ၁ ဆူ - ဤအရံပေါင်းလိုက်သော် (၇၆၂၀)ရ၏။

ရင်းကိုတည်ကိန်းပြုလုပ်လေ။ စကားခွန်းရေ အက္ခရာနံဂဏန်းများ ဖြင့်ပေါင်း။ အားလုံးပေါင်းရဂဏန်းကို ၆ နှင့် ၅ ခါ ဆင့်ကဲဆင့်ကဲပေါင်း။ ပေါင်းရဂဏန်းကို တိုးတိုး - အင်းကွက်ထဲ မှဉ်းသွားချရေး။ အလယ်ကွက်ကို ဖြစ်စေလိုသည့်စကား၏အက္ခရာနံများသွင်း။

**ပုံစံကား** - ၇၆၂၀ + ၄၄ = ၇၆၆၄

၁။ ၇၆၆၄ + ၆ = ၇၆၇၀ ၂။ ၇၆၇၀ + ၆ = ၇၆၇၆

၃။ ၇၆၇၆ + ၆ = ၇၆၈၂ ၄။ ၇၆၈၂ + ၆ = ၇၆၈၈

၅။ ၇၆၈၈ + ၆ = ၇၆၉၄

တစ်လုံးကျန်အပေါင်းကိန်ပြုလိုက်သော်

၁ ခါပေါင်း ၇ ဂဏန်း = ၇၆၇၀

၂ ခါပေါင်း ၇ ဂဏန်း = ၇၆၇၆

၃ ခါပေါင်း ၇ ဂဏန်း = ၇၆၈၂

၄ ခါပေါင်း ၇ ဂဏန်း = ၇၆၈၈

၅ ခါပေါင်း ၇ ဂဏန်း = ၇၆၉၄

၃၈၄၁၀ = ၁၆ = ၇ အင်းဂဏန်း

**အင်းချပုံ**

| | | |
|---|---|---|
| ၇ | ၇ | ၇ |
| ၇ | ၇ | ၇ |
| ၇ | ၇ | ၇ |

လာ = ၄
စေ = ၃ → ၇

ကိုးတိုး ၉/၁၆ = ၇

ကိုးတိုး ၉/၂၅ = ၇

၉/၃၄ = ၇

ကိုးတိုး ၉/၇၇ = ၇ ကိုးတိုး ၉/၆၁ = ၇


ကိုးတိုး ၉/၅၂ = ၇ ကိုးတိုး ၉/၇၀ = ၇

ဋ္ဌင်းအင်းကို အောက်ကခံ၊ ဖယောင်း ၅မတ်သားနှင့် ဖရောင်းတိုင်လုပ် လာလိုလျှင် နတ်ခေါင်းပေါင်းနှင့်ပုဆိုးမီးဇာလုပ်ထွန်း၊ သူခိုးအထွက် တံခွန်မြိတ်ထည်။

## ဂဏန်း (၁၀) ခု သဗ္ဗညုပုံတော်



**စမဘီလူးပုံ**



**စမတ္တရုပုံ - မြှောက်မင်း**



ဤသုံးပုံကိုငွေပြားတွင် ဘုရား၊ ဘီလူး၊ မြှောက်အစဉ်အတိုင်းရေး၊ ငွေပြားတွင်လက်ဖွဲ့ထိုးဆောင်၊ စာမျက်နှာ ၂၂ က အညွှန်းအတိုင်းလုပ်ပါ။ ရူးသူ • ဂယောက်ချောက်ချားဖြစ်သူ၊ တိုက်ခိုက်ထားသူ၊ စုန်းတိုက်၊ နတ်တိုက်၊ ဓာတ်တိုက်၊ ပယောဂဟူသမျှ အားလုံးပျောက်ကင်း၏။ ပွဲစုံလင်စွာတင်။ အခါကောင်း နေ့၌ စီရင်ပါလေ။

၁၃၂၉၃ - ကဆုန်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့ - မြသိန်းတန်ဆရာတော်ကဆင့်၍ နံနက် ၇နာရီ တုတ်ရဲ ရွှေမြင်းမိဘုရား ကားနှင့်သွား၊ ၈နာရီခွဲရောက်၏။ လွှတ်ရည်သောက်ပြီး ရွှေမြင်းမိဘုရားပေါ် လျှောက်ကြည့်ပြီးပုတီးစိပ်၊ ကျွန်ုပ်က ပုတီးစိပ်ပြီးလျှင် မေတ္တာပို့အမျှဝေလိုက်၏။ မိန်းကလေးသုံးယောက်က သာဓု ပြိုင်တူ ခေါ်ကြ၏။ ကျွန်ုပ်ကအသံလာရာကြည့်လိုက်တော့ ကျွန်ုပ်၏နောက်နားကဖြစ်နေ၏။ ပထမ ဤဘုရားမြောက်ဘက်ရွာက မိန်းကလေးများဟုထင်၏။ သေသေချာချာကြည့်တော့ တုတ်ရဲရွှေမြင်းမိ ဘုရားနှင့် အကြောင်းမကင်းသူလေးများဖြစ်၏။ ကျွန်ုပ်က လူအသွားအလာရှင်းသော ဘုရားအင်္ဂါဒေါင့် ဘက်ခေါ် သွား၏။ ဘုရားကလည်း ပုံတစ်မျိုးဖြစ်သောစေတီဖြစ်၍အင်္ဂတေမရှိတော့ဘဲ အုတ်ရိုးသာ ကျန်ရှိတော့၏။

အကြောင်းမကင်းသူ ကလေးမများသုံး ယောက်၏အမည်မှာ ရတနာဒေဝီ၊ သုမြတ်စွာ၊ သီရိမြတ်စွာ ခင်ထားထားတို့ ဖြစ်ကြောင်းပြောပြ၏။ သူတို့လေးတွေ အကြောင်းကတော့ စနေမင်း၏မိဖုရားနှင့် အထိမ်းတော်ခင်ထားထားတို့ဖြစ်ကြောင်းလျှောက်၏။ ဤဘုရားနှင့် ဝမ်းဘဲအင်းဘုရားများတွင် နေကြောင်း လျှောက်ထား၏။ အမျှဝေမေတ္တာလိုချင်၍ လာပါကြောင်းလျှောက်၏။ မေတ္တာပို့အမျှဝေလိုက်၏။ သာဓု ခေါ်ပြီး ဝတ်ချ၍ပြန်သွားကြ၏။ ဆွမ်းစားကြပြီး ၁၀နာရီခွဲမှာ အစည်းအဝေးပွဲစ၍ ဘုရားပြင်ရန် ဆွေးနွေး ကြ၏။ ရွှေမြင်းမိဘုရားပြင်ရန် ပန်းရံဆရာကို သုံးထောင်နှင့်တည့်၍ ကတိစာချုပ်ပြု လုပ်ပြီး ၁၁နာရီခွဲမှာ အစည်းအဝေးပွဲပြီး၏။ လွှတ်ရည်သောက်ကြပြီး ၂ချက်မှာ ပြန်လာကြ၏။

ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ပြုလုပ်၏။ သံဃာတော် ၁၀၈ပါး၊ လူ ၅၀၀ ကျော် ကြွရောက်ကျွေး၏။ နံနက် ၁၁ နာရီက အခမ်းအနားဖွင့်ပြီး ညနေ၅ နာရီမှ တရားဟောပြီး၏။ ညမှ ပုတီးထိုင်စိပ်တော့ ဖိုထိုးပါ - ဖိုထိုးပါလို့ ပြော၏။ ကိုယ့်လက်ဝယ်ရှိသော ဓာတ်လုံးက ပြီးခါနီးပါပြီ - ဖိုထိုးပါလို့ပြော၏။ ကျွန်ုပ်လည်း နံနက်တောင်မင်းကြီးဘုရားသွားဖူးပြီးအပြန် တောင်လေးလုံးဘုန်းကြီး ဦးဇာဂရထံမှ ဖိုငှားခဲ့ပြီး အနောက်ဆောင် ဖိုထဲဆင်း၍ ဖိုထိုးရန်ကိရိယာများစုဆောင်းပြီး ပြင်ဆင်၏။ ကဆုန်လပြည့်ကျော်၂ရက် နေ့ကစပြီး ဖိုထိုး၏။ ဓါတ်လုံးကို စင်ကြယ်အောင်ထိုးပြီး အထက်ကအင်း၊ အောက်ကအင်းထားပြီး ၇လုံးထို၏။ ဓာတ်လုံးပေါ် အင်းက လေးပေါ် လာ၏။ ကျွန်ုပ်သည် အတော်အံ့ဩသွား၏။ ကဆုန်လဆန်း ၈ရက်နေ့က အင်းပေါ်၏။ ထိုနေ့က ကဆုန်လပြည့်ကျော် ၈ရက်၊ ဗုဒ္ဓဟူးနေ့ဖြစ်၍ ပုတီး ၁၀၈ပတ် ငါးကြိမ်စိပ်၏။


တောင်တွင်းကြီး၊ကျောက်တော် ကြီးမှာ နံနက်သွားစိပ်၏။ ပုထိုးတော်ကြီး၊ ဂူကြီး၊ ကြေးဘုရားကြီးမှာ ညပိုင်းစိပ်၏။ ပြီးလျှင်အောင်မြင်သောအထိမ်း အမှတ်အဖြစ် အောင်မြေဘုရား ၉ပတ်သွားစိပ်၏။ ည ၁၀နာရီမှ ပြန်၏။ ပုတီးစိပ်ပြီးတော့ ကိုယ်တော်ကြီး တစ်ပါးနှင့်တွေ့၏။ ဘွဲ့မေးကြည့်တော့ ဦးကိတ္တိလို့ ပြော၏။ ကိုယ်တော်ဖိုထိုးလျှင် ဓာတ်လုံးပြာကျအောင်ထိုး၊ နည်းပြ အုံးမယ်ဆိုပြီး ကျောင်းလိုက်လာ၏။ ကျောင်းရောက်တော့ ဓာတ်လုံးကို လုံထဲထည့်ပြီး အခြောက်ထိုးခိုင်း၏။ မီး၉အုပ်လောက် ခပ်ပြင်းပြင်း ထိုးပြီးတော့ အရပ်ခိုင်းပြီး မီးစိုက်ခိုင်းထား၏။ ကျွန်ုပ်လည်းပြောသည့်အတိုင်းလုပ်၏။ စကားပြောလိုက်ကြ တာမိုးလင်းသွား၏။ နောက်တစ်နေ့ ကဆုန်လပြည့်ကျော် ၉ရက်နေ့ နံနက် လွှတ်ရည် သောက်ပြီး ကြ၍ မီးစိုက်ထားသော ဓာတ်လုံးကိုအချခိုင်းပြီး အအေးခံထား၍ ဓာတ်အကြောင်းစကား လက်စုံကျနေ ကြ၏။

နံနက် ၉နာရီလောက်မှာ လုံအဖွင့်ခိုင်း၍ ဖွင့်ကြည့်သောအခါ ပြာကျနေ၏။ အောက်ပါ အင်းကိုလည်း ဦးကိတ္တိကပေးသွား၏။

**ဂါထာကား**

ဥုံ ကြီးကြီးလေးလုံး ကြေးဖုံးခုံကိုအလယ် - သေဝယ်နောက်ထားပ၊ တခါးသွားဟ - ၃၇ အုပ်စုပ်။

**အင်းပုံစံကား**




**ဤအင်းလက်ဖွဲ့ကို**

လည်ပင်းတွင်ဝတ်၍ထား၊ သူပြုက လက်ဖွဲ့ကြိုးမှာ လက်ဖွဲ့အတွင်းက ပြတ်၍ကျ၏။ ကျလျှင် ၎င်းလက်ဖွဲ့ကို ရေစိမ်တိုက်။

၁၃၂၉ခု နယုန်လဆန်း ၃ရက်၊စနေနေ့တွင် သွပ်သံပြဒါးလုံးကို ဖိုထိုးပြီးအခြောက်ထားပြီး ထိုလုံ့ခွက်နှင့် သွပ်ကိုကျင်ကြည့်၏။ သွပ်အနိုးငြိမ်းမိ၏။ ပဌမတစ်လုံးမိသော်လည်း အခြေအနေကို အကဲခတ်လိုသဖြင့် ဒုတိယ အကြိမ်ထိုးပြီး ထိုလုံ့ခွက်နှင့် ဖမ်းကြည့်၏။ သွပ်မိပြန်၏။ စိတ်ချလောက်ပြီဖြစ်၍ သွပ်ဖက်ကရပ်ထား၏။

ဆေးဓါတ်လုံးကို အင်းနှင့်ပေါက်၍ထိုးပြန်၏။ ၇လုံးထိုးပြီးလျှင် အင်းပေါ်ပြန်၏။ နယုန်လဆန်း ၂ရက်က မိထားသောသွပ်လုံးကို ၁၂နာရီက ၄နာရီအထိ မီးပြင်းပြင်းတိုက်ထိုး၏။ မိပြန်၏။ ပုတီးစိပ်ရင်း ထိုး၏။ အရောင်သေအစစ်အဟိုက်ပျောက်ပြီး မီးရင့်လာ၏။ ဝါလာ၏။ ပုတီးစိပ်လည်းမပျက်၊ ဖိုထိုးလည်း မပျက်၊ ဆက်လက်၍ဖိုထိုး၏။ နယုန်လပြည့် မဟာသမယအခါတော်နေ့ကျင်းပ၏။ သံဃာ ၄၅ပါး လူ ၃၀၀ကျော် မုန့်ဟင်းခါးကျွေး၏။ ထိုနေ့မှ ဖိုထိုးရပ်၍ တရားဟောပြောညလုံးပေါက် မဟာပရိတ္တာစရိ၊ ဦးကျော်ငြိမ်းဝတ်အသင်း က မဟာသမယသုတ်စသော ပရိတ်တော် ၁၁သုတ် ကိုရွတ်ဖတ်ကြ၏။

ကျွန်ုပ်နေ့လည်က ပမ်းသဖြင့် ည ၁၂နာရီလောက်မှ အိပ်ပျော်သွား၏။ ၁ ချက်လောက်မှာ ဘုန်းကြီးတစ်ပါးက အိပ်နေရာမှာ လာနှိုး၍ နိုးလာပြီးကြည့်လိုက်တော့ ဘိုးနာဂဖြစ်နေ၏။ ထိုပုဂ္ဂိုလ်က ပြာဆိုက်ပုံ များကိုပြောသွား၏။ ကျွန်ုပ်လည်း သူပြောသည့်အတိုင်းမှတ်ထားလိုက်၏။ မအိပ်တော့ဘဲ ဆက်လက်ပြီး ပုတီးစိပ်ရင်း ဝတ်တက်သမားများ၏ ရွတ်ဖတ်သံများကို နာနေ၏။ နံနက်အာရုဏ်ပိုင်း ၃နာရီခွဲလောက်ကျတော့ ယခင်က အင်းပုရပိုက်မှ ကူးယူထားသောအင်းများကို ကြည့်ရန် စာရွက်ကို လှန်လိုက်၏။ စမ္မာန၀ ဝင်အင်း၊ ထွက်အင်း စမ္မာန၀ - ဒေဝိပီယအင်းများကိုတွေ့ရ၏။ သို့အတွက် ဤမှတ်စုဖတ်နေသူများ ဗဟုသုတပွားများစေရန် ဖော်ပြပေအံ့။

## စမ္မာနဝ - ဒေဝီပီယအင်း

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၇ | ၅ | ၃ |
| ၆ | ၁ | ၈ |

(၁)

| | | |
|---|---|---|
| ၃ | ၁၀ | ၅ |
| ၈ | ၆ | ၄ |
| ၇ | ၂ | ၉ |

(၂)

| | | |
|---|---|---|
| ၄ | ၁၁ | ၆ |
| ၉ | ၇ | ၅ |
| ၈ | ၃ | ၁၀ |

(၃)

| | | |
|---|---|---|
| ၅ | ၁၂ | ၇ |
| ၁၀ | ၈ | ၆ |
| ၉ | ၄ | ၁၁ |

(၄)

| | | |
|---|---|---|
| ၆ | ၁၃ | ၈ |
| ၁၁ | ၉ | ၇ |
| ၁၀ | ၅ | ၁၂ |

(၅)

| | | |
|---|---|---|
| ၇ | ၁၄ | ၉ |
| ၁၂ | ၁၀ | ၈ |
| ၁၁ | ၆ | ၁၃ |

(၆)

| | | |
|---|---|---|
| ၈ | ၁၅ | ၁၀ |
| ၁၃ | ၁၁ | ၉ |
| ၁၂ | ၇ | ၁၄ |

(၇)

| | | |
|---|---|---|
| မာ | ထာ | ပု |
| ယံ | နံ | တာ |
| ယ | တ္တိ | နိ |

(၈)

| | | |
|---|---|---|
| အာ | ဟိ | တ္တ |
| ဝ | နံ | ဂ |
| ဿာ | ဗ္ဗာ | တိ |

(၉)

၁။ ဂဟပတာနီ ဒေဝီအင်း
၂။ သူရဿတီ ဒေဝီအင်း
၃။ စန္ဒီဒေဝီအင်း
၄။ စန္ဒာဒေဝီအင်း
၅။ မိန္ဒရာဒေဝီအင်း
၆။ စိတ္တရာဒေဝီအင်း
၇။ သီရိဒေဝီအင်း
၈။ ရက္ခဒေဝီအင်း
၉။ ဟီရိဒေဝီအင်း

ဦူသူရဿတီ ဒေဝီစ
မေမာတာ၊ မာတာစမေ
သူရဿတီဒေဝီ
အနုကမ္ပံ ဥပါဒါယ
သဗ္ဗပိယံမံ - ပါလယန္တု
သုခံသဒါ
ဤသူရဿတီဂါထာကဲ့သို့ ကျန်သောဒေဝီများ၏
အမည် များကို တပ်၍ရွတ်မန်းကြပါကုန် - ၃၇အုပ်စုပ်။

မိန်းမဝတ်စုံတင်၊ အမွှေးနံ့သာဘီး၊ မှန် အစုံပါ-ပါစေ၊ ပီယအလွန်ကောင်း၏။ ကာယ၊ ဓနလည်း ကောင်း၏။ စမ္မာနဝ - အင်းကိုချလိုလျှင် ဂဏန်းကောက်ယူပုံကို ပဌမလေ့ကျင့်ထားပြီးမှ နေ့ကောင်း ရက်သားရွေး၍ ပွဲစုံစွာတင်ပြီးမှ စီရင်ပါ။

## ဂဏန်းကောက်ယူပုံ

| | | | | |
|---|---|---|---|---|
| ဓမ္မာ | = | ၂ | = | / |
| နဝင်း | = | ၉ | = | ဲ |
| ဇာလင်း | = | ၄ | = | ၄ |
| သတ္တ | = | ၇ | = | ၇ |
| ပဋ္ဌ | = | ၅ | = | ၅ |
| တြိ | = | ၃ | = | ၃ |
| ဆ | = | ၆ | = | ၆ |
| ကေ | = | ၁ | = | |
| အဋ္ဌ | = | ၈ | = | - |

ဤဂဏန်းစဉ်ရေးနည်းကို သေချာစွာတတ်ကျွမ်းသော ပုဂ္ဂိုလ်ထံ နည်းခံပြီးချပါ။ ဤဂဏန်းသဘောကို အမှီပြု၍ ကျန်အင်းများလဲ ဤကဲ့သို့ ဂဏန်းသွင်းပါ။ ၂ အင်းမှစ၍ ၉ အင်းအထိ၊ တခုစီတိုး၍ အင်းစသွင်းပါ။

### ဓမ္မာနဝ - ဝင် ၉ အင်း

| | | |
|---|---|---|
| ၄ | ၃ | ၂ |
| ၁ | ၈ | ၇ |
| ၅ | ၉ | ၆ |

(၁)

| | | |
|---|---|---|
| ၅ | ၄ | ၃ |
| ၂ | ၉ | ၈ |
| ၆ | ၁ | ၇ |

(၂)

| | | |
|---|---|---|
| ၆ | ၅ | ၄ |
| ၃ | ၁ | ၉ |
| ၇ | ၂ | ၈ |

(၃)

| | | |
|---|---|---|
| ၇ | ၆ | ၅ |
| ၄ | ၁၁ | ၁၀ |
| ၈ | ၁၂ | ၉ |

(၄)

| | | |
|---|---|---|
| ၈ | ၇ | ၆ |
| ၅ | ၁၂ | ၁၁ |
| ၉ | ၁၃ | ၁၀ |

(၅)

| | | |
|---|---|---|
| ၉ | ၈ | ၇ |
| ၆ | ၁၃ | ၁၂ |
| ၁၀ | ၁၄ | ၁၁ |

(၆)

| | | |
|---|---|---|
| ၁၀ | ၉ | ၈ |
| ၇ | ၁၄ | ၁၃ |
| ၁၁ | ၁၅ | ၁၂ |

(၇)

| | | |
|---|---|---|
| ၁၁ | ၁၀ | ၉ |
| ၈ | ၁၅ | ၁၄ |
| ၁၂ | ၁၆ | ၁၃ |

(၈)

| | | |
|---|---|---|
| ၁၂ | ၁၁ | ၁၀ |
| ၉ | ၁၆ | ၁၅ |
| ၁၃ | ၁၇ | ၁၄ |

(၉)

**စမွာနဝ ဝင် ၉ အင်းအညွှန်း**

ပဌမထွက်အင်း အကျိုးကား - မသီးသောအပင်သီး၏။ သားမတင်သောမိန်းမတင်၏။ မမြင်ဘူးသော အရာမြင်ရ၏။ မကြားဘူးသောအရာကြားရ၏။ မစားဘူးသောအရာ စားရ၏။ မတွေ့ဘူးသောအရာ တွေ့ရ၏။ မသိဘူးသောအရာ သိရ၏။ ဒုတိယအင်း အကျိုးကား - မင်းအစိုးရချစ်၏။ အထက်တန်းလွှာများချစ်၏။ ဘဝအထွင့်အထိပ်ရောက်သူများချစ်၏။

တ / ဝင်အင်း - လာဘ်ရွှင်၏။ ကုန်ရောင်းဝယ်ကောင်း၏။

စ / ဝင်အင်း - ရန်သူမနှိပ်စက်နိုင်၊ အဟန့်ကောင်း၏။

မ / - ရန်သူချစ်၏။ အောင်၏။ ပြီးမြောက်၏။

ဆ / ဝင်အင်း - ညှို့အပေါင်းနှင့်ပြည့်စုံ၏။

သတ်/ ဝင်အင်း - များစွာသော သတ္တဝါတို့ချစ်၏။ တောသတ္တဝါ၊ ရေသတ္တဝါတို့ချစ်၏။

အဌ / ဝင်အင်း - လူ - နတ် - သိကြား - နဂါး၊ ဗြဟ္မာ - အသူရာ ၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ ဥစ္စာစောင့် တို့ချစ်၏။ လေးစားကြ၏။

နံ / ဝင်အင်း - လက်နက်အပေါင်းကာကွယ်နိုင်၏။မြေ - ရေ - လေ - မီး ဓါတ်ကြီးလေးပါးနိုင်၏။

**စမွာနဝ - ထွက်အင်း၉အင်း**

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၁ | ၈ | ၃ |
| ၆ | ၇ | ၅ |

| | | |
|---|---|---|
| ၇ | ၁၀ | ၅ |
| ၂ | ၉ | ၈ |
| ၃ | ၄ | ၆ |

| | | |
|---|---|---|
| ၄ | ၁၁ | ၆ |
| ၇ | ၁၀ | ၉ |
| ၈ | ၅ | ၃ |

| | | |
|---|---|---|
| ၅ | ၁၂ | ၃ |
| ၄ | ၁၁ | ၁၀ |
| ၉ | ၆ | ၈ |

| | | |
|---|---|---|
| ၆ | ၁၃ | ၈ |
| ၅ | ၁၂ | ၁၁ |
| ၁၀ | ၃ | ၆ |

| | | |
|---|---|---|
| ၃ | ၁၄ | ၉ |
| ၆ | ၁၃ | ၁၂ |
| ၁၁ | ၁၈ | ၁၀ |

| | | |
|---|---|---|
| ၈ | ၁၅ | ၁၀ |
| ၃ | ၁၄ | ၁၃ |
| ၁၂ | ၉ | ၁၀ |

| | | |
|---|---|---|
| ၉ | ၁၆ | ၁၁ |
| ၈ | ၁၅ | ၁၄ |
| ၁၃ | ၁၀ | ၁၂ |

| | | |
|---|---|---|
| ၁၀ | ၁၃ | ၁၂ |
| ၉ | ၁၆ | ၁၅ |
| ၁၄ | ၁၁ | ၁၃ |

ဤထွက်အင်းများလဲ ၂အင်းမှစ၍ ၉အင်းအထိ၊ တစ်ခုစီကို၍ချပါလေ။

ပ - ထွက်အင်းအကျိုးကား - ဖုသီးများလျှင် - မများ၊ သားများလျှင်နည်း၏။ မရခြင်သောအရာမရ၊ ပိတ်အင်းဖြစ်အင်း။

ဒု / အင်း - မင်းဘေးဒဏ်၊ အန္တရာယ်အပေါင်းပျောက်ကင်း၏။

တ / အင်း - ကုန်ရောင်းကောင်းစေလိုလျှင် ရေစိမ်ဖျန်း၊ နို့မထွက်လျှင်ထွက်၏။ ဆီးခါတ်မသွား သော်သွား၏။

စ / အင်း - ရန်အပေါင်းတို့ ရန်မပြုနိုင်။

မ / အင်း - မေတ္တာသက်ဝင်အားလုံးချစ်ခင်၏။

ဆ / အင်း - အလုံးစုံသိရ၏။

သတ် / အင်း - သစ်ငုတ်ခလုတ် မထိ - သတ္တဝါအပေါင်းမနှိပ်စက်၊ လှိုင်းတံပိုးများဘေးရန်လွတ်၏။

အဌ / အင်း - ရန်ပြေမာန်ပြေအင်းဖြစ်၏။

န / အင်း - ရောဂါအန္တရာယ်ဘေးဥပဒ် ပျောက်ကင်းနိုင်၏။

## ထွက် / ဝင်အင်းများ စီရင်သောအခါ မန်းရန်ဂါထာ

ပဋ္ဌိကတ္တယသံပုဏ္ဏံ ဂါထာ - ၁၀၈အုပ်မန်း၊ ၎င်းနောက်

ဥုံ - သူရဿတိ - ပီယံမမ - ကေပုတ္တာသိ ဒွေဟံစ။ က္ကတ္တိပုရိသ - သတ္တ၊ ဒေဝိန္ဒောစ ပီယံမမ။

၁၀၈အုပ်မန်းပွဲစုံစွာတင်၊ ရက်ကောင်းရွေး လက်ဖွဲ့ထိုး။

၁၃၂၉ နယုန်လပြည့်ကျော် ၁ရက်နေ့တွင် သက်တော်ရဘုရားများကို ကြာသက်န်းကပ်၍မျက်နှာတော်ဖွင့်ပေး၏။ ကျွန်ုပ်ကလက်စိုက် - စပါးတောဘုန်းကြီးနှင့် တကာ၊ တကာမများကပစ္စည်းစိုက်ကြ၏။ အားလုံး ဘုရားအကြီးအသေး ၁၀ဆူဖြစ်၏။ နယုန်လပြည့်ကျော် ၃ရက်နေ့တွင် ဘုရားများအားလုံးပြီး၏။ ကျွန်ုပ်တို့မြို့တွင် ဆန်အခက်အခဲဖြစ်နေ၏။ ဆန်တပြည် ၃ကျပ်ခွဲ၊ တအိတ် ၁၆၀ဖြစ်နေ၏။

ရေဒီယိုမှတရားဝန်ကြီးကအချက် ၁ ချက်နှင့် ပုဒ်မ -၁၄၄ ထုတ်၏။ အကြောင်းကတရုပ် အရေးအခင်း ရန်ကုန်တွင် ဖြစ်နေသောကြောင့်ဖြစ်၏။ နယုန်လပြည့်ကျော် ၅ ရက်ဖြစ်၏။ နယုန်လကွယ်နေ့အထိ တရုတ်သံရုံးကိစ္စ မငြိမ်းသေးပေ။ ဝါဆိုလဆန်း ၃ရက်နေ့တွင် ပုထိုးတော်ကြီးဘုရား ညသွားပုတီးစိပ်သောအခါ ပုတီးသာပြီးမြောက်အောင် စိပ်ပါဟုကြားလာရ၏။


၁၃၂၉ခု၊ ဝါဆိုလဆန်း ၈ရက်နေ့တွင် ၉ထောင်ပြည့်စေတီ စိတ်တာ ဂုဏ်တော်အားလုံး အဓိဋ္ဌာန် ပြီးစီးသွား၏။ အောင်မြင်သောအထိမ်းအမှတ်အနေဖြင့် အောင်မြေရွှေဘုံဘုရား၊ အောင်မြင်မှန်ကင်း ဘုရားများကို ၁၀၈ပတ်စီစိပ်၏။ ထိုဘုရားများတွင် စိပ်သောအခါ (ဓါတ်ပုတီးကိုသာ ပြီးမြောက်အောင်စိပ်ပါ) ဟုသုံးကြိမ်ပြောဆို သံကြားရ၍ ကျွန်ုပ်လည်း ဝါဆိုလပြည့်နေ့တွင် အဓိဋ္ဌာန်တက်၍စိပ်မည်ဖြစ်ကြောင်း ထိုဘုရားများကို လျှောက်ထားလိုက်ပါသည်။ဝါဆိုလဆန်း ၉ ရက်နေ့တွင် ပုရပိုက်ထဲမှ အောက်ပါအင်းများ ကိုမှတ်ယူထားလိုက်၏။

အမှာ - ဤ၄ကွက်အင်းကို ပထမ၄ကွက်ကို အထက်မှအောက်၊ အောက်မှအထက် အပြန်ပြန် အလှန်လှန် ဆိုပြီးရေး၍ချပါ။

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ဘု | ဘု | | | |
| | | ဒီ | ကု | ကု | ဒီ | | |
| | ယ | သာ | ဒ | ဒ | သာ | ယ | |
| ဝေ | ဒါ | သာ | ကု | ကု | သာ | ဒါ | ဝေ |

| | | | |
|---|---|---|---|
| ဝေ | ဒါ | သာ | ကု |
| ဒါ | ယ | သာ | ဒ |
| သာ | သာ | ဒီ | ကု |
| ကု | ဒ | ကု | ဘု |


ဤနှစ်အင်းကို အလိုရှိသော နေရာတွင် လိုအပ်သလိုသုံးပါ၊ ကျွမ်းကျင်မှသုံးပါ။




ဒေဝီများကိုခေါ်နိုင်သောအင်း သီလ သမာဓိရှိမှ သုံးပါလေ။ ငွေပြား၊ ရွှေပြား၊ ကြေး ကမ္ဗဝါပြား ၊ ကျောင်းမိုးအုတ်ကြွတ်များ ချသုံးနိုင်ပါ၏။ ပွဲစုံစေ၊ အခါ ကောင်းစေ-

လာတ်ခေါ်မီးတိုင်ကိုအရေးရှိက အောက်ပါအတိုင်း စီရင်ပြီးလုပ်ပါ (လက်ာ) ခါသက်တည်ထား နေ့သာခါပြန် -

ထိုလက်ာ၏အဓိပ္ပါယ် = ခါက ပြုလုပ်လိုသော၊ နေ့အခါ-
သက် = ပြုလုပ်လိုသူအသက်တည်ထား
နေ့သားအရ = ပြုလုပ်လိုသူနေ့သား
ခါပြန်အရ = ၄င်းအခါ၊ အသက် - နေ့သားများရေးပြီး၊ နောက်တဖန်ပြန်ပြီးလုပ်သော နေ့အခါကိုရေးပါ - တဖက်တွင်ရေးပြထားသော ဖရောင်းတိုင်ပုံကိုကြည့်ပါ။




မည်သည့်နေ့ဖြစ်ဖြစ်၊ နံနက် ၆ နာရီ မှ ၉ နာရီ အတွင်း ပြုလုပ်ကအောင်မြင်ပါ၏။ မည်သည့်အရာမဆို ဤကဲ့သို့ပြုလုပ်ပြီး မီးထွန်းက ၂၇ရက်အတွင်း ပြီးစီး အောင်မြင်နိုင်ပါ၏။ ဤမီးတိုင်အတိုင်း-

၁။ ရတနာသုံးပါး တစ်တိုင် ၂။ နယ် - မြို့ရွာ စောင့်များ တစ်တိုင် ၃။ သာသနာတော်စောင့်နတ်များ တစ်တိုင် ၃တိုင်ပေးပါ။ ကန် တော့ပွဲလည်းထိုးပါ။ သန့်ပြန့်သော နေရာ ပြုလုပ်ပါ။

၁၃၂၉ခု၊ ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့ ကျင်းပပြုလုပ်၏။ သံဃာ ၉၈၊ လူ ၅၀၀ကျော် သံဃာများဆွမ်းကျွေး၊ လူများလှူက်ရည်တိုက်၏။ နံနက် ၁၁နာရီခွဲမှစ၍ ညနေ ၄နာရီခွဲပြီး၏။ ထိုနေ့တွင် သုဂတော ၅ ချက် ဓာတ်ပုတီးစိပ်ရန်နှင့် ဂုဏ်တော်များကို အမိဋ္ဌာန်လိုက်၏။ ညတွင် ဓာတ်ပုတီးကို အောင်မြင်မှန်ကင်းဘုရားထဲတွင် စိပ်နေသောအခါ မိုးကြီးလေကြီးကျလာ၏။ ၁၀၈ပတ်စိပ်နေ၏။ ည ၈နာရီမှ ၁၀နာရီထိ စိပ်ရ၏။ ပုတီးစိပ်နေသောဘေးတွင် ပုရပိုက်ဖြူတစ်ဆူတွေ့၍ ယူလာ၏။ ထိုအထဲတွင် ဟသ်ာပြဒါးနှင့် ရေးသားထား သောစာများကို အောက်ပါအတိုင်းတွေ့ရှိရ၏။

**မဂ်လမ်းဖိုလ်လမ်းအတွက်**

၁။ ဥပသကာအဖြစ်ရောက်အောင်ကျင့်ရခြင်း။
၂။ သောတာပန်ဖြစ်အောင်ကျင့်ရခြင်း။
၃။ သကဒါဂါမ်ဖြစ်အောင်ကျင့်ရခြင်း။
၄။ အနာဂါမ်ဖြစ်အောင်ကျင့်ရခြင်း။
၅။ ရဟန္တာဖြစ်အောင်ကျင့်ရခြင်း။

**မဟာဂန္ဓာရီလမ်းအတွက်**

၁။ ဓာတ် ၉ပါးကို သိ၍ဖမ်းယူနိုင်သောပညာဉာဏ်ရှိ၍ ရယူထားခြင်း။
၂။ ကာယ၊ ပီယ၊ မေ၊ လာဘ များရရှိခြင်း။
၃။ ရွှေဖြစ်၍ သာသနာပြုခြင်း။
၄။ ရဟန်းဖြစ်လျှင် ပါရာဇိကဌပါး၊ သံဃဒိသိက်နှင့် ၁၃ပါးကိုလုံရခြင်း၊ သာမဏေဖြစ်က ၁၀ပါးလုံး ရခြင်း၊ လူဖြစ်က ၅ပါးလုံရခြင်း။
၅။ ဇိရဏတေဇောကိုတားနိုင်သော အာယုပြာကိုစားသုံးရ၍ ထွက်ရပ်ပေါက်ခြင်း။

**မဟာဂန္ဓာရီမန္တာန်လမ်း**

ဒါန - သီလပြည့်စုံစေ၍ ဂုဏ်တော်ကို ဓာတ်လေးပါးပြီးမြောက်အောင် စိပ်ပွားသောအခါ အောက်ပါ အင်္ဂါရပ်နှင့် ပြည့်စုံရမှ ထွက်၏။

၁။ ကာယ၊ ပီယ၊ မေ၊ သ္မီ - သုံးပါးရရှိခြင်း။
၂။ သိကြားအမြင် ရရှိခြင်း။
၃။ မနောမယ သိဒ္ဓိနှင့်ပြည့်စုံခြင်း။
၄။ ထွက်ရပ်လမ်းမှန်ရောက်ခြင်း။

ဤဖော်ပြပါ မဂ်လမ်း၊ ထွက်လမ်းတို့၏ကျင့်စဉ်များကို နားလည်အောင်ကြံစည်ပြုလုပ်ပါလေ။ ဤကား နာဂဝိသကျမ်းဆရာ၏ အယူအဆပေတည်း။ကျန်ပါရှိသော စာများကိုနောက်အခန်းဆက် အဖြစ်ဖော်ပြပါမည်။

ပုရပိုဒ်ယူပြီးကျောင်းပေါ် တက်လာရာ ကျွန်ုပ်အိပ်ယာဘေးတွင် အဘိုးရောက်လာ၏။ ဘိုးဘိုး- ဘာကိစ္စပါလဲ . . ကိစ္စကတော့အခြားမဟုတ်ပါဘူး၊ ကိုယ်တော် ဒီတဝါမီးလွတ်စားပါ. . ကောင်းပါပြီ ဘိုးဘိုး၊ ဘိုးဘိုးရှေ့မှာကတိပေးပါတယ်၊ သာဓု . . ကိုယ်တော် သာဓု . . သာဓု။ သာသနာတော်အတွက် ဤကဲ့သို့ စေတနာမှန်မှန်ဖြင့် ကျင့်နိုင်သော စွမ်းရည်ရှိသောပုဂ္ဂိုလ်များက တစ်သိန်းမှာတစ်ယောက် ထွက်ပေါ် ဘို့ရာ ခဲယဉ်းဘိခြင်းကိုယ်တော်၊ ကိုယ်တော်စိပ်နေသော ပင်မဂုဏ်တော်နည်းလမ်းကို ဆုံးခန်းတိုင် အောင်စိပ်ပါ။ သည်ပြင်ဘာမှ မစိပ်ဘဲ အင်းဆေးများဘာမျှမလုပ်ဘဲစိပ်ပါ။ ကိုယ်တော် ၃ နှစ်သောက် စိပ်လိုက်လျှင် အခုစိပ်နည်းမျိုးနဲ့လျှင် ပြီးစီးအောင်မြင်နိုင်ပါတယ် - ကိုယ်တော်၊ တပည့်တော်တို့လည်း ကြည့်ရှု စောင့်ရှောက်ပါမယ်ကိုယ်တော်။ ကောင်းပါပြီဘိုးဘိုး -

ကျွန်ုပ်လည်းဘိုးဘိုးသွားသောအခါ ဘုရားမှာအဓိဋ္ဌာန်လိုက်ပါတော့၏။ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ စစား၏။ ပုတီးလည်းအထူးစိပ်၏။ ဝါခေါင်လဆန်း ၇ရက်၊ စနေနေ့ - နေ့လည်မှေးကနဲ ဖြစ်သွားခိုက် အိပ်မက် မက်၏။ ပုပ္ပါးတောင်မကြီးလို တောင်မျိုးတစ်တောင်ပေါ် မှာ အထက်တောင်ပေါ် နှင့် တောင်အောက်အဆောက်အဦးများခမ်းခမ်းနားနားဆောက်ထားကြတာတွေ့ရ၏။ တောင်ကြီးတစ်ခုလုံး မီးမောင်းကြီးများဖြင့် ထိုးပြထားသောကြောင့် လင်းထိန်နေ၏။ ကျွန်ုပ်လည်း ထိုတောင်ပေါ် အလင်းရောင်ထဲ ပုတီးစိပ်လမ်းလျှောက်နေ၏။ ပုတီး ၄၅ပတ်စိပ် ပြီး၍ အောက်ပြန်ဆင်းလာ၏။ ကျွန်ုပ်နိုးလာ၏။

၁၃၂၉ခု၊ ဝါခေါင်လပြည့်ကျော် ၁ရက်၊ တနင်္လာနေ့မှာ မဟာခန္တာစ်သောင်းလေးထောင်ပြီး၍၊ မြေဓါတ် တက်စိပ်ရန်ဘုရားရှေ့တော်မှာ အဓိဋ္ဌာန်၏။ နံနက် အာရုဏ်တက်ပုတီးစိပ်နေသောအခါ မှေးကနဲဖြစ်သွားပြီး အိပ်မက်မက်လာ၏။ ၂ ရက်၊ ဝါခေါင်လ အင်္ဂါနေ့ဖြစ်၏။ သင်္ဘောကြီးတစ်စင်း ပေါ် စီးနေရ၏။ ထိုသင်္ဘောကြီးက စက်များမမောင်းရဘဲ မလှော်ခပ်ရဘဲသွားနေ၏။ အလွန်အသွား လျှင် မြန်၏။ ခဏကလေးဖြင့် ကမ်းရောက်သွား ၏။ ကျွန်ုပ်လည်းနိုးလာ၏။ ပုတီးပြန်စိပ်ပြီးမှတ်တမ်းရေးလိုက်၏။ စိတ်ထဲမှာဘုရားကန်တော့ပွဲလှူခြင်လာ၍ တင်လှူ ရန်ဘာတွေများထည့် ရမှာလဲအာရုံပြု အဓိဋ္ဌာန်ကြည့် သောအခါ၊ ငှက်ပျော ၅ဖီး၊ အကောင်းဆုံးအုံးသီးတစ်လုံး ၇ နေ့သားပန်း၊ ဂြိုလ်သက်စေ့ လွှက် ၅ထုပ်၊ ကွမ်းယာ၅မျိုး၊ ယို ၅မျိုး၊ သစ်သီး ၅မျိုး၊ ဖယောင်း ၅ထုပ်၊ မီးခြစ်၅ထုပ်၊ တံခွန် ၅၊ ကုက္ကား-၅၊ ထီးဖြူတစ်လက် ကန်တော့ပွဲပေါ် မိုးအုပ်ထားရန်ဖြစ်၏။ ထိုအရာများပေါ် လာ၏။ ခုံပေါ် တွင်ပိတ်ဖြူပိတ်ဝါခင်းပြီး တင်လှူလိုက်၊ နံနက် ၉နာရီမှ သိကြားဗြဟ္မာနတ်ဒေဝါ သူရဿတီအမှူးရှိသော နတ်ဒေဝီများ အရှင်မြတ်များ ဘိုးတော်များကို ပင့်ဖိတ်ပြီး ကျွန်ုပ်နှင့် ဘုရားလှူလိုက်ကြ၏။

မြတ်စွာဘုရားသီတင်းသုံးတော်မူရန် ခင်းထားသော ကတ္တီပါအခင်းအနီကြီးမှာ လေလဲမတိုက်ဘဲနှင့် ဖေါင်းကြွလာ၏။ ကျွန်ုပ်လည်း သြော်- ဆန်းကြယ်လှပါကလားဟု စိတ်ထဲမှာအောင့်မေ့ပြီး မှတ်လိုက်၏။ အင်း - ငါတော့ဆုံးခန်းတိုင်အောင် ပေါက်မြောက်မှာသေချာပြီ၊ သိဒ္ဓိအောင်မြင်ပြီးမြောက်မှာသေချာပြီ၊ သိဒ္ဓိအောင်မြင် ပြီးမြောက်ရန်လဲ သေချာပြီဟုမှတ်ယူလိုက်ပြီး၊ ညနေဘုရားများလယ်ဖူး၏။ ကျောင်းသို့ ည ၉နာရီရောက်၏။

၁၃၂၉ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အာရုဏ်တက် ၄နာရီထပြီးပုတီးစိပ်၏။ မှေးကနဲ ဖြစ်သွား၏။ အိပ်မက် - ကမ်းခြေလဲမဟုတ်၊ ကျွန်ုပ်တို့အရပ်ထဲ အိမ်နဘေးနားမှာ လှေငယ် ကလေးတစ်စင်း

အထဲမှာ ဖျာစုတ်နှစ်ချပ်ထောင်ထား၏။ မောင်းကြီးတစ်လုံးလဲပါ၏။ ကျွန်ုပ်ကထိုလှေကို လူများဘေးရန်က လွတ်ရန် မိသားစုပစ္စည်းများ လှေထဲထည့်ပြီး မိသားစုလည်းခေါ်ကာ ကောင်းကင်ပျံ တက်၏။ လှေကလေး ၁၀တောင်လောက် မြင့်တက်သွားသောအခါ နှစ်မ - နှစ်ယောက်နှင့် သူတို့အိမ်ရှင် များကျန်နေရစ်ခဲ့ကြ၍ လှေကလေးကိုမြေ ပေါ်အဆင်းခိုင်းပြီးသူတို့ကိုခေါ်၏။ မလိုက်ကြ။ ဆွဲခေါ်သော် လည်းမလိုက်ကြ၊ ထိုအခိုက်တွင်နိုးလာ၏။

ကျွန်ုပ်လည်း ထိုအိပ်မက်အရ "ကျား" ပိုင်းကသာငါချွတ်ရမည်၊ "မ" ပိုင်းချွတ်မရဟုသိ၏။

ဝါခေါင်လပြည့်ကျော် ၉ရက်၊ အင်္ဂါနေ့နံနက်အာရုံတက်၊ ၄နာရီခွဲလောက် ပုတီးစိပ်ရင်း မှေးကနဲဖြစ်သွားခိုက် အိပ်မက်မက်၏။ အခန်းပေါင်း ၁၅၀ကျော်လောက်ရှိသော မဏ္ဍပ်လိုအဆောက်အဦးကြီးမှာ အောက်ခံ ဘိနပ်မှာကလပ်ပုံဖြစ်၏။ ထိုကလပ်မှာ အမြင့် ၁၂တောင်ရှိမည်ထင်၏။ အပြင်ဘက်တံခါးများက ရိုးရိုး၊ အတွင်းတံခါးများက ရွှေချထား၏။ ၎င်းတိုက်မဏ္ဍပ်ကြီးက အမိုးတွေမှာ ပိတ်ဖြစ်၏။ ထိုပိတ်မျက်နှာကြက်မှာ ငွေမှုံရောင်များနှင့် တဖြတ်ဖြတ်တောက်ပနေ၏။ တိုက်ကြီးဘေးမှာ ၃ခန်း၊ ၄ခန်းပါတ်လည် မဏ္ဍပ်တစ်လုံးရှိ၏။ ထိုမဏ္ဍပ်ကလေးထဲမှဖြတ်ပြီးကျွန်ုပ် - ၁၅၀ကျော်အခန်းရှိသော တိုက်ကြီးထဲ လျှောက်သွား၏။ ထိုအထဲရောက်တော့ မြို့ကအဓိပတိဆရာနှင့် အမရပူရဆရာတို့က ကျွန်ုပ်ကို သူတို့အခက်အခဲ ပြဿနာများကို မေးကြ၍ ဖြေရှင်းပေးခဲ့၏။ ကျွန်ုပ်ကိုလည်း ဝတ်ချပြီးထိုတိုက်ကြီးထဲ နေရာအနှံ့အပြား လိုက်ပို့ကြ၏။ ထိုတိုက်ကြီးထဲမှာ အခန်းများတွင် ကျွန်ုပ်တွေ့ရသော အတွေ့အကြုံများ မှတ်မိသလောက် ဖော်ပြပါအံ့။

ရှေ့ဦးစွာမြင်ရသော အခန်းကြီးထဲမှ ပစ္စည်းများမှာ အရိုးများဖြစ်သည်။ မွေးဖွားခါစမှ အသက် ၁၅၀ တိုင်အောင်လူရိုးကျား - မ အရွယ်အစားစားများ နှစ်ပေါင်းရာကျော်မှ ထောင်ကျော်ထိ ကျောက်သေတ္တာအရွယ်အစားများဖြင့် ထည့်ထားလေသည်။နောက်တခန်းတွင် မိန်းကလေးအလောင်းများ ဆေးစိမ်ထား၏။ ၂၀ အရွယ်မှ ၁၅၀ အရွယ်တိုင်အောင် ဖြစ်၏။ အလောင်းများ ၅၀လောက်ရှိမည်ထင်ရ၏။ အသွေးအသား အရောင်မပျက်ဘဲ တွေ့ရှိရ၏။ ချောချောလှလှကလေး များသာဖြစ်ကြ၏။ အဓိပတိဆရာကရှင်းပြ၏။ ဒီမိန်းကလေးရုပ်များကို သူတို့ပျော်ပါးခြင်သောအခါ နာမ်ကိုကိန်းအောင်လုပ်ပြီး (ဝါ) အသက်သွင်းပြီး ပျော်ဘို့ရာနှင့် ခိုင်းစေဘို့ရာ လေ့လာဘို့ရာအတွက် ထားရှိရကြောင်းပြောပြ၏။ ရှေ့ကခန်းဝင်ကြ သောအခါ ကျား - ဆင် - ကျီ - သမင် - မြောက် - ဝက်ဝံ - မြွေ စသောအကောင်များ ဆေးရည်စိမ်ထား တာတွေ့ရပြန်သည်။ လောလောလပ်လပ်များဖြစ်၏။ ဘယ်လောက်ကြာပြီ လဲလို့ မေးတော့ အနည်းဆုံး ပောဒီယံ့ကလေး နှစ် ၁၀၀ရှိပြီလို့ပြော၏။ အတော်ထက်မြက်သောဆေးရည်ပါပေ။ ထိုဆေးရည်စိမ်ထားသော သတ္တဝါများသည် ၁၀၀ထက်မနည်းပေ။

ရှေ့တခန်းဆက်သွားပြန်၏။ ဘုန်းကြီးအလောင်း၊ ယောက်ျားများအလောင်းများ ဆေးရည်စိမ်ထားတာ ၃၅လောင်းတွေ့ရပြီး၊ ကျန်ဘုန်းကြီးအလောင်း ၂၀လောက်နှင့် ဘိုးတော်အလောင်းများမှာ ကျောက်ဖျာများပေါ် ပက်လက်စီထားတာတွေ့ရ၏။ အဝတ်ဖြူဝတ်ထားသော ဘိုးတော်အလောင်းနှင့် ဘုန်းကြီးအလောင်းများ ၅၀ လောက်ရှိမည်ထင်၏။ အိပ်နေသကဲ့သို့ထင်ရ၏။ ဒီဆေးရည်မစိမ်ဘဲ ထားသောအလောင်းများက ဘယ်လိုလုပ်ထား တာလဲဘယ်လောက်ကြာပြီလဲလို့ မေးတော့ အဓိပတိဆရာက

ပြာသတ္တိစမ်းထားတာ၊ ပြာကောင်းလျှင် သေသေချင်းလျှာတို့ထားလျှင် မပုပ်သိုးဘဲ ဤကဲ့သို့တည်ရှိနေရတယ်။ ဒီအလောင်းများဟာ အနှစ်ငါးရာလောက်ရှိပါပြီဟုပြော၏။ ကျွန်ုပ်ဖြင့် အံ့သြ၍မဆုံးပါ။ အမရဆရာကပြောပြန်သည်မှာ - ဒီဘုန်းတော်ကြီးများ၊ ဘိုးတော်များအလောင်းကတော့ အိုလျှက်နာလျှက်ပေါက်မြောက်ကြတဲ့ ပုဂ္ဂိုလ်များအတွက် ရုပ်လဲပြီးကောက်ထွက်နိုင်အောင်လို့ ထိုပုဂ္ဂိုလ်များအတွက် အရုံသဘောထားတာပါဟုပြော၏။ အင်း - တော်တော်ဆန်းကြယ်လှပါပေ၏။

ရှေ့တစ်ခန်းဆက်ပြန်၏။ အနီမှုံ့ထည့်ထားသောခွက်များ၊ အစိမ်းမှုံ့ထည့်ထားသောခွက်များ၊ အဝါ၊ အပြာ၊ အဖြူ၊ အနက်၊ အညို၊ မရမ်းစသော အရောင်မျိုးစုံထည့်သော ကျောက်ခွက်အလုံး ၃၀လောက်နှင့် မတ်တပ်ဖိုဓ လုံး၊ ဖါးဖို ၉ လုံး၊ မီးသွေးပုံကြီးများကို တွေ့ရ၍၊ ကျွန်ုပ်ကအရောင်လက်နေသော မှုံ့ညက်ကဲ့သို့မှုံ့နေသော နီဝါပြာအမှုံ့တို့ကို ဒါက- ဘာတွေလဲလို့မေးသောအခါ အဓိပတိဆရာက ပတ္တမြားမှုံ့၊ မြမှုံ့၊ ပုလဲမှုံ့၊ စိန်မှုံ့၊ နီလာမှုံ့များလို့ပြော၏။ ဘာလုပ်ဘို့လဲလို့မေးသောအခါ၊ ဓါတ်လုံးများမီးရင့်လာသောအခါ ဒီအမှုံ့များဖြင့်ပေါက် ထိုးရတယ်။ ဒါမှနေဓါတ်၊ လဓါတ်ဝင်တယ်။ ထိုကဲ့သို့ဝင်မှ နာမ်ကိန်းနိုင် တယ်လို့ပြော၏။ ကျွန်ုပ်သည် အင်္ဂရအတတ်ဟာ အတော်အပြောကျယ်ပါကလားလို့ စိတ်ထဲတွင် အောက်မေ့လိုက်၏။

ရှေ့တစ်ခန်းဆက်သွား၏။ အင်္ဂရပ်ထိုးနေကြသော ဘုန်းကြီးများ၊ လူများ၃၀လောက်ရှိ၏။ ယောဂီမိန်းကလေးများလဲ မီးသွေးများသယ်ပေးရေဆေးပေးနှင့် ကူညီလုပ်နေတာမြင်ရ၏။ ဝိဇ္ဇာ၊ ဇော်ဂျီများဆေးကြိတ်နေကြ၏။ ဖိုထိုးနေကြသော မီးရောင်များကလဲ အစိမ်းအနီအဖြူ အဝါရောင်များ ထွက်နေကြ၏။ ကြည့်လို့မငြီးနိုင်အောင်ဖြစ်နေ၏။ ထိုအခိုက်အမရဆရာက ကိုယ်တော် - ရှေ့ဆန်းသောအခန်းပြရအုံးမယ်ဆိုပြီးခေါ်သွား၏။ ကျွန်ုပ်လည်းလိုက်သွား၏။ အမရဆရာကရှေ့က၊ ကျွန်ုပ်ကအလယ်က၊ အဓိပတိဆရာက နောက်ကလိုက်ကြ၏။ အခန်းကြီးထဲလည်းရောက်ရော ဟင် . . ဒီအခန်းကြီးက ရေတွေပါလားလို့ ကျွန်ုပ်ကပြောတော့ အမရဆရာက ဟုတ်တယ်ဟိုရှေ့နားမှာ ခွေလှေကလေးရှိတယ်လာ . . သွားစီးရအောင် ဆိုပြီးခေါ်သွား၏။ လှေလေးနားရောက်ကြ၏။ တက်ပြီးလိုက်ကြသောအခါ အခန်းကြီးအသွင်ပျောက်၍ ပင်လယ်ကြီးထဲလိုဖြစ်နေ၏။

ကျွန်ုပ်က အလယ်က၊ အဓိပတိဆရာကရှေ့က၊ အမရဆရာက နောက်ကပဲ့ကိုင်ပြီး လှော်လာကြသောအခါ ကမ်းခြေ ပျောက်ခါနီး ပင်လယ်ပြင်အတွင်းသို့ ရောက်ကြသောအခါ ရှေ့တစ်မိုင်လောက်စီမှ ဘုံဗိမာန်ကြီးတခု မားမတ်ဝင့်ကြွားစွာ တွေ့မြင်ရပါတော့၏။ ထိုအခါ အဓိပတိဆရာက ဟောဟိုမှာ တွေ့ရရဲ့လားကိုယ်တော် . . ရေနန်းသိဒ္ဓိဗိမာန်တော်ကြီးဘဲ၊ ကျွန်ုပ်သည်ခေါင်းငြိမ့်ပြလိုက်၏။ ရောက်ခါနီးလောက်မှာ ကျောက်စိန်ရောင်နဂါး ကြီးပေါ်တတ်တယ်။ သတိထားနော်၊ အဓိပတိဆရာက ဒါဂရုမစိုက်ပါဘူး၊ သိဒ္ဓိရထားတာပဲ ဘာရန်သူမျိုးလာလာ ငါတို့ကိုနိုင်အောင် မပြုလုပ်နိုင်ပါဘူးကွ။ ပညာရှိသတိဖြစ်ခဲဖြစ်နေမစိုးလို့ သတိပေးရတာပါ အဓိပတိဆရာရဲ့ -

ဟော - ပြောရင်းဆိုရင်း ကျောက်စိန်နဂါးကြီးပေါ် လာပြီ၊ ပါးစပ်ကလဲ အခိုးများမှုတ်လို့ပါလားဟု အလန့်တကြား အမရဆရာကအော်လိုက်၏။ ကျောက်စိန်နဂါးကြီးမှာ ရေနန်းသိဒ္ဓိဗိမာန်တော်ကြီးကို ပတ်ဝိုက်ထား၏။ အပေါက်များမမြင်ရတော့ပဲ သူ့ကိုယ်ကြီးဖုံးထား၏။ ကျောက်စိန်နဂါးကြီး တစ်ကိုယ်လုံး

မှာလည်း မီးလျှံတောက်သလိုအရောင်များတောက်နေ၏။ တဖြေးဖြေးနှင့် အခိုးပိုရှိပိုရှိလွှတ်၏။ အခိုးများသည် တဖြည်းဖြည်းနှင့် ဗိမာန်ကွယ် စပြုလာလေပြီ။ ကျွန်ုပ်သည် ပုတီးကိုသာစိပ်နေပြီး ဆရာနှစ် ယောက်နှင့် နဂါးကြီးတို့အခြေအနေကို အကဲခတ်ကြည့်နေ၏။ လှေကလေးလဲ နဂါးကြီးမာန်ဖိနေသော ဒါဏ်ကြောင့် ပြင်းထန်သောရေလှိုင်းကြီးများ ထလာကာထိုလှိုင်းကြီး များအကြားတွင် အလူးအလိမ့်ခံ နေရ၏တော့၏။

ကျွန်ုပ်ဘုရားဂုဏ်တော်ကိုသာ အားကိုးရသောအခြေဖြစ်နေ၏။ အဓိပတိဆရာသည် လှေဦးမှ မန်းမှုတ်လိုက်၏။ လက်ထဲတွင် ဖြူလက်သောအခွေများရောက်လာ၏။ ထိုအခွေများနှင့် နဂါးရှိရာသို့ပစ်လိုက်၏။ နဂါးကြီးသည် သိမ့်သိမ့်ခါသွား၏။ ထိုအခါ အဓိပတိဆရာက ကိုယ်တော်ကြောက်သလားမကြောက်ပါနဲ့၊ အခုမြင်ရဲ့မဟုတ်လား၊ နဂါးပတ်ကြောဲ့ကွင်းနဲ့ ပြစ်လိုက်တာသိမ့်သိမ့်ခါပြီးသွားတာမြင်ရဲ့မဟုတ်လား . . မြင်ပါတယ်။ အဓိပတိဆရာ - သူမလှုပ်နိုင်တော့ဘူးကိုယ်တော်ရဲ့ အောင်မယ် . . ဒီလောက်နဲ့ကျောက်စိန်နဂါးကြီး ဖမ်းမိအုံးမယ်မဟုတ်ဘူး၊ သတိထားနော် . . အမရဆရာကပြောလိုက်၏။ နဂါးအခိုးများ သည် လေပြင်းတိုက်သကဲ့သို့ဖြစ်ပြီး လွင့်သွားကြ၏။

ထို့နောက် အမရဆရာကိုလှည့်ပြောသည်မှာ - ကိုယ်တော်လေးကို ဘေးမသီရန်မခအောင် အထူးစောင့်ရှောက်ရစ်ပါ၊ ဒီလှေကလေးကိုလဲ ရှေ့တိုးပြီး မလှော်ခဲ့နဲ့အုံး၊ ဒီကလက်ရပ်ခေါ် လိုက်မှလာခဲ့ နဂါးနဲ့သွားပြီးအနီးကပ်တိုက်ပွဲဆင်ချည်အုံးမယ်။ ကောင်းပါပြီ . . သတိတော့အထူးပြုပြီး လစ်ပေါက်မပေးပဲဆုတ်နိုင်တက်နိုင်တဲ့ နေရာက နေကြည့်ပြီး တိုက်နော်ဟု အမရဆရာကပြောသောအခါ - အောင်မယ်လာလာချည်သေး၊ အသင်သာ ကိုယ်တော်လေးကို တာဝန်ယူပြီးစောင့်ရှောက်ရစ်ပါ၊ ငါ့အတွက်ကတော့စိတ်သာချ - ဘာမှမစိုးရိမ်နှင့် ဆိုပြီး လှေထိပ်ဦးမှ ကျောက်စိန်နဂါး ဘက်သို့ ကောင်းကင်မှ ပျံတက်သွား၏။

လူးလွန့်နေသော နဂါးကြီးလည်း တကိုယ်လုံးမီးလျှံကဲ့သို့ဖြစ်ပြီး ပျောက်သွား၏။ ကျွန်ုပ်ကတော့နဂါးရန် တော့အေးပြီထင်၏။ အမရဆရာက - ကိုယ်တော်လေး နဂါးက နဂါးပတ်ကြောဲ့ကွင်းကို ပတ္တမြားမျက်ရှင်ဖြင့် မာန်စောင်ကျူးလိုက်တာ၊ နဂါးကြောဲ့ကွင်း မီးလောင်ပျက်စီးသွားပြီ အဓိပတိဆရာကို တိုက်ခိုက်ရန်ပျောက်သွားပြီး ဘယ်ကပေါ်လာမည်ဆိုတာ စောင့်ကြည့်နော် - ဟော - ဟော ပေါ်လာပြီ၊ အဓိပတိဆရာရှေ့မှာ မလှမ်းမကမ်းကရပ်ပြီး ကောင်းကင်မှာနေတာတွေ့ရဲ့လား၊ ကျွန်ုပ်လဲ အမရ ဆရာလက်ညှိုးထိုးပြသော ဘက်သို့ကြည့်လိုက်၏။ ဟုတ်ပါပေ၏။ နဂါးလုလင်ဆရာနှင့် အဓိပတိဆရာတို့ စစ်ပွဲစကြလေပြီ - နဂါးက ပါးစပ်မှ မီးလျှံများလွှတ်လိုက်၏။ အဓိပတိဆရာက လက်ဝါးဖြန့်ပြလိုက်သောအခါ မီးလျှံများကိုရေလုံးကြီးများဖြင့် အုပ်ချလိုက်၏။ မီးငြိမ်းသွား၏။

လုလင်နဂါးသည် သမုဒ္ဒရာထဲမှ ရေလုံးများဖြင့် လိမ့်လိမ့်တက်စေပြီးအဓိပတိဆရာကို နစ်မွန်းစေ၏။ အဓိပတိဆရာသည် နဂါးမှုတ်သော ရေလုံးများဖြင့် ဖုံးအုပ်သွားသော်လည်း အဓိပတိဆရာမှာ အရပ်မပျက်ပေ။ နဂါးသည် လေကြီးများဖြင့် တိုက်ခတ်၏။ သစ်ပင်ကြီးများတောင် အမြစ်ပါကျွတ်ပါနိုင်စွမ်းရှိမည်ထင်၏။ အဘယ်ကြောင့်ဆိုသော် - အဓိပတိဆရာဝတ်သောအင်္ကျီများ၊ ပုဆိုးများစုတ်ပြတ်မှုံ့ထွက်ပြီး ကောင်းကင်၌ ပလူပျံ သကဲ့သို့ဖြစ်နေတာကို ကျွန်ုပ်တို့တွေ့သောကြောင့်ဖြစ်၏။ ထိုကဲ့သို့ ပြင်းထန်သော်လည်း အဓိပတိဆရာမှာ လှုပ်ခွေ့မှုမရှိ၊ ကိုယ်မှာအဝတ်များမရှိသော်လည်း ကိုယ်တုံးလုံးမဖြစ်ပဲ ဝိဇ္ဇာအဝတ်အစားဖြင့်ဖြစ်နေ၏။

နဂါးသည် သဲ၊ ခဲ၊ လေ၊ မီး၊ရေတို့ဖြင့် တိုက်ခိုက်သော်လည်းမရ၍ ဒါးဖြင့်အဓိပတိ ဆရာကိုခုတ်တော့၏။ အဓိပတိဆရာကလည်း ဒါးဖြင့်ခံ၍ နှစ်ယောက်သားဒါးဖြင့်ခုတ်နေကြတာ နာရီဝက်လောက်ကြာမည်ထင်၏။ ဘယ်လိုခုတ်နေကြတယ်ဆိုတာ မမြင်ရဘဲ - နဂါး၏အဝတ်အစိမ်းရောင်၊ အဓိပတိဆရာ၏ ရွှေရောင်ဤအရောင်နှစ်ခုသာ အစိမ်းရောင်စက်ဝိုင်းကြီး၊ ရွှေရောင်စက်ဝိုင်းကြီး လှည့်ပတ်နေကြတာသာမြင်တွေ့ရ၏။ နာရီဝက်သာသာရှိသောအခါ အစိမ်းရောင်စက် ဝိုင်းပျောက်သွားပြီး ရေပေါ်မှာ အစိမ်းရောင်နဂါးကြီးလူးလွန့်နေ၏။ ထိုအခါအဓိပတိဆရာသည် ကျွန်ုပ်တို့ကို လက်ရပ်ခေါ်သဖြင့် ကျွန်ုပ်တို့ လှေကလေးလှော်သွားကြ၏။ အနားရောက်သောအခါ နဂါးသည် စင်းလင်းကြီးဖြစ် ပြီး အသက်ရှိဟန်မတူတော့ပေ။ အဓိပတိဆရာက ဘယ်နှယ့်အမရဆရာရဲ့ နဂါးတော့ နောက်နောင်အနှောက့် အယှက် မပေးနိုင်တော့ဘူး။ ကျွန်ုပ်ဒါးချက်ထဲ အသက်ပါသွားရှာပြီ။ ဒီလိုဆို အဓိပတိဆရာ ကံ၅ပါး တစ်ပါးပေါက်သွားတာပေါ့ - ဘယ်ပေါက်ရမှာလဲ ကျွန်ုပ်ကို မထိခိုက်အောင် ကာကွယ်ရင်းနဲ့ ဒါးချက်ပြင်းပြင်းနှင့် သေကွင်းထိသွားတာ ဘယ်တတ်နိုင်မှာလဲ စေတနာနဲ့သတ်တာမှ မဟုတ်ဘဲ။

ဪ . . ဪ ဒီလိုဆိုတော်ပါသေးရဲ့ လာ - လာ ကိုယ်တော် ရေနန်းသိဒ္ဓိ ဗိမာန်ကြီးပေါ်သွားကြရအောင်ဟု - အမရဆရာကပြော၏ ကျွန်ုပ်တို့သုံးယောက်သည် ရေနန်းသိဒ္ဓိဗိမာန်သို့ ဝင်လာကြလေသည်။ အဆောက်အဦးတိုင်များသည် ပတ္တမြားတိုင်များဖြစ်ပြီး ၊ မုခ်ထောက်တံခါးများက မြရောင်များဖြစ်လေသည်။ မျက်နှာကျက်မှာ ရွှေပန်းများဖြင့် ပြုလုပ်ထားလေသည်။ အခင်းများမှာ ကျောက်စိမ်းများ၊ နီလာများ၊ ဂေါမုတ်များတို့ဖြင့်ခင်းထားလေသည်။ ပန်းဆွဲများ၊ ဒူးပိတ်များက ရွှေများဖြစ်လေသည်။ တဖြည်းဖြည်းနှင့်ဝင်လာခဲ့ကြသည်မှာ အဆောင်အတွင်းသို့ ရောက်လာကြပေပြီ။ ဗိမာန်ကြီးအလယ်ခေါင်မှ အရှေ့ဘက်သို့မျက်နှာမူလျှက်ရှိသော ဘုရားရှင်၏ ရုပ်ရှင်တော်မြတ်သည် ၉ တောင်လောက်ရှိမည်ထင်သည်။ အဓိပတိဆရာကလည်း ၉ တောင်လို့ပြော၏။

ထိုရုပ်ရှင်တော်မြတ်၏ ကိုယ်တော်မှထွက်သော ရောင်ခြည်တော် ခြောက်ပါးတို့သည် တဖြည်းဖြည်းနှင့် ကွန့်မြူးပြီး ရောင်ခြည်တော်လွှတ် လျှက်ရှိလေသည်။ ထိုရှင်တော်ဘုရား၏ ရောင်ခြည်တော်သာ ဗိမာန်ကြီးအတွင်းတွင် တောက်ပလျှက်ရှိ၏။ ကျန်မည်သည့် အရောင်မျှမတွေ့ရပေ။ ဘုရားရှင် ရောင်တော်ဖြင့်သာ ဗိမာန်ကြီးအတွင်းထိန်လင်းလျှက်ရှိလေသည်။ ထိုဘုရားရှင်ကို ဖူးနေကြသော နတ်များ၊ နတ်ဒေဝီများ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ၊ ဘိုးတော်များ၊ အရှင်မြတ်များ တို့အပေါ် ထိုရောင်ခြည်တော်ဖြင့် လွှမ်းခြုံလျှက် ရှိလေသည်။ ကျွန်ုပ်တို့လည်း ထိုပရိသတ်များအတွင်း ပါဝင်လျှက်ရှိသည်။ ကျွန်ုပ်ဖြင့် ဘုရားရှင်ကို ဖူးမြော်ပြီး အဆောင်အယောင်၊ အခန်းအနားနှင့် ပရိသတ်တို့ ပဏာရလှသဖြင့် ကြည့်လို့ မငြီးအောင်ဖြစ်နေပေသည်။ ထိုဗိမာန်ကြီးအထဲ နေချင်သောစိတ်ဖြစ်နေပေသည်။

ဗုဒ္ဓရှင်တော်မြတ်ကြီးမှာ ရွှေကိုယ်တော်မြတ်ကြီးဖြစ်ပြီး သင်္ကန်းတော်မှာ ပတ္တမြားအနီရောင်ခံပြီး ရတနာမျိုး စုံတို့ဖြင့် ချယ်မှုန်းထားပေသည်။ မြတ်စွာဘုရားထိုင်တော်မူသော ပုလ္လင်တော်ပေါ်မှာ ရတနာမျိုးစုံ ကျဲဖြန့်သည်မှာ ဒူးတော်တဝက်ထိ မြုပ်နေပေသည်။ ရတနာပလ္လင်ကြီး၏ ငါးတောင်အကွာ ပတ်ပတ်လည်တွင် ပန်းမျိုးစုံ ကျဲဖြန့် ပူဇော်ထားသည်မှာ လူတထိုင်မြုပ်လောက်ရှိနေပေသည်။ ပန်းရနံ့တို့မှာကား မျိုးစုံပေါ်ထွက်၍ လာဖူးကြသော ပရိသတ်တို့အား နှုတ်ဆက်သကဲ့သို့မွှေးကြိုင်နေပေသည်။ ကျွန်ုပ်သည်

၉၅မိနစ်လောက် ဘုရားရှိခိုးပြီး ပရိတ်ပြုကာ ပုတီး၄၅ပတ် စိပ်လိုက်ပါတော့သည်။ ပုတီးစိတ်ပြီး၍ အမျှအတန်းဝေမေတ္တာပို့ပြီး ဆုတောင်းပဌာနပြုပြီး မျက်စိကိုဖွင့်ကြည့်လိုက်သောအခါ ကျွန်ုပ်၏ဓါတ်ခန်း အတွင်းဖြစ်နေပေသည်။ ဪ- ဆန်းပြားကျယ်လှစွာတကား - အိပ်မက်လေလား အဟုတ်လေလားဟု သံသယဖြစ်ပြီး ဤမှတ်တမ်းကိုရေးလိုက်ပါတော့၏။

၁၃၂၉-ခု ဝါခေါင်လပြည့်ကျော် ၁၀ ရက်ဗုဒ္ဓဟူးနေ့တွင် နံနက် အဓိဌာန်ဘုရားဖူးသွားပြီးနောက် ဓါတ်ခန်းထဲပုတီးစိပ်နေ၏။ ၂၇ပတ်လောက်ရသောအခါ ရှေ့တွင် နှမ်းလုံးကြိုင်သီးလောက် အသီးကလေး တလုံး အပေါ်ကကျလာ၏။ ပုတီးပတ် ၁၀၈ ပတ်ပြည့်၍ မေတ္တာပို့အမျှဝေပြီး ထိုအသီးကို ကောက်ယူ ကြည့်၏။ သီးသီး- သီးခါစ အကင်းခြောက်ကလေးနှင့် တူ၏။ တူနှင့်ထုကြည့်၏ ခုံထွက်၏။ မကွဲ၊ ထိုအသီး ကို ထူးဆန်းသဖြင့် ဆောင်ထား၏။ ဝါခေါင်လပြည့်ကျော် ၁၁ရက် ကြာသပတေးနေ့ နံနက်၉ နာရီတွင် မြေဓါတ်ပြီးစီးအောင်မြင်၍ ရေဓါတ်တက်စိပ်ရန် အဓိဌာန်၏။ ရတနာဂူဘုရား၊ ဆုတောင်းပြည့်ဘုရား၊ ပုထိုးတော်ကြီး ၊ ရွှေဂူကြီးအောင်မြေ၊ မဟာသက္ကျားသာမိဘုရားများထံ အဓိဌာန်ပြီး ၂၇ပတ်စီ စိပ်ခဲ့၏။ ပန်းများ၊ ရေများ ၊ ဖယောင်းတိုင်များ လှူခဲ့၏။ ဘုရားတဆူ ၂၇ တိုင်စီ ပန်း ၂၇ ခိုင်စီ ရေတော် ၂၇ခွက်စီလှူ၏။

၁၃၂၉-ခု၊ ဝါခေါင်လကွယ်၊ တနင်္ဂနွေနေ့ ညအိပ်မက် - ဦးမှတ်ကြီးက ဘုန်းကြီးဝတ်ပြီး လူထွက် နေ၏၊ သပွတ်ပင်တည်းနေ၏။ သူ့အိမ်ရောက်သွားသောအခါ သူပြန်ပြီးသင်္ကန်းဝတ်ပေးရန်ပြော၏။ မူးမူးရူးရူးနဲ့ ဖြစ်နေသော်လည်း သင်္ကန်းဝတ်မည်ဟု ကတိပေး၏။ အဖော်တယောက်လည်း ဝတ်ပါမည်ဟု ကတိပေး၏။ သူ့အိမ်ထဲကို ဝင်ကြည့်သောအခါ အိမ်တောင်ဘက် အမိုးခြမ်းက စေတီကလေးများ အင်္ဂတေ နှင့် ပြုလုပ်၍ ကပ်ထားတာမြင်ရ၏။ သူကိုမေးကြည့်သောအခါ ဂြိုလ်ပြေး- နာမ်ပြေးအတွက်လို့ပြော၏။ ထိုနောက် ဦးမှတ်ကြီးက သူ့ဖာသာသူသင်္ကန်းဝတ် သူ့အဖော်နှင့်သူ တောင်ဘက်ထွက်သွား၏။ သပိတ် လွယ်လည်းပါသွား၏။ နဝင်းဓါတ်အောင်မြင်ကြောင်း၊ ပိတ်နေတာလွဲမည်ဖြစ်ကြောင်း၊ နှစ်ခါ ရှေ့ထွက်ရမည်ဟု ကောက်ယူ၏။

၁၃၂၉-ခု၊ တော်သလင်းလဆန်း ၁၂ရက် သောကြာနေ့ ရေဓါတ်ပြီး၍၊ လေဓါတ်တက်၏။ ညက မိုးကြီးလေကြီးကျ၍ အနောက်ဆောင်အနောက်ဘက်က ထန်းပင်လဲပြတ်ကျနေကာ မနက်ဘုရားဖူး သွားတော့တွေ့ရ၏။ လူတိုက်ဖြတ်သည်လို့ ထင်၍ သေသေချာချာ ကြည့်သောအခါ အမြစ်ပါကျွတ်လဲ နေတာတွေ့ရ၏။ ကျွန်ုပ်သည်လေဓါတ် ရေဓါတ်တို့ကိုအောင်မြင်ကြောင်း ဟုမှတ်ချက်ချလိုက်၏။ တော်တော်အံ့ဩစရာ ကောင်းလှပေ၏။ တော်သလင်းလဆန်း၁၄ရက် တနင်္ဂနွေနေ့ညအိပ်မက်- တရုပ်လာမားဘုန်းတော်ကြီးတို့နေရာ ရောက်သွား၏။ ငွေတွေမြောက်မြားစွာ တွေ့၍ ကြည့်နေသောအခါ ကျွန်ုပ်ကို ယူမလားလို့မေး၏။ တစ်ကျပ်ကို ငါးကျပ်ပေးမယ်လို့ပြော၏။

ထို့နောက်လာမားဘုန်းတော်ကြီးတို့ ဆရာတပည့် ကျောင်းကိစ္စနဲ့မတည့်ကြဘဲ စကားများနေကြ ၍ ကျွန်ုပ်ကဖြန်ဖြေပေးလိုက်၏။ သင့်မြတ်သွားကြ၏။ အားလုံးဘုရားအလိုတော်ကျနေကြရန်၊ ပြုလုပ် ကြရန် တရားဟောပြောခဲ့၏။ လာမားများအားလုံး သာဓုခေါ်ကြ၏။ ဝမ်းမြောက်ကြောင်းလဲပြော၏။ ထို့နောက် ပုရပိုက်များ၊ တရုတ်အင်းများ၊ တရုတ်ဆေးများလည်းပေး၏။ ကျွန်ုပ်ကမယူခဲ့ပါ။ လာမား ဘုန်းတော်ကြီးများ လိုက်ပို့ကြ၏။ ဘုရားစေတီအိုကြီးများအရောက်တွင် တရုတ်မိန်းကလေး ၁၂ယောက်

လောက် တွေ့၏။ ကွမ်ရင်နတ်သမီးများကဲ့သို့ ဝတ်ထားကြ၏။ လာမားဘုန်းတော်ကြီးတစ်ပါးက သူမတို့ထ ကွမ်ရင်ညီမ ၁၂ဖော် နတ်သမီးလေးများဖြစ်ကြောင်း ကျွန်ုပ်ကိုပြောပြ၏။

ကွမ်ရင်ညီမနတ်သမီး ၁၂ ယောက်တို့က ကျွန်ုပ်ကိုလက်ပေးရန်ပြောကြသဖြင့် ကျွန်ုပ်ကဘယ် လက်ပေးလိုက်၏။ ထိုအခါ တစ်ယောက်ပြီးတစ်ယောက် ကျွန်ုပ်လက်ကိုယူ၍ ပါးများနဖူးများ ကပ်ကြ၏။ နမ်းလည်းနမ်းကြ၏။ ထို့နောက်ပန်းစည်းများကိုယူ၍ ကျွန်ုပ်နောက်ကလိုက်လာကြ၏။ လမ်းတွင် ဗမာအမျိုးသမီးကလေးတို့နှင့် လူကြီးသုံးလေးယောက်ကိုတွေ့၏။ လာမားဘုန်းကြီးက သူတို့ လွယ်အုပ်ထဲ ကြီးပစ်ချလိုက်၏။ မြွေပွေး၊ မြွေဟောက်များဖြစ်၍လိုက်၏။ လာမားဘုန်းကြီးက ဘိုးစိကို ညွှန်ပြသဖြင့် မြွေများဘိုးစိဘက်လိုက်ကြ၏။ ကျွန်ုပ်ဘက်လှည့်လာတော့ ကျွန်ုပ်ကရှောင်ထွက်ရန် ဟန်ပြင်ရတော့၏။ ထိုအခါဘိုးစိက မြွေများဖမ်းမည်ပြုတော့ တစ်ဘက်တစ်ချက်မှာရှိသော ဘုရားများကြားထဲ ဝင်ပြေးပြီး ကျွန်ုပ်တို့လိုက်ကြည့်တော့ ပျောက်သွားကြ၏။ ဘိုးစိက ကျွန်ုပ်ကိုပြောသည်မှာ ဒီလိုရန်မျိုးနှင့် တွေ့သော အခါ "ဗုဒ္ဓံတံ့ - ဓမ္မံတံ့ - သံဃံတံ့" ဆိုပြီး လက်ညိုးနှင့်ထိုးပြီး ဖုဌသကို ဦးခံပြီး ရွတ်ထုတ်လျှင် အားလုံးရှင်းသွားတာပဲ ဟုပြောပြ၏။

ကျွန်ုပ် ပြောနေကြသောနေရာ လာမားဘုန်းကြီးများ လာကြပြီး ဘိုးတော်စိကို အရိုအသေပြုကြ၏။ ကျွန်ုပ်ကိုလည်း အရိုအသေပြုကြ၏။ ကွမ်ရင် ဒေဝီက လာမားဘုန်းကြီးများကို ပြောသည်မှာ ဒီပုဂ္ဂိုလ်နှစ်ဦးကို အထူးမှတ်ထားကြပါ။ လာမားတို့အတတ်တို့ဖြင့် ပြုလုပ်ကြပါသော်လည်း ဘယ်လိုမှလုပ်လို့ရမည်မဟုတ်ပါ။ ဒီပုဂ္ဂိုလ်နှစ်ပါးဟာ မဟာဂန္ဓာရီ - မဟိဒ္ဓိပုဂ္ဂိုလ်များ ဖြစ်တယ်။ နောက်ဒီလိုမလုပ်နှင့် သတိထားပါလို့ ကွမ်ရင်ဒေဝီကပြောလိုက်တော့ လာမားဘုန်းကြီးများက ကျွန်ုပ်တို့ ခြေများကို နဖူးဖြင့်တိုက်ခါ ရှိခိုးကြပါ တော့သည်။ ကွမ်ရင်ဒေဝီတို့ကလည်း ရှိခိုးကြ၏။ ကျွန်ုပ်သည် ဆုပေးပြီး ထိုနေရာမှ ထွက်လာသောအခါ ကွမ်ရင်ဒေဝီက ကျွန်ုပ်လက်ကိုဆွဲကိုင်ပြီးလိုက်ပို့၏။ များမကြာခင် ကျွန်ုပ်ကျောင်း ရောက်၏။ ကွမ်ရင်ဒေဝီတို့ ကျွန်ုပ်ကို ဦးညွှတ်၍နောက်ဆုတ်ပြီးထွက်သွားကြ၏။ ဘိုးတော်စိလည်း ကျွန်ုပ်နားက ထွက်သွားတော့၏။ ကျွန်ုပ်လည်း သုဂတောင်းချက်ပါသော ဂါထာစိပ်နေတော့၏။ ကျောင်းက ဦးပဥ္စင်းများ အာရုဏ်တက် ကြေးစည်တီးတော့မှနိုးလာ၏။

တော်သလင်းလပြည့် ၁၅ရက်နေ့ နေ့ ၁ချက် အချိန် အဓိဋ္ဌာန်ပုတီးစိပ်သောအခါ မာတ်ခန်းအပြင် ဘက်က ဝုန်းဆိုသောအသံကြီး ပြင်းထန်စွာကြားရ၏။ ဦးပဥ္စင်းများလည်း ပြေးလာပြီးမေးကြ၏။ ကျွန်ုပ်တို့ စိထားသောအပေါက်မှ ဖွင့်ကြည့်ကြ၏။ ကျွန်ုပ်ပုတီးစိပ်နေတာမြင်သဖြင့် ပြန်သွားကြ၏။ ပုတီးစိပ်ပြီးသော အခါ မေးကြည့်တော့ ဘာမှရှာမတွေ့ကြောင်း လျှောက်ထားကြ၏။ အလွန်ဆန်းကြယ်လှပါ၏။ အထူး သတိထားဖို့ ပေးသောနမိတ်ပေတည်း။ ၁၃၂၉ခု တော်သလင်းလပြည့်ကျော် ၅ရက်နေ့ ညအိပ်မက်- ၈၀ကျော်လောက်ဘုန်းတော်ကြီး တစ်ပါးက ပတ္တမြားဖန်၊ မှန်တို့ဖြင့် ပြုလုပ်ထားသော တိုင်ကြီးများနှင့် အဆောက်အဦးကြီးများ လိုက်ပြပြီးပြောသည်မှာ - ဤရတနာတို့ဖြင့် ပြုလုပ်ထားသော ကြီးကြယ်ခမ်းနား သော အဆောက်အဦးကြီးမှာ ဘယ်လောက်တန်လိမ့်မယ်လို့ ထင်သလဲ။ မှန်လှပါဘုရား ကုဋေ (၁၀၀၀) ကျော်လောက်တန်မည်လို့ ထင်ပါတယ်ဘုရား။ မောင်ဝါယမက ခန့်မှန်းချက်တော်ပါလား အေး - အေး ဒီအဆောက်အဦးကြီးတန်ဖိုးထက် ကိုယ်တော်ပွားများအားထုတ်နေသော ပုတီးတန်ဖိုးက ကုဋေသန်းပေါင်း

များစွာတန်တယ်။ ဒီလောက်ဆိုရင် ကိုယ်တော်သိရောပေါ့ . . ကိုင်း - ကိုင်း တပည့်တို့ မန္တလေးသွားရန် ကားဆိပ်ကို လိုက်ပြလိုက်ကြကွယ်ရို့။ မှန်လှပါဘုရား။ ကျွန်ုပ်ကို ရှင်ကဝိန္ဒဆိုသောပုဂ္ဂိုလ်က လိုက်ပို့၏။ နောက်ကပါလာကြသော နှစ်ပါးကိုမမှတ်မိချေ။

ရှင်ကဝိန္ဒက မိန့်သည်မှာ - ဦးဝါယမရဲ့ ဆရာတော်ကြီး မိန့်တော်မူလိုက်တာ ကြားတယ်မဟုတ်လား . . မှန်လှပါဘုရား။ အဲဒီမိန့်တော်မူချက်အရဆိုလျှင် ဘယ်လိုပဲဖြစ်ဖြစ် ဦးဝါယမရေ - ဂုဏ်တော်ဖြင့် ကာမဂုဏ်ကို ဖြားယောင်းမစား ဖို့ အရေးကြီးတယ်။ "စိတ်တော့ဂုဏ်တော် - လုပ်တော့လူရှော်" ဆိုတဲ့ သဘောကျရောက်နေရင် ကောသလအိပ်မက် ဘုရားဟောချက်လို တစ်သိန်းတန်တဲ့ စန္ဒကူးကို ဘုန်းကြီးအဖို့ ဆွမ်းသင်္ကန်း၊ ကျောင်းဆေးနှင့် လဲစားသလို၊ လူဆိုလျှင် ရွှေငွေမယားတို့ဖြင့် လဲစားသလိုဖြစ်သွားမှာ စိုးရတယ်။

မဟိဒ္ဓိဆရာတော်တို့ ဘိုးတော်ဆိုပြီး ပဋ္ဌလက်အတတ်မျိုးကဲ့သို့သော လမိုင်းအတတ် ၆၂ ရပ်တို့ဖြင့် လက်ထဲ ဓာတ်လုံးရောက်ခြင်း၊ လက်ဖွဲ့ရောက်ခြင်း၊ ဆေးရောက်ခြင်း၊ ပူးခြင်းဓါတ်စီးခြင်း၊ ခုနှစ်သက္ကရာဇ် ပြောခြင်း၊ မွေးအောင်လုပ်ခြင်း၊ ကုလား - တံရုတ်သံပြောကြားခြင်းဆိုတာမျိုးတွေပြပြီး လူကြည်ညိုအောင် မလုပ်နှင့်နော် - လုပ်လျှင် ဆရာတော်ကြီး မိန့်သလိုဖြစ်သွားမယ်။ ဟောခြင်လျှင် ဗေဒင်နှင့် ဟောတာက တော်သေးတယ် ကိုယ်တော်ရေ - မှန်လှပါဘုရား၊ ဦးထိပ်ရွက်လျက် လိုက်နာကျင့်သုံးပါမယ်ဘုရား။ သာဓု . . ကိုယ်တော် သာဓု . . သာဓု။ ပေါက်မြောက်အောင်မြင်ပါစေ။ ပေးတဲ့ဆုနဲ့ပြည့်ဝပါစေသား။ ဟော - ကိုယ်တော် ရှေ့ကဟာ မန္တလေးသွားတဲ့ကားလမ်းပဲ။ မှန်လှပါဘုရား - တပည့်တော်သွားပါဦးမယ်ဘုရား ကောင်းပြီကိုယ်တော် . . ကောင်းပါပြီ။ ကျွန်ုပ်လည်း အိပ်ယာကနိုးလာ၏။ နာရီကြည့်တော့ ၃နာရီခွဲလေ၏။ ထပြီးမျက်နှာသစ်၊ ဘုရားဝတ်တက်၊ ပုတီးစိပ်ပြီး မှတ်တမ်းရေးလိုက်၏။ မှတ်တမ်းရေးနေစဉ် "မာယာကိုရှောင်၊ မြန်မြန်အောင်၏" နားထဲတွင် ပီပီသသကြီးကြားလာရ၏။ ဩော် . . . ကောင်းမြတ်လှပေစွတကား ။

၁၃၂၉ခု၊ တော်သလင်းလပြည့်ကျော် ၁၀ရက် ကြာသပတေးနေ့တွင် သုဂတောသိဒ္ဓိဂုဏ်တော် (၉၆၀၆၄၀) ရရှိသဖြင့် လေဓာတ်ပြီးမြောက်သွားတော့၏။ ည ၉နာရီတွင် လေဓာတ်ပြီးမြောက်ကြောင်း ဘုရားလျှောက်ထားပြီး ဘုရားရှိခိုးဝတ်တက်မေတ္တာပို့၊ ထိုကုသိုလ်အဖို့ကိုလည်း အမျှဝေ၏။ နားထဲမှာ ကြေးစည်ခေါင်းလောင်းသံများ ကြားလာရ၏။ အမျှဝေပြီးသောအခါ နာရီကြည့်လိုက်တော့ ၁၁ နာရီထိုးပြီ ဖြစ်၍ အိပ်ယာဝင်၏။ ပုတီးစိပ်ရင်း မှေးကနဲပျော်သွားခိုက် - ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် ဟင်းပွဲ ဆွမ်းပွဲများ မြောက်မြားစွာပြင်ထား၏။ သံဃာ ၁၀၀လောက်လည်း ဆွမ်းစားနေ၏။ ဆံရှည်ကြီးနှင့် ကိုယ်တော်တစ်ပါးဝင်လာ၏။ တပည့်တော်က ဆွမ်းကျွေးတာကိုယ်တော်။ ကိုယ်တော်လည်းစားပါဟု ပြောသဖြင့် ကျွန်ုပ်ကစား၏။ လေး - ငါး - ရစ်လုပ်လောက်စားမိသောအခါ ဆံရှည်ကိုယ်တော်က ဆွဲယူသွားပြီး တော်တော့ . . တော်တော့ နဲနဲသာစား၊ အစားမကြီးနဲ့ဆိုတဲ့ ဆောင်ပုဒ်သတိမေ့နေသလားဟု ပြောပြီးလက်မြောက်ခြေမြောက်နှင့် ထွက်သွား၏။ ဩော် . . ကိုယ်တော်ရှုးကြီးပါလားဟု မှတ်လိုက်၏။ နိုးလာ၏။

၁၁ရက်နေ့ည အိပ်မက်ပြန်၏။ ကျွန်ုပ်နားမိန်းမတစ်ယောက်လာထိုင်၏။ တစိမ်းမိန်းကလေးပဲ ဆိုပြီးထသွား၏။ မိန်းကလေးကကိုယ်တော်လေးမိန်းကလေးဟုပြောသဖြင့် ကျွန်ုပ်ကအိမ်လိုက်ပို့၏။ မိခင်နှင့် မတွေ့၍ ကျောင်းပြန်ခေါ်လာ၏။ ကျောင်းရောက်တော့ ဘီရိုများထားသောနေရာမှာ ရွှေ့နေကြ၏။ ကျောင်းက ဦးပဥ္ဇင်းများက မိန်းကလေးရောက်လာလို့ နေရာကျယ်အောင် ရွှေ့ထားတာလို့ လျှောက်ကြ၏။ နိုးလာ၏။ ကျွန်ုပ်ကကျွန်ုပ်ထိုးသော ဓာတ်လုံး 'မ'ကပ်ရန်လို၍ ပြသောအိပ်မက်ဟုကောက်ယူပြီး မှတ်ချက်ချလိုက်၏။ မီးလွတ်စားခဲ့သည်မှာ ၂ လကျော်ခဲ့ပြီဖြစ်၏။ ဓာတ်လည်းထိုး၊ ပုတီးလည်းစိပ်သောရက်ပိုင်းဖြစ်၏။

တော်သလင်းလပြည့် ၁၂ရက်၊ မီးဓါတ်တက်သောနေ့ညအိပ်မက် - ဘုန်းကြီးနှစ်ပါးကို ဘုရားလိုက်ပို့၏။ ထိုကမှ ပရိတ်ရွတ်သွား၏။ ဇရပ်ထဲလည်း ပရိတ်ရွတ်ရန် စောင့်နေကြသော ဘုန်းကြီးငါးပါး၊ မိန်းမသုံးယောက် ရှိနေကြ၏။ ကျွန်ုပ်တို့သုံးပါးလည်း ထိုင်လိုက်၏။ ပရိတ်ရွတ်ကြ၏။ မဆုံးခင် မိန်းမသုံးယောက်ကထသွားကြ၏။ ပရိတ်ရွတ်တာဆုံးတော့ ကျွန်ုပ်ကထိုမိန်းမများ ပရိတ်မဆုံးသေးဘဲနှင့် ထသွားရမလားဆိုပြီး လိုက်သွား၏။ ဘုရားစေတီပျက်များကြားရောက်တော့ ကျွန်ုပ်ကိုချောင်းပြီး သေနတ်နှင့် ပစ်ကြ၏။ ဘယ်လိုပစ်ပစ် ကျွန်ုပ်ကိုမမှန်၊ ကျွန်ုပ်နှင့်ဘုန်းကြီးများက လိုက်ဖမ်း၏။ နှစ်ယောက်မိ၏။ မိန်းမနှစ်ယောက်ကို ဇီကုတ်ပြီးဖမ်းလာ၏။

ကျွန်ုပ်နေရာ ရောက်တော့ အရှင်လတ်လတ် ထမိန်လှန်ပြီး ဗိုက်ခွဲ၏။ ပက်လက်လှန်ထားသော အခါ မလှုပ်မယှက်ကြ၊ ထမိန်ကလည်း လူ့လောက ကျွန်ုပ်တွေ့ဘူး သောထမိန်မဟုတ်၊ အနားကစပြီး လှန်၏။ သူမတို့ဗိုက်များမှာ ရွှေကဲ့သို့ဝါနေ၏။ ပူလဲပူနေ၏။ တစ်ယောက်ကိုဗိုက်ခွဲလိုက်သောအခါ ၂ယောက်လုံးကွဲသွား၏။ ကျွန်ုပ်အလွန်အံ့ဩသွား၏။ မိန်းမများကလဲ မလှုပ်မယှက်ကြ။ အလွန်ချော လှသော မိန်းမများသာဖြစ်၏။ အင်း . . ငါဒေါသအလိုက်ပြုမိတာ မှားတာပဲဆိုပြီး ပြန်ချုပ်၏။ ဗိုက်များ ကောင်းသွား၏။ သူတို့ကိုကြည့်သောအခါ မျက်တောင်ကလေးများခပ်ပြီးပြုံးနေကြ၏။ သူမတို့ကို ဆွဲထူလိုက်၏။ ဩော် . . ပါရမီရှင်က ဒီလောက်ဒေါသကြီးရသလား . . ဒီကပစ်တာ မှန်မှမမှန်ဘဲနဲ့။ ဩော်နင်တို့ မသေကြဘူးနော် တော်ပါသေးရဲ့။ ကျွန်ုပ်လန့်ပြီးနိုးလာ၏။ ဩော် - မီးဓာတ်က တယ်ဆန်းကြယ်လှပါ ကလားဟု မှတ်ချက်ချလိုက်၏။ နေ့ ပုတီးစိပ်ပြီးမေ့ကနဲ ဖြစ်သွားခိုက် ကျွန်ုပ်၏လက်ထဲ ဓာတ်လုံးကလေး ရောက်လာ၏။ ဘယ်ကညာပြောင်း၊ ညာကဘယ်ပြောင်းပြီး ဆုပ်ကိုင်ထား၏။ မရတာနှင့် ဓါတ်လုံးကို လွှတ်ပစ်လိုက်၏။ လေကြီးမိုးကြီးကျလာ၏။ လွှတ်ပြီးလိုက်မှ ပက်လက်ကထနိုင်၏။ ဆန်းပြားကျယ်လှ ပါတကား။

တော်သလင်းလဆန်း ၁၃ရက် ည အိပ်မက်သည်မှာ- တစ်မိုင်လောက် ရှည်လျားသော ကျောင်းတိုက်ကြီးအထဲ မည်သူမျှလမ်းမပြဘဲ ရှုတ်ထွေးသောလမ်းများကို ဖြတ်ကျော်ပြီး လမ်းမှားဘဲသွားနိုင်၏။ ထိုတိုက်ကြီးထဲ မြောက်ဘက်ဘေးက ထိုင်စရာများနောက်နားမှာ ဂေါ်ရခါးသီးနှစ်လုံးစီ သီးနေသော လက်မောင်းလောက်ရှိသော ငါးတောင်၊ ခြောက်တောင်လောက်ရှိသော ဖြူဖွေးသော ပင်လုံးများ ခုတ်စိုက် နေတာတွေ့ရ၏။ တိုက်ဘေးကသွားသွား၊ အတွင်းကသွားသွား လမ်းမှားဘဲ သွားနိုင်၍ ကိုယ်တော်များက ဩဘာပေး၏။ ကျွန်ုပ်လည်း လမ်းစဉ်မှန်ကန်ကြောင်း ကောက်ယူလိုက်၏။

တော်သလင်းလပြည့်ကျော် ၁၄ရက်နေ့ အိပ်မက်သည်မှာ - ည ၂ချက်လောက်ဖြစ်၏။ ဘုန်းကြီးတစ်ပါးက သူကိုယ်တိုင်စီရင်ပြီး အစာများကို မစားဘဲနှင့် ထိုင်ဝေပေးနေ၏။ လူများလည်း ကြိတ်ကြိတ်တိုး ယူနေကြ၏။ လာယူကြသောကားများ လမ်းဘေးမှာကပ်သွား၏။ အချို့ကားများမှာ ထိုးကျမည်လုပ်၍ ဘော်ဒီကိုလက်ဖြင့် မထားပေးရ၏။ ကျွန်ုပ်သည်လူများကို ကယ်တင်ရမည့်အကြောင်း ဖြစ်၏။

၁၃၂၉ခု၊ တော်သလင်းလပြည့်ကျော် ၁၅ရက်နေ့ ညအိပ်မက်သည်မှာ - အရိုးက ဖရုံသီးဟင်းကျွေး၏။ အလွန်စားကောင်း၏။ ဂေါ်ရခါးသီးဖြင့် ပွဲထိုးနေရ၏။ ဘေးနားကလူတစ်ယောက်က မုန်လာထုပ် လည်းထည့်ဖို့ ကိုင်ထား၏။ သဲသောင်ပြင်ကြီးပေါ် လွတ်လပ်ရေးကျောက်တိုင်ကြီးနားဖြစ်၏။ လူများက ဘုန်းကြီးငါးပါးလည်း ဆွမ်းကျွေးနေ၏။ ဆွမ်းစားနေကြသော ဘုန်းကြီးငါးပါးထဲက တစ်ပါးက အနီးရှိတစ်ပါးကိုပြောနေသည်မှာ - ဣန္ဒကက အလွန်ညစ်တဲ့အကောင် - မင်းဖါသာမင်းနေရန်အတွက် ပြုလုပ်နေတာဘဲ။ နောက်တစ်ပါးက သူတို့ကို စားထားခဲ့တာဟုပြော၏။ နောက်တစ်ပါးကလည်း သူတို့ဖာသာသူတို့ ပြောနေကြတာကိစ္စမရှိဘူးကိုယ်တော်လို့ ကျွန်ုပ်ကိုလှမ်းပြော၏။ ထိုကဲ့သို့ ပြောဆိုကြပြီး မတ်တပ်ထကြကာ လွတ်လပ်ရေးကျောက်တိုင်ကြီးကိုကြည့်ပြီး ဦးဝါယမလွတ်မြောက်ပါစေ . . ဦးဝါယမ လွတ်မြောက်ပါစေ . . ဦးဝါယမလွတ်မြောက်ပါစေလို့ဆိုပြီး အရှေ့စူးစူးလှည့် ကာအနေကဇာတင်ကြ၏။ ပြီးလျှင်ထသွားကြ၏။

ကျွန်ုပ်တို့ပြင်ပြီး ထိုးထားသောကန်တော့ပွဲကို လူများကပါရမီ ပါအောင်စားပါရစေ ပေးပါ ကိုယ်တော်လေးလို့ ဝိုင်းတောင်းကြ၍ ကျွန်ုပ်ကပေးလိုက်၏။ လူများက ကယ်တင်ရှင်ကြီးဖြစ်ပါစေ . . ကယ်တင်ရှင်ကြီးဖြစ်ပါစေဟု ကြွေးကြော်ပြီးသွားကြ၏။ ကျွန်ုပ်လည်း နိုးလာ၏။ သီတင်းကျွတ်လဆန်း ၁ ရက်နေ့ ဗုဒ္ဓဟူးနေ့အိပ်မက်သည်မှာ ဦးပဏ္ဍိကိုယ်တော် ဘာစိပ်သလဲ၊ ဂုဏ်တော်ပလ္လင်စိပ်နည်း စိပ်တယ်ဟု ဦးတေဇိန္ဒကဖြေ၏။ ကိုယ်တော်တို့ တောင်ဘက်လိုက်ခဲ့ကြဟုဦးခန္တိကခေါ် သွား၏။ ဟိုမှာအရှေ့ အနောက် တန်းနေသောတောင်တန်းကြီး၊ တောင်ကုန်းကြီးကိုထွင်းပြီး ရေချိုးခန်းလုပ်ကြတယ်ကိုယ်တော်၊ လုပ်ပြီးသားလေးခန်း၊ ငါးခန်း ပေါင်း ၉ခန်းလည်းရှိတယ်။ ကိုယ်တော်တို့ အဲဒီပုံစံအတိုင်း လုပ်ကြဟုပြောပြီး သွား၏။ ဦးပဏ္ဍိနှင့် ဦးတေဇိန္ဒတို့က လက်ညိုးဖြင့်ထိုးလိုက်ကြတော့ တောင်စောင်းများဖြစ်သွားကြပြီး ရေချိုးခန်းများဖြစ်သွားကြ၏။ ထိုပုဂ္ဂိုလ်နှစ်ပါးလည်း ကြွသွားကြ၏။ ကျွန်ုပ်ကပြုလုပ်ပြီးစီးသွားသော အခန်းများလိုက်ကြည့်၏။ ထိပ်ဆုံးကအခန်းက မိန်းမရုပ်လုံးများရှိ၏။ ထိုမိန်းမရုပ်လုံးများက ရေလာချိုး ကြသောသူများ ပြန်ကြမလိုလုပ်တော့ အရှင်များဖြစ်လာပြီး လူများနှင့်နမ်းကြ၏။ ကြည်ဇယ်ကြ၏။ ကျွန်ုပ်ကသဘောတရားများကို အကဲခတ်နေ၏။ နောက်တစ်ခန်းသွားကြည့် ပြန်၏။ ကြက်တူရွေးရုပ်များ ရှိ၏။ ထိုအရုပ်များကို သေသေချာချာကြည့်လို၍ အနားကပ်ကြည့်လိုက်တော့ ကြက်တူရွေး ရုပ်များ ရှင်လာပြီး အခန်းအတွင်းအပြင် ပြန်နေကြ၏။ ကျန်အခန်းများက လူရုပ်များကရှင်လာပြီး ကျွန်ုပ်ကို နှုတ်ဆက်ကြ၏။

သီတင်းကျွတ်လဆန်း ၂ ရက် ကြာသပတေးနေ့အိပ်မက်သည်မှာ - ၄စုအရပ်ထဲမှာ လူများ အတောင် ၂၀လောက်ရှိသော ကန်များကို ခုန်ကျော်နေကြ၏။ ထိုအထဲမှ လူတစ်ယောက်က ထိုအတောင် ၂၀လောက်မြင့် သောထိပ်ကို ခုန်တက်ပြီး ထိပ်ကိုဆွဲဖဲ့ကာ လေးခြမ်းဖြစ်အောင် ခွဲလိုက်၏။ ကျွန်ုပ်ကလည်း

ကြည့်နေ၏။ စိတ်ထဲတွင် အင်း - ငါ့လုပ်ငန်းက နောက်လေးခါပြီးမြောက်အောင် ကျင့်ရမှာဘဲဟု မှတ်လိုက်၏။ ထိုအခိုက် တကာတစ်ယောက်က ဘုန်းကြီး ဦးဥက္ကံ နှင့် အရှင်ဘုရားကို ဆွမ်းစားပင့်ခိုင်းလို့ပါဘုရားဟု လာပင့်၍လိုက်သွား၏။ ရွာသစ်ထဲ ဖြစ်၏။ ရွှေဖရုံသီးဟင်းနှင့် သတ်သတ်လွတ်ဆွမ်းကျွေး၏။ ကျွန်ုပ်နှင့် ဦးဥက္ကံ မြိန်ယှက်စွာစားကြ၏။ ဦးသာဂရလည်း ပါ၏။ ဆွမ်းစားပြီးတော့ ထိုအရပ်ထဲမှ ထွက်လာကြရာ ရွာထိပ်ကွပ်ပျစ်ပေါ်တွင် ဇီဝနခေါ်သော သီလရှင် ပိန်ချုံးလဲနေတာတွေ့၍ မေးကြည့်ပြီး ရင်ခွဲတာ မကျက်သေးဘူး၊ လမ်းလျှောက်လာတာနဲ့ ဒီလိုဖြစ်ရတာလို့ပြောသဖြင့် ကျွန်ုပ်ကပွေ့ပြီး ပခုံးပေါ်တင်၊ ယောက်ျားလိုဝတ်ပေးပြီး ထမ်းခေါ်ခဲ့၏။ နေ့ အဓိဋ္ဌာန်ပုတီးစိပ်နေသောအခါ ဘုရားကန်တော့ပွဲအောက်က ငှက်ပျံသလို မြည်သံကြားရ၏။ မင်းတုန်းချသံလိုလိုလဲကြားရ၏။ ကျယ်လောင်စွာရယ်သံကို လည်းကြားရ၏။

၁၃၂၉ခု၊ သီတင်းကျွတ် လဆန်း ၄ ရက်၊ စနေနေ့ နေ့ ၃နာရီလောက် အဓိဋ္ဌာန်ပုတီးစိပ်နေစဉ် ပုရွက်ဆိပ်ကိုက်သလိုဖြစ်သဖြင့် မျက်စိဖွင့်ကြည့်လိုက်ရာ ထိုင်နေသော ဖျာကလေးနားက ပုဇွန်လုံးကြီး ထွက်ပြေး လာ၍ စိုက်ကြည့်နေမိ သည်။ ဖမ်းမည်လုပ်၏။ကြမ်း ၇ချောင်းလောက်အရောက် မြင်ကွင်းမှ ပုဇွန်လုံးကြီး ပျောက်ကွယ်သွား၏။ ဆန်းကြယ်လှပါတကား။ ည ပုထိုးတော်ကြီး၊ ဂူကြီး၊အောင်မြေဘုရား များမှအပြန် မစန်းရွှေအိမ်အနောက်ဘက်ဘေး လမ်းပေါ်မှာ ငါးရံ့တွေ့၏။ ကျောက်လမ်းခင်းနေကြ၍ ကျောက်တုန်းများအကြား ခုနေ၏။ ကျွန်ုပ်ကကောက်ယူလိုက်တော့ ပျောက်သွား၏။ ကျွန်ုပ်က နေ့တွင် ပုဇွန်လုံး၊ အခုညမှာ ငါးရံ့တွေ့တာက ကြမ်းပေါ်နှင့် လမ်းပေါ်တွေ့၍ ယခုအချိန် စိပ်သော ဓာတ်လေးပါး သည် ဇကန်ပေါက်မြောက်ရမှာဘဲလို့ ကောက်ယူလိုက်၏။ ဤကားလမ်းမှန်တဲ့အတွက် ပဋ္ဌာန်းသံကြား ရခြင်းဖြစ်၏ ဟု မှတ်ချက်ချလိုက်၏။

သီတင်းကျွတ်လဆန်း ၆ ရက်၊ တနင်္လာနေ့တွင် ၁၃၁၆ ခုနှစ်က ကွယ်လွန်သွားသော မွေးမယ်တော်ကြီးအတွက် သပြေညွန့် တစ်ထောင်၊ မီးတစ်ထောင် ပူဇော်ပြီး အမျှဝေ၏။ ၃၁ဘုံသားတို့လည်း အမျှဝေမေတ္တာပို့၏။ သီတင်းကျွတ်လဆန်း ၇ ရက်နေ့ ည ၁၁နာရီလောက် ပုတီးစိပ်၍ ပြီးခါနီးလောက်တွင် ပန်းရောင် ပုဆိုး၊ ရှေ့လုံချည်နှင့်ခေါင်းပေါင်းလည်း ပန်းရောင်၊ အကျီရှည်ကအဖြူ လက်ကပုတီးနှင့် အသက် ၃၀ခန့်လောက် နောက်တစ်ယောက်က ပုဆိုးအဖြူ ဖော့လုံးအဖြူ ညာလက်တောင်ဝှေး၊ ဘယ်လက်က ပုတီးနှင့် အရွယ် ၅၀လောက် ဤပုဂ္ဂိုလ်နှစ်ယောက်ပေါ်လာ၏။ ထင်ထင်ရှားရှား တဖြည်းဖြည်းနှင့် ပီပီသသပေါ်လာ၏။ (အရဟံသိဒ္ဓိ၊ သုဂတော သိဒ္ဓိ) ဟုဆိုပြီးပျောက်ကွယ်သွား၏။

ကျွန်ုပ်က ဩော်. . လက်စသတ်တော့ ဘိုးဘိုးအောင်၊ စကြာမင်းကလေး တို့ကိုးဟု မှတ်ချက်ချ လိုက်ပါ၏။ ညအိပ်မက်၏ - မစင်များခြေသလုံးကို လူးနေ၍ ခါပစ်တော့ ပါးစပ်ထဲလဲအနည်းငယ်ဝင်၏။ အားလုံးဆေးကြောပစ်ပြီး ပုတီးကိုင်ထွက်လာတော့ စစ်အင်္ကျီလေးပါးနှင့် ခမ်းနားစွာ ထွက်တော်မူလာသော မင်းတစ်ပါးတွေ့ရ၏။ မေးကြည့်တော့ မြို့လှည့်တာဟု ပြော၏။ အိပ်ယာများထမ်းပိုးသယ်ဆောင်လာသော မင်း ညီမင်းသားများအဝတ်ကိုဝတ်ထားကြသော လူများနောက် ကျွန်ုပ်ကလိုက်သွား၏။ တော်တော်လေး သွားမိတော့ ရှင်ဘုရင်ကနောက်လှည့်၏။ ကျွန်ုပ်ကိုမြင်သွား၏။ ဆင်ပေါ်မှဆင်း၍ ကျွန်ုပ်ကိုကန်တော့ပြီး

သူ့အဝတ်အစားများ ချွတ်ပေး၏။ ကျွန်ုပ်ဝတ်၏။ သူကဲ့သို့ကျွန်ုပ်က ဆင်ပေါ်တက်စီးပြီး ပုတီးစိပ်လိုက်သွား၏။ ရှင်ဘုရင်က အောက်ကနေလိုက်၏။ (ဇကန်ပေါက်မြောက်မည်ဟုကောက်၏)။

သီတင်းကျွတ်လဆန်း ၉ရက်၊ ကြာသပတေးနေ့ ညအိပ်မက်သည်မှာ လူသေကလူသေကို ပိုက်ဆံပေးခိုင်းကြောင်း တကာကြီးတစ်ယောက်လျှောက်၏။ မြို့နယ်နာမည်ကြီးဆရာတော်လေးပါးက သင်္ကန်းရုံပြီးထိုင်လျက်နေတော်မူကြ၏။ ကျွန်ုပ်ကလည်း သင်္ကန်းရုံလျှက် လက်နှစ်ဖက်ယှက်ပြီး ဆွမ်းခံသလိုခံ၏။ ဆရာတော်ကြီးလေးပါးကလည်း လက်နှင့်ပဲလောင်းသလိုလုပ်၏။ အောင်ခြင်းဆရာတော်က မိန့်သည်မှာ နေ့ချင်းညချင်းဆိုတာလို အကျိုးထူးရရှိလာမှာပါဟုမိန့်၏။ သီတင်းကျွတ်လဆန်း ၁၀ရက်နေ့ ပုတီးအဓိဋ္ဌာန်စိပ်နေစဉ် ပေါက်ဆရာတစ်ယောက်က ကျွန်ုပ်ကိုရုပ်ပြောင်းရန် လက်နှင့်သပ်ချပေးနေ၏ဟုထင်ရ၏။ မြင်လည်းမြင်ရ၏။ ဩော် - ဆန်းပြားလှပါပေ၏။

သီတင်းကျွတ်လဆန်း ၁၁ရက် စနေနေ့ နံနက် ၁ချက်ကျော် အိပ်မက်သည်မှာ ကတ္တီပါအမွေးရှည် အဝါရောင်သင်္ကန်းဝတ်ရသည့်ပြင် ကတ္တီပါအသွေးစုံများ၊ ကတ္တီပါကားလိပ်အထည်ကြီးများအားလုံး အဝါသွေးရောင် ဖြစ်သွား၏ဟုမြင်မက်၏။ ၎င်းနေ့ည ၇နာရီလောက်တွင် ကျောင်းတောင်ဘက် ကုဋိတံတားပေါ် ကျောက်တော်ကြီးဘုရားပေါ် အာရုံပြု၍ပုတီးစိပ်နေစဉ်တွင် အဝတစ်တောင်ထွာလောက်ရှိသော မီးလုံးကြီး၊ ဦးပိန်တံတားဖက်မှ အပေါ်တဖြည်းဖြည်းမြင့်တက်သွား၏။ လမ်းလျှောက်ပြီး စိပ်သော်လည်း မြင်နေရ၏။ ထိုမီးလုံးကြီးမှ မီးဖွားကလေးများကျလာပြီး တဖြည်းဖြည်းနှင့် လဝန်းအနေလောက်မီးလုံးငယ်ဖြစ်၍ ဖြည်းညင်းစွာမှိန်၍ ကွယ်ပျောက်သွားတော့၏။ ပုတီး ၉ပတ်လောက်ကြာ၏။

သီတင်းကျွတ်လဆန်း ၁၃ရက်နေ့ ညအိပ်မက်သည်မှာ ကန်တော်ဒလဝတ်လမ်းလေးဆုံနေရာ ဝဲယာတို့မှ ပေါက်ရောက်သော မန်ကျည်းပင်ကြီးများ မီးလောင်ပြီးနေ၏။ ပင်လုံးများ၊ ဝိုင်းများလည်း မီးကျွမ်းနေတာတွေ့၏။ ထိုနေ့ည ၇နာရီလောက် ဦးစီအိမ်သွားတော့ နဂါးရုံကျောင်းတိုက်တောင်ဘက် လမ်းမကြီးရောက်လျှင် အနောက်ဘက် မန်ကျည်းပင်များအထက် နှစ်ဖြာကွာလောက်တွင် နေဝန်းလောက်မီးလုံးကြီး ကောင်းကင်တက်ပြီး ပျောက်သွား၏။ တိမ်ပုတ်များကြားထဲပျောက်သွား၏။ ဤနေသည် မီးခါတ်ပုတီးပတ် (၁၈၉၁၂၇၀) တစ်သန်းရှစ်သိန်းကိုးသောင်း တစ်ထောင်နှစ်ရာခုနှစ်ဆယ် ရသောနေ့ဖြစ်၍ မီးခါတ်နက်ဖြန်ဆိုလျှင် ပြီးတော့မည်ဖြစ်၏။ ထို့ကြောင့် မီးနမိတ်ထင်ရှားစွာပြတာဖြစ်၏။ သီတင်းကျွတ်လဆန်း ၁၄ရက်နေ့၊ မီးခါတ်ပြီးစီးအောင်မြင်သော နေ့ဖြစ်၏။

ညအိပ်မက်သည်မှာ အုတ်တိုက်ဂူကြီးတစ်လုံးတွေ့မြင်ရ၏။ စတုရန်းပတ်လည် နှစ်တောင်လောက်ရှိ၏။ ခေါင်က အိမ်ပုံစံကဲ့သို့ဖြစ်၏။ ၎င်းဂူကြီးထဲ စာရေးထားသည်မှာ (ရှင်ဥက္ကံသမာလာ - ၁၄၂) ဟု ရေးထား၏။ နောက်တစ်ခုက စာလုံးသေးသေးဖြင့် ရေးထားသည်မှာ ၄၂ ထိုဂူကြီးဘေးက ဇရပ်များမှာ ခေါင်တိုင်နှစ်လုံးထဲ နှင့်ဆောက်ထား၏။ လက်ခံတိုင်မပါကြ။ ဇရပ်များနှင့် ဂူကြီးအကြားတွင် မိန်းမ ၃၀၊ ၄၀ လောက်တွေ့ရ၏။ ခရစ်ယာန်ဘုန်းကြီးတစ်ပါးကို မိန်းမနှစ်ယောက်က သူတို့ကိုယ်ကို လျှိုနေကြ၏။ ရသေ့တစ်ပါးကပြောနေသည်မှာ အလုပ်လုပ်ရာ ဒီမိန်းမတွေက ကြားကဝင်ဝင်ရှုပ်နေကြတာဘဲ။ သူတို့ အမြတ်ထုတ်တာကိုယ်တော် . . ဘုရားလက်ထက်က ဇဋိလသူဌေးဟာ ဝိဇ္ဇာသားကိုယ်တော် . . ဒါ့ကြောင့် ရှေးသူဟောင်းတို့က "ဝိဇ္ဇာနှင့်ရောယှက် သူဌေးများတွက်" လို့ ဆိုစမှတ်ပြု

ကြတာကိုယ်တော်။ သူတို့ တစ်တွေ အကပ်မခံနဲ့နော်၊ ဘူးထဲကရေပါသွားမယ်ဟု ကျွန်ုပ်ကိုပြောပြနေ၏။ နောက်ရသေကြီးက ဇီးသီးသုံးလုံးပေး၏။ ကျွန်ုပ်ကစားပစ်လိုက်၏။ အောင်ပြီ . . အောင်ပြီ . . အောင်ပြီဟု အော်ပြီးသွား၏။

သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာနေ့ကျင်းပ၏။ သိဒ္ဓိတစ်သိန်းစိပ်၏။ လပြည့်ကျော် ၁ရက်နေ့တွင် အောင်မြင်သည့် အထိမ်းအမှတ်ဖြင့် ပွဲတင်လှူဒါန်းသည်။ ညနေကစ၍ပွဲများ တင်လှူပြင်ဆင်ထား၏။

၁။ ဘုရားတစ်ပွဲ

၂။ တရားတစ်ပွဲ

၃။ သံဃာတစ်ပွဲ ကန်တော့ပွဲများနှင့် ဆွမ်းတော်ပွဲများ သီးစုံပွဲတော် တင်လျှက်ထား၏။ အရှင်မြတ်တို့ကိုလည်း တစ်ပွဲ၊ ပုဂ္ဂိုလ်ကြီးများကိုလည်း တစ်ပွဲပေးထား၏။ သီးစုံပွဲနှင့် ပန်းရေချမ်းအမွှေးတိုင်များကို

| | | |
|---|---|---|
| ၁။ ဗြဟ္မာ | ၂။ သိကြား | ၃။ ဓတ္တရဋ္ဌ |
| ၄။ ဝိရူဠှက | ၅။ ကုဝေရ | ၆။ ဝိရ |
| ၇။ မြေစောင့်နတ်များ | ၈။ လေစောင့်နတ်များ | ၉။ ရေစောင့်နတ်များ |
| ၁၀။ မီးစောင့်နတ်များ | ၁၁။ အလောင်းတော်နတ်များ | ၁၂။ သူရဿတီဒေဝီ |
| ၁၃။ စန္ဒီ | ၁၄။ စန္ဒာ | ၁၅။ ဝိရဏီ |
| ၁၆။ မဏိမေခလာ | ၁၇။ သီရိနတ်သမီး | ၁၈။ ကျောင်းစောင့် |
| ၁၉။ မြို့စောင့် | ၂၀။ သာသနာတော်စောင့် | ၂၁။ ရုက္ခစိုး |
| ၂၂။ ဘုမ္မစိုး | ၂၃။ အာကာသစိုး | ၂၄။ တောင်စောင့်နတ် |
| ၂၅။ အင်းဝိဇ္ဇာ | ၂၆။ ဆေးဝိဇ္ဇာ - ဓါတ်ဝိဇ္ဇာ ပေါင်း သစ်သီးပွဲ ၃၀ ပေးစွန့်၏။ | |

ကျွန်ုပ်ပွဲတင်သောနေရာတွင် လာကြ၍ဦးသောဘိတနှင့် တကာ ၁၅ယောက်၊ တကာမ ၈ယောက်တို့ လာကန်တော့ကြပြီး၊ ပုတီးအဓိဋ္ဌာန် ၁၈ပတ်စိပ်ကြ၏။ ဦးသောဘိတက မြင်သည်မှာ မတ်တော်မူဘုရားက အရှေ့ဘက်လှည့်နေ၏။ ပေါက်ပုဂ္ဂိုလ်အရှင်မြတ်များငါးပါးက အနောက်ကတန်းပြီး အရှေ့ကနေဝတ်ချနေ၏။ ပေါက်ပုဂ္ဂိုလ်ဘိုးတော်များ ငါးယောက်ကလည်း ဘုရားဖက်လှည့်၍ ဖူးမျှော်နေကြောင်းမြင်ရ၏။ ဦးသောဘိတတို့ကို ကျောပေးနေကြ၏။ သူတို့ဘက်လှည့်ရန် လျှောက်ထားကြသော်လည်း မလှည့်ကြ။

သီတင်းကျွတ်လပြည့်ကျော် ၂ရက်နေ့ ညအိပ်မက်၏။ ဦးပညာဇောတလာပြီး ဝေဒါသာကု - ဂါထာက မျက်ကွယ်ရကြောင်းပြောပြ၏။ ထိုပြင် ( မိဂသီထွက်နက္ခတ်အချိန် ) ပုတီးလုပ်ငန်းကျင့်စဉ်များပြုလုပ်ပြီး စိတ်ကမြန်မြန် ပေါက်မြောက်နိုင်၏လို့ပြော၏။ နေထွက်ခါစ ၊ လထွက်ခါစမှာ ( ဥုံ ဗုဒ္ဓရာဇာ၊ ငါဆရာ၊ လူနတ်ဗြဟ္မာ၊ ဦးနှိပ်ချ )ဟု ကိုးခေါက်ဖြစ်စေ၊ ခုနစ်ခေါက်ဖြစ်စေရွတ်ဟု လျှောက်သွား၏။ ရှေ့မင်းများ ရာဇကုရုပေးသော တံဆိပ်ပုံမှိုနှင့် ပုဂ္ဂိုလ်ကြီးငါးယောက်ရောက်လာပြီး တစ်မြို့လုံးမှာ နာယက

ခန့်အပ်ကြောင်း တံဆိပ်နှင့်ခန့်အပ်လွှာ ပေးသွားကြ၏။ ထို့နောက်တိမ်ကြားထဲ ပျံသွားနေသောလူကို ကျွန်ုပ်ကခဲနှင့်ထုချ၍ ကျလာ၏။ လျှပ်စစ်မီးဓာတ်ကြိုးများ ဘယ်လိုပူး၍ ကိုယ်တော်လဲဓာတ်မလိုက်၊ ကျော်အောင်စံထားအမည် အရင်ကဘွဲ့တိုက်ဟောင်းနေရာမှာ ပျက်နေ၏။ တိုက်သစ် နေရာမှာတော့ တလုံးကြီးများနှင့် ထင်ရှားစွာပေါ်လွင်နေ၏။

ကျွန်ုပ်ကယခုနေသော ကျော်အောင်စံထားတိုက်သည် တိုက်သစ်ဖြစ်၏။ အင်းဝက ပြောင်းလာခြင်းဖြစ်၏။ ထို့ကြောင့် ထင်ရှားစွာပေါ်လွင်ပြီး အကျိုးပေးမည်ဖြစ်ကြောင်းမှတ်ချက်ချလိုက်၏။ သီတင်းကျွတ်လကွယ်၊ ဗုဒ္ဓဟူးနေ့ည ပုတီးစိပ်ပြီးအိပ်ပျော်သွားရာ အဖော်ဟောင်းကို နှစ်ယောက်လုနေကြ၏။ နောက်ဆုံး၌ ကျွန်ုပ်ဘက်သို့သာပါလာ၏။ ဘုန်းတော်ကြီးတစ်ပါးက ဤနှစ်ကျိပ်ရှစ်ဆူအင်းတော်ကို သောက် သုံးက ကိုယ်တော်ကိုမည်သူကမျှ မပြိုင်နိုင်ဘူးဟုပြောပြီး အင်းများပေးသွား၏။ အင်းများက အောက်ပါအတိုင်းဖြစ်၏။

| | |
|---|---|
| တံ | မေ |
| သ | ဒီ |

| | |
|---|---|
| ကော | မ |
| သု | ရေ |

| | |
|---|---|
| သော | အ |
| ပ | နာ |

| | |
|---|---|
| ပ | သု |
| သု | ပိ |

| | |
|---|---|
| အ | စံ |
| သိ | တိ |

| | |
|---|---|
| ဖု | ဝိ |
| သိ | ဝေ |

| | |
|---|---|
| က | ကော |
| တ | ဂေါ |

| | |
|---|---|
| အ | နု |
| ဿာ | တေ |

ထိုနေ့သည် ကျွန်ုပ်မီးလွတ်ပြီးဆုံးအောင်မြင်သောနေ့ဖြစ်၏။ ရက် ၉၀ စား၏။ အပိုနှင့်တကွ အောင်မြင်၏။ ၃၁ဘုံသား အမျှဝေလိုက်လျှင် သာဓုခေါ်သံများ ညံသွား၏။

၁၃၂၉ခု၊ တန်ဆောင်မုန်းလဆန်း ၂၉ရက် - သောကြာနေ့အိပ်မက်သည်မှာ - မုန့်ဝိုင်းနှစ်ခုထပ်ပြီး ဘုန်းကြီးတစ်ပါးကပေးလာ၏။ မုန့်ဝိုင်းပေါ်က အညိုရောင်အမှုန့်ကလေးများ စားရ၏။ အောင်ကမုန့်ဝိုင်းနှစ်ခု တော့ မစားရ။ တောင်မင်းကြီးဘုရားသွား၏။ ပုတီးစိပ်နေ၏။ ဘုရားတစ်ဆူလုံး ရွှေချပြီးလျှံနေတာ တွေ့ရ၏။ ဘုရားက အဆင်း သပိတ်ကိုဆိုင်းနှင့်ထမ်းလာသော ဘုန်းကြီးတစ်ပါးနှင့်တွေ့ရ၏။ ဘုန်းကြီးကြီး က ကိုယ်တော်အောင်ပြီ .. ကိုယ်တော်အောင်ပြီဟု လက်ညှိုးထိုးပြသွား၏။ မုခ်အထွက်နားကျတော့ သစ်တုံးပေါ် အရုပ်ကလေးနှစ်ရုပ်တွေ့ရ၏။ တစ်ရုပ်ကယောကျ်ား၊ တစ်ရုပ်ကမိန်းမ အဝတ်မပါကြ။ ကိုယ်လက်အင်္ဂါပီပီသသပါ၏။ ထိုအရုပ်များကြည့်ပြီး ကျောင်းဘက်ပြန်လာ၏။ ဂန္ဓာရုံနားကနေကြည့်တော့ ကျွန်ုပ်နေသောကျောင်းကြီးသည် တစ်ကျောင်းထဲမဟုတ်တော့ဘဲ အရှေ့ဘုရားဆောင်ဘက်က တစ်ဆောင်၊ တောင်ဘက်ကတစ်ဆောင်၊ အနောက်ဘက်ကတစ်ဆောင်၊ တောင်ဘက်ကသပြေပင်၊ ကျောင်းစီးရိုးနားကတစ်ဆောင်၊ လယ်ကွင်းနားကတစ်ဆောင်၊ ကျောင်းငါးကျောင်း ပျဉ်ထောင်ကာအသစ် များနှင့်ဖြစ်နေ၏။ နောက်ကပါလာသော ဦးဝိဇယနှင့် ဘုန်းကြီးတစ်ပါးက မြို့ထဲလည်း တိုက်တည်ရဦးမှာဘဲ၊ ဘုန်းတယ်ကြီးပါလားလို့ပြော၏။ သတ်သတ်လွတ်စားနေသော ရက်ပိုင်းဖြစ်၏။

တန်ဆောင်မုန်းလဆန်း ၁၁ ရက်ည အိပ်မက် - မြင်းမိုရ်တောင်၏ခြေရင်းနေသော နတ်မင်းသုံးပါးက စမအင်း ၃အင်း လာတိုက်၏။ ဆိုးကျိုးကိုကွယ်ပျောက်၍ ကောင်းကျိုးကို ချက်ခြင်းရောက်နိုင်တယ် ကိုယ်တော်။ ရေခမ်းနေသောနေရာလည်း ရေပြန်ရှိလာနိုင်တယ်ဟုပြော၏။ ကျွန်ုပ်လည်း တောစပ် လျှောက်လာခဲ့၏။ မြွေများတွေ့၏။ ပေါင်လောက်၊ ခြေသလုံးလောက်ရှိ၏။ လူများရိုက်သတ်ထားသကဲ့သို့ အပိုင်းပိုင်းအပြတ်ပြတ်နှင့် တွေ့ရ၏။

တန်ဆောင်းမုန်းလပြည့်ကျော် ၁ရက်နေ့ည အိပ်မက် - ဘုန်းကြီးတစ်ပါး ကတ္တီပါအဝါ သင်္ကန်းနှင့် လွှက်ရည်သောက်နေရာမှထလာပြီး အင်္ဂရပ်နည်းများပြော၏။ သူပြောသောနည်းမှာ လမ်းမှန်လျှင် ခါးပန်းသာဖြစ်စေကိုယ်တော်ထိုးရတယ်။ ရတယ်ဆိုပေမယ့် - ၁။ သမာဓိရှိခြင်း ၂။ လမ်းမှန်ခြင်း ဤနှစ်ခု အဓိကပဲကိုယ်တော် မှတ်ထား . . နည်းက သံတစ်ကျပ်သား မီးရဲလာသောအခါ စိန်တမတ် သားလောက် နှစ်ခါပေါက်ထိုး၊ အရည်လင်လာသော် လက်ချာပေါက်ထိုး၊ မီးကိုးအုပ်လောက်ထိုးပြီးချ၊ သံကောင်းအလုံးဖြစ်လာ၏။ ၎င်းသုံးလုံးကို ဆေးဒါန်း ၅ ထုံး ဒိ၊ ဆား ဒိ၊ ၎င်းခြောက်ကျပ်သား ကုန်အောင်ထိုး။ သံတွယ်လွှတ်လိမ့်မယ်။ မလွှတ်သေးက နောက်ထပ်အညီအမျှ ၃ိသား ချောအုပ်ထိုး ဆေးဒါန်း၊ဆား၊ထုံး တို့ပေါ့ကိုယ်တော်။ သံတွယ်လွှတ်တော့၏။ သံတွယ်လွှတ်လျှင် သွပ်စင် ခြောက်ကျပ်သား ကုန်အောင် ကျွေး၊ တစ်ခါကျွေးတစ်မူးသားကျွေး။ သံအရေကြည်လင်လာသော အခါမှကျွေးပါ။ ဖိအုပ်ထားပြီးကျွေး၊ သွပ်ခိုးကုန်မှထိုးပါ။ ၎င်းနောက် ခြောက်ပေါင်း လင်အောင်ထိုးပြီးချ ဤနည်းအတိုင်း ပြုလုပ်လေ။ သံသေ၏။

မီး ၇ကြိမ်၊ ရေတစ်ကြိမ်ထိုး၊ ကိုးခါထိုး၊ ကြေးကိုးကျင်းလျှင် ကြေးသေ၏။ ၁၀၈နဝင်းစေ့အောင် ရွှေကျွေး၊ ရွှေကျွေးသောအခါ တစ်ပဲသားကျွေး၊ အခြောက်ကိုးလုံး ထိုးပစ်ပြီးမှ နောက်ထပ်ကျွေးကျွေးသွား။ ရွှေ ၁၀၈ နဝင်းကျွေးပြီးနောက် ဘုရားဝါတော်အရ ၄၅လုံးကို တစ်လုံးလျှင် ၂၄နာရီစေ့အောင် စိုက်ထိုးထိုး၊ တစ်ဆင့်ဆင့် မီးကိုမြှင့် ဆိုတဲ့အတိုင်းထိုးကိုယ်တော် - အဲဒီအပိုင်းမှာပဲ - ပြာတစ်ရွေး ပျားရည်တပိဿာ ပဲကိုယ်တော်။ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်၊ ဆရာတော်ကြီးများ စိန်ရတုသဘင် ပူဇော်ပွဲပြုလုပ်၏။ သံဃာ ၈၀ လူနှစ်ရာကျော် ဆွမ်းကျွေး၏။ ကျွန်ုပ်က တရားဟော၏။

၁၃၂၉ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်၊ တနင်္ဂနွေနေ့ အိပ်မက်၏။ ရန်ကုန် စမိုင်မှာနေသော ဘုန်းကြီးဦးကိတ္တိက သူ့နောက်တကာ၊ တကာမရှစ်ယောက်လောက်နှင့် ကျောင်းကိုလာကြပြီး ကိုယ်တော်ကို နည်းပြောရဦးမယ် ( သု - ချာ ) လမ်းလုပ်ပါ။ တပည့်တော်တော့ ဒါနှင့်ပဲပေါ်များလာပြီး ပေါက်မြောက်တယ် . . အောင်မြင်တယ်ကိုယ်တော်။ ပြဒါးဖမ်းနည်းလည်း သိသလား - မသိပါဘုရား၊ နောက်မှ . . နောက်မှဆိုပြီး အားလုံးထသွားကြ၏။ ကျွန်ုပ်လည်း ဆုတောင်းပြည့်ဘုရားဘက်သွား၏။ ပန်ပဲတန်းရပ် - ဇရပ်ထဲတွင် ဦးဣန္ဒာစရိယကို တကာကြီးက အောင်သိဒ္ဓိဂါထာကို အရွတ်ခိုင်း၍ ရွတ်နေ၏။ ထို့နောက် ဦးတိက္ခက ကိုရင်ကလေးတစ်ပါးကို အောင်မြေလမ်းစဉ်တရားဟောခိုင်းသဖြင့် ဟော၍ ပြီးဆုံးသွားသောအခါ ငွေတစ်ရာလှူနေ၏။ ကျွန်ုပ်က ဇရပ်တောင်ဘက်ဖြတ်၍ အရပ်ထဲက ကျွန်ုပ်တကာ ကြီးအိမ်ဝင်၏။ ကိုထွန်းအောင်နှင့်တွေ့၏။ ပုထိုးတော်ကြီး မကြွသေးဘူးလားလို့မေး၏။ နတ်တော်လမှ ကြွမှာလို့ပြော၏။ နိုးလာ၏။ ညနေ - ဦးစီအိမ်သွားလျှောင်းပြီး ပုတီးစိပ်နေ၏။ နားထဲတွင် ပုထိုးနက်ဖြန် သွားလို့ ပြောသံကြားရ၏။

၁၃၂၉ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့တွင် ပုထိုးတော်ကြီးဘုရားသွားပြီး အဓိဋ္ဌာန် ၂၇ရက်ဝင်လိုက်၏။ အဓိဋ္ဌာန်မှာ ပုထိုးတော်ကြီးဘုရား၊ ရွှေဂူကြီးဘုရား ကျောက်တော်ကြီးဘုရား၊ တောင်မင်း ကြီးဘုရား၊ ကြေးဘုရား ဤကြီးငါးကြီးကို ၂၇ပတ်စီစိပ်ရန် ၂၇ရက် အဓိဋ္ဌာန်ဝင်လိုက်၏။ နံနက်ကို ကျောက်တော်ကြီး၊ တောင်မင်းကြီး အောင်မြေဘုရားသုံးဆူစိပ်၏။ ညကို ပုထိုးတော်ကြီး၊ ဂူကြီး ကြေးဘုရားကြီး ၃ဆူစိပ်၏။

အိပ်မက်အရ - သု - က သုဂတောလမ်းစဉ်၊ ချာ - အရ ကားအောင်မြင်ခြင်းဖြစ်၍ ဤလမ်းစဉ်ကို ဆုံးခမ်းတိုင်အောင်စိပ်ရန် အဓိဋ္ဌာန်လိုက်၏။ ပုထိုးတော်ကြီးဘုရားကို ညသွားပြီး ပုတီးစိပ်ရာ ဘိုးဘိုးကဖယောင်းတိုင်ကို ကွန့်နိုပ် ၉ တိုင်၊ ဦးစီ ၉ တိုင်လှူလိုက်၍ ဦးစီအကျီအိတ်ထဲထည့်ယူလာရာ ထွန်းမည်လုပ်၍ကြည့်လိုက်တော့ အတိုင် ၂၀ဖြစ်နေ၏။ ထွန်းညှိပူဇော်ပြီး ပုတီးစိပ်ကြရာ ဘုရားပတ်လည် ဇီးကွက်များမြည်၏။ ကွန့်နိုပ်၏ဘေးနားမှာလည်း စာရွက်တစ်ရွက်တွေ့၍ ဖတ်ကြည့်လိုက်တော့ ဇေယျာ သိဒ္ဓိဂါထာများကို တွေ့၍ အထူးဝမ်းမြောက်ပြီး ကျက်မှတ်ကာ နေ့စဉ်ရွတ်ပွားတော့၏။ ထိုဂါထာများမှာ အောက်ပါအတိုင်းဖြစ်၏။

ဇေယျသိဒ္ဓိဂါထာတော်များ -

၁။ စ - ကာ ရောစ၊ ဗုဒ္ဓရုပ် - စ။ ခ - ကာရောစ၊ ဗုဒ္ဓ ရုပ် - ခ။
ဗ - ကာ ရောစ၊ ဗုဒ္ဓရုပ် - ဗ။ ဝ - ကာရောစ ၊ ဗုဒ္ဓရုပ် - ဝ ။

၂။ စတုတ် တေဇော ဓါတုစ။ စ - အက္ခရာ မေကပဒံ။
၃။ စတုတ် တေဇော ဓါတုခ။ ခ - အက္ခရ မေကပဒံ။
၄။ စတုတ် တေဇော ဓါတုဗ။ ဗ - အက္ခရ မေက ပဒံ။
၅။ စတုတ် တေဇော ဓါတုဝ။ ဝ - အက္ခရ မေကပဒံ။
၆။ စတုတ် အာပေါ ဓါတုစ။ စ - အက္ခရ မေကပဒံ။
၇။ စတုတ် တေဇော ဓါတုခ။ ခ - အက္ခရ မေကပဒံ။
၈။ စတုတ် ပထဝီ ဓါတုဗ။ ဗ - အက္ခရ မေကပဒံ။
၉။ စတုတ် ဝါယော ဓါတုဝ။ ဝ - အက္ခရ မေကပဒံ။
၁၀။ စ - သဗ္ဗေ ဒိဿဝါ မေတ္တံ ၊ စစိ တ္တေန ပိယံမမ။ စသဗ္ဗေပိ ဒေဝါနံ စ ၊ မဟာပိယံ မံ ရက္ခန္တု။
၁၁။ ခ - သဗ္ဗေ ဒိဿဝါ မေတ္တာ ၊ ခစိ တ္တေန ပိယံမမ။ ခသဗ္ဗေပိ ဒေဝါနံ စ ၊ မဟာပိယံ မံ ရက္ခန္တု။
၁၂။ ဗ - သဗ္ဗေ ဒိဿဝါ မေတ္တာ ၊ ဗစိ တ္တေန ပိယံမမ။ ဗသဗ္ဗေ ဒေဝါနံ စ ၊ မဟာပိယံ မံ ရက္ခန္တု။
၁၃။ ဝ - သဗ္ဗေ ဒိဿဝါ မေတ္တာ ၊ ဝစိ တ္တေန ပိယံမမ။ ဝသဗ္ဗေ ပိဒေဝါနံ စ ၊ မဟာပိယံ မံ ရက္ခန္တု။
၁၄။ စကာရော စရိယာတိ သော။ စ - ရတိ လောကနာယကော။
စရိတွာ သဗ္ဗဟိတတ္တံ။ စသုတ္တ ဝဂ္ဂ လေဋ္ဌကော။ ။
၁၅။ ခ- ကာရောစ၊ အဓိဋ္ဌာနံ အဓိဋ္ဌာယ တထာဂတော
ခါရေတွာ ဇောမိ သမ္မာရေ ခမ္မံ သဗ္ဗံ ဝိ မုစ္စတိ။

၁၆။ ဗကာ ရောဝ ဗလံ ညေယျံ ဗလံ သတ္တ ဝိဓံဘဝေ။
ဗလံ၊ သတ္တရိယ ဓနံ၊ ဗလံ ဘဂဝါတိဒသ။ ။
၁၇။ ဝကာရံ ဝိရိယံ ညေယျံ ဝိရိယာ ရမ္ဘ ကာရဏံ
ဝိရိယာ ပါရမီ ကတွာ ဝရဗောဓိ ဘဝိဿတိ။ ။

## ဠ - သ - ည - တ (စမ) ၄ - လုံး ဂါထာ

၁၈။ ဠ - ကီ တဗ္ဗေစ ဠက်န္တော၊ သ တ္တေသု ပါလကော ဇိနော။ ညာ- ဏံကော ညေယျဓမ္မေသု၊ က-မံ ကရောတု မေဝရံ။

## ဗ - ဝ - န - မ (စမ) ဂါထာတော်

၁၉။ ဗ - လံမာရံ ဗဟုဇေန္တော၊ ဝ - မ္ဘိကါနံ သုံခံဝရော။ န - န္ဒိတဗ္ဗေဝ ၊ နန္ဒေန္တော၊ မ - င်္ဂလံ - ဟောတု မေဇယံ။
၂၀။ ဝိဇ္ဇာဓရာ မဟာတေဇာ၊ သိဒ္ဓိ - နိတ္တံ ပိယံဂတာ။ တေပိအမှေနု ရက္ခန္တု၊ အဝေရာယသုခါယစ။
၂၁။ စတုရောဝ ဝိဇ္ဇဓရာ၊ ဒိယာယုကာ၊ မဟိဒ္ဓိကာ။ ပါလေန္တုသဟ ယေါဂေန၊ သဗ္ဗသုခံ ကတံ မယံ။
၂၂။ အဌဝိသတိသမ္ဗုဒ္ဓါ၊ ကွဒ္ဓိမန္တော ဇုတိန္ဓရာ။ ကွဒ္ဓိယါ ဇုတိယာ တေသံ၊ အန္တရာယ သမေန္တုမေ။
၂၃။ သဗ္ဗေ ဒူရေ ပလာယန္တု ပိသာစ ယက္ခရက္ခသာ။ သမ္မာဒေဝေါ ပဝဿန္တု၊ မောဒန္တု သုခိတာ ဇနာ။
၂၄။ အွံ - ကွတိပိသောဘဂဝါ - အရဟံသမ္မာသမ္ဗုဒ္ဓေါ၊ သဗ္ဗဿဝိသံ - ဂစ္ဆေယျ - မင်္ဂလံဇေယျတု။
၂၅။ အွံ - သွက္ခာတော - ဘဂဝတော - ဓမ္မောသံထိင္ဂိကော၊ သဗ္ဗဿဝိသံ - ဂစ္ဆေယျ - သဗ္ဗမင်္ဂလံ ဇေယျတု
၂၆။ အွံ - သုပ္ပဋိပန္နော၊ ဘဂဝတော - သာဝကသံဃော၊ သဗ္ဗဿဝိသံဂစ္ဆ - သဗ္ဗမင်္ဂလံဇေယျတု။
၂၇။ သရဏ္ဍသို - သဗ္ဗဗုဒ္ဓဂုဏံ၊ သရဏ္ဍသို - ဓမ္မဂုဏံ။ သရဏ္ဍသို - သံဃံဂုဏံ၊ သရဏ္ဍသို - တုယှံဝိဇ္ဇေယေ။

ဤမဟာဇေယျသိဒ္ဓိဂါထာ ၂၇ပုဒ်တို့၏အကျိုးကား - အနှောင့်အယှက်ကင်းခြင်း၊ ရန် အပေါင်းကို အောင်မြင်ခြင်း၊ ဘေးဥပါဒ်အန္တရာယ်မကျရောက်ခြင်း၊ ချစ်မြတ်နိုးကြခြင်း၊ ချမ်းသာ ကြွယ်ဝခြင်း၊ အခြံအရံ ပေါများခြင်း၊ အဆိပ်ရှိသောသတ္တဝါများ မထိရောက်နိုင်ခြင်း၊ သေနတ် - အမြောက်၊ ဓါးလှံများ မထိရောက်နိုင်ခြင်း၊ မျက်နှာပွင့်လမ်းခြင်း၊ မိမိအကြံအစီဟူသမျှ အောင်မြင်ခြင်း၊ သိဒ္ဓိအမျိုးမျိုး တန်ခိုးအနန္တနှင့် ပြည့်စုံရခြင်း၊ အလိုရှိတိုင်းပြုပြောက်နိုင်ခြင်း စသောအကျိုးများကို ဧကန်ရရှိရမည်မှတ်ပါ။နေ့ ၁၀နာရီလောက် ဓါတ်ခန်းထဲတွင် ပုတီးစိပ်တော့ အလွန်အိပ်ချင်လာ၍ အိပ်လိုက်၏။ အိပ်မက်သည်မှာ- မွေးမယ်တော် တကာမကြီးက ခေါင်းရင်းကနေ တဘွမ်းဘွမ်းနှင့်အန်နေ၏။ အဆက်မပြတ် အန်နေသောကြောင့် ဒီလိုသာ အန်ရင် အန်တာနှင့်သေမည်လို့ထင်၏။ နိုးလာပြီးအိပ်မက်ကို ဝေဖန်ကြည့်၏။ ဝေဖန်လို့ မရပေ။

၁၃၂၉ခု - တန်ဆောင်မုန်းလဆန်း ၁၃ရက်၊ ဗုဒ္ဓဟူးနေ့ တောင်မင်းကြီးဘုရား နံနက် ၆နာရီသွား ပုတီးစိပ်၏။ တောင်မင်းကြီးဘုရားကို ဖယောင်းတိုင်တစ်တိုင် ပူဇော်၏။ ကျန်သုံးတိုင်မှာ ကျန်နေသေးသော ဘုရားများကို ပူဇော်ရန်ဘေးနားချထားပြီး ပုတီးစိပ်နေ၏။ ပုတီးစိပ်ပြီးကြည့်လိုက်တော့ ဘေးနားချထားသော

ဖယောင်းတိုင် ၃တိုင်မရှိ၍ ဥပသကာကြီးကို မေးကြည့်တော့ လူဖြူဖြူကြီးတစ်ယောက် ကိုယ်တော်နား လာတာ တွေ့လိုက်တာပဲဟုပြော၏။ မိုးခြစ်သာယူ၍ ကျန်ဘုရားများဆက်သွား၏။ ည ၇နာရီခွဲ ဦးစီးနှင့် ပုထိုးတော်ကြီးဘုရားအထက်ဆုံးအဆင့် စနေထောင့်တွင် တစ်ထွာလောက်ရှိသော ကတ္တီပါအစိမ်းရောင် ကိုင်းကောင်ပုံမျိုး ပိုးကောင်တစ်ကောင်အရှင်ကျလာ၏။ ကျွန်ုပ်ပုတီးစိပ်ပြီးခါနီးမှာပျံသွား၏။ ညအိပ်တော့ အိပ်မက်သည်မှာ လူသေများ၊ ကျားမတစ်ရာကျော်လောက်တွေ့၏။ ခေါင်းနှင့်တစ်မျိုး၊ ပက်လက်တစ်မျိုး၊ ဇရပ်ထဲ၊ဂူထဲမှာတဖုံ အမျိုးမျိုးတွေ့ရ၏။ သိဒ္ဓိတက်ခြင်းဖြစ်၏။

၁၃၂၉ခု - တန်ဆောင်မုန်းလကွယ်နေ့ ပုထိုးတော်ကြီး၌ ပုတီးစိပ်ပြီး ဂူကြီးပါဆက်ကူးစိပ်၍ ကျောင်းပြန်ပြီး ၁၁ နာရီလောက်အိပ်၏။ အိပ်မက်သည်မှာ ခေါင်းမှခြေဖျားအထိတစ်ကိုယ်လုံး လူပုံစံအတိုင်း ချုပ်ထားသော အကျီအဖြူရောင်၊ အဝါရောင်၊ အပြာရောင်များ လူတစ်ယောက်က လာပေး၏။ ကျားကြီး တစ်ကောင် ကိုလည်း လူတစ်ယောက်ကကိုင်နေတာတွေ့၏။ အောင်ခြင်းဆရာတော်က ပျံတော်မူရာက ထလာ၏။ မိုးညင်းဆရာ တော်ဖြစ်နေ၏။ တုံးခေါက်သံကြား၍ အောင်ခြင်းပျံတော်မူလို့ခေါက်ကြောင်း ပြောသဖြင့် ကျွန်ုပ်သွားကြည့်၏။ ကျွန်ုပ်ရောက်သွားသော် ပျံတော်မူသောအောင်ခြင်းဆရာတော်က သေရာကထထိုင်လိုက်တော့ မိုးညင်းဆရာတော် ဖြစ်နေ၏။ သို့သော် စိတ်ထဲတွင် အောင်ခြင်းဆရာတော် အမှတ်နှင့် ခြေတော်ခြင်းထိအောင်ပွတ်၍ ဦးချလိုက်၏။ သုံးကြိမ်ကန်တော့ပြီးတော့ မိုးညင်းဆရာတော်က ကျွန်ုပ်လက်ကိုင်ပြီးသေမယ်လို့ပြော၏။ မိန်းမတစ်ယောက်က ဘယ်တော့သေမှာလဲလို့ မေးပါလို့ပြောသဖြင့် ကျွန်ုပ်ကမေး၏။ ဆရာတော်ကြီးက ၁၀၁နှစ်ကြာမှလို့ပြော၏။ ထိုအိပ်မက်အရ ပေါက်မယ်၊ ၁၀၁နှစ် နေရမယ်ဟုပြော၏။

နတ်တော်လဆန်း ၁ရက်၊ ကျောက်တော်ကြီးတောင်၊ မင်းဆုတောင်းပြည့်တို့ ပုတီးစိပ်ပြီးတော့ အောင်မြေကို နံနက်ပိုင်း ၉နာရီလောက်ရောက်သွား၏။ ဖယောင်းတိုင် ၃တိုင်၊ ဘုရားမုခ်တံခါး၊ သံလုံး လိုသောအလည်ဆင့် ပြာလေးပေါ် တင်ထားတာတွေ့ရ၏။ သေချာယူကြည့်တော့ တောင်မင်းဘုရား မှာ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက် အင်္ဂါနေ့က ပျောက်သွားသောဖယောင်းတိုင် ၃တိုင်ဖြစ်နေ၏။ ဩော် . . ဆန်းပြားလှပါပေ၏။ ည ပုထိုးတော်ကြီး သွားပုတီးစိပ်၏။ ချိုးပိုးထိုးအခြောက်ကောင်ကြီး ပုတီးစိပ်သော ရှေ့မှာတွေ့ရ၏။ သေချာစွာယူကြည့်တော့ ပိတုန်းဖြစ်နေ၏။ နတ်တော်လဆန်း ၂ရက်၊ ပုထိုးတော်ကြီးပုတီးစိပ်ရာတွင် ချေသံ၊ ဟတ်ချိုး - ဟတ်ချိုး - ဟတ်ချိုးဟု သုံးကြိမ်ကြားရ၏။ အသံလာရာ ကြည့်တော့ ဘာမှမတွေ့ရ။ ညအိပ်မက်သည်မှာ တောင်ခါးပန်းလိုလို ကောင်းကင်ကနေနှင့်အတူ စာလုံးတွေတွေ့ရ၏။ ပီပီသသ တွေ့ရ၍ ဖတ်ရ၏။ ထိုဖတ်ရသော စာလုံးများမှာ ဘုရားဂုဏ်တော်ကွန်ချာ၊ သံဃာဂုဏ်တော်ကွန်ချာ၊ ပဌာန်းကွန်ချာဟု ခေါင်းစည်းပိုင်းရေးထား၏။ ကျွန်ုပ်လည်း ထိုအိပ်မက်အရ ဘုရား၊ တရား၊ သံဃာ၊ ပဌာန်းကွန်ချာများ ရေးလိုက်၏။ အကျိုးများပါရေးလိုက်၏။

ပုထိုးတော်ကြီးပုတီးစိပ်ပြီးပြန်လာရာ ည ၁၂ နာရီရောက်၏။ အိပ်မက်သည်မှာ အမျိုးမျိုး သော နတ်ပုံများတွေ့ရ၏။ အမျိုးမျိုးသောအဆောက်အဦးပုံများတွေ့ရ၏။ ည ၁ချက်လောက် ဖယောင်းတိုင် မီးထွန်းပြီး ပုတီးစိပ်ပြန်၏။ ၃ နာရီခွဲလောက် အိပ်မက်ပြန်သည်မှာ ကျောင်းတစ်ဆောင်ပေါ် ဘုန်းတော်ကြီး သုံးပါးနှင့် စကားပြောနေ၏။ တောင်ဘက်ထိုင်နေသောဘုန်းကြီးနှင့် ထွက်လာကာနီး စကားပြောကြ

သည်မှာ ဘိုးတော်ဒီတစ်ခေါက်ပေါက်ရင် နှစ်ခါရှိတော့မယ်နော်. . တင်ပါဘုရား၊ ပေါက်ခါနီးဆိုတာ သတိအထူးရှိပြီ မလျော့သော ဝီရိယဖြင့် ကြိုးစားရတယ်ကိုယ်တော်. . ကောင်းပါပြီ ဘုရား . . ကိုင်းကိုင်း ထွက်ပေတော့ကိုယ်တော်။

ထွက်ရန် အပေါက်ကလန့်များကို အလွယ်တကူဖြုတ်ရ၍ ဖွင့်လိုက်တော့ ၂ လက်မလောက်ရှိသော ပွတ်လုံးများတွေ့ရ၏။ ထိုပွတ်လုံးတိုင်များဖယ်ပြီး ကျော်လွှား၍ ထွက်၏။ အပေါက်ကဆင်းလိုက်တော့ ဇလှေကားကအရုံသင်ဖြစ်နေ၏။ ထိုအုတ်လှေကားမှတစ်ဆင့် ထွက်ခဲ့၏။ နောက်ကလူတစ်ယောက် လိုက်လာ၏။ ထိုသူကသူ့ကိုယ်သူ ဆင်ကလူယောင်ဆောင်ထားတာ ဟုပြော၏။ သူ့အရပ်က ၇ တောင် လောက်ရှိ၏။ ရွာထဲဝင်ကြသောအခါ အရှင်ဘုရားကရှေ့က၊ တပည့်တော်က ဆင်အသင်းဖြင့် နောက်က ဆိုတော့ လူကြည့်ကောင်းပါတယ်ဘုရား၊ အရှင်ဘုရားကိုလည်း ရန်မမူပါလို့လျှောက်၏။ ကျွန်ုပ်က ဝတ်ကျွေးပါလျှင် ခံရမှာပေါ့၊ ဒါတွေကတော့မပူပါဘူး- ဤကဲ့သို့ ပြောဆိုကြပြီးလာကြရာ ကျောင်းရောက် လာ၏။

ဆင်ယောင်ဆောင်ထားသောလူကြီးက ကျောင်းလှေကားအတက်မှာ ရှေ့ကပြောပြီးဝပ်လိုက်၏။ ဆင်ကြီးဖြစ်သွား၏။ ကျွန်ုပ်လှေကားတက်ရန် အခြေအနေအကဲခပ်နေ၏။ ကိုယ်တော်ကြွပါလို့ ဝပ်နေသော ဆင်ကြီးကခေါ်၏။ ကျွန်ုပ်ကမြောက်ဘက်ပေါက်က လှည့်တက်မည်လို့စိတ်ထဲအောင့်မေ့၏။ ဒါပေမဲ့ ကျွန်ုပ်က ယောက်ျားဘဲဆိုပြီး လှေကားပိတ်ထားသောဆင်ကြီးကို ကျော်လွှားတက်၏။ ဆင်ကြီးက မတက် နိုင်အောင်ခါ၏။ ကျွန်ုပ်ကဇွတ်တက်၏။ အတော်လေးကြာတော့မှ ကျောင်းလှေကား တက်နိုင်၏။ အိပ်ယာကနိုးလာ၏။ နိုးလာတော့ မောနေသေး၏။ အခက်အခဲကျော်လွှားနိုင်မှ ပေါက်မည့်အဓိပ္ပါယ်ပဲဟု ကောက်ချက်ချ၏။

ည ပုထိုးတော်ကြီးဘုရားပုတီးစိပ်၏။ ဥပတ်လောက်အရ အရှေ့ဘက်လှေကားဦးက မြွေကြီးတစ္ဆေ နှင့် လာနေ၏။ ကျွန်ုပ်က အဓိဋ္ဌာန်တော့အပျက်မခံ သေချင်သေပါစေဟုဆုံးဖြတ်ပြီး ပုတီးကိုသာ မပြတ် စိပ်နေ၏။ မြွေကြီးကပေါင်ပေါ်ဖြတ်သွား၏။ အတော်လေးကြိတ်မှိတ်ပြီးစိပ်ရ၏။ တစ်ဖန်ပုတီး ၂၀ ပတ် လောက်အရ ထူးဆန်းသောအကောင်တစ်ကောင်တွေ့၏။ လှေတက်ရွက်ပုံဖြစ်၏။ ခေါင်းပိုင်းကကြီး၏။ ဖင်ပိုင်းကသေး၏။ ကင်းမလက်မဲလို လက်မလည်းပါ၏။ အတောင်ပံပါ၏။ ပျံနိုင်၏။ ကောင်းကင်က လက်ပေါ် ကျလာတာဖြစ်၏။ ပုတီးစိပ်ပြီးထရှာတာမတွေ့ပေ။ ထလာတော့မှ ခြေသလုံးရှနေသောကြောင့် ဆူးခက်ညိတာထင်ပြီး ပုထိုးတော်ကြီး အနောက်လှေကားအောက်ဆုံးအဆင့် အောက်ရောက်ခါနီး လှေခါး ၇ထစ်အလိုမှာကြည့်လိုက်တော့ သင်းပိုင် ကလေးနားမှာ အကောင်ကြီးတွေ့ရ၏။ အလျား ၄လက်မ၊ ဗျက်နှစ်လက်မလောက်ရှိ၏။ ဦးစီကိုဒါဘာကောင်လဲ လို့မေးတော့ ဦးစီကိုလည်း မသိ၊ နတ်တော်လဆန်း ၄ရက် အင်္ဂါနေ့ညပိုင်းဖြစ်၏။

နတ်တော်လဆန်း ၅ရက်၊ ညပုထိုးတော်ကြီးသွားစိပ်၊ မိုးရွာပြီးခါစဖြစ်၍ ဘုရားပစ္စယာပေါ် မစိပ်ဘဲ တောင်ဘက်တန်ဆောင်းအရှေ့ဘက်ကကပ်လျက် ခရေပင်ပိုင်းအခင်းလေးပေါ် ပုတီးထိုင်စိပ်ကြ၏။ ပုတီးထိုင်စိပ်လို့ ၂၀ ပတ်လောက်အရ ဒုန်း ဒိုင်းနှင့်အသံကြီးများ ဆူညံစွာ ၁၅ မိနစ်လောက်ကြားရ၏။

ပုတီးပြီးခါနီးမှာ ဘုန်းကြီး တစ်ပါးက ခေါင်းလာပြီးလက်နှင့်သပ်သွား၏။ ကျွန်ုပ်မှာ ကြက်သီးများထ၍နေ၏။ ပုတီးစိပ်ပြီး မေတ္တာပို့အမျှဝေလိုက်၏။ ကြေးစည်သံများ ဆူညံအောင်တီးနေကြ၏။

နတ်တော်လဆန်း ၇ ရက်နေ့ ပုတီးစိပ်နေစဉ် မေ့ကနဲဖြစ်သွားရာ ကျောင်းလှေကားတက်၏။ တစ်ဝက်နှင့် ပြန်ဆင်းသွားပြီး ကျောင်းအနောက်ဘက် တောင်မှစ်အဝင် လမ်းဘက်ဆီသို့ လျှောက်သွား၏။ အထွက်ညောင်ပင်ကြီးနားက တောင့်တင်းခိုင်မာလှပသောမင်းသားတစ်ပါးတွေ့၏။ ချိတ်ပုဆို ထိုင်မသိမ်း အင်္ကျီစလွယ်များနှင့် လက်ကပုတီးကိုင်လျက်ဖြစ်၏။ သပြေခက် ၉ ညွန့်ကျွန်ုပ်ကို လှမ်းပြီးပေး၏။ ကျွန်ုပ်က ယူပြီး အသင်မင်းသားနာမည် ဘယ်လိုခေါ်ပါသလဲဟု မေးကြည့်တော့ စကြာမင်းကလေး ခေါ်ပါတယ်။ အရှင်ဘုရားကိုလာပြီးစောင့်နေရတာပါလို့ ပြောပြီး အောင်မြင်ပါပြီဘုရား . . အောင်မြင်ပါပြီဘုရားဟု လျှောက်ပြီးသွား၏။ ကျွန်ုပ်လည်းသတိယလာ၏။ ပုတီးဆက်စိပ်၏။

နတ်တော်လဆန်း ၈ရက်နေ့နံနက် ၂ချက်လောက် အိပ်မက်သည်မှာ ပြာ၊ စိမ်း၊ ဝါ၊ စိမ်းရင့် သုံးရောင်ပူး၍ ရေလှိုင်းလို ရာဇမတ်ကွက်ဖော်ထား၏။ အနီရောင်အဝါရောင်အကြောင်းတို့လည်းပါ၏။ ၎င်းအဝတ်ခင်းလည်းအိပ်ရ၏၊ ခြုံလည်းဝတ်ထားရ၏။ အရွယ်အစားမှာ လူတစ်ယောက်ခြုံလောက်ရုံ ဖြစ်၏။ ညပုထိုးတော်သွားစိပ်၏။ ပိတုန်းသေတွေ့၍ ယူခဲ့၏။ စိပ်ပုတီးတစ်ကုံးလည်းရခဲ့၏။ အပြန် တူမောင်းတိုက် ဦးဣန္ဒက ကားနင်း၍ထုံးဘိုဘုတာ အနီးပျံလွန်တော်မူသဖြင့် တူမောင်းတိုက်ထဲ ပြင်ဆင် ထားရာ ဆရာတော်ကြီးထံ ဝင်မေးပြီးပြန်လာကြ၏။

၁၃၂၉ခု - နတ်တော်လဆန်း ၁၂ရက် - ဗုဒ္ဓဟူးနေ့ ဘုရားကန်တော့ပွဲများဖြင့် ပူဇော်လျှုဒါန်းပြီး သုဂတော ၅ ချက်ထပ်ပြီး အဓိဋ္ဌာန်တက်ပြန်၏။ ကျောင်းအုတ်လှေကားနားမှာလည်း မြွေကြီးတွေ့၏။ သုဂတောဂါထာပုတီးပတ် နံနက် ၁၀ပတ်၊ နေ့ ၁၀ပတ်၊ ည ၁၀ပတ်၊ အပတ် ၃၀ရ၏။ ညပုထိုးတော် သွားစိပ်၏။ နတ်တော်လဆန်း ၁၃ရက် - နံနက် ၃နာရီလောက်စိပ်နေစဉ် မေ့ကနဲဖြစ်သွားရာ (လောက နိဗ္ဗာန်ရရှိ ရန် ကြိုးစားသောသူသည် အဘယ်မှာမရဘဲရှိအံ့နည်း)ဟု မြေဖြူအသွေးနှင့် ငါးလက်မ လောက် စာလုံးကြီးများ ရေးသားထား၏။ အံ့သြပေစွ။ ည - ဦးသူတော်ကြီးပါ ပုထိုးတော်ကြီးလိုက် ပုတီးစိပ်၏။

နတ်တော်လဆန်း ၁၄ရက် နံနက် ၃နာရီလောက် အိပ်မက်သည်မှာ ကျွန်ုပ်နေသော ကျောင်းက ထွက်သွားတော့ ကိုရင်ကလေးတစ်ပါးက လမ်းညွှန်ပြ၏။ မြောက်ဘက်သွား ရွာနားရောက်တော့ တောင် တန်းကြီးမြင်ရပါလိမ့်မယ်။ ၎င်းအရှေ့ဘက် ကိုယ်တော်တို့ မန္တလေးရှိလိမ့်မယ်။ တောင်ခုလတ် နှစ်နေရာမှာ သူ့ပုံရှိတယ်။ ကိုင်း - သွားကြပါတော့ဘုရားဟုပြော၏။ သွား၏။ ပြောသည့်အတိုင်း တွေ့မြင်ရ၏။ ကိုယ်နေခဲ့သော ကျောင်းပြန်ကြည့်တော့ ဤအဆောက်အဦးမျိုး လူ့ပြည်မှာမတွေ့ဘူးချေ။ အနောက် မြောက်ဘက်များကလည်း တိုက်ကြီးများမိုးထိုးနေအောင် အဆင့်ဆင့်နှုပ်မြင်တွေ့ရ၏။ အရပ်က အဆောက် အဦးလေးရှိသော နေရာတွင် ဂမူလေးဖြစ်နေ၏။ တူးဆွကြည့်တော့ အရုပ်၏မျက်နှာသာတွေ့ရတော့၏။ ညပုထိုးတော်ကြီးသွား၏။ နတ်တော်လပြည့်စနေနေ့၊ ဓမ္မခန္ဓာရှစ်သောင်းလေးထောင် အပိုနှင့်တကွ ပြီးမြောက်သွား၏။ ၃၁ ဘုံသာ မေတ္တာပို့ အမျှဝေ၍ မေတ္တာခံယူ၏။

၁၃၂၉ ခု - နတ်တော်လပြည့်ကျော် ၁ရက် - တနင်္ဂနွေနေ့ နံနက် ၃နာရီခွဲမှာ မြေခါတ်အဓိဋ္ဌာန် ဝင်စိပ်၏။ ပုတီးပတ် ၃၀ရ၏။ ည - ပုထိုးတော်သွားစိပ်၏။ ည - အိပ်မက်၏။ ကျွန်ုပ်နှင့်လူတစ်ယောက်

ပြေးလွှားနေရ၏။ ဘေးကလည်း အကာအရံများရှိ၏။ အိမ်လေးတွေလဲ အဆက်မပြတ်ရှိ၏။ ၂ မိုင်လောက်ရှိ၏။ လေကဲ့သို့ ပေါ့ပါးစွာ ပြေးနိုင်၏။ လမ်းကြီးကလဲဖြူဖြောင့်နေ၏။ အဖော်လုပ်သူက သူ့နေရာမှာ နေရစ်ခဲ့၏။ ( ဤသည်ကား နိမိတ်အကြောင်းပြ )။

နတ်တော်လပြည့်ကျော် ၂ရက်နေ့၊ နံနက် ကြီး၃ ကြီးသွားပြီး ပုတီးစိပ်၏။ ညကြီး ၂ကြီး သွားစိပ်၏။ ပုထိုးတော်ကြီး ည ၈နာရီစိပ်။ တနင်္ဂနွေထောင့်ကစိပ်၏။ အရှေ့ဘက်လှေခါးထိပ်က လူပုဂ္ဂိုလ်တစ်ယောက် အဝတ်ဖြူနှင့် ပုတီးစိပ်နေ၏။ ကျွန်ုပ်တို့ ပုတီး ၁၀ပတ်အရလောက်တွက် ထိုပုဂ္ဂိုလ်က ရှိခိုး၏။ ဂါထာ အသံဆန်းများဖြင့် ရွတ်နေ၏။ သေသေချာချာ နားထောင်ကြည့်တော့ ဓမ္မစကြာနှင့် ဗုဒ္ဓဘိသေဂါထာ တော်များကို သကဋသံဖြင့် ရွတ်နေခြင်းသာဖြစ်၏။ နောက်ဆုံး၌ ကျွန်ုပ်၏ဘွဲ့နှင့် ကျောင်းတိုက်နာမည်ကို ထည့်၍ မေတ္တာပို့အောင်ကြောင်း ပဌာနာပြုပေး၏။ ကျွန်ုပ်တို့ ပုတီး ၂၅ပတ် လောက်အရ ထိုပုဂ္ဂိုလ်ကြီး ပြီးသွားပြီဘုရား ဘုရားလို့ ဆိုပြီးထသွား၏။ ဆန်းကျယ်လှပါ၏။ ၉နာရီခွဲလောက် ကျောင်းပြန်၍ ၁၂နာရီလောက်အိပ်၏။ နားထဲမှာဘုရားက ပုဂ္ဂိုလ်ကြီးရှိခိုးသော အသံကြားယောင်မိနေ၏။

နံနက် နှစ်ချက်လောက်အိပ်မက်သည်မှာ - ရှေးကျသော ရောင်းလဲ - လျှောင်းတော်မူ ဘုရားကြီး ကျောင်းတော်အတွင်း မျက်စိလည်နေ၏။ ကျောက်ဂူကြီးဖြစ်၍ ထွက်ပေါက်ကလည်း ရှစ်မျက်နှာဖြစ်နေ၍ ပိုပြီးမျက်စိလည်၏။ ထိုဂူကြီးကို ကျုံး ၃တန်ပတ်ထား၏။ အရှေ့ဘက်ကျုံးတံခါး များက ရှေးကျသော အရုပ်များဖြင့် ထုလုပ်ထားသောတံခါးများဖြစ်၏။ မျက်စိလည်ရင်း ဟိုကြည့်ဒီကြည့်နှင့် ထွက်ပေါက်ရှာရာ ထွက်ပေါက်မတွေ့ဘဲ စာအုပ် ၂အုပ်တွေ့၏။ လှန်ကြည့်၏။ (မာန်အောင်ခန်း) ဟုတွေ့၍ သေသေချာချာ ကြည့်၏။ ဟုတ်ပါ၏။ ဘုရားသခင်သည် မာရ်နတ်သားကို အောင်မြင်တော်မူခန်းပုံကို ဟသ်ာပဒါး နှင့် ရုပ်လုံးပေါ် ရေးထား၏။ ဓါတ်ပုံရိုက်ထားသကဲ့သို့ဖြစ်၏။ တစ်အုပ်လှန်ကြည့်တော့ (မဟိဒ္ဓိပုဂ္ဂိုလ်ကြီး) ဟု ရေးထား၏။ သေသေချာချာကြည့်တော့ - ကျွန်ုပ်ပုံဖြစ်နေ၏။ တော်တော်အံ့အားသင့်သွား၏။ ထိုစာများကို ပြန်ထားပြီးမြောက်ဘက်ထွက်လာ၏။ တစ်ပေလောက်အပေါက်ကလေးမှ ရှောရှောရှူရှူထွက်နိုင်၏။ အပြင်ဘက်ထွက် ထွက်ခြင်း လှည်းသမားနှင့်တွေ့၏။ စီးလိုက်သွား၏။ အရင်ကမြင်ခဲ့သော ကျောင်းနှင့် ဘုန်းကြီးတွေ့၏။ ကျောင်းဝင်လမ်းကမဖြောင့်၊ ကျွန်ုပ်လည်း ထိုကျောင်းကိုမဝင်တော့။

၁၃၂၉၃ - နတ်တော်လပြည့်ကျော် ၄ ရက် ဗုဒ္ဓဟူးနေ့ ကြီး ငါးကြီးကို ဖယောင်းတိုင် ၉တိုင်စီ ပူဇော်၏။ ရွှေပန်းများ ရာပြေစီလှူ၏။ ည - ပုထိုးတော်ကြီးပုတီးစိပ်၏။ ၁၀ ပတ်လောက်အရ ရှင်းကနဲ မြည်သော ဝင့်သံကြီး၃ခါလောက်ကြားရ၏။ ဦးစီလဲကြားလိုက်ရတယ်ပြော၏။ သူ့အိမ်ကြတော့ အောင်သိဒ္ဓိ ဂါထာ များစိပ်ပြီးခါနီး ကြိမ်ဝင့်သံကြားရပြန်၏။ နတ်တော်လပြည့်ကျော် ၅ ရက်ည ပုထိုးတော်ကြီးကပုတီး စိပ်ပြီးတော့ ထလိုက်သောအခါ ကြိမ်လုံး တစ်လုံးတွေ့၍ယူလာ၏။ ဆေးကြိမ်လုံးမှတ်၍ စမ်းသပ်ကြည့်၏။ ဘာမျှမဖြစ် တလလောက်ကြာမှ အခိုပွါယ် ပေါက်၏။ ကြိမ်ဖန်များစွာ လုံ့လပြုရအုံးမည်ဟု ပြောတာဖြစ်၏။

ည - အိပ်မက်၏။ အနောက်ဘက်တနင်္ဂနွေထောင်ဘုရားမှာ အောက်ခြေကတော်တော်လင်း သော မီး ၂ ပွင့်မြင်ရ၏။ ကျောင်းတိုက်ထဲလည်း မီးပွင့်များအနှံ့အပြားမြင်ရ၏။ ကျောင်းပေါ် လဲအနှံ့အပြား မြင်တွေ့ရ၏။ မြို့ရိုးများပွင့်နေ၏။ မလိုတာကိုပယ် လိုတာကိုဖြည့်စွက်လုပ်နေရ၏ဟုမက်၏။ (ဓါတ်ပွင့် လာပြီဟုကောက်၏)။ နတ်တော်လဆုတ် ၆ ရက် ကြီးငါးကြီး စိပ်၏။ ည - အိပ်မက်၏။ ဘုရားအနောက်

စောင်းတန်းမြောက်ဘက် လှေကားရှိ၏။ ကယားအလုံးမှာ ၉လက်မလောက်ရှိ၏။ ဘေးကအလုံးလေးက ၅ လက်မလောက်ရှိ၏။ ၂ ခုလုံးဝါတ်တွင်ပြ၏။ အကြီးလုံးကတစ်ခုလုံး မီးကြိုးခဲကဲ့သို့ နီရဲနေ၏။ မီးကြိုးခဲ အဆင်းဖြစ်သွားပြီး မီးပန်းများဖွာနေ၏။ အငယ်လုံးးလဲထို့အတူဖြစ်၏။ ၂လုံးစလုံး မီးသတ်လိုက်တော့ အပြာရောင်အသွေးများဖြစ်သွား၏။ ကျောင်းသားလေးတစ်ယောက်က ကျွန်ုပ်ထံက တစ်ဆယ်နှင့်ငါးဆယ် ပြားငွေ ကောက်ယူ၍ဝယ်သွား၏။

၁၃၂၉ နတ်တော်လပြည့်ကျော် ၉ ရက်နေ့ ကြိုးငါးကြိ ပုတီးစိပ်၏။ ညအိပ်မက်၏။ ကျွန်ုပ်ကျောင်း ဝိုင်းအတွင်း ပြဿာဒ်ကြီးဆောက်လုပ်ပြီးမြောက်၏။ လက်သမားဆရာက ပြဿဒ်ကြီးနှင့်လိုက်အောင် ၇တောင်ထုတ်၊ ၉တောင်ထုတ်အခန်းကျယ်ဆောင်တစ်ဆောင်၊ ပင်မကြီးပြဿာဒ်ကြီး နောက်ကကပ်မှ လိုက်လျောမည်။ ဆောင်မကြီးကလဲခဲယဉ်းတယ်ဟုပြော၏။ ဒုပိကာနှင့်ထီး၊ငှက်မျှတ်နားဖူးများ အလိုလို ပေါ်ပေါက်လာကြ၏။

၁၃၂၉ ခု နတ်တော်လပြည့်ကျော် နေ့လည် ၃နာရီမှာ မြေဝါတ်ပြီး၍ လေဝါတ်တက်၏။ ကြိုးငါးကြိ သွားစိပ်၏။ ညအိပ်မက်၏။ မျက်စိမမြင်သော ဘုန်းကြီးတစ်ပါးက တုတ်ကိုင်မှီ၍ရပ်နေ၏။ မိန်းမ တစ်ယောက်က ကိုယ်တော်ကြီးရင်ကို ကျောကပ်ရပ်၏။ ကိုယ်တော်ကြီးမျက်စိမမြင်တာနဲ့ မလေးမခန့် လုပ်တာဟုထင်၏။ ထိုမိန်းမသွားပြီးနောက် မိန်းမတစ်ယောက်လာ၍ကပ်ပြန်၏။ ကိုယ်တော်ကြီးက လက် နှစ်ဘက်နှင့် ဖက်လိုက်၏။ သူမမရုန်းနိုင်။ ကျွန်ုပ်လဲကြည့်နေ၏။ ရှေ့တိုးသွားသော် ဝဝအညိုရောင်ဝတ်သော မိန်းမတစ်ယောက်တွေ့ပြီး ထိုမိန်းမကို ကျွန်ုပ်က ညှိချော့ပဲဟုပြောလိုက်၏။ မိန်းမကကျွန်ုပ်ကို ပလူး၏။ ကျွန်ုပ်က မလှုပ်မယှက်နေ၏။ ထိုမိန်းမကပြောသည်မှာ - "ဒါးနှင့်ခုတ်တာ သေသည့်တိုင်အောင် မလှုပ် မယှက်ပဲခံနိုင်ရည်ရှိသော်လည်း ကာမအရာမှာ ခံနိုင်ဘို့မလွယ် - ယခုတော့ အံ့ဩစရာကောင်း လိုက်ပါဘိ ကိုယ်တော် . . . အောင်ပါစေ . . အောင်ပါစေ. . အောင်ပါစေဆိုပြီး ပျောက်ကွယ်သွား၏။

## တိုက်တွန်းချက်

လောကမှာလူသားအပေါင်းတို့သည် ကာမအာရုံကိုသာအထူး ပျော်ရွှင်ကြ၏။ ကာမအာရုံကို အမျိုးမျိုးသော တန်ဆာဆင်မှုတို့ဖြင့် ငွေကုန်ကြေးကြခံ၍ မွှန်းမံကြ၏။ ခံစားကြ၏။ ထို့ပြင် ငါ့ကိုယ်ငါ့ဟာ၊ ငါ့သားမယားအိုးအိမ်၊ မြေယာယာဉ်မှစ၍ ကိုယ့်ဆေးလိပ်တိုကလေးတောင် ပေးနိုင်စွမ်း စွန့်ပစ်နိုင်စွမ်း မရှိကြချေ။ ထိုကဲ့သို့ဖြစ်ရခြင်း ကား - စွဲလမ်းမှု သက္ကာယကြောင့်ဖြစ်ပေသည်။ ထိုသက္ကာယကို ဗုဒ္ဓရှင်တော် ဘုရားက ပဌမအဆင့်ပါယ်သတ်နည်း ဘာဝနာ ၄၀၊ ဒုတိယအဆင့်ပါယ်သတ်နည်း သစ္စာလေးပါး၊ တတိယ အဆင့်ပါယ်သတ်နည်း ဝယမ္မာခေါ်ဖြစ် ပျက်ရှုမှုတရား ၂ပါး၊ ဤသို့အားဖြင့် ပိုင်နိုင်စွာ ကျင့်ကြံအားထုတ်ရန် သေချာသော စစ်မှန်သောနည်းပေးလမ်းပြ မေ့တို့ကို ဟောထားခဲ့ပေသည်။ ပထမဘာဝနာနည်း ၄၀တို့တွင် ဗုဒ္ဓါ၊ ဓမ္မာ၊ သံဃာအောက်မေ့ပွားများခြင်း ၃ပါးတို့ကား ဘုရားဟောကြား ထားခဲ့ပေသည်။ ထိုဗုဒ္ဓါနုဿတိပွားများသူ၏ ခန္ဓာကိုယ်ကိုလည်း စေတီထိုက်ကြောင်း ဟောကြားပြန်ရာ စေတီထိုက်သဖြင့် လူနတ်တို့ အပူဇော်ခံထိုက်ကြောင်းဟုဆိုကားမှားနိုင်မည်မထင်ပေ။ ထို့ကြောင့်ပွားများ မှုတရားအပေါင်း

တို့တွင် သရဖူဆောင်းသော ဗုဒ္ဓဂုဏ်ကို အသင်လူသားနတ်ပြဟ္မာတို့ထက် တန်ဖိုးရှိခြင်လျှင် ပွားများလော့- နည်းမှန်သောပွားများမှုဖြစ်ပါလျှင် မဂ်ဖိုလ်ကိုရဖို့ရန် - အဘယ်မှာခဲယဉ်းတော့မည်။

**သုဂတော ငါးချက် ၊ ရေခါတ်**

၁၃၂၉၃ - နတ်တော်လပြည့်ကျော် ၁၁ရက် ကြီးငါးကြိမ်ပုတီးစိပ်၊ ည - ပုထိုးတော်ကြီး ပုတီးစိပ်ရာတွင် ၁၃ပတ်လောက်အရ အင်္ဂါထောင့်ဘက်က စေတီက ဝေါ - ဝေါ မည်သောအသံကြားရ၏။ တနင်္ဂနွေထောင့်က အောက်ခြေဘိနပ်တော်နားက ဖြတ်ကူးသံကြားရ၏။ ကျွန်ုပ်ဝဲဘက်ကလည်း ချောင်းဆိုးသံကြားရ၏။ ၁၀နာရီလောက် ကျောင်းပြန်လာ၏။ကုဋီတံတားပေါ် ပုတီးစိပ်နေ၏။ ကျောက်တော်ဘုရား ထီးတော်လောက်က ပန်ကန်ပြားလောက်မီးလုံးတစ်လုံး၊ နောက် ၃လုံးမြင်ရ၏။ ၁၂ နာရီအိပ်၏။ ညအိပ်မက် - ကျွန်ုပ်၏ရှေ့ကခွေးဆိုးကြီးတစ်ကောင်အမွေးနက်ကြီး မျက်လုံးနီကြီးနှင့် သွားပျိုလောက်ရှိ၏။ ရှေ့တည့်တည့်ကဝပ်နေ၏။ ကျွန်ုပ်ကသူနိုင်တဲ့အကောင်ကို ထွက်စေလို့ဆိုတော့ ကျားကြီးထွက်လာ၏။ ကျားကြီးက ခြေနှင့်နင်းတော့ခွေးကြီးပြားချပ်သေသွား၏။

နတ်တော်လပြည့်ကျော်၁၃ရက် - သောကြာနေ့ည အိပ်မက်သည်မှာ - ဆင်ကြီးက လူသုံးယောက်၊ လေးယောက်လောက်နင်းဖိထား၏။ အစာရမှလွှတ်၊ မရကသတ်ပစ်မည်ပြော၏။ ဘေးမှာရှိသောလူတစ်ယောက်က ရှာပေးပါမည်ဟုဝန်ခံပြီး တစ်ဖက်လက်နှင့်သတ်ရန် ကြိုးစားနေ၏။ သို့သော်လည်း မအောင်မြင်ပေ။ ထိုလူသည် ထွက်သွားပြီးလူနှစ်ယောက်ခေါ် လာ၏။ ထိုလူများက သေနတ်ပါ၏။ ထိုလူများကသေနတ်နှင့်ဆင်ကြီးကို ပြစ်ကြ၏။ ဆင်ကြီးလဲသေသွား၏။ သူနင်းထားသောလူများလဲ လွတ်ပြီးထွက်လာကြ၏။ မသေကြ - လူတစ်ယောက်က မီးဆလိုက်နှင့်ထိုးကြည့်၏။ အားလုံးကြည့်ပြီး စိတ်ချရမှ ထိုလူများသည် ဆင်ကိုစွတ်ဖါးဖြင့်ဆွဲပြီးယူကြ၏။ ထိုစွတ်ဖါးက ဘေးကအကာများ - အစင်များဖြင့်လှလှပပပြုလုပ်ထား၏။ ထိုအပေါ် ကိုကျွန်ုပ်ကတက်စီး၏။ ဘေးကကြည့်နေ ကြသော လူများထဲမှ တစ်ယောက်က ဒါမရိုန်းခေါ် တယ်လို့ပြော၏။

နတ်တော်လကွယ်နေ့ ကြီးငါးကြိမ် ပုတီးစိပ်သွား၏။ ည - အိပ်မက်မက်၏။ လိပ်တာရာတစ်ခုလုံးဟင်းသား ပဒါးရောင်ကဲ့သို့ နီရဲနေ၏။ ကြားမှ အညိုသွေးပါ၏။ တော်တော်ကြည့်ကောင်း၏။ ကြယ်များလဲရေတွက်လို့ရ၏။ ဥတ္တရသံပြုပွါးသံနက္ခတ် လေးလုံးလဲမြင်တွေ့ရ၏။ လိပ်လက်ခေါ် အဖြနက္ခတ်လည်း ကြည့်လို့၏ရ။ ကောင်းကင် မှာ နက္ခတ်များအသေးအဖွဲ့မှ မကျန်ရေတွက်ရ၏။နဝင်းခါတ်ရသဖြင့် ကြယ်မြင်လမြင်ရကြောင်း နိမိတ်ဖြစ်၏ဟုကောက်၏။

၁၃၂၉၃ ပြာသိုလဆန်း ၁ရက် တနင်္ဂနွေနေ့ ကြီးငါးကြိမ်ပုတီးစိပ်၏။ ည - ပုထိုးတော်ကြီး စိပ်ရာတွင် ပုတီးပတ် ၉၀လောက်ရတော့ ကြေးစည်သံကလေးများ မြောက်ဘက်ကကြားရ၏။ ၅ လုံး သံလောက်ကြားရ၏။ ပရိက်ပြုနေတုံးကလဲ အရှေ့ဘက်မှသစ်ပင်များပေါ် အဖြူရောင်တန်းကြီးပေါ် နေ၏။ ခဏလောက်ကြာတော့ ပျောက်သွား၏။ ကြေးစည်သံများသည် ပုတီး၁၀၈ပတ် စိပ်ပြီးသည်တိုင်အောင် ကြားနေရ၏။ အောင်မြင်သော အထိမ်းအမှတ်ဟု ကောက်ယူ၏။

၁၃၂၉ခု ပြာသိုလဆန်း ၂ရက် ကြီးငါးကြီးပုတီးစိပ်၏။ ဦးစီအိမ်တွင်ဆွမ်းစား၏။ ညအိပ်မက်-ကျောင်းတိုက်ကြီးထဲမှ စာချကျောင်းရှေ့ ကျွန်ုပ်ကရပ်နေ၏။ လေယာဉ်ပျံသံကြား၏။ ဘုန်းကြီးတစ်ပါး ကောင်းကင် ကတဖြည်းဖြည်းကျလာ၏။ မှုဝါးဝါးဖြစ်၏။ မြေပြင်ရောက်တော့ ထင်ထင်ရှားရှားမြင်ရ၏။ လေယာဉ်ပေါ်ကစာ ရွက်များလဲချ၏။ ငွေများလဲပါ၏။ ကျွန်ုပ်ထံဘုန်းကြီးတစ်ပါးကယူလာပေး၏။ ငွေ ၁၅ကျပ်နှင့် မှိုင်းခံစက္ကူတွင်ချ ထားသောအင်းများလဲပါ၏။ ဂါထာများလဲပါ၏။ သဲသဲကွဲကွဲဖတ်လို့မရ လေယာဉ်မှ ကောင်းကင်ဆင်းလာသော ဘုန်းကြီးက လက်ာရကျောင်းရှေ့ကျလာ၏။ သူ့ပါးစပ်က အောင်ပြီ . . အောင်ပြီ . . အောင်ပြီဟု ကြွေးကြော်ပြီး မြောက်ဆူးစူးကြွသွား၏။

ကျွန်ုပ်တို့က ထိုဘုန်းကြီးတန်ခိုးကြီးကြောင်းပြောကြ၏။ ကျွန်ုပ်၏သပိတ်ထဲက ဟင်းများကို ရန်သူ ဘုန်းကြီး ၂ပါးက ခမ္မာရုံမြောက်ဘက်ဇရပ်ပေါ် တင်စားကြ၏။ ကျွန်ုပ်လဲစား၏။ ဒေါ်အုံးခင်က ဒါလား - မတဲ့ကြတာလို့ပြော၏။ ရန်ရှင်းကြောင်းလက္ခဏာဟုကောက်၏။ ပြာသိုလဆန်း ၉ရက်တနင်္လာနေ့ အာရုံ ထဲမှာ အနီတစ်လုံး၊ အဖြူတစ်လုံး ဓါတ်လုံးနှစ်လုံးလာပေး၏။ နေ့ ၃နာရီလောက်ဖြစ်၏။ပုတီးစိပ်ပြီး၍ ကြည့်လိုက်တော့ အဟုတ်တွေ့ရ၏။ ကျွန်ုပ်ကထိုဓါတ်လုံးများကို ၉ နဝင်းစေတီထဲ ဌာပနာလိုက်၏။

၁၃၂၉ခု၊ ပြာသိုလဆန်း ၁၀ရက် အင်္ဂါနေ့ ကြီးငါးကြီး ပုတီးစိပ်၏။ ည ၇နာရီခွဲတွင် ပုထိုးတော်ကြီး သွား၏။ ပုတီးစိပ်၍ ၁၃ပတ်လောက်အရတွင် ပြီးပြီ . . ပြီးပြီဟု တစ်ခါတစ်ခါ ၂ကြိမ်အော်သော အသံကြား ရ၏။ ၂ ခါအသံကြားရ၏။ အသံတနင်္ဂနွေဒေါင့်မှ ရာဟုထောင့်ဘက်မည်သွား၏။ တော်တော်ထူးပေ၏။ ပြာသိုလဆန်း ၁၁ရက် ပုထိုးတော်ကြီးသို့ ည၆နာရီလောက်သွား၊ ဘုရားမှာ အဖွားမလေးနှင့်တွေ့၏။ အဖွားမ ကလေးက အရှင်ဘုရားကို ကန်တော့ပါရစေအုံးဘုရား . . ဆိုပြီး ကန်တော့၏။ တပည့်တော်မှာ အမေမရှိ အမေမရှိ ဘုရားသာကိုးကွယ်ရာရှိပါတယ်ဘုရားဟု လျှောက်၏။ ထူးသောအဖွားမလေးဖြစ်၏။

၁၂ရက်နေ့ နံနက်ပိုင်း အမိဋ္ဌာန်အတိုင်း ဘုရားဖူးသွား၏။ ပုတီးစိပ်ပြီး ည ၅နာရီခွဲလောက် ပုထိုး တော်ကြီးကို မိုးရွာနေ၍ ထီးဖွင့်သွား၏။ ဦးစီလဲပါ၏။ ဘုရားရောက်သောအခါ ပုထိုးတော်ကြီးဘုရား စိန်ဖူးအခြေက အနီလုံးကြီးမြင်ရ၏။ ဦးစီလဲမြင်ရ၏။ အမိဋ္ဌာန်ပုတီးစိပ်ပြီး ၈ နာရီမှ ဘုရားကပြန်၏။ ပြာသိုလဆန်း ၁၃- ၁၄ - ၁၅ရက် အမိဋ္ဌာန်တိုင်းစိပ်၏။ ဘုရားဖူးသွား၏။ ပြာသိုလပြည့်နေ့ညတွင် အိပ်မက်သည်မှာ - ငြိမ်းချမ်းရေးပလည်လဲဘုရားကြီးဘက်က အလင်းရောင်ကြီးမြင်တွေ့ရ၏။ ပုထိုးတော်ကြီး ဘက်ကလည်း ဓါတ်မီးလုံးကြီးများထွန်းထားတာ မြင်တွေ့ရ၏။ ထိုဘက်များမှ ပြန်ခဲ့ပြီး အနောက်ဆောင် တံတားဘက် လျှောက်သွားတော့ အနောက်ဘက်က သီးပင်များမှ ခြုံဘုတ်များကိုမှီ၍ထိုင်နေသော ဘုန်းကြီးတစ်ပါးကိုတွေ့ရ၏။

ကျွန်ုပ်က ကျင်ငယ်စွန့်နေတဲ့ဘက်လှည့်ထိုင်နေတာတွေ့ရ၏။ ကျွန်ုပ်က တံတားပေါ်က ကျင်ငယ် စွန့်နေ၏။ ထိုထိုင် နေသောဘုန်းကြီးက ပေါက်နေတာလုံခြုံပေ့စေကိုယ်တော် ပေါက်နေတာ လုံခြုံမှ ဘေး ရန်ကင်းတယ်ပြောနေ၏။ ကျွန်ုပ်လည်း အံ့အားသင့်စွာနှင့် ကျောင်းဘက်ပြန်လာ၏။ ထိုဘုန်းကြီးလဲ တက်လာ၏။ ကိုယ်တော်ပွားများထိုင်နေတဲ့ ကမ္မဋ္ဌာန်းကို ကန်တော့ပါတယ်ဆိုပြီး ကျွန်ုပ်ကိုဦးခုကြိမ်ချ၏။ ကျွန်ုပ်က ဘယ်နှစ်ဝါရပြီလဲလို့မေးတော့ ဝါမလိုပါဘူး၊ အကျင့်တရားသာ အဓိကပါ - မေးမနေပါနဲ့ လို့ ပြော၏။ ကိုယ်တော်ကို ရန်ကုန်ခေါ်မယ်၊ အဲဒီကြတော့မှ ထိုက်သင့် တာစွန့်မယ်။ ဒါပေမဲ့ဘာမျှ မစွန့်ဘူး

လို့ မေးသူများကို ပြောရမယ်။ လူတွေရှေ့မှာ မစွန့်ဘူးကွယ်ရာမှာ စွန့်မှာလို့ပြောသဖြင့် ကျွန်ုပ်က သဘောတူလိုက်၏။ ထိုအခါ ဘုန်းကြီးကခေါ်သွား၏။

ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ပြာသဒ်ရောက်နေ၏။ လာကိုယ်တော် ဘုရားဝင်ဖူးရအောင်ဆို၍လိုက်သွား၏။ မြောက်ဘက်က တံဆောင်းနှင့် တည့်တည့် တန်ဆောင်းတစ်ခုရှိ၏။ အနောက်နားတော့ အနည်းငယ်ကျ၏။ တံဆောင်း၏အလည်မကျတကျ လှိုင်ခေါင်းတစ်ခုရှိ၏။ ထိုလှိုင်ခေါင်းကို လက်ညှိုးထိုးပြပြီး ဒီထဲဝင်ရမှာကိုယ်တော် ပုတီးစိပ် - ပုတီးစိပ်ဆို၍ သုဂတောသိဒ္ဓိဂုဏ်တော်ကိုစိပ်၏။ ဘုန်းတော်ကြီးက အပေါက်ဝက အနည်းငယ်ရပ်ပြီး ရွှေတိဂုံစေတီကြီးဘက် မျက်နှာမူ၍လက်အုပ်ချီပြီး ဦ..ဦ..ဦ နှင့် ဂါထာဖြင့် ရှိခိုးနေ၏။ မတ်တပ်ရပ်လျှက် လက်အုပ်ချီပြီး ဦးခုပါးညွတ်ပြီး ကဲကိုယ်တော်လေး ရွှေတိဂုံဘုရား ဓါတ်တော်တိုက်ဝင်ပြီး ဆံတော်ရှင်ကိုဖူးမယ်၊ စိတ်တည်တည်ကြည်ကြည်ထား ပုတီးစိပ်ပွား ပြီးတော့နောက်ကအသာလိုက်ခဲ့၊ တင်ပါ့ဘုရား ..

လှိုင်ခေါင်းလှေခါးထစ်များ တစ်ထစ်ပြီး တစ်ထစ် နင်းပြီးဆင်းသွားကြ၏။ ၁၈ထစ်လောက်ဆင်းပြီးသောအခါ အမှောင်ထုပျောက်လာပြီး အနည်းငယ်လင်းနေ၏။ ဒေါက်ချာဆောင်း ရသေ့ကြီး ၃ပါး ဘေးနံရံဂူထဲတွင် ပုတီးစိပ်နေ၏။ ကျွန်ုပ်က အရုပ်မှတ်၍ကိုင်မည်ပြုသောအခါ ပုတီးစိပ်နေသောရသေ့ကြီးက ချောင်းဟန့်လိုက်၏။ ကျွန်ုပ်သည် လက်နောက်ပြန်ရုပ်သိမ်းပြီး သေသေချာချာကြည့် လိုက်၏။ ဝဲယာလျှောက်ကြည့်လိုက်၏။ ရသေ့ငါးပါးလောက်တွေ့၏။ ဖိုးသူတော်ကြီးများလည်း ၇ပါးလောက်တွေ့၏။ ဘုန်းတော်ကြီးက ကျွန်ုပ်ဘက်လှည့်ပြီး ဒီပုဂ္ဂိုလ်များက ဒီမှာလာပြီး အဓိဋ္ဌာန်သုံးလဝင်နေကြတာကိုယ်တော်လေး - သူတို့စားဖို့သောက်ဖို့ ဘယ်ကရမှာလဲဘုရား။ ဒီပုဂ္ဂိုလ်များက အာဟာရသိဒ္ဓိပြီးနေကြတာကိုယ်တော်လေး စားချင်သောက်ချင်ရင်လည်း ရပါတယ်။ မစားမသောက်ဘဲလည်း နေနိုင်တယ်ကိုယ်တော်လေး။ တပည့်တော်လည်း ဒီအာဟာရသိဒ္ဓိမျိုးတော့ လိုချင်ပါတယ်ဘုရား။ သစ်သီးစား၊ သစ်ရွက်စားကျင့်ပြီး အားထုတ်ရပါတယ်။

လာ .. လာကိုယ်တော် - ရွှေဆံတော်မြတ် ကိန်းဝပ်နေတော်မူသောနေရာ ရောက်အောင် သွားဖူးကြပါစို့ဗျ။ ကျွန်ုပ်လည်းလိုက်သွား ၏။လှေကားထစ်များအောက် ဆင်းသွားလေလေ လင်းသည်ထက်လင်းလာလေလေဖြစ်၏။ ကျွန်ုပ်သည် အလင်းရောင်လာရာဘက်သို့ စူးစမ်း၏။ အထက် လိုင်းအမိုးဘက်ကလည်းမတွေ့၊ ဘေးဘက်ကဝင်သောနေရာများလည်းမတွေ့၊ ပကတိလင်းနေသလိုဖြစ်နေ၏။ တယ်ဆန်းကြယ်ပါလားလို့အောက်မေ့ပြီးရှေ့ဆက်လက်ဆင်းသွားကြ၏။ လှေကား ၂၅ထစ်လောက် ရောက်သောအခါ ဘေးက၇တောင်ခန်းလောက်အခန်းများ၊ တစ်မျက်နှာ တစ်မျက်နှာ ၇ခန်းစီရှိ၏။ ရသေ့များ၊ ယောဂီများ၊ ဘိုးဘိုးများက တစ်မျက်နှာတစ်မျက်နှာ ၁၃ပါး၊ ၁၅ပါးလောက် ပုတီးစိပ်နေကြ၏။

ဒုတိယ ၇တောင်ခန်း၊ တတိယ ၇တောင်ခန်း သုံးခန်းများထဲတွင် သံဃာတော်များ၊ သာမဏေများ ဘုရားရှိခိုးပုတီးစိပ်နေကြတာတွေ့ရ၏။ အလယ်ခေါင်အခန်းကျယ်ကြီးထဲတွင် ရေကန်ကြီးရှိ၏။ ထိုရေကန်ကြီးအ လယ်တွင် ၉တောင် ၁၀တောင်လောက် ရွှေလှေကလေးတစ်စင်းပေါ်တွင် ရွှေကြာခုံငါးဆင့်ရှိ၏။ ထိုရွှေကြာပန်း ခုံငါးဆင့်မှာ ရတနာမျိုးစုံခြယ်ထား၏။ လှေဝမ်းထဲမှာလည်းရတနာမျိုးစုံပြည့်နေ၏။ ထိုင်းထပ်ကြာခုံပေါ်လည်း ရတနာမျိုးစုံကြဲဖြန့်ထား၏။ ကြည့်လို့မငြီးနိုင်ပေ။ ထိုင်းဆင့်ခုံပေါ်မှ ရွှေပန်း

တောင်းထဲတွင် ပတ္တမြားတစ်ထပ်၊ မြတစ်ထပ်၊ စိန်တစ်ထပ် ထိုသုံးထပ်ပေါ် ဆံတော်ရှင်မြတ် ကိန်းဝပ်တော်မူနေ၏။ ထိုဆံတော်ရှင်မြတ်ထိပ်တည့်တည့်ကလည်း အလင်းရောင်မီးမောင်းကြီးလို ထိုးထား၏။ ထိုးထားသောအလင်းရောင်မှာ ရှေ့လှေ့ပါငုံမိ၏။ ဘယ်ကထိုး ထားမှန်းမသိပေ။ အထက်တည့်တည့်ကသာ ကျနေ၏ အထက်ကထိုးထားသည်ဆိုရလောက်အောင်မီးပွင့်မှ ပေါ်ထွက်လာသော အလင်းရောင် မတွေ့ရပေ။

ဆံတော်မြတ်ကလည်း စိန်တစ်ခဲဖြင့်နောက်ခံပြုထားသော ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရတနာပန်းခိုင်များ၊ ရွှေဆွဲလည်း၊ ငွေဆွဲလည်းများပွားပန်းခပ်မှု ပေါ်များလှ၏။ ရေတွက်လို့မရပေ။ ဆံတော်ရှင်မြတ်များကလည်း ရောင်ခြည်တော်ကွန့်မြူးနေကြ၏။ ဓာတ်တော်ကြုတ်များကလည်း ဆံတော်ရှင်၏ဝဲယာမှ သုံးလုံးစီတည်ရှိနေကြ၏။ ကြုတ်ကလည်း ရှေ့မျက်နှာဘက်က ဓါတ်တော်များကိုဖူးတွေ့နိုင် ရန် ၂လက်မလောက် အပေါက်ဝိုင်းကလေးများ ဖောက်ထား၏။ အပေါက်ဝိုင်းကလေးကို မှန်ကဲ့သို့သော အကြည်ချပ်တစ်မျိုးဖြင့်ဖုံးထား၏။ မှန်တော့ဟုတ်မည်မထင်ပေ။ ဓါတ်တော်ကြုတ်များက ရွှေကြုတ်များဖြစ်ကြပြီး ပတ္တမြား၊ မြ၊ စိန်၊ ကျောက်ရတနာများ အပြည့်စီထား၏။ ဓာတ်တော်များကလည်း တဖြတ်ဖြတ်နှင့် ကွန့်မြူးနေကြ၏။ ဤကဲ့သို့ အာရုံစူးစိုက်ပြီး သေသေချာချာဖူးနေစဉ် ရေကန်ကြီးထဲမှ ရေသည်တဖြည်းဖြည်း မြင့်တက်လာ၏။ ကျွန်ုပ်သည် အံ့အားသင့်စွာကြည့်နေမိ၏။

ထိုအခိုက် ကျွန်ုပ်ကိုခေါ်လာသော ဘုန်းတော်ကြီးက ကိုယ်တော်အဲဒီ ကန်ကြီးထဲကရေက ပင်လယ်ရေကိုယ်တော်။ ပင်လယ်ရေကြောထိအောင် အုတ်မြစ်ချပြီး ဤကဲ့သို့ ဒီရွှေတိဂုံဘုရားကြီးကို တည်ထားတာကိုယ်တော်။ ဒီရေတက်ရင် ပင်လယ်ရေကတိုးလာလေတော့ ရွှေလှေကလေးမြင့်တက်လာတယ်။ ကျသွားလျှင် ခုနင်ကတွေ့ရသလို တည်ငြိမ်နေတယ်ကိုယ်တော်။ ရေတက်ရေကျနှင့်ချိန်ပြီး အုင်မြစ် ကန်နခမ်း စီထားတာကိုယ်တော်။ ရှေးပညာရှိကြီးတွေ အလွန်တော်တယ်ကိုယ်တော်လေး - မှန်လှပါ ဘုရား၊ အံ့ဩလို့မကုန်နိုင်ပါဘူး။ ကိုင်း . . ကိုယ်တော်လေး ဆံတော်၊ ဓာတ်တော်များကို အာရုံပြုပြီး ပုတီး ၂၇ပတ်စိပ်ပါ။ ကောင်းလှ ပါပြီဘုရား။

ကျွန်ုပ်လည်း အရဟံသိဒ္ဓိ ၉ပတ်၊ ဝိဇ္ဇာစရဏ သမ္ပန္နော သိဒ္ဓိ၉ပတ်၊ သမ္မာသမ္ဗုဒ္ဓေါသိဒ္ဓိ ၉ပတ်၊ သုဂတောသိဒ္ဓိ ၉ပတ်၊ လောကဝိဒူ သိဒ္ဓိ ၉ပတ် ပေါင်း ၄၅ပတ်၊ ဘုရားဝါတော်အရ စိတ်လိုက်ပါတော့၏။ ကျွန်ုပ်လည်း ပုတီးပတ်ပြီးလို့ မေတ္တာပို့အမျှဝေလိုက်ရော ဌာပနာတိုက်အတွင်း ပုတီးစိပ်နေကြသောရသေ့ ယောဂီ၊ ဘိုးတော်တို့၊ အရှင်မြတ်တို့၊ အရှင်သူငယ် တို့မှမကျန် သာဓုခေါ်ကြပြီး အောင်ပါစေ . . အောင် ပါစေ . . အောင်ပါစေ ဟု သုံးခွန်းကောင်းချီး ပေးကြလေ၏။ ထိုအခါ ကျွန်ုပ်ခေါ်လာသောဘုန်းတော်ကြီးက သုံးနာရီထိုးတော့ မယ်လာပြန်ကြစို့ဆိုပြီး ကျွန်ုပ်ကိုခေါ်သဖြင့် ကျွန်ုပ်လည်း ထလိုက်ခဲ့၏။ ဆံတော်တိုက် ထဲမှလည်း ထလိုက်ရော ကျွန်ုပ်အိပ်ယာက နိုးလာ၏။ ကျွန်ုပ်လည်း စဉ်းစားခန်းဝင်ပြီး အိပ်မရတော့ပေ။ ဘုရားရှိခိုးပုတီးစိပ်ပြီး ဤမှတ်တမ်း ကိုရေးလိုက်ပါ၏။

၁၃၂၉ - ပြာသိုလဆုတ် ၂ရက် - သုဂတော ငါးချက် ရေဓါတ်ပြီးမြောက်ကြောင်း ကြီးငါးကြီးကို လျှောက်ထားပြီး မေတ္တာပို့အမျှဝေ၏။ ပုထိုးတော်ကြီးဘုရားတွင် ညဉ်နာရီမှာ အမျှဝေသောအခါ ခရုသင်းအသံ များကြားရ၏။ ပြာသိုလဆုတ် ၃ရက်၊ ဗုဒ္ဓဟူးနေ့နံနက် အာရုဏ်တက်အချိန် ကျွန်ုပ်၏

စွယ်တော်၊ ဓာတ်တော်တိုက် ဓာတ်ခန်းထဲတွင် လေဓါတ်အဓိဋ္ဌာန်တက်၏။ ဓါတ်ခန်းထဲ ၁၀၈ပတ်စိပ်ပြီး နံနက် ၆နာရီ မိုးမလင်းတလင်း တောင်မင်းကြီးဘုရားသွားပြီးလေဓာတ်တက်ကြောင်း လျှောက်ထား အဓိဋ္ဌာန်ပြုပြီး ပုတီး၄၅ပတ်စိပ်လေသည်။ စိပ်နေတုန်းအတွင်းမှာ လူနှစ်ဆယ်ကျော်လောက် လက်ခုပ်တီး သောအသံများ အနှေးတီး၊ အမြန်တီးကြားရ၏။ လေချွန်သံများလည်း ကြားရ၏။ တောင်မင်းကြီးဘုရား တန်ဆောင်းပေါ်ကလည်း မိုးရွာသလိုအသံများကြားရ၏။ ကျွန်ုပ်ပုတီးအပတ် ၄၀မှ အသံများ တိတ်သွား၏။ ၄၅ပတ်ပြီးလျှင် မေတ္တာပို့အမျှဝေပြီး နှစ်ကျိပ်ရှစ်ဆူ သတ္တဋ္ဌာန ဘုရားများ၌ သုံးပတ်စိပ်ပြီး သမ္ဗုဒ္ဓေနှင့် အောင်ခြင်းရှစ်ပါးဘုရားများ၊ ဆုတောင်းပြည့်ဘုရားများကိုလည်း သုံးပတ်စိပ်ပြီး လေဓာတ်အဓိဋ္ဌာန် တက်ခဲ့၏။


ည ပုထိုးတော်ကြီးသွား၍စိပ်၊ ရွှေဂူကြီး၊ အောင်မြေ၊ နဂါးရုံ ကြေးဘုရားကြီးထဲတွင် လေဓါတ် တက်ကြောင်း အဓိဋ္ဌာန်လျှောက်ထား၏။ ပုတီး ၂၇ပတ်စီစိပ်ခဲ့၏။ ပြာသိုလဆုတ် ၄ရက် - ကြာသပတေးနေ့ ပုထိုးတော်ကြီးဘုရား၌ ပုတီးစိပ်နေသောအခါ သစ်စက်နှင့် ရိုက်သောအသံ လေးငါးဆယ်ချက်လောက် ကျွန်ုပ်၏ရှေ့တည့်တည့်မှ ကြားရ၏။ ပုတီးစိပ်လို့ပြီး၍ ထလိုက်တော့ ပိတုန်းတစ်ကောင်တွေ့၏။ ည အိပ်မက်- ဘုန်းတော်ကြီးတစ်ပါးထံမှ သင်္ကန်းကိုယူဝတ်လိုက်၏။ ကျွန်ုပ်ဝတ်လိုက်လျှင်ဘဲ အညိုရောင် ပေါ်မှာ အနီရောင်၊ အဝါရောင်သန်းလာ၏။ အရောင်များလှိုင်းထသလိုဖြစ်နေ၏။ သင်္ကန်းကိုရုံလိုက်၏။ တိုနေ၏။ လက်လိပ်တင်လိုက်တော့ လက်လိပ်ကမရှိတော့ပေ။ လက်လိပ်မရှိဘဲနှင့်ရုံထား၏။ တိုနေ၏။ ထိုင်တော့လည်း ကိုယ်ရုံက ဒူးမလုံဘဲဆွဲချရ၏။ ဆွမ်းစားသွား၏။


**ကောက်ချက်။** ။ လေဓါတ်နိမိတ်တော့ ပြပြီးသော်လည်း မလုံလောက်သေးကြောင်းဟု ကောက်ယူ၏။

နံနက်အာရုဏ်ပုတီးစိပ်၊ ပြာသိုလပြည့်ကျော် ၅ရက်၊ အဓိဋ္ဌာန်နှင့် ဘုရားများ၌ သွား၍ပုတီးစိပ်၏။ ည အိပ်မက်သည်မှာ အဆောက်အဦးကြီးတစ်ခုအဝင်ဝ မြောက်ဘက်လမ်းဖောက်နေ၏။ အနောက်ဘက် က ကာထားသော တိုင်လည်းနုတ်ထား၏။ ဦးကုသလဆိုသောဘုန်းကြီးက လမ်းခင်းတာခြင်းတူတော့ မြေလမ်းမခင်းဘဲ နှင့် ထွက်ရလမ်းခင်းပေါ့ဟုပြော၏။ ကျွန်ုပ်လည်း သူပြောသောအတိုင်း ထွက်ရလမ်းခင်း ရန်ဆုံးဖြတ်ပြီး လျှောက်လာ၏။ လမ်းတွင် ဘုန်းကြီးတစ်ပါးက အင်းချထားသော အထုပ် တစ်ခုပေး၏။ ဖြည်ကြည့်လိုက်တော့ အုဋ္ဌနီခဲ အသွေးတစ်လက်မလောက် အလိပ်တိုင်လေးများ ၄၀ - ၅၀လောက်ရှိ၏။ ဒန်ဖလားထဲရေထည့်ပြီး ထိုအင်းများကို စိမ်စားဖို့ပြော၏။ သုံးခုလောက်စားလိုက်၏။ ပဲဆုပ်စားရသလို အရသာရှိလှပေ၏။ တစ်ခါတည်းစားလျှင် ကုန်မည်ထင်၏။ သို့သော် သုံးခုသာစား၏။ ကျန်အင်းများ ယူခဲ့၏။ ကျွန်ုပ်၏ အရပ်ဖက်လျှောက်လာ၏။ ဖြောက်စိပ်ပင် နားရောက်တော့လည်း ပိတ်နေ၍အတော် ရှင်းလင်းလာခဲ့ရ၏။ အတော်ပွင့်အောင်ဖွင့်ရ၏။ အိမ်ရောက်တော့ တရားနာ၊ သီလယူနေကြ၏။ သီလရှင် ကြီးတစ်ပါးက ဝတ္ထုနှစ်ခုပေး၏။ ဘာရယ်လို့မသိ၊ ထိုကမှ သီလပေးနေတာနှင့် မဝင်တော့ဘဲ တောင်လေး လုံးဘက် လျှောက်သွား၏။ သမ္ဗုဒ္ဓေဘုရား ထုံးသင်္ကန်းကပ်နေတာတွေ့ရ၏။ သာဓု ခေါ်၍ ပုတီးစိပ်၍ ပြန်နိုးလာ၏။

ပြာသိုလပြည့်ကျော် ၇ရက်ည - ပုထိုးတော်ကြီးဘုရား ပုတီးစိပ်ရာတွင် ကျောနောက်က ငှက်ကြီးတစ်ကောင် ပျံသွားသောအသံကြားရ၏။ ပုတီးစိပ်ပြီး၍ မေတ္တာပို့အမျှဝေသောအခါ ည ၉နာရီထိုးသံကြားရ၏။ ဂူကြီးဘုရားဝင်ပြီး ပုတီး ၂၇ပတ်စိပ်ပြန်၏။ ည ၉နာရီခွဲပြီး၏။ မေတ္တာပို့အမျှဝေပြီး ထလာသောအခါ ပန်း ပေါ်မှ စမ ရှင်သီဝလိပုံနှင့် စမရှင်ဥပဂုတ်ပုံတော် နှစ်ချပ်ကျလာ၏။ ကျောင်းရောက်တော့ ထိုပုံတော်များကို ရေးကူးပြီးမှတ်ယူကာ သောက်ချလိုက်၏။ တစ်ကိုယ်လုံးပေါ့နေ၏။ ၃ ရက်လောက် ပေါ့ပါးနေ၏။ တော်တော်အစွမ်း ထက်ကြောင်းမှတ်ချက်ချထား၏။ ပုံတော်များ အောက်တွင်ကြည့်ပါ။

**မဟာဒိဗ္ဗနာယက – အရှင်သီဝလိထေရ်**





ပြာသိုလဆုတ် ၈ရက် - ၉ရက် အမိဌာန်တိုင်း ပုတီးစိပ်၊ ညပုထိုးတော်သွား၏။ ပြာသိုလပြည့်ကျော် ၁၀ရက် - နံနက်အာရုဏ်ကထပြီး တောင်မင်းကြီးဘုရားဖူးသွား၍ ပုတီးစိပ်၏။ ပုတီးစိပ်ပြီးကာနီးဆာလာ၏။ စားစရာတောင့်တမိ၏။ မေတ္တာပို့အမျှဝေပြီးထလိုက်တော့ ဘေးနားမုန့်ထုပ်တစ်ထုပ်ရ၏။ ၄င်းမုန့်ထုပ်သည်စားလို့တော်တော်အရသာထူး၏။ မကုန်နိုင်၍ယူလာပြီး ဦးစီအိမ်နှင့်တူမောင်း စွန်းလွန်းရိပ်သာက သီလရှင်နှစ်ပါးသုံးပါးပေး၏။ သူတို့ တစ်သက်လည်း ထိုမုန့်မျိုးမတွေ့ဖူးကြောင်းလျှောက်ကြ၏။ ည ပုထိုးတော်ကြီးသွားပုတီးစိပ်၏။ ၁၀နာရီပြန်၏။ ၁၂နာရီ အိပ်မက်မက်၏။ ပေ၃၀၀လောက်ရှိသော အုတ်ခုံကြီးဘေးနားမှာ ဘေးဘက်နားတွင် ရေတွင်းလေးတစ်ခုရှိ၏။ ရေတွင်းအဝိုင်းမှာ သုံးတောင်လောက်ကျယ်၏။ ထိုတွင်းလေးကို လူများရေဝိုင်းခပ်နေကြ၏။

ကန်သာယာသီချင်း ဟုလည်းကြားရ၏။ မြောက်ဖက်ကလည်း ကန်သာယာ သီချင်းသံကြားရ၏။ ထိုကျယ်ပြန့်သော အုတ်ခုံကြီးအတွင်းမှာ ရေကန်လေးများ အစီအရီနှင့် ပြုလုပ်ကြ၏။ တစ်ချို့မှာထိပ်ချွန်း ရေကန်များဖြစ်ကြ၏။ သုံးခုလောက်ပါ၏။ ငါးမူးလောက်အလယ်ကအပေါက်နှင့် ရွှေရောင်အပြားကလေး တစ်ခုရ၏။ ထိုရွှေပြားလေးနံဘေးတွင် ၁၂၈၇ခု တပို့တွဲလဆန်း ၁ရက်၊ ဗုဒ္ဓဟူးသား နံနက် ၉နာရီဖွားဟူသော

တလုံးလေးများ ပီသစွာပါ၏၊ ကျောမျက်နှာက စဇဗဝ - ငှသညက - လတမစ - နဗမဝ ဤအက္ခရာများပါ၏၊ ကျွန်ုပ်သည်အံ့ဩစွာနှင့်ကြည့်ပြီး ကောက်ယူလိုက်၏။ ထိုအချိန် ကောင်းကင်က အသံတစ်သံကြားရ၏၊ ပေါက်ပြီ . . ပေါက်ပြီ . . ပေါက်ပြီ ဟုအော်သောအသံကြား၏။ ကျွန်ုပ်လည်းနိုးလာ၏။ ဤအိပ်မက် မှတ်တမ်းတင်လိုက်၏။

မြာသိုလပြည့်ကျော် ၁၃ရက် - စနေနေ့ည ပုထိုးတော်ကြီးသွားပြီး ပုတီးစိပ်ရန် ပရိက်ပြုလိုက်သောအခါ မနေ့ကစနေနေ့ထောင့် စေတီမြောက်ဘက်နားကမြင်ရ၏။ ဒီကနေ့လည်း အနားကမြင်ရ၏။ ပုထိုးတော်ကြီးအထက်ဆုံး ပစ္စယံစနေစေတီမြောက်ဘက်ဘေးကကြည့်တော့ ဂူကြီးဘုရား စေတီတောင်ဘက်ဘေးက လှိုင်ထဲက မြင်နေရတာဖြစ်၏။ မြင်ရပုံမှာ ၎င်းလှိုင်ထဲမှ အောက်လင်းဓာတ်မီးထိုးထားသလို စိမ်းကြည်သော အလင်းရောင်ထဲမှာ လူဖြူဖြူကြီးတစ်ယောက် ထိုင်နေသလိုမြင်ရ၏။ ဦးစီလည်းမြင်ရ၏။ ပုတီးစိပ် ပြီး၍ မေတ္တာပို့ အမျှဝေပြီးတော့ ကြည့်တော့လည်းမြင်နေရသေး၏။ ကျွန်ုပ်ဦးစီကို လူဖြူဖြူကြီးတစ်ယောက် ထိုင်နေကြောင်း တောင်ဖေ့နှင့်ထိုးပြတော့ မှိန်လိုက်လင်းလိုက် နှစ်ခါဖြစ်သွား၏။ အံ့ဩဖွယ်ကောင်းလှပေ၏၊

ထိုနေ့က တောင်ကြီးရပ်က ရွှေရင်းရဲဘုရား၊ အောင်ချမ်းသာဘုရားတို့ကို ပန်းပဲ - မသန်းငွေအိမ်ဆွမ်းစားသွားရင် ပုတီး၉ပတ်စီစိပ်ခဲ့၏။ အဓိဋ္ဌာန်ပုတီး စိပ်၏။ ပြာသိုလပြည့်ကျော် ၁၂ရက်နေ့က မြင်ရသောအလင်းရောင်ကြီးမှာ ယနေ့ပြာသိုလကွယ်နေ့အထိ မြင်ရတုန်းဖြစ်၏။ ထိုအလင်းရောင်ကို သဲသဲကွဲကွဲမြင်နိုင်ရန် မှန်ဘီလူးပြောင်းယူသွားရာ ဖယောင်းတိုင်မီးအား အောက်မြင်ရတော့၏။ မှန်ပြောင်း ယူသွားလို့ ဤကဲ့သို့ဖြစ်တာပဲဟု ယူဆ၏။ မှန်ပြောင်းနှင့်ကြည့်သောအခါ ဘိုးတော်ပုံနှင့် မိန်းကလေးတစ်ယောက်ပုံ ပီပီသသမြင်နေရ၏၊ ဆန်းပြားကျယ်သည်က ရွှေရောင်လုံချည်များ ဖြစ်နေသောကြောင့်ပင်။

၁၃၂၉ခု - တပို့တွဲလဆန်း ၁ရက် - အင်္ဂါနေ့ ကျွန်ုပ်၏မွေးနေ့ ၄၂နှစ်ပြည့်သောနေ့ဖြစ်သောကြောင့် အပိုနှင့်တကွ ပုတီး ၄၅ပတ်စီ ကြီးငါးကြီးဘုရားများကို ပုတီးစိပ်၏။ နေ့ သံဃာတော် ၄၅ပါးလှူက်ရည်တိုက်၏၊ မုန့်ငါးမျိုး၊ လှူက်အချိုတို့ဖြင့် ဒါနပြု၏။ သက်န်းလာတောင်းသော မုံရွာကကိုယ်တော်တစ်ပါးကို ပေါ်ပလင်သင်းပိုင်ပေးလိုက် ၏။ ညပုထိုးတော်ကြီးဘုရားမှာ မီးတစ်ထောင် လှူဒါန်း၏။ ဂူကြီးဘုရားတောင်ဘက်မုခ်ထဲက မီးရောင်သည် မာကျူရီ မီးကဲ့သို့ ပိုပြီးလင်းလာ၏။ ကျောင်းသို့ ည ၁၀နာရီခွဲပြန်၏။ ကျောက်ဖယောင်းတိုင်ကြီးသုံးတိုင်ပူဇော်ပြီး မိုးအလင်းပုတီးစိပ်၏။

တပို့တွဲလဆန်း ၂ရက်- ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှအိပ်ပြီး ၉နာရီထ၍ မျက်နှာသစ်ပြီး ဆွမ်းစား၍ ကြီးငါးကြီးဘုရားများ တစ်နေကုန်ပုတီးလိုက်စိပ်၏။ ညပုထိုးတော်ကြီးဘုရားသွားစိပ်၏။ ဂူကြီးဘက်က အလင်းရောင်ကြီး မြင်ရခိုက်ပင်၊ ပုထိုးတော်ကြီးမှာ ပုတီးစိပ်လို့ပြီးခါနီးမှာ ကြိမ်ဝင့်သံကြားရ၏။ အကြိမ်ပေါင်းများစွာကြားရ၏၊ တပို့တွဲလဆန်း ၄ရက် ည ပုထိုးတော်ကြီး၌စိပ်တော့ ဂူကြီးဘက်က အလင်းရောင်မြင်ရတုန်းဖြစ်၏၊ တပို့တွဲ လဆန်း ၅ရက်နေ့စိပ်သောအခါ မမြင်ရတော့ပေ။ တပို့တွဲလဆန်း ၇ရက်နေ့ ပုထိုးတော်ကြီးစိပ်သောအခါ ဂူကြီးဘုရားဘက်က အလင်းပေါ်လာ၏။ သို့သော် ကျယ်ကျယ် ပြန့်ပြန့်မဟုတ်တော့ပေ။ ၃ပေပတ်လည်လောက်မြင်ရတော့၏၊

တပိုတွဲလဆန်း ၈ရက် အင်္ဂါနေ့တွင် ငြိမ်းချမ်းရေးဘုရား၊ ဆင်နှင့်ညီတော်အာနန္ဒာ ရုပ်ပုံတော်ပြုလုပ်ရန် ကိုဉာဏ်ကိုစရံအဖြစ် ငွေ ၆၀ပေးလိုက်၏။ ည ပုထိုးတော်ကြီး၌ ပုတီးစိပ်နေသောအခါ အလင်းရောင် မြင်ရသေး၏။ တပိုတွဲလဆန်း ၈ရက်နေ့မှာ လေဓာတ်ဖြူး၍ ၉ရက် ဗုဒ္ဓဟူးနေ့တွင် မီးဓာတ်တက်၏။ ၁၀ရက် ကြာသပတေးနေ့ ၉နာရီအချိန် ဆင်နှင့် ရဟန္တာ ပန္နက်ချ၏။ ညပုထိုးတော်ကြီး၌ပုတီးစိပ်၏။ အလင်းရောင်မတွေ့တော့ပေ။ တပိုတွဲလပြည့်နေ့ မိုးကျသဖြင့် ညပုထိုးတော်ကြီး၌ ပုတီးစိပ်ရာတွင် သိမ်ထဲက စိပ်ရ၏။ ပုတီးစိပ်နေတုန်း ခြေသံကြားရ၏။ ပုတီးစိပ်ပြီးလျှင် ခြေသံကြားရသောဘက်သို့ လိုက်ရှာကြည့်တော့ သလဲသီးတစ်ခြမ်းတွေ့၏။ ကျွန်ုပ်၏ရှင်အမ အရိုးသေကြောင်းလာပြတာဖြစ်၏။ သူ့ရဲ့ ဘုမ္မိအရပ်က ရခြင်းကြောင့် သူလဲပြီလို့ကောက်ယူရန် သလဲသီးခြမ်းလာချသွားတာဖြစ်၏။ ကျောင်းရောက်တော့ ကျွန်ုပ်တွေ့ရတဲ့အတိုင်း ဟုတ်မဟုတ် စုံစမ်းကြည့်၏။ ယနေ့ ည ၈နာရီလောက်က သေဆုံးသွားကြောင်း တွေ့ရ၏။ ကျွန်ုပ်ကုသိုလ်ကောင်းမှုများကို အမျှပေးဝေလိုက်၏။ တပိုတွဲလပြည့်နေ့ ၂ရက် ကြာသပတေးနေ့ အရိုးအသုဘသံယာစာရင်းကို မိမိလှူပေး၏။

ည-ပုထိုးတော်ကြီး၌ပုတီးစိပ်သွား၏။ ကြိမ်ဝင့်သံရှင်းကနဲနှစ်ခါမည်၏။ ညအိပ်မက် ဘိုးတော် ၂ယောက်ကခါတ်လုံးကပေါက်အုံးမှာပါလို့ပြောပြီးကျွန်ုပ်၏လက္ခဏာများကြည့်ကြ၏။ ရှေ့အသက်၇၀-၈၀ လောက်မှာအလွန်ကောင်း၏။ ဝရစုတ်၊ အမြိတ္တစုတ်၊ လာဘစုတ်များနှင့် ပြည့်စုံနေ၏။ ၉၀ထိကောင်း၏ ဟုပြောပြီးနောက်သုံးခါကျန်သေတယ် ကြိုးစားပါလို့ပြောသွား၏။ ထူးဆန်းတာမတွေ့ရပေ။ ညအိမ်မက်၏ ကျွန်ုပ်ဒကာအိမ်အနောက်ဘက်ကထူးခြားဆန်းကြယ်လှသော မဏ္ဍပ်ကားများတွေ့ရ၏။ ကျွန်ုပ်ထိုင်နေသော ဘေးမှာလည်း၆-လက်မလောက် ၅ လက်မလောက် ပယင်းရောင်အသွေး ရထားများတွေ့ရ၏။ နောက်ရထား၃ စင်းလောက်တောင်ပံမပါသောလေယာဉ်ပျံပုံ မီးရထားများ ဖြစ်၏။

ကျွန်ုပ်ကဒါတွေက ဘာလဲလို့မေးတော့ အရှင်ဘုရားသုံးရန်ရထားများပါ။ အနောက်တိုင်းက ကဇက်ပလိန်းဆိုတာထက် အဆ ပေါင်းများစွာ ပျံပါတယ်လို့လျှောက်၏။ ကျွန်ုပ်လည်း အစမ်းစီးသွား၏။ တိမ်တိုက်ထဲ ထိုးတက်သွားပြီး နောက် နတ်ပြည်ရောက်သွား၏။ ဆန်းကြယ်သော ဘုံဗိမာန်များတွေ့ရ၏။ နတ်သမီးများက "သူတို့ဘုံလာ ခဲ့ပါ၊ ငါတို့ဘုံလာခဲ့ပါ" စသည်ဖြင့် ထွက်ခေါ်ကြ၏။ သကြားမင်းကြီး ဘုံနန်းရောက်တော့ ထွက်ကြိုပင့် ဆောင်၏။ ကျွန်ုပ်လည်းလိုက်သွား၏။ တရားဟော၏။ လူ့ပြည်ပြန်ပို့၏။ အလိုရှိသောအခါ ကူညီရန် အသင့်ရှိကြောင်းပါဘုရား ဟုလျှောက်၏။ သာဓုခေါ် လိုက်၏။

၁၃၂၉ ခု တပို့တွဲလပြည့်ကျော် ၈ ရက် ဗုဒ္ဓဟူးနေ့ နေ့လည်လျောင်းနေခိုက် ဘုန်းကြီး ၂ပါးရောက်လာ၏။ တစ်ပါးက ထွားထွားအရပ်ရှည်ရှည် မျက်စိမှေးမှေး တစ်ပါးကငယ်ငယ် ၁၆- ၁၇ နှစ်လောက်ရှိမည်ထင်၏။ သေးသေးသွယ်သွယ် ကြည့်ကောင်း၏။ ထိုဘုန်းကြီး ၂ပါးမှ မြောက်ဘက် ခေါက်တံခါးဘက်က ဝင်၏။ ကျွန်ုပ်လျောင်းနေသော ဖျာအနောက်ဘက်ကခင်းထားသော ဖျာပေါ် ထိုင်နေကြ၏။ ထွားသော ဘုန်းကြီးကပြောသည်မှာ . . ကျော်အောင်စံထား ဆရာတော်ရှာလိုက်ရတာ အခုမှတွေ့တော့တာဘဲ အငယ်ဘုန်းကြီးကပြော၏။ ဟုတ်ပါဘုရား . . တပည့်တော်တို့ သပိတ်သွတ်လာရင်း စကားစပ်ကြလို့ ဝိဇ္ဇာဝိဂန္ဓက ပြောလို့တာပေ့။ ဤကဲ့သို့ သူတို့နှစ်ပါး ပြောပြောဆိုဆိုနှင့် ကျွန်ုပ်၏ ခြေရင်းဘက်ထသွားကြပြီး ခြေဖဝါးစမ်းကြည့်ကြ၏။ သုံးသပ်ကြည့်ကြ၏။ လက်များလည်း စမ်းသပ်ကြည့်ကြ၏။

ကျွန်ုပ်သည် ထိုပုတီး၂ပါးကို အာရုံမလပ် မျက်စိမှိတ်ပြီး စိတ်စိုက်ထားကာ ရှိနေရ၏။ မထေရ်ကြီးက ပြောသည်မှာ ဒီလိုပုံမျိုးကတော့ ပေါက်မြောက်မှာဘဲ။ ခန္တီကတယ်ရှိသကိုး ဉာဏ်လည်းကြီး လှပါပေတယ် ၅၀ - ၆၀ မှာ အလွန်ထင်ပေါ်မယ်။ ယခုအောင်မြင်တဲ့ မဟိဒ္ဓိစခန်း ထက်သာပြီး အထူးဝိသေသတန်ခိုးတွေနှင့် ပြည့်စုံဦးမယ်။ မာန်မရှိတာကိုက ဒီဘုန်းကြီးအတွက်အလွန် တက်လမ်းကောင်းတယ်။ မောင်ရှင်ငယ် အရာရာမှာ ကျော်အောင်စံထားကို ကူညီစောင့်ရှောက်နော်။ အရေးကြီးခွင်ကျယ်ကြမှ ငါ့ကိုအကူအညီတောင်း . . . မှန်လှပါအရှင်ဘုရား။ ဤကဲ့သို့ သူတို့အချင်းချင်း ပြောဆိုနေကြတော့မှ ရှင်ကြီး ရှင်ငယ် ဖြစ်ကြောင်းကျွန်တော်မှတ်ချက် ချလေ၏။ ကျွန်ုပ်ကိုဝတ်ချ မြောက်ဘက်ပေါက်က ပြန်ထွက်သွားကြ၏။

တပို့တွဲလပြည့်ကျော်၁၀ ရက် သောကြာနေ့ည ပုထိုးတော်ကြီး၌ပုတီးစိပ်ပြီးသောအခါ အရှေ့အရပ်က၃ လက်မလောက် ဖြူ ဝါရောင် ကြယ်သဏ္ဍာန်မှုန်ပျပျမြင်ရ၏။ ခပ်ရေးရေး မြင်ရပြီး ပျောက်သွားလိုက် ပြန်ပေါ်လာလိုက် တော်တော်ကြာကြာ မြင်ရ၏။ ဦးစီနှင့် ကြည့်နေကြ၏။ ကောင်းကင်မှာလဲ မိုးသားတိမ်များကင်းစင်နေ၏။ တပိုတွဲလပြည့် ကျော် ၁၁ရက်နေ့မှာလည်း ကောင်းကင်က ဓါတ်လုံး ၂လုံးချသံကြားလိုက်ရ၏။ ကျွန်ုပ်ဓါတ်ခန်းထဲတွင် စိပ်နေတုန်းဖြစ်၏။ ပုတီးပြီး၍ကြည့်လိုက်တော့ ငွေရောင်တစ်လုံး ရွှေရောင်တစ်လုံး ၂လုံးတွေ့၏။ ၂ရက်လောက်ဆောင် ထားပြီး ဥနဝင်းစေတီထဲ ဌာပနာလိုက်၏။

၁၃၂၉ခု၊ တပိုတွဲလပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့ ည ပုထိုးတော်ကြီးဘုရား၌ ပုတီးစိပ်၏။ စိပ်စကပင် ကြေးစည်အသေး၊ အလတ်၊ အကြီးအသံများကြားရ၏။ ပြီးသည်ထိအောင်ကြားရ၏။ အောင်ပြီ . . အောင်ပြီ . . အောင်ပြီ ဟုလည်း ကျွန်ုပ်တို့ပုတီးစိပ်နေသော မြောက်ဘက်ကောင်းကင်ထက်လည်း ကြွေးကြော်သံကြားရ၏။ မီးပုံထင်း ၄၅၀ လည်း ပူဇော်ခဲ့၏။ဤနေ့သည် ကြီးငါးကြီး အဓိဋ္ဌာန်ရက် ၉၀ ပြီးစီးအောင်မြင်သောနေ့ဖြစ်ပေ၏။ ညအိပ်မက် - ဝတ်ဖြူစင်ကြယ်နှင့် ဘိုးတော်တစ်ပါး လာ၍ကြီးကိုးကြီး သိဒ္ဓိတင်ပြီး သိမ်းပါလို့ပြော၏။ ကျွန်ုပ်က ကြီးကိုးကြီးက ဘယ်ဘုရားများပါလဲလို့ မေးတော့ ဘိုးတော်က ရေတွက်ပြ၏။

၁။ မဟာမြတ်မုနိ ဘုရားကြီး (မန္တလေး)

၂။ ရွှေဂူကြီး (ပုဂံ)

၃။ ကောင်းမှုတော်ကြီး (စစ်ကိုင်း)

၄။ ငါးထပ်ကြီးဘုရား (စစ်ကိုင်း)

၅။ ကျောက်တော်ကြီး (မန္တလေး)

၆။ ဗျာဒိပ်ပေးကိုယ်တော်ကြီး (မန္တလေး)







၇။ ကျေးဘုရားကြီး (စစ်ကိုင်း)


၈။ ကိုးထပ်ကြီးဘုရား (ရန်ကုန်)

၉။ ဆယ်ထပ်ကြီးဘုရား (ပြည်မြို့)

ဤဘုရားကြီးများ၌ ကြီးကိုးကြီး ၁၀ဂပတ်စီ ဂုဏ်တော်ကိုးပါးကို သိဒ္ဓိတင်ပြီးစိပ်ပါ။ အဲဒီကရုတဲ့ ပစ္စည်းများကို သိဒ္ဓိအမွေအနှစ်များအဖြစ်ဆောင်ထားပါ။ မည်သည့်အန္တရာယ်မျှ မပြုလုပ်နိုင်တော့ဘူး၊ ကောင်းပါပြီဘိုးတော်ဟု ကျွန်ုပ်ကဝန်ခံလိုက်၏။

၁၃၂၉ခု - တပိုတွဲလဆုတ် ၁၄ ရက် - လကွယ်အင်္ဂါနေ့ မဟာမြတ်မုနိဘုရား အာရုဏ်သွား၍ ပုတီးစိပ်၏။ ၁၀၈ပတ် အဓိဋ္ဌာန်စိပ်၏။ စိပ်နေတုန်း ဘုန်းကြီးတစ်ပါး အနားရောက်လာပြီးထိုင်စိပ်၏။ ကျွန်ုပ်စိပ်ပြီးသောအခါ ထိုဘုန်းကြီးကလည်းပြီး။ သူကစပြီးစကားပြောသည်မှာ - ကိုယ်တော်၊ ပုတီးစိပ်တာ တော်တော်ပေါက်မြောက်နေပြီကိုး - ကိုယ်တော်ကိုဘယ်လိုရန်မှမပြုနိုင်အောင် ဤဝါကြိပ်လိနိစမများ ၉အင်းစီချသောက်ကိုယ်တော်၊ ကိုယ်တော်စိပ်သည့် ဂါထာ ၁၀၀၀ မန်းသောက်ကိုယ်တော်၊ ကိုင်း - ရေး ရေးကိုယ်တော် ။



ဤဂူမိုးကို ဇအင်းစိချသောက်ကိုယ်တော်လေး . . . ပီယ - ကာယ - ဓန အောင်မြင်ပြီး မဟိဒ္ဓိရှင်အဖြစ်သို့ ရောက်ရှိရတယ်ကိုယ်တော် - ယုံယုံကြည်ကြည်နှင့် သောက်ပါ။ ငါးပါးသီလလုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ပါ၊ ပရိတ်နေ့စဉ်ရွတ်ဖတ်ပါကိုယ်တော်လေး၊ သုံးသုတ်အမြဲရွတ်ပါ. . . ကောင်းပါပြီရွတ်ပါမယ်ဘုရား။ လက်ဝါးဖြန့်ဆိုပြီး စမရိုက်ပေး၏။ တပေါင်းလဆန်း၁ရက် နေ့မှစပြီး ၃ရက်တိုင်တိုင် အမရပူရ ရွှေဂူကြီးဘုရားမှာ၁၀၈ပတ်စိပ်၏။ ည၇နာရီ ကျောင်းက သွား၍ ၇နာရီ ၃၅မိနစ်လောက် ရွှေဂူကြီးဘုရားရောက်၍ ရှိခိုးပရိက် ပြီး ရှစ်နာရီလောက် ပုတီးထိုင်စိပ်၏။ နောက်ဆုံးဖြစ်သော တပေါင်းလဆန်း ၃ ရက်နေ့မှာ ဘုန်းကြီးတစ်ပါးနှင့်တွေ့၍ အောက်ပါအင်္ဂုရ နည်းများကိုပေးသွား၏။

၁။ ကန့် ၁၀ သား

၂။ ဆား ၁၀ သား - ဤနှစ်မိုးကို ရေနှင့်သမအောင်မွှေပြီး မီးရှို၊ အမှုန့်ယူပြီး သွပ်အရေဖြစ်သော အခါဖြူ၊ မပြတ်အောင် မီးထည့်မွှေပေး၊ သုံးလလောက်လုပ်၊ အဝါလမ်းဖြစ်၏။ သွပ်နှစ်ဆယ့်ငါးကျပ်သား အနည်းဆုံးလုပ်ပါ။ ဆေးမှုံ့ကုန်က ပြန်ပြီးလုပ်ထားပါ။ **သစ္စာကတိရှိပါစေ။ သာသနာပြုရေးအတွက်သာ၊ ကာမဂုဏ် ခံစားရေးအတွက်မဟုတ်။**

၁၃၂၉၃ - တပေါင်းလဆန်း၃ရက်နေ့ပိုင်းမှာ စာချပြီး ဦးစီနှင့်ကျောက်တော်ကြီးဘုရား ပုတီးသွားစိပ် သောနေ့ ၁ နာရီဖြစ်၏။ ပုတီးစိပ်စက စ၍ အဆုံးတိုင်အောင် ငှက်ကွက်များမြည်ကြ၏။ အပြန်တောင် မင်းကြီးဘုရား သွားစိပ်၏။ ည - ဂူကြီးသွားစိပ်၏။ အပြန်အောင်မြင်သောအထိမ်းအမှတ် အောင်မြေဘုရား ကိုးပတ်ဝင်စိပ်၏။ တပေါင်းလဆန်း ၄ရက်နေ့ တောင်မင်းကြီး ညသွားပြီးစိပ်၊ ၉နာရီမှပြီး၏။ ၁၀၈ ပတ်စိပ်၏။

တပေါင်းလဆန်း ၅ ရက်နေ့၊ ကောင်းမှုတော်ဘုရားကြီးသွား၏။ ဦးစီလည်းပါ၏။ မုံရွာရထားနှင့် ကိုးနာရီ မိနစ်လေးဆယ် အမရပူရ ဘူတာကထွက်၏။ ကောင်းမှုတော်ကြီးသို့ ၁၁ နာရီ ၁၀ မိနစ်ရောက်၏။ လှူက်ရည်သောက် ကြပြီး ပုတီးစိပ်၏။ နှစ်ချက်မတ်တင်းပြီး၏။ ၁၀၈ ပတ်စိပ်ကြ၏။ သုံးနာရီကောင်းမှုတော် ကြီးကပြန်ရာ လေးနာရီလေး ဆယ့်ငါးမိနစ်တွင် ကျောင်းရောက်၏။ မတ္တရာက ဘိုးတော်ကြီးတစ်ယောက် ကျောင်းရောက်နေ၏။ ဘိုးတော်ကလွှတ်လိုက် လို့ဟုပြော၏။ ကျွန်ုပ်ကိုဝတ်ချပြီး ငြိမ်းချမ်းရေးဘုရားကြီးကို လက်ယာရစ်လှည့်ပြီး ပုတီးစိပ်နေ၏။ အော်ပြီးစိပ်နေ၏။ သူစိပ်နေသောပုတီးမှာ -

၁။ အနေကဇာတိသံသာရံ (လ) ခယမဇ္ဈဂါ ၂။ အဝိဇ္ဇာပစ္စယသင်္ခါရာ(လ) သံဘဝန္တိ။

၃။ အဝိဇ္ဇာယတွေဝ - အသေသဝိရာဂနိရောဓါ- သင်္ခါရာနိရောဓေါ (လ) နိရုဇ္ဈန္တိ။

၄။ ဇယန္တော (လ) ပမောဒကိ။ ၅။ ဟေတုပစ္စယော (လ) အဝိဂတပစ္စယောတိ။

၄။ ယဒါဟဝေ (လ) သဟေတုဓမ္မံ

၅။ ယဒါဟဝေ (လ) ခယံ ပစ္စယာနံအဝေဒိ။

၆။ ယဒါဟဝေ (လ) မန္တလိက္ခံ။

၇။ ဣတိပိသော (လ) ဘဂဝါ။
၈။ သွာက္ခာတော (လ) ဝိညူဟိ
၉။ သုပ္ပဋိပန္နော (လ) လောကဿ
၁၀။ ယံဒုန္နိမိတ္တံ၊ ၃ပုဒ် - ဤကဲ့သို့ တနာရီလောက်ကြာအောင် ပုတီးစိပ်ပြီး ကျွန်ုပ်စီပြန်လာ၍ ဝတ်ချပြီး ပြောသွားသည်မှာ - ကိုယ်တော် မဟိဒ္ဓိစခန်းရောက်တဲ့ ပုဂ္ဂိုလ်တွေမှာ ဘုရားအနေကဇာကို အထူးတလည် မွှားများကြတယ်။ ကိုယ်တော်လည်း ရောက်နေရာတိုင်း အနေကဇာကိုမမေ့ပါနှင့်ဘုရား ကောင်းပါပြီ ဘိုးဘိုး။

တပေါင်းလဆန်း ၆ရက်နေ့ - နံနက် ၆နာရီရထားနှင့် စစ်ကိုင်း၅ထပ်ကြီးသို့သွား၍စိပ်၏။ ၁၀၈ပတ် ပုတီးစိပ်၏။ အရဟံသိဒ္ဓိ ၁၀၈ပတ်၊ လက္ခဏာရေးသုံးပါးတစ်ပတ်စီ၊ မရဏာ နုဿတိတပတ်စီစိပ်၏။ ၎င်းကပြီးတော့ ကျေးဘုရားကြီးခေါ် လောကချမ်းသာဘုရားကြီး၌ ၉ပတ်စိပ်၏။ ၎င်းကထူပါရုံ ၉ပတ် စိပ်၊ ၎င်းနောက်ဓါတ်ပေါင်းစေတီ ၉ပတ်စိပ်၏။ ၁၁နာရီ ၁၅မိနစ်၌ ဆွမ်းစား၍ လ္ဘက်ရည်သောက်ပြီး ကားစီး၍ ပြန်၏။ ကျောင်းသို့၁၂နာရီခွဲရောက်၏။

ကျောင်းမှာ ဘုန်းတော်ကြီးတစ်ပါးရောက်နှင့်နေ၏။ မေးကြည့်တော ပုံတောင်ပုံညာကလာခဲ့တာ ပါလို့ ပြော၏။ ဒီကနေ့ညနေ မန္တလေးပြန်ပြီး သင်္ဘောစီးမယ်လို့ပြော၏။ ဘာကိစ္စပါလဲလို့မေးတော့ ကိုယ်တော်၏သတင်း ကြားရလို့လာခဲ့တာပါ၊ ကိုယ်တော်ကိုမြင်မြင်ခြင်း ကြည်ညိုပါတယ်၊ လေးစားပါတယ်၊ ကိုင်း - ကိုင်းကိုယ်တော် သွတ်ဖမ်းနည်းပေးခဲ့ပါအုံးမယ်၊ ကူးပါမှတ်ပါ . . တင်ပါ့ဘုရား -
၁။ သွတ် ၁ကျပ်
၂။ ပဒါး ၅မူးသား - သွပ်အရေပျော်လျှင်ဖိုအောက်ချ၊ အနည်းငယ်ခဲလျှင် ပဒါးပူအောင်လုပ်ပြီးလောင်းထည့် လိုက်၊ ငုပ်သွားမည်၊ မွှေပေးကျေအောင်မွှေပေး၊ မွှေပြီးလျှင် ဒုတ္တာ ၃ကျပ်သားနှင့်ရောထောင်းလုံထဲထည့် မီးရှမ်ကစထိုး မိ၏။ ၎င်းကိုဘော်တမူး အောက်ကခံပြီးထိုး၊ စပ်လမ်းဖြစ်တယ်ကိုယ်တော်၊ သာသနာပြုပါ ကိုယ်တော် . . . ကိုင်းသွားလိုက်ပါအုံးမယ် . . တင်ပါဘုရား။

၁၃၂၉ခု - တပေါင်းလဆန်း ၇ရက် - အင်္ဂါနေ့ နံနက် ၅နာရီထပြီး မျက်နှာသစ်ပုတီးစိပ်ပြီး ဘိုးစီကို ခေါ်၍ရထောင်ရထားနှင့် မန္တလေးတောင်သွားကြ၏။ ၆နာရီခွဲ ဘူတာကြီးရောက်၍ ၎င်းကခြေလျှင် လျှောက်ပြီး မင်္ဂလာတံခါးနားက ကားစောင့်စီး၏။ ၇နာရီခွဲ ကုသိုလ်တော်ကြီးရောက်၍ ပရိတ်ပြုပြီးပုတီး စိပ်၏။ အရဟံသိဒ္ဓိ ၁၀၈ပတ်စိပ်၏။ စိပ်နေတုံး ပိတုံးများပျံလာကြ၏။ တစ်ဝက်လောက်ကျမှငြိမ်သွား၏။ ၎င်းကစန္ဒာမုနိ ၂၇ပတ်စိပ် ၏။ ၎င်းနောက်ကျောက်တော်ကြီး၌ ၁၀၈ပတ်စိပ်၏။၁၁နာရီလောက်ပြီး၍ မြောက်ပေါက်ကထွက်ပြီး ဆွမ်းဆိုင်ဆွမ်း စားရာ အဝစား ၂ကျပ် ၅၀ပြားပေးရ၏။ ဆွမ်းစား၊ လ္ဘက်ရည် သောက်ပြီး ဗျာဒိတ်ပေးကိုယ်တော်ကြီးတက်ပြီး ၁၀၈ပတ်စိပ်၏။ ကြားက ခြေတော်ရာ၊ ဆုတောင်းပြည့်၊ ငုံးမင်း၊ ဟင်္သာမင်းစသော စေတီများကို ၂၇ပတ်စီ စိပ်ခဲ့၏။

ဗျာဒိတ်ပေးကိုယ်တော်ကြီး ၁၂နာရီရောက်၍ ပရိက်ယူပုတီးစိပ်၏။ ပုတီးစိတ်လို့ ၄၅ပတ်လောက် အရမှာ ကင်းခြေများတစ်ကောင်တက်လာပြီး တင်ပလ္လင်ခွေပေါ် ကျော်ဖြတ်သွား၏။ ကျွန်ုပ်ပုတီးစိပ် နေတာမမြင်ကြ ဘဲမိန်းကလေးနှစ်ယောက်က ဝင်တိုက်မိပြီး လဲကျ၏။ ကျွန်ုပ်ကပုတီးစိပ်လျက်ပင် လဲတော့မှ

ကျွန်ုပ်ကိုမြင်၍အမလေး ဘုရား ဘုရား တပည့်တော်မတို့ကန်တော့ပါတယ်ဘုရား မမြင်လို့ပါဆိုပြီး ဝတ်ချ၍ တင်ပလ္လင်ခွေပေါ် ၁၀တန် တစ်ရွက်ချလှူသွားကြ၏။ ကျွန်ုပ်ကပုတီးစိပ်မပျက်ပေ။ ၁၀၈ပတ်စိပ်၍ မေတ္တာပို့အမျှဝေလိုက်သောအခါ ဥပသကာကြီးက သာဓုခေါ်ပြီး အောင်ပါစေ . . အောင်ပါစေ . . အောင်ပါစေဟု ကောင်းချီးပေး၏။

ကျွန်ုပ်လည်းဘုရားဝတ်ချပြီး ဥပသကာကြီးဆီသွား၍ ခုနင်ကခင်ဗျား အောင်ပါစေလို့ အတိတ်ကောင်း၊ နမိတ်ကောင်းဆုပေးသည့်အတွက် ရော့ မုန့်ဖိုးနှစ်ကျပ်ဟု ကျွန်ုပ်က ပေးလိုက်၏။ ဥပသကာကြီးက တပည့်တော်ဘာမျှမဆိုမိပါဘုရားဟုပြော၏။ ကျွန်ုပ်တို့ အံ့အားသင့် သွား၏။ အင်း - ဒါလဲတစ်မျိုးပဲဟု မှတ်ချက်ချပြီး ရှေ့ဆက်တက်၍ စန္ဒမုခိဘီလူးမအသားမြတ်ဖြတ် လှူနေသော စေတီကို ပုတီး ၂၇ပတ်စိပ်၏။ ၎င်းကနေ မွေ့ကြီးနှစ်ကောင်ဘုရားတက်၍ ပုတီး ၂၇ပတ်စိပ်၏။ မန္တလေးတောင်ပေါ်က ဘုရားများ၌ ပုတီးစိပ်ပြီး အနားယူသည့်အနေနှင့် မွေ့ကြီးနှစ်ကောင်ဘေးက ထိုင်ခုံပေါ် ထိုင်နေကြ၏။ တအောင့် လောက်ကြာသော် တောင်ဝှေ့ကြီးနှင့် ဘုန်းကြီးအိုတစ်ပါး ကျွန်ုပ်ဘေးနားဝင်ထိုင်ပြီး ဆရာတော်လေးတွေ့ ရတာ တယ်မင်္ဂလာရှိပါပေတယ်။ လက္ခဏာပြစမ်းပါ။ ကျွန်ုပ်ကပြလိုက်၏။ ဟ - အလိုပေါက်ပုဂ္ဂိုလ်ပါလား ဆိုပြီး ကျွန်ုပ်ခြေထောက်နှင့် သွေးဖူးကိုထိပြီးကန်တော့၏။ ဘေးကဘုရားဖူးကလည်း အံ့သြစွာကြည့်နေ၏။

ထိုစဉ် ကိုယ်တော်ကြီးက လွယ်အိတ်စုတ်ထဲမှ စာရွက်ကလေးတစ်ခုထုတ်ပေး၏။ အဲဒါ ဂုဏ်ထူးတော်ဆောင်လက်မှတ် ကိုယ်တော်လေးဘုရား ဆိုပြီးပြောသွား၏။ သူ့စာရွက်ကလေးယူပြီးကြည့်နေစဉ် ဘုန်းကြီးထွက်သွား၏။ စာများက ယိုးဒယားစာလိုလို၊ သက္ကတစာလိုလို၊ ကြေးနန်းကြိုးလိမ်များကဲ့သို့ ရေးသားထား သောစာဖြစ်၏။ ကျွန်ုပ်လည်း မဖတ်တတ်တာနှင့် အိတ်ထောင်ထဲ ခေါက်ထည့်၍ ယူလာခဲ့ ၏။ ညနေ ၄နာရီထိုးတော့ မွေ့ကြီးနှစ်ကောင်ကပြန်လာခဲ့ကြ၏။ကျောင်းသို့ ၆နာရီရောက်၏။ တစ်လမ်းလုံး မွှေးကြိုင် လာ၏။ တပေါင်းလဆန်း ၈ရက် - ဗုဒ္ဓဟူးနေ့ - တူမောင်းဆရာတော်မွေးနေ့ ဆွမ်းစားကအပြန် ၁၀၈ပတ်ပုတီးဝင်စိပ်၏။ ည - ထိုအောင်မြင်သောအထိမ်းအမှတ်အဖြစ်အောင်မြေဘုရားသွား၍ ဘုရားရှင်၏ အဖြစ်တော် စဉ်ကို အာရုံပြု ၁၃၆ပတ်စိပ်၏။ ၉နာရီမှာပြီး၏။

တပေါင်းလဆန်း ၁၁ရက် - စပါးတောတိုက်ဆရာတော်က ဆွမ်းကြီးလောင်းလာရင်း ဆွမ်းစား၊ လွှတ်ရည် သောက်ပါလို့ပြောသဖြင့်သွား၏။ အပြန်ပုထိုးတော်ကြီးဝင်ပြီးပုတီး ၂၇ပတ်စိပ်၏။ တပေါင်းလ ဆန်း ၁၂ ရက် ညောင်စင်ကျောင်း ဆွမ်းကြီးလောင်းလိုက်ပြီး ကျွန်ုပ်စားလောက်ရုံ သပိတ် ထဲထည့်ယူကာ ကျန်ဆွမ်းဟင်းများကို ကိုရင်များအား ထည့်ပေးလိုက်ပြီးကျွန်ုပ်ကရွှေကြက်ယက်ဘုရားမှာ ဆွမ်းတော်ကပ်ပြီး ပုတီး ၁၀၈ပတ်စိပ်ပြီးမှ ဆွမ်းစား၏။ သပိတ်များဆေးကြောပြီး တစ်ရေးအိပ်၏။ မပျော်တပျော်တွင် အဘိုးကြီးတစ်ယောက်ရောက်လာ၍ ပါးစပ်ထဲဆေးခွန့်သွား၏။ ကျွန်ုပ်လည်းခွန့်ပြီးလျှင်ခွန့်ပြီးချင်း ထထိုင် လိုက်ရာ အဘိုးကြီးလည်းမတွေ့ ပါးစပ်ထဲလည်း မွှေးကြိုင်နေ၏။ အင်း - အဲဒါထူးဆန်းခြင်း တစ်မျိုးပါလား ဆိုပြီး မအိပ်တော့ဘဲ ပုတီး ၁၀၈ပတ်ထိုင်စိပ်ပြန်၏။

တစ်ဝက်လောက်ကြာတော့ မိန်းကလေး နှစ်ယောက်ထိုင်ပြီးကန်တော့ရှိခိုးနေကြ၏။ ပြီးလျှင် မေတ္တာပို့နေကြ၏။ သူတို့ပို့သောမေတ္တာပို့မှာ ထွက်ရပ် လိုက်စားပုဂ္ဂိုလ်များ ကျန်းမာချမ်းသာကြပါစေ၊ ထွက်ရပ်ပေါက်ပြီး ပုဂ္ဂိုလ်များကျန်းမာချမ်းသာကြပါစေ၊ ထွက်ရပ်ပေါက်ပြီးအလောင်းတော်များ ကျန်းမာ

ချမ်းသာကြပါစေ၊ အောင်ကြပါစေ - အောင်ကြပါစေ၊ အောင်အတိတ်နှင့် အောင်နမိတ်တွေဝေ အောင်စေ . . အောင်စေ။ ကျွန်ုပ်လည်းဝတ်ချပြီး သူတို့စီသွား၍ နေရပ်မေးတော့ ရွှေကြက်တော်မှာ နေကြောင်း၊ ခင်မြတ်သီနှင့် ခင်မြတ်ရီ ဖြစ်ကြောင်းလျှောက်ထားကြ၏။ ဤဘဝမှကျွတ်လွတ်နိုင်ရန် ပုတီးစိပ်ဖို့ တရားဟောကြားပြီး မြောက်ဘုရားလာခဲ့၍ ပုတီး ၂၇ ပတ်စိပ်ပြီး ရွှေကျက်ကျမှလာ၏။ ညနေ ၅ နာရီ ကျောင်းရောက်၏။


တပေါင်းလဆန်း ၁၃ရက်နေ့ နံနက် ၆နာရီ - လက်သမားကျောင်း ဆွမ်းကြီးလောင်းလိုက်ပြီးအပြန် ရွှေရင်ရဲဘုရား၊ အောင်ချမ်းသာဘုရားများကို ပုတီး ၂၇ပတ်စိတ်ပြီး ဖယောင်း ၉ တိုင်စီပူဇော်ပြီး ပြန်လာကြ၏။ (ညတွင်အိပ်မက်၏) ဘိုးတော်တစ်ပါးက စည်းသုံးစည်းကျန်သေးတယ်။ အဲဒါသွားပြီးစိပ်လိုက်လျှင် တစ်ထုံးလုံးပြီးသွားပြီ သွားပါ . . . တပည့်တော်တို့ စောင့်ရှောက်ပါမည်။ သွားရတာတော့မခဲယဉ်းပါဘူး၊ နေရာကအတိအကျသိရခဲ့မှ ဖြစ်မှာကိုး၊ ဘယ်ဆီဘယ်ဆီလဲဘိုးဘိုး၊ ကိုယ်တော်လေးကလည်း ခက်နိုင်ရန် ကောနေဘ် . . ကိုင်း - ကိုင်းမှတ်ထား . . .

၁။ ပင်းယ - စည်းခုံကြီး

၂။ ပုဂံ - စည်းခုံကြီး

၃။ ပုဂံအတွင်းစည်းခုံ

ဤဘုရားသုံးဆူကို စည်းသုံးစည်းလို့သမုတ်ကြတယ်။ ကြီးကိုးကြီးကလည်း ကိုယ်တော်လေး ကိုးထပ်ကြီးနဲ့ ဆယ်ထပ်ကြီးလိုနေသေးတယ်။ တပေါင်းတန်ခူးလောက် ရောက်အောင်သွားပါ့မယ်။ ဘုရားများသွားပြီး ပုတီးစိပ်ရတာဘိုးဘိုး၊ ကျုပ်အဖို့အလွန်စိတ်ကြည်တယ်၊ သွားဖို့ရန်ဝန်မလေးပါဘူး၊ သွားပါ့မယ်။ရော့ - ရော့ကိုယ်တော် . . . လမ်းစရိတ်လှမ်းယူလိုက်၏။ အင်းဖြစ်နေ၏။ ကျွန်ုပ်လည်း နိုးလာ၏။ အင်းရွက်ကလေး လက်ထဲတွင်တွေ့၍ ကူးယူပြီးလျှင် အင်းရွက်ကလေးကိုပြာချပြီး အုန်းရေနှင့် သောက်ချလိုက်၏။ထိုအင်းစမသောက်ပြီးကတည်းက ခရီးထွက်ချင်နေတော့၏။စမပုံတော် အောက်တွင် ကြည့်ပါ။




တပေါင်းလဆန်း၁၃ရက် - နံနက် ၆နာရီအချိန် ဘိုးစီအိမ်က ဆွမ်းစားပြီးအင်းဝကားစီး၍ ကုတို့ဆိပ်လာ၊ ကုတို့ကူးပြီး မြင်းလှည်းစီး၍ တံတားဦးသွားကြ၏။ လူတစ်ယောက်ကို ၇၅ ပြားပေးရ၏။ တံတားဦးရောက်၊ တံတားဦးက ပင်းယရွှေစည်းခုံဘုရားကြီးကို ခြေလျင်သွား၏။ ခြေလှမ်းပေါင်း ၉၄၅လှမ်း

သွားလျှင် ပင်းယ ရွှေစည်း ခုံခြေတော်ရင်းရောက်၍ ဘုရားတက်ပြီးပုတီးစိပ်ကြ၏။ ၁၀၈ ပတ်စိပ်၏။ နေ ၁၂ နာရီ မှုပြီး၏။ ပုတီးစိပ်နေတုန်း ပင် လောက်ကောင်ကလေးများ ပုတီးထိုင်စိပ်သောရှေ့ကသွားနေကြ၏။ အာရုဏ်ထဲ မြင်နေတာလား၊ တကယ်လားဆိုပြီး မျက်စိဖွင့်ကြည့်လိုက်၏။ တစ်ကယ်အဟုတ်ဖြစ်နေ၏။ ပြီးခါနီး တစ်ပါတ်အလိုလောက်ဖြစ်၏။ လောက်ကောင်များမှာ ကိုးကောင်ဖြစ်၏။

ကျွန်ုပ်ကပုတီးစိပ်ပြီး၍ မေတ္တာပို့ အမျှဝေလိုက်တော့ နားထဲတွင် လောက်လောက်ငငါ၊ လောက်လောက်ငဖြစ်ပြီဟု ကြားရ၍ ဩ - ဒါကိုပြောတာဟု မှတ်ချက်ချပြီး ရွှေစည်းခုံဘုရားတောင်ဘက်က ဘုန်းကြီးကျောင်းဝင်၍ရေသောက်ပြီး ဘုန်းကြီးကိုလည်း ပုတီးစိပ်နည်းပေးခဲ့၏။ ဆူးချုံပြင်ဆရာတော်ကျောင်း အုတ်ခုံကြီးလည်းကြည့်ခဲ့၏။ အုတ်ခုံကြီးများမှာ အတောင် ၁၂၀ ပတ်လည်ရှိ၏။ အမြင့် ၁၀တောင်လောက်ရှိ၏။ အုတ်ခုံကြီးမြင်ရတာနဲ့ကို အလွန်ခမ်းနားကြီးကျယ် အံ့ဩဖွယ်ကောင်းလှပေ၏။ ကန်ဦးမှန်စီ ဘုရားကို ပြုးငါးဆယ်ပေး၍ မြင်းလှည်းစီးပြီး ရင်းကပေါင်းလှည်းဘုရားကြီးသို့ ခြေကျင်သွားပြီး ကိုးပတ်စီ စိပ်ကြ၏။ ရင်းကဇိနမာရ်အောင်၊ လောကမာရ်အောင်၊ ရတနာမာရ်အောင်၊ သုသမာရ်အောင်၊ မဟာမြတ်မုနိ၊ လောကသရမ္မ၊ စနေမင်းဘုရား၊ တနင်္ဂနွေမင်းဘုရား၊ သစ္စာတိုက်များကိုခြေလျင်သွားကြပြီး ပုတီး ၉ပတ်စီစိပ်၍ ကုတို့ဆိပ်ပြန်ရာ ၅နာရီရောက်၍ ကုတို့ကူး၊ ကျောင်းသို့ ၆နာရီခွဲရောက်၏။ ဤကဲ့သို့ အင်းဝဘက်က ဘုရားများကို နေပူရှိန်ရှိန်မှာ ခြေလျင်လျှောက် သွားနေကြသော်လည်း ကျွန်ုပ်တို့စိတ်ထဲမှာ လသာထဲသွားနေရသလိုထင်၏။ နည်းနည်းမှမပူတော့ပေ။ အံ့ဩဖွယ် ကောင်းလှပေ၏။

တပေါင်းလပြည့်နေ့တွင် မှတ်တမ်းရေးတော့မှ မီးစာတ်ပြီးစီးနေကြောင်း သိရ၍ညအပိုအပတ် ၉၀ စိပ်ပြီး မီးစာတ်ပြီးကြောင်း ဘုရားလျှောက်၍ သစ္စာအဓိဋ္ဌာန်ပြုပြီး သိမ်းလိုက်၏။ တပေါင်းလပြည့်ကျော် ၁ရက် - သိဒ္ဓိဓါတ် - ညအိပ်မက်သည်မှာ - မန္တလေးပြန်ရန် လက်မှတ်ခံနေစဉ် ဘုန်းကြီးတစ်ပါးက သုံးလက်မ လောက်ကတ်ပြားလေးထောင့်ပုံ တစ်ချပ်လာပေး၏။ ထိုကဒ်ပြားထဲတွင် စာပါလာ၏။ ထိုစာကိုဖတ်ကြည့် တော့ "ဒုတိယ - အတုလ မူလ၊ ဓမ္မာစရိယ၊ ကြီးမြတ်သောတန်ခိုးရှင်" ဟုရေးထား၏။ ထို့ကြောင့် ဒုတိယအဆင့်လည်းအောင်မြင်၏ဟု ကောက်ယူလိုက်၏။

တပေါင်းလဆုတ် ၂ရက် - သိဒ္ဓိစိပ်၏။ ည - အိပ်မက်၏။ ဒေါ်တင်ကဆွမ်းလာပို့၏။ ပို့လာတုန်းကတော့ ရိုးရိုးဆွမ်းပဲ၊ စားရန်ပြင်လိုက်တော့ ထောပတ်ဆွမ်းဆွမ်းလိုလို အုန်းဆွမ်းလိုလိုဖြစ်နေ၏။ စား၏။ ထိုဆွမ်းအုပ်ထဲမှ အမျိုးအမည်မသိသော သစ်သီးစိပ်အခြမ်းများစားကြည့်၏။ ချိုလည်းချို - ချဉ်လည်းချဉ် - စိမ့်လည်းစိမ့် အရသာ သုံးမျိုးစားရ၏။ တစ်တောင်လောက်ရှိသောအရွက်အကြမ်းနှင့် ရွက်ဖားကြီး အဖြူဥနှင့် သစ်ပင်နှစ်ပင်တွေ့ရ၏။ ထိုအပင်မှဥကို လက်ဖြင့်ကိုင်ကြည့်လိုက်သောအခါ သစ်ပင်ကိုးပင်ဖြစ်သွား၏။ ထိုအပင်များမှဥများသည် စမများ ပေါ်နေ၏။ ထိုဥများကို ကျွန်ုပ်ကကိုက်စားလိုက်၏။ တစ်ကိုယ်လုံးဖိန့်ဖိန့်တုန်သွား၏။ တုံးကြီးထိုးသံကြား၍နိုးလာ၏။

၁၃၂၉၃ တပေါင်းလပြည့်ကျော် ၅ ရက် တနင်္လာနေ့ နံနက်၊ ဦးစိုးကိုခေါ်၍ ကားဆိပ်လာ၊ မန္တလေးလာ၊ ရွှေစာရံကားမလာသေး၍ ရင်ဘို့မယ်ဘုရားဝင်ပြီး ပုတီး ၂၇ပတ်စိပ်၏။ နံဘေးနားလာ၍ မိန်းကလေးတစ်ယောက်က ဖယောင်းတိုင်နှစ်ထုပ်၊ မီးခြစ်တစ်ဗူး၊ ပိုလိုတစ်ဗူးလာလှူ၏။ မိန်းကလေးကဘယ်နေတာလဲ ဒီအထဲနေတာပါဘုရား။ ဒီလိုဆိုတော့ အဝေးကလာတည်းခိုနေတာလား၊ မဟုတ်ပါဘူးဘုရား။ ကျွန်ုပ်သည်

ဘေးကို မျက်လုံး ကစားကြည့်ပြီး အခြေအနေလေ့လာလိုက်၏။ နေရာထိုင်ခင်းများမတွေ့ရ၍ သူမလေးကိုသေသေချာချာကြည့်လိုက် တော့မှ ဥစ္စာစောင့်ဖြစ်နေကြောင်းသိရတော့၏။

နာမည်ကလေးက ဘယ်လိုခေါ်ပါသလဲ . . မိမြတ်စိုးပါဘုရား။ ဘယ်နှစ်ယောက်နေကြပါသလဲ . . ငါးယောက်နေကြပါတယ်ဘုရား။ မိမြတ်စိုးအကြီးဆုံးပဲလား . . မှန်လှပါဘုရား၊ ကျန်လေးယောက်ကတော့ ညီမတွေပါဘုရား။ အမျိုးအမည်ကကော . . ရှင်ဘို့မယ်တူမတွေပါဘုရား။ မင်းမျိုးတွေ့ပေါ့ . . မှန်လှပါဘုရား၊ တပည့်တော်တို့ဆီမှာလည်း တစ်နှစ်တစ်ခါနှစ်ခါလောက် အလှည့်ပေးသနားတော်မူပါဘုရား။ အခန့်သင့်သလိုပေါ့ . . မှန်လှပါဘုရား။ သူမလေးနဲ့စကားပြောပြီး၊ ကိုင်း - ရွှေစာရံဘုရားသွားဖူးဦးမယ် မြတ်စိုး . . တပည့်မလေးတို့ မလိုက်ရဘူးလားဘုရား။ ပုတီးစိပ်နိုင်ရင်တော့ လိုက်ရပါတယ် . . လိုက်ခွင့်ပြုတော်မူပါဘုရား၊ ကောင်းပြီ . . ကောင်းပြီလာသွားကြမယ်။

မမြတ်စိုးနှင့် ညီအမလေးယောက် ကျွန်ုပ်တို့နှစ်ယောက်ပေါင်း၇ယောက် ရွှေစာရံကားကို ရှင်ဘို့မယ်ဘုရားပေါက်ကစောင့်နေကြ၏။ ဆယ်မိနစ်လောက်စောင့်လျှင် ရွှေစာရံကားရောက်လာ၏။ ကျွန်ုပ်တို့စီးသွားကြ၏။ ကားခကို မိမြတ်စိုးတို့ကပေးသွားကြ၏။ ရွှေဖလားရောင် ရှုတိုင်းယဉ်ချိတ်များနှင့် နံ့သာနုရောင်အင်္ကျီရွှေလက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်များနှင့်ဆိုတော့ အလွန်ပဏာရလှ၏။ လုံးကြီးပေါက်လှများဖြစ်၍ ကျွန်ုပ်တို့အဖွဲ့ကို လူတိုင်းလိုလိုကြည့်ရှုနေကြ၏။ အချို့ကာလသားများက ဓါတ်ပုံရိုက်ယူ ကြ၏။ ဘုရားရောက်၍ နာရီကြည့် လိုက်သောအခါ ၉နာရီထိုးနေ၏။ အနောက်မုခ်ဘက်သွား၍ ပရိက် ပြပြီး ပုတီးစိပ်ကြ၏။

"သုဂတောသိဒ္ဓိ" ၂၇ပတ်စိပ်ရန်ပြောသောအခါ သူမလေးများက ပယင်းပုတီးလေးများဖြင့်စိပ်ကြ၏။ နာရီဝက်အတွင်းပြီးသွား၏။မေတ္တာပို့အမျှဝေလိုက်၏။ မိမြတ်စိုးတို့အဖွဲ့က သာဓုခေါ်ကြ၏။ ပြီးလျှင် ကျွန်ုပ်ကလာ လာ ငါတို့မြို့ကဒေါ်ပု အကြော်ဆိုင်က ဆွမ်းစားပင့်ထားတယ်။ သွားစားရအောင်ဆိုပြီးခေါ်လာခဲ့၏။ ဒေါ်ပုဆိုင်ရောက်တော့ ကျွန်ုပ်တို့ကဆွမ်းစား၏။ မိမြတ်စိုးတို့ ညီအမငါးယောက်တို့ကဗူး၊ ဘယာကြော်တို့ဖြင့် လှူက်ရည်သောက်ကြ၏။ လာ . . လာ မုံတောက နဂါးရုံဘုရားသွားကြဦးစို့။ ၁၁ နာရီ ၁၀မိနစ် ငှက်ပေါ် ရောက်ကြ၏။နဂါးရုံဘုရားကို ၁၂နာရီရောက်၏။ ပုတီး ၁၈ပတ်စိပ်ပြီး ငှက်ပြန်စီး၍ ၂ နာရီ ၁၀ မိနစ် နားမွှောင်းကျချောင်းအဆိုက် ခိုငါးပြီး (ရွေကပိုင်း)ဝင်ပြီး ပုတီး၁၈ပတ်စိပ်၏။ ထိုဘုရားကို မိမြတ်စိုးတို့က ဝင်ရန်လျှောက်၍ ဝင်လာရခြင်းဖြစ်၏။ ရွေကပိုင်းဘုရားတွင် ပုတီးစိပ်ပြီးသောအခါ အသက် ၃၀ အရွယ်လောက် ဖွံ့ဖွံ့ဖြိုးဖြိုးနှောင်းနှောင်းအမူအရာနှင့် မဟာဆန်လှသော မိန်းမနှစ်ယောက် ဝတ်လာချကြ၏။ မိမြတ်စိုးက ကျွန်ုပ်ဘက်သို့ လက်အုပ်ချီပြီး အမတော်မယ်ဇာနီးတို့ အဖူးအမျှော်လာရောက်ကြကြောင်းပါဘုရား၊ သာဓု . . သာဓု . . သာဓုး မယ်ဇာတို့ လိုအင်ဆန္ဒပြည့်ဝပါစေ. . . ပေးသောဆုနှင့် ပြည့်ရပါလို၏ဘုရား။

ဒါထက်ရှင်မွန်တစ်ယောက်ကော . . . ကျွတ်တန်းဝင်သွားပါပြီ ဘုရား။ သာဓု . . သာဓု . . သာဓုး။ ငှက်မစီးပါနှင့် ဘုရားတပည့်တော်တို့ ဘုရားအထိလိုက်ပို့ပါမယ်ဘုရား။ ကောင်းပါတယ် - ကောင်းပါတယ်၊ ကြွတော်မူပါဘုရား။ ကျွန်ုပ်လည်း မယ်ဇာနီးတို့ လမ်းညွှန်ရာဘက်သို့ နာမွှောင်းကျချောင်းဖြတ်ထားသော တံတားကူးပြီး ခြေကျင်လာကြ၏။ လမ်းတွင် မိမြတ်စိုးက မယ်ဇာနီးက မယ်ဘုရားစောလှမွန်၏ လက်စွဲတော်

ပါဘုရား . . မယ်ဖုရား ကျွတ်တန်းဝင်သွားကတည်းက ဥပုတ်တော်စောင့်သုံးပြီး ပုတီးစိပ်နေပါတယ်။ ကောင်းတယ် မယ်ဇာနီးကောင်းတယ်။ ဘာတွေစိပ်နေပါသလဲ။ ရှင်အရဟံပုတီးကိုပဲ စိပ်ပါတယ်ဘုရား၊ အရှင်မြတ်၏ ပုတီးစိပ်နည်းကိုလည်း ဘုရားတပည့်တော်မချီးမြှင့်ပါဦးဘုရား။ ကောင်းပြီ . . ကောင်းပြီ၊ ပထမ သရဏဂုံ ၃၀စိပ်ပါ။ ရရဲ့လား။ မှန်လှပါ ရကြောင်းပါ ဘုရား။

ကျွန်ုပ်သည် အံ့အားသင့်သွား၏။ အင်း ဥစ္စာစောင့်များလည်း မခေပါလားလို့ ဒုတိယမွှိ၊ တတိယမွှိ မထည့်ပဲနှင့် တစ်ခါထိုင်လျှင် သရဏဂုံ ၃၀ပြီးအောင် အပတ် ၃၀ထိုင်စိပ်။ ရက် ၃၀စိပ်ပါ။ ရက် ၃၀ပြည့်တော့ ဒုတိယမွှိ၊ တတိယမွှိထည့်ပြီး တစ်ခါထိုင် အပတ် ကိုးဆယ်စိပ်။ ရက်လည်း ၉၀စိပ်။ ဤကဲ့သို့စိပ်၍ သရဏဂုံ ၃၀ပြီးတော့ သရဏဂုံကြီးလေးပါး ၂၇ပုဒ်ကို တစ်ခါထိုင် ၂၇ပတ် ပြီးအောင်စိပ်၊ ၁၀၈ရက် အဓိဋ္ဌာန်စိပ်ပါ။ ပြီးလျှင် သုဂတောငါးချက် အဓိဋ္ဌာန်တက်၍ ပထမမမွှခန္ဓာရှစ်သောင်း လေးထောင်စိပ်။ ဒုတိယမြေခါတ် နှစ်သိန်းလေးသောင်းပြီးအောင်စိပ်၊ တတိယ ရေခါတ်လေးသိန်း ရှစ်သောင်းပြီးအောင်စိပ်၊ စတုတ္ထလေခါတ် ကိုးသိန်း ခြောက်သောင်းပြီးအောင်စိပ်၊ ပဉ္စမမီးခါတ် တစ်သန်းကိုးသိန်းနှစ်သောင်း ပြီးအောင်စိပ်၊ အားလုံး ပြီးတော့ သိဒ္ဓိ တစ်သိန်းအုပ်ပြီး ဂုဏ်တော်တစ်ပါးသိမ်းလိုက် ကောင်းပါပြီဘုရား၊ တပည့်တော်မ စိပ်ပါမယ် . . အရှင်ဘုရားနည်းလမ်းက မွန်မြတ်ပါတယ်ဘုရား၊ လူသာမန်တို့ မကြံစည်နိုင်၊ မအားထုတ်နိုင်ကြပါ။

တပည့်တော်တို့ ပါရမီထူးလို့သာ အရှင်မြတ်ကို ဖူးမျှော်ရတာပဲ၊ ဟောဒီက ညီမတော် မြတ်စိုး ကိုလည်း အထူးကျေးဇူးတင်ရပါသည်ဘုရား။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ဆိုတာလိုပေါ့၊ ကောင်းပါ တယ် . . ကောင်းပါတယ်။ ပြောပြောဆိုဆိုနှင့် လိုက်လာကြတာ ရွှေစာရံရွာရောက်လာကြ၏။ ထိုအခါ မယ်ဇာနီးက သူမ၏ကျောက်စိမ်းပုတီးကို စိပ်ခိုင်း၍ကျွန်ုပ်စိပ်၏။ စိပ်ပြီး၍ သူ့လက်ထဲ ထည့်လိုက် တော့ သူ့ခေါင်းတင်ပြီး နဖူးပေါ် တင်ပြီးသွားရန် ခွင့်တောင်း၍သွားကြပါတော့သည်။ ကျွန်ုပ်လည်း ရွှေစာရံ ဘုရား ဖူး၍ ကားဆိပ်မှ ၄နာရီခွဲ ကားစီးပြန်လာ၏။ ရှင်ဘို့မယ်ဘုရားနားရောက်တော့ မိမြတ်စိုးတို့ဆင်း နေရစ်ကြ၏။ သူတို့ပုတီးလည်း စိပ်ပေးလိုက်၏။ အပြန်ကားစရိတ်လည်း သူတို့ခံ၏။ လက်ကိုင်ပုဝါ နှစ်ထည် လှူလိုက်၏။ကျောင်းသို့ ၆နာရီရောက်။

တပေါင်းလပြည့်ကျော်၆ရက် - နံနက်၆နာရီထပြီး ကားဆိပ်လာ။ ရွှေကြက်ယက်သွား။ ကျောက် ဆောက်မင်းကြီးတည်သော ဆုတောင်းပြည့်ဘုရား၌ နှစ်ပတ်စိပ်၏။ ရွှေကြက်ကျဘုရား လက်ယာရစ် လှည့်ပြီး ကိုးပတ်စိပ်၏။ ဦးတော်ဖီ သုံးထုပ် ပုတီးထိုင်စိပ်သော ဘေးနားကရ၏။ ယူပြီးအိတ်ထဲထည့်လာ၏။ အရှေ့မုခ်စိပ်ရာတွင် ၇ပတ်ပြီးလျှင် ရွှေကြက်ယက်ဘုရားသွား၏။ လက်ယာရစ် သုံးပတ်လှည့်ပြီး တောင်မုခ် ကိုးပတ်၊ မြောက်မုခ် ၉ပတ်စိပ်၏။ စိပ်နေတုန်း နားထဲမှာ တော်ပြီ . . တော်ပြီ . . တော်ပြီဟု သုံးကြိမ် ကြားလာရ၏။ သြော် - ဒါ့ကြောင့် ဦးတော်ဖီထုပ် ရတာကိုးဟု မှတ်ခိုင်း၏။ ရွှေကြက်ယက်က အဆင်း ဆောင်းတန်းအရှေ့ဘက်ဘေးက ဇိနမာရ်အောင်ဘုရားများ ရှေ့တော်ရပ်လျက် နှစ်ပတ်စိပ်ပြီးပြန်၏။ ဦးစီအိမ် ၁၀နာရီခွဲရောက်၍ ဆွမ်းစား၏။ ညနေ ၅နာရီ ရွှေစကား၊ အမရပူရ ထောင့်ဘုရားသို့ သွားစိပ်၏။ ၂၇ပတ်စိပ်၏။ မိန်းမသံကြား၏။ ရှင်ငယ်တွေ့၏။အပြန် ရွှေလင်ပင်ဘုရား ၂၇ပတ်စိပ်၏။ ကောင်းကင်က လေးထောင့်အဖြူကွက်ကြီးမြင်ရ၏။ ည ရှစ်နာရီခွဲ ပုထိုးတော်ကြီးရောက်၍ ၂၇စိပ်ပြီးပြန်ခဲ့၏။

တပေါင်းလဆုတ်၇ရက် - ဗုဒ္ဓဟူးနေ့နံနက် ၅နာရီခါတ်ခန်းထဲ၌ ပုတီးစိပ်ပြီး ကြေးဘုရားကြီးတွင် ပုတီးစိပ်၏။ ဦးစိခေါ ၍ ကားစီးပြီး ကပ်ကျော်ခေါ် အမရပူရ စနေမြို့ထောင့် ဆင်ကုံးရွှေဂူဘုရားသွားပုတီး ၂၇ပတ်စိပ်၏။ တက်သေးရှင်မလာ၍ ဝတ်ချပြီးလျှောက်သည်မှာ - တပည့်တော်မနယ်ပါယ်အတွင်း သူတော်ကောင်းပုဂ္ဂိုလ်များကို တပည့်တော်အထူးကြည်ညိုလေးစားပြီး စောင့်ရှောက်ပါတယ်ဘုရား။ အရည်းကြီးလို ကျင့်ကြံသောသူများကိုလည်း တပည့်တော်မ နှလုံးနာပါတယ်ဘုရား။ တပည့်တော်မတို့ကို မေတ္တာပို့တော်မူပါဘုရား။ ကောင်းပါပြီ - ကောင်းပါပြီ။

ကပ်ကျော်ဘုရားစနေထောင့်တွင် အမရပူရဂိုဏ်း အဖြစ်ဖြင့် ယခုတိုင်ထင်ရှားနေသော သီဟိုဠ် သာသနာ၏ပေါက်ဖွားရာဘိုးတော်သိမ်တော်ကြီးကိုဝင်ပြီး ပုတီး၂၇ပတ်စိပ်၏။ ထောင့်လေးထောင့်မှ ဖြူသောအရောင်များ လက်ကနဲလက်ကနဲ ထွက်ပေါ်လာကြ၏။ ပုတီးစိပ်လို့ပြီးဆုံးသည့်တိုင်အောင် ပေါ်နေကြ၏။ သိမ်ကြီးမှာတော့ အုတ်တိုင်သာရှိတော့၏။ ထိုဘုရားသိမ်မှ တနင်္ဂနွေထောင့် ရွှေကွန်ချာ ဘုရားခြေလျှင်သွား၏။ ရောက်ခါနီးမှာ လက်ကကိုင်သွားသောပုတီးပြတ်ကျ၏။ ပြန်ကုန်းပြီးဆက်သွား၍ ဘုရားကုန်းပေါ် အတက်ပြန်ပြတ်၏။ ထိုအပြတ်ကိုပြန်ဆက်၍ အမိဌာန်ပုတီး ၂၇ ပတ်စိပ်၏။ စိပ်နေစဉ် ပြီးပြတ်အောင်မြင်ပြီ ပြီးပြတ်အောင်မြင်ပြီဟု နှစ်ကြိမ်အော်သံကြားရ၏။

နံနက်ကိုးနာရီမှာ ရွှေကွန်ချာအုပ် တနင်္ဂနွေမြို့ထောင့်ဘုရားမှပြီး၍ ပုထိုးတော်ကြီးသို့ ခြေလျှင် လာကြ၏။ လမ်းတွင်ကန်တော့ပွဲရွက်လာသောလူတစ်ယောက်တွေ့ရ၏။ ထိုကန်တော့ပွဲထဲတွင် အထံ အနီ၊ အဖြူထိုးထား၏။ ရထားလမ်းအတိုင်း လျှောက်လာသူတစ်ယောက်က သော်ကပန်းအုပ်လှူ၏။ ထိုပန်းကား သော်ကလို့ကျွန်ုပ်တို့က ခေါ်သော်လည်း လူတစ်ယောက်က ဟာ - မြတ်လေးပန်းအုပ်တွေ တယ်လှပါလားလို့ပြောသွား၏။ အဲဒီတော့မှ ကျွန်ုပ်တို့ မြတ်လေးပန်းဖြစ်ကြောင်းသိရ၏။ ထိုပန်းကို ယူလာပြီး ပုထိုးတော်ကြီး ဒလဝမ်နားအရောက် မြင်းနက်တစ်ကောင်နှင့် မြင်းဖြူကြီးနှစ်ကောင်တွေ့၏။ မြင်းဖြူနှစ်ကောင်က အလွန်မြူးနေကြ၏။

ကျွန်ုပ်ကအောင် မြင်ပြီးမြောက်ပြီး အစဉ်ထာဝရအဖြူရောင် ကွန့်မြူးနေပြီဟု ကောက်ယူ၏။ ထိုကောက်ချက်မှာ ကန်တော့ပွဲကို အလံနီ၊ အဖြူရောင်နှစ်ချောင်း ထိုးလာတာတွေ့ရခြင်း၊ မြင်းနက်ငြိမ်၍ မြင်းဖြူနှစ်ကောင်မြူးနေတာတွေ့ရခြင်း၊ ပုတီးပြတ်ခြင်းတို့ကြောင့် ကောက်ယူခြင်းဖြစ်၏။ ပုထိုးတော်ကြီး ဝင်၍ ပုတီး ၂၂ ပတ်စိပ်၏။ နားထဲတွင် "အယူမှန်တယ် - အယူမှန်တယ်" ဟု အသံကြားရ၏။ ပြီး၍ ရွှေအိုးရဘုရားလာရာလမ်းတွင် နွားနက်တစ်ကောင်က အလိုလို လန့်ပြေးသွား၏။ ထိုအခါ ကျွန်ုပ်ယူချက်မှာ အလွန်ကျေနပ်သွား၏။ ရွှေအိုးရဘုရားမှာ ၂၇ပတ်စိပ်၏။ ကျောင်းသို့ ၁၁နာရီခွဲရောက်၍ ဆွမ်းစား၏။ ရန်ကုန်သွားရန်အစီအစဉ်လုပ်၏။ ည ၉နာရီရထားနှင့်လိုက်သွား၏။ နောက်တစ်နေ့ ၁ နာရီခွဲ မှာရောက်၏။

၁၃၂၉ခု တပေါင်းလပြည့်ကျော် ၈ ရက် - ကြာသပတေးနေ့ဖြစ်၏။ ဘူတာဆိုက်လျှင် ရွှေတိဂုံသို့ ကားငှားသွား၏။ ပုတီး ၂၇ပတ်စိပ်ပြီး ငါးထပ်ကြီးသို့ ကားငှားသွား၍ ၂၇ပတ်စိပ်၏။ ထိုဘက်မှ ကိုးထပ်ကြီးသို့ သွား၍ ၂၇ပတ်စိပ်ပြီးလျှင် ဘူတာကြီးပြန်၍ ညကိုးနာရီရထားဖြင့်ပြန်ခဲ့၏။ မန္တလေးကို တပေါင်းလပြည့် ကျော်၉ရက်-နေ့ ၂ချက်ပြန်ရောက်၏။ မဟာမြတ်မုနိဝင်၍ပုတီးစိပ်ပြီးကျောင်းပြန်၏။ တပေါင်းလပြည့်ကျော်

၁၂ ရက်နေ့မှာ ညနေ ၅ နာရီရထားစီးပြီး ပြည်မြို့သို့လိုက်၏။ မိုးလင်းလျှင် မကွေးရောက်၏။ ခေတ္တနားပြီး ပြည်မြို့ထွက်၏။ ညနေ ၅နာရီပြည်မြို့ရောက်၏။

ရွှေဆံတော်ဘုရား၊ ၁၀ထပ်ကြီး ဘုရားတို့တွင် ပုတီး ၄၅ပတ်စိပ်၏။ ၁၃ရက်တညအိပ်ပြီး နံနက်ပုတီးစိပ်၏။ ၁၀၈ပတ်စိပ်ပြီး ၁၄ရက်နေ့ညကားဖြင့် မန္တလေးပြန်လာ၏။ ၁၅ရက် တပေါင်းလကွယ်နေ့ညနေ ၅နာရီမန္တလေးရောက်၏။ ကျောင်းသို့ ၆နာရီရောက်၏။ ပြည်မြို့တွင် ဘိုးဘိုးအောင်၊ ဘိုးမဲခေါင်တို့နှင့်တွေ့၍ အောက်ပါ အကာအကွယ် အင်းများကိုပေး၏။ ထွက်ရပ်ပထမံကျမ်းပုရပိုက်ကိုလည်းပေး၏။ ဘိုးဘိုးအောင်က ကာယသိဒ္ဓိအလို့ငှာ ဆယ့်နှစ်ကွက်ဌာသကို ဂုဏ်တော်ပတ်ပြီးလျှင် ၁၀၀၀ကျစိပ်။ ကာယသိဒ္ဓိအောင်မြင်ကြောင်းမိန့်၍ တန်ဆူးလဆန်း ၁ရက် - သောကြာနေ့တွင် ညနေတိုင်း ကွတ်ဌာနစိပ်ရန် အဓိဋ္ဌာန်ပြုလိုက်၏။ စိပ်ပွားရန်နည်းလမ်းမှာ -

| | | |
|---|---|---|
| ၁။ ကောသာ အရဟံသိဒ္ဓိ | ၂။ လောမာ အရဟံသိဒ္ဓိ | ၃။ နခါ အရဟံသိဒ္ဓိ |
| ၄။ ဒန္တာ | ၅။ တစော အရဟံသိဒ္ဓိ | ၆။ မံသံ အရဟံသိဒ္ဓိ |
| ၇။ နှာရု အရဟံသိဒ္ဓိ | ၈။ အဋ္ဌိ အရဟံသိဒ္ဓိ | ၉။ အဋ္ဌိမိဉ္စံရဟံသိဒ္ဓိ |
| ၁၀။ ဝက္က အရဟံသိဒ္ဓိ | ၁၁။ ဟဒယံ အရဟံသိဒ္ဓိ | ၁၂။ ယကနံ အရဟံသိဒ္ဓိ |
| ၁၃။ ကိလောမကံ အရဟံသိဒ္ဓိ | ၁၄။ ပိဟာကံ အရဟံသိဒ္ဓိ | ၁၅။ ပပ္ဖာသံ အရဟံသိဒ္ဓိ |
| ၁၆။ အန္တံ အရဟံသိဒ္ဓိ | ၁၇။ အန္တဂုဏံ အရဟံသိဒ္ဓိ | ၁၈။ ဥဒရိယံ အရဟံသိဒ္ဓိ |
| ၁၉။ ကရီသံ အရဟံသိဒ္ဓိ | ၂၀။ မတ္ထလုင်္ဂ အရဟံသိဒ္ဓိ | ၂၁။ ပိတ္တံ အရဟံသိဒ္ဓိ |
| ၂၂။ သေမံ အရဟံသိဒ္ဓိ | ၂၃။ ပုဗ္ဗော အရဟံသိဒ္ဓိ | ၂၄။ လောဟိတံ အရဟံသိဒ္ဓိ |
| ၂၅။ သေဒေါ အရဟံသိဒ္ဓိ | ၂၆။ မေဒေါ အရဟံသိဒ္ဓိ | ၂၇။ အဿု အရဟံသိဒ္ဓိ |
| ၂၈။ ဝသာ အရဟံသိဒ္ဓိ | ၂၉။ ခေလော အရဟံသိဒ္ဓိ | ၃၀။ သိင်္ဃာဏိကာ အရဟံသိဒ္ဓိ |
| ၃၁။ လသိကာ အရဟံသိဒ္ဓိ | ၃၂။ မုတ္တံ အရဟံသိဒ္ဓိ | |

ဤ ၃၂ ပါးကို တစ်နေ့ပုတီး ၁၀ပတ်၊ (၁၀၈၀)သုံးဆယ့်နှစ်ရက် အဓိဋ္ဌာန်မပျက်အောင် စိပ်ပွားနိုင်ပါက ကာယသိဒ္ဓိမြောက်ဟုဆို၏။ ထို့ထက် အထူးကာယသိဒ္ဓိမြောက်လိုပါက တစ်နေ့လျှင်ပုတီးပတ် ၃၂၀ မြောက်အောင်စိပ်။ ရက်ပေါင်း ၃၂ရက်အဓိဋ္ဌာန်ပြီးမြောက်ခဲ့ပါလျှင် အထူးကာယသိဒ္ဓိအောင်မြင်၏။ **သစ္စာ - ကတိ တည်ပါစေ၊ ငါးပါးသီလလုံပါစေ။**

ဘိုးမဲခေါင်ပေးသော ပုရပိုက်အရ ပဋ္ဌမံထွက်ရပ်လမ်းကျမ်းမှ ၉၆ ပါးရောဂါများ၊ စုန်းပရောဂများ၊ နတ်ပရောဂများကို အင်းနှင့်ကုသပုံနည်းကိုဖော်ပြပေအံ့။ ဘိုးမဲခေါင်နည်း၊ ပဋ္ဌမံထွက်ကျမ်းကို နောက်ပိုင်းမှ ဖော်ပြပါမည်။

၁

| | |
|---|---|
| ဆ | ပ |
| င | ဂ |

၂

| | |
|---|---|
| တ | င |
| ဝ | ရ |

၃

| | |
|---|---|
| ပ | ဆ |
| ဇ | ရ |

၄

| | |
|---|---|
| ရ | ဖ |
| က | င |

၅

| | |
|---|---|
| လ | ဆ |
| ဖ | င |

၆

| | |
|---|---|
| ည | ရ |
| င | မ |

၇

| | |
|---|---|
| တ | လ |
| င | အ |

၈

| | |
|---|---|
| စ | ည |
| အ | ဈ |

၉

| | |
|---|---|
| လ | တ |
| ဟ | ရ |

၁၀

| | |
|---|---|
| အ | မ |
| င | ဆ |

(၁) နံပါတ်အင်းကို ဥုံ - တိ - မိ - ရှဲ(ဆ-ပ-င-ဂ)သွားဟာဟု မန်း တစ်ထောင်စုပ်။ သိဒ္ဓိတင်၊ ပြာချတိုက်၊ မှိုင်းခံစက္ကူချ၊ ဘုရားပွဲ၊ သကြားပွဲ၊ ဘိုးတော်ပွဲတင်ပြီးစီးရင် အစွဲဟူသမျှပျောက်၏။

(၂) အင်းအောက်လမ်းအတတ်နှင့်လုပ်ထားခြင်းခံရသူများကို အထက်ပါ မန္တာန်အတိုင်း လက်သဲကွင်း အတွင်း သုစမ (တ-င-ဝ-ရ)ထည့်၍တစ်ထောင်စုပ်၊ ရှေးနည်းအတိုင်းစီရင်တိုက်ပျောက်၏။

(၃) အင်းကမ္ဗဝါပြာတိုက်ပိတ်ခြင်း၊ လက်ဖွဲ့ထိုး၊ ပယောဂကိုလက်ထိပ်ခတ်ဖမ်းချုပ်၊ သူ့အင်းဆံနှင့် တစ်ထောင်စုပ်၊ သိဒ္ဓိတင်။

(၄) အင်း - သူ့အင်းဆံနှင့်တစ်ထောင်စုပ်၊ သိဒ္ဓိတင်၊ အစွဲအားကြီးသော် မှိုင်းခံတွင်ချ။ ပြာချတိုက်။

(၅) အင်းအစွဲမဖျက်နိုင်သော် ပဌမံရုပ်ပုံနှင့်ချုပ်ပြီး ဂုတ်မှာထိုးပျောက်၏။

(၇) အင်းပယောဂအစွဲဟူသမျှ ပြာချတိုက်ပျောက်၏။ သုစမနှင့်တစ်ထောင်စုပ်။ ရှေးနည်းအတိုင်း စီရင်လုပ်။

(၈) အင်း၊ စုန်း၊ နတ်ခုခံသော် မီးစက်ချစီမံလေ။

(၉) အင်း - ဉာဏ်ရှိသလိုသုံးပါ။

(၁၀) အင်း ၉၆ ပါး ဉာဏ်ရှိသလိုသုံး။

| | |
|---|---|
| ဋ | အ |
| ဆ | ဍ |

၁၀

| | |
|---|---|
| တ | ခ |
| ဖ | လ |

၁၂

| | |
|---|---|
| ဂ | ဃ |
| ပ | မ |

၁၃

| | |
|---|---|
| င | ည |
| ခ | လ |

၁၄

| | |
|---|---|
| သ | ဟ |
| ည | ဂ |

၁၅

| | |
|---|---|
| င | စ |
| င | က |

၁၆

| | |
|---|---|
| လ | ဂ |
| က | ည |

၁၇

| | |
|---|---|
| ရ | င |
| ခ | တ |

၁၈

| | |
|---|---|
| င | တ |
| ပ | လ |

၁၉

| | |
|---|---|
| တ | ည |
| င | ဆ |

၂၀

| | |
|---|---|
| ည | မ |
| စ | လ |

၂၁

| | |
|---|---|
| ဂ | ပ |
| ရ | ဝ |

၂၂

| | |
|---|---|
| စ | ဓ |
| ထ | ပ |

၂၃

| | |
|---|---|
| ဓ | ခ |
| ပ | မ |

၂၄

| | |
|---|---|
| ည | တ |
| ခ | ဖ |

၂၅

| | |
|---|---|
| ခ | ဖ |
| င | စ |

၂၆

| | |
|---|---|
| ပ | လ |
| ဂ | ည |

၂၇

| | |
|---|---|
| ဓ | လ |
| ဏ | ခ |

၂၈

| | |
|---|---|
| ရ | ဖ |
| ဆ | ည |

၂၉

| | |
|---|---|
| ဋ | လ |
| ဍ | ရ |

၃၀

| | |
|---|---|
| မ | စ |
| ဆ | င |

၃၁

| | |
|---|---|
| ခ | ည |
| တ | လ |

၃၂

| | |
|---|---|
| က | ည |
| ပ | င |

၃၃

| | |
|---|---|
| ပ | င |
| ည | ထ |

၃၄

| | |
|---|---|
| ဖ | ဂ |
| ဆ | ဖ |

၃၅

| | |
|---|---|
| လ | က |
| င | ဆ |

၃၆

(၁၁) အင်းကိုမှိုင်းခံတွင်ပြာချတိုက်။ ဖုတ်ဝင်သူဖုတ်ထွက်၏။ ဝင်လိုလျှင်လည်းဝင်ဖုတ်ဝင်သူမှသာပြုလုပ်ပါ။

(၁၂) အင်း - မှိုင်းခံတွင်ပြာချတိုက်။ ရှေးအတိုင်းစီရင် - မန်းအစွဲပြတ်၏။

(၁၃) အင်း ၁၄ အင်းကို ၉၆ ပါး ဉာဏ်ရှိသလိုသုံးနိုင်၏။ အထက်နည်းအတိုင်း သုစမနှင့် မန်းစီရင်။

(၁၄) ပဌမအင်းကို မှိုင်းခံတွင်ချ၊ သုစမနှင့်တစ်ထောင်မန်း၊ ကိုးထောင်ချသောက်။ တစ်နေ့ကိုးအင်းချ၊ ဂုဏ်တော် တစ်သောင်းကိုတစ်နေ့ပြီးအောင်စိပ်။ ၁၁ အင်းကိုးထောင်သောက်၊ ရက် ၁၀၀ အတွက် ဂုဏ်တော်ပေါင်း ကိုးသိန်းရ၏။ ရက် ၁၀၀အတွင်း အကြားအမြင်အထင်ရ၏။ အဓိဋ္ဌာန်နှင့်လုပ်ပါ။ ၎င်းအင်းကိုမည်သည့်စုန်း၊ နတ်စွဲမဆို ခုခံသော် အိုးခြမ်းကွဲမှာချလျှော့ဖုတ်လေ။

(၁၅) ၁၅ အင်းအကျိုး အပဟန့်ကောင်း၏။ စိတ်အလိုအတိုင်းပြီး၏။ ဉာဏ်ရှိသလိုသုံးနိုင်၏။

(၁၆) င-စ-င-က

(၁၇) လ-ဝ-က-ည ၎င်း ၁၆၊ ၁၇အင်းဆံ စမများ၏ရှေ့နောက်တွင် ဥုံတိ-ဒိ-ရဲ့နှင့်သွာ ဟတို့ထည့်၍ မှိုင်းခံတွင် ချပြီး တစ်ထောင်စုပ်၊ ပြာပြုမြို၊ ကာယသိဒ္ဓိနက္ခတ်အထွက်ချ - ၎င်းအပြင်ပဌမံရုပ်ပုံနှင့် ဂုတ်မှာထိုး၊ ကာယပီယသိဒ္ဓိမြောက်၏။

(၁၈) အင်းအသုံး၊ သိန္ဓောဆေးတွင်ထည့်သုံး၊ ရောဂါပျောက်၏။

(၁၉) အင်းကား သူ့အင်းဆံနှင့်ရှေ့အတိုင်းတစ်ထောင်စုပ်၊ ပြာချသောက်၊ ပီယသိဒ္ဓိ။ ၎င်းပြင်ဗောဓိရုပ် မှုံနှင့်ရော၍ ဂုတ်မှာထိုး နိုင်သေး၏။ သောက်သောအခါ ပဌမံရုပ်မှုံ့နှင့်ချပ်မြို။

(၂၀) အင်းကားအနောက်ကတော် နှောက်ယှက်သော်၊ ကမ္ဘဝါကြေးပြားတွင် ဥုံတိဓိရဲ့ က-ည-င-ဆ၊ သွာဟ - တထောင်စုပ်၊ အိုးကင်းမှာထည့်ကြော်။

(၂၁) အင်း၊ (၂၂)အင်းတို့ကား-သူ့အင်းဆံရှေ့အထူးတထောင်စုပ် အထွက်နက္ခတ်တွင်ချ၊ ဇုဖ်ပါး ရောဂါတိုက်၊ (၂၃) (၂၄) (၂၅) (၂၆) (၂၇)အင်းတို့ကား မှိုင်းခံတွင်ချ သူ့အင်းဆံနှင့် ရှေ့ကအတိုင်းတထောင်စုပ်၊ ဘိုတော်တို့ပင့်၍ သစ္စာဓိဌာန်ပြုသောက်၊ ကာယသိဒ္ဓိမြောက်၏။ ပဋ္ဌမ်ရုပ်မှုံနှင့် လည်းထိုးနိုင်၏။ (၂၈) (၂၉) (၃၀) (၃၁) (၃၂) (၃၃) (၃၄) (၃၅) (၃၆)။ ဤ၉အင်းကိုအထွက်နက္ခတ်ချ၊ သူ့စမများနှင့် ရှေ့ နည်းအတိုင်း တထောင်စီစုပ်၊ ပီယသိဒ္ဓိ၊ ဝီနသိဒ္ဓိမြောက်၏။ ဣစ္ဆာသယအင်းများဖြစ်၏။ ၎င်းအပြင် ၃၇မင်း နှောင့်ယှက်သော ၎င်းအင်းများထဲမှ တအင်းအင်းကို ဒိုးခြမ်းကွဲတွင်ချ၍ လှော်လေ၊ မနေနိုင်ပြီ။

| | |
|---|---|
| လ | ခ |
| ရ | မ |

ဉ်ုတိမိရှဲ လခရမ - သွာဟ တစ်ထောင်စုပ်၊ ခံဘိုးတော်ကို ဘိုးသိကြားချုပ်ဆို၍ဖမ်း ကြေးကမ္ဗဝါ ပြားတွင်အင်းချ၊ အမှုကြီးမှလုပ်။

| | |
|---|---|
| တ | ယ |
| ခ | ဝ |

ဉ်ုတိဝိရှဲ တ ယ ခ ဝ အထွက်ချ ၁၀၀၀စုပ်၊ စုန်းနတ် စသည်တို့ခုခံသော် ပြာချ ရေနှင့်ဖျော်တိုက်လေ၊ သောက်လေ၊ ကြောက်ပါပြီဟုအော်၏။

| | |
|---|---|
| ည | ဇ |
| တ | ခ |

အထက်အတိုင်း အင်းဆံနှင့် ၁၀၀၀စုပ်၊ စုန်း၊ ပယောဂခုခံသော် ရှေးနည်းအတိုင်းလုပ်၊ ခေါင်းကိုက်လျှင်ပြာချ၊ ဆီနှင့်ဖျော်လိမ်း၊ ဇုဖ်ပါး ဉာဏ်ရှိသလိုသုံးပါ။

| | |
|---|---|
| လ | စ |
| ဈ | ဆ |

အင်းဆံနှင့် ၁၀၀၀စုပ်၊ ၃၇မင်းပူး၍ ခုခံသော် ကမ္ဗဝါကြေးပြားတွင်ချ၊ အင်းနှင့်အတူ မီးလေးခွက်ကိုကိုင်၍ မီးစက်ချ မနေနိုင်အောင် အော်ပြေး၏။

| | |
|---|---|
| လ | ဇ |
| စ | ဖ |

အထွက်ချ၊ အင်းဆံနှင့် ၁၀၀၀စုပ်၊ ရေယာဉ်ကတော်ခုခံသော် အထက်အတိုင်းလုပ်၊ ဇုဖ်ပါး ဉာဏ်ရှိသလိုသုံးပါ။

| | |
|---|---|
| ည | ဖ |
| ယ | စ |

အထွက်ချ၊ အင်းဆံနှင့် ရှေးနည်းအတိုင်း ၁၀၀၀စုပ်၊ နတ်၊ ပယောဂရှိသော် ပြာချခပ် မနေနိုင်ထွက်သွားရ၏။

| | |
|---|---|
| ခ | ထ |
| လ | ဝ |

အထွက်ချ၊ အင်းဆံနှင့် ၁၀၀၀စုပ်၊ အနောက်ကတော် ပူးကပ်သော် ဒိုးခြမ်းကွဲတွင်ချ၊ ဒိုးကင်းတွင်လှော် အထက်ဆရာကြီးအမိန့်ပေး မနေနိုင်၊ ဉာဏ်ရှိသလိုသုံးပါ။ ကျန်အင်းများကို နောက်စာအုပ်တွင်ဖော်ပြပါမည်။

တန်ခူးလဆန်း ၅ရက် - အင်္ဂါနေ့ည အိပ်မက် - ကလေးမလေးတစ်ယောက် ကျောင်းရောက်လာပြီး အိပ်ယာထဲဝင်အိပ်၏။ နာမည်မေးလိုက်တော့ ကံညွန့်လို့ပြော၏။ သူ့အမကြီးလည်းလိုက်လာပြီး တပည့်တော်မတို့ နှစ်ယောက်အရှင်ဘုရားကိုလှူပါတယ်ဘုရားဟုလျှောက်၏။ ဒီလိုဆိုလျှင် ကျောင်းမှာ ကပ္ပိယမအဖြစ်ပြုစုနေကြပါဟု ခွင့်ပြု၍ထားခဲ့ပြီး ပဋ္ဌာမာရုံကျောင်းပတ်လမ်းလျှောက်လာ၏။ ပဋ္ဌာမာရုံကျောင်းအတက် လှေကားပေါ်မှာ ရွှေစင်းတု တင်ပလ္လင်ခွေ ၂ဆူတွေ့၏။ လှေကားပေါ်တွင် ရွှေဆင်းတုနှင့်မသင့်တော်၍ ရွှေ့ရန်လူများခေါ်ပြီး ကျောင်းရွှေ့၏။ ရွှေဆင်းတုနှစ်ဆူက ဉာဏ်တော်နှစ်တောင်လောက်ရှိ၏။ ရွှေထုက ငါးမူးထုလောက်ထူ၏။ ကျောင်းပေါ်ရောက်တော့ နောက်ကျောဒမခန်က အောင်သိဒ္ဓိရတနာထွန့်ခေါင်ဘုရားဟုကမ္ပည်းများပါလာ၏။

၁၃၂၉၃ - တန်ခူးလဆန်း ၇ရက် - ကြာသပတေးနေ့ည အိပ်မက် - ကျောင်းတွင်းရှိ ရွှေသေတ္တာကြီးပေါ်မှာ ဘုန်းတော်ကြီး ကျိန်းစက်နေတာတွေ့ရ၏။ ထိုကျိန်းနေသော ဘုန်းတော်ကြီးတပည့်က အိပ်နေရာကထလာပြီး ကျွန်ုပ်ရှေ့လာ၍လျှောက်ထားသည်မှာ - ဟိုရွှေသေတ္တာကြီးပေါ် ကျိန်းနေတဲ့ ပုဂ္ဂိုလ်က ခန္တိနယ်ကဆရာတော်ပါဘုရား . . အရှင်အာသဖလို့ခေါ်ပါတယ်။ ဆွမ်းခံသွားဖို့ရန် ဆရာတော်နောက်ကလိုက်ဖို့ သပိတ်ငါးလုံး၊ လူငါးယောက် စီစဉ်ပေးတော်မူပါဘုရားဟုလျှောက်၍ ဦးဝိရိယကိုစီစဉ်ရန်ခိုင်းလိုက်၏။ ထိုပုဂ္ဂိုလ်လက်ထဲလည်း အလံကလေးပါလာ၏။ ဆွမ်းတော်ကြီးကြက်လျှာအလံလိုဖြစ်၏။ ထိုအထဲမှာ စာလေးကြောင်း၊ ငါးကြောင်းပါ၏။ ထိုအလံကိုင်၍ ဆွမ်းခံသွားရန်ဖြစ်၏။ ကျောင်းက ဦးပဥ္စင်းကြီး ဦးကုသလကထိုပုဂ္ဂိုလ်ကိုရှိခိုး၏။ ကျွန်ုပ်ကို ထိုပုဂ္ဂိုလ်တပည့်ကလာပြီး ရှိခိုး၍ ဆွမ်းခံသွားရန်လျှောက်၏။ ထိုပုဂ္ဂိုလ်ကိုလည်းလျှောက်၏။ ထိုအခါ ရွှေသေတ္တာကြီးပေါ် ကျိန်းနေသောပုဂ္ဂိုလ်က ခေါင်းမြီးခြုံဖွင့်ပြီးထလိုက်၏။ သူ့ခေါင်းတုံးကပြောင်လက်နေ၏။ မျက်နှာများလည်းပြောင်နေ၏။ ထပြီး သက်နီးပြင်ကြ၏။ ထိုအခါကျွန်ုပ်နိုးလာ၏။

၁၃၂၉၃ - တန်ခူးလဆန်း ၉ ရက် - စနေနေ့နံနက် ၃ နာရီထ၍ ဓါတ်ခန်းတွင် ပုတီးစိပ်ပြီး ပုဂံသွားရန် ကားဆိပ်လာ၏။ လေးနာရီတွင် ဇလိုင်းကားစီး၍ ရတနာဦးကားဆိပ်သွား၏။ ၄ နာရီ ၃၀ မိနစ်ရောက်၏။ လူပြည့်နေ၍ ထီလာမန်းကားနှင့် မိတ္ထီလာသို့လိုက်၍ ၁၀ နာရီရောက်၏။ ကိုတင်ဝင်းဆီသွားပြီး ရွှေမြင်တင်ဘုရားသွား၍ ပုတီး ၂၇ ပတ်စိပ်၏။ မိန်းကလေးတစ်ယောက်လာ၍ ငွေကိုးကျပ်လာလှူ၏။ တပည့်တော်မခင်မိတ် ခေါ်ပါသည်။ အမျှဝေတ္တာပေးသနားတော်မူပါဘုရားဟုလျှောက်၍ အမျှမေတ္တာပေးလိုက်၏။ သာဓုခေါ်ပြီးဝတ်ချသွား၏။ ကျွန်ုပ်လည်းကိုတင်ဝင်းအိမ်ပြန်၊ ဆွမ်းစားပြီး ကျောက်ပန်းတောင်းကားဂိတ်လာ၏။ ကား ၁ နာရီ ထွက်၏။

ကျောက်ပန်းတောင်းက ငါးနာရီမိနစ်နှစ်ဆယ်ထွက်၏။ ညောင်ဦးသို့ ၆နာရီခွဲရောက်၏။ မြင်းလှည်းငှားပြီး ရွှေစည်းခုံဘုရားသွား၏။ ၆နာရီခွဲရွှေစည်းခုံရောက်၏။ ဘုရားဖူး၊ ပုတီး ၂၇ ပတ်စိပ်ပြီး ဘုရားနားက လွှတ်ရည်ဆိုင်တည်းခိုပြီး ခဏအပန်းဖြေကာ ၈နာရီတွင် ရွှေစည်းခုံဘုရားမှပြန်သွားပြီး ပုတီး ၁၀၈ပတ်အဓိဋ္ဌာန်နှင့်စိပ်နေ၏။ ဝတ်ဖြူစင်ကြယ်နှင့်တကာတစ်ယောက်အနားလာစိပ်နေ၏။ သူ့ပါးစပ်ကလည်း ကုလားလို ဆိုပြီးစိပ်နေ၏။ ကျွန်ုပ်လည်းစိပ်ပြီးရော သူလည်းမရှိတော့၊ လွှတ်ရည်ဆိုင်ပြန်အိပ်၏။

တန်ခူးလဆန်း ၈ ရက်၊ နံနက် ၄ နာရီထ မျက်နှာသစ်ပြီးဘုရားသွား၍ လေးမျက်နှာ ၉ ပတ်စိပ်၊

လေးထောင့် ၉ ပတ်စီစိပ်၊ မိုးလင်းတော့ပြီး၏။ အရှေ့မုခ်တွင် ခါတ်လုံးတစ်လုံးရ၏။ ထိုကမှ ရွှေစည်းခုံဘုရား အတွင်း သိမ်တော်ကြီး၌ ၄၅ပတ် စိပ်၏။ ဤသိမ်တော်ကြီးမှအစပြု၍ သိမ်ကိုးသိမ် အဓိဋ္ဌာန်ဝင်သော နေ့ဦးဖြစ်၏။ ဖယောင်းတိုင် ၁၀၈တိုင် လှူပြီးစိပ်၏။ မုခ်လေးမုခ် ၉တိုင်၊ ထောင့်လေးထောင့် ၉တိုင်စီ၊ သိမ်ကြီးလည်း၉တိုင်စီပူဇော်၏။ သိမ်ကြီးအတွင်းမှ ဘုရားတစ်ဆူမုခ်ဝတွင် အလံတစ်ခုရ၏။ ထိုအလံက သက်နံးရောင်ဖြစ်၏။ အလျား ၉လက်မ၊ အနံ ၄လက်မလောက် ရှိ၏။ ထောင့်လေးထောင့်၊ စမလေးလုံး ပါ၏။ အလယ်ခေါင်က စမဘုရားပါ၏။ ဘုရားကို ပထဝီ - ဗလသုန္ဒရီဂါထာ၊ ဇေယန္တောဂါထာများ ဝိုင်းထား၏။ အောင်လံဖြစ်၍ ကျွန်ုပ်ယူလာပြီး ခါတ်ခန်းထဲနဝင်းစေတီရှေ့လှူထား၏။ မြင်းလှည်းငှားပြီး ပုဂံသွား၏။

အာနန္ဒာဘုရားက ၄ မုခ်ငါးပတ်စီစိပ်၏။ လှိုင်အတွင်း ကိုးပတ်စီစိပ်ပြီး မီးမလောင်ကျောင်း ကိုးပတ်၊ မနုဟာဘုရားကိုးပတ်၊ မြစေတီကိုးပတ်၊ ဂူပျောက်ကြီးကိုးပတ်၊ ကန်တော့ပလ္လင်ကိုးပတ်၊ သဗ္ဗညုကိုးပတ်၊ ငှက်ပစ်တောင်ကိုးပတ်၊ ဂူကြီးကိုးပတ်၊ မှင်းအိုချမ်းသာကိုးပတ်၊ ထီးလိုမင်းလိုကိုးပတ်၊ ပုထိုးသားများကိုးပတ်၊ သိကြားပုန်းကိုးပတ်၊ ဦးပါလိသိမ် ၄၅ပတ်၊ မင်းကြီးဘုရားကိုးပတ်၊ တိတ်သုံးတန်၊ ဖွတ်ဖျိုင်းစေတီလေးဆူ ကိုးပတ်၊ မွှောရုံကြီးကိုးပတ်၊ နတ်လှောင်ကျောင်းဘုရားသုံးပတ်၊ ငကျွဲနားတောင်းနှစ်ပတ်၊ အနော်ရထာ ဂုံညင်းကစားသော ဘုရားနှစ်ပတ်၊ အနန္တသူရိယနှစ်ပတ်၊ ဆပ္ပဒဘုရားကိုးပတ်၊ ဗောဓိကိုးပတ်၊ ဗူးဘုရား ကိုးပတ်၊ လောကနန္ဒာဘုရားကိုးပတ် ဘုရားများကို မီးနှစ်တိုင်စီပူဇော်ခဲ့၏။

ညောင်ဦးပြန်ဆွမ်းစား၏။ အဝစားနှစ်ကျပ်၊ ကျွန်ုပ်တို့က သတ်သတ်လွတ်ဖြစ်၍ တစ်ကျပ်သာ ယူ၏။ ၁၁နာရီခွဲဆွမ်းစားပြီးကားဂိတ်လာ၏။ ၁၂နာရီ ကျောက်ပန်းတောင်း ကားထွက်၍ ၂နာရီမတ်တင်း ပုပ္ပားတောင်ရောက်၏။ ၃နာရီ ဆယ့်ငါးမိနစ် တောင်ကလပ်တက်ပြီးပုတီး ၂၇ပတ်စိပ်၏။ မယ်ဝဏ္ဏကို အထူးမေတ္တာပို့အမျှဝေ၏။ အားလုံးလည်းမေတ္တာပို့အမျှဝေ၏။ ပြန်ဆင်းညအိပ်၊ မနက်သုံးနာရီထ၊ မျက်နှာသစ်ပြီးတောင်ကလပ်တက်၍ ပုတီး၂၇ပတ်စီ ဘုရားနှစ်ဆူရှေ့တော်၌စိပ်၏။ ဖယောင်းတိုင် ကိုးတိုင်စီ ပူဇော်စိပ်၏။ ပြီးလျှင် ဝဏ္ဏပဘာတို့သုံးယောက်လာပြီးကန်တော့ကြသည်။ ငှက်ပျောသီးလှူ၏။ ကျွန်ုပ်စားပြီး သူတို့ပြန်ခွန့်ခဲ့၏။ သူတို့လည်းစားကြ၏။ တောင်ခြေရောက်အောင်လိုက်ပို့ကြ၏။ ၈ နာရီခွဲပုပ္ပားမှထွက် ၍ လမ်းမှာကျွန်ုပ်စီးလာသော ကားဘရိတ်ပေါက်၍ ၂နာရီကြာအောင်ပြင်ရ၏။ သုံးနာရီဆယ့်ငါးမိနစ်မြင်းခြံ ရောက်၏။ စွန်းလွန်းဂူကျောင်းဝင်၍ညအိပ်၏။

သတိပဋ္ဌာန်ရိပ်သာအရှေ့ဘက်ဘုရားကြီးဖူး၏။ နှစ်ကျိပ်ရှစ်ဆူဖူး ၏။ ကိုးဆောင်တိုက်ဘုရားဖူး၏။ ဂူကျောင်းပြန်အိပ်၏။ နံနက် ၄နာရီထ ကားဂိတ်လာ၍ ၄နာရီခွဲကားထွက်၏။ မြစ်သားသို့ ၇နာရီ ရောက်၏။ ကျောက်ဆည်သို့ ၈နာရီရောက်၏။ မန္တလေးသို့ ၁၀နာရီမတ်တင်းရောက်၏။ ဦးစီ၏အိမ်သို့ ၁၀နာရီခွဲ ရောက်၏။ ဆွမ်းစားပြီးကျောင်းပြန်၏။ တန်ခူးလဆန်း ၁၂ရက် - နံနက်စောစောထလာ၍ တောင်မင်း ဘုရားနှင့်တောင်မင်းကြီးသိမ်၊ ဈေးသိမ်၄၅ပတ်စီစိပ်၊ ညနေကျော်အောင်စံထားသိမ်၊ ညပုထိုးတော်ကြီး သိမ်နှင့်ဘုရား၊ ရွှေဂူကြီးဘုရားနှင့် သိမ် ၄၅ပတ်စီစိပ်၊ ဂူကြီးသိမ်၌ စိပ်နေရာတွင် ကျွန်ုပ်ပုတီးစိပ်နေသော အနောက်ဘက်တွင် မြွေကြီးနှစ်ကောင်ပါးပျဉ်းထောင်၍ အရှေ့ဘက်အပေါက်ဝ ကကြည့်နေကြ၏။ ညကိုးနာရီပုတီးစိပ်ပြန်သောအခါ သူတို့ကိုတွေ့ရ၏။ အမျှမေတ္တာပို့ဝေ လိုက်တော့မှ သူတို့သွားကြ၏။

တန်ဆောင်မုန်းလဆန်း ၁၃ရက် - ဗုဒ္ဓဟူးနေ့ ၅ နာရီထ၍ မျက်နှာသစ်ပြီးမီးပူဇော် ဓါတ်ခန်းတွင် ပုတီးစိပ်၏။ ဦးစီအိမ်တွင် ဆွမ်းစား၍ ၆ နာရီခွဲ ဆင်ကျုံးရွှေဂူသို့ ၎င်းကအောင်ပင်လယ်ကန်အင်္ဂါဒေါင့်က နေထွက်သိမ်၊ ၎င်းက တနင်္ဂနွေထောင့်က မွန်းတည့်သိမ်၊ မန္တလေးမြောက်တာရိုးနားက နေဝင်ရှင်အရဟံသိမ်၊ နေဝင် နေထွက် မွန်းတည့် သိမ်သုံးသိမ်စိပ်ရာတွင် အင်းတစ်ချပ်စီရ၏။ ထိုအင်းများမှာ သမ္ဗုဒ္ဓေအင်း၊ ဝေဒါသာ ကုအင်း၊ ဓါတ်လေးပါး အင်း များဖြစ်၏။ ထိုသိမ်များမှ နံနက် ၁၁ နာရီပြန်၍ ဈေးချိုဆွမ်းဆိုင်တွင် ဆွမ်းဝင်စားပြီး စစ်ကိုင်းကားနှင့် ကောင်းမှုတော်ဘုရားသွား၏။ တစ်နာရီရောက်၏။ ကောင်းမှုတော် ဘုရားတောင်ဘက်စောင်းတန်းကအဝင်တွင် စိတ်မကောင်းသော သူတောင်းစားအဖွားအိုက ရပ်တော်မမူ ပါအုံးဟုလျှောက်ပြီး ပြားလေးဆယ်လှူ၏။

ဘုရား၌ပုတီး ၂၇ ပတ်စိပ်ပြီး ကောင်းမှုတော်ဘုရားအပြင်ဘက် စနေထောင့်ကသိမ်ပျက်ထဲတွင် ပုတီး၄၅ပတ်သွားစိပ်၏။ နေကြတ်ကြတ်ပူ၍အရိပ်ရှိရာခိုစိပ်၏။ မြွေနှစ်ကောင်ဝင်လာပြီးဟိုကြည့် သည်ကြည့်ကြည့်ပြီး ထွက်သွား၏။ အပိုနှင့်တကွ သိမ်ကိုးသိမ်ပြီး၏။ သိဒ္ဓိတင်သောအနေဖြင့် တန်ဆောင်မုန်း လဆန်း၁၄ရက် - ကြာသပတေးနေ့တွင် တံခွန်တိုင်မြောက်ဘက် ပြေတိုက်သာရမဏ္ဍသိမ်တော်ကြီးတွင် ပုတီး ၁၀၈ပတ်သွားစိပ်၏။ နံနက် ၆ နာရီထသွား၍ ၇ နာရီရောက်ပြီး ၁၀ နာရီတွင် စိပ်ပြီး၏။ ထိုသိမ်ကြီးတွင် စစ်သားတစ္ဆေငါးယောက်လောက်တွေ့ရ၏။ သူတို့က အကြိတ်အနယ် တိုက်ပွဲဆင်ကြ၏။ ကျွန်ုပ်ကမဖြုံတာ နှင့် နောက်ဆုံးသူတို့ရှုံး၍မလာကြတော့ပေ။

၁၃၂၉ခု - တန်ဆောင်မုန်းလပြည့်နေ့ အဓိဋ္ဌာန်ပုတီးများသွားစိပ်၏။ ညအိပ်မက် - မီးကာကွယ်သော အဝတ်အစားများ၊ ကီရိယာတန်ဆာပလာများ ဝတ်ဆင်ထားရ၏။ ဝမ်းဗိုက်တို့ကို ရွှေကျော်က ဓာတ်လိုက် အောင်ဆင်နေသဖြင့် ဖြုတ်ချပြီးထွက်လာ၏။ လမ်းတွင်ဘုန်းတော်ကြီးတစ်ပါးက ကိုယ်တော်က မီး ကာကွယ်သောအဝတ်အစား များနှင့်ကိုး၊ ဒါတွေဝတ်ထားတာအပိုပါပဲကိုယ်တော်။ ကိုယ်တော့်အတွက် ဒါတွေမလိုတော့ပါဘူးဟုပြောသွား၏။ ကျွန်ုပ်လည်းချွတ်ပစ်လိုက်၏။ ပုတီးစိပ်ပြီးပြန်လာခဲ့၏။ ကျောင်း ရောက်တော့ ဆွမ်းပို့လာသောတကာမကြီးများကို ပုတီးစိပ်ရန်တရားဟောပြီး ဆွမ်းစားမည် ပြုသောအခါ ဆွမ်းဟင်းတို့က ရတနာဖြစ်သွား၏။ ထိုရတနာများကို အဝတ်နှင့်ထုတ်ယူပြီး သိမ်းမည်ပြုလုပ်ရာ နောက်က အဖိုးကြီးတစ်ယောက် ရောက်လာပြီးကိုယ်တော် ဒီရတနာတွေ သိမ်းနေတာ ဘာလုပ်ဖို့တုန်းဟုမေး၏။ ဘုရားပြင်ဖို့ပါအဖိုး။ ကိုယ်တော့်အဖိုးအပိုပါ။ နောက်တော့ကိုယ်တော်သိလာမှာပါ။ ကဲဒါဖြင့် အဘိုးယူသွား ပေတော့။ သာဓု . . သာဓု . . သာဓု။ တုံးကြီးခေါက်သံကြား၍ ကျွန်ုပ်လည်းနိုးလာ၏။

၁၃၂၉ခု - တန်ဆောင်မုန်းလပြည့်ကျော် ၁ရက် - သင်္ကြန်ကျရက်ဖြစ်၏။ အရှေ့ပန်းတန်း၊ ကြံတန်း၊ ပန်းရံ ဆွမ်းစင်များလိုက်သီလပေး၊ တရားဟောပြီးကျောင်းပြန်၏။ ကျောင်းတွင်ဘုန်းတော်ကြီးတစ်ပါးရောက် နေ၏။ နေရပ်မေးကြည့်တော့ ပဒိန်းဖဲ့ကလို့ပြော၏။ မန္တလေးဘုရားကြီးဖူးလာရင်း ကိုယ်တော့်ဆီ ဝင်လာ တာလို့ပြော၏။ ဆွမ်းစားလွှက်ရည်သောက်ကြပြီး အလ္လာပ၊ သလ္လာပပြောရင်း ထိုဘုန်းကြီးက ကိုယ်တော့်မှာ ဓါတ်လုံးကောင်းရှိတယ်၊ ဓါတ်လုံး သိဒ္ဓိတင်တဲ့နည်းပေးခဲ့ဦးမယ်။ ကိုင်း - ကိုင်းရေးပါ ကိုယ်တော်။

"နွားခြေ၊ ပြန်ညောင်၊ ကောက်ရိုးနှင့် ငှက်ပျောပသူငယ်စာ၊ ရောနှော၍မွှေပါ
သိဒ္ဓိမြောက်ဆေးအကျော်မှာ - ထွက်ရပ်နေဉ် ရောက်လိမ့်တန်ခိုး"

အဓိပ္ပါယ်မှာ - ၁။ နွားခြေး ၂။ ညောင်ပြန် ၃။ ကောက်ရိုး ၄။ သူငယ်စာငှက်ပျော

ဤလေးမျိုးကို တစ်မိုးစီစားရအောင်ချက်။ အုံးပနီအုံး - နဂပါရဲအုံး တစ်လုံးအရည်နှင့် တစ်ညစိမ်ပြီး ဆားပြန်ချက်၊ သုံးလုံးပေါက်ထိုး။ ခါတ်လုံးမှ လုံနူတ်ခမ်းတက်၍ သိဒ္ဓိရောက်၏။ တန်ခူလဆုန် ၂ ရက် တနင်္ဂနွေနေ့ သကြံန်အကျရက်၊ အကြီတန်း၊ လေးစုပန်ပဲတန်းရပ်များ၊ ဆွမ်းစင်လိုက်သီလပေးတရား ဟောပြီး ကျောင်းပြန်လာ၏။ သကြံန်အကျရက်မှစ၍ ကိုးရက်တိုင်တိုင် ပုတီးနေ့စဉ် ၂၇၈ ပတ်စိပ်ရန် အဓိဋ္ဌာန်ထား၏။ ညနေဘုရားများဖူးပုတီးစိပ်ပြီးကျောင်းပြန်၏။ ပဒိန်းဘုန်းတော်ကြီးလည်း ပြန်ကြွ သွား၍ အာဂန္တုဝတ်မရှိတော့သဖြင့် သွားလာနိုင်၏။

ည - အိပ်မက်၏။ လေးထောင့်အလုံးကြီးနှစ်လုံးပြ၏။ တစ်လုံးတစ်လုံးမှာ ၃ လက်မလောက်ရှိ၏။ တစ်လုံးက ပိန်နေ၏။ အဖိုးတစ်ယောက်ကပေး၏။ ပေးသွားသောအဖိုးကပြောသည်မှာ ဒီအလုံးများက ကြီးသော်လည်း ငယ်ချင်လျှင် ရေစိမ်လိုက် ငယ်ပါတယ်။ ကိုယ်လိုသလိုလဲ သုံးနိုင်ပါတယ်။ ပီယ၊ လာဘ ဘက်ကပိုထက်တယ်။ အမြင်အကြားလိုချင်လျှင်လည်း ဒီဂါထာပုတီးစိပ်ဆိုပြီး စာရွက်ကလေး ပေးသွား၏။ ကျွန်ုပ်လည်း နိုးလာ၏။ ထိုစာရွက်ကလေးသည် လက်ထဲမှာရှိနေ၏။ ကျွန်ုပ်လည်း အထူးဝမ်းသာစွာဖြင့် ထိုစာရွက်ကလေးမှဂါထာကိုရေးကူးပြီး ကျက်ထားလိုက်၏။ သူ့အနက်မြန်မာပြန်ကိုလည်း တစ်ခါတည်း ရေးကူးထားလိုက်၏။ ထိုဂါထာနှင့်အနက်မှာ အောက်ပါအတိုင်းဖြစ်၏။

ဉုံ - ဣဒ္ဓိဝိဓ - ပရစိတ္တ၊ ဝိဇာနနာ ပုဗ္ဗေနိဝါသာ၊
နုဿတိ - ဒိဗ္ဗစက္ခု - ဒိဗ္ဗသောတ - အာသဝက္ခယညာဏံ
အဟံမမ - ဒိဋ္ဌဓမ္မဝေဒနိယကံ - ဣဟွတ်ဣဟွတ်

ဉုံမ် - ကာကွယ်စောင့်ရှောက်၊ အနိဋ္ဌ ဘေးမကောင်းဟူသမျှ ရန်ခပင်းတို့ကို တားမြစ်ပေးနိုင်ခြင်း ကြောင့် ဉုံဟူ ၍ရင်း၊ ဣဒ္ဓိဝိဓ = ဆင်ထောင်သောင်း၊ မြင်းထောင်သောင်း = ဆီမီးရောင်ရော - လျှပ် ရောင်ရော တတောလုံး ဆိတ်ငြိမ်ယံစျာန်ကြွနေလကို သုံးသပ်နိုင်ခြင်းတည်းဟူသော ဣဒ္ဓိဝိဓအဘိဉာဏ် သည် လည်းကောင်း၊ ပရစိတ္တ ဝိဇာနနာ ဝိဇ္ဇာထိုရ်အတတ်တို့ကို ပါရဂူမြောက်ကမ်းတဘက်ပေါက် ကူးမြောက်အောင်မြင်၍၊ ပရစိတ္တလူမျိုး ၁၀၁ပါးတို့၏စိတ် အစဉ်ကိုသိနိုင်သော ပရိစိတ္တဝိဇာနန အဘိဉာဏ် သည်ရင်း၊ ပုဗ္ဗေနိဝါသနုဿတိ = အစဉ်မပြတ်ရှေ့ဘဝ - ၄၀၊ နောက်ဘဝ - ၄၀၊ အမျိုးအမည် အဆင်း သဏ္ဍာန်၊ အရွယ်အစားဖြစ်ရာဂတိ၊ ဘုံဇာတ် တို့ကို မြင်စွမ်းနိုင်သော ပုဗ္ဗေနိဝါသ နုဿတိ အသိဉာဏ် သည်ရင်း၊ ဒိဗ္ဗစက္ခု = နတ်မျက်စိတစ်ထောင်ကဲ့သို့ ထိုထိုစကြာဝဠာ - ဖီလာထုတ်ခြင်း အကြွင်းအကျန်မရှိ မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုအသိဉာဏ်သည်ရင်း၊ ဒိဗ္ဗသောတ = ထိုထိုအရပ်တို့က ပြောသမျှသောစကား အလုံးစုံတို့ကို ကြားနိုင်စွမ်းသော ဒိဗ္ဗသောတအသိဉာဏ်ရင်း၊ အာသဝက္ခယ ညာန် = ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတည်းဟူသော အာသဝေါတရားလေးပါး၊ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ တည်းဟူသော ဩဃလေးပါးဂင်းတရားတို့၏ ကင်းရာကုန်ရာချုပ်ငြိမ်းရာ အသခ်တ ဓာတ်ပြုပြင်ခြင်းကင်းသောနိဗ္ဗာန်သို့ရောက်စေနိုင်သော လောကုတ္တရာ - အာသဝက္ခယ အသိဉာဏ်ရင်း၊ အဟံ = ခန္ဓာငါး ဝသမ္မုပာကို ငါဟုထင်မှတ် ပညာတ်ကြလျက် မမ = ရွှတ်ဘတ် သရဏ္ဍယ်အပ်သော

ကျွန်ုပ်၏ဗိဇ္ဇမေ့ဝေ = နယကံ = ယခုလောက ပစ္စုပ္ပန်မျက်မှောက်၌ လောလော လတ်လတ်၊ ထပ်ခါထပ်ခါ ဣပ္ပတ် - ဣပ္ပတ် = မရပ်မဆိုင်း၊ အနန္တအတိုင်းမသိသောအကျိုးထူး၊ အကျိုးမြတ်အကောင်း ဥဿုံ၊ အရေးစုံတို့ကို မကြွင်းမကျန်အမှန်ပေးစေကုန်သတည်း။ မူလအတိုင်းဖော်ပြလိုက်ပါ၏။

၁၃၃၀ခု -နှစ်ဆန်းတစ်ရက် တန်ခူးလဆုတ် ၄ရက် - အင်္ဂါနေ့တွင် မင်္ဂလာအခါတော့်နေ့ ပြုလုပ်၏။ သံဃာ ၄၅ပါး၊ လူ ၃၀၀ကျော်ငှက်ပျောသီးကြော်နှင့် အုန်းထမင်းကျွေး၏။ ကျွန်ုပ်ကမင်္ဂလာ တရားဟော၏။ နံနက် ၉ နာရီကစ၍ကျွေးမွေး၏။ ၁၂နာရီအကျွေးအမွေးကိစ္စပြီး၍ အခမ်းအနားစ၏။ ညနေ ၅နာရီမှပြီး၏။ ညအိပ်မက် - ကောင်းမွန်သားနားသော ဗိမာန်ကြီးတစ်ဆောင်နား ရောက်သွား၏။ ရွှေရောင်၊ ငွေရောင်၊ ပတ္တမြားရောင်တို့ဖြင့် တောက်ပြောင်ပြီး ရှု၍မငြီးနိုင်သော ဗိမာန်ကြီးဖြစ်၏။ ထိုဗိမာန် ကြီးအရှေ့တွင် စာရေးထား၏။ "အေးငြိမ်းချမ်းသာမြတ်ဂေဟာဟု ရွှေစာလုံးကြီးများဖြင့်ရေးထား၏။" ကျွန်ုပ်တက်သွား၏။ အပေါက်များမတွေ့၍ ပတ်ပတ်လည်လိုက်ရှာ၏။ ဘေးကလည်းရှာ၏။ ဘေးက လည်း တက်ရန်ကျိုးစားသော်လည်းမရပေ။ အတော်အံ့ဩစရာကောင်း၏။

ထောင့်တစ်ထောင့်က မိန်းမတစ်ယောက် နတ်တန်ဆာတို့ဖြင့်ထွက်ပြီးပြောသည်။ အရှင်ဘုရား အပေါက်မတွေ့သေးဘူးလား။ မတွေ့သေးဘူးကကာမလေး။ ဩော် . . ဩော် အရိပ်ခြေစောင့်ပြီး ကြည့်နေပါဦးဘုရားဆိုပြီး အိမ်ထဲဝင်သွား၏။ ကျွန်ုပ်လည်းကြည့်နေ၏။ အဝတ်ဖြူဝတ်သောလူကြီး တစ်ယောက်က ထိုဘုံဗိမာန်အိမ်ကြီးထဲက ဘုန်းကြီးတစ်ပါးကို ပွေ့ချီ လာ၏။ အိမ်ကြီးနှင့်ငါးတောင်ကွေ့ မြေလှိုင်ပေါက်ထဲမှထွက်လာပြီး အိမ်ကြီးတောင်ဘက် ကုန်းမြင့်မြင့်ပေါ်မှ ဆင်းသွား၏။ ထိုအခါမှာ ကျွန်ုပ်က ဒီအိမ်ထဲဝင်ရန် အပေါက်ဖြစ်ရမယ်ဆိုပြီး ထိုသူတို့ထွက်သွားသော မြေလှိုင်ပေါက်မှ ကျွန်ုပ်ဝင်သွား၏။ မြေလှိုင်ပေါက်မှ အပေါ်တက်လိုက်သော် အိမ်ကြီးပေါ်ရောက်သွား၏။ အခန်းများလည်းပေါလှ၏။ နတ်ကညာတစ်ယောက်လာရန်ပြော၏။ ကျွန်ုပ်က အရေးမစိုက်ဘဲ ထိုဘုံဗိမာန် အိမ်ကြီးထဲလျှောက်ကြည့် လေ့လာနေ၏။

အခန်းကျယ်တစ်ခန်းတွင် ရေသဘင်ကားများဆင်သလို ငွေငန်းကြီးပေါ်တစ်ဘက် ၁၂ ယောက်စီ လှော်တက်ကလေးများဖြင့် လုံမပျိုကလေးများ ဘုံကလေးများဆောင်းကာ နတ်ဝတ်ကလေးများနှင့် ခွဲ့ခွဲ့ နှောင်းနှောင်း ဆီတိုက်တက်ယိမ်းကနေကြ၏။ ဆိုင်းကလည်း တီးပေးနေ၏။ ကျွန်ုပ်က ဆိုင်းဘယ်က တီးတာလဲဟုစုံစမ်းနေ၏။ ဆိုင်းတီးသောနေရာမတွေ့ရချေ။ နတ်မယ်လှကလေး တစ်ပုဒ်ဆုံး၍ အဆိုရပ် သွားကြသောအခါ ရှေ့တစ်တန်းဆက်သွား၏။ တိုက်ခန်းအတွင်းမှာ ငွေရောင်များဖိတ်ဖိတ်တောက်၏။ မှန်စီထားသလားဆိုပြီးကြည့်တော့ မှန်စီထားတာမတွေ့ရပေ။ အလယ်ခေါင်တိုက်နံရံနှင့် ငါးတောင် လောက်အကွာမှာ ဟင်္သာစီးနေသော သူရဿတီမယ်တော်ပုံတွေ့ရ၏။ ကြည့်လို့မငြီးနိုင်ပေ။ အရုပ်က တဖြည်းဖြည်း မယ်တော်လိုတူလာ၏။

ထိုအခါ ကျွန်ုပ်စိတ်ထဲတွင် အရုပ်မဟုတ်ပါလား၊ တစ်ကယ့် သူရဿတီမယ်တော် ကြီးပါလားဟု မှတ်ချက်ချလိုက်ပြီးမယ်တော်၏ အခြေအနေကိုအကဲခတ်လိုက်၏။ သူရဿတီမယ်တော် ဟင်္သာယာဉ် ပေါ်မှဆင်းလာပြီး တဖြည်းဖြည်းကျွန်ုပ်ရှေ့တိုးလာ၏။ သွားပုံလာပုံယဉ်ကျေးလှ၏။ ဟန်အမူအရာပုံ ခွဲ့နှောင်းလှ၏။ အဆင်းသဏ္ဌာန်ကျော့ရှင်းလှပြီး ကျက်သရေနှင့်ပြည့်စုံ၏။ ကျွန်ုပ်နှင့်တစ်တောင် အကွာ

လောက်တွင် ရပ်လိုက်ပြီး ကိုယ်တော်လေးဘာကိစ္စရှိလို့ ဒီနေရာမြတ်ကို လာပါသလဲ၊ အစောင့် မိသူဇာက မတားဘူးလား . . တားပါတယ်။ ကျွန်ုပ်ကဇွတ်ရှေ့တိုးပြီးလာတာပါ။ ကိစ္စကတော့ဒီလိုပါ မြတ်မယ်တော်။ ကျွန်ုပ်က ထွက်ရပ်ကို ရည်မှန်းပြီးပုတီးစိပ်ပါတယ်။ နေ့စဉ်ပဲ ၃၁ဘုံသားတို့အား မေတ္တာပို့အမျှဝေပါတယ်။ ဒေဝီပိုင်းကျတော့ မြတ်မယ်တော်တို့ကို အထူးမေတ္တာပို့အမျှဝေပါတယ်။ ဒါပေမဲ့ မယ်တော်တို့ကို ဒီလို ထင်ထင်ရှားရှားတစ်ခါမှမတွေ့ပါ။ စကားလည်းမပြော၊ အခုလည်းပဲ မယ်တော့်ဘုံဗိမာန်မှန်းမသိပါ။ အဆောက်အဦးက ခန်းနားထယ်ဝါလှတာနဲ့ ဝင်လာခဲ့တာဘဲ၊ အပေါက်ရှာမတွေ့လို့ ကြည့်ရပါသေးတယ်။

ဒီဘုံဗိမာန်ကို မယ်တော်အမြဲနေတာလား . . ဟုတ်ပါတယ်ကိုယ်တော်လေးဘုရား . . မယ်တော် စက်ခန်းဆောင်လည်းမမြင်ပါလား၊ ဪ . . လာ လာ ကိုယ်တော်လေးပြရတာပေါ့၊ ကျွန်ုပ်လည်း လိုက်သွား၏။ လက်ဝဲက ၆ ခန်း၊ လက်ယာက ၆ ခန်း၊ အလယ်ခေါင်က အခန်းကြီး ၁ ခန်း၊ ဝဲယာက အခန်းများမှာ ငွေသလွန်များပေါ် အပြာရောင်ကတ္တီပါအခင်းများခင်းထားကြ၏။ ခေါင်းအုံးများ အနီရောင် ကတ္တီပါ ရွှေကြယ်စီများဖြင့် အလယ်ခန်းကျယ်ကြီးကရွှေသလွန်ပေါ် ကတ္တီပါအနီရောင်ခင်းထား၏။ တခန်းလုံးခင်းပြင်ပေါ်မှာအစိမ်းရောင်ကတ္တီပါများခင်းထား၏။ ထွန်းလင်းတောက်ပ၍ တဖြတ်ဖြတ် ဖြစ်နေ၏။ ရွှေသလွန်ပေါ်က ခေါင်းအုံးမှာ တောက်ပ၍ဖွေးဖွေးဖြူနေသောခုံအုံး ၂ လုံးတပ်ထားတာ တွေ့ရ၏။ သလွန်ခေါင်း ရင်းဘေးက သဉ္ဇာလီတစ်ခုတွေ့ရ၏။ ထိုသဉ္ဇာလီကိုလဲ သလွန်ကဲ့သို့ခင်းထား၏။ ကျွန်ုပ်ကိုသလွန်ပေါ် နေရာပေးပြီး မြတ်မယ်တော်က သဉ္ဇာလီပေါ် ထိုင်နေပါသည်။

ထိုအခါ ကျွန်ုပ်ကစကားစလိုက်၏။ ဤအဆောင်ကမြတ်မယ်တော် အဆောင်လား . . ဟုတ်ပါတယ် ကိုယ်တော်လေး . . ရံရွှေတော်များက ဘယ်မှာနေကြပါသလဲ အနောက်မှာနေကြပါတယ်။ မယ်တော်တစ်ပါးတည်းက ဒီအဆောင်မှာ စံမြန်းတာပေါ့နော် - ဟုတ်ပါတယ်ကိုယ်တော်လေး၊ မြတ်မယ်တော် အဆောက်အဦးရောက်တော့ ကိုယ်တော်လေးအတော်အိပ်ချင်လာတယ်၊ ကြိမ်းစက်တော်မူပါ ကိုယ်တော်လေး၊ မြတ်မယ်တော်ရွှေယင်သိမ့်ပြီး အိပ်ဖန်စောင့်ပါမယ်။ မြတ်မယ်တော်ခါတ်ကပြင်းလွန်းလို့ ကိုယ်တော်လေးအိပ်စက် ချင်လာတာပါ၊ ကျွန်ုပ်လဲသလွန်တော်ပေါ် ထိုင်သာနေရသည်။ ခြေရင်းခေါင်းရင်း မကွဲပြားသဖြင့် ခေါင်းပြုရမှာ ခက်သလိုလိုဖြစ်နေ၏။

ထိုအခြေအနေကို ရိပ်စားမိသော မြတ်မယ်တော်သည် ကျွန်ုပ်အနားထလာပြီး သူ့လက်ကလေး များဖြင့် ယုယစွာပေပြီး ကျွန်ုပ်ကို သားငယ်အသွင်သိပ်လာပါတော့သည်။ ကျွန်ုပ်နှစ်ခြိုက်စွာအိပ်ပျော် သွား၏။ နိုးလာသောအခါ မျက်စိဖွင့်ကြည့်လိုက်တော့ ကျွန်ုပ်ခါတ်ခန်းတွင်းမှာ ဖြစ်နေ၏။ ထပြီးမျက်နှာသစ် ဘုရားရှိခိုး ပရိက်ယူပြီး ပုတီးစိပ်ပါတော့သည်။ ပုတီး ၂၇ပတ်လောက်အရမှာ တုံးကြီးထိုးသံကြားလာ၏။ ၄၅ပတ်ရတုံးကလေးထိုး၍ ပုတီးပြီးဆုံးသဖြင့် မေတ္တာပို့အမျှဝေပြီး လွှက်ရည် သောက်လျက် ဤမှတ်တမ်းကို ရေးလိုက်ပါတော့၏။ သူရဿတီမယ်တော်ပုံတော်လည်းထားရန် ပန်းချီဆရာကို အဆွဲခိုင်းထား၏။

၁၃၃၀ခု - တန်ခူးလဆုပ် ၅ ရက်နေ့ ၄ နာရီထပြီး ဘုရားရှိခိုးပြီးလျှင် မိုလင်းပြီထင်၍ တောင်မင်းကြီး ဘုရားသွားဖူး၊ ပုတီးစိပ်မီးပူဇော် ပုတီးစိပ်ပြီးခါနီးမှ အာရုဏ်တုံးလေးခေါက်သံကြားရ၏။ထိုခါကြမှမိုးမလင်း သေးကြောင်းသိရ၏။ အနာထပိဏ်သူဌေး ဘုရားကျောင်းတော်ကို မိုးလင်းပြီထင်၍သွားရာ သုဿန်

နားကြမှ မှောင်ရိပ်ကျလာသဖြင့် မိုးမလင်းကြောင်းသိရတော့၏။ ထိုအခါသုဿန်စောင့်နတ်ဘီလူး ဂါထာ တပုဒ်သီဆို၍ မဆုတ်နစ်ရန် တိုက်တွန်း၏။ ဘီလူးသီဆိုသောဂါထာကား-

သတံဟတ္ထိ သတံအဿာ

သတံအဿ-တရိရထာ

သတံကညာသဟဿနိ

အာမုတ္တာမဏိကုဏ္ဍလာ။

ကေပဒဿဝိထိဟာရဿ

ကာဠံနဂ္ဃတိ သောဠသိံ - ဤဂါထာသည် ဝိနည်းစူဠဝါပါဠိတော်ထဲပါ၏။ အဓိပ္ပာယ်ကား- ဆင်တစ်သိန်း၊ မြင်းတစ်သိန်း၊ ရထားကသော အဿထိုရ်ရမြင်းတစ်သိန်း တို့ကိုလှူစေကာ ဘုရားဖူးသွား သော ပုဂ္ဂိုလ်၏ ခြေလှမ်းတလှမ်းကို ၁၆စိတ်စိတ်၊ တစိတ်ကိုမျှမမှီနိုင်ဟု ဟောထား၏။ သမ္ဗုဒ္ဓေဘုရား၊ သတ္တဌာနဘုရား၊ အောင်ခြင်းရှစ်ပါးဘုရားများကိုလည်းမီးပူဇော်ပုတီးစိပ်ခဲ့၏။ နေ့ကိုလည်း ကျောင်းတိုက် ထဲက ဘုရားများမီးပူဇော်၏။ညနေတွင်နက်ဖြန်အရုဏ်ဆွမ်းတော်တက်ရန် တတ်အားသမျှ ဆွမ်းတော် ကပ်ဘို့ ချက်ပြုတ်ပြင်ဆင်မွန်းမံနေ၏။

ညအောင်မြေဘုရား၊ မဟာသက္ကျာသာမိဘုရားများကို မီးပူဇော်၏။ ပုတီးစိပ်ပြီးကျောင်းပြန်၏။ တကာနှစ်ယောက်ရောက်နေ နှင့်ကြ၍စကားပြောပြီး ထိုသူတို့ကိုဆွမ်းတော်ပွဲများပြင်ထားသော ဓါတ်ခန်း ထဲသို့ ပုတီးစိပ်ခိုင်းပြီးလျှင် ဘာမြင်ကြတုန်းဟုမေးသောအခါ တယောက်ကဆင်ဖြူတော်တစီးနှင့် စေတီတော် တဆူတွေ့ကြောင်း၊ တယောက်ကဘုရင်နှင့် အမတ်တွေ့ကြောင်းလျှောက်၏။ လူတယောက်က ပုတီးစိပ်ပြီး ထွက်လာသောအခါ တုံတုံရီရီဖြင့်ထွက်လာ၏။ အောင်ဇေယျတု . . အောင်ဇေယျတု . . အောင်ဇေယျတု ဟု ပါးစပ်ကလည်းဆို၏။ တော်တော်ကိုတုံသဖြင့် ကျွန်ုပ်ကအတုံပျောက်အောင် ဆေးတိုက်လိုက်၏။ ထိုအခါ ကြမှပျောက်သွား၏။

၁၃၃၀ခု - တန်ဆောင်မုန်းလပြည့်ကျော်၆ ရက် - ကြာသာပတေးနေ့ နံနက်၄နာရီထကြပြီး ကန်တော့ပွဲများ၊ ဘုရား၊ တရား၊ သံဃာ၊ ပြဟ္မာ၊ သိကြား၊ သာသနာတော်စောင့်များ၊ နတ်ဒေဝီများတို့ကို ပေးလှူပူဇော်ကြ၏။ ထူးဆန်းချက်ကားဦးသောဘိတက ပုတီးစိပ်ရင်းအာရုံပေါ် သည်မှာ အရှင်မြတ်တို့သူကို ကြောပေးနေ ကြောင်းပြော၏။ တုံးကြီးခေါက်သံ အာရုံတုံးခေါက်သံတို့ ပုတီးစိပ်နေသောတကာ၉ ယောက်နှင့်ဘုန်းကြီး ၅ပါး ကျွန်ုပ်နှင့်၆ပါး အားလုံးမကြားလိုက်ရပေ။ ဓါတ်ခန်းတောင်ဘက်နံရံကား ဘုရားမတ်တော်မူပုံ၊ ရှင်ဥပဂုတ်ပုံ၊ ရှင်သီဝလိပုံတို့ ပုတီးစိပ်နေကြသောသူအပေါင်း ပီပီသသမြင်ကြရ၏။ အတော်ထူးဆန်း ကြောင်းမှတ်ချက်ချလိုက်၏။ နေ့ပုတီး စိပ်ရင်း မှေးခနဲ ဖြစ်သွားခိုက် တောင်မင်းကြီးဘုရား ရင်ဘတ်တော်မှာ ငွေများချထား၏။ တဆူလုံး သင်္ကန်းတော်ချထားကြောင်း သိရ၏။

တောင်မင်းကြီးဘုရား ရွှေဆောင်းတန်းဘေး အဝင်ဝ မြောက်ဘက်က ခြေသီးစွတ် ကြိုးသိုင်း ဖိနပ်တရံကို စီး၏။ ခြေမရှိတဲ့ ဘက်ကစွတ်လိုက်တော့ ချောင်ချောင် ဝင်သွား၏။ ပြန်ချွတ်တော့ မရပေ။ ချွတ်လို့ မရတာနဲ့ ခေါင်ကနေ ဆွဲဖြတ်လိုက်ရ၏။ ဖြတ်လို့မရပေ။ ကောက်ယူချက် - ဤလမ်းစဉ်ကတော့စွဲမြဲ

ကြောင်း၊ မပြတ်တော့ကြောင်း ကောက်ယူ၏။ အရဟံဂုဏ်တော် တက်၍စိပ်နေတာ သုံးရက်မြောက် နေ့ဖြစ်၏။ ဂုဏ်တော် ၃၈၄၆၀ ရသဖြင့် အထူးဝမ်းမြောက်နေ၏။

တန်ဆူးလဆုတ် ၈ရက်ညအိမ်မက်၏။ ရဟန်းတပါးကြွလာ၍ အင်းတိုက်ပြီးကိုယ်တော် အလောင်း တော် နတ်သားလာလိမ့်မယ်။ စောင့်လည်းစောင့်ရှောက်ပါလိမ့်မယ်။ သတိဝိရိယနှင့် ပုတီးစိပ်ပါ။ ကိုင်း- တပည့်တော် သွားလိုက်ဦးမယ် ဆိုပြီးထွက်သွား၏။ ကျွန်ုပ်လည်းနိုးလာ၏။ နာရီကြည့်လိုက်သော် တစ်ချက် ထိုးလောက်ရှိသေး၏။ ဖယောင်းတိုင်မီးထထွန်းပြီး ပုတီးကိုကျောင်းပေါ် လမ်းလျှောက်ရင်းစိပ်နေ၏။ အနောက်ဘက်နံရံမှ ဓမ္မစကြာ ဘုရားဘက်လှည့်လိုက်သောအခါ မှုန်ပြပြနှင့် ဖြူဖြူကြီး သုံးခုရပ်နေတာ မြင်ရ၍ ကျွန်ုပ်မှာ အတော်တုန်သွား၏။ သတိထားပြီးကြည့်လိုက်သောအခါ နတ်ဝတ်တန်ဆာနှင့်နတ်သား သုံးယောက်ထင်ထင်ရှားရှား ပေါ်လာကြ၏။ တကျောင်းလုံးလည်းထိန်လင်းနေ၏။ ကျွန်ုပ်သည် ကျောင်းထဲ လျှောက်လာ ပြီးရပ်ကြည့်နေ၏။

နတ်သားသုံးယောက်တို့သည် တဖြည်းဖြည်းရှေ့တိုးလာကြ၍ ကျွန်ုပ်အားဦးညွတ်ပြီး လက်အုပ်ချီ လိုက်ကြ၏။ ကျွန်ုပ်က အသင်တို့နာမည်များက ဘယ်လိုခေါ်ပါသလဲလို့ မေးလိုက်သောအခါ အလောင်း တော်နတ်သားများပါဟု လျှောက်၏။ ဘုရားတပည့်တော်တို့ကို အရှင်တော်ဘုရား ဟောကြားတော်မူ သော ပဋ္ဌာန်းဒေသနာတော်ကို ဟောကြားတော်မူပါ ဘုရားဟုလျှောက်၏။ ကျွန်ုပ်ကလည်း ပစ္စယုဒ္ဒေသ ပဋ္ဌာန်းဒေသနာတော်ကို ဟောကြားမယ် နာယူကြလော့ဟု ပြောကြားပြီး ပစ္စယုဒ္ဒေသ ပဋ္ဌာန်းတော်ကို ဟောကြားပြီးဆုံး၍ သာဓုခေါ်ခိုင်း သောအခါ သာဓု . . သာဓု . . သာဓု ဟုသုံးကြိမ်ခေါ် ယူကြပြီး ဘုရားရှင် ဟောကြားတော်မူသောအတိုင်း မချွတ်ယွင်းပါဘုရား . . ကောင်းလှပါ၏ဟုလျှောက်ပြီး ခွင့်တောင်း၍ ပြန်သွားကြကုန်၏။ သူတို့ပြန်သွားကြသဖြင့် နာရီမှာ၂ ချက်ခွဲကျော်နေ၍ ခေတ္တမှေးနေ၏။ အိမ်မက် သည်မှာ ဆယ်တောင်လောက်ရှိနေသော်လည်း အိမ်ကြီးထဲ ကျွန်ုပ်နှင့်တကွ ယခင်နတ်သား သုံးယောက်တို့ စီးပြီး ကောင်းကင် ပြန်သွားရကြောင်းမက်၏။ နိုးလာသောအခါ လေးနာရီထိုးနေ၏။ ထူးဆန်းအံ့ဩဖွယ် ကောင်းကြောင်း မှတ်ချက်ချလိုက်၏။

တန်ဆူးလပြည့်ကျော် ၉ ရက်ညအိမ်မက် - မြစ်အနောက်ဘက်က မီးကျောင်းကြီးတကျောင်း ရောက်သွား၏။ ဦးဂန္ဓမာ နှင့်ဘုန်းကြီး တပါးက ဘုရားဖူးခေါ်၏။ အရှေ့ဘက်ကမ်းကူးပြီး ဘုရားဖူးရန် ဘာစီးစရာရှိသလဲ မေးတော့ မရှိကြောင်းလျှောက်ကြ၏။ ထိုအခါ ကျွန်ုပ်က ကောင်းကင်ကို လက်နှစ်ဘက် မြှောက်ပြီး လှေကိုတလိုက်၏။ လက်ထဲတွင် ၁၂ လက်မလောက် လှေကလေး ရောက်လာ၏။ လှေကလေး ကြီးလာအောင် ဂုဏ်တော်နှင့် အာနုံပြု မန်းပြီး ပုတီးနှင့်ရမ်းလိုက်၏။ လှေကလေးကြီးလာ၏။ ထိုလှေပေါ် ကျွန်ုပ်တို့တက်စီးသွားကြ၏။ ရေပေါ် လှော်ရင်း လှော်ရင်းနှင့်ကောင်းကင်တက်သွား၏။ ပုပ္ပါးတောင်ပေါ် ကျ၏။ လှေပေါ်ဆင်းပြီး ဘုရားများဖူး။ စေတီတော်တော်များများတွေ့ရပါ၏။ ယခုလက်ရှိ ပုပ္ပါးတောင်နှင့် မတူ တမူထူးခြားနေ၏။ ဘုရားအဆူ လေးရားငါးရာ လောက်ရှိမည်ထင်၏။

တန်ဆူးလပြည့်ကျော်၁၀ ရက်တနင်္လာနေ့ ၁နာရီခွဲအချိန်ကစပြီး ခန္ဓာ(၈၄၀၀၀) ပြီး၍မြေခာတ် တက်၏။ တန်ဆူးလပြည့်ကျော်၁၂ရက် - ဗုဒ္ဓဟူးနေ့ ညာနာရီ အိမ်မဟ်သည်မှာ အဆောက်အဦးအတွင်း

လှေကားကြီးများ နှစ်စင်းတပ်ထားတွေ့ရ၏။ လှေကားကြီးများသည် ကွေ့ကာပတ်ကာနှင့် ကြောင်လိမ် သဘောမျိုး အောက်ခြေဆယ် တောင်လောက်အပိုင်းတွင် ပြုလုပ်ထားလေသည်။ အထက်မြင့်လေမြင့်လေ ဖြူးဖြောင့်နေသည်။ လှေကားကြီး၏ဘေးလက်ရမ်းကား-စမသဘောမျိုး အင်းကွက်ပုံသဘောမျိုးပြုထား၏။ အလွန်ဆန်းပြားကြယ်လှ၏ ခန်းနားလှပေသည်။ အထပ်အဆုံးသို့ရောက်ရန် ဤလှေကားကြီးနှစ်စင်းမှ တပါး တက်ရန်မရှိပေ။ ထို့ကြောင့်ကျွန်ုပ်သည် ယာဘက်လှေကားကြီးပေါ် တက်ရန် အနီးသို့ချဉ်းကပ်ပြီး ကြည့်လိုက်သောအခါ လှေကားကြီးက လှေကားထစ်များ၊ လှေကားဆံများမတွေ့ရဘဲ လမ်းမကဲ့သို့ နေပေ သည်။ အပြင်ကကြည့်တော့လှေကားလိုဘဲ အနီးကပ်ကြည့်တော့လည်း အကာသာရှိပြီး အကာလက်ရမ်း များ၏အလယ်က လမ်းမသဘောလိုဘဲ။ ကဲ - ဘာဘဲဖြစ်ဖြစ်တက်မယ်ဆိုပြီး ကျွန်ုပ်တက်သွား၏။ အထစ်များပေါ် မတက်ရဘဲ လမ်းလျှောက်သလိုလျှောက်သွားရ၏။ အလယ်လောက် ရောက်သွားတော့ ပျော့ညွတ်သွား၏။ ကျွန်ုပ်ဘယ်လိုဖြစ်ပါလဲဆိုပြီး ထိုင်၍ဖင်ဒရွပ်တွန်း လက်ရမ်းများကို မှီကာ မှီကာ တက်သွား၏။ နိမ့်သောနေရာနိမ့်ပြီး မြင့်သောနေရာမြင့်၏။ မညီညွတ်သောသဘောဖြစ်၏။

ကျွန်ုပ်ထိုကဲ့သို့ လှေကားကြီးပေါ် တက်၍ တဝက်လောက်ရောက်သောအခါ ထောင်သောင်းမက သောလူများက အောက်ကကြည့်နေကြပြီး ပရိသတ်များကလည်း ဟာ - အံ့ဩစရာကောင်းတဲ့ ကိုယ်တော်၊ အလွန်စွန့်စားတဲ့ ကိုယ်တော်ပေ ဆိုပြီး လူအများကပြောနေကြ၏။ သုံးချိုးနှစ်ချိုးလောက် ရောက်တော့ ဝဲဘက်လှေကားက အလယ်လောက်မှာ ကလေးတယောက်ထွက်လာပြီး ဂွမ်းအမျှင်မျှင်းပစ်ပြ၏။ ကလေး၏ ခါးပိုင်းကလည်း ရေများပန်းထွက်နေ၏။ အရှေ့ဂွမ်းထိုးရာက နဘေးဘက်လေထဲတွင် ရှေ့ဝှက် ထိုး၏။ ထိုကလေးကို ကျွန်ုပ်နှင့်လူသုံးယောက်တို့က ဩဘာပေးကြ၏။ လူသုံးလေးယောက်က လူများဖြစ်၏။ တအောင့်လောက်ကြာကြာ ကျွန်ုပ်လည်း ထိုကလေးကိုကြည့်နေပြီး အင်း- ငါကြည့်နေလို့ မဖြစ်သေးဘူး ရှေ့ဆက်တက်ရန်လိုသေးတယ်ဆိုပြီး မကြည့်တော့ဘဲ ရှေ့ဆက်တက်၏။ ရောက်ခါနီးလေ အလွန် အားယူပြီးတက်ရလေဖြစ်၏။ အလွန်မောဟိုက်ပြီး နှုံးခွေကာမတက်ချင်အောင် ဖြစ်သော်လည်း ကျွန်ုပ် စိတ်ထဲတွင် ရောက်ခါနီးမှ မလျှော့ဘူးဆိုပြီး အထူးကြိုးစားတက်၏။ သုံးခါလောက်လျှောကျ၏။

ကျွန်ုပ်လည်းအားမလျှော့ဘဲ ကုတ်ကပ်တက်၏။ ရောက်ခါနီးသုံးတောင်လောက်အလိုတွင် အထက်ထပ်မှရှိနှင့်နေကြသော ဘုန်းကြီး များက ရောက်ခါနီးပြီကြိုးစားတက်ခဲ့အနီးနားရောက်လို့ တို့လက် လှမ်းမှီရင် ဆွဲတင်ပေးမယ် ဟုပြောကြ၏။ ကျွန်ုပ်လည်း အားတက်လာပြီးတက်၏။ တတောင်လောက် အလိုမှာ ဘုန်းကြီးများကဝိုင်းဆွဲတင်ပြီး ကျွန်ုပ်ကို မကိုင်မှသရဖူ ဆောင်းပေးကြပြီး ဒီပေါ် ရောက်အောင် တက်နိုင်တာ ယခုခေတ်ဖြင့် ကိုယ်တော်တပါးရှိ သေးတာဘဲဟုပြောကြပြီး ကောင်းချီးပေးသောအနေဖြင့် ဆန်ပန်းပေါက်ပေါက်များကျဲကြ၏။ သင်းပြန့်သော ရနံ့ရှိ ပန်းများလည်းကျဲကြ၏။ ပတ္တမြားအသွေးကဲ့သို့ နီမြန်းသောလမ်းအခင်းများခင်းပြီး ဝဲယာက ဘုန်းကြီးရှစ်ပါးစီ ကျွန်ုပ်ကိုထီးဖြူများမိုးပြီးခေါ် သွားကြ၏။

နောက်ပါသံဃာတော်များ၊ ဝတ်ဖြူဝတ်သောလူများ၊ မင်းသားများ၊ မင်းသမီးများ၊ ယောဂီများ ထောင်သောင်းမကလိုက်ပို့ကြ၏။ အဆောက်အဦးကြီးအထပ်ထပ် သီဟာသန ပလ္လင်ကြီးပေါ် တွင်နေရာ ညွှန်ပြ၍ ကျွန်ုပ်လည်းတက်သွားပြီး ထိုပရိတ်သတ်ကို ဂုဏ်တော် ၉ပါးနှင့်လောကီတန် ခိုးနှင့် လောကုတ္တရာ

တန်ခိုး၊ မဟိဒ္ဓိ၊ မဟာဣဒ္ဓိတို့ကို ဟောကြား၏။ ထိုအခါကြမှ တောင်ဝှေ့လျှခြင်း၊ ပုတီးလျှခြင်း၊ ပုရပိုက်နိုးရို၊ ငွေပုရပိုက်များ၊ ရွှေပုရပိုက်များ သုံးဆူတို့လျှ၍အောင်ပြီ . . အောင်ပြီ . . အောင်ပြီ။ သာသနာဘယ်အခါမှ မကွယ်တော့ဘဲ သတ္တဝါတို့ကို အလင်းရောင်ပေးမည့် မဟိဒ္ဓိဆရာတော်တစ်ပါး ပေါ်ထွက်လာပြီး အောင်ပြီ . . အောင်ပြီ . . အောင်ပြီဟု ပရိသတ်များကအော်ပြီး ကြွေးကြော်ကြလေသည်။ ကျွန်ုပ်ဟောသော တရားများကိုလည်း ပြန်၍ အသံခါတ်လုံးကြီးဖြင့် ဖွင့်ထားလေသည်။

ရဟန်းရှင်လူပရိတ်သတ်တို့သည်လည်း တရားသံပေါ်ထွက်လာသောအခါ ငြိမ်ကျသွားပြီး နာနေကြလေသည်။ ကျွန်ုပ်လည်းအခွင့်တောင်း ပြီး ပြန်လာခဲ့တော့၏။ အောက်ထပ်ရောက်သောအခါ ကုလားများ၊ တရုပ်များ များသောအားဖြင့်ပါသောလူမျိုးစုံ ပရိတ်သတ်တို့ ကျွန်ုပ်ကိုလမ်းဖယ်ပေးကြပြီး ကောင်းချီးပြဘာပေးကြလေ၏။ ကျွန်ုပ်လည်းအဆင်သင့်ဖြစ်နေသော ရှေ့ချွန်းနောက်ချွန်း ကားပေါ်စီးပြီး လာတော့၏။ ကားကလည်းအလွန်လျင်မြန်စွာမောင်း၏။ တစ်နာရီမိုင် ၁၈၀နှုန်းမောင်းနေတာဟု ကားမောင်းသူကပြော၏။ ကျွန်ုပ်ကျောင်းသို့ကားဆိုက်လာ၏။ ကျွန်ုပ်လည်းနိုးလာ၏။ မှတ်တမ်းရေးပြီး အိပ်မက်တွင်ဟောခဲ့သော ဂုဏ်တော်တရားများနှင့် သိဒ္ဓိ၊မဟိဒ္ဓိတရားများကိုနောင်များနားလည်စေ ရန်တစ်ခါတည်းရေးထားသည်မှာ -

| | | |
|---|---|---|
| ၁။ ကာယသိဒ္ဓိ | ၂။ ပီယသိဒ္ဓိ | ၃။ ဓနသိဒ္ဓိ |
| ၄။ အာဟာရ သိဒ္ဓိ | ၅။ အာယု သိဒ္ဓိ | ၆။ ပထဝီ သိဒ္ဓိ |
| ၇။ ဥဒက သိဒ္ဓိ | ၈။ တေဇော သိဒ္ဓိ | ၉။ ဝါယော သိဒ္ဓိ |
| ၁၀။ အာပေါ သိဒ္ဓိ | ၁၁။ မနောမယ သိဒ္ဓိ | ၁၂။ ဝိဇ္ဇာရေ့ သိဒ္ဓိ ဟူ၍ |

သိဒ္ဓိ ၁၂ ပါးရှိပါတယ်။ ဒီသိဒ္ဓိ ၁၂ ပါးကတော့ ငါရေးသားသော ပင်မဂုဏ်တော်အဖွင့် သိဒ္ဓိဇေယျမောင်ဗမာ့ လောကီပညာကျမ်းမြတ်မဟာတွင် အကျယ်တဝင့်ရေးထားခဲ့ပေ၏။ ထိုကျမ်း၌ ကြည့်ရှုပါကုန်၊ ကျန်ရှိနေသေးသော တန်ခိုးဣဒ္ဓိတို့ကို မဟိဒ္ဓိနန်းတွင်ဟောပြောသည့်အတိုင်းရေးပေအံ့။ ဤရောက်ရှိနေကြသော သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တို့ကို တန်ခိုးဣဒ္ဓိနှင့်ပတ်သက်လို့ အနည်းငယ်ဟောပြောပါရစေ။ ပြီးစီးခြင်း-ပြည့်စုံခြင်း၊ ပွားစီးခြင်း၊ ထောင့်တစ်ရာအကျိုး၏ပြီးစီးခြင်း၊ ရခြင်းတို့သည် ဣဒ္ဓိမည်ပါတယ်။ လောကီဣဒ္ဓိ၊ လောကုတ္တရာ နှစ်ပါးလုံးကိုရပါတယ်။ ယခုမျက်မှောက်၊ နောင်တမလွန်ဘဝတို့၌ ဖြစ်သင့်သည့် အားလျော်စွာ ဟိတသုခဟုဆိုအပ်သော စီးပွားချမ်းသာစသောအကျိုးကို ပြီးစီးခြင်းအကြောင်းဖြစ်သော ဒုစရိုက်၊ သုစရိုက်အတွက် အမှုကိစ္စတို့၌ ပြည့်စုံခြင်းသည် တန်ခိုးမည်ပါတယ်။

လောကီ၊ လောကုတ္တရာ နှစ်ပါးလုံးကိုပင် ယူအပ်ပါတယ်။ ယူအပ်ပုံရှင်းပြပါအုံးမယ်။ ဒုစရိတပရောဂ - သာဂဋ္ဌကမ္မ = မကောင်းသောဒုစရိုက်နှင့်ယှဉ်၍ အပြစ်နှင့်တကွသောအမှုကိစ္စတို့သည် လည်း ပကတူ ပနိဿယဖြစ်၍ မျက်မှောက်လိုရာအကျိုးကို ပြီးစီးတတ်ပါတယ်။ အဘယ်ကဲ့သို့နည်းဟူမူ တံငါ၊ မုဆိုး၊ သူခိုး၊ စစ်တိုက်ခြင်းစသောသူတို့၏ ဒုစရိုက်အမှုဖြစ်သော်လည်း ယခုမျက်မှောက် စားဝတ်နေရေး ရရှိခြင်း စသောအကျိုး၏ ဥပနိဿယအကြောင်းဖြစ်သော မကောင်းမှုဒုစရိုက်တို့ကဲ့သို့ မှတ်ရပါမယ်။ ဒါဟာ ဣဒ္ဓိတန်ခိုးလို့ ဆိုရပါမယ်။ ထိုဣဒ္ဓိဆိုတဲ့တန်ခိုးမှာလည်း -

၁။ အဓိဋ္ဌာန်ကဿိဏ ၂။ ဝိကုပ္ပနာ ကဿိဏ ၃။ မနောမယ ကဿိဏ
၄။ ဉာဏဝိပ္ပရာ ကဿိဏ ၅။ ဝိဝိပ္ပါရာ ကဿိဏ ၆။ အရိယာ ကဿိဏ
၇။ ကမ္မ ဝိပါက ကဿိဏ ၈။ ပုညဝတော ကဿိဏ ၉။ ပုညကဿိဏ
၁၀။ သမ္မာပယောဂ ပစ္စကဿိဏ - ဟူ၍ဆယ်ပါးရှိပါတယ်။

၁။ ထိုဆယ်ပါးတို့တွင် "အဓိဋ္ဌာန် ကဿိဏဟူသည်မှာ" - မိမိတစ်ကိုယ်တည်းကို များလာအောင် နှစ်လုံးသွင်း ဆင်ခြင်၍ ကိုယ်ပွားရာ၊ထောင်သောင်းသိန်းသန်းဖြစ်စေသတည်းဟု အဓိဋ္ဌာန်သည့်အတိုင်း ပြီးစေသော တန်ခိုးကဿိဏသည် - အဓိဋ္ဌာန်ကဿိဏမည်ပါတယ်။ အရှင်စူဠပန်မထေရ်ဝတ္ထုကို ထောက်ကြည့်လျှင် သိနိုင်ပါတယ်။ အရှင်စူဠပန်မထေရ် ရဟန္တာဖြစ်သည်ကို သိစေခြင်းငှာ၊ ကျောင်းတိုက် ပရဝုဏ်ပြည့်မျှ ကိုယ်ပွားရဟန္တာကို ဖန်ဆင်းတော်မူခြင်း စသည်တို့သိအပ်ပါတယ်။ ဤအဓိဋ္ဌာန်ကဿိဏသည် အဘိညာဏ် ၈ပါးတို့တွင် ကဿိဏဝိဓအဘိဉာဏ်မျိုး ကေန္တ ဖြစ်ပါတယ်။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ အနာဂတံသ၊ ယထာကမ္မုတည်းဟူသော လောကီ အဘိဉာဏ်ခုနှစ်ပါးတို့မှာလဲ အဓိဋ္ဌာန်အတိုင်းပြီးစေ သောကြောင့် အဓိဋ္ဌာန်ကဿိဏအထည်းသို့ အကျုံးဝင်ပါတယ်။

၂။ " ဝိကုပ္ပနာကဿိဏတန်ခိုးမှာ" - မိမိ၏ရုပ်ဆင်းသဏ္ဌာန်ကြန်အင်္ဂါတို့ကို ဖျောက်စွန့်ပစ်လိုက်ခြင်း၊ ခြင်္သေ့ သစ်၊ ကျား၊ နဂါး၊ ဂဠုန်စသော ရုပ်ဆင်းသဏ္ဌာန်ထူးအပြား ဖန်ဆင်းခြင်း - အထူးထူးအပြားပြားသော စစ်သည်ဗိုလ် ပါသူရဲစသည်တို့အား ဖန်ဆင်းခြင်းတို့ကို နာနာဘာဝပြုလျှက် ဖန်ဆင်းတိုင်းပြီးစီး အောင်မြင် သောကြောင့် ဝိကုဗ္ဗနာကဿိဏလို့ခေါ်ပါတယ်။ ဝတ္ထုသာဓကကိုပြရမည်ဆိုလျှင် - မိထွေးတော် ဂေါတမီ ပရိနိဗ္ဗာန်ပြုခါနီး၌ မာတုဂါမ တို့အား တန်ခိုးရှိမရှိ သံသယကင်းပျောက်စေခြင်းငှာ ရှင်တော်မြတ်ဘုရား တိုက်တွန်းတော်မူသောကြောင့် မိထွေးတော် ဂေါတမီသည် မြင့်မိုရ်တောင်ကြီးကို မိမိကိုယ်ပြုလျှက် အရှေ့ ကျွန်း၊ အနောက်ကျွန်းတို့ကို ဝဲယာတောင်ပံပြုလျှက် မြောက်ကျွန်းကို အမြည်းဆံများပြု၍ တောင်ကျွန်းကို ဦးခေါင်းပြုလျက် ကရဝိတ်ငှက်မင်းကြီးအသွင် ဖန်ဆင်းပြီး လူနတ်အပေါင်းတို့အား တန်ခိုးပြခြင်းတို့မှာ ဝိကုဗ္ဗနာကဿိဏဖြစ်ပါတယ် -

၃။ "မနောမယကဿိဏ" ၏ သဘောမှာ မိမိ၏ကိုယ်အတွင်း၌ ပကတိသောသဘောတရားမှတစ်ပါး၊ အခြားတစ်မျိုး ကြီးအောင်၊ ငယ်အောင်ဖန်ဆင်းခြင်းစသည်ဖြင့် မိမိစိတ်အလိုရှိတိုင်း ကိုယ်ကိုဖြစ်စေသည်၏။ အစွမ်းအားဖြင့် စိတ်အလိုဆန္ဒအတိုင်း ကိုယ်ကိုဖြစ်စေနိုင်သောတန်ခိုးသည် မနောမယိဒ္ဓိ = ဝါ - မနောမယ ကဿိဏတံခိုးမည်ပါတယ်။ သာဓကကိုပြရမယ်ဆိုလျှင် မဟာသမယသုတ်တော်၊ မဟာမင်္ဂလသုတ်တော် တို့ကိုဟောတော်မူသော်အခါ၌ရင်း၊ ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံယူတော်မူသောအခါ၌ရင်း၊ စကြာဝဠာ တိုက်တစ်သောင်းမှလာကြကုန်သောနတ် တို့သည် ပရိသတ်နေရာမဆန့်သောကြောင့်၊ တဆံချည်ဖျား အရပ်၌နတ်ပေါင်း ၆၀ - ၇၀ နေသာအောင်၊ ကိုယ်ကို ငယ်အောင်ဖန်ဆင်းခြင်းကဲ့သို့ရင်း၊ မဟော်သဓါ ဇာတ်တော်တွင် ရက္ခစိုးနတ်သည် လူတစ်ယောက်၏မိန်းမကို ချစ်ကြိုက်၍ ငါ၏မယားဟု အတင်းအဓမ္မ စွတ်စွဲလုယက်၏။

လူယောကျ်ားကလည်း ငါ့မိန်းမဟုဆိုပြီး လုယက်ကြကာ မဟောသဓာထံ ရောက်ကြ၍ သုခမိန်က လူမဟုတ်နတ်ဟုသိစေခြင်းငှာ သေးငယ်သောအပေါက်ကိုဝင်နိုင်သူသည် ဤမိန်းမကိုရစေဟု တရားစီရင်လျှင် အပေါက်ငယ်ကိုဝင်ခြင်းငှာ ကိုယ်ကိုငယ်အောင် ဖန်ဆင်းပြီးဝင်ပြ၏။ ထိုအခါ နတ်ဟုသိ၍ နှင်လိုက်၏။ ဤကဲ့သို့ ငယ်အောင်ဖန်ဆင်းခြင်းမျိုးကို မနောမယိဒ္ဓိဖြစ်ပါတယ်။ သီဟိုဠ်ကျွန်း၌ ဘီလူးမမယ်ကုဝဏ်သည်လည်း သားနှစ်ယောက်ဖွားမြင်သည့်တိုင်အောင် ဝိဇယကုမ္မာမင်းသား နှစ်သက်စေခြင်းငှာ၊ မိမိ၏ဆိုးရွားသော ရုပ်ဖွယ်ကောင်းသောအဆင်းကို ဖျောက်ကွယ်၍၊ ချောမောလှပ နှစ်သက်ဖွယ်သော အဆင်းရှိအောင် ဖန်ဆင်းခြင်းသည်လည်း မနောမယိဒ္ဓိဖြစ်တယ်။

၄။ "ဉာဏဝိပ္ဖါရာဣဒ္ဓိ၏ သဘောမှာ" - ယခုဘဝ၌ ရသင့်ရအပ်သော မဂ်ပညာဖြစ်သည်မှ ဉာဏ်၏ အစွမ်းကြောင့် ဖြစ်သော ဘေးအန္တရာယ်ကင်းခြင်း၊ နိစ္စသညာ၊ သုခသညာ၊ အတ္တသညာကိုပယ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အမှတ်ပြည့် စုံခြင်းဖြစ်သောအကျိုးထူးတို့သည် ယခုဘဝရအပ်သော အရဟတ္တမဂ်ဉာဏ်၏ အာနုဘော်အစွမ်းဖြင့် ပြီးစီးသောကြောင့် - ဉာဏဝိပ္ဖါရာတန်ခိုးမည်၏။ သာဓကပြရသော် အရှင်ဗာကုလ မထေရ်ငယ်သောအခါ မင်္ဂလာပြုသောနေ့တွင် ယမုနာမြစ်၌ ရေချိုးဆင်းသော် အထိန်းတို့မေ့၍ ရေထဲသို့ကျသွားရာ ငါးကြီးမျို၍ ဗာရာဏသီမြို့ ရေဆိပ်သို့ရောက်လျှင် တံငါသည်သည် ငါးကြီးကို ဖမ်း၍ ဗာရာဏသီ သူဌေး၏မယားထံ၌ရောင်းသော် သူဌေးကတော်မြင်ရသည်နှင့်တပြိုင်နက် ငါးကြီးကို အလွန်နှစ်သက်သောစိတ်ဖြစ်၍ ထိုငါးကိုကိုယ်တိုင်ချက်မည်ဟု ဝမ်းဗိုက်ကိုခွဲလျှင် ရွှေရုပ်အသွင် သူငယ်လေးကိုရ၍ သားအဖြစ် မွေးစားလေ၏။ ထိုသတင်းကို ကောသမ္ဗီပြည်သခင် သူဌေးကြား၍ သားကိုသူပြန်ရသင့်ကြောင်းဖြင့် ခုံရုံး၌တရားစွဲကြရာ နှစ်ဦးလုံးသားအဖြစ်ဖြင့် မွေးကြစေဟုဆုံး ဖြတ်သောကြောင့် သူဌေးမွေးစားသည်ကို အစွဲပြု၍ ဗာကုလအမည်တွင်လေသည်။

ငါးကြီးမျိုလျှင်မသေဘဲ ဘေးမှလွတ်မြောက်ခြင်းသည် ယခုပစ္စက္ခဘဝ၌ ရအပ်သော အရဟတ္တမဂ်ဉာဏ်၏ အာနုဘော်ကြောင့်ဖြစ်ရကာ၊ မင်းတန်ခိုးသည် ဉာဏဝိပ္ဖါရဣဒ္ဓိမည်၏။ အရှင်သံကိစ္စထေရ်လည်း ဖွားဆဲကါလ မယ်တော်သေ၍ မီးသင်္ဂြိုလ်ရာ ဝမ်းတွင်း၌သူငယ်၏ မျက်စိဒေါင့်စွန်းကို တံခူဝါးထိုးမိသဖြင့် သူငယ်ငိုသံကြား၍ မီးမှထုတ်၍အမိဝမ်းကိုခွဲပြီးလျှင် အဖွားအားပေး၍မွေးကျွေးသဖြင့် ကြီးပြင်းလတ်သော် ရဟန္တာဖြစ်၍ သံကိစ္စထေရ် ဟုကျော်ကြား၏။ မလ္လာမင်း၏သားတော် ဒဗ္ဗထေရ်သည်လည်း ဖွားကာနီးကာလ အမိသေငယ်ဇောနှင့် မြောနေသည်ကိုသေပြီမှတ်၍ သုသာန်သို့ယူပြီး မီးသင်္ဂြိုလ်အံ့ဟု ထင်းပုံထက်တင်လတ်သော် လေကြီးမိုးကြီးကျ၍ ဆွေမျိုးများပြန်ပြေးလတ်သော် အမိသည် သတိယ၍ ထင်းပုံထက်တွင် သူငယ်ကိုဖွားမြင်ပြီးမှစုတေလတ်သော် နတ်တို့သည် သူငယ်ကိုယူ၍ သမန်ခြုံ၌ ထားသဖြင့် သူတောင်းစားများတွေ့၍ ခြုံတွင်းမှရသောကြောင့်ဒဗ္ဗဟု အမည်မှည့်ပြီးလျှင် မွေးစားလေ၏။ နောက်ရဟန်းဝတ်လျှင် ရဟန္တာကျော်ဖြစ်၏။

စန္ဒာလမျိုးဖြစ်သော အရှင်သောပါကထေရ်လည်း - မယ်တော်သည် ရတ်တရက် မဖွားနိုင်သောကြောင့် မိန်းမောနေသည်ကို သေပြီမှတ်၍ ဆွေမျိုးတို့သည် သုသာန်ထင်းပုံသို့တင်ပြီးလျှင် မီးရှို့ရန်စီစဉ်နေဆဲ နတ်တို့၏ အာနုဘော်ဖြင့် လေကြီးတိုက်၍ ကျလာသောကြောင့် ဆွေမျိုးများမီး မသင်္ဂြိုလ်ဘဲ ပြန်ပြေးကြလေ၏။ ထို့နောက်မယ်တော်သည် သတိယ၍ ထင်းပုံထက်တွင် သူငယ်ကိုဖွားပြီးမှ စုတေသွားသည်။

သည်သူငယ်ကိုယူ၍ သုသာန်စောင့်အိမ်၌ထားသောကြောင့် သုသာန်စောင့်တို့သည် သားအမှတ်ဖြင့်မွေး၍ ၇ နှစ်အရွယ်တွင် ရဟန္တာ ဖြစ်လေ၏။ ဤအရှင်သံကိစ္စထေရ်၊ အရှင်ဒဗ္ဗထေရ်၊ အရှင်သောပါကထေရ်တို့၏ အံ့ဘွယ်သရဲ မသေပဲဘေးမှ လွတ်မြောက်ကြခြင်းသည် ယခုဘဝရအပ်သော အရဟတ္တမဂ်ဉာဏ်တန်ခိုးကြောင့်ရကား၊ ဉာဏဝိပ္ဖါရတန်ခိုးမည်၏။

ရှင်တော်မြတ်ဘုရားလက်ထက် ဝေသာလီပြည်သူ - သီဟအမည်ရှိသော ဘိက္ခုနီမသည် ခုနှစ်နှစ်တိုင်ကို ငါးသမထဝိပဿနာကိုအားထုတ်ပါသော်လည်း ကာမဝိတက်နှိပ်စက်သောကြောင့် တရားထူး မရသည်ဖြစ်၍ စိတ်ပျက်လှသဖြင့် သစ်ပင်၌ကြိုးဆွဲချသော်လည်း ပစ္ဆိမသားဖြစ်သောကြောင့် ကြိုးကွင်း မရောက်ဘဲ ပကတိတည်နေ၏။ ထိုအခါကြိုးတွဲလဲ၌ပင်လျှင် အာစိဏ္ဏရှိသောအလျောက် ဝိပဿနာပွား၍ တရားထူးရကာ အာသဝေါကင်းပြီး ရဟန္တာမဖြစ်လေ၏။ ကြိုးကွင်းမှလည်း ကျွတ်ကျသွား၏။ ဤအရာ၌ လည်း ဘေးမရှိခြင်းသည် ဉာဏဝိပ္ဖါရဣဒ္ဓိမည်တယ်။

ပစ္ဆိမကာဝိက - နောက်ဆုံးဘဝသားများ၏ သတ္တိကိုအနည်းငယ်ဆက်၍ဟောပါအုံးမယ်။ ဘဗ္ဗ ပုဂ္ဂိုလ်တို့တွင် ယခုဘဝရဟန္တာဖြစ်ထိုက်သောအဆုံးအစနှင့် ယှဉ်သောမစ္ဆိမဘဝိက ပုဂ္ဂိုလ်သည် သံရေပူ မီးကြီးတွင်း၌ ချသော်၎င်း၊ မြင့်မိုရ်တောင်လောက်ရှိသော ကျောက်တုံးကြီးဖြင့် ကြိတ်သော်လည်းကောင်း၊ ယမမင်း၏ နယာရုဝ - မျက်စောင်းလက်နက်၊ ဝသဝတ္တနတ်မင်းကြီး၏ ပဋာရုဝ = ဘွဲ့ဖြူ လက်နက်၊ သိကြားမင်း၏ ဝဇီရာဝုဓ = ဝိရဇိ မိုးကြိုးစက်လက်နက်၊ မာရ်နတ်မင်း၏ ဝုဒ်ဝုဓ = ချွန်းကောင်း လက်နက်တို့ဖြင့် ညှပ်၍ပစ်ခပ်သော်၎င်း - သူတပါးတို့၏ လုံ့လဉပက္ကမပရောဂတို့ဖြင့် ရဟန္တာမဖြစ်မှီ စုတေခြင်းမရှိပါ။ မိမိပရောဂလုံ့လဖြင့် မဂ်ဖိုလ်မရမှီစုတေနိုင်ပါ၏။ ရဟန္တာဖြစ်ပြီး နောက်သူတပါး၊ လုံ့လဖြင့်လဲ စုတေနိုင်ကြောင်း ကျမ်းဂန်များမှာ ပါရှိပါတယ်။

၅။ "သမာဓိဝိပ္ဖါရဣဒ္ဓိ" - ရှေ့ဆက်ပြီး သမဓိဝိပ္ဖါရဣဒ္ဓိကိုဟောပါအုံးမယ်။ ဈာနသမာဓိ ဖြစ် သည်မှာ နောက်ကာ လ၌၎င်း၊ သမာဓိ၏အာနုဘော်သည်ပြီးစေအပ်သော နိဝရဏကိုပါယ်ခြင်း၊ အနာရောဂါကင်းခြင်း စသောအကျိုး ထူးကိုပြီးစေတတ်သော တန်ခိုးသည် သမာဓိဝိပ္ဖါရဣဒ္ဓိမည်ပါတယ်။ သာဓကပြရမယ်ဆိုပါလျှင်၊ ကဿပသံဘုရားရှင်လက်ထက်ဝဲတော်ရံ - သဥ္ဇီဝထေရ်သည် တောင်၌နိရောဓ သမာပတ်ဝင်စားတော်မူသည်ကို သေသည်ထင်၍နွားသားတို့သည် မီးတိုက်ပြီးနောက်ပြန်ကြကုန်၏။ မီးတို့သည် မထေရ်မြတ်၏ သင်္ကန်းကိုသော်မျှမလောင်ပါ။

ထိုတန်ခိုးသည် အနုပုဗ္ဗသမာပတ္တိ - သမာဓိ ဝိပ္ဖါရတန်ခိုးမည်ပါတယ် - ငါတို့ဘုရား၏ လက်ယာ တော်ရံငယ်မည် ဥပတိဿခေါ် အရှင်သာရိပုတ္တရာလည်း၊ ငယ်မည်ကောလိတခေါ် အရှင်မောဂ္ဂလာန် နှင့်တကွ၊ တပွေါတခြောက်ကြား၌ ခေါင်းရိပ်ပြီးစဖြစ် သောကြောင့် ပြောင်သောဦးခေါင်းရှိလျက် လွင်တီးခေါင်မှာနေတော်မူသော်၊ ဘီလူးညီနောင် ၂ ယောက် တွေ့မြင်လျှင်၊ ညီငယ်ဘီလူးကရိုက်ပုတ်ရန် လုပ်သောအခါ အကိုဘီလူးကတားမြစ်သော်လည်း နန္ဒက ဘီလူးငယ်သည်မရ၊ မထေရ်မြတ်ခေါင်းကို လက်သီးဖြင့်ထိုးခွဲလိုက်၏။ ၎င်း၏အဟုန်သည် ၂ယူဇနာ ၃ယူဇနာရှိသောကြောင့် တောင်ထွဋ် တို့သော် လည်းကျိုးပဲ့အက်ကွဲလောက်အောင် ပြင်းထန်သောကြောင့် လက်သီးနှင့်ဦးခေါင်း ထိခိုက်၍ မြည်သော အသံသည် မိုးချိန်းသံကဲ့သို့ ပြင်းစွာမြည်ပါတယ်။ ထိုမကောင်းမှုသည် ဒိဋ္ဌဓမ္မအကျိုးရ၍၊ ထိုခဏ၌ပင်

ဘီလူးကိုမြေမျိုသွားပါတယ်။ မထေရ်မြတ်သည် ရိုက်နှက်ထိုးပုတ်မည်ကိုသိတော်မူ၍ သမ္မာပတ်ဝင်စား တော်မူသဖြင့် ပုတ်ခတ်းခြင်းကြောင့်အနည်းငယ်မျှနာခြင်းမရှိပါ။ ထိုတန်ခိုးကို သမာဓိဝိပ္ဖါရာ တန်ခိုးဟု သိရပါတယ်။ ဦးတေနမင်း၏မှူးသည်လည်း သမ္မာစိတ်ကိုမပစ်နိုင်ခြင်းသည်လဲ သမာဓိဝိပ္ဖါရာ တန်ခိုး မည်ပါတယ်။

၆။ "အရိယာဣဒ္ဓိ" ကိုပြောပါအုံးမယ်- အရိယာပုဂ္ဂိုလ် ဆဠင်္ဂုပေက္ခာဂုဏ်ရှိတော်မူခြင်းကြောင့် စက်ဆုပ်ရွံရှာဘွယ် ဖြစ်သောအာရုံကိုလည်း မစက်ဆုပ်မူ၍ နေတော်မူနိုင်ပါတယ်။ သုတက္ကဌ - နှစ်လို ဘွယ်ဟု သမုတ်အပ်သော အပ္ပဋိကုလ စက်ဆုပ်စရာမရှိသောအာရုံကိုမူလည်း တပ်နှစ်သက်ခြင်း မဖြစ်မူရွံရှာစက်ဆုပ်ဘွယ်အားဖြင့် ရှုနိုင် ခြင်းအစရှိသောတန်ခိုးသည် ပုထုစဉ်တို့နှင့်မသက်ဆိုင်ဘဲ စေတောဝသီဘော်နှင်ပြည့်စုံသောအရိယာပုဂ္ဂိုလ်အားသာ လျှင်ဖြစ်နိုင်သောကြောင့် အရိယာဣဒ္ဓိလို့ ခေါ် ဆိုရပါတယ်။ အနည်းငယ်ချဲ့ပြီးပြောပါအုံးမယ်။

အရိယာဣဒ္ဓိနှင့် ပြည့်စုံကုန်သော ရဟန္တာမြတ် တို့သည် - ပဋိကုလ၊ အနိဋ္ဌရုံ၌ မေတ္တာပြန့်နှံ့ စေခြင်းကိုငင်း၊ ဓါတ်ကမ္မဌာန်းကို နှလုံးသွင်းခြင်းငင်း၊ ဖြစ်စေလှသော အလိုရှိအပ်သောအာရုံ၌လည်း အသုဘအားဖြင့်ငင်း အနိစ္စအားဖြင့်ငင်း ရှု၍နေနိုင်ကုန်ပါတယ်။ ပုထုစဉ်တို့ကတော့များသောအားဖြင့် မနေနိုင်၊ နှစ်သက်စရာတွေ့တော့ပြုံး၊ မနှစ်သက်စရာ တွေ့တော့မုန်းဖြစ်နေတတ်ပါတယ် . . ထို့ကြောင့် အောက်ပါကဗျာလေးကို ခြံပေးပါမယ်။ လိုက်ဆိုကြပါ။ " မနှစ်သက်တာနှင့်တွေ့တော့ မုန်းတဲ့သဏ္ဍာန် နှစ်သက်တာနှင့်တွေ့တော့ပြုံးတဲ့ဟန်၊ အဲဒါ အဲဒါဖြစ်ပျက်ရုပ်နှင့်နာမ်" ။ ရဟန္တာအရှင်မြတ် တို့မှာတော့ အာရုံခြောက်ပါး လောကဓံတရားတို့မှ မတုံလှုပ်ဘဲ ဆဠင်္ဂုပေက္ခာကို ဖြစ်စေကုန်လျှက် လျစ်လျူရှု နေနိုင်ပါတယ် -

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဆဠင်္ဂုပေက္ခာ | ၂။ | ဗြဟ္မာဝိဟာရုပေက္ခာ | ၃။ | ဗောဇ္ဈင်္ဂုပေက္ခာ |
| ၄။ | ဝိရိယုပေက္ခာ | ၅။ | သင်္ခါရုပေက္ခာ | ၆။ | ဝေဒနုပေက္ခာ |
| ၇။ | ဝိပဿနုပေက္ခာ | ၈။ | တတြမဇ္ဈတ္တုပေက္ခာ | ၉။ | ဈာနုပေက္ခာ |

၁၀။ ပါရိသုဒ္ဓုပေက္ခာ ဟူ၍ဆယ်ပါးရှိပါတယ်၊ ထိုဆယ်ပါးကိုရှင်းပြပါအုံးမယ်။

၁။ ဆဠင်္ဂုပေက္ခာဆိုသည်မှာ - အာရုံခြောက်ပါးကို လျစ်လျူရှုထားနိုင်ခြင်းဖြစ်ပါတယ်။

၂။ ဗြဟ္မာဝိဟာရုပေက္ခာဆိုသည်မှာ - သတ္တဝါတို့အပေါ်၌ မုန်းချစ်မရှိပဲ နေနိုင်ခြင်းဖြစ်ပါတယ်။ အရိယာပုဂ္ဂိုလ်များ နှင့် ဗြဟ္မာတို့သာရရှိနိုင်ပါတယ်။

၃။ ဗောဇ္ဈင်္ဂုပေက္ခာဆိုသည်မှာ - သမာဟတ်တကွဖြစ်သောတရားတို့ကို လျစ်လျူရှု၍ နေနိုင်ခြင်း ဖြစ်ပါတယ်။ ဤဗောဇ္ဈင်္ဂုပေက္ခာဟာ ဗောဓိဉာဏ်၏အကြောင်းဖြစ်ပါတယ် -

၄။ ဝိရိယုပေက္ခာဆိုသည်မှာ - လွန်စွာအားမထုတ်ဘဲ လျစ်လျူပြု၍ နေခြင်းဖြစ်ပါတယ်။

၅။ ဝေဒနုပေက္ခာဆိုသည်မှာ - ဆင်းရဲချမ်းသာအာရုံ အရသာကိုလျစ်လျူရှု နေနိုင်ခြင်းဖြစ်ပါတယ်။

၆။ သင်္ခါရုပေက္ခာ - သင်္ခါရတရားတို့၌ လျစ်လျူရှုခြင်း

၇။ ဝိပဿနုပေက္ခာဆိုသည်မှာ - ဝိပဿနာဆင်ခြင်ခြင်း၌ လျစ်လျူရှု၍ နေနိုင်ခြင်းဖြစ်ပါတယ်။

၈။ တဇြမဣ္ဘုပေက္ခာဆိုသည်မှာ - ဓမ္မသင်္ဂဏီပါဠိတော်၌ သရုပ်မဟုတ်ဘဲ ယေဝါပနက နည်းဖြင့် ဟောအပ်သော သဟဇာတ်ဖြစ်သောစိတ်စေတသိက်တို့ကို ညီညီမျှမျှ ဆောင်တတ်သော တဇြ မဇ္ဈတ္တုပေက္ခာ စေတသိက်ဖြစ်ပါတယ်။

၉။ ဈာနုပေက္ခာ - တတိယဈာန်ရသော ပုဂ္ဂိုလ်သည် ချမ်းသာအပေါင်းတို့တွင် လွန်ကဲထွဋ်မြတ်သောကြောင့် အမြတ်ဆုံးချမ်းသာဖြစ်သော တတိယဈာန်ချမ်းသာကိုပင်ရသော်လည်း၊ လွန်မင်းစွာ ရာဂပီတိမခံစားမူ၍ လျစ်လျူရှု၍နေနိုင်ခြင်းဖြစ်ပါတယ်။

၁၀။ ပါရိသုဒ္ဓုပေက္ခာဆိုသည်မှာ - တတိယပါရိသုဒ္ဓိဖြစ်၍ ဆန့်ကျင်ဘက်တို့ကို ငြိမ်းစေပြီး ဈာန်ဒုဥသဟ ကင်းသည်ဖြစ်၍ နေနိုင်ခြင်းဖြစ်ပါတယ်။

ဤယခုကဲ့သို့ ဥပေက္ခာဆယ်မျိုးတွင် ဆနင်္ဂုပေက္ခာကို အရိယာဗ္ဘက္ကဒ္ဓိမှတ်ရပါမယ်။ သာဓကကို ထုတ်ပြပါမယ်၊ ငါတို့အရှင်မြတ်ဘုရားသည် သဗ္ဗညုတဉ္ဉာဏ်တော်ကို ရပြီးနောက်ဗောဓိပလ္လင်ဖြင့် နေတော်မူစဉ်၊ ဝသဝတီနတ်ဘုံ၌ ပဒေသရာဇ်ပြုလုပ်၍ နေထိုင်သောမာရ်နတ်၏ သမီးများဖြစ်သော တဏှာ - ရတီ - ရာဂ - နတ်သမီး ၃ယောက်တို့သည် အထူးထူးအပြားပြား မာယာများဖြင့် နတ်၏ဂုဏ်ရူပါရုံ အဆွဲဓါတ်တို့နှင့် ပုထုဇဉ်သားလူနတ်သတ္တဝါများ အူအသဲပြောင်းပြန်လည်အောင် ဖြားယောင်းဖျက်ဆီး လာသည်ကို ဘုရားရှင်သည် တုန်လှုပ် ခြင်းရှိတော်မမူဘဲ နေတော်မူနိုင်ခြင်းကိုဎင်း၊ ခုရုဝေလတော နေတော်မူစဉ် ပုဏ္ဏားမည်သော ကျွန်မသေလွန်သဖြင့် သူကောင်ကိုထုတ်၍ပစ်အပ်သော အလွန်စက်ဆုပ် ရွံ့ရှာဘွယ်ဖြစ်သော ပိုးလောက်တဖွားဖွားကျနေသော ပံ့သကူအဝတ်ကို ကိုယ်တော်တိုင်ကောက်ယူ ဖွပ်လျှော်၍၊ ပံ့သကူသင်္ကန်းချုပ်ခါ သုံးဆောင်တော်မူခြင်းတို့၌ဎင်း ဆနင်္ဂုပေက္ခာဖြစ်ခြင်းဖြစ်ပါတယ်-

၇။ ကမ္မ - ရှေ့ဆက်ပြီး "ကမ္မဝိပါကက္ကဒ္ဓိ"အကြောင်းကို ဟောပါအုံးမယ်။ ငှက်အစရှိကုန်သော အချို့ကုန်သော တိရိစ္ဆာန်တို့သည်ဎင်း၊ ကမ္ဘာဦးသူ - လူတို့သည်ဎင်း၊ ခပ်သိမ်းသော နတ်ပြဟ္မာတို့သည်ဎင်း ပိယင်္ဂယမာတာ၊ ဥတ္တရမာတာ၊ ဖုသမိတ္တာ၊ ဓမ္မဂုတ္တာအစရှိသော အချို့သောဝိနိပါတိက နတ်ပြိတ္တာ တို့သည်ဎင်း၊ ဈာန်အဘိဉာဏ်တန်ခိုးမှကင်းလျက် ကောင်းကင်ကိုပျံသွားနိုင်ခြင်း စသောတန်ခိုးသည် ကံ၏ အကျိုးဆက်အားဖြင့် ဖြစ်သောကြောင့် ကမ္မဝိပါက ဇဣဒ္ဓိမည်၏။

သာဓကကိုထုတ်ပါအုံးမယ် - ဘူရိဇာတ်၊ မဟာသမ်ပါလနဂါးမင်းဇာတ်၊ ဝိဓူရဇာတ် စသည်တို့၌ လာသော နဂါးတို့၏ နာနာဘာဝအထူးအပြားများ၍ ဆင်းနိုင်ကြောင်း၊ နဂါးတို့မျက်စောင်းထိုးလျှင် လူတို့ပြာကဲ့သို့ ကြေ ညက်သွားကြောင်း၊ ဝေသဝဏ်နတ်မင်းကြီး၏ချွန်းလက်နက်သည် တစ်ကြိမ်လွှတ်လျှင် များစွာသော ကုမ္ဘာန်ဘီလူး တို့ကျေညက်ပျက်စီးကြောင်း၊ ယမမင်းမျက်စောင်းထိုးလျှင် များစွာသော ဝေမာနိကနတ်ပြိတ္တာတို့ ကျေညက်ပျက်စီးကြောင်း၊ ကဌဂါတနဇာတွင် ဘီလူးတို့သည် လူရိပ်ကို ခြေနင့် နင်း၍ လက်ရှေ့ကစားလျှင် ဘီလူးတို့ကအောင်နိုင်ကြောင်း အရိုရဇာတ်တွင် မြို့စောင့်နတ်ကြီးသည် ကောင်းကင်သို့ပျံတက်၍ ရန်သူလွှတ်ရာသမုဒ္ဒရာ ကျွန်းငယ်၌တည်၍ ရန်သူသွားမှ တဖန်ပျံ၍ တည်မြဲတည် နေကြောင်း၊ စရိယပိဋကဖါးမင်းဇာတ်တွင် ပဇ္ဇုန်နတ်သားသည် သိချင်းကိုသိနိုင်၍ စောင်းတီးလျှင် အလိုရှိ တိုင်း မိုးရွာကြောင်း၊ ဋင်းတငှက်မင်းဇာတ်တွင် ငှက်တို့သည် ဇမ္ဗူဒိပ်ကျွန်းအားလုံးကို လှည်းဘီးခန့်မျှသာ

မြင်ရအောင် ကောင်းကင်သို့ပျံတက်နိုင်ကြောင်း၊ ပဋ္ဌရာဇာတ်တွင် သိလေသလောမဘီလူးသည် စေးကပ်သောအမွေးအမှင်ဖြင့် ရန်သူသတ္တဝါကို ဖမ်းယူနိုင်ကြောင်း၊ အဌသာလိနိကျမ်း ရေဋ္ဌမိချောင်းတို့သည် ကျောက်ခဲကိုမျိုစားကုန်သဖြင့် ဝမ်းတည်း၌အစာကျေညက်ကြောင်း . . .

တော၌အောင်းသတ္တဝါတို့သည် သုံးနှစ်လည်သောဦးချို သားရိုးတို့ကိုစားလျှင် တံတွေးထိတိုင်း မှုန့်မှုန့်ညက်ညက်ဖြစ်ကြောင်း၊ ယခုဒိဌသုတဖြင့် စပါးကြီးမြွေတို့သည် အစာဖြစ်သော သတ္တဝါကိုညှိ့လျှင် မပြေးနိုင်အောင်ဖမ်းယူကြောင်း၊ ကမ်းပါးကျဟူ၍၊ တောင်ဆိပ်ဟူ၍ငင်း ခေါ်ဝေါ်သော တိရစ္ဆာန်တို့သည် ကျူးသည်ပဲ့သည်ကို အချင်းချင်းလျှာ ဖြင့်လျက်၍ မကြာမြင့်မှိပကတိတိုင်းဖြစ်ကြောင်း၊ မြွေသတ္တဝါတို့သည် မှုားကဲ့သို့ အမွေးပါ၍ရန်သူကို နှိမ်နင်းနိုင်ကြောင်း၊ မြွေပါခေါ်သော တိရစ္ဆာန်တို့သည် မြွေကိုကျော်နင်းသွားလျှင် အပိုင်းပိုင်းပြတ်ကြောင်း၊ ပင့်ကူတို့သည် ယင်းတို့၏ချက်မှထွက်သော ပင့်ကူချည်မျှင်တို့ဖြင့် အိမ်ဖွဲ့၍ ကောင်းကင်၌တည်ရှိကြောင်း၊ ဝိဂ္ဂုရဇာတ်တွင် ပုဏ္ဏကဘီလူးမျက်စောင်းတို့ ကာမတ္တထိုးချက်စောင့်နတ်သမီးစကြာဝဠာ တံတိုင်းသို့လွင့်သွားကြောင်း၊ ပါရာဇိကဏ်အဌကထာတွင် သီဟိုမင်းတစ်ဦးသည် အမျက်ထွက်၍ မိမိမာန်စွယ်ကိုကိုက်၍အံကျိုပ်သဖြင့် စူဠသုမနသူကြွယ်သေရကြောင်း၊ ဓမ္မာသောကမင်းကြီးလည်း ဘိသိက်သွန်းသည်နှင့်တပြိုင်နက် ပုညိဒ္ဓိမဟုတ် - ရာဇိဒ္ဓိဖြင့် အထက်တယူဇနာ အောက်တစ်ယူဇနာအာကာပျံ့နှံ့ကြောင်း၊ စေတိယဇာတ်တွင် မုသားဆိုသောကြောင့် မြေမျိုသော ဥပရိဝရမည်သော စေတိယမင်းသည် ရာဇိဒ္ဓိဖြင့် ကောင်းကင်၌ရပ်တည်နိုင်ကြောင်း . . .။

ထိုထိုကျမ်းဂန်တို့၌ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်အာနန္ဒာ၊ အရှင်မဟာကဿပစသော မထေရ်တို့သည် ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်ကြောင်း၊ ထို့အတူ အရှင်ဒေဝဒတ်၊ ကာနုဒါယီထေရ်၊ ယသော်ဓရာဒေဝီဖိဖုရား၊ ဝိသာခါဒါယိကာမ၊ မလ္လိကာဒေဝီတို့သည် ဆင်ပြောင်ငါးစီး အားကိုဆောင်နိုင်ကြောင်း၊ ကောင်းကင်သို့ ၁၈တောင်ခုန်နိုင်ကြောင်း၊ မဟောသဓာလည်း ၁၈တောင်ခုန်နိုင်ကြောင်း၊ လက်ညှိုးပေါင်းတစ်ထောင်ဖြစ်သော အင်္ဂုလိမာလထေရ်လည်း တဟုန်တည်း သုံးယူဇနာ ပြေးသွားနိုင်ကြောင်း၊ ကဏ္ဍာကမြင်းသည် စကြာဝဠာအနားရေး ကိုးကိုလှည့်၍စိုင်းလျှင် နံနက်စာစားမီအောင်နေမြဲရပ်သို့ ပြန်ရောက်နိုင်ကြောင်း၊ အနော်မာမြစ်တွင် ဘုရားအလောင်းနှင့် ဆန္ဒအမတ်ကို ဆောင်လျှက်တဥသဖရှိသော အနော်မာသောင်ကို ခုန်လွှားနိုင်ကြောင်း၊ နန္ဒိဝိသာလန္ဒားကြီးသည် ဝန်တင်လှည်းတစ်ရာကိုရုန်းနိုင်ကြောင်း . . . ဤသို့အစရှိသော သတ္တိစွမ်း ပကားခွန်အား ဗလတို့သည်လည်း ဝိဇ္ဇာမယဈာန ဝိပဿနာတို့နှင့် ကင်းလျှက်ပြည့်စုံသော တန်ခိုးဖြစ်သောကြောင့် ကမ္မဝပါကဣဒ္ဓိမည်ပါတယ်။

၈။ ပုညဝတောဣဒ္ဓိ - ရင့်မာခြင်းသို့ရောက်သော ပုညသမ္ဘာရကြောင့် ပြည့်စုံသော အကျိုးထူးဖြစ်သော စကြာဝတေးမင်းအစရှိသော လူထူးတို့သည် ကောင်းကင်ခရီးဖြင့်သွားနိုင်ကြောင်း၊ ဘုံဗိမာန်ပဒေသာပတ်ရွှေတောင်ငွေတောင် ပေါက်ခြင်းတို့သည် ရှေးကောင်းမှု သမ္ဘာရကြီးသော သူတို့၏တန်ခိုးဖြစ်သောကြောင့် ပုညတောဣဒ္ဓိမည်တယ်။

သာဓကပြရမယ်ဆိုလျှင် - ဃောသိတသူဌေး ဝဠ္ဌ၌ ခုနှစ်ကြိမ်သေအောင်သတ်လျှင် သေဘေးမှ လွတ်ကြောင်း၊ ဇောတိကသူဌေးလည်း ပတ္တမြားပြသာဒ်မြေကိုဖေါက်ခွဲ၍ ပေါ်ပေါက်လာခြင်းနှင့် ပဒေသာပင်ခြောက် ဆယ်လေးပင်ပေါက်ရောက်ကြောင်း မေဏ္ဍကသူဌေးအား တဆယ်ရှစ်ပါယ်ခန့် အရပ်၌

ရတနာခုနစ်ပြီး ကြီးသော ဆိတ်ရုပ်ပဒေသာပင်များစွာ ပေါ်လာသောကြောင့် ရွှေငွေပစ္စည်း အလိုရှိရာကို ဆိတ်ရုပ်ခံတွင်းကို နှိုက်ယူရကြောင်း - အရှင်မဟာကဿပအလောင်း နန္ဒမင်းလည်း ရွှေကရားဖြင့် ရေသွန်းလိုက်သော် အဝတ်ပဒေသာပင် ၃၂ပင်၊ ၆၄ပင်ပေါက်ရောက်ကြခြင်းဖြစ်ကြောင်း။

အထက်ပါ မေဏ္ဍကနှင့်တကွ ပဒုမသိရီ၊ သုမနဒေဝီ ၊ ကျွန်ပုဏ္ဏား၊ မဟာနွေ ဤငါးယောက်တို့တွင် မေဏ္ဍကသူဌေးသည် ဦးခေါင်းလျှော်ပြီးလျှင် ကြည့်ပေါက်ကိုဖွင့်လျှက် ကောင်းကင်သို့ မျှော်ကြည့်လျှင် နိသောသ လေးစပါးမိုးရွာချ၍ ကျည်တို့ကိုပြည့်နိုင်၏။ သူဌေးကတော်ကြီးလည်း တကွမ်းစာချက်မျှသော ထမင်းအိုးမှဆူကျွေး လျှင် ဇမ္ဗူထိပ်ကျွန်းလုံးကို ကျွေးသော်လည်း ထမင်းအိုးမကုန်၊ ပကတိအတိုင်းရှိ၍ ချွေးမဖြစ်သောသုမနဒေဝီလည်း စပါးတကမ္ဘာမျှကို ဇမ္ဗူဒိပ်ကျွန်းသား တို့အားပေးစေ သော်လည်း မကုန်နိုင်၊ ကျွန်ပုဏ္ဏားလည်း လယ်မြေကိုထွန်သွား နှင့်ထွန်လျှင် လက်ဝဲလက်ယာထွန်သွား ၁၄ ကြောင်းကွဲ၍ အသီးအနှံဖြစ်၏။ သို့သဘောရှိသောသူတို့၏ တန်ခိုးသည် ပုညဝတော်ကဒ္ဓိဖြစ်ပါတယ်။

၉။ ဝိဇ္ဇာမယကဒ္ဓိ - ဝိဇ္ဇာမယကဒ္ဓိကို ဆက်ပြီးဟောပါအုံးမယ် - ဝိဇ္ဇာဓိုရ်ဖြစ်သောသူတို့သည် ဝိဇ္ဇာမန္တာန်ကို ရွတ်၍ ကောင်းကင်ပျံခြင်း၊ အထူးထူးအပြားပြား ဖန်ဆင်းနိုင်ခြင်း၊ ကောင်းကင်ကဆင်ရုပ်၊ မြင်းရုပ်စသည်ကိုပြခြင်း အထူးထူးသော သေနင်္ဗျူဟာကိုပြခြင်း အစရှိသည်တို့သည် ဝိဇ္ဇာသိပ္ပအကျိုးအားဖြင့် ပြီးသောတန်ခိုးဖြစ်သောကြောင့် ဝိဇ္ဇာမယကဒ္ဓိမည်ပါတယ်။ ဤဝိဇ္ဇာမယကဒ္ဓိကို ကျယ်ကျယ်ပြန့်ပြန့် ဟောကြားပါမယ်။ ဝိဇ္ဇာမယကဒ္ဓိသည် - ၁။ မဟာဂ္ဂုတ်လောကုတ္တရာဝိဇ္ဇာသုံးပါး - ဝိဇ္ဇာရှစ်ပါးတို့ကား ယခင်ဆိုခဲ့ပြီးသော အဓိဋ္ဌာန်ကဒ္ဓိစသည် တို့ဖြင့် ပူဇော်သောကြောင့် ဤဝိဇ္ဇာမယကဒ္ဓိ၌ မယူအပ်ပါ။

**ကာမာဝစရဗမွဖြစ်သော သိပ္ပဝိဇ္ဇာမျိုးကိုသာ ဤဝိဇ္ဇာမယကဒ္ဓိ၌ ဇကာ်ယူအပ်ပါတယ် -**

၁။ သာဓကပြရမယ်ဆိုလျှင် - အပဒါန်အဋ္ဌကထာတွင် အရှင်မဟာကစ္စည်းထေရ်သည် သုမေဓဘုရားလက်ထက် ဝိဇ္ဇာဓိုရ်ဖြစ်၍ တစ်ခုသောဖတာအုပ်ဝယ် ကောင်းကင်ခရီးမှသက်ဆင်း၍ ဘုရားရှင်အား မဟာလှေခါးပန်းဖြင့် ပူဇော်ကြောင်း . . .

၂။ သီလက္ခန်အဋ္ဌကထာတွင် ဂန္ဓာရတိုင်း၌ နေကုန်သောရသေ့တို့တွင် တစ်ယောက်သောရသေ့သည် စီရင်ထားအပ်သော စူဠဂန္ဓာရီမန္တာန်သည် ကောင်းကင်သို့ ပျံတက်နိုင်သောအစွမ်း၊ သူတစ်ပါးစိတ်ကိုသိနိုင်သော အစွမ်းရှိကြောင်းလာပါတယ်။ မဟာဂန္ဓာရီမန္တာန်သည် ထို့ထက်ပင်လျှင် အာနုဘော်ရှိကြောင်းလာပါတယ်။

၃။ ထိုသီလက္ခန်အဋ္ဌကထာ၌ - အဏိစိန္တာမန္တာန်ခေါ် - စိန္တာမဏိမန္တာန်သည် သူတစ်ပါး၏စိတ်ကိုသိနိုင်ကြောင်း လာပါတယ်။ ဖော်ပြခဲ့သော စိန္တာမဏိ မန္တာန်တော်ကြီးဖြစ်ပါတယ်။

၄။ ဓမ္မပဒအဋ္ဌကထာတွင် နတ်တို့ချစ်မြတ်နိုးသောအရာ၌ တေဒဂ်ရသော စပိလိန္ဒဝစ္ဆမထေရ်သည် ငါတို့ဘုရားရှင် နှင့်မတွေ့မီ ဂန္ဓာရီမန္တာန်ကိုတက်၍ ကောင်းကင်သို့ပျံတက်နိုင်ကြောင်းလာပါတယ် -

၅။ မဟာသုတသောမဇာတ်တွင် ဘီလူးသည် လေ၏အဟုန်ကဲ့သို့လျှင်မြန်စွာပျံတက်နိုင်သော အာနုဘော်ရှိသောမန္တရားကို မဟာပေါရိသာဒအားကောက်ဆဲ၌ တွေ့ရှိပေးခဲ့ကြောင်းလာပါတယ်- **မန္တာန်များကိုနောက်၌ဖော်ပြပါမယ်။**

၆။ အင်္ဂုတ္တိုရ်ဓမ္မပဒအဋ္ဌကထာတို့တွင် သာဝတ္ထိပြည် ပုဏ္ဏားသားဖြစ်သော ဂါထာဖွဲ့ခြင်းအရာ၌ ဧတဒတ်ရတော်မူ သောအရှင်ဝင်္ဂီသထေရ်သည် ငါတို့ဘုရားရှင်နှင့်မတွေ့မှီလူသေ၏ သုံးနှစ်ခန့်သေပြီးသော ဦးခေါင်းခွံကို မန္တာန်စုတ် ၍ ခေါင်းခွံကိုခေါက်သည်ရှိသော် သူသေ၏လားရာဂတိကိုသိနိုင်သဖြင့် ဘုရားရှင် တွေ့ကြရာ၌လူ့ပြည်၊ နတ်ပြည် သို့ရောက်ရှိနေသော ခေါင်းခွံနှစ်ခုကို ဘုရားသခင်မေးမြန်းရာ အမှန်ဖြေဆို နိုင်ပြီး ပရိနိဗ္ဗာန်စံယူပြီးသော ရဟန္တာ ဦးခေါင်းတော်ကို မေးမြန်းသော်ဂတိမမြင်နိုင်သောကြောင့် မြင်နိုင်သော ပညာကို ဘုရားထံ၌သင်လို၍ ရဟန်းပြု သော်ရဟန္တာဖြစ်သွားပါတယ်။ ဤသို့လူသေ၏ လားရာဂတိကို သေသောဘဝ သီလမန္တာန်ကို အရှင်ဝင်္ဂီသထေရ် လူဖြစ်စဉ်က တတ်ကြောင်းလာပါတယ်။

၇။ သိဗ္ဗိဇာတ်တွင် ကျောက်စရစ်ကိုမန်း၍ သူသေကိုပစ်ပေါက်လျှင် ထိုသူသေထလာစေနိုင်သော မတကုဋ္ဌာပနမန္တာန်ကို ငါတို့ဘုရားအလောင်းဒိသာပါမောက္ခဆရာကြီးတတ်မြောက်၍၊ ၎င်း၏တပည့် သင်ပေးရာ ထိုတပည့်မိုက်သည် ထိုမန္တာန်ဖြင့် ကျားသေကိုမန်းသောကြောင့်ကျားသေထ၍ကိုက်သဖြင့်၊ ထိုမန်းသော တပည့်မိုက်သေကျေပျက်စီးကြောင်းလာပါတယ်။ ထို့ကြောင့် တပည့်အပေါ်ကို သတိ ရှိရာ၏။

၈။ အာယုဝပုနသုတ် အဋ္ဌကထာတွင် တက္ကသိုလ်ရသေ့တို့သည် ဤသတ္တဝါသည် ဤမည်သော နေ့ရက်ကာလတို့၌ သေလတံ့ဟုသိနိုင်သော မတကာလဗီဇာနန - မန္တာန်ကိုသိကြောင်းလာပါတယ်။

၉။ သဗ္ဗဝါဋ္ဌိကဇာတ်တွင် ငါတို့ဘုရားအလောင်းသည် ၁၅ ရက်တစ်ကြိမ်တောကျောက်ဖျာထက်မှ သရဇ္ဈယ်သော ပထဝီဇယမန္တာန်ကို ဒေဝဒတ်အလောင်း မြေခွေးသည်ရှေ့ဘဝ၌ တက္ကသိုလ်ဆရာ ဖြစ်ဘူး၍၎င်းမန္တာန်ကို လေ့ကျက်ခဲ့ဘူးသောကြောင့် မကြာမီကြားသိတတ်မြောက်သဖြင့် မန္တာန်ရွတ်လျှက် ခြင်္သေ့၊ ဆင်၊ ကျားအစရှိသော တောသတ္တဝါအပေါင်းတို့ကို ခေါ်ပြီးလျှင် ဗိုလ်ပါသူရဲသူခက်ပြု၍ ဘုရား အလောင်း ပညာရှိအမတ်နေရာ ဗာရာဏသီမြို့ကြီးကို တိုက်ဖျက်လုယူမင်းလုပ်အုပ်စိုးခြင်းငှာ ဗာရာဏသီ မြို့ကို ဝိုင်းဝန်းထားသဖြင့် ဘုရားအလောင်း သည် မြို့သူမြို့သားတို့၏ နားကိုဂွမ်းမုန့်ညက်တို့ဖြင့်ပိတ်ဆို့စေပြီး မန္တာန်ကိုမန်းလျှင်တောသတ္တဝါအချို့ပြေးကြ သည်ကို မြေခွေးမြင်၍ ခြင်္သေ့ကိုဟောက်စေသဖြင့် ကျန်ရှိသမျှ တောသားတိရစ္ဆာန်တို့သည် မြေခွေးနှင့်တကွအားလုံး ကုန်သေကြသောကြောင့် ထိုကာလမှစ၍ မကုန်နိုင် သောအမဲသားတို့ကို အခြောက်လှမ်း၍ထားကြသောကြောင့် ထိုကာလမှစ၍ ယခုတိုင်အမြဲခြောက်လှမ်း လေ့ရှိကြောင်း အမဲခြောက်ကိုစွဲ၍ဤဇာတ်ကို ဝလ္လုရဇာတ်ဟုခေါ် ပါတယ်။

၁၀။ ဓမ္မပဒအဋ္ဌကထာတွင်လည်း ဝေဒ္ဒဗ္ဗိပကရသေ့စုတေသော်၊ တံခိုးကြီးသောနတ်ဖြစ်၍ မိတ်ဆွေ ဖြစ်သော ကျန်ရစ်ခဲ့သော အလ္လကပ္ပရသေ့ထံလာ၍ ဆင်ကိုပြေးစေနိုင်သော ဟတ္ထိကန္တရား သုံးပုဒ်နှင့်အညီး သုံးခု ပါရှိသောစောင်းကိုပေးခဲ့လေသည်။ ထို့နောက်အလ္လကပ္ပရသေ့ထံမှ ဥတေနမင်းသား သည်စောင်းနှင့် တကွမန္တာရား သုံးပုဒ်ကိုရ၍ တောဆင်များကိုခေါ် ယူလျှက် ကောသမ္ဗီပြည်မှာ ထီးနန်းအမွေခံယူရကြောင်း လာပါတယ်။

၁၁။ သုတ်သီလက္ခန်အဋ္ဌကထာတွင် ကပ္ပိလရှင်ရသေ့သည် မြေထည်းကို အတောင်ရှစ်ဆယ် မြင်နိုင်သော မြေ၏ဘူမိနက်သံကြန်အင်လက္ခဏာကိုသိနိုင်သော ဘူမိဝိဇ္ဇာမန္တာန် ကိုတတ်သောကြောင့် ဘေးမဲ့တောမြေအရပ်၌ ရသေ့ကျောင်းဆောက်လုပ်နေထိုင်ရာ ဥတ္တာမုခ မောင်နှမကိုးယောက်တို့ ရောက်

လာကြလျှင် ထိုမင်းကိုးယောက်တို့၏ ကြံအင်္ဂါလက္ခဏာကိုကြည့်သော် ရသေ့မြတ်သည် သူကျောင်းနေရာကိုပေး၍ မြိုတည်နေထိုင်စေသည်။ ထိုမြို့ကိုသကျမင်းတို့ခံရာ ကပ္ပလဝတ်မြို့တွင်ကြောင်းလာပါတယ်။

၁၂။ ထိုနောက် ခိုးယူအပ်သော ဘဏ္ဍာကို တစ်ဆယ်နှစ်နှစ်ပင်ကြာပြီးသော်လည်း ခြေရာခံ၍ ဘဏ္ဍာကိုယူခြင်း ငှာစွမ်းနိုင်သော ပဒကုလမန္တာန်ကို အမိဖြစ်သော အသမုခိဘီလူးမသည် သားတော် ပဒကုသ ငါတို့ဘုရားအလောင်းသည်ပေးလိုက်၍ ၎င်းမန္တာန်ဖြင့် ခိုးယူဖမ်းပြီးနောက် ပြည့်ရှင်မင်း ဖြစ်ကြောင်း လာပါတယ်။

၁၃။ ဝေဒဗ္ဗဇာတ်တွင် တစ်နှစ်တစ်ကြိမ်တကြိမ် နက္ခတ်နှင့်စန်းယှဉ်ခိုက် မန်းရွတ်လျှင် ရတနာမိုး ရွာစေနိုင်သော ဝေဒဗ္ဗမန္တာန်ကို ငါတို့ဘုရားအလောင်း ဆရာပုဏ္ဏားကြီးတတ်ရှိ၍ မန်းသောအခါ ရတနာမိုး ရွာကြောင်းလာပါတယ်။

၁၄။ အမ္ဗဖလဇာတ်တွင် အခါမဟုတ်ဘဲ သရက်ပင်ကိုသီးစေ၍ မိုးပေါက်ကဲ့သို့ကျနိုင်သော အကာဖလမန္တာန်ကို ငါတို့ဘုရားအလောင်း စဏ္ဍာလလုလင်တတ်မြောက်ကြောင်းလာပါတယ်။

၁၅။ စေတိယဇာတ်တွင် အထူးထူးသော ကြောက်မက်ဖွယ်ကို ထင်မြင်စေခြင်းငှာ ပြစွမ်းနိုင်သော ဘုဟာဝိဇ္ဇာမန္တာန်ကို ကပ္ပိလရသေ့တတ်မြောက်ကြောင်းလာပါတယ်။

၁၆။ ဘူရိဒတ်ဇာတ်တွင် နဂါးတို့အလွန်ကြောက်ရွံ့ခြင်းကို ဖြစ်စေနိုင်သော ဘုဝဏ္ဏဝေဒဗ္ဗန္တာန်ကို ဂဠုန်မင်းတစ်ဦးသည် ရသေ့တစ်ဦးအားပေးခဲ့ကြောင်းလာပါတယ်။

၁၇။ ခရုပတ္တဇာတ်တွင် နဂါးတို့ပျောက်ကွယ်သည်ရှိသော် မပျောက်ကွယ်နိုင်ဘဲ ထင်မြင်နိုင်သော နာဂဒဿိမန္တာန်နှင့်တကွ သမီးတော်ကို နဂါးမင်းသည် ဗာရာဏသီမင်းကြီးအားပေးဆက်ကြောင်း၊ ထို့နောက်ခပ်သိမ်းသော သတ္တဝါတို့၏ စကားကိုလည်း တဖန်ပေးဆက်ပြန်ကြောင်းလာပါတယ်။

၁၈။ မဟာဝင်ကျမ်း၌လည်း သီဟိုဠ်ကျွန်းကာကဝဏ္ဏတိဿမင်းလက်ထက်တွင် သူအိုတစ်ယောက်သည် မူဒရက်ပင် ဆက်၍ ပျားကြီးပျားယယ်ခိုက်ရန်ဖြစ်ကြ၍ အချင်းချင်းပြောဆိုသောစကားကို မန္တာန်ကြောင့် သိစွမ်းနိုင်ကြောင်း လာပါတယ်။

၁၉။ သီလက္ခန်အဋ္ဌကထာတွင် ဥက္ကတကမင်းလက်ထက် နန်းတွင်းကျွန်မှမွေးဖွားသော ဘီလူးငယ် နှင့်တူသောသူသည် ကြီးပြင်းလာလျှင် ရသေ့ဝတ်၍ ဒက္ခိဏာပထလိုင်းမှ လေးမျှားအန္တရာယ်ကို ဟန့်တား ကာကွယ်နိုင်သော မန္တာန်ရှိရခဲ့၍ လေးမျှားအန္တရာယ်မှ လွတ်မြောက်ကြောင်းလာပါတယ်။

၂၀။ ငါးရာငါးဆယ်ဇာတ်တွင် ပသီဝိသယ္ယပုဏ္ဏားက ဘုရင်၏မိဖုရားကြီးကို မန္တာန်ဖြင့်မန်း၍ အိပ်ငွေ့ချပြီး ခေါ်ဆောင်သွားကြောင်းလာပါတယ်။

ဤသို့စသော မန္တာန်ဖြင့်ပြီးသော တန်ခိုးတို့ကို ဝိဇ္ဇာမယဣဒ္ဓိဟုခေါ်ပါတယ်။ ဝိဇ္ဇာမယဣဒ္ဓိ သည်ကား ဂါမာဝရေကုသိုလ်အကုသိုလ်နှစ်ပါးတို့ဖြစ်သည်။ သို့ရာတွင် ကုသိုလ်တို့၌ဖြစ်ခြင်းကို ရှေးဦးစွာ ပြောပါမယ်။ ဋီကာကျော် - အဋ္ဌသာလိနီ - မဇ္ဈိမနိကာယ်အဋ္ဌကထာစသည်တို့၌ မိန့်ဆိုကြသည်မှာ - အယုတ်ဆုံးအားဖြင့် လက်ချိုးရေတွက်ခြင်း၊ ဂဏန်းတွက်ခြင်း၊ ကုန်ရောင်းခြင်း၊ လယ်ထွန်ခြင်းအစရှိသော သိပ္ပါယတနာဆိပ်အတောက် ကို ပါယ်ချဖျောက်စေခြင်း စသောဝိဇ္ဇာယန ဌာနစသည်တို့ကို မိမိကိုယ်တိုင် နာခံခြင်း၊ သင်ယူခြင်း၊ သူတစ်ပါး အားသင်ကြားပို့ချခြင်းတို့ကိုလည်း မဟာကုသိုလ်ဉာဏသမ္ပယုတ်

ဇောဝီထိကျိဖြင့် ဓမ္မသာနာ၊ ဓမ္မဒေသနာ၊ ဘာဝနာ မယပုညကရိယာသုံးမျိုးတို၌ သွင်းယူရပါတယ်။ ထိုကြောင့် နိရာဝဋ္ဋဖြစ်သော ဝိဋ္ဋာမယကုဒ္ဓိတို့ကို မဟာကုသိုလ် အဘို့၌ မှတ်အပ်ပါတယ်။ အကုသိုလ်ဖြစ်သော ဝိဋ္ဋာမယကုဒ္ဓိအကြောင်းကိုအနည်းငယ် သာဓကထုတ်ပြပါဦးမယ်။

လောက၌ တန်ဖိုးရှိသော ရသေ့၊ ပုဏ္ဏားစသည်တို့သည် အမိဝမ်း၌ကိန်းအောင်းသော သူငယ်ကို သေစေလိုသောစိတ်ဖြင့် တစိမ့်စိမ့်ကြည့်ရှုလတ်သော် ထိုသူငယ်သည် အမိဝမ်းတွင်း၌ ရေမြှုပ်ကဲ့သို့ ကြေညက်ပျက်စီးသွားကြောင်း၊ ထိုကုဒ္ဓိကို အာတာပ္ပဏကုဒ္ဓိဟုအဋ္ဌသာလိနီကျမ်း၌ အစီအရင်နှင့်တကွ ပြထားပါတယ်။ အာတပ္ပနကုဒ္ဓိအကြောင်း အနည်းငယ်ပြောပြပါဦးမယ် - အာတပ္ပဏကုဒ္ဓိကို အလို ရှိသောသူသည် ခုနစ်ရက်ပတ်လုံးဆားမပါသောအာဟာရ ကိုစား၍နေဇာမျက်ကို ခင်းလျက်မြေ၌ အိပ်၍ မိမိတို့ကျင့်အပ်သည်ကို ကျင့်ဆောင်လျက် ခုနစ်ရက်မြောက်သောနေ့၌ သုသာန်သင်းချိုင်းမြေကို သုတ်သင်၍ ခြေခုနစ်လှမ်းလှမ်း၍ရပ်လျက် လက်နှစ်ဘက်ကိုလှည့်လည် ဗိုက်သိမ်း၍ခံတွင်းဖြင့် အာတပ္ပဏဝိဋ္ဋာ မန္တာန်ကို မန်းရွတ်ကုန်၏။ ထိုအခါ အာတပ္ပဏ အောင်မြင်ပြီးစီး၏ဟုမိန့်ဆိုအပ်၏။ ၎င်း အာတပ္ပဏကုဒ္ဓိသည် ပါဏာတိပါတစသော ဒုစရိုက်တို့ကို ပြုတတ်သောကြောင့် အကုသိုလ်ဝိဋ္ဋာမယကုဒ္ဓိဇက် ဖြစ်ပါတယ်။

"အာတပ္ပဏဝိဋ္ဋာမယ" ဆိုသည်မှာ သူတစ်ပါးတို့၏ ကိုယ်စိတ်နှလုံးတို့ကို ပူလောင်ပင်ပန်း ဆင်းရဲ ပျက်စီးစေတတ်သော သာဝဋ္ဋဝိဋ္ဋာသိပ္ပ ဒုစ္စရိတအတတ်ဖြစ်ပါတယ်- ထိုအတတ်ကို အာတပ္ပဏဝိဋ္ဋာ မယကုဒ္ဓိဟူ၍ မှတ်ယူသင့်ပါတယ် ထို့ပြင် ပါရာဇိကဏ်ပါဠိတော် ၎င်းအဋ္ဌကထာတို၌ သူတဝိဋ္ဋာမန္တာန် တတ်သူတို့သည် လူကိုဖုတ်ပြိတ္တာ- ဘီလူးပူးကပ်လျက်လွှတ်လော- ခွာလော ဟုအာဏာပေး၍ မရပါလျှင် မုံ့မှုန့်ကိုသော်၎င်း၊ ရွှံ့ကိုသော်၎င်းအရုပ် လုပ်၍စီရင်ထားသော ဆေးဝါးဖြင့်သို့မဟုတ် သံဆူးမါးဖြင့် ခုတ်ဖြတ်ပြီးသည်နှင့် တစ်ပြိုင်နက် ဘီလူးသည်ပြတ်၍ သေ၏။ ငါတို့ဘုရားလက်ထက် ရဟန်းတစ်ပါးလည်း ထိုနည်းဖြင့် ဘီလူးကိုသတ်ဖြတ်သောကြောင့် ဘုရားဆုံးမတော်မူရပါတယ်။

ဤနေရာတွင် ဘီလူး၊ ဖုတ်ပြိတ္တာ၊ ရုက္ခစိုး၊ ဘုမ္မစိုးတို့ကို လူကသတ်လို့ သေမသေဆိုတာ ရှင်းပြပါဦးမယ်။ မာယဇာတ်တွင် အသူရာတို့နှင့် တာဝတိံသာနတ်တို့စစ်တိုက်လျှင် ထိုးခုတ်ကြသော်လည်း စူးရှခြင်း၊ ပြတ်ကွဲခြင်းမရှိ ပင်ပန်းနွမ်းနယ်ရုံမျှဖြစ်သည်ဟုဆိုထားသောကြောင့် စတုမာရာဇ် တာဝတိံသာ နတ်တို့သာ မသတ်ဖြတ်နိုင်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ ဘီလူးဖုတ်ပြိတ္တာမျိုးတို့ကိုကား လူတို့ သတ်ဖြတ်နိုင်ပါတယ်။ သာဓကထုတ်ပြပါဦးမယ် - ကာလိင်္ဂဇာတ်တွင် နွားယောင်ဆောင်၍လိုက်သော ကိုယ်စောင့်နတ်တို့ကို မင်းချင်းသူရဲတို့သတ်၍သေကြောင်း၊ ၎င်းပြင်ဝိနည်းပါဠိတော်၌ သစ်ပင်ကိုခုတ်သော ရဟန်းကြောင့် ရုက္ခစိုးငယ်လက်ပြတ်ကြောင်း၊ ဒီပစင်မဟာဝင်ကျမ်းတွင် ဝိဇယမင်းသားသတ်၍ ဘီလူးတို့သေကြောင်း လာပါတယ်။ ဤသို့ ပကတိသောပယောဂဖြင့် သတ်နိုင်တုံရကား ဝိဋ္ဋာမယကုဒ္ဓိဖြင့် ဆိုဘွယ် မရှိဖြစ်ပါတယ်။ ဤနေရာ၌ ဝိဋ္ဋာယမကုဒ္ဓိ တခန်းရပ်ပြီး၁၀ခုမြောက် သမ္မပယောဂပစ္စယကုဒ္ဓိ အကြောင်းကိုဆက်ပြီး ဟောပါ ဦးမယ်။

# သမ္မာပယောဂ ပစ္စက္ကဒ္ဒိ

သမထ-ဝိပဿနာ-ပဋိပတ်-ဘာဝနာ ဟုဆိုသော ကောင်းမြတ်သော သမ္မပယောဂကြောင့် နိဝရဏတို့ကို ပါယ်ခွာ၍ ပြီးစီးခြင်း ဣဒ္ဓိစသည် သမ္မာပယောဂပစ္စယဣဒ္ဓိမည်၏။ ဤနည်းဖြင့်ပင်လျှင် ယခင်ပြဆိုကဲ့သော အဓိဋ္ဌာန်ဣဒ္ဓိသည် တို့နှင့်မကွဲမပြားပင် ဖြစ်ပါတယ်။ ဤဆယ်ပါးသော တန်ခိုးဣဒ္ဓိတို့သည် မဟိဒ္ဓိ= မဟာဣဒ္ဓိကြီးကျယ်သောတန်ခိုး = ကြီးသောတန်ခိုး= ကြီးမြတ်သောတန်ခိုးများ ဖြစ်ကြပါသည်။ ထို့ကြောင့် ဘုရားဂုဏ်တော်ကို နည်းမှန်လမ်းမှန်ဖြင့် အားထုတ်ပွားများပါလျှင် အထက်ပါ သိဒ္ဓိတန်ခိုးများကို အဘယ်မှာမရဘဲရှိပါအံ့နည်း။ မုချဧကံရရမည် အမှန်ဖြစ်ပါတယ်။ ထို့ကြောင့် အတိုင်းမသိ အနန္တကျေးဇူးတော်ရှင် ဖြစ်တော်မူသော် ရှင်တော်မြတ်ဘုရား၏ ဂုဏ်တော်များကို မပြတ်ပွားများ အားထုတ်နိုင်ကြပြီး သိဒ္ဓိ - မဟိဒ္ဓိတို့ဖြင့် ပြည့်စုံသည်ထက် ပြည့်စုံပါစေဆိုတာ ဆုမွန်ကောင်း တောင်းပြီး နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးသောပရိသတ်ကြီးက သာဓုသုံးကြိမ်ခေါ်ပြီး ဆန်ပန်းပေါက်ပေါက်တို့ဖြင့် ကြဲပက်ခြင်း၊ ပန်းမိုးစုံတို့ဖြင့် ကြဲပက်ပူဇော်ခြင်းပြုလုပ်၍ ကောင်းချီးသြဘာပေးကြပါတော့သတည်း။ ဂုဏ်တော်တရားများက ဆရာတော်ဗုဒ်ရေးသော ဂုဏ်တော်အနက်မြတ်ကြီးကို ထပ်မံဖွင့်၍ဟောခဲ့ခြင်းဖြစ်သည်။ ထိုဂုဏ်တော်အား စာအုပ်ရိုက်ပြီးဖြစ်ပါသည်။

၁၃၃၀ ခု - တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်ည လက်ျာအောက်မြေရွာက ဆွမ်းစဉ်ပင့်၍လိုက်သွား၏။ အဆောက်အဦးကြီးထဲမှ တရားဟောပလ္လင်သည် ၃တောင်ပတ်လည်လောက်ရှိ၏။ အတော်မြင့်၏။ ခဲခဲယဉ်းယဉ်း တက်ဖို့ဝင်ဖို့ပြင်သော်လည်း မပင်မပမ်းဘဲ တရားဟောပလ္လင်ပေါ် ရောက်သွား၏။ ထိုပလ္လင်ပေါ် ဘုန်းတော်ကြီးတစ်ပါးလည်းရှိနေ၏။ ထိုဘုန်းတော်ကြီးက ကေသီချွတ်ထား၏။ ကျွန်ုပ်က သက်နုံးကို ရုံထား၏။ သီလပေးပြီးနောက် သြကာသအဓိပ္ပါယ်ကိုဟောပြော၏။ ဆွမ်းစဉ်ကန်တော့ပွဲ ၁၀၈ မျိုး ဥဖိုးထပ် သီးနှံစုံကဲသော ကန်တော့ပွဲကြီးဖြစ်၏။

လူပရိတ်သတ်များထောင်လောက်ရှိ၏။ ထိုကန်တော့ပွဲကြီးကို အကျီ၊ လုံချည်အဖြူထည် ဘော်ကျယ်ထိုးများဖြင့် ဆင်ယဉ်ထားသော ဝတ်စုံဝတ်ကြသော မိန်းမပျို၁၈ယောက်တို့က လိုက်ပို့ကြသည်။ ကျွန်ုပ်၏ရှေ့က တံခွန်၊ ကုက္ကားကိုင်ကြသော အဝတ်ဖြူဝတ်ကြသော ပုဂ္ဂိုလ်ကြီးများလိုက်ကြ၏။ ကျွန်ုပ်၏ဝဲယာက ထီးဖြူကြီးနှစ်လက်မိုးကာ အဖြူဝတ်စုံဝင်သော ပုဂ္ဂိုလ်ကြီးနှစ်ယောက်လိုက်ကြ၏။ ကျွန်ုပ်၏ကျောင်းတိုက် တောင်ဘက်မုခ်ကဝင်ကြ၏။ တောင်ဘက် မုခ်ကိုလည်း အပြင်ဘက်အဝင်ဝက ၁၀လက်မအချင်းရှိ၍ ၁၀တောင်လောက်မြင့်သော အုတ်တိုင် တံခွန်တိုင် ၇တိုင်စီ ဝဲယာကစိုက်ထားပြီး ဘံခွန်လုံးများလွှင့်ထားကြ၏။ အတွင်းဘက်ကလည်း ကျွန်းပင်ကြီး များ အစီအရီဝဲယာပေါက်နေကြပြီး ဒွန်စွန်မြင့်မားစွာ တက်၍ ကိုင်းချင်းယှက်၊ ရွက်ချင်းထပ်နေကြ၏။ ပိဋကတ် တိုက်ထိအောင် တန်းပြီးပေါက်နေကြ၏၊ ဝဲယာ ၁၈ပင်စီလောက်ဟုခန့်မှန်း၏။ အလွန်ထူးဆန်း သောအိပ်မက်ဖြစ်၏။ ကျွန်ုပ်က အောင်မြင် နမိတ်ဟုကောက်၏။

တန်ဆောင်မုန်းလဆန်း ၁ရက် စနေနေ့တွင် ညအိပ်မက်၏။ လင်မယားနှစ်ယောက်က ပေါင်လုံးလောက် မြွေကြီးများကိုကိုင်လာပြီး ကျွန်ုပ်ရှေ့တွင် အလမ္ပါယ်ပြ၏။ လူများလဲဝိုင်းလာကြည့်ကြ၏။ ထိုလင်မယား

နှစ်ယောက်က ကျွန်ုပ်ဘက်သို့မြွေကြီးနှစ်ကောင်ကို လိုက်ကိုက်ရန်သဘောဖြင့်ပြ၏။ မြွေကြီးနှစ်ကောင်ကလည်း ကျွန်ုပ်ဘက်လာကြ၏။ ကျွန်ုပ်ကထိုလင်မယားနှစ်ယောက်နှင့် မြွေကြီးများကို ငါ့တရားကြောင်း မြရဦးမယ်၊ နင်တို့အားလုံးမီးလောင်၍ ပြာအတိဖြစ်သွားစေဟု စေလိုက်တိုင်း ပြာအတိဖြစ်သွားလေ၏။ ထိုပြာများသည် ငွေမှုန့်ပြင်ကြီးဖြစ်သွားပြီး ငွေရွက်များပုရပိုက်လိုဖြစ်သွား၏။ ငွေပုရပိုက်ကြီးပါလားဆိုပြီး ကျွန်ုပ်ကကောက်ယူလိုက်ရော ပုရပိုက်ကျွန်ုပ်၏လက်ထဲရောက်ရော ရွှေပုရပိုက်ကြီးဖြစ်သွား၏။ ရွှေပုရပိုက်ကိုလှမ်းကြည့်လိုက်တော့ "မဟာဒွိဝိဇ္ဇာဘိုးတော်ဝါယမ" ဟု အရွက်တိုင်း ပတ္တမြားစာလုံးတို့ဖြင့် ရေးထားပြီးတောက်ပသောအနီရောင်ဖြစ်၍ ပတ္တမြားစာလုံးဟုရေးလိုက်ပါသည်။

ကျွန်ုပ်သည် ထိုအိပ်မက်အရ ကျွန်ုပ်၏ဆရာတော်ကိုင်တွယ်သောပုန်းထမ်းယပ်ကြီးကို (ဝါ) ရှင်သီဝလိယပ် ကြီးကို ပိတ်များဖြင့် အုပ်ပြီး ကျွန်ုပ်ဘွဲ့ရေးရန်ပြုလုပ်သောအခါ ပေါက်ပုဂ္ဂိုလ်တစ်ပါးကလာပြီး ကိုယ်တော်နှစ်ထပ်သက်န်းပေး၊ ဒီနှစ်ထပ်သက်န်းနှင့် ကိုယ်တော့် ရွှေယပ်တော်ကြီးအုပ်ပြီး ဘွဲ့တော်ကိုရေးတော့ဟု လာပေးသွား၍ ကျွန်ုပ်လည်း နှစ်ထပ်သက်န်းကြီးကို ယူထားလိုက်ပြီး ရွှေယပ်တောင်ကြီးကို ထိုနှစ်ထပ်သက်န်းကြီးဖြင့် ဖုံးအုပ်မွမ်းမံပြီး "မဟာဒွိဝိဇ္ဇာဘိုးတော်ဝါယမ" ရေး၍ သိဒ္ဓိတင်ပြီး ဓာတ်ခန်းထဲတွင် ဘုရားလှူထားလိုက်ပါတော့၏။ ၁၃၃၀ခု - ကဆုန်လပြည့်စနေနေ့တွင် ထိုမဟာဒွိရွှေယပ်တောင်ကြီး ပြီးစီးအောင်မြင်ပါ၏။ ထိုယပ်တောင်ကြီးမှာ တခါတခါလျှပ်၏။ တခါတခါရွေ့သွား၏။ တခါတခါ ပုဂ္ဂိုလ်ကြီးများပုံပေါ်၏။ ကျွန်ုပ်လည်း ထိုယပ်တောင်ကြီးကို ဂုဏ်တော်တစ်သိန်းဖြင့် အဓိဋ္ဌာန်ပြုစီပ်၍ သိဒ္ဓိတင်လိုက်၏။

ကဆုန်လဆန်း ၄ရက်နေ့ - ပုတီးထိုင်စိပ်ရင်း မှေးကနဲဖြစ်သွားခိုက် ဘိုးတော်ကြီးတစ်ပါး တွေ့မြင်ရ၏။ ထို့နောက် ထိုပုဂ္ဂိုလ်ကြီးလက်ကြီးမြင်ရ၏။ ထိုပုဂ္ဂိုလ်ကြီးကကျွန်ုပ်လက်ကိုဆွဲကိုင်ပြီး ဝိဇ္ဇာကြီး . . ဝိဇ္ဇာကြီး . . ဝိဇ္ဇာကြီးဟု ဆို၍ပျောက်ကွယ်သွား၏။ ကျွန်ုပ်လည်း ထိုအခါမှ သတိယ၍ပုတီးပြန်စိပ်၏။ ကဆုန်လဆန်း ၆ရက် - မြေဓာတ် အရဟံပြီး၍ ရေဓာတ်တက်၏။ နေ့ ပုတီးစိပ်သောအခါ (အင်္ဂါနှင့်ကြာသပတေးရှောင် )ဟု နားထဲတွင် ပီပီသသကြားရ၏။

ကဆုန်လဆန်း ၇ရက် ညအိပ်မက်မှာ ညို့ညို့မှိုင်းမှိုင်းလမ်းစိုပြေသောအခင်းများ ပိုင်းထားသောရွာတစ်ရွာနှင့် ရှုခင်းသာတောင်ကြီးမြင်တွေ့ရ၏။ ရှမ်းစော်ဘွားလိုလူတစ်ယောက်က ကျွန်ုပ်ကို နာထော - နာထော ဟုဆိုပြီး သူ့သမီးလေးကို ဆေးတိုက်ရန်ခေါ်သွား၏။ ကျွန်ုပ်လည်းသူတို့အိမ်ရောက်တော့ သမီးလေးမှာချောလှသော ၁၆ နှစ်အရွယ် ရှမ်းမပျိုလေးဖြစ်နေတာတွေ့ရ၏။ ကျွန်ုပ်ရေမန်းတိုက်လိုက်၏။ ရှမ်းမပျိုလေးမှာထထိုင်ပြီး ရှိခိုး၍ ဒါကြောင့်မို့လည်း အရှင်မြတ်ကိုနာထော = လူတို့၏ကိုးကွယ်ရာလို့ခေါ်ကြတာလို့ပြောပြီး သူမလေးကလက်၊ နဖူးတို့ဖြင့် ကျွန်ုပ်ခြေဖမိုးကို ပွတ်တိုက်ပြီးရှိခိုး၍ပါးတို့ဖြင့်အပ်၏။ ဘယ်ပြန်ညာပြန် ရှမ်းမပျိုလေးက ပါးဖြင့်အပ်ကာ ကျွန်ုပ်၏ခြေမကိုစုပ်၏။ အဖေလုပ်သူက အများသတ္တဝါများကို ကယ်တင်တော်မူပါဘုရား ဟုလျှောက်၏။

ကဆုန်လဆန်း ၈ ရက်အိပ်မက် - နတ်ကညာတစ်ယောက် ကျောင်းရောက်လာပြီး ကျွန်ုပ်ကို ဝတ်ချ၍ စိမ်းကြီးမြိုင်ကြီးရှုခင်းသာသော တောင်ကြီးတောကြီးများကို ထွက်တော်မူ၍နေတော်မူရန် နှစ်ခါ ထပ်လျှောက်၏။ ကဆုန်လဆန်း ၉ရက်ညအိပ်မက် - လေးထောင့်အရာဝတ္ထုလေးခု၊ စတုရန်း ၇ တောင်

ပတ်လည် ထု၁၀၀၀ရှိ အပြားကြီးများကို ပြုပြင်သလိုရရှိနေ၏။ ဒီလောက်ကြီးကျယ်သော အပြားကြီးများကို ကိုယ်ပြုပြင်သလို ရနေသဖြင့် ကျွန်ုပ်ကလေးချပ်သော အပြားကြီးများကိုယူပြီး လေးလွှာတပ်ထားလိုက်၏။ ရှေ့ဆက်သွား၏။ တောင်ဘို့မှိုသဏ္ဍာန် ထွာဆိုင်ပတ်လည်အဆင့်လေးဆင့်ရှိ အဖြူထောင်ကြီးကိုတွေ့၏။ ကျွန်ုပ်လည်း မ ယူခဲ့၏။ ပေါ့ပေါ့လေးပါလာ၏။

ပြက္ခဒိန်အဖုံးအပိတ်တစ်ခုကိုတွေ့ရ၍ အဖုံးကို လှန်ကြည့် လိုက်၏။ ကာ - ပီ - ဓ - အာ ဟု ရေးထား၏။ အိပ်ယာမှနိုးသော် ထိုအိပ်မက်ကို အောက်ပါအတိုင်း ကောက်ယူလိုက်၏။ လေးဆင့်ပြီးမြောက်ကြောင်း ကာယ၊ ပီယ၊ ဓန၊ အာကာသအဆင့်များဖြစ်ကြောင်း ကောက်ယူလိုက်၏။ နံနက် စစ်ကိုင်းဘက်က ဘုရားများကိုဖူးမျှော်၍ ပုတီးစိပ်သွားစဉ်ကလည်း လက်ဖြင့်အိပ်ထဲနှိုက်ယူလိုက်သောအခါ ဖယောင်းတိုင်လေးတိုင် ပါလာ၏။ လက်နှစ်ချောင်းဖြင့်နှိုက်ယူသော်လည်း လေးတိုင်ပါလာ၏။ ဤသဘောများကို ညကျမှ အိပ်မက်ဖြင့် ပြကြောင်းဖြစ်၏မှတ်လိုက်၏။

ကဆုန်လဆန်း ၁၈ရက်၊ ညအိပ်မက် - ကျွန်ုပ်ကဖြူဖွေးသန့်စင်သော အဝတ်ဖြူကြီး ဝတ်ထားရ၏။ ဟိန္ဒူအဝတ်အစားမျိုးလည်းမက၊ ခရစ်ယာန်ဘုန်းကြီးအဝတ်အစားမျိုးလည်းမက၊ ပုဆိုးတောင်ရှည်ဝတ်သလိုလည်း မဟုတ် ပုံတစ်မျိုးကြီးဖြင့် ဝတ်ထားရ၏။ အဖြူရောင်ဂါဝန်များ ဝတ်ဆင်ထားကြသော ပြင်သစ်မကလေးတို့က ကျွန်ုပ်၏လက်ကိုယူ၍နမ်းကြ၏။ ထို့နောက် ကျွန်ုပ်ဝတ်ရုံကြီးကိုမထားကြ၏။ ဝတ်ရုံကြီးက ကျွန်ုပ်နှင့်၂လံလောက် ဖားဖားကြီးဖြစ်နေသောကြောင့်ဖြစ်၏။ အင်္ဂလိပ်ဘုရင်ခံမဝတ်သော ဂါဝန်ဝတ်လုံရှည်အကြီးကြီးဝတ်ထားသော ပြင်သစ်မကလေးက အမြန်ရှိခိုးဝတ်ချ၏။ သုံးကြိမ်ဝတ်ချရှိခိုး၏။ ထို့နောက်အမြန်ထသွား၏။ ထိုမိန်းမပျိုထသွားပြီး နောက် သူမထက်ဖြူဖွေးတောက်ပသော အဝတ်အစား ဝတ်ထား၍ သရဖူဆောင်းထားသော မိန်းမပျိုလေးက ကျွန်ုပ်လက်ကိုလာတွဲပြီး တိုက်ခန်းကျယ်ကြီးထဲခေါ်သွား၏။

စိန်သလွန်ကြီးပေါ် လက်အုပ်ချီပြီး ဤစိန်သလွန်ပေါ် စက်တော်ခေါ်ပါဘုရားဟုလျှောက်၍ တက်ပြီး အိပ်လိုက်၏။ သူမလေးကလည်း ကျွန်ုပ်နဘေးကအိပ်ပြီး မကြာမြင့် မီကောင်းကင် တိမ်တိုက်ထဲသို့ ကျွန်ုပ်တို့အိပ်သော သလွန်ကြီးပြန်တက်နေ၏။ ငွမ်းကဲ့သို့ဖြူစွပ်သောတောင်ထိပ်ပေါ် သလွန်ကြီးပါ ရောက်သွား၏။ ကိုယ်တော်လေးထတော်မူပါဘုရား . . ဒါဟာမြတ်မယ်တော် နန်းတော်ပါဘုရား၊ ကျွန်ုပ်လည်း ထလိုက်၏။ သတိယလာ၏။ ဩော် အိပ်မက်ပါလားဟုအောက်မေ့ပြီးမှတ်လိုက်တော့၏။ ထိုသို့ကျွန်ုပ်ရောက်သောအဆင့်ကို မယ်တော်တို့အသိမှတ်ပြုကြောင်းဟုကောက်ယူ၏။

ကဆုန်လဆန်း ၁၃ ရက်ညအိပ်မက် - ကျွန်ုပ်ကျောင်းပေါ်က ကုလားထိုင်ပေါ်တွင် နူသော ဘုန်းကြီး တစ်ပါးထိုင်လာပြီး သက်န်းအစွန်းအကွက်များချထားခဲ့၏။ ကျောင်းသူမလေးတစ်ယောက်က ကူးစက်မည်စိုး၍ ဖယ်ပစ်လိုက်၏။ ကျွန်ုပ်လည်း ဘုရားခန်းထဲဝင်သွား၏။ ကျွန်ုပ်လည်းဝင်သွားပြီး ပုတီးစိပ်နေတုန်း ကန့်လန့်ကာ ဖြင့်ကျွန်ုပ်ထိုင်နေသောဘေးနားကပတ်ထား၏။ မည်သူက လာပတ်သည် မသိ၊ ပုတီးစိပ်ပြီးလို့ထလိုက်လျှင် ထွက်ပေါက်မရ၍အတော်တိုးထွက်ရ၏။ ဘိုးတော်များ၊ အရှင်မြတ်များ ထိုင်ရန်ခင်းထားသော ပိတ်ဖြူများလည်း ရွှေ့နေ၏။ အခန်းကိုလျှောက်ကြည့်သော် ဦးပဥ္စင်းကြီးတစ်ပါး တင်ထားသော အနိမ့်အမြင့်လှေကားထစ်လိုပန်း ၉ခိုင် နှစ်ထပ်တွေ့ရ၏။ အောင်သပြေပန်းညွန့်များ

တွေ့မြင်ရ၏။ အခြေအနေကြည့်ပြီး အခန်းထဲမှထွက်လာတော့ လူများက အတောင်နှစ်ဆယ်လောက် ပေါ်စံမကြီးကို အကျီဝတ်ပေးရန်နှင့်ဆေးခြယ်ပေးရန်ပြော၍ ပိတ်မရှိတာနှင့် ပိုးသက်န်းကို အကျီဝတ်ပြီး ဆေးခြယ်ပေးလိုက်၏။ ထိုပေါ်စံမကြီးကိုယူသွားကြပြီးယိမ်းထိုးအောင်ကကြ၏။ ဆိုင်းများဖြင့်ကကြ၏။ နောက်မိုးကျ၍ပြေးကြ၏။ ကျွန်ုပ်ကရေခါတ်သဘောဟု ကောက်ယူလိုက်၏။

၁၃၃၀ပြည့် ကဆုန်လပြည့် စနေနေ့ ဗုဒ္ဓအခါတော်နေ့ပြုလုပ်၏။ သံဃာ ၆၀၊ လူ ၃၀၀မှန့်ဟင်းခါး ကျွေး၏။ နံနက် ၁၀နာရီမှ ည ၃နာရီတိုင်အောင်ပြုလုပ်ကြ၏။ ကဆုန်လဆုတ် ၂ရက် ပန်းပဲတန်းရပ်၊ ဦးချိန်၏ညီ ဦးပဥ္စင်းရွှေပျံ အသုဘရှုသွားပြီး အောင်ခြင်းရှစ်ပါးဝင် ပုတီး၂၇ပတ်စိပ်၏။ ရခဲ့သောဝတ္ထု ၁၀ကျပ်ကို လိုက်ပို့သောတကာကို ဖယောင်းတိုင်ဝယ်ခိုင်းလိုက်၏။ ညမှာ တစ်တိုက်လုံးဘုရားမှာ မီးပူဇော်၍ အမျှပေးဝေလိုက်၏။ ကဆုန်လဆုတ် ၄ရက် ရေများကြီးတာမြင်မက်၏။ သို့သော်ထူးဆန်းပုံမှာ တစ်ဖက်က အတော်မြင့် မောက်တက်နေ၏။ တစ်ဖက်က ပုံမှန်အတိုင်းရေများဖြစ်နေ၏။ ထိုရေကြီးလာတာကို မကြီး အောင် ရေမတက်လာအောင်တားရန် ဂုဏ်တော်ဖြင့်မန်း၍လက်ပြလိုက်၏။ တောင်လေး၏အရှေ့ဘက် နားဖြစ်၏။ ရေဓာတ်နမိတ်ဟုကောက်၏။ တစ်ဝက်အောင်မြင်ကြောင်းဖြစ်၏။

ကဆုန်လဆုတ် ၇ရက် - အလယ်ပန်းတိမ် ဒေါ်သုံးအနိစ္စရောက်၍ အသုဘလိုက်ရသော ငွေ ငါးကျပ်ကို ဖယောင်းတိုင်ဝယ်၏။ ၁၀ထုပ်ရ၏။ ညအောင်မြေဘုရားများနှင့် ကျောင်းအောင်စံထား တိုက်ထဲမှ ဘုရားများကို မီးပူဇော်၏။ ကဆုန်လဆုတ် ၈ရက်ညအိပ်မက် - ကျွန်ုပ်သည် ကောင်းကင်ပျံတက်၍ ဘုရားဖူးသွားရာ ကောင်းကင်တွင် လဲလျောင်းကိုယ်တော်ကြီးနှစ်ဆူတွေ့၍ လမ်းပိတ်နေသောကြောင့် မသွားသာ၍ “ငါပြုရသော ဒါန - သီလ - ဘာဝနာ - ကုသိုလ်စေတနာတို့ကြောင့် ဤလမ်းပိတ် နေသော လဲလျောင်းကိုယ်တော်နှစ်ဆူတို့သည် ထိုင်နေတော်မူ ပါစေသတည်း။” ဟု မိဌာန်လိုက်၏။ ထထိုင်တော်မူကြ၏။ ကျွန်ုပ်ကဝပ်ချပြီးဆုတောင်း၍ ဤဘုရားနှစ်ဆူကြား ဖြတ်သွား၏။ ကျောက်ထီး ကျောင်းတိုက် ရောက်၍ဆင်းပြီးကျောင်းတိုက်အခြေအနေ စောင့်ကြည့်၏။

ထူးဆန်းစွာကျောင်းများ ထီးဖြူပုံသဏ္ဍာန်ဆောက်ထားကြ၏။ ကျောင်းတစ်ကျောင်းမှ ဦးဣန္ဒက ထွက်လာ ပြီးညွှေ့ခံ၏။ သူဒီမှာနေကြောင်းမပြောရန်မှာကြား၏။ ကျွန်ုပ်လည်းပြန်လာခဲ့၏။ နိုးလာ၏။ ကောက်ချက် - ရေခါတ်ပြီး၍ လေဓာတ်တက်ရန်ပြကြောင်းဟု ကောက်၍မှတ်စုစာအုပ်ဂဏန်း ပေါင်းကြည့် လိုက်တော့ (၄၈၇၃၂၁) ရနေကြောင်းသိ၍ (၄၈၀၃၂၁) ထားခဲ့ပြီးအပို (၇၀၀၀)ယူ၍ ကဆုန်လပြည့်ကျော် ၉ရက် တနင်္လာနေ့တွင် လေဓာတ်တက်လိုက်၏။

ကဆုန်လပြည့်ကျော် ၉ရက်နေ့ တစ်နာရီလောက်တွင် ဘုန်းတော်ကြီးတစ်ပါးနှင့်တွေ့၍ ထိုဘုန်း တော်ကြီးက ပုတီးစိပ်သောအခါတွေ့သောသူများကယ်ရအောင် ကိုယ်တော်လည်းမှိုဝဲရအောင် ဆေးများကို မှတ်ထား ကိုယ်တော်။ ဆင်တုန်မနွယ်ကိုဆားရအောင်ချက် ငှင်းဆားကိုတခါစား ခွေးကြီးနှစ်ဇွေ့လောက် စား၊ ပြာရေနှင့်လည်းစားနိုင်၏။ ရေနွေးနှင့်လည်းသောက်နိုင်၏ ရှောက်သံပုရာနှင့်လဲ သောက်ရ၏ အသက်ရာကျော်နေရ၏။ အာယုဝဍ္ဍနကိုယ်တော်- သွာကျွာပါဒဖြစ်လျှင် ဆွမ်းတို့မုန်တို့ နှင့်မစားပဲ နံ့သာ ၄က်ပျောဖီးကို ထောပတ် ၁၀၊ ပျားရည် ၁၀၊ သကြား ၁၀၊ ဤသုံးမျိုးဖြင့်ရောစား ကိုယ်တော်- သွာကျွာပါဒ တော့ပျောက်တယ်၊ မုန့်ပဲသရေစာတို့ ဆွမ်းတို့တော့မစားရဘူးကိုယ်တော် ရေနံဆီနှင့် နှမ်းကြီးဆီ စပ်လိမ်း၊

ဆေးပေးပြီးနောက် ကိုယ်တော်ကို စီးပွားပျက်လူများ ကယ်တင်ရအောင် စမ္ပါနဝဒေဝီကိုးအင်းဖြစ်စေ၊ ဤအင်းကိုဖြစ်စေလုပ်ပေးပါကိုယ်တော် . . အထက်ဆုံးအဆင့်က ဇ္ဈဂဏန်း၊ ဒုတိယအဆင့်က'မ' အက္ခရာ၊ တတိယအဆင့်က 'အ' အက္ခရာ၊ စတုတ္ထအဆင့်က 'ဥ' - သရရေးထိုလေးဆင့်အောက်က ၃ကွက်အင်းချ ထောင့်၄ထောင့်က ၁၃ - ၇ - ၁၂ - ၉၂ လက်ယာရစ်ချ၊ ကြီးလေးလုံးက လက်ဝဲရစ်မှာ အလည်မှ အသွင်းကိုယ်တော်၊.ထိုအင်းကိုကြက်လျှာလုပ်၊ လေတိုက်သောနေရာထား၊ ရှင်သီဝလိ ပဌမဂါထာနှင့် တထောင်စုပ်၊ ကိုယ်တော်- လါဘ်တို့အကာအကွယ်တို့တော့ အလွန်ကောင်းကိုယ်တော်။ ထိုဘုန်းကြီး အမိန့်ရှိသည့်အတိုင်း ချထားသောအောက်က ပုံစံကိုကြည့်ပါ။




ဆီးချိုရောဂါ ပျောက်အောင်ကတော့ကိုယ်တော် ကုန်းကညီထောင်းပြီးလုံးကိုယ်တော် ၊ ကျိုတိုက်လည်းရပါတယ်။ မြစ်ခြောက်၊ ဒူလာ၊ မီးယပ်တို့ ပျောက်ကင်းနိုင်သောဆေးကတော့ လက်ပံမြစ်အမှုန့်ထောင်းပြီး ရေနှင့်လုံးထားတိုက်ကိုယ်တော် ပျောက်ပါတယ်။ ပန်းနာပျောက် ဆေးကတော့ ကျားဂမုန်းတိုက် ပျောက်ပါတယ်။ ခွေးလဥပင်ခေါ် ဆေးကို ဒိုးပင်ဖြစ်နှင့် အရက် စိမ်း အရောင်များပျောက်ကင်းနိုင်ပါသည်။ သက်ရင်းကြီးခေါက် ကို အိမ်ပုံးရည်နှင့်ကြိုပြီးနေလှန်း အမှုန့်လုပ်စား အရောင်ပျောက် ၏။ ရွက်ကျပင်ပေါက် အရွက်၊ အရည်ကိုလိမ်းကလည်း အရောင် ပျောက်၏။

ဣန္ဒြာသယမန်းခေါ် မြစ်ပွားကင်ဆာရောဂါ ပျောက်သောဆေးကို မှတ်ထားပါဦးကိုယ်တော် ၁။ ရင်းပျားမြစ်၊ ၂။နှပ်ချိုမြစ်၊ ၃။ ဒဟာသကိုင်းမြစ်၊ ၄။ သက်ရင်းကြီးမြစ်၊ ၅။ မြင်းစဂုံမြေမြစ်၊ ၆။ ရွှေယံကိုင်းမြစ်၊ ၇။ ဘုမ္မရာဇမြစ်အားလုံး အမှုန့်ထောင်းပြီး မယားကြီးရွက် သတ္တုရည်နှင့်နယ်ပြီး လုံးထား . . မန်းကျည်းစေ့ လောက်လုံး . . ဆေးတစ်လုံးဆားနှစ်ဆနှင့်သောက်၊ ဓါတ်လွယ်လျှင် ဆားတဆနှင့် သောက်ရချိုးပေးပါ။ ကင်ဆာနာ၊ မန်းနာဟူသ၍ပျောက်ကင်း၏။

**ဆီးချိုရောဂါပျောက်ဆေး**

သက် - ဂင် - မြင်း - လတ်

နွားလျှာဘက် - အနာဝင်သော်

ပြုတ်ကောင်းကိုစွတ်၊ ဆီးချိုတွက်လည်းသုံး

**ဤလင်္ကာအစိပ္ပါယ်မှာ -**

၁။ သက်ရင်းကြီး၊ ၂။ ဂင်ဘုစ်၊ ၃။ မြင်းစဂုဏ်နီ၊ ၄။ လက်ထုပ်၊ ၅။ နွားလျှာကြီး၊ ၆။ ငရုတ်ကောင်း

ဤ ၆ မယ်ကို မန်းဆေးအလို့ငှာသုံးမှ ပြုတ်ကောင်းထည့်ပါကိုယ်တော်၊ ဆီးချိုရောဂါအတွက်သုံးက ပြုတ်ကောင်းမထည့်နှင့်ကိုယ်တော် ၃လလောက်စားလျှင် ဆီးချိုရောဂါသမားများ ပျောက်ကင်းနိုင်တယ် ကိုယ်တော်။ တစ်ကနေ ငါးအထိအောင်တော့ ဆတူထည့်ဖော်ကိုယ်တော်။ ပြုတ်ကောင်းထည့်မည်ဆို လျှင်တော့ ဆေးရဲ့ကိုးပုံတစ်ပုံထည့်ကိုယ်တော် . . .။

(သတိ) စာအုပ်ထဲမှမှတ်စုသည် ကျွတ်ထိုက်သူများ၏ မိုးရှူးတန်ဆောင်ဖြစ်၍ဤမှတ်စုစာအုပ်များကို ရိုသေစွာ ကိုင်ခြင်း၊ ပိုင်ရှင်ထံပြန်ပို့ခြင်းအားဖြင့် သင်၏သူတော်စင်အဖြစ်ကိုဖော်ပြပါလော့။

၁။ ရတနာသုံးဆိုင် ငုံကြာခိုင် ဆံပြိုင်ဝန္ဒနာ။
၂။ နှစ်ဆီသာရ မြစ်ဓမ္မ မှတ်ကြစဉ်အလာ။
၃။ ပရိနိဗ္ဗာနမြတ်ဗုဒ္ဓ မိန့်ထညောင်စောင်းမှာ
၄။ နိဗ္ဗာန်လိုက်၊ သင်္ခါရ နေ့ညမမေ့ရာ။
၅။ ပုဗ္ဗရမည်ရှိ ရှင်သာရိ၊ အန္တိမိန့်ခဲ့ရှာ။
၆။ နိဗ္ဗာန်လိုလား သဒ္ဓါပွား၊ မခြားနေ့ညဥ့်သာ။
၇။ ညောင်ကံဆရာတော် ဦးဗုစ်ခေါ်၊ ထုတ်ဖော်မိန့်ခဲ့ရှာ။
၈။ လူနတ်ပြဟ္မာ ကဲ့ရဲ့မှာ ဆိတ်စာမကြောက်ရာ။
၉။ ဘုရားကဲ့ရဲ့ကြောက်သူကွဲ့ ရောက်မဲ့နိဗ္ဗုတာ။
၁၀။ ငနုံကဝိ မြတ်ဗောဓိ၊ ပေါ၏သည်အမှာ။
၁၁။ စိတ်ဆိုးစိတ်ညစ် ကိုယ့်ကြောင်ဖြစ် ပါယ်လှစ်လူတကာ။
၁၂။ စိတ်ညစ်ပါယ်ချိုး စိတ်မဆိုး၊ ရောက်ရိုးနိဗ္ဗာန်သာ။
၁၃။ ဆရာတော်ရေငုံ အကျင့်ထုံ၊ မှာဘုံသင့်လှပါ။
၁၄။ နိဗ္ဗာန်လိုက လိုသမျှပြုကြအရာရာ။
၁၅။ နေသာအရိ သာမုနိ၊ ထားသည် ဤအမှာ။
၁၆။ နိဗ္ဗာန်လိုကျ ကိုယ်စကာ၊ နေထသင့်မြတ်စွာ
၁၇။ မကျည်းတော်ခေါ် ဆရာ့တော်၊ အာဘော် မှတ်စရာ။

၁၈။ နိဗ္ဗာန်ကိုရည် ကုတ်နှင့်ကီ၊ ကြောက်သည် မရှိရာ။

၁၉။ ကျင့်ကျော်ထွဋ်ခေါင်၊ နှုတ်တော်ဆောင် သိအောင်မိန့်ခဲ့ရှာ။

၂၀။ နိဗ္ဗာန်ကိုလို သူတေးဆို၊ ပါယ်ဖြိုး ချိုးဖျက်ပါ။

၂၁။ ရွှေယင်းမာရှင် ဆရာပင်၊ မှာစဉ် သိစရာ။

၂၂။ ဟောတိုင်းပြောတိုင်း ချင့်၍နှိုင်း၊ ရေးတိုင်း မယုံရာ။

၂၃။ နိဗ္ဗာန်လိုက ဝိရာဂ၊ မိန့်မှ ယုံသင့်ပါ။

၂၄။ မြင်းဝန်မထေရ် ကျင့်ဝသီ၊ မြင့်ရှည်မှတ်စရာ။

၂၅။ နိဗ္ဗာန်လိုလှစ် မုန်းအချစ်၊ ဆုံးပစ် ပါယ်ချပါ။

၂၆။ ဝိနည်းကျော်လှ ဇန်မော်က၊ ဖော်ပြ မိန့်ခဲ့ရှာ။

၂၇။ နိဗ္ဗာန်ကိုမက် ကိုယ့်အသက်၊ ငဲ့ကွက် မပြုရာ။

၂၈။ လှေသင်းမင်းကျောင်း နေတ္တိကောင်း၊ သိကြောင်း အစဉ်မှာ။

၂၉။ နိဗ္ဗာန်လိုက သည်းခံကြ၊ တွင်ပ အရာရာ။

၃၀။ သုံးဘုံမကိုင်ရှ တရားမြိုက်၊ သားနှိုက် ဤနည်းလာ။

၃၁။ အချုပ်စကား ဆုံးတရား၊ သုံးထား မြဲမြဲစွာ။

၃၂။ အမိပ္ပါယ်နက် အသိခက်၊ ထည့်စွက် ဉာဏ်ဝိဇ္ဇာ။

၃၃။ ကျင့်သုံးဗိုလ်သူ မြတ်နိဗ္ဗူ၊ လွယ်ကူ ရမည်သာ။

၃၄။ သိဒ္ဓိထေရ်ရှင် ပြုစီရင်၊ဆုလျှင် ပုဒ်အာ။

၃၅။ သံပေါက်အစဉ် နိဂုံးတင်၊ ဤတွင် နိဋ္ဌိတာ။

၁၃၃၀ ခု- ကဆုန်လဆန်း၁၀ရက်၊ အင်္ဂါနေ့နံနက်လေးနာရီထ မျက်နှာသစ်ပြီး ဦးစီခေါ် ကားစီးလာကြပြီး ကားစီး၍ မြင်းခြံကားဆိပ်လာ၊ မြင်းခြံကိုနံနက် ငါးနာရီစီး၊ ကိုးနာရီရောက်။ သဘော်ဆိပ်သို့ ခြေလျင်လျှောက်၍လာကြ၏။ ခြေလျင်လျှောက်ရခြင်းမှာ မြင်းလှည်းစီး၍ အလွန်ကြမ်းတမ်းသဖြင့် လူကို ခလောက်ဆန်သလိုဖြစ်၍ အဘိုးကြီးဦးစီနှင့်ဆိုလျှင်မဖြစ်သောကြောင့် ခြေလျင်လာရခြင်းဖြစ်၏။ သဘော်ဆိပ်သို့ ၁၀နာရီ ၁၅ မိနစ်ရောက် ၏။ သဘော်ဆိပ်မှာ ဆွမ်းစားကြ၏။ မင်းတင်မော်တော်ကား ၁၁နာရီ ထွက် ၁၂နာရီ ၁၅မိနစ် လေးလမ်းရွာရောက်၊ ခြေလျင်လျှောက်၊ မြောကြီးလာသန်းအေးနှင့်တွေ့၍ ဦးထိပွားအိမ်နေခိုကာ ကွေ့ထောင်သို့ ညနေ ၄နာရီ ၃၅မိနစ်လာ ငါးနာရီရောက်၏။ ဒေါ်ဖွားသက်အိမ် တစ်ညအိပ်။ ကဆုန်လဆန်း ၁၁ရက်၊ ဗုဒ္ဓဟူးနေ့ည တရားဟော၏။ ကိုးနာရီခွဲပြီး၏။ ပုတီးမေတ္တာပို့ အမျှဝေပြီးအိပ်။

အိပ်မက်သည်မှာ - ညောင်ပင်ကြီးအဝ ဆယ်တောင်လောက်ရှိ၏။ တကာကြီးကအင်္ဂတေ အချောကိုင်နေ၏။ ဝွဆုံထိအောင်ပြီးသွား၏။ ခါးပတ်ဖောင်းပြားကြီးနှစ်ခုပါ၏။ သလင်ပန်းများဖြင့် ကောင်းမွန်တင့်တယ်စွာ ပြုလုပ်ထား၏။ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော အဖိုးကြီးတစ်ယောက်လာပြီး ပြောသည်မှာ - ဩော် ညောင်ပင်ကြီးကိုပြုပြင်တာ ဝွဆုံတောင် ရောက်ရှိသွားပြီကိုး၊ အပင်ကြီးခိုင်မာအောင် အဆန်း

တကြယ်ပန်းများဖြင့် ခြယ်ထားသော ခါးပတ်ဖောင်းပြားကြီး နှစ်ခုတောင်ပါပါသလား။ ခင်ဗျားကုသိုလ်လား လို့ တကာကြီးကိုမေး၏။ တကာကြီးကမဟုတ်ပါဘူး ဦးပဥ္စင်းကုသိုလ်ပါဟုပြော၏။ ဪ - အံ့ဖွယ်သရဲ ထူးကဲစွာပြုလုပ်တဲ့ကိုယ်တော်ပါလား . . ပြီးစီးအောင်မြင်ပါစေ . . ပြီးစီးအောင်မြင်ပါစေ . . ဆိုပြီး ထွက်သွား၏။ ကျွန်ုပ်လည်းနိုးလာ၏။

အာရုဏ်ထ ဘုရားဝတ်ပြု ပုတီးစိပ်ပြီး အာရုဏ်ဆွမ်းစား၊ နေ့ဆွမ်း မငွေထွန်းအိမ်ကကပ်၍စားပြီး ညအိမ် တညအိပ်၊ မငွေထွန်းတို့အိမ်က အာရုဏ်ဆွမ်းကပ်စားသောက်ပြီး နေ့ဆွမ်းကွေ့ထောင့် မြောက်ဘက်ရွာ ကိုထွန်းတို့အိမ်စား၊ ညအိပ်ပြီး ကဆုန်လပြည့်ကျော် ၁၃ ရက်၊သောကြာနေ့ ကိုထွန်းလှည်းဖြင့် ဆင်ကျုံးရွာ သရက္ခန်ဘုရားဖူးသွားကြ၏။ နံနက် ၆နာရီထွက်၊ ဘုရားရောက်၍ အနောက်ဘက်နားက ဘုန်းတော်ကြီးကျောင်း ဝင်ပြီး ဘုန်းတော်နှင့် အလ္လာပ၊ သလ္လာပပြောပြီး ဘုရားတိုက်သော့ လိုက်ဖွင့်ပေးပြီး ပြ၏။ ပဌမဘုရားထားသော တိုက်ကြည့်ပြီး ဒုတိယဘုရားထားသော အုဋ်တိုက် သုံးခန်းလေးခန်း တိုက်ကြီး ထဲဝင်ကြ၏။ ဘုရားထားသောအခန်းတွင် သံတခါးအထူကြီးများပိတ်ထား၏။ တံခါးကြီးဖွင့်လိုက် သော အခါ အထဲကမီးခံသေတ္တာကြီးကို ဘီးတပ်ထား၏။ သံလမ်းလေးလည်းခင်းထား၏။ မီးခံသေတ္တာကြီး ကို ဘီးလမ်းဖြင့်ဆွဲထုတ်လိုက်၏။

ထိုသေတ္တာကြီးကို အပြင်ရောက်လာတော့ လူနှစ်ယောက်ဆွဲမပြီး အခံပလ္လင်ကြီးပေါ် တင်လိုက်၏။ ပတ်လည်သော့ဂလောက် ငါးလုံးကိုဖွင့်လိုက်၏။ အကုန်လုံးပွင့်သွားပြီးနောက် သော့များပွင့်သွားပြီးနောက် မီးခံသေတ္တာသော့ကိုဖွင့်လိုက်၏။ ထိုသော့ပွင့်သွားတော့မှ သေတ္တာဖွင့်လို့ရ၏။ ဘုရားသေးသေးလေး မှတ်လို့ အာရုံစိုက်ကြည့်လိုက်ရာ သေတ္တာထဲမှဆွဲထုတ်လိုက်သော် ဉာဏ်တော်တစ်တောင်လောက်ရှိ ရွှေဆင်းတုကြီးဖြစ်နေ၏။ အနှစ် ၄၀၊ ၅၀ လောက်ပြုလုပ်ထားသော ရုပ်ပွားတော်ကြီးဖြစ်နေ၏။ ဤဘုရား ကြီးထဲကို သရက္ခန်ဘုရားလေး ဌာပနာထားကြောင်းပြောပြ၏။ အန္တရာယ်ကာကွယ်သော အနေဖြင့် ဤကဲ့သို့ ပြုလုပ်ထားကြောင်းပြောပြ၏။ ဘုရားကြီးက ရွှေသားအစစ်ဟု ထင်ရ၏။

ထိုဘုရားကြီးပေါ် ရွှေများ ထပ်ချထားကြ၍ ပိန်းနေတော့၏။ သရက္ခန်လက်လေး ဘုရားလေးရှိ မရှိသိလို၍ ဤဘုရားကြီး မီး၊ အမွှေးတိုင်ပန်းများပူဇော်ပြီး ပုတီးစိပ်ရန်လျှောက်ထားသောအခါ စောင့်ထိန်း သောဆရာတော်က ခွင့်ပြု၍ ပါလာသောပူဇော်ဖွယ်ပူဇော်ပြီးပုတီးစိပ်၏။ ၄၅ပတ်အဓိဋ္ဌာန်ပုတီးစိပ်၏။ လိုက်ပို့သောဦးထွန်း၊ ဆရာတော်က မလှမ်းမကမ်းက ကျွန်ုပ်ကိုစောင့်ရင်း စကားပြောနေကြ၏။ ကျွန်ုပ် လည်း ပုတီး၂၇ပတ်လည်းရောက်ရော သရက္ခန်ရှင်တော်မြတ်ဘုရားလောင်းသည် ရွှေဘုရားကြီး ရင်ဘတ် ပေါ် တွင် တရေးရေးနှင့်ပေါ် လာပါတော့၏။ အသားလေးမှာနီ၏။ ပုံတော်မှာအလွန်ရှေးကျသော ပုံဖြစ်၍ နမဏ်စည်သူကောင်းမှု သရက္ခန်ငါးဆူအနက် ၁ဆူ အပါအဝင်ဖြစ်ကြောင်း ဟုတ်မှန်စွာတွေ့ရ၏။

ပုတီးစိပ်ပြီးသည့်တိုင် ကိုယ်တော်မြတ်ကလေးအာရုံမှ ပျောက်ကွယ်မသွားရန် အထူးအာရုံ စူးစိုက် ထား၏။ ရောင်ခြည်တော်မြတ် တဖြည်းဖြည်းနှင့် လွှတ်တော်မူနေ၏။ အလွန်အားရကျေနပ်ဖွယ်ကောင်း ပေစွ၊ ထို့ကြောင့် ဒါယကဖြစ်သော နမဏ်စည်သူမင်းကြီးကို အထူးမေတ္တာပို့အမျှဝေခဲ့၏။ ၄၅ပတ်ပုတီးစိပ်ပြီး သောအခါ အိမ်မြှောင်များ၊ ဇီးကွက်များ၊ ကျီးများမြည်လာကြ၏။ ကိုထွန်းက စစ်ပါသလားမေးတော့

စစ်ကြောင်းပြောပြခဲ့၏။ ဘုရားကိုဖူးပြီးဆရာတော်ကို ကန်တော့၍ပြန်ခဲ့ကြ၏။ ကိုထွန်းအိမ် ၁၀နာရီခွဲ ရောက်ဆွမ်းစား၏။ ကိုထွန်းအိမ်တညအိပ်၏။

၁၃၃၀ခု၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ စနေနေ့နံနက် ငါးနာရီထပြီးမျက်နှာသစ် ပုတီးစိပ်ပြီး လွှက်ရည်သောက် မောင်တိုးကလှည်းနှင့်ကျည်းရွာလိုက်ပို့၏။ ၆နာရီထွက် ၉နာရီကျည်းရွာရောက်၊ ကိုရွှေအုန်း အိမ်ဆွမ်းစား၊ နေ့ဦးကျော်အေးအိမ်အနားယူနေခြင်း၊ ကိုရွှေအုံးအိမ်ညအိပ်။ မနက် ၅ နာရီထ မျက်နှာသစ်ပုတီးစိပ် လွှက်ရည်သောက်၊ မောင်တင်သန်းအိမ်ဆွမ်းစားပြီး ပခန်းစည်သူရှင်ဘုရားသွားရန် ကိုရွှေအုန်းအိမ်ဝင် ဖယောင်းတိုင်၊ အမွှေးတိုင်၊ ပန်းများယူပြီး ကျည်းရွာအရှေ့ဘက် ကားလမ်းထွက်၍ ကားစောင့်ကြ၏။ ဦးစီ၊ကိုရွှေအုံးတို့က ကျွန်ုပ်နောက်ကပါလာကြ၏။ ၁၀ နာရီခွဲကားစီး၊ ၁၁နာရီ ၁၅မိနစ်ပခန်းစည်သူရှင်ဘုရားရောက်ကြ၏။ ဘုရားတံခါးပိတ်ထားသဖြင့် ကိုရွှေအုံးက ဘုရားလူကြီးအိမ် သွားပြီး ဘုရားဖွင့်ပေးရန်ပြော၏။ လူမစုံကြောင်းပြော၏။ လူတစ်ယောက်သော့တစ်ချောင်းစီရှိ၍ လူစုံမှ ဖွင့်ရကြောင်းပြော၏။ နောက်ဆရာဝန်နှင့်ဌာနအုပ်တို့လည်း ဘုရားဖူးလာကြ၍ သူတို့ခေါ် အဖွင့်ခိုင်းမှ ဖွင့်ပေးကြ၏။

ဂန္ဓာကုဋိတိုက်ကြီးဖွင့်၍ မီးခံသေတ္တာဖွင့်ပြီး တစ်တောင် လောက်ရွှေစင်းတုကြီးထုတ်ယူလိုက်၏။ ဆင်းတုတော်ကြီးမှာ ကြေးဘုရားသွန်းသကဲ့သို့ သွန်းထား၏။ အောက်က လည်း သော့နှင့်ပိတ်ထား၏။ ဤဆင်းတုတော်ကြီးပတ်ပတ်လည် အာမခံသေတ္တာများနှင့် ပိတ်ထာသောသော့ဂလောက်ပေါင်း ၂၀ကျော် လောက်ရှိမည်ထင်၏။ ထိုသော့များကို ဖွင့်ပြီး အထပ်ထပ်သော ရုပ်ပွားဆင်းတုများ၊ ကျုတ်များကို ဖွင့်ကြ၏။ ဆင်းတုတော်နှစ်ထပ်၊ ကျုတ်ငါးထပ်ဖွင့်ပြီးမှ လေးလက်မလောက်ရှိသော သရက္ခန်သားအနီ ရုပ်ပွား ဆင်းတုတော်လေးဖူးမျှော်ရ၏။ ဘုရားလူကြီးများထံမှတောင်းပြီး ကျွန်ုပ်၏ဦးခေါင်းပေါ်မှာတင်ဖူးပြီး မိဌာန် လိုက်၏။ မွှေးလာ၏။ ခွက် ၂၀ဝင်ကြီးရွက်ထားဘိသို့လေးလာ၏။ ထိုအခါမှ တစ်ကယ်ဖြစ်ကြောင်း ယုံကြည်၍ ပူဇော်စရာပူဇော်ပြီး ပုတီးကိုးပတ်စိပ်၏။ ရုပ်ရှင်မင်းသားမင်းသမီးများက ရွှေမကိုဋ်လှူထား၍ ဤဘုရားလေးမှာ ဤကဲ့သို့ ဆင်ထားကြောင်းပြော၍ စိန်များလည်း မကိုဋ်ဘုရားနှင့် လိုက်အောင် ဆင်ထား၏။ တစ်နာရီလောက် ဖူးရန်ခွင့်ပြုပြီး မူလအတိုင်းပြန်ထား၍ ဂန္ဓကုဋိတိုက်ကြီးပိတ်လိုက်၏။

ကျွန်ုပ်တို့လည်းပခန်းရွှေအုန်းပင်ဆရာတော် ကြီးသွားကြည့်ပြီး ပုတီးစိပ်ကြ၏။ သုတေသနဌာနမှ ကျမ်းခင်းအချို့ပြင်ထားတာတွေ့ခဲ့၏။ ရွှေအုန်းပင်ဆရာတော် ကြီး၏ကျေးဇူးကို အောက်မေ့ပူဇော်ပြီး ပုတီးကိုးပတ်စိပ်ခဲ့၏။ မြောက်ဘက် အရံကျောင်းသုံးလေးခန်းအကျယ် ခေတ်ကျောင်းပေါ်မှာ သံဃာသုံးပါး လောက်တွေ့ခဲ့၏။ ကျောက်တော်ကြီးရှေ့မှာလည်း ကျောက်စာတွေဖတ်ခဲ့၏။ ရေစကြို ဦးဘိုချင်း ကျောင်းကြီးလည်းသွားကြည့်၏။ ခန်းနားခိုင်ခံ့၏။ လက်သမားကောင်းလှ၏။ ကျော်လည်းကျော်လောက် တဲ့ ကျောင်းကြီးဖြစ်ပါပေ၏။ သာစုခေါ် မေတ္တာပို့ခဲ့၏။ ညနေလေးနာရီလောက်ပြန်၍ ၆နာရီကျည်းရွာ ရောက်၏။ နံနက် ၇နာရီလောက်က ကျည်းရွာအနောက်ဘက်သိမ်တော်ဘုရားတွင် တောရဆရာတော် ဦးဝိလာမ ထေရ်ကြီးနှင့် ဥပုဒ်ပြုခဲ့ပြီးမှ ဘုရားဖူးလာခဲ့ခြင်းဖြစ်၏။

၁၃၃၀ ခု - ကဆုန်လကွယ်နေ့ည ဦးကျော်အေးအိမ်အိပ်ပြီး၊ နယုန်လဆန်း ၁ရက် - တနင်္လာနေ့ နံနက် ၄ နာရီထပြီး မျက်နှာသစ်၊ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး အာရုဏ်ဆွမ်းစားကာ မောင်တင်သန်း၊ ကိုရွှေအုံး

ဦးစီတို့နှင့် ပခုက္ကူဘုရားဖူးသွားကြ၏။ သီဟိုဠ်ရှင်ဘုရား၊ ရွှေဂူဘုရား၊ ဖောင်တော်ဦးဘုရားတို့ကို ဖူးပြီး ပုတီး၄၅ပတ်စီစိပ်ခဲ့၏။ ထမင်းဆိုင်တွင် ကိုရွှေအုံးကဆွမ်းကပ်၏။ ဆွမ်းစားပြီး ၁၂နာရီခွဲလောက် ကျည်းရွာပြန်ခဲ့ကြ၏။ နေ့အနား ယူသောအနေဖြင့် ကျည်းရွာအနောက်ဘက်က သိမ်တော်သွားပြီး ပုတီးစိပ်ကြ၏။ ပုတီးစိပ်နေစဉ် အရပ်ရှည်ရှည် အသားဖြူဖြူချောချော ၄၀အရွယ်လောက် တကာမကြီး တစ်ယောက် ကျွန်ုပ်၏အနောက်က ဒူးတုပ်ထိုင်နေ၏။ ကျွန်ုပ်သည် အရပ်ထဲက တကာမတစ်ယောက် ဘုရားကို ရေတော်ပန်းတော် ကပ်တာဖြစ်မှာဘဲဟု အောက်မေ့ပြီး စိပ်မြဲစိပ်နေ၏။ ပုတီးစိပ်မေတ္တာပို့ အမျှဝေလိုက်၏။ နောက်ကနေသူမက သာဓုခေါ်လိုက်၏။ ထိုအခါမှ သူမ မသွားသေးကြောင်းသိသဖြင့် ဘုရားဝတ်ချပြီး သူမနှင့်စကားပြောကြ၏။

တကာမကြီးက ဒီအရပ်ထဲကလား . . ကွမ်းရွာကပါဘုရား။ ဘုရားဖူးလာတာလား . . ဒီမှာ နေတာပါဘုရား။ ထိုအခါကျမှ သူမကိုသေသေချာချာ ကြည့်လိုက်၏။ ဥစ္စာစောင့်ဖြစ်ကြောင်း သိလိုက်၏။ စကားစပ်၍ ကျွန်ုပ်ကမေးလိုက်ပြန်၏။ နာမည်ကဘယ်လိုခေါ်ပါသလဲ . . တပည့်တော်တို့ခေတ်ကတော့ တပည့်တော်ကို ဒေါ်ဆိတ်လို့ခေါ်ကြတယ်၊ ကွမ်းရွာကောင်းစားစဉ်တုန်းက တပည့်တော်မကတော့ ကွမ်းရွာမှာ သူဌေးက တော်ဖြစ်ပါတယ်။ ဘယ်နှစ်နှစ်လောက်ရှိပြီလဲ . . နှစ်ရာကျော်ပါပြီဘုရား။ သြော်- ဘိုးတော်လက်ထက်ကပေါ့ . . မှန်ပါတယ်ဘုရား။ ဘာအကြောင်းရှိလို့ ကျွန်ုပ်ဆီလာတာလဲ . . တပည့် တော်မကို အမျှပေးဝေပြီး မေတ္တာလိုချင်လို့ပါဘုရား၊ တပည့်မကို အမျှပေးဝေတော်မူပါဘုရား။ ကောင်းပြီ တကာမကြီး၊ ဘုရားများကို ပုတီးစိပ်တိုင်း တကာမကြီးကို ထည့်ထည့်ပြီးအမျှဝေပါ့မယ် . . ကျေးဇူးတော် ကြီးလှပါကြောင်းပါဘုရား။ ဤနယ်ဤအရပ်များသို့ အရှင်ဘုရားကြီးကြွတော်မူတိုင်း တပည့်တော်မ အထူး စောင့်ရှောက်မယ်ဘုရား။ ကောင်းလှပါပြီတကာမကြီး . . သွားခွင့်ပြုပါဦးဘုရား။ကောင်းပြီ ကောင်းပြီ။

ကျွန်ုပ်တို့သည် ညနေ ၅နာရီခွဲ၍ ဦးကျော်အေးအိမ်ပြန်သွားကြ၏။ ညအိပ်ပြီး နံနက်အာရုဏ် ဆွမ်းစား၍ မောင်တင်သန်းနှင့် ဦးစီတို့ ၅ နာရီခွဲလောက် ရွှေတန်းတစ်ဘုရားသွားဖူးကြ၏။ ၇ နာရီဘုရား ရောက်၏။ ရွှေတန်းတစ်ကျောင်းတိုက်ဆရာတော်ထံ ဝင်ပြီးဘုရားဖူးလိုကြောင်းလျှောက်၏။ တပည့်ဦးပဥ္စင်း တစ်ပါးအပြခိုင်း၊ ကျွန်ုပ်တို့လည်း တပည့်ဦးပဥ္စင်းနှင့် ဘုရားတိုက်ကြီးပေါ် လိုက်သွားကြ၏။ ဘုရားတိုက်ခန်း သော့ဖွင့်ပြီး ဘီးတပ်ထားသော သံသေတ္တာကြီးဆွဲယူလိုက်၍ ထိုအထဲမှမီးခံသေတ္တာအတွင်းမှ သရက္ခန်သား ဘုရားကလေးကို ပင့်ယူလိုက်၏။

ပခန်းစည်သူရှင်ဘုရားနှင့်မတူကြ၊ ပခန်းစည်သူရှင်ဘုရားက လေးလက်မလောက်ဗောဓိရိုးသီဟိုဠ်ပုံ နံ့သာနီအသွေးဖြစ်၏။ ပခန်းသားပါ၏။ ဘာပလ္လင်မှအောက်ကမပါ၊ ယခုရွှေတန်းတစ် သရက္ခန်ဘုရားက အသားရောင်ခံ၏။ ဓမ္မခက်အောက်က ဆင်ကိုးကောင်ပလ္လင်းခံထား၏။ ဘုရားဥဏ်တော်မှာလည်း တစ်လက်မလောက် ပခန်းစည်သူရှင်ဘုရားထက်ကြီးမည်ထင်၏။ ဘုရားကိုပူဇော်ဖွယ်များပူဇော်ပြီး ပုတီး ကိုးပတ်စီစိပ်ကြ၏။ ၈ နာရီ ရွှေတန်းတစ်ဘုရားမှပြန်လာပြီး ဘုရားအရှေ့ဘက်ကခြင်္သေ့ကြီးများ ကတော့ အတောင်ဆယ့်ငါးတောင်၊ နှစ်ဆယ့်ငါးတောင်ရှိမည်ထင်၏။ မင်းကွန်းခြင်္သေ့ကြီးအောက် ရွှေတန်းတစ် ခြင်္သေ့ကြီးသည် မြန်မာပြည်တွင် အကြီးဆုံးဖြစ်၏။

ကျည်းရွာသို့ နံနက် ၁၀နာရီပြန်ရောက်၏။ နေတော်တော်ပူသဖြင့် အပြန်တော်တော်ပင်ပန်းကြ၏။ ၁၃၃၀ခု၊ နယုန်လဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနံနက်ဦးကျော်အေးအိမ် ဘာရုဏ်ဆွမ်းစားပြီး ကိုဆင်ပြောင်လှည်းနှင့် ဒေါ်ဆင်တန်ကကွေ့ထောက်သို့လိုက်ပို့၏။ မန်ကျည်းပင်ပု ၇နာရီရောက်၊ ကွေ့ထောင့် ၈နာရီရောက်၊ ရေချိုးပြီးဆွမ်းစား နေ့နား၏။ ညနေ မောင်ဘအေးကပင့်၍ သူ့အိမ်သွား၊ ည ၆နာရီလောက် အဘိုးထွန်းအိမ် ဓမ္မာရုံသွားပြီး တရားဟော၊ လူ ၅၀လောက်ရှိ၏။ ၉ နာရီတရားပြီး၍စကားပြောကြပြီး ၁၁နာရီမှာ အဘိုးထွန်းအိမ်အိပ်၏။

နယုန်လဆန်း ၄ ရက်၊ အာရုဏ်ဘိုးကံတို့အိမ် မုန့်ဟင်းခါးဆွမ်းစား၊ နေ့ဆွမ်းစား၊ ညနေ ဒေါ်ဖွားဆက်အိမ်မှ ဓမ္မာရုံသွားတရားဟော၊ ဓမ္မာရုံမှာအိပ်။ ညအိပ်မက်၏။ကောင်းကင်ကကြိုးကြီး ၂ချောင်းကျလာ၏။ အဖြူကြီးကြီးများဖြစ်၏။ ကျွန်ုပ်လည်း ထိုကြိုးကြီး ၂ချောင်းကို လက်ဖြင့်ဆွဲယူလိုက်၊ အောက်ကကြိုးတန်းမှာဖြင့် ညိနေ၍ အနားတွင် အသင့်ရှိနေသောဓါးဖြင့် ခုတ်လိုက်၏။ ကြိုးတန်းများပြတ်သွား၍ ကြိုးကြီးနှစ်ချောင်းအလွယ်တကူနှင့် ယူလို့ရတော့၏။ ဆွဲယူလိုက်သော ကြိုး၂ချောင်းတို့၏အပုံမှာ ခွေနှစ်ခုတို့သည် တာကိုပင်ငါးတောင်လောက်မြင့်၏။ ကြိုးခွေများဆုံးသွားတော့ ထိုကြိုး ခွေနှစ်ခုတို့သည် မတ်တော်မူဘုရားများဖြစ်နေ၏။ ကျွန်ုပ်လည်းအလွန်အံ့ဩပြီး သေသေချာချာဖူးနေ၏။ ဖူးနေရင်း ကောင်းကင်ပျံတက်၍ တိမ်တိုက်ထဲတွင် ပျောက်ကွယ်သွားပြီး အောက်ပါစာတန်းကြီး သုံးကြောင်း ပေါ်လာ၏။

၁။ သာသနာပြုရန်အချိန်ကျရောက်နေပြီ သည်းခံပြီးပြုပါ။ မျက်လှည့်ဖြင့်မပြုပါနှင့်။

၂။ မင်းတည်ဘုရားတန်ခိုးကြီးများ သာသနာပြုမင်းများ မရှိသည့်နောက် မဟိဒ္ဓိပုဂ္ဂိုလ်တို့၏ တာဝန်ဖြစ်သည်။

၃။ လှူကြသောငွေစသောပစ္စည်းများသည် ဘုရားသို့မဟုတ် မိမိအတွက်ဖြစ်သော်လည်း ဘုရားအတွက်သာ ရည်စူးပါ။ ဤစာသုံးပုဒ်ကို ထင်ထင်ရှားရှားမြင်ရတွေ့ရသဖြင့် မှတ်ထားလိုက်၏။ အိပ်ယာမှနိုးလာသောအခါ နိုးလျှင်နိုးချင်း မှတ်လိုက်၏။

နယုန်လဆန်း ၅ရက်၊ နံနက်အာရုဏ်ထမျက်နှာသစ်ပုတီးစိပ်ပြီး ကိုထွန်းငွေတို့အိမ် ဆန်ပြုတ်သောက်၏။ နေ့ဆွမ်းဦးသာဖြူအိမ်ကကပ်၏။ ဒေါ်ဖွားဆိတ်အိမ်ပြန်ရေချိုး၊ အနားယူ။ ည၆နာရီခွဲ ဘိုးထွန်းဓမ္မာရုံသွား တရားဟောပြီးအိပ်၏။ ညအိပ်မက်မက်၏။ လူဖြူဖြူကြီးတစ်ယောက်က ရင်ဘတ်ကိုဖိထား၍ အသက်ရှူတစ်မျိုးဖြစ်နေ၏။ ကျွန်ုပ်ရင်ဘတ်ကို ဘယ်သူဖိထားတာလဲလို့မေးတော့ မမေးနဲ့ကိုယ်တော်ခိုင်းစေချက်အရ ကျွန်ုပ်ကို ဆေးသွင်းပေး ရတာလို့ပြော၏။ ဆေးသွင်းပေးရတာက ဒီလောက်ဖိရသလား၊ အသက်ရှူကျပ်တယ်လို့ပြော၏။ သည်းခံကိုယ်တော် အသဲထိအောင်သွင်းရတော့ ကျပ်မှာဘဲလို့ပြောပြီး သူကြိုက်သလို ဖိပွတ်လိမ်းပြီးဆင်းသွား၏။

နတ်နှစ်ယောက်ရောက်လာပြီး ပါလာကြသောမှားများဖြင့်ပစ်ရန် ကျွန်ုပ်ကိုချိန်၏။ ကျွန်ုပ်က ဂုဏ်တော်ကိုဘဲရွတ်ပြီး ပုတီးစိပ်နေ၏။ သူတို့ပစ်မရတော့ ပြန်သွားကြပြီး မှားတွေရိုက်ချိုးပြန်သွားကြ၏။ ကျွန်ုပ်လည်းနိုးလာ၏။ ရင်ထဲ၌အသက်ရှူရတာ တစ်မျိုးကြီးဖြစ်တုန်းပင်၊ ထို့ကြောင့် ဂုဏ်တော်ကိုဘဲ စိပ်နေ

၏။ နိုးလို့နာရီဝက်လောက်ကြာကြာပုတီးစိပ်တော့မှ ပျောက်သွား၏။ နယုန်လဆန်း ၆ရက်၊ နံနက် အာရုဏ် ကိုဘဂျမ်းအိမ်အာရုဏ်ဆွမ်းစား၏။ နေ့ကိုဘသန်းအိမ် နေ့ဆွမ်းစား။ ညနေ ၃နာရီခွဲလောက် မြောက်ကုန်း ကိုလေးထွန်းအိမ်သွား၏။ ၎င်းက တောင်ရွာမငွေထွန်းတို့ အိမ်လာ၊ ဘိနပ်တစ်ရံလှူ၏။ မငွေထွန်းတို့အိမ်မှ လှည်းနှင့် မြေးဦးထီပွားအိမ်လိုက်ပို့၏။ ညနေ ၆နာရီလောက် ရောက်သွား၏။

အာရုဏ်တက် နေ့ဆွမ်းဦးထီပွားအိမ်ကကပ်၏။ မြေးကျောင်းပေါ် အာရုဏ်ဆွမ်းစားပြီး တန်ခိုးကြီးဒက္ခိဏာသာခါဘုရားတစ်ဆူသွားဖူး၏။ ဘုရားက ခုနှစ်လက်မလောက်ရှိ၏။ ပေါင်းချောင်ဖြင့် အုပ်ထာ၏။သက်နံးကလေးခြုံထား၏ ဆရာတော်များအဆက်ဆက်ကိုးကွယ်လာသောဘုရားဖြစ်ကြောင်း။ တော်တော်တန်ခိုးကြီးဘုရား ဖြစ်ကြောင်းသိခဲ့ရ၏။ ညနေ ၅ နာရီကျော်ထောက် ဒေါ်ဖွားဆိတ်အိမ် လှည်းဖြင့်ပြန်လာကြ၏။ ဦးထီပွား လိုက်ပို့၏။ ဒေါ်ဖွားဆိတ်အိမ် ၅နာရီခွဲရောက်၏။ ညအဘိုးထွန်း ဓမ္မာရုံတရားဟော၏။ နံနက်ပြန်မည်။ကန်တော့ပွဲများဖြင့် ပူဇော်ကန်တော့ကြ၏။ ကျွန်ုပ်ကထိုကန်တော့ပွဲကို ဘုရားလှူလိုက်၏။ ဒေါ်ဖွားဆိတ်အိမ်ပြန် အိပ်၏။

ည ထူးဆန်းသောအိပ်မက်ကြီးမက်၏။ ကြည်လင်သန့်ရှင်းသော မိုးကောင်းကင်ပြင်ကြီးတွင် တောက်ပသောကြယ်တာရာများ ထင်ရှားစွာမြင်ရ၏။ အလွန်တောက်ပသော ကြယ်ပြောင်ကြီး ၃ လုံး လောက်မြင်ရ၏။ နှစ်တောင်သုံးတောင်ပတ်လည်လောက်၊ လေးတောင်ကျယ်စုကလေးများလည်း စုပေါင်း လေးဆယ်ငါးဆယ်လောက် မြင်ရ၏။ ကြယ်များ၏အရောင်ကြောင့် လောကဓါတ်ကြီးတစ်ခုလုံး အလွန် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံ၍လင်းထိန်နေ၏။ ဓာတ်စင်မှဓာတ်မီးများဆွဲ၍ထွန်းထားသကဲ့သို့ ကောင်းကင်ပြင်ကြီးတစ်ခုလုံး မာကျူရီ မီးရောင်ဆိုင်တို့ဖြင့် ထွန်းပ၍ အလွန်ကြည်လို့မငြီးအောင် တင့်တယ် လှပေ၏။ ထိုသောက်ရှုကြယ်များမှ ဘိုးတော်များ တစ်ပါးစီတစ်ပါးစီထွက်လာပြီး ဤကြယ်များသာ ပုဂ္ဂိုလ်တို့နေရာ နန်းများဖြစ်ကြောင်းပြောပြကြ၏။

အရှင်မြတ်အတွက် အလွန်ကြီးမားသော အလယ်ကကြယ်ကြီး ၁၃လုံးထဲမှ တစ်လုံးဟာ အရှင်မြတ် အတွက် မဟိဒ္ဓိနန်းတော်ဖြစ်တယ်။ သို့သော် အနှစ်၁၀၀တိုင် အရှင်မြတ်သာသနာပြုရအုံးမည်။ တာဝန် ယူရအုံးမည်။ မဟိဒ္ဓိပုဂ္ဂိုလ်များဟာ လောကတ္ထစရိယ၊ ဉာတတ္ထစရိယ၊ ဗုဒ္ဓစရိယ၊ စရိယသုံးပါး ဖြည့်ဆည်းပူး ရတဲ့တာဝန်ဟာ မဟိဒ္ဓိပုဂ္ဂိုလ်တို့ရဲ့ တာဝန်ဘဲ၊ ထို့ကြောင့် အရှင်မြတ်လည်း ဤစရိယသုံးပါးကို ဖြည့်ဆည်းပူး ရမယ်။ ဖြည့်ဆည်းပူးပါဟု ပြောကြားပြီး ကြယ်များပေါ်ပြန်ထွက်သွားကြ၏။ ကျွန်ုပ်နိုးလာ၏။

၁၃၃၀၊ နယုန်လဆန်း ၉ရက် အင်္ဂါနေ့ အာရုဏ်ထပြီး ဘုရားရှိခိုးပုတီးစိပ်၊ ဒေါက်ဆက်ကအာရုံဆွမ်း ကပ်၊ ကိုထွန်းအိမ်ပြန်ရန် နှုတ်ဆက်၊ ၁၀နာရီခွဲ ကိုထွန်းအိမ်ကပြန်လာပြီး မေကြည်တို့ မင်္ဂလာဆောင်က ပို့သော ဆွမ်းစား ရန်အောင်တို့အိမ်ရေချိုး ကိုထွန်းရန်အောင်တို့ ဒေါ်ဖွားဆိတ်တို့လှည်းနှင့် နေ့ ၁၂နာရီချိန် မော်တော် ဆိပ်လိုက်ပို့ကြ၏။ မြင့်ငွေအမည်ရှိမော်တော်စီးပြီးမြင်းခြံလာ၊ မြင်းခြံရောက်ခါနီး ပန်ကာကျိုး ပျက်ပြီး ၁၅မိနစ် လောက်ပြင်နေရ၏။ ၂နာရီလောက် မြင်းခြံဆိပ်ရောက်၊ မြင်းလှည်းဖြင့် စွန်းလွန်းဂူကျောင်း လာပြီး ညအိပ်၊ မစန္ဒာရီတို့က ဝတ်ပြုကြ၏။ နှစ်ကျိပ်ရှစ်ဆူဘုရား၊ ကိုးဆောင်တိုက်ထဲက ဘုရားသံ၏ အရှေ့ဘက် တင်ပလ္လင်ခွေ ကိုယ်တော်ကြီး ဉာဏ်တော် ၁၅တောင်လောက် ရှိမည်ထင်၏။ ထိုဘုရားများ ပုတီး ၂၇ပတ်စီ ညနေ ၆နာရီ ခွဲလောက် စွန်းလွန်းဂူကျောင်းပြန်အိပ်။

နယုန်လန်း ၁၀ရက်၊ ဗုဒ္ဓဟူးနေ့နံနက် မစန္ဒာရီတို့ကပ်သော မုန့်ဟင်းခါးဆွမ်းစားပြီး ၆နာရီ ပြည်တော် အေးကားဂိတ်လာ၊ ပါလာသောတတင်းလောက်ပဲကို မယူရဘဲပြောပြီး ဇေတီကစာပုံနှိပ်တိုက်၊ ဦးပန်းသမီးမအေး အိမ်ပေးခဲ့၏။ ၇နာရီကားထွက်၊ မန္တလေးသို့ ၁၁နာရီခွဲရောက်၏။ အမရပူရသို့ ၁၂နာရီ ရောက်၏။ ညနေ ၄ နာရီလောက် လေကြီးမိုးကြီးရွာနေ၏။ ၆နာရီလောက်မှ တိတ်သွား၍ တောင်မင်းကြီး၊ ပုထိုးတော်ကြီး ရွှေဂူကြီး၊ နဂါးရုံ အောင်မြေရွှေဘုံ၊ ကြေးဘုရားကြီးတို့ကို မီး ၄၅ တိုင်စီ အမွှေးတိုင် တစ်ထုပ်စီပူဇော်ပြီး ပုတီး ၂၇ ပတ်စီစိပ်၍ ကျောင်း ၁၀ နာရီလောက်ပြန်လာ၏။ ထိုနေ့ကား လေခါတ်၊ လေးသိန်းနှစ်သောင်းငါးရာပြီး စီးသောနေ့ဖြစ်၍ ပုဂ္ဂိုလ်ကြီးတို့ သိကြား၊ ဗြဟ္မာတို့လဲ မီးပေး ၍အသီးသီး မေတ္တာပို့အမျှဝေ၏။ ည၁၂နာရီလောက် ဘုန်းတော်ကြီးတစ်ပါးကြွလာ၍ အာယုဝဍ္ဍနဆေးများအကြောင်း ပြောပြီး နည်းပေးသွား၍ မှတ်ယူထားပြီး ပုတီးစိပ်၍အိပ်လိုက်၏။

၁၃၃၀ခု - နယုန်လပြည့် - တနင်္လာနေ့ မဟာသမယအခါတော်နေ့ပြုလုပ်၏။ သံဃာတော်အပါး ၉၀ - လူ၃၀၀ကျော်၊ လွှတ်ရေအချို၊ ကိတ် ၃မျိုး စမူစာ၊ လွှက်တို့ဖြင့် ကျွေးမွေး ၁၂နာရီကစ၍ ၄နာရီခွဲမှ ပြီး၏။ ည မေတ္တာပို့ အမျှဝေ၊ ပုတီးစိပ်ပြီး ဘုရားများဖူးခါ ဝတ္တရားအတိုင်း ဆောင်ရွက်ပြီးအိပ်၏။ နယုန်လပြည့်ကျော် ၂ရက်၊ နံနက် ၁နာရီအချိန် ဘုန်းတော်ကြီးတစ်ပါးနှင့် လူပုဂ္ဂိုလ်ကြီး တစ်ယောက်ကြွ လာပြီး ကျွန်ုပ်အိပ်နေရာ လာနှိုးကြပြီး စကားပြော၍ တောင်ဝှေးတစ်ချောင်းပေးသွား၏။ နံနက်လင်းသော အခါ ထိုတောင်ဝှေး ကိုမွမ်းမံရန် ဂုဏ်တော်ဂါထာများကို ပေါက်ပုဂ္ဂိုလ်သက်နံးတွင်ရေး၍ ကြံဆစ်များ ပြုလုပ်ပြီး ရွှေချရန် ဦးစံတင်ထံ အပ်လိုက်၏။

နယုန်လပြည့်ကျော် ၂ရက် - ဗုဒ္ဓဟူးနေ့ အဓိဋ္ဌာန်အတိုင်း ဘုရားများပုတီးစိပ်၏။ လေခါတ် ပုတီးပတ် အားလုံးပေါင်း (၆၂၅၂၀) ရသောနေ့ဖြစ်၏။ နေ့ခေတ္တမြောက်ဘက်၊ သွတ်အဘက်အိပ်နေစဉ် အိမ်များ၊ သစ်ပင်များ၊ လူများမှုန်မှုန်ညက်ညက် ကျေပျက်သွားလောက်အောင် တိုက်ခတ်သော လေဒါဏ် ကို ကျွန်ုပ်ခံစား၏။ ကျွန်ုပ်သည် ဂုဏ်တော်ကိုသာ အာရုံပြုနေရ၏။ တကိုယ်လုံးကိုလည်း ဆီးသုံ့သွား သကဲ့သို့ဖြစ်၏။ နာရီဝက်လောက် ကြာမည်ထင်၏။ အသံများလည်းဆူညံနေ၏။ ကျွန်ုပ်လည်း လဲလျောင်း နေရာမှ မထနိုင်၊ ကိုရင်များ ၂ချက်ကြေးမောင်းခေါက်မှ အနည်းငယ်အားယူပြီး ထလိုက်ရခြင်း၊ ထိုအခါကြမှ ငါရှိသေးသကိုးဟု မှတ်ရတော့၏။ အတော်ထူးဆန်းသောအတွေ့အကြုံဖြစ်၏။

နယုန်လပြည့်ကျော် ၈ရက်နေ့ - အင်္ဂါနေ့ လေခါတ် (၇၇၁၃၂၀)ရသောနေ့ဖြစ်၏။ နေ့ပုတီးထိုင်စိပ် ရင်း မှေးကနဲဖြစ်သွားခိုက် ပန်းရထားရိုရိုတစ်စင်း၊ ကတ္တီပါအစိမ်း ကလနားရွှေကွပ်ခင်းထားသော ပန်းရထား တစ်စင်း၊ ပေါင်းနှစ်စင်း ကျွန်ုပ်ပုတီးစိပ်နေသော ကြက်သရေခန်းဆောင်အထက်ကနေ တဖြည်းဖြည်း မြေပေါ်ကျလာကြ၏။ လှေခါးဦးဆိုက်ကြ၏။ ရိုးရိုးအစင်းက မင်းသမီးလိုဝတ်ထားသော ၃၀အရွယ် လောက်မိန်းမနှင့် ၂၀ရွယ်လောက်ရှိသော အရပ်ဝတ်အရပ်စားနှင့်တစ်ယောက်၊ ကတ္တီပါစိမ်း ခင်းထားသော ရထားမှ လူနှစ်ယောက်မှာ ယောကျ်ားများဖြစ်ကြ၏။ ပုဆိုးတောင်ရှည်ပန်းရောင် အဝတ် အစားများနှင့် ထိုင်မသိမ်း၊ မင်းသားခေါင်းပေါင်းများနှင့် ဝတ်ထားကြ၏။ ကျွန်ုပ်အခန်းထဲဝင်လာပြီး လက်ျာဘက်က ယောကျ်ား၂ယောက်အဖွဲ့ လက်ဝဲဘက်မိန်းမအဖွဲ့ ထိုင်နေကြ၏။

မိန်းမကစပြီး လျှောက်သည်မှာ - "အရှင်မင်းမြတ်၊ ကြွမည်ဆိုလျှင် တပည့်တော်မတို့ဌာနကို ကြွစေချင်ပါသည်။ တပည့်တော်မတို့နေရာက ငွေဗိမာန်ကြီးဘုရား၊ မိန်းကလေးပေါင်း ၅၀၀ ရှိပါတယ်ဘုရား၊ သွားလိုရာရာမှာလည်း ဤရထားဖြင့် သွားနိုင်ပါတယ်ဘုရား" ကျွန်ုပ်လည်း ပုတီးစိပ်မပျက်ဘဲ အသာနားထောင်နေလိုက်၏။ ယောကျ်ား ၂ယောက်တွင်အကြီးက လျှောက်သည်မှာ "အရှင်မြတ်ကြွမည်ဆိုပါလျှင် တပည့်တော်တို့ တိုက်းသစ္စာကို ကြွစေချင်ပါသည်။ ရထားလည်း အဆင်သင့်ဖြစ်နေပါပြီဘုရား၊ ရွှေဗိမာန်တွင် မြသားခင်းပြင်များခင်းထားပြီး မောင်းမပေါင်းတစ်ထောင်ရှိပါတယ်။ အရှင်ဘုရားကိုဖူးဘူးတဲ့ ဦးသက္ကကလည်း ပင့်လာဘို့ရာမှာ ကြားလိုက်ပါတယ်ဘုရား" ကျွန်ုပ်တာဝန်ရှိသေးတယ် . . သာသနာ ပြုဘို့ရန် ရှိသေးတယ်။ အခန့်သင့်တဲ့အခါမှာ သင့်သလိုပေါ့၊ ပင့်ကြသောသူများလည်း အထူးကျေးဇူး တင်ပါတယ်။ ကိုင်းသွားကြအုံး . . သွားကြအုံး၊ ကျွန်ုပ်ပုတီးစိပ်လို့ အပတ်မပြည့်သေးဘူး၊ သူတို့လည်း ပြန်သွားကြ၏။ ကျွန်ုပ်လည်းသတိရလာ၍ ပုတီးစိပ်၏။ ဩ - ဘုရားဂုဏ်တော်ဟာ အလွန်ကျေးဇူးကြီးလှ ပါကလားဟု မှတ်ချက်ချပြီး အထူးကြိုးစားပြီးစိပ်ပါတော့၏။

"ဂုဏ်တော်ပွားများ ထိုသူအား မလားအပါယ်ရွာ" ဟု ရေရွတ်မိတော့၏။ နယုန်လပြည့်ကျော် ၁၀ရက်၊ ကြာသပတေးနေ့၊ ည ၂ ချက်လောက်အိပ်မက်သည်မှာ လှေများစီတန်းထွက်သွားရာ ကျွန်ုပ်က လှေငယ်ကလေးပေါ် ခုန်တက်လိုက်သွား၏။ လူတွေကပြောကြသည်မှာ ဒီလှေကလေးပါသွားလျှင် အမြန် ထွက်တာဘဲဟုပြောနေကြ၏။ လှေတန်းကြီးရှေ့ထွက်သွား၏။ ကျွန်ုပ်စီးသော လှေကလေးကနောက်က လိုက်သွား၏။ အလွန်လျှင်မြန်၏။ နာရီဝက် လောက်သွားမိသောအခါ တောင်ခြေနားကပ်ပြီး လှေကလေး ဆိုက်လိုက်၏။ တောင်ကြီးကလည်းအလွန်မြင့်မား၊ အလွန်နက်၏။ လှေကလေးပေါ်မှ ဆင်း၍ တောင်ခြေ နားလျှောက်သွား၏။ တောင်ကြီးမားသော သစ်ပင်ကြီးများ၏ အကိုင်းများယှက်မိုးနေ၍ နေရိပ်မထိုးပေ၊ အမြင်နီးသော်လည်းသွားကြည့်တော့အတော်သွားရ၏။

တတောဝင်၊ တပင်ထွက်နှင့် ခရီးဆက်ခဲ့ရာ တောင်ခြေရောက်ခါနီး ကျွန်းပင်ကြီး ၄၊ ၅၀ပင်လောက် အထပ်ထပ်ပေါက်နေသော ကြားထဲမှ ကျားလိုလို နဂါးလိုလိုအကောင်ကြီးနှစ်ကောင် ကျွန်ုပ်တောထဲမှ ထွက်လာကြ၏။ ကျားလိုလိုကောင်ကြီးက အရပ်အတောင် ၂၀လောက်မြင့်ပြီး၊ အလျားအတောင် ၄၀ လောက်ရှိလိမ့်မည်ထင်၏။ နဂါးလိုလို အကောင်ကြီးကလည်း ကျားကြီးအရပ်နီးနီးလောက်ရှိ၏။ ၂ ကောင် စလုံးအသွေးမှာ ရွှေဝါရောင်နှင့် အနီရောင်များကြားမှာ အညိုအကန့်ကန့်ကလေးများကြားနေ၏။ အလွန်ကြောက်မက်ဖွယ်ကောင်းလှ၏။ အသံကြီးများက တတောလုံးကို ပဲ့တင်ထပ်စေ၏။ ကျွန်ုပ်လည်း သတိကိုထိန်းချုပ်ပြီး နောကိုးတန်ဂါထာကိုကျားကြီးတည်းနေသော တောင်ဘက်လမ်း မှာ လက်ညှိုးနှင့်ထိုးပြီး ကိုးခေါက်ရွတ်လိုက်ပြီး ဘုရား၅ဆူဂါထာကို နဂါးကြီးတည်းတာမာန်မူနေသော အရှေ့ ဘက်လမ်းဘက်ကို လက်ညှိုးနှင့်ထိုး၍ ၉ခေါက်ရွတ်လိုက်၏။

ထိုသတ္တဝါကြီးများသည် ကျွန်ုပ်နှင့်အတောင် ၁၀၀ လောက်သာဝေးမည်ထင်တော့၏။ ထိုကဲ့သို့ ဉုံ ခံ၍ ဌာန်ကရိုဏ်းကျကျဖြင့် ပြင်းပြင်းထန်ထန်ရွတ်လိုက်လျှင်ကျားကြီး နဂါးကြီးတို့သည် ၄- ၅ တောင် လောက်ကျားကလေး၊ နဂါးကလေးများဖြစ်သွားကြ၏။ ကျွန်ုပ်လည်းဆက်၍ဂုဏ် တော်ပုတီးစိပ်၍သွားရာ ကျားနဂါးတို့ကျွန်ုပ်ကို မည်သို့မျှ အန္တရာယ်မပြုဘဲထိုင်ပြီး ကြည့်နေခဲ့ကြလေ၏။ တောင်ခြေရောက်၍

တောင်ပေါ် တက်လိုက်၏။ လေပြင်းမုန်တိုင်းကျလာ၍ သစ်ပင်များတောင်ကမ္ဘားများ၊ ဝုန်းဝုန်းဒိုင်းဒိုင်း နှင့်ပြင်းစွာသော ပဲ့တင်သံတို့ဖြင့် ပြိုလဲနေကြ၏။ ကျွန်ုပ်သွားသောလမ်းဝဲယာမှာကြည့်လို့မမြင်ရတော့ပေ။ ကိုယ့်ကိုကိုယ်လည်း သစ်ပင်ပိလို့သေမလား၊ ကျောက်တုံးပိလို့သေမလား စသည်ဖြင့် တွေးတော ကြောက် လန့်ပူပင်နေ၏။

ထိုအပူများကို ဖွတ်ကြိတ်မှိတ်ဖြတ်တောက်ပြီး၊ ဂုဏ်တော်ပုတီးကိုအာရုံပြု၍ စိတ်ပြီးလမ်းကို စမ်း၍တက်သွား၏။ တောင်ထိပ်ရောက်ခါနီး တော်တော်မြင့်သောနေရာတွင် ချော်ပြီးကျမည်လုပ်၏။ ထိုအခါ ဘိုးတော်တစ်ပါးကနောက် ကနေဆွဲထား၏။ သည်အခါကျမှ ဟင်းချလိုက်တော့၏။ ဘိုးတော်က ပြောသည်မှာ ကိုယ်တော်သတ္တိကို ချီးကျူးပါတယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးတပည့်တော်တို့ရှာနေတာ၊ ယခုမှတွေ့ ရတယ်၊ ကိုင်း ကိုင်း . . ကြွ ကြွ ကိုယ်တော်ဘုရား . ။ ကျွန်ုပ်လည်းလိုက်သွား၏။ မကြာမီတောင်ထိပ်ပေါ် ရောက်သွား၏။ ထိုတောင်ပေါ် ရောက်မှ သေသေချာချာကြည့်လိုက်တော့ ကျိုက်ထီးရိုးဘုရား ယင်ပြင် တော်ပေါ်ဖြစ်နေ၏။ အသင့်စောင့်နေကြသော ဘိုးတော် ၉ပါးနှင့် အရှင်မြတ် ၉ပါးတို့ကို ဖူးတွေ့ရ၏။ အရှင်မြတ်များကိုဝတ်ပြုပြီးလျှင် ထိုင်စရာပြင်ထားသော ဝတ်ဖြူထိုင်ဖုန်ပေါ် ထိုင်လိုက်၏။ ကျွန်ုပ်ထိုင်မိ သောအခါ ကျိုက်ထီးရိုးဘုရားကိုရှိခိုး၍အာရုံပြုခိုင်းထား၏။

ကျွန်ုပ်လည်း ကျိုက်ထီးရိုးဘုရားကို အာရုံပြုပုတီးစိပ်နေ၏။ ထိုအခါ အရှင်မြတ်များကို ဘိုးတော်များ က ကိုယ်တော်လေးကိုသိဒ္ဓိ၊ မပဟိဒ္ဓိ ပြီးစီးအောင်မြင်သော အနေဖြင့်သိဒ္ဓိတင်ပေးကြရမယ်ဆိုပြီး အရှင်မြတ် ၉ ပါးဘိုးတော် ၉ယောက်တို့က သိဒ္ဓိဂါထာမန္တာန်ကိုမန်း၍ တင်ပေးကြ၏။ ဘိုးတော်များက ကျွန်ုပ်၏ နောက်ဘက်၊ အရှင်မြတ်များက ကျွန်ုပ်၏အရှေ့မျက်နှာဘက်ကနေပြီး ညီတူသံပြိုင် ဂါထာမန္တာန်ကြီးကို မန်းပြီး လက်တော်များဖြင့် ခေါင်းကိုသပ်ပေးခြင်း၊ ကြောကိုရင်ဘတ်လက်တို့ကို သပ်ပေးခြင်း၊ လက်ဝါးခြင်း ထပ်အပ်ပေးခြင်း စသည်ပြုလုပ်ပေးကြ၏။ ထို့နောက် ဆေးများ၊ အင်းများတိုက်ပေး၏။ တနာရီလောက် ကြာမည်ထင်၏။ ပြီးလျှင် ကျောင်းပြန်ပို့ပေးကြ၏။ နိုးလာ၏။ ထိုအတွေ့အကြုံတွင် ဖွတ်ဖတ်ခဲ့သော နေ ၉တန်ဂါထာမန္တာန်နှင့် ဘုရားငါးဆူဂါထာ မန္တာန်များ သိဒ္ဓိတင်ပေးကြသော ဂါထာမန္တာန်ကြီးတို့အောက် တွင် ဖော်ပြလိုက်ပါ၏။

## နော ၉ တန် ဂါထာတော်

ဦး - နောရဋ္ဌတိ - ရဋ္ဌမာနော၊ နာနော - နာနော - ဥတ္တမော။

နာနော - နာနော - ဘူမ္မိရာဇာ၊ သုခါဝဟာ၊ နာနောနမော။

ဣတိပိသော ဘပဝါဝုတ္တာ ဣတိမန္တာ သုခါဝဟာ

ဣတိ ဗုဒ္ဓေဟိ - သရဏံ၊ သစေမောဒေထ၊ ပိယံမမ။

ဣတိ၊ ဓမ္မေဟိ၊ သရဏံ၊ သဗ္ဗအန္တရာ ယော ဝိနာသန္တု။

ဣတိ၊ သံဃေဟိ၊ သရဏံ၊ သဗ္ဗေ ဒေဝါစနံ ဒေထ။

**နောကိုးတန်အနက်** - ဦ - ဝစီမြွက်၊ မှန်သစ္စာကြောင့်၊ ကြံကြံသမျှ၊ ကမ္ဘာဥသုံအလုံးစုံ အကုန်ပြီးစေသော (ဝါ) ပြီးစေသတည်း။ နိဗ္ဗာနံ - နိဗ္ဗာန်ရွှေမြို့တော်ကို၊ ရဋ္ဌမာနော-ရှာမှီးတောင်းတ၊ တတ်မက်လှသော၊ နော - ငါတို့၏။ ဥတ္တမော၊ မြတ်သော။ နာ - နာမင်းအနွယ်ဖြစ်တော်မူသော - မြတ်စွာဘုရားသခင်တို့သည်၊ နော - ကာမဂုဏ်ငါးပါးကို၊ ငါတို့တတ်နှစ်သက်သကဲ့သို့ နိဗ္ဗာန်ကို တတ်နှစ်သက်သည်မဟုတ်၊ နော - ငါတို့သည်၊ ရဋ္ဌတိ - ကာမဂုဏ်ငါးပါး အယုတ်တရား၌ တပ်နှစ်သက်တတ်၏။ နော - ငါတို့သည် သုံးလောကထွဋ်ထား သဗ္ဗညုမြတ် စွာဘုရားကား ငါတို့ကဲ့သို့ ကာမဂုဏ်ငါးပါး အယုတ်တရားတို့ကို မတတ်နှစ်သက်တတ်။ နော - ငါတို့၏။ နာ- နေမင်းအနွယ်တော် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် နော - ငါတို့ကဲ့သို့မဟုတ်။ န - နိဗ္ဗာန်၌တည်တော်မူ၏။ ဘုမ္မိရာဇာနော- လူနတ်ပြဟ္မာ၊ သတ္တဝါယ၊ ဘုံဌာနကို အစိုးရတော်မူသော တရားမင်းဖျား မြတ်ဘုရားတို့သည် သုခဝဟာ၊ လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာမြတ်ကို၊ ဆောင်တတ်ပေးတတ်၏။ ဝါ - ဆောင်တတ်ပေ၏။ ယေါ ဘဂဝါ - အကြင်မြတ်စွာ ဘုရားသခင်သည် ဣတိပိဣမိနာစကာရ ဏေန၊ ဤသို့ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့် ၊ သောဘဂဝါ - ထိုမြတ်စွာဘုရားသည်။ ဘဂဝါ - ဘဂဝါမည်တော်မူ၏။ ဣတိ - ဤသို့။ ဝုတ္တာ- စောတော်မူအပ်သည်၏အဖြစ်ကြောင့်။ နော - ဝါတို့သည်။ နမော - ရှိခိုးပါ၏။ ဣတိ - ဤသို့။ မန္တာ- ရှိခိုးအပ်ပြီးသော- မန္တရားသည်။ သုခါဝဟာ - လောကီ လောကုတ္တရာနှစ်ဖြာသောချမ်းသာကို ဆောင်တတ်၏။ ဣတိ - ဤသို့ဆိုအပ်ခဲ့ပြီးသည်ကာ ဗုဒ္ဓေ သုံးလူထွဋ်ထားမြတ်ဘုရား၌၊ မေမမ - အကျွန်ုပ်၏၊ သရဏာ - ကိုးကွယ်ဆည်းကပ်ခြင်းသည်။ ဟိယသ္မာ-အကြင်ကြောင့်၊ ဂတာ-ရောက်ကုန်၏။ တသ္မာ-ထို့ကြောင့်၊ မမ-ကျွန်ုပ်အား၊ ပီယံ-ချစ်ခြင်းဟူသမျှကို၊ သဇေ-အကယ်မလွဲသဖြင့်၊ ဒေထ-ပေးတော်မူပါလော။ ဟိ-ဘုရားကို ဆိုအပ်ပြီးသည်သာမက တရားတော်ကို ဆိုဦးအံ့။ ဓမ္မေ - တရားတော်၌၊ သရဏာ - ကိုးကွယ်ဆည်းကပ်ခြင်းသို့ ဂတာ - ရောက်၏။ ဣတိ - ထို့ကြောင့်၊ သဗ္ဗအန္တရာယော-အလုံးစုံသော အန္တရာယ်တို့သည်၊ ဝိနဿန္တု - ကင်းစင်လွင့်ပျောက်၊ ကိုယ်သို့မရောက်ပါစေသတည်း။ ဟိ-တရားကိုယ်တော်မှတပါး သံဃာတော်ကိုဆိုဦးအံ့၊ သံဃေ-သမုတိပရမ သံဃာတော်မြတ်၌၊ သရဏံ-ဣတိ-ကိုးကွယ်လည်း လျှောင်းပုံးအောင်းမှီခိုရာဟူ၍၊ ဂတတ္တာ - ဆည်းကပ်တတ်သည်၏အဖြစ်ကြောင့်၊ သဗ္ဗေ-အလုံးစုံကုန်သော၊ ဒေဝါ-နတ်ကောင်းနတ်မြတ်တို့သည် (ဝါ) လောကပါလ၊ သာသနာတော်စောင့် နတ်မင်းများတို့သည်။ ခနံ-သူတော်ဉစ္စာ ခုနှစ်ဖြာဟု ဆိုအပ်သော သပုရိသ၊ ခနတို့၏။ ရွှေငွေ ကျောက်သံ၊ မြတ်ခနကို၊ ဒေထ မကြာလက်ငင်းခုချက်ခြင်း လျှင်စောပေးစေသော။ ဝါ ပေးပါစေသတည်း။

မှတ်ချက် ။ ။ လောကီလောကုတ္တရာနှစ်ဖြာသောအကျိုးကိုစောင်မစေသောကြောင့်၊ ဉာဏ်ရှိတိုင်း ရွှေငွေ ကြေးပြား၊ စက္ကူဖယောင်း၊ မီးခွက်ရေးလျှောက်၊ မန်းမှုတ်၊ ဉာဏ်ရှိသလို ပြုလုပ်သုံးစွဲနိုင်၏။

## ဘုရားငါးဆူဂါထာတော်ကြီး

၁။ နမောဗုဒ္ဓါယ န ကာရော ကက္ကုသန္ဓော စ မောကာရော
ကောဏာဂမဏော။ ဗု ကာရော ကဿပေါ ဗုဒ္ဓေါ၊ ဒ္ဓါကာရော
သကျပုင်္ဂဝေါ၊ ယ ကာရော အရိမေတ္တေယျော၊ ပဉ္စဗုဒ္ဓါနမာမဟံ။
၂။ အနိစ္စံ ဒုက္ခံ အနတ္တံ နိဗ္ဗာနံ သုခဟောမိ။
ပဉ္စဗုဒ္ဓါ သဗ္ဗညုတ ညာဏံ ကက္ကုသန္ဓံ ဝရံ။
၃။ ကောဏာဂမနံ ဝရံ ကဿပေါဗုဒ္ဓေါ သုဂတော။
ဂေါတမော။ ဟိတသမ္ဗန္ဓံ မေတ္တေယျောဗုဒ္ဓေါ နာဂတော။
၄။ ပဉ္စဗုဒ္ဓေါ ဇာတောမဟာ ပထဝီယော မာတုဂဗ္ဘံ။
ပတိဋ္ဌိတံ ၄ နိမိတ္တံ မဟာအဟောသိ မာတုယာ။
၅။ ဂဗ္ဘိနိက္ခမိနတ္တာနစ၊ ဂဗ္ဘံပတိဋ္ဌိတံဝါသိ။
(စုတိပဋိသန္ဓိယံဝါ၊ စတုလောကပါလရက္ခါ။
၆။ မဟာအစ္ဆရိယံ အဟောသိ၊ သကလစက္ကဝါဠ။)
သ မိတ္တာ သကလပထဝီယာ သဗ္ဗသုဝဏ္ဏရဇတံ။
မဏိပူရန သကလနဒီယာ ဥလ္လာဥလ္လက ဆန္ဒဖီလာ။
သ ဂဗ္ဘမဟာလ္လကာပါတုဘာဝါ အဟေသုံ။
သဗ္ဗညုတညာဏံ အာဝဋ္ဋေတွာ အနုဗျဉ္စနရံသီ။
သဗ္ဗရံသီ လောကေဘာဝန္တိ၊ အဘိဝါလောကံ။
ဝိဋ္ဌာပါလလောကံ၊ အဋ္ဌပါလ လောကံ။
လောကသေဋ္ဌံ၊ လောကပါပံ၊ လောကဟာဒယံ။
လောကသမ္ဗတ္တိတံ၊ အသေသတော၊ ထေရံ။
ပဉ္စဗုဒ္ဓါနုဘာဝေန၊ သဗ္ဗရောဂါဝိနာသယ။
သဗ္ဗအန္တရာယော၊ အ၊ မနာပေါ၊ ဒုဿုနာစ။
သဗ္ဗသောတ္ထိ၊ ဘဝန္တုမေ။
၇။ နမောကက္ကုသံစ ဗုဒ္ဓဿ၊ နမော ကောဏာဂမဏာ ဗုဒ္ဓဿ။
နမောကဿပ ဗုဒ္ဓဿ၊ နမော ဂေါတမ ဗုဒ္ဓဿ။
နမော မေတ္တေယျ ဗုဒ္ဓဿ၊ ပဉ္စဗုဒ္ဓါ အာနုဘာဝေန။
သဗ္ဗေဝေဿ၊ ဝဏ္ဏ-ရာဇာ-သဗ္ဗေသဗ္ဗရာဇာ။
သဗ္ဗက္ကန္ဒာ၊ သဗ္ဗေဗြဟ္မာ၊ မဟာပီယံမံရက္ခန္တု။
သဗ္ဗ၊ သုဝဏ္ဏရာဇတ၊ မဏိရတနာနံ၊ သဗ္ဗဇနာနံ၊ ပူဇယန္တုမေ။
၈။ ဇေယျတေဇန၊ ကက္ကုသဥ္စ သမ္ဗုဒ္ဓေန။

ဧေယျတေဇေန ကောဏာဂမဏာသမ္ဗုဒ္ဓေစ။
ဧေယျတေဇေန ကဿပသမ္ဗုဒ္ဓေန။
ဧေယျတေဇေန ဂေါတမသမ္ဗုဒ္ဓေန။
ဧေယျတေဇေန မေတ္တေယျသမ္ဗုဒ္ဓေယျ။
ပဉ္စဗုဒ္ဓါ အာနုဘာဝေန သဗ္ဗရောဂါ သဗ္ဗဘယာ။
သဗ္ဗဒုက္ခာ သဗ္ဗသောကာသ သဗ္ဗဥပဒ္ဒဝါ၊
သဗ္ဗသတ္တုရုပီလိတာ သဗ္ဗအဝမင်္ဂလာ။
သဗ္ဗဒုဿုပိနာ သဗ္ဗဒုန္နိမိတ္တာ သဗ္ဗမနုဿ။
သဗ္ဗ၊ ဣတ္တိပုရိသာရာဇာ သဗ္ဗသတ္တုရုနောပိစ။
နေ ဝါကျာ သဗ္ဗပါပ ဂြဟာဝိနာသန္တုမေ။
၉။ ပဉ္စဗုဒ္ဓါဝရာဂုဏာ ဂန္ဓေယျသဗ္ဗဒေဝတာ၊
အာယုဝဏ္ဏံ၊ သုခံ ဗလံ သဗ္ဗသိဒ္ဓိ မဟိဒ္ဓိကာ။
ဧေယျတေ ဇေနဒသဗိသာ။
ဘဝန္တု မမသဗ္ဗဒါ။

## " ဘုရား ၅ဆူ ဂါထာကျော်များအနက်၊ မူအတိုင်း "

၁။ န-ကောက္ကုသံဘုရားကိုရင်း၊ မော-ကောဏာဂုံဘုရားကိုရင်း၊ ဗု-ကဿပဘုရားကိုရင်း၊ ဒ္ဓါ-ဂေါတမဘုရားကိုရင်း၊ ယ-အရိမေတ္တေယျဘုရားကိုရင်း၊ နမာမိ - ရှိသေလှစွာရှိခိုးပါ၏။ နကာရော -နအက္ခရာနှင့်ယှဉ်သော၊ ကက္ကုသန္ဓေစ - ကက္ကုသံမြတ်စွာဘုရားကိုရင်း၊ မောကာရော - မော-အက္ခရာနှင်ယှဉ်သော၊ ကာဏာဂမဏော - ကောဏာဂုဏ်မြတ်စွာဘုရား ကိုရင်း။ ဗုကာရော - ဗုအက္ခရာနှင့်ယှဉ်သော၊ ကဿပေါဗုဒ္ဓေါ-ကဿပမြတ်စွာဘုရား ကိုရင်း။ ဒ္ဓါကာရော - ဒ္ဓါ-အက္ခရာနှင့်ယှဉ်သော၊ သကျပုင်္ဂဝေါ-ဂေါတမမြတ်စွာဘုရားကိုရင်း။ ယ-ကာရော-အက္ခရာနှင့်ယှဉ်သော အရိမေတ္တေယျော-အရိမိတေယျမြတ်စွာဘုရား ကိုရင်း။ ပဉ္စဗုဒ္ဓါန်-ငါးဆူသောဘုရားတို့ကို၊ အဟံ-ကျွန်ုပ်သည်၊ နမာမိ-ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

၂။ အနိစ္စံ-ဖြစ်ပျက်နေခြင်းကြောင့် အမြဲမရှိ။ ဒုက္ခံ-အမြဲမရှိခြင်းကြောင့်ဆင်းရဲ၏။ အနတ္တံ-ဆင်းရဲခြင်းကြောင့် အစိုးမရ။ နိဗ္ဗာန်သုခံ-သုံးပါးကင်းရာ နိဗ္ဗာန်ချမ်းသာမြတ်သည်၊ ဟောမိ-ဘုရားတပည့်တော်ဖြစ်ရပါလို၏။ သဗ္ဗညုတညာဏံ-အလုံးစုံသောတရားကိုသိတော်မူခြင်း သဘောသည်။ ပဉ္စဗုဒ္ဓါ-ငါးဆူသောဘုရားမည်၏။

၃။ ကက္ကုသန္ဓံ-ကက္ကုသံဘုရားသည်၊ ဝရံ-မြတ်၏။ ကောဏာဂမဏံ-ကောဏာဂုံမြတ်စွာဘုရားသည် ပဝရံ-တောင့်တအပ်သောအားဖြင့်မြတ်ပေ၏။ ကဿပေါ-ကဿပမြတ်စွာဘုရားသည်၊ ဗုဒ္ဓေါ-သစ္စာလေးပါး တရားကို သိမြင်တော်မူ၏။ ဂေါတမောစ-ဂေါတမမြတ်စွာဘုရားသည်လည်း၊

သုဂတော-ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူ၏။ အနဂတေ၊ နောင်အခါ၌၊ မိတေယျ ဗုဒ္ဓေါ-အရိမိတေယျဘုရားသည်၊ ဟိတ သမ္ပန္နံ-အကျိုးစီးပွားနှင့်ပြည့်စုံတော်မူ၏။

၄။ မဟာပထဝိယာ-မြေအပြင်၌။ ပဉ္စဗုဒ္ဓါ-ငါးဆူသောဘုရားတို့သည်။ ဇာတော-ပွင့်တော်မူပြီ။ မာတုဂမ္ဘံ- မယ်တော်ဝမ်း၌၊ ပတိဋ္ဌိတံ-တည်တော်မူသည့်အခါ၌၊ အဋ္ဌနိမိတ္တံ-အကြောင်းအာရုံ နမိတ်သည်။ မဟာ အဟောသိ-အကြီးအကျယ်ဖြစ်ပြီ။

၅။ မာတုယာ-မယ်တော်၏။ ဂမ္ဘိနိ-ဝမ်းကြားတိုက်မှ၊ နိက္ခမိတွာ-ဖွားတော်မူ၍၊ ဂဗ္ဘံ-ဝမ်းတော်၌၊ ပတိဋ္ဌိတံဝါ-တည်သောအခါ၌ငှင်း။ စတုလောကပါလာ-စတုလောကပါလနတ်မင်းကြီး တို့သည်၊ ရက္ခါ-စောင့်ရှောက် ကြကုန်၏။

၆။ မဟာအစ္ဆရိယံ - အံ့ဘွယ်အကြီးအကျယ်သည်၊ အဟောသိ-ဖြစ်ပြီ။ သဟပမာန်-အတိုင်း အရှည်နှင့်တကွ။ သကလစက္ကဝါဠပိ -အလုံးစုံသောစကြာဝဠာတို့သည်၊ သကလမဟာ ပထဝီ ယာ-မြေကြီးအလုံး၌။ သဗ္ဗသုဝဏ္ဏာ၊ ရဇတ-မဏိပုရဏ-သကလ၊ နဒိယာ-ရွှေအတိ၊ ငွေအတိ၊ ပတ္တမြားအတိ ပြည့်သောမြစ်အလုံး၌၊ ဥလ္လ၊ ဥလ္လက၊ ဆန္ဒဖီလာ-တက်ကြွသည်ထက်၊ တက်ကြွ ကုန်သော၊ အမိုးတို့ဖြင့်ပြည့်စုံကုန်၏။ သဂဗ္ဘမဟလ္လကာ-တိုက်ခန်းရှိရာ ကြီးကျယ်စွာသော၊ အရောင်အဝါတို့သည်။ ပါတုဘာဝါ-ထင်ရှားဖြစ်ကုန်၏။ အဟောသုံ-ဖြစ်လေကုန်ပြီ။ သဗ္ဗညုတ ဉာဏ-သဗ္ဗညုတဉာဏ်တော်ဖြင့်၊ အာဝဇ္ဇေတွာ-ဆင်ခြင်တော်မူ၍၊ အသီတိအနုဗျဉ္ဇနရံသီ- လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်တို့ဖြင့်တင့်တယ်သောရောင်ခြည်တော်တို့ သည်။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါအခါမပြတ်၊ ရံသီ - ရောင်ခြည်တော် ခြောက်သွယ်တို့သည်၊ သဗ္ဗဒါ - နေ့ရော ညဉ့်ပါ အခါမပြတ်။ ရံသီ - ရောင်ခြည်တော် ခြောက်သွယ်တို့သည် လောကေ-လောက၌။ ဘဝန္တိ-ဖြစ်ကုန်၏။ အဘိဝါလောကံ-အလွန်မြတ်သော လောကကိုငှင်း။ ဝိဇ္ဇာပါလ လောကံ-မျက်မှောက်၌ဖြစ်သော စောင့်ရှောက်သော၊ လူနတ်တို့ သည်ငှင်း။ အဇ္ဈပါလလောကံ-သတ္တဝါ အပေါင်းကိုစောင့်ရှောက်သော လူနတ်သည်ငှင်း။ လောကသေဋ္ဌ- လူနတ်တို့သည်ချီးမွမ်းအပ်သောလောကသည်ငှင်း။ လောကပါပံ-မကောင်းမှုကိုဖယ်ရှား တတ်သော နတ်လူသည်ငှင်း။ လောကဟာဒယံ-နှလုံးကို ပွားတတ်စေသော လူနတ်သည်ငှင်း။ လောကသမ္ပတ္တိတံ - လူနတ်တို့သည်ငှင်း၊ တောင့်တအပ်သောအကျိုးကိုငှင်း။ အသေသတော- အကြွင်းမဲ့။ ဘဝန္တု-ဖြစ်စေကုန်သတည်း။ ထေရံ-မထေရ်တို့၏ငှင်း။ ပဉ္စဗုဒ္ဓါ-ငါးဆူသော ဘုရားတို့၏ အာနုဘာဝေန-အာနုဘော်အစွမ်းအားဖြင့်။ သဗ္ဗရောဂါ-အလုံးစုံ သောရောဂါ တို့ကို၊ အဝိနာသယ-ဖျက်ဆီး၍၊ သဗ္ဗဘယာ-တောအပေါင်းတို့ကို။ ဝိနာသယ-ဖျောက် ပယ်၍၊ သဗ္ဗအန္တရာယော -အလုံးစုံသောအန္တရယ်တို့ကိုငှင်း။ အမနာပေါ-မနှစ်သက်အပ် သောအသံတို့ကိုငှင်း။ ဒုဿုပိနာစ-မကောင်း သောအိပ်မက်တို့ကိုငှင်း။ ဝိနာသယ-ပယ် ဖျောက်၍။ မေ-ငါ့အား။ သဗ္ဗသောတ္ထိ-ကိုယ်စိတ်နှလုံး သုံးပါးလုံးနှင့်တကွ အလုံးစုံချမ်းသာ ခြင်းသည်။ ဘဝန္တု-ဖြစ်စေကုန်သတည်း။

၇။ ကတ္တုသဥ္စဗုဒ္ဓဿ - ကတ္တုသံမြတ်စွာဘုရားအား။ နမော - ရှိခိုးပါ၏။ ကောဏာဂမဗုဒ္ဓ

ကောဏာဂုံမြတ်စွာဘုရားအား။ နမော - ရှိခိုးပါ၏။ ကဿပဗုဒ္ဓဿ- ကဿပမြတ်စွာဘုရား အား။ နမောရှိခိုးပါ၏။ ဂေါတမဗုဒ္ဓဿ - ဂေါတမမြတ်စွာဘုရားအား။ နမော - ရှိခိုးပါ၏။ မိတေယျဗုဒ္ဓဿ - အရိမိတေယျမြတ်စွာဘုရားအား။ နမောရှိခိုးပါ၏။ ပဥ္စဗုဒ္ဓ နုဘာဝေန- ငါးဆူသောဘုရားတို့၏ - တန်ခိုးတေဇော အာနုဘော်တော်ကြောင့်။ သဗ္ဗေဝဿဝဏ် နတ်မင်းတို့သည်ရင်း။ သဗ္ဗေသဗ္ဗရာဇာ-အလုံးစုံသော မင်းအပေါင်းတို့သည်ရင်း၊ သဗ္ဗေဒေဝ မနုဿရာဇာ - ခပ်သိမ်းသောနတ်လူတို့သည်ရင်း။ သဗ္ဗက္ကတ္တိပုရိသရာဇာ-ခပ်သိမ်းသောမင်း ယောကျာ်း၊ မင်းမိန်းမတို့သည်ရင်း။ သဗ္ဗက္ကန္ဓါ-ခပ်သိမ်းသောသိကြားနတ်တို့သည်ရင်း။ သဗ္ဗဗြဟ္မာ -ခပ်သိမ်းသောဗြဟ္မာမင်းတို့သည်ရင်း။ သဗ္ဗ-သုဝဏ္ဏ။ သောချစ်ခင်ခြင်းအားဖြင့်။ မံ-ငါကို။ ရက္ခန္တု-စောင့်ရှောက်စေသတည်း။ သဗ္ဗ-သုဝဏ္ဏ။ ရဇတ၊ မဏိ၊ ရတနာနံ-ခပ်သိမ်း သောရွှေငွေပတ္တမြားရတနာ တို့သည်ရင်း။ သဗ္ဗဇနာနံ-ခပ်သိမ်းသောသူတော်ကောင်း တို့သည်ရင်း။ မေ-ငါ့အား။ ဇယန္တု-အောင်ခြင်း ကိုပေးစေသတည်း။

၈။ ကက္ကုသဥ္စသံဗုဒ္ဓေန-ကက္ကုသံမြတ်စွာဘုရား၏၊ တေဇေန-တံခိုးတော်အားဖြင့်။ ဇေယျ- အောင်ခြင်းကို ပေးစေသတည်း။ ကောဏာဂမနသမ္ဗုဒ္ဓေန-ကောဏာဂုံမြတ်စွာဘုရား၏။ တေဇေန-တံခိုးတော်အားဖြင့်။ ဇေယျ-အောင်ခြင်းကိုပေးစေသတည်း။ ကဿပသမ္ဗုဒ္ဓေန- ကဿပမြတ်စွာဘုရား၏။ တေဇေန-တန်ခိုးတော်အားဖြင့်၊ ဇေယျ-အောင်ခြင်းကို ပေးစေ သတည်း။ ဂေါတမသမ္ဗုဒ္ဓေန-ဂေါတမမြတ်စွာဘုရား၏။ တေဇေန-တန်ခိုးတော်အားဖြင့်။ ဇေယျ-အောင်ခြင်းကိုပေးစေသတည်း။ မိတေယျသမ္ဗုဒ္ဓေန-အရိမိတေယျ မြတ်စွာဘုရား၏။ တေဇေန-တံခိုးတော်အားဖြင့်။ ဇေယျ-အောင်ခြင်းကိုပေးစေသတည်း။ ပဥ္စဗုဒ္ဓါနုဘာဝေန - ဘုရားငါးဆူသောဘုရားရှင်တို့၏ တံခိုးတေဇောအာနုဘော်တော်ကြောင့်။ သဗ္ဗရောဂါ-ခပ်သိမ်း သော ရောဂါတို့သည်ရင်း။ သဗ္ဗဘယာ-ခပ်သိမ်းသောဘေးတို့သည်ရင်း။ သဗ္ဗဒုက္ခာ-ဆင်းရဲ ခပ်သိမ်းတို့သည်ရင်း။ သဗ္ဗသောတာ-စိုးရိမ်ကြောင့်ကြ ခပ်သိမ်းတို့သည်ရင်း။ သဗ္ဗဥပဒ္ဒဝါ- ဥပဒ္ဒဝေါခပ်သိမ်းတို့သည်ရင်း။ သဗ္ဗ သတ္တုရုပိဋ္ဌိတာ-ရန်သူအပေါင်း နှိပ်စက်တတ်ကုန်သော ရန်တို့သည်။ သဗ္ဗအဝမင်္ဂလာ-မကောင်းသော အမင်္ဂလာခပ်သိမ်းတို့သည်ရင်း။ သဗ္ဗဒုဿု ပိနာ - မကောင်းသော အိပ်မက်တို့သည်ရင်း။ သဗ္ဗဒုနိမိတ္တာ - မကောင်းသောတိတ်နိမိတ် ခပ်သိမ်းတို့သည်ရင်း။ သဗ္ဗမနုဿာ-မကောင်းသော လူခပ်သိမ်းသည်ရင်း။ သဗ္ဗတ္တုတ္တိပုရိသ ရာဇာ-မကောင်းသောမင်းယောကျာ်း၊ မင်းမိန်းမခပ်သိမ်းတို့သည်ရင်း။ သဗ္ဗသတြုနောဝိစ- အတွင်းရန်၊ အပြင်ရန်ခပ်သိမ်းတို့သည်ရင်း။ တေနဝါကျာ-ထိုမကောင်းသောသတင်းစကားတို့ သည်ရင်း။ သဗ္ဗပါပဂြဟာ-မကောင်းသောဂြိုဟ်စီးဂြိုဟ်နင်းတို့သည်ရင်း။ မေ-ငါ့အား။ ဝိနာ သန္တု-ပျောက်ပျက်စေကုန်သတည်း။

၉။ ပဥ္စဗုဒ္ဓါ-ဘုရားငါးဆူတို့သည်။ ဝရဂုဏာ-မြင့်မြတ်သောဂုဏ်နှင့်ပြည့်စုံကုန်၏။ သဗ္ဗဒေဝါ- ခပ်သိမ်းသော နတ်တို့သည်ရင်း။ ဂစ္ဆေယျ-သွားရာ၏။ အာယု-အသက်ရှည်ခြင်းသည်ရင်း။ ဝဏ္ဏံအဆင်းလှခြင်းရင်း။ သုခံ-ချမ်းသာခြင်းရင်း။ ဗလံ-ခွန်အားကြီးခြင်းရင်း။ သဗ္ဗသိဒ္ဓိ-၁၂၀

သဒ္ဓိနှင့်တကွ၊ ရှစ်သောင်းသောသိဒ္ဓိ တို့ပြီးစေသတည်း။ မဟိဒ္ဓိကာ-တံခိုးကြီးစေကုန်သတည်း။ တေဇေန-ဘုရားရှင်တို့၏တန်ခိုးတော်ကြောင့်။ ဇေယျ-အောင်မြင်ပေါက်မြောက်ပြီးဆုံးခြင်းသို့ ရောက်စေသတည်း။ မမ-ငါ့အား။ သဗ္ဗဒါ-နေ့ရောညဥ့်ပါ အခါခပ်သိမ်း။ ဒဿဒိသာ-အရပ်ဆယ်မျက်နှာပတ်လုံး။ ဘဝန္တု-ကိုယ်စိတ်နှစ်ဖြာလိုက္ကဿာနှင့်တကွ ချမ်းသာ ဖြစ်စေကုန်သတည်း။

သံ-ဂုံ-ပ-မ-ယျ၊ ကပ်လွတ်အန္တရာယ်ကင်း ဘုရားငါးဆူဂါထာတော်ကြီးပြီး၏။

၁။ သံကောက်ကြီး - မန္တရား

၂။ ဂြိုဟ်လွှဲကြီး - မန္တရား

၃။ သိကြားဥပ်ဆောင်း - မန္တရား

၄။ ရတနာပေါင်းချုပ်အထဲမန္တရားကြီး

၅။ ရတနာပေါင်းချုပ်ကြီး - အဖုံးမန္တရားကြီး

၆။ ပြောင်းကိုးတန် - မန္တရားကြီး

၇။ အကာကြီး - မန္တရား

၈။ အောင်ဇေယျတု - မန္တရားကြီး

၉။ သိဒ္ဓိတင် - မန္တရားကြီး။

ဤမန္တာန်၊ မန္တရားကြီး ၉ပုဒ်တို့ဖြင့် အရှင်မြတ် ၉ပါးက ရွတ်ဘတ်၍ သိဒ္ဓိတင်ပေးကြလေ၏။

၁၃၃၀ ခု - နယုန်လပြည့်ကျော်၁၁ရက် သောကြာနေ့တွင် လေဓာတ်ပုတီးပေါင်း (၈၅၈၇၀၀) ရသော နေ့ဖြစ်၏။ ညအိပ်မက် - ကျောက်တော်ကြီးဘုရားသွားဖူးရန် ဦးပိန်တံတားကို လျှောက်သွား၊ လေပြင်းထန်စွာတိုက်၍ ကိုယ်ကိုမထိန်းနိုင်တော့ဘဲ လေထဲလွင့်ပါသွား၏။ ကောင်းကင် မြောက်ပါသွား၏။ တိမ်တိုက်အထက်ရောက်သွားပြီး ခူဝံကြယ်ကြီးပေါ်ရောက်နေ၏။ ခူဝံကြယ်ကြီးက အလွန်ကြီးမားလှ၏။ ကျွန်ုပ်၏မျက်စိဖြင့်အဆုံးထိအောင် မကြည့်နိုင်ပေ။ ခူဝံကြယ်ကြီးပေါ်လည်း စိန်တောင်များကဲ့သို့ တောင်ငယ်ကလေးများရှိ၊ ကျွန်ုပ်လည်း စိန်တောင်ငယ်တစ်ခု၏ ဂူထဲဝင်သွား၏။ တောင်ခေါင်းနံရံများတွင် နံရံများအထက်အမိုးက အမျိုးတူအင်းများ အပြည့်ချထားသည်ကိုတွေ့ရ၏။ ကျောက်များကို ထွင်းထားတာ ဖြစ်၏။ အမိုးမျက်နှာကျက်မှ တွေ့သောအင်းမှာ ဤအင်းဖြစ်၏။

နံဂဏန်းများသာ ၁-၂-၃-၄-၅-၆-၀ ဟုကွဲလွဲချက်ဖြင့် ကျန်အပိုင်းများ အတူဖြစ်၏။ ထိုကဲ့သို့ ကျွန်ုပ် ကူးယူနေတုံး ဘုန်းတော်ကြီးတစ်ပါး ရောက်လာပြီး ဒီအင်းကို ပထဝီချိန်မှာ စမပေါ်သော အသီး၏ အစီးနှင့် ဟင်းသာပြဒါး ဖျော်ပြီးချ၊ တရာ့ရှစ်အင်းသောက်။ ယို့နောက် တဝန်းပူနှင့် ငွေသံညင်းချိပ်ပြာချပြီး တရာ့ရှစ်အင်းသောက်၊ ကြီးလေးလုံးနှင့် ငွ-သ-ည-က ရောပြီးချ တရာရှစ်အင်း။ ထို့အတူ ကြီးလေးလုံးနှင့် တ-သ-ည-က ရောချပြီး တရာရှစ်အင်းသောက်၊ ပဌမအင်းဖြစ်သော တ-သ-ည-က၊ စ-ဓ-ဗ-ဝ က ပထဝီအချိန်ချသောက်၊ ဒုတိယအင်းဖြစ်သော ငွ-သ-ည-က၊ စ-ဓ-ဗ-ဝ ကအာပေါအချိန်ချသောက်၊ တတိယအင်းဖြစ်သော တ-သ-ည-က၊ က-ယ-ဏ-ဠ ကဝါယော အချိန်ချ သောက်။ စတုတ္ထအင်းဖြစ်သော ငွ-သ-ည-က၊ တ-ယ-ဏ-ဠ အင်းက တေဇောအချိန်ချသောက်။ ပြီးလျှင် ပေါက်တော့ ဒါဘဲ ကိုယ်ဝော်- ရှောင်ရန်ကတော့ သက်သတ်လွတ် စားရမယ်။ လူဆိုလျှင် ၉ပါးသီလ၊ ဘုန်းကြီးက

| | | |
|---|---|---|
| သ | ဝ | စ |
| ဓ | ၁ | ည |
| က | တ | ဗ |

မလိုပါဘူးကိုယ်တော်။ ထို့ပြင် ဂုဏ်တော်၉ပါးလုံး သိဒ္ဓိ တက်ပြီး တနေ့တနေ့တွင် အပတ်၅၀၀ ရအောင် စိတ်ကိုယ်တော်၊ တနေ့ တစ်အင်းဆိုတော့ ရက်ပေါင်း လေးရာသုံးဆယ့်နှစ်ရက်သောက်ပြီး ပုတီးစိတ်ရမှာ ကိုယ်တော်။ အထူးကတော့ ၅ပါးသီလလုံဘို့ပဲ ကိုယ်တော်။ ခုဝံကြယ်ကြီးအရှေ့ဖျားက စိန်တောင်ဂူထဲမှာလည်း အင်းတမျိုးရှိသေးတယ် လာလာ လိုက်ပြမယ်ကိုယ်တော် . . ။

ဤအင်းများဟာ ကိုယ်တော်လေး လေကဲ့သို့ လျှင်မြန်သန်စွမ်းနိုင်သော အင်းများဖြစ်ကြတယ်။ ထောင်စီချသောက်ပြီး ကိုးထောင်ပြည့်စေတီ မနေ့ဘုရားတည်ပြီး သောက်လျှင် အလွန်ကောင်းပါတယ်။ ကိုယ်တော်လေးအဖို့ မနေ့ဘုရားတည်ပြီးသားမို့ အင်းသောက်ဖို့သာ ရှိပါတော့တယ်ကိုယ်တော်။ ကိုယ်တော်လေးမှတ်မိအောင် စက္ကူလေးများဖြင့် ရေးပေးလိုက်မယ်၊ ကဲကဲ ရော့ယူသွားယူသွား - အင်း

နေ့

| | | | |
|---|---|---|---|
| ဝ | စ | ဓ | ဗ |
| ဗ | ဓ | စ | ဝ |
| စ | ဝ | ဗ | ဓ |
| ဓ | ဗ | ဝ | စ |

ည

| | | | | |
|---|---|---|---|---|
| ငင | သ | က | ဓ | ငင |
| ရု | ဓ | ရု | ည | ဝ |
| က | ဏ | ဤ | က | ဗ |
| ဝ | ည | ဃ | စ | ရု |
| ငင | ဓ | က | ၁၁ | ငင |

နံက်

| | | |
|---|---|---|
| ဝ | ည | ဓ |
| စ | င | ရု |
| သ | ဗ | က |

နံက်

| | | |
|---|---|---|
| သ | ဓ | လ |
| ဂ | ဖ | ဓ |
| ဝ | အ | ဗ |

မွန်းတည့်

| | | |
|---|---|---|
| လ | စ | ဗ |
| မ | င | ဂ |
| မ | စ | န |

များကိုယူလာပြီး ကြယ်ကြီးပေါ်မှပြန်ရန် စဉ်းစားနေတုံးပင် လေကြီးတိုက်လာပြီး ကျွန်ုပ်လွင့်ပါသွား၏။ အင်းများကတော့ ဆုပ်ကိုင်ပြီး မြဲမြဲသတိပြုထား၏။ လေအဟုန်ကြောင့်ကျွန်ုပ်သည် လွင့်ပါလာပြီး ကျွန်ုပ်ကျောင်းရှေ့တွင် မှိုကလေးလိုကျလာ၏။ ရင်ထဲအေးကနဲဖြစ်နေ၏။ လန့်နိုးလာ၏။ နိုးလာတော့ပင် ရင်တွင်အေးတုံးရှိသေး၏။ ကျွန်ုပ်ဆုပ်ကိုင်ထားသောလက်ကို နိုးလာသောအခါ ဖြန့်ကြည့် လိုက်၏။ မှိုင်းခံစက္ကူဖြင့် ချထားသောအင်း၆ချပ် ထပ်ရက်သားတွေရ၏။ အင်းများကိုရှေ့ကူးပြီး မှတ်တမ်းကို ရေးလိုက်ပါတော့၏။ ထူးဆန်းသောဖြစ်ရပ်တစ်ခုဖြစ်၏ဟု မှတ်လိုက်၏။

နယုန်လပြည့် ကျော်၁၃ရက် တနင်္ဂနွေနေ့ ရေတော်၅ခွက်ကပ်၊ မီး၅တိုင်၊ အမွှေးတိုင်၅တိုင် ပူဇော်ပြီး အရုဏ်တက်ချိန် ပုတီး ၄၅ပတ်စိတ်၏။ အ ရဟံသိဒ္ဓိစိတ်၏။ အပတ်၄၀ကျော်လောက် အရတွင် ဘုရားရှေ့တည့်တည့်က ရေတော်ခွက်ထဲတွင် အတောင့်ကလေးတစ်ခု ကျလာ၏။ ရေများ အနည်းငယ် ဖိတ်သွား၏။ ကျွန်ုပ်လည်း ထိုအဖြစ်ကို သတိသာပြုလိုက်ပြီး ပုတီးကိုသာပြီးအောင် အထူးသတိပြုစိတ်နေ၏။ ပြီးဖို့၂ပတ်လောက်အလိုတွင် မွှေးလာ၏။ နားထဲတွင်လည်း ဆေးရေသောက် ဆေးရေသောက်ဟု သုံးခွန်းပြောသံကြားလိုက်၏။ ပုတီးပြီးတော့ မေတ္တာပို့အမျှဝေပြီး အတောင့်

ကလေးကျလာသော ရေခွက်ထဲကြည့်တော့ အတောင့်မရှိတော့ပဲ နီနေသောရေများတွေ့ရ၏။ အလွန်လည်းမွှေး၏။ ကျွန်ုပ်လည်း ရေတော်ခွက်ကို ဘုရားထံအစွန့်ခံပြီးသောက်ချလိုက်၏။ ထို့နောက်မှ ရေတော်ပြန်လဲ၍တင်ထား၏။ ရေသောက်ချလိုက်သည်နှင့်တပြိုင်နက် တကိုယ်လုံးကြက်သိမ်းများထလာပြီး ချမ်းလာသဖြင့် သကလပ်သက်န်း ထယူပြီးခြုံလိုက်ခါ ပုတီး၉ပတ်ထပ်စိတ်၊ အ ရဟံ ဂါထာစိတ်၏။ ၅ပတ်လောက်အရတွင် ပူလာ၍သကလပ် သက်န်းကိုခွာပြစ်လိုက်ပြီး ပုတီးဆက်စိတ် ချွေးများပေါက်ပေါက်ကျလာ၏။ အလွန်ထူးဆန်းသော အတွေ့ဟုမှတ်ချက် ချလိုက်ပါတော့၏။

နယုန်လကွယ် - တနင်္ဂနွေနေ့တွင် ပုထိုးတော်ကြီးအာရုဏ်အမှီ သွား၍ပုတီးစိတ်၏။ နားထဲတွင် ဓါရဏာပရိတ်သံ၊ ဆဒ္ဒိသာပါလသုတ်ရွတ်သံကြားရ၏။ ပိပိသသကြီးကြားရ၏။ ကျွန်ုပ်လည်း ပုတီးပတ်မမှားအောင် အတော်စိတ်နေရ၏။ ပုတီး၄၅ပတ်ပြည့်၍ မေတ္တာပို့အမျှဝေ ဝတ်ချလိုက်သောအခါ နားနားကပ်ပြီး "ဓါရဏာနှင့်ဆဒ္ဒိသာ-ရွတ်" ဟုပြောသံကြားလိုက်၏။ ကျွန်ုပ်လည်း ဤအချိန်မှအစပြု၍ နေ့စဉ်ရွတ်တော့၏။ ဝါဆိုလဆန်း၁ရက်၊ လေဓာတ် - ၉၇၅၃၄၀ -ရရှိ၍ ည၇နာရီတွင် အပို ၁၅၃၀၀ ယူပြီး မီးဓာတ်တက်၏။ဝါဆိုလဆန်း၂ရက် - ဗုဒ္ဓဟူးနေ့တွင် ညဓါတ်ခန်းထဲ ပုတီးစိတ်ရာ၌ ဓါတ်လုံးလုပ် ဂဇ္ဇေဓါတ်လုပ်- ဓမ္မစကြာ အခါတော်နေ့ဝေ ဟု နားထဲတွင်ကြားရ၍ ကြေးနှင့်ဘော်စပ်ပြီး ဘိုးတော်အင်းပေါက်ပြီးထိုး၍ ဓါတ်လုံး၂၇၀လုံး၏။ စပ်နည်းမှာ ကြေး၅ကျပ်၊ ဘော်၁ကျပ် စပ်၏။ အင်းပေါက်၍ ၉လုံးထိုး၏။ ပြီးလျှင် ဂုဏ်တော်စုတ် ၈၄၀၀၀ စုတ်ပြီး သိဒ္ဓိတင်၏။ သစ္စာ အဓိဋ္ဌာန်ပြု၍ ဝါဆိုလပြည့်နေ့ကြ လူများဝေ၏။ လူ၅၀၀ကျော်လောက် ဝေလောက်၍ ၁၀လုံးလောက် ပိုနေသေး၏။ ဤအချက်လည်း ထူးဆန်းခြင်းတစ်မျိုးဖြစ်၏။

ဦးဩဘာသ ဇီနမာရ်အောင်ဆရာတော်က ကျွန်ုပ်လှူလိုက်သော မံဘုရားကြီးနှစ်ဆူနှင့်အတူ ရန်ကုန်လိုက်ပြီး ကိုယ်ထိလက်ရောက် မာရ်အောင်ဆရာတော်ကြီးကိုလှူပါ။ ပြီးမှ ဆရာတော်တို့ ကိုယ်တိုင် ပဲခူးရွှေဘုံဆင့် စေတီတော်၏ မုခ်ပေါက်ထဲပင့်ပြီး ပူဇော်ပေးပါဟုပြောကြားသဖြင့် လိုက်ရန်ဝန်ခံပြီး ဝါဆိုလဆန်း၄ရက်နေ့တွင် ရန်ကုန်သွားရန် အစီအစဉ်ပြုလုပ်ကြ၏။ ၁၃၃၀ခု ဝါဆိုလဆန်း၄ရက်နေ့ ညနေတွင် ပုထိုးတော်ကြီး၊ ရွှေဂူကြီး၊ အောင်မြေ၊ ကျေးဘုရားကြီး၊ ကျောက်တော်ကြီး၊ တောင်မင်းကြီး၊ ကြီး၅ကြီးနှင့်အောင်မြေမြတ်စွာဘုရားကြီးထံ ရန်ကုန်သွားရန်လျှောက်ထားပြီး ပုတီး၉ပတ်စိတ်ခဲ့၏။

တောင်မင်းကြီးသွား ညနေ၅နာရီ ကျောက်တော်ကြီးမှ အပြန်ဝင်ပြီး ပုတီးစိပ်သောအခါ ဘုန်းတော်ကြီးတစ်ပါးနှင့်တွေ့၍ ကိုယ်တော်ကိုခွေးကိုက်ပျောက်နည်းပေးရဦးမယ်။ မှန်ပါဘုရား၊ ပေးတော်မူပါ. . ကိုက်သောနေရာကို လက်မနှင့် ၇ချက်အသက်အောင့်ပြီးနှိပ်၊ နှိပ်ပြီးတိုင်း ခါးပိုက်ထဲ ထည့်ယူသွား၊ ဤကဲ့သို့ စတိလုပ်ရင် ခွေးကိုက်နာ မရင်းတော့ဘူးကိုယ်တော်။ ခွေးရူးကိုက်တာတောင် ရတယ်ကိုယ်တော်။

ဝါဆိုလဆန်း၅ရက် နံနက်ကျောင်းမှ ၄နာရီခွဲထွက်၊ဘူတာကြီး၅နာရီတမတ်ရောက် မန္တလေး နံနက် ၆နာရီ အမြန်ရထားထွက် ၉နာရီသာစည်ရောက်၊ ၁၁နာရီပျဉ်းမနားရောက်၊ ဆွမ်းထုပ်စား၏။ ၄နာရီခွဲ တောင်ငူရောက်၊ ရန်ကုန်ဘူတာကြီး ၆နာရီရောက်ကြ၏။ ရွှေမင်းဝံကျောင်းတိုက် ၇နာရီ

ရောက်ကြ၏။ ဘုရားများ သေတ္တာဖြင့်ရိုက်၍ ကားနှင့်တင်လိုက်၏။ ၆-ရက်နေ့ ဘုရားများ ရောက်၏။ မာန်အောင်ဆရာတော်လှူ။ ထိုမှတဆင့် ပဲခူးယူသွားရန် ကားတင်၊ ၆-ရက်နေ့နံက် ၆နာရီ ရွှေမင်းဝံမှ ဆံပြုတ်သောက်ပြီး ရွှေတိဂုံဖူး၍ သိမ်ကြီးဈေးလာ၊ ၇-နာရီခွဲတွင် ပဲခူးကားစီး။ ပဲခူးသို့ ၁၂နာရီ မတ်တင်၊ ရောက်၏။

ရွှေဘုံဆင့်မှဆွမ်းစား ၂-ချက်မှာ ဘုရားများရောက်လာ၍ ရွှေဘုံဆင့်စေတီ မှန်ထဲ လှူဒါန်းပြီး ည၅နာရီမှာ ဟသ်ာကုန်းဘုရားသွား ပုတီးစိတ်၊ ၎င်းက သစ္စမရုံသီ သီလရှင်ကျောင်းတိုက် ဒေါ်စာရီထံ ဝင်၊ ၎င်းကရွှေမော်ဓောဘုရားသွား ည၈ နာရီရောက်၊ တနင်္ဂနွေထောင့်က ပုတီး ၄၅ပတ်စိတ်၊ ပုတီးစိတ် နေစဉ်တွင် ယာဘက်က ဘုန်းတော်ကြီး တစ်ပါး၊ ဝဲဘက်က ဘိုးတော်တစ်ပါး ရပ်နေကြ၏။ ကျွန်ုပ်လည်း အထူးသတိထားပြီး စိတ်နေ၏။ ပြီးသောအခါ မေတ္တာပို့ အမျှဝေ ဆုတောင်းပြီးသော် ထိုပုဂ္ဂိုလ်များ မကြွသေးပေ။ ထိုပုဂ္ဂိုလ်ကြီးများက ၈ရက်နေ့ ကျောင်းအရောက်ပြန်၊ မပြီးသော ဓာတ်ကိစ္စ ပြီးအောင် လုပ်ဟု ပြောကြားပြီး ကြွသွားကြ၏။

ထိုအခါ ကျွန်ုပ်က နာရီကြည့်လိုက်တော့ ည၉နာရီထိုးနေ၏။ ကျွန်ုပ်လည်း ရွှေဘုံဆင့်ပြန် လာပြီး မနက် ရန်ကုန်ပြန်ရန် ဦးဩဘာအားပြော၏။ ရွှေဘုံဆင့် ဆရာတော်ကလည်း မပြန်သေးရန် လျှောက်ထားကြသော်လည်း ကိစ္စရှိသေးကြောင်း လျှောက်ထားပြီး ညအိပ်။ ဝါဆိုလဆန်း ၇ရက်နေ့ နံနက် ၄နာရီထပြီး ဘူတာလာ၊ ပဲခူးဘူတာမှ ရထား၅နာရီထွက်၊ ရန်ကုန်၆နာရီခွဲရောက်၊ ဦးဘတင်အိမ် ဆွမ်းစားပြီး ဗိုလ်တထောင်၊ ဆူးလေ၊ ကိုးထပ်ကြီး၊ ကမ္ဘာအေး၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးဘုရားများ ကိုဖူးပြီး ရွှေမင်းဂံကျောင်းပြန်အိပ်။

၁၃၃၀ ခု ဝါဆိုလဆန်း၈ရက် အင်္ဂါနေ့အာရုဏ်တက် ၄နာရီထပြီးမျက်နှာသစ် ဘုရားရှိခိုး ပုတီးစိတ်ပြီး ၅နာရီ ရန်ကုန်ဘူတာကြီး ဘတ်စ်ကားစီးသွား၊ ၅နာရီ၁၅မိနစ်ကားစီး၊ ၅နာရီခွဲဘူတာကြီး ရောက် ကိုကျင်ဝမ်း၊ မသိန်းကြည်တို့နှင့်တွေ့၍ နှုတ်ဆက်ပြီး ရထားစီး ၆နာရီထွက်၊ ၁၁နာရီတောင်ငူ ရောက်၊ ၁ ချက်ပျဉ်းမနားရောက်၊ ၃နာရီသာစည်ရောက်၊ ၆နာရီ မန္တလေးဘူတာကြီးရောက်၊ ရထားပေါ် ကမ္ဘဥ္စာန်းဘုန်းကြီး ဦးတိလောကနှင့်တွေ့၍ သူ့ထံဆွမ်းစား လဘက်ရည်သောက်၊ ကမ္ဘဥ္စာန်း ဆရာတော်နှင့်လမ်းတလျှောက်လုံး စကားပြောလိုက်လာ၏။ သာစည်ရောက်မှ ကမ္ဘဥ္စာန်း ဆရာတော် ဦးတိ စီးလာသော ပထမတွဲမှ ကိုယ့်နေရာ ရိုးရိုးတွဲပြန်လာခဲ့၏။

အမရပူရ ကျွန်ုပ်ကျောင်းသို့ ၇နာရီရောက်၍ နာရီဝက်လောက်နားပြီး ဘုရားရှိခိုး ဓါတ်ခဏ်းထဲ ပုတီး၉ပတ်စိတ် အမျှဝေ မေတ္တာပို့ပြီး ကြေးဘုရားကြီး၊ အောင်မြေ မြတ်စွာဘုရားတို့ထံသွား၍ ပုတီး၉ပတ် စိတ်ပြန်။ ညအိပ်မက်- ကျွန်ုပ်ကို ဆရာတော်ကြီးတပါးက သူခိုးလို့ဆိုပြီး ၃ ခါစွပ်စွဲ၏၊ ကျွန်ုပ်ကဘာမှ ပြန်မပြောချေ။ ဆရာတော်ကြီး ဆက်ပြီးပြောနေပြန်သည်မှာ သူခိုးကလည်း တယ်ပေါတယ်။ အဆင်း အာရုံသူခိုး၊ အသံအာရုံသူခိုး၊ အနံ့အာရုံသူခိုး၊ အရသာသူခိုး၊ အတွေ့အာရုံသူခိုး ဤသူခိုး၅မျိုးတွင် အတွေ့အာရုံသူခိုး မဖြစ်လျှင်တော့ တော်တာပေါ့လေ။ ထိုကဲ့သို့ ပြောနေသော စကားများကို ကျွန်ုပ်က နားထောင်ပြီးနေခိုက် ကျွန်ုပ်ကိုသူစိုက်ကြည့်နေပြီး ကိုယ်တော့်ကို သူခိုးစွပ်စွဲမိတာ တပည့်တော်မှား ပါတယ်။ ကိုယ်တော်သီးခံပါ။ သီးခံပါ။ ကျွန်ုပ်သည် ဆိတ်ဆိတ်သာ နေလိုက်၏။

ထို့နောက် ဆရာတော်ကြီးက ကိုယ်တော် သူခိုး၊ ဓါးပြဘေး မကောင်းသောဘေးအန္တရာယ်တို့မှ လွတ်မြောက်ပြီး မိမိ အလိုဆန္ဒ ပြည့်စုံလာစေရန် ဒီဂါထာကို ပုတီးနေ့စဉ် ၉ ပတ်စိတ်ကိုယ်တော်၊ "ဥုံ-တိမိညာ-ညာစာတ်-ဓါတ်ညာဥုံ" တဲ့ကိုယ်တော်။ စိတ်ဖြစ်အောင်စိတ်ကိုယ်တော် . . ကိုင်း သွားလိုက်အုံးမယ်ဆိုပြီး ကြွသွား၏။ ကျွန်ုပ်လည်း နိုးလာ၏။ နာရီကြည့်လိုက်တော့ နံနက် ၃နာရီ ထိုးနေ၍ ထပြီးမျက်နှာသစ် ဘုရားရှိခိုး ပုတီးစိတ်နေတော့၏။ နံနက် ၅နာရီမှာ ကျောက်တော်ကြီး တောင်မင်းကြီး သွားဖူးပြီး ပြန်လာကြောင်းလျှောက်၍ ပုတီး ၉ပတ်စိပ်ခဲ့၏။ တောင်မင်းကြီးကမှ နဂါးရုံ ပုထိုးတော်ကြီး၊ ရွှေဂူကြီးဖူးပြီး ပုတီး ၉ပတ်စိတ်၍ ဖယောင်းတိုင် ၉တိုင်စီ ပူဇော်၍ ပြန်လာကြောင်းလျှောက်၍ ပြန်ခဲ့၏။

ဝါဆိုလဆန်း၉ရက်နေ့တွင် ဓါတ်ထိုး၏။ အလုံးများလုပ်၏။ ပုတီးစိတ်ရင်းထိုး၏။ ပုတီးမှာ တေဇောစာတ် (၂၈၅၅၈၀ )ရနေ၏။ ပွဲတော်က ကိုဘထွန်းသား သုမင်္ဂလ၊ နေပုညလည်း ရဟန်းခံအဝင်ရက်ဖြစ်၍ ကျောင်းရှင်းကြ၏။ ဝါဆိုလဆန်း ၁၀ရက်နေ့တွင် ရဟန်းခံ၏။ နေ့စဉ် ဝတ္တရားမပျက်ပေ။ ဘုရားဖူးသွား ပုတီးစိတ် အဓိဋ္ဌာန်ဝင်ဖြစ်၏။ ဝါဆိုလဆန်း ၁၂ရက်နေ့ စနေနေ့တွင် အိပ်မက်၏။ ကျွန်ုပ်က ပုထိုးတော်ကြီးတွင် ပုတီးစိတ်နေ၏။ အရှေ့ဘက်ကောင်းကင်က မိုးအနီလုံးကြီး အိမ်လောက်ကြီးကြီး တွေမြင်ရ၏။ ဘုရားမှာပုတီးစိတ်ပြီး ဆင်းလာတော့ ကျွန်ုပ်သောက်ပြီး လွှင့်ပစ်လိုက်သော ပိုလိုအတိုကလေး တွင်းထဲကျသွား၏။

စီးကရက်တိုကလေးက မီးငြိမ်းပြီး ပစ်လိုက်တာဖြစ်သော်လည်း တွင်းထဲရောက်သွားသော အခါ မီးခိုးများအူထနေတာ တွေ့ရ၏။ တွင်းပေါက်က ထွက်နေသည်မဟုတ်။ဖို့ထားသော မြေပုံများပေါ် မှာ အခိုးများ ထွက်နေတာဖြစ်၏။ မြေဖောက်ပြီးထွက်နေသော မီးခိုးဖြစ်၍ ကျွန်ုပ်က သေသေချာချာ ကြည့်နေ၏။ ထိုအခိုက် မီးလျှံများလည်း ထွက်လာ၏။ တဖြည်းဖြည်းနှင့် မီးတောက်မီးလျှံများ မြေမှကောင်းကင် တိမ်ညွန့်ထဲထိအောင် ထိုးတက်နေ၏။ ကျွန်ုပ်လည်း အံ့သြခြင်းဖြစ်ပြီး ကြည့်နေ၏။ ထိုအခိုက် ဘုန်းတော်ကြီးတစ်ပါး နောက်နားကရောက်လာပြီး ဘာကြည့်နေတာလည်း ဒါ ကိုယ်တော့်ပုတီးသတ္တိလေ။ ထိုအခါမှ ကျွန်ုပ်သတိရလာပြီး အော်ဟုတ်သားဘဲ . . တပည့်တော်က မီးဓါတ်ရောက်နေလို့ကိုး ဟုပြောပြီး ပြန်လာ၏။ ကျွန်ုပ်လည်း နိုးလာ၏။

မီးဓါတ် (၃၉၆၅၀၀) ရသောနေ့ဖြစ်၏။ ဝါဆိုလဆန်း ၁၃၊ ၁၄ရက်နေ့များ၌ ဓမ္မစကြာ အခါတော်နေ့ကျင်းပရန် အစီအစဉ်ပြုလုပ်၊ ကျောင်းတိုက်ရှင်း၊ ဘိတ်စာဘိတ်၊ အသံချဲ့စက်ငှါးနှင့် ၁၄ရက်နေ့ကျတော့ ကိစ္စများဆောင်ရွက်လို့ ပြီးစီး၏။ ဝါဆိုလပြည့်နေ့တွင် "ဓမ္မစကြာအခါတော်နေ့" ကျင်းပ၏။ ၁၃၃၀ခုနှစ်- ဓမ္မစကြာအခါတော်နေ့တွင် လူများအား မကျည်းဖျော်ရည် တိုက်၏။ ထန်းလျက်ခွက် ၃၀၊ ရေခဲပေါင်၁၅၀၊ မကျည်းမှည့်ခွက်၁၀၊ သကြားဆီ ၃ပုလင်းကုန်၏။ နံနက်ပိုင်းသံဃာတော်၉၀ တို့ကို မုန့်တီကပ်၏။ အခမ်းအနားကို နေ့၁၂နာရီကစ၏။ ညနေ၄နာရီခွဲမှပြီး၏။လာကြသော ပရိတ်သတ်များ ၁၀၀၀ ကျော်၏။ ဓါတ်လုံးများဝေ၏။ ညဘုရားဖူးသွား အဓိဋ္ဌာန်ပုတီးစိတ်၏။ ကျောင်း၁၀နာရီလောက်ပြန်၏။

ဂါထာ မန္တာန် ပရိတ်တော်များရွတ်ဖတ်ပြီး အနေကဇာတင်၍ မေတ္တာပို့အမျှဝေပြီး အိပ်၏။ ည၁၂နာရီလောက်ဘုန်းကြီးတစ်ပါး လာနိုးသဖြင့် နိုးလာ၏။ ဘုန်းတော်ကြီးနှင့်စကားပြောကြပြီး သူ့နေရာ

ခေါ်သွား၏။ သူနေသောနေရာ မြောက်ဘက်က ပတ္တမြားစေတီတော်ကို ဖူးတွေ့ရ၏။ နေရာကို သေသေချာချာမှတ်သားထားလိုက်၏။ မခါတောင်ရဲ့တောင်ဘက်နား ကပ်လျှက်တည်ရှိကြောင်းကို ကောင်းကောင်း သတိပြုထားလိုက်၏။ ထိုပုဂ္ဂိုလ်ဘွဲ့တော်ကိုမေးကြည့်တော့ ရှင်အရိယာဝံသလို့ပြော၏။ အရွယ်မှာ ကျွန်ုပ်နှင့် မတိမ်းမယိမ်း ဖြစ်၏။ အသက်ကိုမေးကြည့်တော့ ၁၉၀ လို့ပြော၏။ တောင်ရဲ့နာမည်ကိုမေးကြည့်တော့ တောင်တော်လို့ပြော၏။ ပုတီးအလုပ်စခန်းများ မေးမြန်းဆွေးနွေးကြပြီး ကျွန်ုပ်ကို ကျောင်းလိုက်ပို့၏။ ကျောင်းရောက်သောအခါ အချိန်နံနက်၃နာရီဖြစ်၏။

ကျွန်ုပ်၏ကျောင်းရောက်သောအခါ ရှင်အရိယာဝံသပြောသည်မှာ ဒီတောင်တော်မှာ ဒီဝါတဝါဆိုပြီးနေမှာ ကိုယ်တော်လာချင်သော အချိန်မှာလာပါကိုယ်တော်၊ တပည့်တော်ဒီမှာ ရှိကြောင်းကိုတော့ မည်သူမျှ မပြောပါနှင့်။ ကောင်းပါပြီ ဉပုသ်နေ့တိုင်းလာခဲ့ပါမည်။ ဒီလိုဆို ပိုကောင်းတာပေါ့ ကိုယ်တော်၊ တပည့်တော် ဉပုသ်ပြုစရာ ပြည့်စုံတော့တာပေါ့။ တပည့်တော်ကို သွားခွင့်ပြုပါဦးကိုယ်တော်။ တင်ပါ. . တင်ပါ။ ထိုပုဂ္ဂိုလ်ကြွသွားပြီးနောက် ကျွန်ုပ်သည် စဉ်းစား၏။ တကယ့်မဟိဒ္ဓိပုဂ္ဂိုလ်ကြီးလား၊ နတ်လားဟု စဉ်းစား၏။ မျက်တောင်က ၅မိနစ်လောက်ကြာမှ တခါတခါခတ်၏။ ထိုအချင်းအရာကို ကြည့်သော် နတ်မဟုတ်ကြောင်း သိရ၏။ တောက်ပစူးရှသောမျက်လုံး၊ ကြည်လင်သောမျက်နှာ စိုပြေသော အသားအရေတို့ကို ကြည့်ရလျှင် မဟိဒ္ဓိပုဂ္ဂိုလ်တို့ဘက်က နီးစပ်၏။

မဟိဒ္ဓိပုဂ္ဂိုလ်ဖြစ်ခဲ့သော် အဘယ်ပုဂ္ဂိုလ်နည်း။ ထိုပုဂ္ဂိုလ်ကြီး၏တန်ခိုးကြောင့် ကျွန်ုပ်သည် ကျောင်းမှဆင်းသွားလျှင် စစ်ကိုင်းတောင်၊ ထိုပုဂ္ဂိုလ်ကြီးနေရာ တောင်သို့ဝင်း၊ တောင်တော်မှဆင်းလျှင် ကျွန်ုပ်ကျောင်းသို့ ရုတ်တရက် ချက်ချင်းရောက်သွားနိုင်သော တန်ခိုး၊ မှိုင်းခံစက္ကူပေါ်တွင် ထိုပုဂ္ဂိုလ်ကြီး လက်နှင့်ဆွဲခြစ်လိုက်ပြီး ကျွန်ုပ်ကိုပေးသောအခါ ကြည့်လိုက်တော့ ဟသ်ာပြဒါးနှင့်ရေးပြီးချ ထားသော အင်းဖြစ်နေခြင်း၊ လက်ဖြင့်သစ်ရွက် ၃-၄ ရွက်ချူးပြီး လက်ဖဝါးထဲထည့် လက်ဖနောင့်နှင့် ပွတ်လိုက်သည်နှင့်တပြိုင်နက် မြသားအဆင်းရှိသော ဆေးတောင့်လေး ကိုးတောင့်ဖြစ်နေခြင်း၊ ထိုဆေးတောင့်များကို ကျွန်ုပ်အားပေး၍ တတောင့်တတောင့်ကို ဂုဏ်တော်၉ပါး အစိပ်ခိုင်းပြီး မျိုချလိုက်သောအခါ ထူးကဲသော အမွှေးနံ့များနှင့် ထူးကဲသော အရသာများကို ခံစားရပြီး ပေါ့ပါးခြင်းစသော မဟိဒ္ဓိတန်ခိုး ရှင်ဖြစ်၍ အဘယ်ပုဂ္ဂိုလ်လည်းဟု စဉ်းစားရင်း အိပ်ပျော်သွားလေ၏။

၁၃၃၀ ဝါဆိုလပြည့်ကျော်၁ရက် ဗုဒ္ဓဟူးနေ့ ဝါဆိုကြ၏။ အဓိဋ္ဌာန်ပုတီးစိပ်၊ ဒကာ ဒကာမများ တရားဟော၊ ဝါဆိုသံဃာ၁၀ပါး ကိုရင်၂ပါး ပေါင်း၁၃ပါး ဝါဆိုကြ၏။ ကျွန်ုပ်လည်း ဘုရားများဖူး အဓိဋ္ဌာန်ပုတီးများစိပ်ပြီး မေတ္တာပို့အမျှဝေ၍ ည၁၀နာရီလောက်အိပ်၏။ ညအိပ်မက်မက်သည်မှာ - အရှေ့လောကဓါတ်မှလည်း ပြည့်ဝိုင်းသော၊ လင်းထိန်သော ရွှေလမင်းကြီး ပေါ်ထွက်နေ၏။ အနောက်လောကဓါတ်မှလည်း နေဝန်းကြီးထွက်စပျိုးနေ၏။ ထိုအချင်းအရာကိုမြင်ရ၍ အလွန်ထူးဆန်းစွာကြည့်နေ၏။ ထိုကဲ့သို့ကြည့်နေစဉ် နောက်ကချောင်းသံကြား၍ လှည့်ကြည့်လိုက်သောအခါ မနေ့က တွေ့ခဲ့သောဘုန်းကြီး ရှင်အရိယာဝံသဖြစ်နေ၏။ ကိုယ်တော်ဘာကြည့်နေတာလဲ။ တပည့်တော် နေနဲ့လ ပြိုင်တူထွက်နေကြတာကို အံ့ဩလို့ ကြည့်နေတာပါဘုရား။ ကိုယ်တော့်အတွက် ပြတာပါ။ ဘယ်လိုပြပါသလဲဘုရား။ နေဓာတ်၊ လဓာတ်ရရှိ ကြောင်း ပြတာပါကိုယ်တော်။ ကမ္ဘာတစ်ခုလုံး မှာ နေနှင့်လသာလျှင်

သတ္တဝါတို့၏ အားထားရာ ဖြစ်တယ်ကိုယ်တော်။ ရုပ်ဝတ္ထုတို့အပေါ်မှာ ဒီ နေလ ၂ပါးတို့က သရဖူဆောင်းနေကြတာဖြစ်တယ်။ ဒါကြောင့်တပည့်တော်တို့ မဟိဒ္ဓိပုဂ္ဂိုလ်များသည် နေဆေးလဆေးကို အားထားရာဖြစ် ပဋ္ဌမအသုံးပြုပြီး ကယ်ထိုက်တဲ့သူများကို ဒီဆေးနှစ်ပါးဖြင့် ကယ်ကြရပါတယ်။ ဤကဲ့သို့ ပြောဆိုပြီး ကြွသွား၏။

ကျွန်ုပ်လည်း နေလများကြည့်ပြီး ပြန်လာခဲ့ရာ ပဋ္ဌမလမ်းဘေးမှာ မီးကြီးခဲရဲနေတာတွေ့ခဲ့ရပြီး နောက်ဒုတိယလမ်းတလမ်း ကူးလိုက်သောအခါ စမ်းရေများစီးနေတာတွေ့ရပြီး တဖြည်းဖြည်းမိုးအုံ့လာခါ၊ တဖွဲဖွဲနှင့်နှင်းဖွဲလေးများ ကျသကဲ့သို့ကျလာ၏။ ကျွန်ုပ်လည်း ဇွတ်တိုးပြန်လာ၏။ ကျွန်ုပ်ကိုတော့မစိုစွတ်ပါ။ ကျောင်းရောက်သောအခါ ကျွန်ုပ်အိပ်ယာပေါ်မှာ အနီကတ္တီပါအခင်းက အပေါ်က အစိမ်းကတ္တီပါအခင်းက အောက်ခင်းထားသောသဘောတရားများတွေ့ရ၏။ ထို့နောက် ကြံ့သတ္တဝါကြီးနှင့်နဂါးကြီး ကျောင်းပေါ်တက်လာ၏။ ကိုရင်များလန့်အော်ကြ၏။ ကျွန်ုပ်ကထကြည့် ထိုသတ္တဝါနှစ်ကောင်မြင်၍ ဂုဏ်တော်စိပ်ပြီး မေတ္တာပို့နေ၏။ ကျွန်ုပ်အခန်းထဲဝင်လာပြီး နဂါးကြီးက ခေါင်းရင်းပိုင်း ကြံ့သတ္တဝါကြီးက ခြေရင်းပိုင်းကဝပ်ပြီးနေကြ၏။ ထိုအခိုက်ကိုရင်များလာနှိုး၍ နိုးလာ၏။

ဝါဆိုလပြည့်ကျော် ၂ရက်နေ့တွင် သက်တော်ဘုရား၊ မိုးကောင်းဘုရားများရွှေချ မျက်နှာတော်ဖွင့်ပေး၏။ စပါးတောဘုန်းကြီးဆင့်က ဒကာဖြစ်၏။ ပုတီးအဓိဋ္ဌာန်စိပ်ခဲ့၏။ ဝါဆိုလပြည့်ကျော် ၆ရက် တောင်လေးလုံး တိုက်အုပ်ဘုန်းကြီးပျံ့ နိဗ္ဗာန်ကျောင်းချသွား၏။ ကျွန်ုပ်နှင့်ဆင်စွယ်ပွတ်တိုက်နယ်က လောင်းထုတ်ပြသသာဒ်ခဲ၏။ ၁၃၃၀ ခု၊ ဝါဆိုလပြည့်ကျော်၈ရက် တောင်လေးလုံးတိုက်အုပ် ဦးဇာဂရဘုန်းကြီးပျံ့ဆွမ်းစားသွား၊ အင်္ဂါတန်း လေးစုသပွတ်ပင်အရပ်သို့ သီလပေးလိုက်ပြီး နေ့၂နာရီ စစ်ကိုင်းတောင်တော်သို့ ရှင်အရိယာဝံသနှင့် တွေ့အောင်သွား၏။ နေ့တချက် ရှင်အရိယာဝံသထံ သို့ရောက်သွားသူက ကြိုနှင့်နေ၏။

မီးခါတ်၊ အ- ရဟံ (၇၈၄၄၀၀) ရသောနေ့ဖြစ်၏။ ထိုနေ့က ရှင်အရိယာဝံသနှင့် ဆေးဝိဇ္ဇာအကြောင်းနှင့် မန္တာန်တန်ခိုးသတ္တိများကို ဆွေးနွေးကြပြီး ၃နာရီခွဲမှာ ပတ္တမြားစေတီသွားကြပြီး မိုးပူဇော်၊ ပုတီးစိတ်ပြီး ထိုကမှ ရွှေစေတီ သိကြားဂူ၊ ပရက္ကမ သိမ်တော်၊ ဥမင်၃၀၊ ငွေသံကြား၊ ပုညရှင် ဘုရားများကို ပုတီးဥပတ်စီစိပ်ကြ၏။ ထို့နောက် ခြသေ့်တကောင်လမ်းမှာ ကျွန်ုပ်ကိုလိုက်ပို့ပေးပြီး ခြသေ့်တကောင်ရောက်မှ နှုတ်ဆက်ပြီး ပြန်ကြွသွား၏။ ကျွန်ုပ်လည်း မြင်းလှည်းစီး ပြန်လာ၏။ စစ်ကိုင်းဘူတာရောက်တော့ ၆နာရီထိုးနေ၏။ ကုန်တင်ကားကြီး စီးပြန်လာ၏။ စရိတ်မယူပေ။ ကျွန်ုပ်လည်း မှတ်တမ်းများရေးပြီး ပုတီးစိတ်မေတ္တာပို့ အမျှဝေပြီးအိပ်၏။

ဝါဆိုလပြည့်ကျော် ၁၀ရက် သောကြာနေ့၊ ညအိပ်မက် - ဘုန်းတော်ကြီးတစ်ပါးနှင့် ဒကာတစ်ယောက်လာ၍ ဆားချက်မယ်ပြော၏။ ကိုယ်တော် ဆားချက်ပါလို့လည်း ပြော၏။ ဘာကိုချက်ရမှာလည်းဘုရားလို့မေးတော့ အဘိုးကြီးကပြောသည်မှာ ဝါးကောင်းဝါးမျိုးသန့်သန့်ကိုချက် ကိုယ်တော်၊ နဝင်းဓာတ်ကိုက်သော ဝါးကိုဆားချက်ကိုယ်တော်၊ နေ့ကောင်းရွေးချက် အထွက်နက္ခတ် ကျနစေကိုယ်တော် . . သဗ္ဗဒွေအင်း၊ ဖုဌသအင်း၊ ဝိဇ္ဇာဓုိ ဂါထာ အင်းများကိုလည်း ချထည့်ကိုယ်တော်၊ ဆားချက်လို့ ပြာနုဖွေးလေးရတော့ ပျားရည်နှင့်စား ဉာဏ်နှင့်ယှဉ်စားကိုယ်တော် . . ယောက်သွား

တကော်လောက်စားလျှင် ပေါက်မြောက်တော့တာပဲ ကိုယ်တော်။ အဘိုးနာမည်က ဘယ်လိုခေါ်ပါသလဲ. . ဦးအောင်သာလို့ ခေါ်ပါတယ်။ ဆရာတော်ဘုရားကြီးက ဦးပညာသာမိ ခေါ်ပါတယ်။ သွားလိုက်အုံးမယ်ကိုယ်တော်လေး . . ကောင်းလှပါပြီဘိုးဘိုး။

ဝါဆိုလဆုတ်၁၃ရက်ညအိပ်မက် - မစင်များတွေ၏။ အပုံလိုက်တစ်မျိုး၊ ဖြန့်ကျဲ၍တစ်မျိုးတွေရ၏။ ရှောင်သွားမည်လုပ်သော်လည်း လမ်းမရှိ၍ မစင်ကြားကပင်ဖြတ်သွားရ၏။ သို့သော် မစင်လူးခြင်းမရှိ၊ မစင်မလူးဘဲ ကျောင်းကိုရောက်၏။ နံနက်၇နာရီခွဲလောက် တောင်လေးလုံးဆရာတော်ဦးဇာဂရပျံရက်လည်ဆွမ်းစားသွား၏။ မီးစာတိ အ - ရဟံ ၁၀၆၅၇၂၀ ရသောနေ့ဖြစ်၏။ ၁၃၃၀ ခု၊ ဝါဆိုလကွယ်နေ့၁နာရီအိပ်မက် - ရွှေအိမ်များ ခလောက်ဆွဲချသောအသားကို ခါးပုံစထဲထည့်ပြီး ကျောက်ပေသီးပြစ်၏။ တော်တော်ဝေးဝေးကပစ်သော်လည်း မှန်၍ငွေများနိုင်၏။ တဖန် အတောင်၆၀လောက် ကွာဝေးသော ပေသီးတစ်လုံးကိုလည်း ပေသီးဖြင့်ပစ်သော်လည်းမှန်၏။ သို့အတွက် ငွေများနိုင်၏။

နေ့၁၂နာရီလောက် ရှင်အရိယာဝံသထံသွား၏။ ၁ချက်ခွဲလောက် ရောက်သွား၏။ အပဟာရသိဒ္ဓိလမ်းနှင့် ကာယာသိဒ္ဓိလမ်း ဆွေးနွေးကြ၏။ နေ့၃နာရီခွဲလောက်မှာ ပြန်လာကြ၏။ လိုက်ပို့၏။ ဥမင်၃၀အထက် ရှင်အရိယာဝံသ၊ မဇ္ဈိမဥျုကျမ်းပြုဆရာတော်နှင့် အခြားပုဂ္ဂိုလ်၃ပါး ပေါင်း ၄ပါးသောပုဂ္ဂိုလ်ကျော်တို့ သမုတ်ထားသောသိမ်တော်ကို ရှင်အရိယာဝံသနှင့် ဥပုသ်ပြုပြီး ပုတီးစိတ်ကြ၏။ လေးပါးထံသမုတ်ထားသော သိမ်ဖြစ်တယ် ကိုယ်တော်လေး။ ပညတ်သွားရာ ဓာတ်သက်ပါဆိုတဲ့ စကားအရဤသိမ်ကား လူသားတို့အဘို့ အလွယ်ရှိသော သိမ်ဖြစ်တယ် ဟုပြောဆိုပြီး ဥမင်၃၀ ပုညရှင်ဘုရားတို့ကိုမီးပူဇော်၊ ပုတီးစိတ်ကြပြီး ခြသေ့တစ်ကောင်အထိ လိုက်ပို့ပြီး ပြန်သွား၏။ ကျွန်ုပ်လည်း မြင်းလှည်းနှင့်ဘူတာလာ၊ ကားမရှိ၍ ရထားနှင့်ပြန်ခဲ့၏။ ညစနာရီကျောင်းရောက်၏။

ဝါခေါင်လဆန်း၁ရက်နေ့ နံက်၁ချက်လောက်အိပ်မက်၏။ မြစ်ငယ်အရှေ့ မြို့ပြင်နားကလက်သမားဂူဘုရား သွားဖူး၏။ ထိုဘုရားမှ ထိပ်မှရှုးနေသော ကြက်ဥလောက်အလုံးကြီး ၉လုံးရ၏။ စမများလည်းပါ၏။ ဝါခေါင်လဆန်း၂ရက် သောကြာနေ့ အိပ်မက်၏။ ကြံရည်ကိုလက်နှင့် မွှေသောက်လိုက်ဆိုပြီး ဘုန်းကြီးတစ်ပါးက လှမ်းပေး၏။ သို့အတွက် ကျွန်ုပ်လည်း လက်ခလယ်နှင့် မွှေသောက်လိုက်၏။ ထိုဘုန်းကြီးက ပြောပြန်သည်မှာ ကြံဆိုတာက တနင်္လာ၁၅၊ ရေဆိုတာက ဗုဒ္ဓဟူး -၁၇၊ပေါင်းတော့ သုံးဆယ့်နှစ်ရတယ်ကိုယ်တော်၊ သုံး နဲ့နှစ်ပေါင်းတော့ ငါးရတယ်ကိုယ်တော်၊ ကိုယ်တော်ကဗုဒ္ဓဟူးဆိုတော့ လေးရတယ်။ အားလုံးပေါင်းတော့ ၉ပေါ့၊ အဲဒါနဝင်းဓာတ်ပိုင်တယ်လို့ ခေါ်ရတယ်။ ကိုယ်တော် နဝင်းဓာတ်ပိုင်ပြီမှတ် "သူများအတွက် ငါးဟင်း ကိုယ့်အတွက်၊ ကြက်၊ ဝက်အမဲဟင်းလျှာမှတ်၊ ကိုင်းသွားလိုက်အုံးမယ်ကိုယ်တော်" ဟုဆိုပြီးထွက်သွား၏။ နားထဲမှာလည်း မွှေသောက်လျှင် တည်ကြည်မည်ဟု အသံကြားရ၏။ ကျွန်ုပ်လည်းနိုးလာ၏။ နာရီကြည့်လိုက်တော့ ၂ချက် ထိုးနေ၏။

ဝါခေါင်လဆန်း ၄ ရက်နေ့တွင် အိပ်မက်၏။ ကြေးဘုရားကြီး ရင်ပြင်တော်မှာ အစိမ်း၊ အနီ၊ အပြာ၊ အဝါ တောက်ထွန်းနေသော ပန်းစွဲ၊ နဖူးစည်းတိုင်၊ ဒူးပိတ်တို့ဖြင့် အံ့မခန်းဆင်ထားသော

မဏ္ဍာပ်ကြီးတစ်လုံး ဆောက်ထားတာ တွေ့ရ၏။ ဘုရားရှင်က ထိုမဏ္ဍာပ်ထဲတွင် တရားဟောတော်မူနေ၏။ လူများက တရားနာနေကြ၏။ဟောသောတရားတော်က ပရာဘဝသုတ်တော်ဖြစ်၏။ ထိုသုတ်တော်ကို ငယ်စဉ်က ဆရာထံမှာသင်ဖူးရ၍ အထူးစိတ်ဝင်စားစွာ နာနေ၏။ ပြီးလျှင် ကျွန်ုပ်ကျောင်းဘက်ပြန်၍ ကျောင်းပေါ်တက်သွား၏။ ကျောင်းပေါ်မှာလည်း မီးရောင်စုံတို့ဖြင့် ထွန်းညှိထား၏။ကျက်သရေ အလွန်ရှိလှပေ၏။ လူပရိတ်သတ်များလည်း တရားထိုင်နေတာတွေ့၏။

အာဒိတ္တသုတ္တာန်ကို တရားဟောတော်မူသော မြတ်စွာဘုရားရှင်က "အရှင်ဝါယမ လူပရိတ်သတ်များက တရားထိုင်နေတယ်။ ကိုယ်တော်က တရားနာပေါ့၊ ငါဘုရားသည်ကား အာဒိတ္တသုတ္တာန်ကို တရားဟောတော်မူနေတယ်။ နာယူ" ဟု မိန့်တော်မူသဖြင့် အကျွန်ုပ်လည်း ဝင်နာပြီး တရားအဆုံး၌ သာဓု သုံးကြိမ်ခေါ်ပြီး ရှင်တော်မြတ်ဘုရား၏ ခြေတော်ကို နဖူးဖြင့်တိုက်၍ ရှိခိုးလိုက်သောခဏပင် ရှင်တော်ဘုရား ကောင်းကင်မှ ကြွသွားတော်မူ၏။ ပရိတ်သတ်များလည်း တရားထိုင်နေရာကနေ လက်အုပ်ချီ၍ ရှိခိုးနေကြ၏။ တုံးကြီးခေါက်သံကြား၍ နိုးလာပါတော့၏။ ထ၍မျက်နှာသစ်၊ ဘုရားရှိခိုး ဂါထာမန္တာန်များရွတ်ဖတ်ပြီ ပရိက်ပြုကာ ပုတီးစိပ်လိုက်ပါတော့သည်။ နားထဲတွင် လောကဓါတ်က စာရွတ်သံတွေ ပြိုပြိုသသ ကြားလာရ၏။ ပုတီးကိုအာရုံရအောင် အထူးကြိုးစားထား၍ စိပ်ရပေ၏။ နံနက် အမိဌာန်ဘုရားများဖူး၏။ ထိုနေ့က မီးဓါတ် (၁၅၅၀၈၂၀) ရသောနေ့ဖြစ်၏။

၁၃၃၀ပြည့် ဝါခေါင်လဆန်း ၆ ရက်၊ အင်္ဂါနေ့ည အိပ်မက် - မဟာသကျာသာမိ ဘွဲ့တော်ရှိသော ကြေးဘုရားကြီး လှိုင်မုခ်ပေါက်ထဲက ထိန်ဝါနေသော အလင်းရောင်ကြီး ထွက်ပေါ်နေ၏။ ထိုအလင်းရောင်ကြီးမြင်သဖြင့် ကျွန်ုပ်သွားကြည့်၏။ ဘုရားတံခါးလည်း ပိတ်ထားလျက်ဖြစ်ပြီး အဝါရောင်အလင်းတန်းကြီးလည်း မတွေ့တော့ပေ။ ဘုရားရှေ့တော်မှ အာရုံခံတန်ဆောင်ထဲတွင် နေလဂမုန်း၊ ဒေါင်းဂမုန်းရွက်များလောက်ရှိသော ဖယောင်းပန်းရွက် စိမ်းနုသွေး၊ ဝါနု၊ ပြာနုသွေး ရောင်စုံများ အဝေးမှမြင်ရ၏။သို့ဖြစ်၍ အနီးကပ်ကြည့်ရန်သွား၏။ ရောင်စုံဖယောင်းရွက်များ မဟုတ်တော့ဘဲ ရောင်စုံအပင် ၂၀လောက် အနီးကပ်ကြည့်တော့ တွေ့ရ၏။ အိုးများဖြင့် စိုက်ထားတာဖြစ်၏။

လူများကိုလည်း ထိုဇရပ်ထဲ ဆီထမင်းကျွေးနေ၏။ ကျွန်ုပ်လည်း စားခဲ့၏။ ကျောင်းကိုလည်း ကျွန်ုပ်ကအပို့ ခိုင်း၏။ " ဒီအပင်များက ရွှေဖား၊ငွေဖားအပင်များ"လို့ အဖိုးအိုကြီးတစ်ယောက်က ပြော၏။ ၎င်းအပြင်ပြန်ပြောသည်မှာ ကိုယ်တော်ထူးချွန်လို့တွေ့တာ ကိုယ်တော်သိဒ္ဓိ ထက်ထက်မြက်မြက်ဖြစ်ပြီမှတ်နေဘ်ဟု အဖိုးကြီးကပြောပြီး ချာကနဲထွက်သွား၏။ ကျွန်ုပ်လည်း ထိုအဖိုးကြီးကို ငေးကြည့်နေခဲ့ပေ၏။

ဝါခေါင်လဆန်း ၈ရက် ကြာသပတေးနေ့တွင် အိပ်မက်များကို ပြောပြချင်၍ ဦးအရိယာဝံသထံသွား၏။ နံနက် ၆ း ၃၀ နာရီ ကားနှင့်လိုက်။ ၇နာရီ စစ်ကိုင်းဘူတာရောက်၊ ၈ နာရီ ဦးအရိယာဝံသထံရောက်၏။ ကျွန်ုပ်မက်သော အိပ်မက်များအကြောင်း ပြောပြ၏။ မီးဓာတ်၏သဘောများကို ပြသောအိပ်မက်များဖြစ်ကြောင်း ပြန်ပြော၏။ ဟိုနေရာတွေမှာ ကိုယ်တော်မတ်တဲ့ အိပ်မက်ထဲက အပင်များရှိပါတယ်။ လာလိုက်ခဲ့ဆိုပြီး ခေါ်သွား၏။ ဟုတ်ပါ၏။ အိပ်မက်ထဲကပင်များနှင့် မခြားနားပေ။ အုံ့ညြလောက်အောင်တွေ့ရ၏။ ထိုအပင်တွေနားမှာလည်း ပေါင်လုံးလောက်မြွေများ ခွေနေကြတာ

တွေ့ရ၏၊ မြွေများကလည်း ရောင်စုံဖြစ်၏။

ရွှေရောင်ထနေသော ကျောက်တုံးများ၊ ငွေရောင်ထနေသော ကျောက်တုံးများလည်း တွေ့ခဲ့ရ၏၊ သစ္စာရှိရှိ ကတိတည်တည်နှင့် သာသနာရေးအတွက်ပြုလုပ်လျှင် ဒါတွေ့နိုင်ပါတယ်ကိုယ်တော်။ ဒီနှစ်တန်ဆောင်မုန်းလပြည့်နေ့မှာ မဟိဒ္ဓိပုဂ္ဂိုလ်များအစည်းအဝေး ကိုယ်တော်ကိုလာပင့်မယ်။ ဘယ်မှာ စည်းဝေးမှာလဲဘုရား . . ဒီပတ္တမြားစေတီတော်ပေါ်မှာ စည်းဝေးမှာ။ဘယ်အချိန်လဲ ဘုရား . . ည ၁၂နာရီက စမှာဘဲ၊ ကတိရှိပါကိုယ်တော်။ ရှိပါမယ်ဘုရား။ ကဲကိုယ်တော် . . ကျောင်းပြန်လိုက်ဦး၊ တပည့်တော်လိုက်ပို့ပေးမယ်ဆိုပြီး လိုက်ပို့၏။ ခြသေ့်တစ်ကောင်သို့ နံနက်၁၀နာရီ ရောက်လာ၏။

စစ်ကိုင်းတောင်မှ ဘုရားဖူးပြန်သော ကားတစ်စီးက အရှင်ဘုရားဘယ်ကြွမှာလဲဘုရား၊ အမရပူရ ပြန်မှာတကား၊ ကြွပါဘုရား၊ တပည့်တော်တို့က မန္တလေးပြန်မှာပါဆို၍ စီးလိုက်သွား၏။ ကျောင်းထိ လိုက်ပို့၏၊ ၁၀နာရီ ၄၅မိနစ် ကျောင်းရောက်၏။ ဆွမ်းစား၊ လွှက်ရည်သောက်၊ ရေချိုးပြီး ပုတီးစိပ်ရင်း ဖိုထိုးနေ၏၊ ဤနှစ်ဝါဆိုလပြည့်ကစ ဖိုထိုးကာဤနေ့ဆိုလျှင် ၂၃ရက်မြောက်ခဲ့၏။ နေ့ ၃နာရီလောက်တွင် အများအမြင်ကတော့ ဦးပဥ္စင်းအရူးဟု မြင်ကြ၏။ ကျွန်ုပ်ကပုဂ္ဂိုလ်ထူး ဟုထင်၏။ ကျွန်ုပ်ကျောင်းတိုက်၏ မြောက်ဘက်ရှိ တောင်လေးဘက်တွင် ကခုန် မြူးပျော်နေပြီး ဆွမ်းစားချင်တယ်ဆို၍ တကာတစ်ယောက် ကကပ်သော ဆွမ်းကိုစားနေ၏။

ထို့နောက် ကျွန်ုပ်ကျောင်းပေါ် တက်လာပြီး ကျွန်ုပ်ဖိုထိုးသော အခန်းထဲဝင်လာ၏။ ထိုပုဂ္ဂိုလ် ပြောသည်မှာ သူတော်ကောင်း နေသောကျောင်းဖြစ်သဖြင့် နတ်ကောင်းများ ကြည့်ရှုဆောင်မမည်။ ပြဒါး နေသူရိုန်လမ်း၊ သွတ်ဖမ်းလမ်းတို့ အကြောင်း ဖိုကိုမယားရှိသောယောက်ျားများ မဆွဲရကြောင်းပြော နေခိုက် ကျွန်ုပ် နားထောင်ရင်း ပုတီးစိပ်နေသော ကုလားထိုင်အောက် ခါးပန်းပေါက်မှ မြွေဝင်လာ၏။ ထိုမြွေဝင်လာတာကို ဖိုပေါ်မှာထိုင်သော ကြောင်နက်ကမြင်ရ၍ ခုန်အုပ်လိုက်၏။ မြွေကလည်း လျှင်မြန်စွာ ထွက်ပြေးသွား၏။ ထိုဘုန်းကြီးရူးပုဂ္ဂိုလ်က အရှင်ဘုရားအသာနေ သူ့ဟာသူရှင်းသွားလိမ့်မယ်ဟု ပြော၏၊ ငွေတစ်ကျပ် လိုရာသုံးရန် ပေးလိုက်၏။ သူ့လက်ထဲ ငွေရောက်လျှင် ၁၅ပြားကဘိန်းအတွက် ၁၀ပြားက သိကြားမင်းအတွက် ထိုက်သူ့ရမည်ဟု ပြောသွား၏။ ထိုဘုန်းကြီးရူးမှာ အပေါ်ကိုယ်ရုံမပါ ညနေ ၆နာရီလောက်မှ ပြန်သွား၏။

ညအိပ်မက် - ဆရာတော်ပျံအတွက် ခုတင်မှာ အနိမ့်နိမ့်အမြင့်မြင့်၊ အဆင့်ဆင့်နှင့် မြင်းမိုရ် တောင်ပုံ ပြုလုပ်ထား၏။ အတွင်းတိုင်များမှာ ပုဂံအာနန္ဒာဘုရား ရပ်တော်မူကြီးများရှေ့က ရှေးပွတ်လုံး များပုံကို ကိုထွန်းတို့က လုပ်နေကြ၏။ ပြီးစီးသွား၍ ဆင်ထားကြသောအခါ အလွန်ကျက်သရေရှိလှ၏။ ရှုလို့မငြီး ဖြစ်ပေ၏။ ထိုအပေါ်မှာ ခေါင်းယူချလာကြပြီး မီးရှို့ကြ၏။ အပေါ်အဖုံးဖွင့်၍ ခေါင်းမှောက် လိုက်၏၊ ခေါင်းမှာ တမျိုးပုံကြီးဖြစ်၏။ အလယ်ပိုင်းလောက်ကမီးမှာ အဝါ၊အဖြူရောင်ဖြစ်၏။ အဝါရောင်က အဝါနုရောင်ဖြစ်၏။ မီးဓာတ်သဘောဖြစ်၏။ အဝါနုနှင့် အဖြူရောင်တို့သည် သာသနာအရောင်နှင့် သူတော်ဦးအရောင်ဖြစ်၍ ထူးကဲသောအကျိုးကို ရနိုင်သောအရောင်များဖြစ်၏။ ဤအရောင်မျိုး ပုတီး ထိုင်သောအခါ တွေ့လျှင် ထူးကဲသော အကျိုးကို ခံစားရမည်ဖြစ်၏။

ဝါခေါင်လဆန်း၁၀ရက် စနေနေ့ ညအိပ်မက် - ဘုန်းတော်ကြီးတပါး ဘွားကနဲပေါ်လာပြီး

ကိုယ်တော်ဗုဒ္ဓဟူးသားဖြစ်၍ သံ၊ဂုံ၊ပ၊မ၊ယ၊အရ ငါးမျိုး အကျိုးပေးလိမ့်မည်။ နေ့ရက်သေသေချာချာမှတ်၊ နောက်များမကြာမီ ငါးမျိုးသောအကျိုးကို ပေးလိမ့်မည်။ ကိုယ်တော်က ဓမ္မခန္ဓာအမွှန်းတင်ပြီး ခါတ်လေးပါးကို အခိကထား၍ ဂုဏ်တော်ကို ပွားများသောကြောင့် ထူးကဲသော ငါးပါးသောအကျိုးကိုရမည်။ သေသေချာချာမှတ်ကိုယ်တော်။ ထိုငါးပါးအပြင်လည်း ဝိသုဒ္ဓိမဂ်ကျမ်းလာအတိုင်း ပစ္စုပ္ပန်သံသရာနှစ်ဖြာသောအကျိုးကိုရမည်မှာ သေသေချာချာဖြစ်တယ်ကိုယ်တော်။ ဝိသုဒ္ဓိမဂ်ထဲက ဂုဏ်တော်ပွား၍ရရှိသောအကျိုးကိုတော့ ကိုယ်တော်လည်းစာတတ်သားဘဲ၊ အဲဒီကျမ်းမှာ ကြည့်ရှုပြီးမှတ်ထားကိုယ်တော်။ မှန်လှပါဘုရား . . ကဲ သွားလိုက်ပါအုံးမယ်ကိုယ်တော်။

တပည့်တော်တို့ မဟိဒ္ဓိလောကသာသနာပြုအဖွဲ့ထဲတွင် ကိုယ်တော်တပါးတိုးလာ၍ အလွန်ဝမ်းမြောက်စွာ သာဓုခေါ်ပါတယ်ကိုယ်တော် သာဓု . . သာဓု . . သာဓုဟုခေါ်ပြီး ကောင်းကင်တက်ပျံကြွသွား၏။ ထိုနေ့နံနက်လင်း တော့မှတ်စုကို လှမ်းကြည့်တော့ ၁၉၅၉၅၆၀ ရ၍၊ မီးခါတ်ပြီးစီးအောင်မြင်နေကြောင်း သိရ၍ သိဒ္ဓိတစ်သိန်းစိတ် ဂါထာပေါင်းချုပ်စိတ်၏။ ဝိသုဒ္ဓိကျမ်း ဂုဏ်တော်ပွားများသောသူ၏ ရရှိသောအကျိုးများ ဖတ်ကြည့်ပြီး အောက်ပါအတိုင်း အကျဉ်းချုပ် မှတ်တမ်းပြုထားလိုက်၏။

| | | |
|---|---|---|
| ၁။ ကိလေသပရိယုဋ္ဌံစိတ္တံနဟောတိ | - | ကိလေသာထကြွသော စိတ်သည်မဖြစ်။ |
| ၂။ စိတ္တံ ဥဇုကမေဝဟောတိ | - | ဖြောင့်မတ်သောစိတ်သည် ဖြစ်၏။ |
| ၃။ ဗုဒ္ဓေသဂါရဝေါ ဟောတိ | - | မြတ်စွာဘုရားအပေါ်၌ ရိုသေခြင်းဖြစ်၏။ |
| ၄။ သဒ္ဓါဒိဝိပုလောဘဝေ | - | သဒ္ဓါ၊ သတိ၊ ပညာ၊ ပုည ၊ ပြန့်ပြောခြင်းဖြစ်၏။ |
| ၅။ ပီတိပါမောဇ္ဇဗဟုလောဟောတိ | - | များစွာနှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၏။ |
| ၆။ ဒုက္ခံသဟတိ ဘေရဝံ | - | ဆင်းရဲခြင်းဟူမျှကိုငှင်း၊ ကြောက်မက်ဖွယ်သော ဘေးဟူသမျှ ကိုငှင်း၊ သီးခံနိုင်၏။ |
| ၇။ စေတိယ ဃရသဒိသော | - | မိမိကိုယ်ကို စေတီအိမ်နှင့်တူသောကြောင့်၊ လူနတ်ဗြဟ္မာ၊ သတ္တဝါတို့၏ ပူဇော်ခြင်းကို ခံထိုက်၏။ |
| ၈။ သတ္ထုနာသဟ ဝါသော၀ | - | မြတ်စွာဘုရားရှင်နှင့်အတူတကွ နေသည့်အသွင် မှတ်ထင်၏။ |
| ၉။ ဟိရောတ္တပ္ပံ ဥပဋ္ဌာတိ | - | အရှက်အကြောက်တရားနှစ်ပါးသည် (ဝါ) လောကပါလတရားနှစ်ပါးသည် အမြဲကပ်၍တည်၏။ |
| ၁၀။ နမတော၊ ဗုဒ္ဓဘူမိယံ | - \ | ဘုရားတရား၌ စိတ်ညွတ်၏။ |
| ၁၁။ ဥတ္တံ့အပ္ပဋိဝိဇ္ဈန္တောသောသုဂတိ | - | သစ္စာလေးချက်အထက်မဂ်တရားကို မရောက်သေးသည်ရှိသော်လူ့ဘုံ၊ နတ်ရပ်မြတ်သောသုဂတိသို့ ရောက်ရ၏။ |

ဟု ဝိသုဒ္ဓိအဋ္ဌကထာဆရာမြတ်က မိန့်တော်မူထားလေသည်။ ထို့ပြင် ဧကနိပါတ် အဋ္ဌကထာ ဗုဒ္ဓါနုသတိ ကမ္မဋ္ဌာန်နာမ သောတာပတ္တိမဂ္ဂဒေတိ၊ သောတာပတ္တိဖလံဒေတိ။ သတဒါဂါ၊ မိမဂ္ဂံဒေတိ၊ သကဒါဂါ၊ မိဖလံဒေတိ။ အနာဂါမိမဂ္ဂံဒေတိ၊ အနာဂါမိဖလံဒေတိ။ အရဟတ္တမဂ္ဂ ဒေတိ၊ အရဟတ္တ ဖလံဒေတိ။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းမည်သည် သောတာပတ္တိမဂ်တည်းဟူသော၊ ဝိဇ္ဇာဉာဏ်ကိုပေး၍နိုင်၏။ သောတာပတ္တိ ဖိုလ်ဝိဇ္ဇာဉာဏ်ကို ပေးစွမ်းနိုင်၏။ သကဒါဂါမိမဂ် ၊ ဝိဇ္ဇာဉာဏ်ကိုပေးနိုင်၏။ သကဒါဂါမိ၊ ဖိုလ်ဝိဇ္ဇာဉာဏ်ကို ပေးစွမ်းနိုင်၏။ အနာဂါမိမဂ် ဝိဇ္ဇာဉာဏ်ကို ပေးစွမ်းနိုင်၏။ အနာဂါမိဖိုလ် ဝိဇ္ဇာဉာဏ်ကို ပေးစွမ်းနိုင်၏။ အရဟတ္တမဂ် ဝိဇ္ဇာဉာဏ်ကို ပေးစွမ်းနိုင်၏။ အရဟတ္တ ဖိုလ်ဝိဇ္ဇာဉာဏ်ကို ပေးစွမ်းနိုင်၏။ ဟုမိန့်တော်မူထားလေသည်။ ထို့ပြင် ရှင်တော်မြတ် ဘုရားကိုယ်တော်တိုင် ဟောတော်မူအပ်သော ဧကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော် ဗုဒ္ဓါနုဿတိသုတ်တော်၌ -

ဧကော ဓမ္မော ဘိက္ခဝေ၊ ဘာဝိတော၊ ဗဟုလီကတော။
ဧကံတံနိဗ္ဗိဒါယ၊ ဝိရာဂါယ။
နိရောဓါယ၊ ဥပသမာယ၊ အဘိညာယ။
သမ္ဗောဓါယ၊ နိဗ္ဗာနာယ၊သံဝတ္တတိ။
ကတမော၊ ဧကော ဓမ္မော ဗုဒ္ဓါနုဿတိ။
အယံ ခေါ ဘိက္ခဝေ၊ ဧက ဓမ္မော။
ဘာဝိတော၊ ဗာကုလီကတော၊ ဧကန္တနိဗ္ဗိဒါယ။
ဝိရာဂါယ နိရောဓါယ၊ ဥပသမာယ၊
အဘိညာယ၊ သမ္ဗောဓါယ၊ နိဗ္ဗာနာယ၊ သံဝတ္တတိ။

ငါ၏ ချစ်သားချစ်သမီးတို့တပါးသော တရားသည် နိဗ္ဗာန်ကိုအာရုံပြု၍ ပွားများအပ်သည်။ ကြိမ်ဖန်များစွာ လေ့လာအပ်သည်ရှိသော် သံသရာ၏ ငြိမ်းငွေ့ရခြင်းသည် နိဗ္ဗိဒါဉာဏ်အကျိုးငှါရင်း၊ ရာဂကင်းရာ နိဗ္ဗာန်အကျိုးငှာရင်း၊ ရာဂချုပ်ရာ နိဗ္ဗာန်အကျိုးငှာရင်း၊ ကိလေသာ၏ ငြိမ်းအေးရာနိဗ္ဗာန် အကျိုးငှာရင်း၊ သစ္စာလေးပါးကို သိတတ်သော မဂ်ဉာဏ်အကျိုးငှာရင်း သံသရာ၌ အိပ်ပျော်ရာမှ ကောင်းစွာနိုးကြောင်းဖြစ်သော မဂ်ဉာဏ်အကျိုးငှာရင်း၊ တဏှာမှထွက်မြောက်ရာ နိဗ္ဗာန်အကျိုးငှာ ရင်းဖြစ်ပေ၏။ တပါးသောတရားဟူသည် အဘယ်တရားပေနည်း။ တပါးသောတရားဟူသည် မြတ်စွာ ဘုရား၏ ဂုဏ်တော်ကို အဖန်ဖန်အောက်မေ့ခြင်းဟူသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌါန်းပေတည်း။ ချစ်သား ချစ်သမီးတို့ (လ) နိဗ္ဗာန်အကျိုးငှာ ဖြစ်ပေဟုဟောထားလေသည်။

၁၃၃၀ ခု ဝါခေါင်လဆန်း ၁၁ ရက်တနင်္ဂနွေနေ့ ညအိပ်မက် - ဘိုးတော်တယောက် ရောက်လာ ပြီး ပြောသည်မှာ - ကိုယ်တော်မြတ်စိတ်သော ဂါထာပေါင်းချုပ် တရာရှစ်ဂါထာတို့မှာ နေ့စဉ်စိပ်ပေး နိုင်ပါက မနောမယသိဒ္ဓိ ပြီးစီးနိုင်ပါတယ်။ အနည်းဆုံး ၃ ပါတ်ရအောင်စိတ်ပါဘုရား၊ အရှင်ဘုရား ရွတ်သော ဂါထာများတရာ့ရှစ်ပုဒ်ကို တပုဒ်တပါတ်စီ တရာရှစ်ပါတ်ရအောင် စိတ်နိုင်ပါက ၃နှစ်အတွင်း

သိဒ္ဓိဆယ့်နှစ်ပါး ပြီးစီးနိုင်ပါတယ်ကိုယ်တော်။သို့သော်တခုတော့ရှိတယ်။ အရှင်မြတ်တို့ကတော့၂၂၇ သွယ်သော သိက္ခာပုဒ်တော် ရှိပြီးသားဘဲ၊ ဂရုဏာ အာပတ်ကြီးများစင်ကြယ်ဘို့ အရေးကြီးတာဒါဘဲ ကိုယ်တော်။ ဘိုးဘိုးပြောပြချက်ကို မှတ်တမ်းတင်ထားပါမယ်ဘိုးဘိုး။

ဘိုးဘိုးအမည်က ဘယ်လိုခေါ်ပါသလဲ . . ဘိုးပညာလို့ခေါ်ပါတယ်။ တပည့်တော်က အရှင်ဘုရားရွတ်တဲ့ဂါထာတော်၁၀၈ပုဒ်ကို အချိန်ရှိသ၍ မပြတ်သရဇ္ဈာယ်နေတာ ၅နှစ်ကြတော့ ပေါက်မြောက်တာဘဲကိုယ်တော် အခုလည်း သရဇ္ဈာယ်ရဲပါဘဲ . . ကောင်းလှပါပြီဘိုးဘိုး သာဓုခေါ်ပါတယ်။ သာဓုပါ . . သာဓု . . သာဓု။ သွားလိုက်ပါအုံးမယ့်ဘုရား . . . ကောင်းပါပြီဘိုးဘိုး။ သိဒ္ဓိစိတ်ပြီးသောနေ့ ဖြစ်၏။ ဂါထာပေါင်းကိုစိတ်၏။ ဝါခေါင်လပြည့်နေ့မှ အရ - ဟံ တက်မည်ဖြစ်၍ ကြားကာလ ဂါထာပေါင်းစိတ်နေခြင်းဖြစ်၏။ တစ်ဂါထာတပတ်နှင့် တနေ့ ၁၀၈ပတ်စိပ်၏။ ဝါခေါင်လပြည့်နေ့ နံက် အာရုဏ်ကစ၍ အရ-ဟံဂုဏ်တော် ဓမ္မခန္ဓာရှစ်သောင်းလေးထောင်စိတ်ရန် အဓိဋ္ဌာန်ပြီးစိတ်၏။ နံနက်ခင်း တရာ့ရှစ်ပတ်ပြီး၏။

နေ့ ၁၂နာရီမှာ စစ်ကိုင်းရှင်အရိယာဘိဝံသထံ သွား၏။ ဘိုးပညာအကြောင်းကို စကားစပ်၍ မေးကြည့်သောအခါ ဘိုးပညာလိုဘဲ ဦးကျစ်လစ်ဆိုတဲ့ ပုဂ္ဂိုလ်တပါးရှိသေးတယ်။ ဝါးချက်မင်းကျောင်းဆရာတော်ရဲ့ တပည့်တစ်ယောက် ဖြစ်တယ်ကိုယ်တော်။ ထိုပုဂ္ဂိုလ်ရဲ့ကျင့်စဉ် အရှင်ဘုရားသိမှတ်မိပါလျှင် အမိန့်ရှိပါဘုရား။ တပည့်တော် မှတ်ထားရအောင်ပါ။ ကိုယ်တော် မှတ်ထားလိုလျှင် ပြောပြရသေးတာပေါ့။ထိုပုဂ္ဂိုလ်က ပညာသီလချောင်မှာနေတယ်။ ဘွဲ့ကတော့ ရှင်သိဒ္ဓိဝရလို့ ခေါ်တယ်။ လူတွေသိကြတာကတော့ ဦးကျစ်လျစ်ဘဲ၊ သူ့ရဲ့လူနာမည်ဘဲ ထင်ပေါ်တယ်။ မန္တလေး ရွှေကျီးမြင့်ဘုရားနားမှာနေတယ်။

သူရေးသော စာအုပ်က " နိဗ္ဗာန်လမ်းပြ အနုသာသနလင်္ကာကျမ်းတဲ့ " နောက်ပိုင်းမှာ ဝိပဿနာအစီအရင် ပဋိပတ်ကျင့်စဉ်ဆိုပြီး သူ့ရဲ့ကျင့်စဉ်များကို ရေးထားတယ်။ ထိုစာအုပ်က အနုရုဒ္ဓါချောင်ဆရာတော်ကြီးထံမှာရှိတယ် ကိုယ်တော်သိချင်လည်း ယူကြည့်ပေါ့လို့ပြော၍ ကျွန်ုပ်လည်း အလ္လာပ သလ္လာပပြောဆိုကြပြီး ဥပုသ်ပြုရန် ရှင်အရိယာဝံသ နှင့်လာကြ၍ ထိုချောင်ဆရာတော်ဘုရားထံ စာအုပ်ဝင်ငှားပြီး သိမ်ကိုလာကြ၏။ ဥပုသ်ပြုကြပြီး၍ ခြသေ့်တကောင်သို့ ဆင်းလာကြ၏။ မြင်းလှည်းက အဆင်သင့်ရပ်နေသဖြင့် ရှင်အရိယာဝံသကို နှုတ်ဆက်ပြီး ပြန်လာခဲ့တော့၏။ ကျောင်းရောက်တော့ ထိုစာအုပ်ကိုကြည့်ပြီး အများလူရှင်တို့ ဗဟုသုတပွားစေရန် အောက်တွင် ဖော်ပြလိုက်ပါ၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ရတနတ္တိယံ၊ ဗု - ဓံ - သံ၊ အဟံ ဝန္ဒါမိ။
၂။ ဗုဒ္ဓေါ ဓမ္မော သံဃော ပါဝိ။
၃။ တံ - မေ - သံ - ဘူ။



## ဣရှစ်ချက် - ဘုရားဂုဏ်တော်ကွန်ချာ

၄။ ဣတိပိသော ဝိသေသေဣ၊
ဣသေသေ၊ ပဋ္ဌနာမိဣ၊
ဣမိနာဘုမ္ဗိတံ သောဣ၊
ဣ သောတံ ဗုဒ္ဓ ပီတိဣ။



## တရားဂုဏ်တော်ကွန်ချာ (သွာရှစ်ချက်)

၅။ သွာကွာတော ဣတိ မေတေသွာ၊
သွာတေ - မေသု - တုနာမုသွာ၊
သွာမုနာ ဥတ္တမာ တေသွာ၊
သွာတေမာ၊ ဓမ္မတောကွာသွာ။



## သံဃာဂုဏ်တော်ကွန်ချာ (သုရှစ်ချက်)

၆။ သုပ္ပဋိပ္ပန္နောအာဟုသု၊
သုဟု - အာနေဝရံ ဝေသု၊
သုဝေရံ ဟန္တော ဝေရီသု၊
သုရီ ဝေသံ ယဋိပ္ပံသု။

၁။ ရတနတ္တယံ - ရတနာတို့၏၊ သုံးပါးတို့၏ အပေါင်းဟုဆိုအပ်သော၊ ဗု- ဓံ- သံ ဘုရား၊ တရား၊ သံဃာတော်ကို၊ အဟံ -ကျွန်ုပ်သည်၊ ဝါ- သိဒ္ဓိ၊ ဝရ- နာမမည်သာ မထေရ်ငါသည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

၂။ ဗုဒ္ဓေါ - မြတ်စွာဘုရားသည်၎င်း၊ ဓမ္မော - တရားသည်၎င်း၊ သံဃော - သံဃာတော် မြတ်သည် ၎င်း၊၊ နော- အကျွန်ုပ်တို့အား၊ ပါတံ - ပါတု- စောင့်ရှောက်တော်မူစေသတည်း။

၃။ မေ - ငါ့အား ၊ သံ - ကောင်းစွာ၊ ကံ - ချမ်းချမ်းသာသာ၊ သု- ဖြစ်စေသတည်း။

မှတ်ချက်- ဤ ၃ ပုဒ်၏ အရကောက်များကို ထည့်ပြီးမှရေးလိုက်ပါ။ လိုရင်းသာရေးလိုက်သည်ဟုမှတ်။

၄။ ဣတိပိ - ဤသို့ဆယ်ပါးသော ပါရမီ - သုံးဆယ်သောပါရမီတို့ကို ဖြည့်တော်မူခြင်းတည်း ဟူသော အကြောင်းကြောင့်လည်း၊ သော - ထိုမြတ်စွာဘုရားသည်၊ ဝိသေသေဣ - ထူးမြတ်သော ဂုဏ် ကျေးဇူးတော်တို့သို့ ရောက်တော်မူ၏။ ဣသေသေ - ရောက်တော်မူပြီးသော ဂုဏ်ကျေးဇူးတော် ကြောင့်၊ ပဋ္ဌနာမိ - ရောက်အပ်သော ဂုဏ်ကျေးဇူးတို့ကို တောင့်တ၏။ ဣမိနာ- ဤသို့ တောင့်တတိုင်းသောကံကြောင့်၊ သော - ထိုငါသည်၊ ဘုမ္ဗိဟံ - ထူးမြတ်သော

ဘုံသို့၊ ဣ- ရောက်တော်မူပြီ။ ဣ - ရောက်သောကြောင့်၊ သော - ထိုငါသည်။ တံဗုဒ္ဓံပိတိ -
ထိုသို့သော ရှင်တော်မြတ် ဘုရားအဖြစ်သို့ ဣ- ရောက်တော်မူပြီ။
ဣတိမေ တေသွာ - ဤတရားတော်တို့သည်၊ သွက္ခာတော - သွက္ခာတာစသော ဂုဏ်တော်နှင့်
၅။ ပြည့်စုံသည်။ ဣတိ -ဖြစ်၏။ သွာတေမေ-ဂုဏ်တော်နှင့်ပြည့်စုံခြင်းကြောင့် သုသုနာ - ကောင်း
စွာ နာခံရမည်ဖြစ်၍ မုသွာ - အေးရာဌာနရောက်ကုန်ကြ၏။ တေသွာ - ထိုတရားတော်တို့ကို၊
သွာမုနာ - ကောင်းစွာနာခြင်းကြောင့်၊ ဥတ္တမာ - မြတ်ကုန်၏။ သွာတေမာ ထိုတရားတော်
ဓမ္မတော - မဖောက်ပြန်မြတ်သောအားဖြင့်၊ ကွာသွာ - ဟောတော်မူအပ်ကုန်၏။
အာဟုသု • သူတော်ကောင်းတရားတို့ကို ငါတို့၌၊ သုပ္ပဋိပန္နော - ကောင်းစွာကျင့်တော်မူပေ၏။
၆။ အာနေ-အောင်အပ်ကုန်သော။ ဝရံဝေသု - မြတ်သောအလှူတို့ကို၊ သုဟု - ခံခြင်းငှာ ထိုက်ကုန်
၏။ ရေရိသု- သီလ၊ သမာဓိ၊ ပညာ၏ရန်တို့ကို။ ဟန္တော-သတ်သည်ဖြစ်၍၊ သုဝေရံ -
ကောင်းမြတ်ကုန်၏။ သူရိဝေ - မင်ဖိုလ်နိဗ္ဗာန်၏ ရန်တို့ကို ၊ သတ်ကုန်သောကြောင့် သံဃ
ဋိပ္ပသု- ကောင်းမြတ်သောအကျင့် ရှိတော်မူ၏။

မှတ်ချက် - ဤဘုရား၊ တရား၊ သံဃာ ဂုဏ်တော်ကွန်ချာတို့ကို အထက်အောက် အစဉ်အတိုင်း တချပ်ထဲဖြစ်စေ - တစ်ခုစီဖြစ်စေ နော ၉ တန်ဂါထာ အသုံးကဲ့သို့ ဉာဏ်ရှိတိုင်းသုံးပါလေ။ အကျိုးအနန္တဖြစ်၏ ဟုမှတ်ပါ။

၅။ ဧေယျတု - ယေါဝရတံ၊ ပဝရော၊ မနုဇေသု၊
သကျာမုနိ၊ ဇာဂဝါ၊ ကတ၊ ဝိစ္စော။
ပါရဂံတော၊ ဗလဝိရိယ၊ သမင်္ဂိတံ။
သုဂတံ၊ သရဏံ၊ မုပေမိ။
၆။ ရာဂ - ဝိရာဝ - မနေဇ မ၊ သောကံ၊ ဓမ္မသခ်တမပ္ပဋိကုလံ။ မဓုရမိမံ၊ ပ၊ ဂုဏံ၊ သုဝိဘတ္တံ
ဓမ္မမိမံ။ သရဏမုပေမိ။
၇။ ယတ္ထစ ဒိန္နံ - မဟပ္ဖလ၊ မာဟုစတုသု၊
သုစိသု၊ ပုရိသယုဂေသု၊ အဋ္ဌစပုဂ္ဂလာ။
ဓမ္မဒသတော၊ သံဃ၊ မိမံ - သရဏတ္ထမုပေမိ။

ဧေယျတု

အဋ္ဌာဒိကတ္တွာ အဟံအတ္တာနံ ဗုဒ္ဓဿနိယျာတေ မိတိမံမာရေထ၊ အဋ္ဌာဒိကတ္တွာ ဣဟံအတ္တာနံ ဓမ္မာဿနိယျာ တေမိတိမံ ဝါရေထ၊ အဋ္ဌာတိကတ္တွာ အဟံအတ္တာနံ သံဃာဿနိယျာတေ မိတိမံဓါ ရေထ။

အဋ္ဌာဒိကတ္တွာ အဟံအတ္တာနံ ဗုဒ္ဓဿ ပရာယနောတိမံဓါရေထ၊ အဋ္ဌာဒိကတ္တွာ အဟံ အတ္တာနံ ဓမ္မဿ ပရာယနောတိ မံဓါရေထ၊ အဋ္ဌာဒိကတ္တွာ အဟံအတ္တာနံ သံဃာဿ ပရာယနော မံဓါရေထ။

အင္ဂါဒိကတ္တာ အဟံအတ္တာနံ ဗုဒ္ဓသ ဘန္တေ ဝါသိကော တိမ်ဓါရေထ၊ အင္ဂါဒိကတ္တာ အဟံအတ္တာနံ ဓမ္မသ ဘန္တေဝါသိကော တိမ်ဓါရေထ၊ အင္ဂါဒိကတ္တာ အဟံအတ္တာနံ သံဃာသ ဘန္တေဝါသိကောတိမ် ဓါရေထ။

အင္ဂါဒိကတ္တာ အဟံ အဘိဝါဒနံ ပစ္စုပဋ္ဌာနံ အဥ္စလိက မံသာမိစိကမ္မံ ဗုဒ္ဓါနိနံယေဝ တိဏ္ဏံဝတ္ထုနံ ကရောမိတိ မံဓာရေထ နတ္ထိမေသရဏံအညံ ဗုဒ္ဓေါမေသရဏံ ဝရံ ဧကေသရဏံ ဥပေမိ မယိကဒ္ဓါန ဝဋ္ဋတိ နတ္ထိမေ သရဏံ အညံ။ ဓမ္မောမေသရဏံ ဝရံ ဧတေသရဏံ ဥပေမိ မယိကဒ္ဓါန ဝိဋ္ဋတိ နတ္ထိမေသရဏံ အညံ သံဃော မေသရဏံဝရံ ဧတေသရဏံ ဥပေမိ မယိကဒ္ဓါန ဝဋ္ဋတိ။

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံသရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။ တတိယမ္ပိဓမ္မံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ။

အဇ္ဇတဂ္ဂေ ပါနုပေတံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ - အဇ္ဇတဂ္ဂေ ပါနုပေတံ ဓမ္မံသရဏံ ဂစ္ဆာမိ၊ အဇ္ဇတဂ္ဂေ ပါနုပေတံ သံဃံသရဏံ ဂစ္ဆာမိ - ဇာတိပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ - ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။ ဘောဂပရိယန္တံ၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။ ဘောဂပရိယန္တံ ဓမ္မံသရဏံ ဂစ္ဆာမိ၊ ဘောဂပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။ ဇီဝိတပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဇီဝိတပရိယန္တံ ဓမ္မံသရဏံ ဂစ္ဆာမိ၊ ဇီဝိတပရိယန္တံ သံဃံသရဏံဂစ္ဆာမိ။ ယာဝဇီဝံဗုဒ္ဓံသရဏံ ဂစ္ဆာမိ။ ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ။ ယာဝဇီဝံသံဃံသရဏံ ဂစ္ဆာမိ။

မရဏကာလံဗုဒ္ဓံသရဏံ ဂစ္ဆာမိ။ မရဏကာလံဓမ္မံ သရဏံ ဂစ္ဆာမိ။ မရဏကာလံသံဃံသရဏံ ဂစ္ဆာမိ။ မရဏပရိယန္တံဗုဒ္ဓံသရဏံ ဂစ္ဆာမိ။ မရဏပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။ မရဏပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။အရဟတ္တမဂ္ဂကာလံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ အရဟတ္တမဂ္ဂကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ အရဟတ္တမဂ္ဂကာလံ သံဃံသရဏံ ဂစ္ဆာမိ။ အရဟတ္တမဂ္ဂပရိယန္တံဗုဒ္ဓံသရဏံ ဂစ္ဆာမိ။ အရဟတ္တမဂ္ဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။ အရဟတ္တမဂ္ဂ ပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။ နိဗ္ဗာနကာလံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။ နိဗ္ဗာနကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ။ နိဗ္ဗာနကာလံ သံဃံသရဏံ ဂစ္ဆာမိ။ နိဗ္ဗာနပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ နိဗ္ဗာနပရိယန္တံဓမ္မံ သရဏံ ဂစ္ဆာမိ၊ နိဗ္ဗာနပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

နတ္ထိမေ သရဏံအညံ။ ဗုဒ္ဓေါမေသရဏံ ဝရံ ဧကေသရဏံ ဥပေတိမယိကဒ္ဓါန ဝိဋ္ဋတိ။ နတ္ထိမေ သရဏံ့ အညံ။ ဓမ္မောမေ သရဏံ ဝရံ ဧတေ သရဏံ ဥပေတိ။ မယိကဒ္ဓါန ဝဋ္ဋတိ။ နတ္ထိ မေသရဏံ အညံ သံဃောမေသရဏံ ဝရံ ဧတေ သရဏံ ဥပေမိ။ မယိကဒ္ဓါ နဝဋ္ဋတိ။

**"ရင်းနှောက်၊ လူဖြစ်က ငါးပါးသီလခံလေ၊ ရှင်ဖြစ်က ဆယ်ပါးသော သာမဏေသီလ ခံလေ၊ ရဟန်းတော်ဖြစ်က၊ ရှေးဦးစဉ်ပင် သီလကိုဖြူစင်ရန် ဝိနည်းကံအလျောက် အထမြောက် အောင် ကုသပါလေ။ သီလအထူးခံဖွယ် မရှိပြီ။"**

အတ္တာနံ ပရိစဇာမိ၊ ဇီဝိတံ ပရိစဇာမိ၊ ဇီဝိတံပရိယန္တံ ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ အတ္တာနံ ပရိစဇာမိ၊ ဇီဝိတံ ပရိစဇာမိ၊ ဇီဝိတံပရိယန္တံ ဓမ္မံ သရဏံဂစ္ဆာမိ၊ အတ္တာနံ ပရိစဇာမိ၊ ဇီဝိတံ ပရိစဇာမိ၊ ဇီဝတံပရိယန္တံ

သံဃံ သရဏံဂစ္ဆာမိ။ အဒ္ဓါဂတာနာယ ပဋိပတ္တိယာ၊ ဗုဒ္ဓသာ၊ ပူဇေမိ။ အဒ္ဓါဂတာမာယ ပဋိပတ္တိယာ၊ ဓမ္မသာပူဇေမိ၊ အဒ္ဓါဂတာမာယ ပဋိပတ္တိယာ၊ သံဃာသာ၊ ပူဇေမိ။

အဒ္ဓါဂတာမာယ ပဋိပတ္တိယာ၊ ဗုဒ္ဓါယ၊ ပူဇာယ။ အာသဝက္ခယပတ္တံ၊ စတုပဋိသမ္ဘိဒါ၊ ဆဠာဘိညာ၊ အဒ္ဓါဂတာမာယ ပဋိပတ္တိယာ၊ သံဃာသာ၊ ပူဇေမိ။ အဒ္ဓါဂတာမာယ ပဋိပတ္တိယာ၊ ဗုဒ္ဓါယ၊ ပူဇာယ။ အာသဝက္ခယပတ္တံ၊ စတုပဋိသမ္ဘိဒါ၊ ဆဠာဘိညာ၊ အဌသမာပတ္တိ ဝဟံမေ၊ ဘဝန္တုသဗ္ဗဒါ။ အဒ္ဓါဂတာမာယ ပဋိပတ္တိယာ၊ ဓမ္မယ၊ ပူဇာယ၊ အာသဝက္ခယပတ္တံ၊ စတုပဋိသမ္ဘိဒါ၊ ဆဠာဘိညာ၊ အဌသမာပတ္တိဝဟံမေ ဘဝန္တုသဗ္ဗဒါ။ အဒ္ဓါဂတာမာယ ပဋိပတ္တိယာ၊ သံဃသာ၊ ပူဇာယ၊ အာသဝက္ခယပတ္တံ၊ စတုပဋိသမ္ဘိဒါ၊ ဆဠာဘိညာ၊ အဌသမာ ပတ္တိဝဟံ မေဘဝန္တုသဗ္ဗဒါ။ ဗုဒ္ဓေါတိ လောကဒီပေါစ။ ဗုဒ္ဓေါသုရော တမော နုဒေါ အဠတ္တံ၊ သရဏံ၊ ဗုဒ္ဓံ နတ္တိ မယှံဘယံသဒါ။ ဓမ္မောတိလောကဒီပေါစ။ ဓမ္မောသုရော တမော နုဒေါ အဠတ္တံ၊ သရဏံ။ ဓမ္မံ နတ္တိ မယှံဘယံသဒါ။ သဃောတိလောကဒီပေါစ။ သံဃောသုရော တမော နုဒေါ အဠတ္တံ၊ သရဏံ သံဃံ နတ္တိဘယံသဒါ။

ဗုဒ္ဓေါနောယာမာ။ ဓမ္မော နောယာမာ။ သံဃောနောယာမာ။ ပိဋကတ္တရံမါရေတိ မာတာပိ တုဟိ။ ပေသိတော။ သဗ္ဗသိပ္ပံ တဒါပါဒံ။ အာစရိယာနမာမဟံ (၃-ကြိမ်ဆို)

ဝုဋ္ဋိကာလေ။ အာလိ ကေတွာ၊ စုမ္ဗိတွာ ပိယပုတ္တကံ။ ရာဇာ မဇ္ဈံ သုဘာသိတံ၊ ပိတုပါဒံနမာမဟံ အဖလူဖြစ်သောရဟန်းတော်တို့မှာ၊ ပိတုဂုဏ်သရာမဟံဟု ပြင်၍လည်းရွတ်ဆိုနိုင်ပါသည်။ဂုဏ်နဲ့ လေ။ (၃-ကြိမ်ဆို)

ဒသမာ သေဉရေကတွာ။ ပေါသိတံ၊ ဝုဋ္ဋိကာရဏံ၊ အာယုဒီယံ၊ တဿသတံ၊ မာတုပါဒံ နမာမဟံ၊ နည်းမာတုဂုဏ်သရာမဟံ။ (၃-ကြိမ်ဆို)

မာတုပိတာစ၊ အာစရိယာစ၊ ဉာတိမိတ္တာစ၊ သဟာယ၊ သဗ္ဗသတ္တာစ မေပုည်၊ သမမေဝလိ ဘန္တုမေ (၃-ကြိမ်ဆို)

ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယသဗ္ဗပါဏိနံ၊ ဗုဒ္ဓေါလောကေ သမုပ္ပန္နော အတ္တာယ၊ သဗ္ဗပါဏိနံ၊ ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယသဗ္ဗပါဏိနံ။ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိမေ၊ ဟောတုသဗ္ဗဒါ၊ ဓမ္မောလောကေ သမုပ္ပန္နော အတ္တာယသဗ္ဗပါဏိနံ၊ ဓမ္မောလောကေ သမုပ္ပန္နော ဟိတာယ၊ သဗ္ဗပါဏိနံ၊ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိမေ၊ ဟောတုသဗ္ဗဒါ။ သံဃောလောကေ၊ သမုပ္ပန္နော ဟိတာယသဗ္ဗပါဏိနံ၊ သံဃောလောကေ သမုပ္ပန္နော အတ္တာယ၊ သဗ္ဗပါဏိနံ။ သံဃောလောကေ သမုပ္ပန္နော ဟိတာယသဗ္ဗပါဏိနံ။ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိမေ၊ ဟောတုသဗ္ဗဒါ။

ဗုဒ္ဓသာပူဇံ မဟာတေဇဝန္တော။ ဗုဒ္ဓသာ ပူဇံ မဟာပညာဝန္တော။ ဗုဒ္ဓသာပူဇံ မဟာဘောဂဝန္တော၊ ဓမ္မသာပူဇံ ၊ မဟာတေဇ ဝန္တော၊ ဓမ္မသာ ပူဇံမဟာပညာ ဝန္တော၊ ဓမ္မသာပူဇံ မဟာဘောဂ ဝန္တော။ သံဃာသာပူဇံ မဟာတေဇ ဝန္တော၊ သံဃာသာပူဇံ မဟာကညာဝန္တော၊ သံဃာသာပူဇံ မဟာဘောဂဝန္တော။

ဗုဒ္ဓတေဇေန၊ အရိန္ဒမော၊ ဗုဒ္ဓတေဇေန၊ မဟာလာဘော၊ ဗုဒ္ဓတေဇေန၊မဟာယသော ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေဟောတုသဗ္ဗဒါ။ ဓမ္မတေဇေန၊ အရိန္ဒမော၊ ဓမ္မတေဇေန၊ မဟာလာဘော၊

ဓမ္မတေဇေန မဟာယသော ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေဟောတုသဗ္ဗဒါ။ သံဃဟောတုတေဇေန၊ အရိန္ဒမော၊ သံဃတေဇေန၊ မဟာလာဘော၊ သံဃတေဇေန၊ မဟာယသော၊ ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေဟောတုသဗ္ဗဒါ။ ဗုဒ္ဓေါမေရက္ခန္တုနိစ္စံ၊ ဗုဒ္ဓေါမေရက္ခန္တု သဒါ၊ ဗုဒ္ဓေါမေရက္ခန္တု ဒိန္နေ။ ဒီဃာယုကောသတံဘဝေ။ ဓမ္မောမေရက္ခန္တုနိစ္စံ၊ ဓမ္မောမေရက္ခန္တု သဒါ၊ ဓမ္မောမေရက္ခန္တု ဒိန္နေ။ ဒီဃာယုကောသတံဘဝေ။သံဃောမေရက္ခန္တုနိစ္စံ၊ သံဃောမေရက္ခန္တုသဒါ၊ သံဃောမေရက္ခန္တုဒိန္နေ၊ ဒီဃာယုကောသတံဘဝေ။ ဝန္ဒာမေရတနတ္တယော။ ဝန္ဒာနုဿမဟာသာမိ၊ မေဟောန္တု သဗ္ဗဒါ။

(၃-ကြိမ်ဆို)

ဘဝတုသဗ္ဗမင်္ဂလံ။ ရက္ခန္တုမေ သဗ္ဗဒေဝတာ။ သဗ္ဗ ဗုဒ္ဓါနုဘာဝေန။ သဒါသုခီဘဝန္တုမေ။ ဘဝတုသဗ္ဗမင်္ဂလံ။ ရက္ခန္တုမေ သဗ္ဗဒေဝတာ။ သဗ္ဗဓမ္မာနုဘာဝေန။ သဒါသုခီဘဝန္တုမေ။ ဘဝတုသဗ္ဗမင်္ဂလံ။ ရက္ခန္တုမေ သဗ္ဗဒေဝတာ။ သဗ္ဗ သံဃာနုဘာဝေန။ သဒါသုခီ ဘဝန္တုမေ။ ဒိဃမာယု ပဝေသန်။ ဒီဃာဿသဒ္ဓံ၊ ဗုဒ္ဓေါမယှံ။ သုခနေတုံဒိဋ္ဌိလာ၊ ဒက္ခိလာ၊ မဏ္ဍိလာ၊ ရောဂိလာ၊ ဘယလာ၊ ခယလာ၊ ဒုဋ္ဌိလာ၊ ဧတေန သစ္စေန သောတ္ထိမေ ဟောန္တုသဗ္ဗဒါ။ ဒိဃာမာယု ပဝေသန်။ ဒီဃဿသဒ္ဓံဓမ္မော သုခနေတုံဒိဋ္ဌိလာ၊ ဒက္ခိလာ၊ မဏ္ဍိလာ၊ ရောဂိလာ၊ ဘယလာ၊ ခယလာ၊ ဒုဋ္ဌိလာ၊ ဧတေန သစ္စေန သောတ္ထိမေ ဟောန္တုသဗ္ဗဒါ။ ဒိဃမာယု ပဝေသန်။ ဒီဃာဿသဒ္ဓံ၊ သံဃောမယှံ။ သုခနေတုံ ဒိဋ္ဌိလာ၊ ဒက္ခိလာ၊ မဏ္ဍိလာ၊ ရောဂိလာ၊ ဘယလာ၊ ခယလာ၊ ဒုဋ္ဌိလာ၊ ဧတေန သစ္စေန သောတ္ထိမေ ဟောန္တု သဗ္ဗဒါ။

ဝဋ္ဋဒုက္ခာ ဘယာဘိတော၊ တဏှာကွရာပနော၊ အတ္တနောရုစိဒိပတံ။ ကမ္မဋ္ဌာနမော ပိတံထရေ ထရေ ဗဟုလံယဂက္ခရတော၊ သောကရောဂါဒိပမတော၊ ဘဝေဩဃညေယျ။ တတောစိတ္တဂ္ဂာ သဘော အဘယာသမာဒိ တော။

(၃ကြိမ်ဆို)

ဒန္တေဘိဒန္တမာဒါရေ - ဇိဝိတာဥူမှိယင္ဓိရ၊ အဗ္ဗတ္တဂေါစရ၊ စိတ္တံသဒ္ဓါသုရိမာနသော

(၃ကြိမ်ဆို)

ယဿယ ဿဟိတောဘဝေါ၊ တေန၊ တေန၊ ဟိတံကရံ။ အနုပဝိသဘောပိ။ ခိပ္ပမတ္တဝနေ နယော။

(၃ကြိမ်ဆို)

စိရံ စိရံ တိဋ္ဌတုမေ၊ အာယုဝဏ္ဏံလ ဘန္တုမေ၊ ပီယောပီယောဘဝတုမေ၊ သောကောလောဂေါ ဝိနဿန္တု၊ ဘယာဘိတော၊ ယောလာဘာ၊ သုသမာဟိတာ။

(၃ကြိမ်ဆို)

ခိပ္ပံမတ္တံ ဂယံယောကာလ ခိပ္ပမတ္တံ ဝသံနရဟုန္တုရ ဒေသသိတံ ဟုန္တုမာမိပြဟ္မာမဟံ(၃ကြိမ်ဆို)

ဗုဒ္ဓ သာသနေပါလိန္တောပိ၊ မေမုခေါသက္ကော။ စတုန္နံ ဒေဝါနံ ပီယော၊ တော၊ စန္ဒသူရ ဒေဝေအာဂျ ဂါရေ၊ နဟိဝိသုကုမ္မော ဒေဝါရက္ခါ နာဂါဝန္တေဗ္ဗာဝ။ ဂရုဠ္ဌေါပိ။ ယက္ခဂုမ္ဘဏ္ဍောစ ကာယော ဟတ္တေပါ ဒေဝ ဝိသုံပါလေန္တု -

(၃ကြိမ်ဆို)

သီရသ္မိံ မေ ပဥ္စ ဗုဒ္ဓါ နဋ္ဌာ ဋ္ဌေပြဟ္မာ ဒေဝတာ စက္ခုကန္တေက္ကန္ဒရာဇာမုခေ ဒေဝိသူရဿဟာသ ယေနာရာယနဥ္စ။ ဟတ္တေပရ မေသွာရော။ ဥရေပိဿနုဒေဝါစ။ ဧတေဒေဝါ မဟိဒ္ဓိကာ။ (၃ကြိမ်ဆို)

မဟာနုဘာဝေန သဗ္ဗံ ကမ္မာနိသိဒ္ဓိမေ။ မေတ္တာစိတ္တေနမံ သဗ္ဗေ- ဩလောကန္တုဒိန္နော ဒိန္နေ၊ သူရာသူရဂရုဠ၊ မနုဇဘုဇဂ၊ ဂန္ဓဗ္ဗာစ၊ သဗ္ဗေရက္ခန္တုမေသဒါ။ (၃ကြိမ်ဆို)

သတ္တာ ဒေဝမနုဿာနံ၊ ဘဝဂ္ဂါမေသီသော၊ မဗ္ဗေဋ္ဌိတ် ဘဂဝ ရေသတ္တာကုဏ္ဍာဝေနေယျ၊ သဗ္ဗေသံ ပုဏ္ဏိဝါဒံ သဗ္ဗဘဂဝန္တိတံ။ (၃ကြိမ်ဆို)

သူရဿတိစ မေမာတာ။ မာတာစမေသူရဿတီ၊ အနုကမ္ပဥပဝါယညာဏံ၊ မေ အမိုတေ ဟိတွံ - ဥုံဘန္တေသူရဿတိ - ပရကဒေဝီ ဖြဟ္မကွာ ဿဝါယနေ၊ ဝိဇာနေယျ မေမိမေ စိရံတိဋ္ဌတုမယ္ယံ ဩဃ မန္တိဗုဒ္ဓဿသာသနေ ပြောင်းကပ်။ (၃ကြိမ်ဆို)

၁။ ဘန္တေဘဂဝါ အမှာကံ ကမ္မံအတ္တဘာဝံ တုမှာကံ ပရိစ္စဇာနမာမိ။ ဣတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဓမ္မသာရတိ၊ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ နမာမိ။

အရဟံအစ၊ ဘဂဝါအဆုံးရှိသော ကိုးပါးသောဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား အကျွန်ုပ်ကိုယ်တွင်းနှိုက် ရာဂအစရှိသော တဆယ့်တပါးသောမီးတို့ကို ငြိမ်းစေခြင်းငှာ မနိုင်းယှဉ်အပ်သော ကျေးဇူးတော်အစုံဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူ သော သဗ္ဗညုမြတ်စွာဘုရား အကျွန်ုပ်လျှုဒါန်းပူဇော်ပါ၏။ မနှိုင်းယှဉ်အပ်သော၊ ကျေးဇူးတော်အစုံ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည်။ အကျွန်ုပ်ဦးခေါင်း ထက်၌ အမြဲတည်တော်မူပါ အရှင်ဘုရား၊ အသက်ထက်ဆုံး သုံးပါးသော သရဏဂုဏ်မြတ်ကို ထိမ်းသိမ်းကိုးကွယ်ပါတော့မည်ဟူ၍။ သစ္စာပြုပြီးလျှင် နံ့က်စောစောကြီး ကတုပ်သုံးပါးသော ဆေးရည်နှင့်သောက်ရမည်။

၂။ ဘန္တေ ဘဂဝါအမှာကံ ကမ္မံအတ္တဘာဝံတုမှာကံ - ပရိစ္စဇ္ဇာနမာမိ။ သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိဿတိကော ဩပနေယျကော ပစ္စတ္တံ ဝေဒိတဗ္ဗောဝိညူဟိ တိ နမာမိ။ ခြောက်ပါးသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော တရားတော်မြတ် အရှင်ဘုရား- အကျွန်ုပ်ကိုယ်တွင်းနှိုက် အဿာသ၊ သဿာသ၊ ထွက်သက်ဝင်သက် အရေအတွက်ကို အမြဲတည် စေခြင်းငှာ မနှိုင်းယှဉ်အပ်သော ကျေးဇူး တော်အစုံဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော၊ မဂ်လေး တန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသော ဓမ္မခန္ဓာအပေါင်း ရှစ်သောင်းလေး ထောင် တရားတော်မြတ်တို့အား အကျွန်ုပ်လျှုဒါန်းပူဇော်ပါကုန်၏။ မနှိုင်းယှဉ်အပ်သော ကျေးဇူးတော် အစုံဂုဏ်တော်မြတ်အပေါင်းနှင့် ပြည့်စုံတော်မူသော မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသောဓမ္မခန္ဓာအပေါင်း၊ ရှစ်သောင်းလေးထောင်သော တရားတော်မြတ်သည် အကျွန်ုပ်နှလုံး၌ အမြဲတည်တော်မူပါအရှင်ဘုရား၊ သုံးပါးသော၊ သရဏဂုဏ်နှင့်တကွ ငါးပါးသော သီလတော်မြတ်ကို မပြတ်ဆောက်တည်ပါတော့မည်ဟု သစ္စာခံ၍ နံ့သာမျိုးငါးပါးရေကို မွှန်းတည်လျှင် သောက်ရမည်။ အကျန်ကို ကိုယ်တွင်လိမ်းလေ။

၃။ ဘန္တေဘဂဝါ အမှာမံ ကမ္မံအတ္တာဘာဝံတုမှာကံ ပရိစ္စဇာနမာမိ။ သုပ္ပဋိပန္နောဘဂဝါတော သာဝကသံဃော။ ဥဇုပ္ပဋိပ္ပန္နော ဘဂဝတော သာဝကသံဃော၊ ညာယပ္ပဋိပ္ပန္နော ဘဂဝတော သာဝက

သံယော။ သာမိစိပ္ပဋိပန္နော ဘဂဝတော၊ သာဝကသံယော။ ယဒိဒံစတ္တာရိပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသောဘဂဝတော သာဝကသံယော။ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိနေယျော၊ အဉ္ဇလိကရဏီယျော။ အနုတ္တရံ ပုညခေတ္တံ လောကဿာတိ - နမာမိ။ ကိုးပါးသော ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော ပရမတ္ထသံဃာတော်အရှင်မြတ်ဘုရား ကျွန်ုပ်ကိုယ်တွင်း၌ ကိုယ်စိတ်နှစ်ပါးကို အမြဲတည်စေခြင်းငှာ မနှိုင်းယှဉ်အပ်သော ကျေးဇူးတော်အစုံ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက် ဤရှစ်ယောက်သော ပရမတ္ထသံဃာတော် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်အစရှိသော အဂ္ဂသာဝက၊ မဟာသာဝကအရှင်အနုရုဒ္ဒါ၊ အရှင်မဟာကဿပအစရှိသော သာဝကပရမတ္ထ သံဃာတော်မြတ်တို့အား အကျွန်ုပ်လျှုဒါန်း ပူဇော်ပါကုန်၏။ မနှိုင်းယှဉ်အပ်သော ကျေးဇူးတော်အစုံ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော ပရမတ္ထသံဃာတော်၊ အရိယာပုဂ္ဂိုလ်သူမြတ်အပေါင်းတို့သည် အကျွန်ုပ်၏နောက်အဘို့၌ဖြစ်သော၊ ကျောကုံးထက်၌ အမြဲတည်တော်မူပါ အရှင်ဘုရား။

သစ္စာခံ၍ နေဝင်လျှင် သရဏဂုဏ်သုံးပါးနှင့်တကွ ငါးပါးသောသီလတော်မြတ်ကို ငါအစိုးရပြီဟူ၍ ဣဿယမူလိ မြစ်ရေသောက်၊ ပြီးလျှင် " ဩကာသ၊ ဩကာသ၊ ခုဒ္ဒကပီတိ။ ခနိကပီတိ၊ ဩက္ကန္တိကပီတိ - ဥဗ္ဗေဂပီတိ - ဖရဏာ ပီတိ။ တည်းဟူသော ငါးပါးသော ပီတိတို့နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား။ အကျွန်ုပ်ကိုယ်တွင်း၌ရှိသော စက္ခုံဒွါရ - သောတဒွါရ၊ ဃာနဒွါရ - ဇိဝှာဒွါရ - ကာယဒွါရ၊ မနောဒွါရ တည်းဟူသော ခြောက်ပါးသောဒွါရတို့၌ ထင်ပေါ်ကျော်စောအောင် တည်တော်မူပါအရှင်ဘုရား။"

ဩကာသ - ဩကာသ - ဥပစာယပီတိ။ အပ္ပနာဝိထိ။ သမာပတ္တိဝိထိ။ လောကုတ္တရာတရားပဥ္စငါးပါးတို့သည် အကျွန်ုပ်၏ကိုယ်တွင်း၌ ထင်ပေါ်ကျော်စောအောင်တည်တော်မူပါအရှင်ဘုရား၊ ဣစ္ဆာရောနေဘန္တေဣစ္ဆာ မေရတ္တိလာတေ - ယထာမူလေ။ ယထမုတ္တမေ - ယေမယုံအာကာသယမာနဥက္ကဋ္ဌေရောနေ ပဋိဂ္ဂဏှာ မဆာရတိ - သံဝရေယာမာတိဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံပူဇေမိ၊ ဒေဝါဒေဝ၊ ဘြိရိဘဂိနိဒုန္နတိပျယ်။ အယန္တိဝ။ "ဝိပဿနာ အစီအရင်ကား"

၁။ တံခိုးကြီးသော၊ အသက်တော်ဝါတော် တထောင်ပြည့်ဘုရား ရှေ့တော်တွင် ဆွမ်းသင်ပုတ်၊ ရေချမ်း၊ ပန်းတံခွန်၊ ကြက်လျှာ၊ နံ့သာပူဇော်၍၊ မိမိကိုယ်ကို ဝတ်ဖြူစင်ကြယ်ဝတ်၍၊ အမွှေးအကြိုင်လိမ်းကျံပြီးလျှင် (ဝါ) ကိုယ်ကိုသန့်ရှင်းစေပြီးလျှင် မွေးနေ့ကစ၍၊ အထက်ပါရွတ်စဉ်များကို ရွတ်ပွား၍ ကျင့်ကြံပါလေ၊ ခုနှစ်ရက်ကျင့် ပါ။ ထိုခုနှစ်ရက်လုံး နေ့ညဥ့်ပွားများပါလျှင် သူတပါးကြံသမျှကို သိရ၏။ အဟောအပြောမှာ မေးလာသူလေ့ခါးသို့ ရောက်လျှင် အားလုံး အကုန်သိရ၏။

၂။ ဒုတိယသုဿန်မှာ ၇ရက်ရှေ့နည်းတူကျင့်ပြီးပါလျှင်၊ သူခပ်သိမ်းတို့ချစ်ခင် လေးစား၏။ လာဘ်လာဘပေါ်များ။ စုံးနတ်ဘီလူး၊ သူတထူးတို့ ကြံ၍မဖြစ်နိုင်ပြီ။

၃။ တတိယလူအရောက်အပေါက်နည်းသော တောကြီး၌ စိတ်ငြိမ်ရာမှာ ၇ရက်၊ ရှေ့နည်းကို နေ့ရောညဥ့်ပါ ကျင့်ကြံအားထုတ်ပြီးပါလျှင် ဣစ္ဆာသယအလိုရှိသမျှ ပြည့်စုံတော့၏။ တောတွင်း

တစ်ယောက်ထဲနေသော်လည်း တောစောင့်နတ်၊ တောင်စောင့်နတ်၊ သမ္မာဒေဝနတ် တို့စောင့်လာ၏။ သစ်ကျားဆင်မြင်းစသော ရန်သူတို့သည် တပည့်သားမြေး အခွေအရံဖြစ်လာတော့၏။ ထမင်း၊ မုံ့သား ငါးစားဘွယ်အလိုရှိသမျှ တောင့်တသော် သမာဒေဝနတ်တို့ပို့လာရ၏။ တောရှိသော ရွှေငွေတို့ကိုလည်း ကြည့်လျှင်မြင်ရ၏။

မှတ်ချက်။ ။လူဖြစ်က ငါးပါးသီလခံလေ။ လောဘမတက်ရ သရဏဂုဏ်နှင့်တကွ ငါးပါးသီလကို အသက်ထက်ဆုံး ဆောက်တည်ပါလေ။ အဓိဋ္ဌာန်သစ္စာပြုပြီးဆောက်တည်ပါလေ။ ဤ ၃ဆင့်ပြီးလျှင်၊ အခြေခံရသည်ဖြစ်၍ ရှေ့အဓိဋ္ဌာန်ကြီး ၉ဆင့်တက်ရ၏။

## ပဌမ အဓိဋ္ဌာန်ကြီးမှာ

၁။ တံခိုးကြီးဘုရားလေးဆယ်ငါးဆူတွင် တဆူတဆူလျှင် ၄၅ရက် အဓိဋ္ဌာန်ဝင်၍ ရှေ့နည်း နံက်၊ ညစွတ်ပါ ကျပ်ကြဲရမည်။ နေ့တွင် ဘုရားဂုဏ်တော်ကိုးပါးကို တပါးလျှင် ၂၇ပတ်နှင့် ၉ပါးအတွက် ၂၄၃ပတ် သိဒ္ဓိတက်၍ ပုတီးစိပ်ရမည်။ ထိုပထမအဆင့်တွင် အဓိဋ္ဌာန်ရက်အတွင်း သမာဒေဝနတ်တို့နှင့် လောကပိဋကတို့ထံ ခါတ်လုံး ဆေးလုံးတခုခုကို တောင်းခံပြီးလျှင် ရရှိပါက ခါတ်လုံးကို စိမ်၍ ဣသာမူလီအမြစ်နှင့် နံ့သာငါးပါးရေနှင့် စိမ်သောက်ရမည်။ ၎င်းအထက်ကဆိုပြီးသော ဂါထာမန္တာန် တို့ကိုရွတ်၍ အဓိဋ္ဌာန်သောက်ရမည်။

၂။ ဒုတိယအဓိဋ္ဌာန်ကြီးမှာ တောကြီးတွင် "ဆယ့်နှစ်လ" တနှစ်တိတိ အဓိဋ္ဌာန်ပြု၍ ၎င်းအထက်ပါ ဂါထာတို့ကို တတွတ်တွတ်တိုးတိုးရွတ်၍ ဝါ သရဏ္ဍယ်၍ နေ့တွင်ရှေ့နည်းတူ ဂုဏ်တော်ပွား၍ နှစ်ယောက်သောဂိုဏ်းချုပ် ပေါက်ဆရာကြီးများ သစ္စာအဓိဋ္ဌာန်ပြု၍ တွေ့အောင်ရှာရမည် တစ်ပါးပါး တွေ့အောင်ရှာရမည်။

၃။ မတွေ့လျှင် တောင်ကြီးမြိုင်ကြီးတွင် တစ်နှစ်အဓိဋ္ဌာန် တတိယအဓိဋ္ဌာန်ကြီးတက်၍ ရှေ့နည်းတူစိတ်ပွား၍ ရှာလေ။ ပဌမပုဂ္ဂိုလ်၊ ဒုတိယ ပုဂ္ဂိုလ် ၊ တတိယပုဂ္ဂိုလ် သုံးယောက်တွေ့အောင် ရှာလေ။ တတိယဆရာတွေ့မှ ပြောလိမ့်မည်။ ကပ္ပကုဒလီဆရာကို မေး၍ရှာလေ၊ ထိုဆရာနှင့် တိုင်ပင်၍ အဆုံးတိုင်အောင်သော ဆေးသစ်ပင်ကို ရှာလေ။ တွေ့သောအခါ နံ့သာမျိုးငါးပါး၊ ဣသယမူလနှင့် သွေးသောက်လေ။ ကပ္ပကုဒလီဆရာမတွေ့သေးကလည်း ထိုအမြစ်နှင့် နံ့သာငါးပါးရေသောက်၍၊ သစ္စာဓိဋ္ဌာန်ပြုရွတ်ပွားရှာလေ။ တွေ့လိမ့်မည်။ ထိုဆရာနှင့်တွေ့လျှင် ၎င်းညကို ဤဆိုခဲ့ပြီးသော ဂါထာမန္တာန်များဖြင့်ရွတ်၍ အဆုံးတိုင်အောင်သော ဆေးသစ်ပင်ကို တွေ့အောင်ရှာကြလေ။ ၎င်းစကားအစဉ်ကို မသိသူမျှမပြောပါနှင့်။ သစ္စာကတိရှိပါ။ အသိမပေးပါနှင့်။

၄။ ဆေးပင်တွေ့လျှင် အဓိဋ္ဌာန်ကြီးဆက်ဝင်၍ ထိုဆေးပင်ကို ထိုဆရာညွှန်ကြားသည့်အတိုင်း ဂါထာမန္တာန်များလည်း မပြတ်ရွတ်ပွား၊ ပုတီးလည်းစိပ်။ ၃၂ရက်စိပ်လျှင် ဒေဝသတ်ခန်း ပိုင်၏။

၅။ အဓိဋ္ဌာန်ဆက်ဝင် မပြတ်ရွတ်ပွားစိတ် ၂လကျော်လျှင် အက္ခရာပိုင်ပြီဟုမှတ်၊ ပိုင်မပိုင်တရား

များကို ကြံကြည့်၊ ပိုင်လျှင်ကြံတိုင်းပြည့်စုံ၏။ ထို့နောက် ၂လလွန်သော် သောတဝိညဉ်သွားခြင်းနှင့် ပြည့်စုံ၏။ အကြားရ၏။ ၂လလွန်၍ ၃လမြောက်သော် အမှုခပ်သိမ်းကိုသိမြင်၏။ ထို့နောက် ၂လစိပ်လျှင် ၁၂နှစ်ကျော်က ဖြစ်ရပ်များ၊ နောက်ဘဝမှ သင်ကြားခဲ့သော အတတ်ပညာတို့ကို တတ်ခြင်း၊ အနုလောမ ပဋိလောမ ရှေ့နောက်ပြန်လှန်၍ သိရခြင်း။ ဝိဇ္ဇာရောက်ခြင်း၊ ဒေဝသိဒ္ဓိ၊ ဒေဝဘုမ္မစိုး၊ တပသီဝိဇ္ဇာနတ်တို့ကျင့်ရာသော အရပ်သို့ရောက်ခြင်း၊ စကားမှန်ခြင်း၊ နိဿယ ပေးခြင်း၊ အကျွကိုပိုင်လေသည်။

၆။ အဓိဋ္ဌါန်ပြီး၆လဆက်ဝင် ရှေ့နည်းတူရွတ်ပွါးစိတ်၊ မနသိဒ္ဓိခဏ်းအပြီးတိုင်အောင်မြင်တော့၏။

၇။ ခုနှစ်လအဓိဋ္ဌါန်ကြီးဝင်ပြန် ခုနှစ်လ ပြီးမြောက်အောင်မြင်လျှင် သောတ၊မာန၊ကာယ၊ ဖေါ်ဌပ္ပတို့ ပြီးမြောက်၏။

၈။ ရှစ်လအဓိဋ္ဌာန်ကြီးဆက်ဝင်၊ ရှေ့အတူရွတ်ပွားစိပ်၊ ဤအဓိဋ္ဌာန်အတွင်း မိန်းမဖျက်တတ်သည်။ ဖျက်သည်ကား များခြေသည်။ အရာဝတ္ထုများကိုတွေ့လျှင် အဘယ်နည်းမေး၍ မယူအပ်သော အမှုကို ယူမိပါလျှင် သစ္စာပျက်၍ ကွယ်တတ်သည်၊ ကျိုးစားပြီး ဆင်ခြင်ပါ။ လာ၍ဖျက်လျှင် ကိုယ့်နည်းဖြင့် ပယ်ရှားတာမရပါက ပယ်ရှားလို့ရသော လှမ်ရမည့်ဂါထာကား ဒေဝ၊ ဒေဝါ၊ တြိဘ ဂိနိ၊ စဋ္ဌာနိ၊ ဒုန္နတိပျယ်၊ အယန္တိဝ ဟူ၍ ကျပတော့ဖြင့် ရွတ်၍ ပကတိအတိုင်းရွတ်၍ လှန်ပစ်လေ။ ဒေဝက္ကတ္တိ - နတ်မိန်းမ၊ ဘုမ္မစိုးမ၍ အလွန်ချစ်ခင်မြတ်နိုး၏။ ကာမဂုဏ်၌ သဲသဲကြွယ်ကြွယ် - သဲသဲမယ်မယ် ဖျက်လာမူ ၎င်းအထက်ပါဂါထာနှင့်လှန်။

၉။ ရှေ့အဓိဋ္ဌာန်ကြီး ၁၀လရှေ့အတိုင်းဝင်။ ၁၀လမြောက်လျှင် တစ်သိန်းနှစ်သောင်း နှစ်ထောင့် ခုနစ်ရာ နှစ်ဆယ့်နှစ်ပါးကုန်သော နိဿယ နည်းများကို ပိုင်တော့၏။ ရှေ့ဆက်လေးဝင်။ ၁၄လ မြောက်သော် မဟာနကပ္ပတောင် ၁၅ရက်အဓိဋ္ဌာန်ဝင်ပြီးကျင့်၊ ထို့နောက် နန္ဒသေနသင်းချိုင်းတောင်နေ တဆယ့်ရှစ်ရက်ကျင့်၊ထိုနောက်ကပ္ပတသမင်းဝံတောင်နေ ဆယ်ရက်ကျင့်၊ထိုနောက် စန္ဒကုမ္ဘိမြင်းခွာတောင်နေ တဆယ်ရက်ကျင့်၊ ထိုနောက်သုနန္ဒာတောင်နေ တဆယ့်နှစ်ရက်ကျင့် ထိုနောက်မဟာသုဒ္ဒရီတောင်ညိုနေ တဆယ့်သုံးရက်ကျင့်၊ထိုနောက်မဟာလိတ္တဝဂ်ဘာတောင် တဆယ့်လေးရက်ကျင့်၊ ထိုနောက်မဟာဒုဒ္ဒရိပေါမဝန်တောင်နေ တဆယ့်ငါးရက်ကျင့်၊မဟာလိ ရှည်တောင် ၁၆ရက်ကျင့်၊မဟာသတ္တဂုဟာတောင် ၁၇ရက်ကျင့်၊ မဟာဩဒိနပုပ္ပါတောင် ၁၈ရက် ကျင့်၊သည်တောင်များကပြီးလျှင်ဝိဇ္ဇာမိုရ်နတ်၊လောကဝိဇ္ဇာ အမှန်ဖြစ်၏။လူဖြစ်လျှင်သော်လည်း နတ်ဝိဇ္ဇာ တံခိုးကို ထင်ရှားစွာရတော့၏။ထိုကဲ့သို့ အကျင့်မှရလာသော ဓါတ်လုံးများကို နံ့သာငါးပါးရေနှင့် စိမ်၍သောက်၊အာယုဒီဃဖြပ်ဟွာအလားကဲ့သို့ အသက်ရှည်ကြာ နေရပါ၏။

ဤပဋိပတ်ကျင့်စဉ် ဝိပဿနာ အစီအရင်ကို သက်တော်ဝါတော်တထောင်ရ တံခိုးကြီးဘုရား၊ သုဿန်၊ တော၊တောင်၊တို့၌ ကျင့်ခွင့်ခဲ့ရင်း၍ မညီညွတ်သေးသော လူရှင်သံဃာတော်တို့မှာ မိမိတို့၏ နေအိမ်၊ ကျောင်း၊ အာဝါသ စသည်တို့၌ပင် နေ့သင့်နံလိုက်ဘုရား ဆင်းတုတော်ကို ဓါတ်တော်သွင်း၍ ဖြစ်စေ၊ သို့မဟုတ် ဘုရားဓါတ်စင်စစ် ပုလင်းနှင့်ထည့်သွင်း၍ဖြစ်စေ၊ မြင့်မြတ်သော နေရာတင်ထား ကိုးကွယ်ပြီးလျှင် အထက်ကဖော်ပြခဲ့ပြီးသော အစီအရင်အတိုင်း ဆွမ်းသင်ပုတ်၊ပန်း၊ ရေချမ်း၊ တံခွန်

ကုဋ္ဌား၊ ကြက်လျှာ ပွဲများစုံစွာ လှူဒါန်းပြီးမှ မွေးနေ့ကစ၍ အထက်ကဖော်ပြပါဂါထာတို့ကို အကုန်အရကျက်၍ နေ့စဉ်မပျက် ဝတ်တက်ဝတ်ကပ်ပြုတိုင်း ဓွတ်ဖတ်သရဇ္ဈာယ်က အန္တရာယ်အမျိုးမျိုးမကောင်းသောအကျိုးတို့မှ လွတ်ကင်းကြလျှက် လူမှာလူ့အလိုက်၊ ရှင်မှာရှင်အလိုက်၊ လောက၌ထင်ရှားသော အမည်သတင်းဖြစ်ပေါ်ခြင်း၊ အလိုရှိအပ် တောင့်တအပ်သော စည်းစိမ်ဥစ္စာ ရတနာတို့နှင့် ပြည့်စုံခြင်း၊ အသက်ရှည်ခြင်း၊ ရောဂါကင်းခြင်း၊ ပညာကြီးခြင်း၊ ဉာဏ်လျှင်မြန်ခြင်း၊ တည်ကြည်ခိုင်ခန့်သောစိတ်ကိုရခြင်း၊ သူတထူးချစ်ခင်လေးမြတ်ခြင်း၊ဘုန်းတံခိုးအထူးသဖြင့် ကြီးကျယ်မြင့်မြတ်ခြင်း စသော လောကသမ္ပတ္တိ အကျိုးအမျိုးမျိုးတို့ကို မုချဆက်ဆက်ပေးတတ်သည်ဟု ဝါးချက်ဆရာတော်ထံ နတ်ဝိဇ္ဇာလာဆက်သော ပုရပိုက်စာတွင် ဖော်ပြသည့်အတိုင်း ယုံကြည်သောစိတ်ထားနှင့်ကျနစွာ ပြုလုပ်ဆောင်ရွက်ကျင့်ကြံကြပါက နှစ်- လမကြာမြင့်မီပင် အကျိုးထူးခံစားရလိမ့်မည်ဖြစ်ကြောင်း ပညာရှိအပေါင်း သူတော်ကောင်းတို့။ သရဏဂုံနှင့်ငါးပါးသီလ ဂုဏ်သစ္စာတို့ကို ကိုယ်တွင်းမြဲပါစေ။ အောင်မြင်ကြပါစေ။

**အထူးမှာချက်** ။ ။နေ့သင့်နံလိုက်ဘုရား ဟူရာ၌ မိမိတို့၏မွေးနေ့နံအသား၊ တြိရန်းအသား၊ စတုရန်းအသားကို ဆိုလိုပါသည်။ တနည်း အမြစ်အညွန့်တွဲသောအသား၊ မိတ်ဘက်အသား၊ ဓါတ်ဘက်အသား၊ အဓိပတိအသား၊ အထွန်းအသားတို့ကိုလည်းယူလေ။ ဆင်းတုတော် ဓါတ်တော်တို့ကို လွယ်ကူစွာမရခဲ့ပါလျှင် မိမိတို့၏အိမ်၊ကျောင်းအဦးတွင် ဘုရားရှင်ကိုယ်တော်စား တစ်ခုခုကိုမှတ်ထား၍ အာရုံပြုပြီးလျှင် အထက်အစီအရင် ဂါထာမန္တာန်အစဉ် တို့ဖြင့် ရက်မှန်နေ့မှန် ပြုကျင့် နိုင်ပြန်က သူဆင်းရဲသော်မှ သူဌေးခေါ် ရပါမည်။ အနည်းဆုံးငါးနှစ် မှန်မှန်ရွတ်ပွားပါ။ အကျိုးအနန္တကြီး ပျံ့နှံ့ယ်လှပေ၏။

**မှတ်ချက်** ။ ။ အထက်ပါဂါထာ မန္တာန်တို့၏ အနက်ကို မရေးလိုက်ပြီ။ နောင်အကြောင်းညီညွတ်မှ ရေးသားပါမည်။ ဦးသံဝရ သိဒ္ဓိ၏ကျင့်စဉ်က ဤတွင်ပြီးဆုံး၏ ဟုမှတ်လေ။ ထိုစာအုပ်မှာ ဆိုင်းတန်းမန္တလေး ပညာသိဒ္ဓိစာ ပုံနှိပ်တိုက်က ၁၂၈၃ ခုနှစ်မှာရိုက်သော စာအုပ်ကလေးဖြစ်၏။

၁၃၃၀ ခု ဝါခေါင်လပြည့်ကျော် ၁ ရက် - အာရုဏ်၌ ပုတီးစိတ်နေရင်း မှေးကနဲဖြစ်သွားခိုက် ခမ်းနားသော တိုက်ကြီးတစ်လုံးကို တွေ့ရ၏။ ထိုတိုက်ကြီးက တပြလောက်ရှိမည်ထင်၏။ အထပ် ၃ ထပ်ရှိ၏။ အထက်ထပ်သို့လူတစုနှင့် တက်သွား၏။ အောက်ထပ်တွင် ဦးထွန်းကိုတွေ့၏။ သားသားနားနား ဝတ်ထား၏။ သူကပြောသည်မှာ ရန်အပေါင်းကို ရှောင်ခဲ့ပြီးမှ ဤတိုက်ကြီးကို တက်လာကာ စေ့စေ့စပ်စပ်နှင့် သေသေချာချာ ကြည့်ပါ။ မကောင်းသူများကောင်းလာအောင် ဒုတ်၊ ဓါး၊ သေနတ် လက်နက်များ မသုံးဘဲ မေတ္တာဓါတ်ဖြင့် အသုံးပြုပါ။ မေတ္တာညို့ဓါတ်ရပါလျှင် မည်သည့်သတ္တဝါမှ ရန်ပြုကြမည် မဟုတ်ပါ။ မေတ္တာညို့ဓါတ် လွန်ပြန်လျှင်လည်း ကာမနယ်ထဲသို့ ကျွံဝင်သွားတတ်တယ်။ အသိကလေးနဲ့ သုံးပေါ့ကိုယ်တော်။ သူ့စကား နားတောင်မှတ်သားပြီး တဆင့်တက်သွား၏။ ဦးကျော်ငြိမ်းနှင့်တွေ့ပြန်၏။ ဦးကျော်ငြိမ်းက အရှင်ဘုရား ကြွလာပါသလားဘုရား၊ ဟုတ်ပါတယ်ဒကာ၊ အရှင်ဘုရား အထက်ဆုံးအထပ်ကို တက်မှာလားဘုရား။ ဟုတ်ပါတယ်။ ဒီလိုဆိုရင် တပည့်တော်သတိပေးစကား ပြောလိုက်ပါရစေဘုရား။ ပြောပါဒကာ၊ ပြောပါ။

လူတိုင်းလူတိုင်းတို့၏သဘောမှာ တန်ခိုးရှိလာလျှင်၊ အာဏာရှိလာလျှင် တရားလက်လွှတ် ကိုယ်ထင်တဲ့ဝါဒ အယူကိုစွဲပြီး လုပ်တတ်တယ်။ သတ္တဝါများကိုလည်း နိုင်ထက်ကလူ ပြုလုပ်တတ်ကြတယ်။ ဒါဟာ သတ္တဝါတို့ရဲ့ သဘာဝဘဲကိုယ်တော်။ ရဟန်းဖြစ်လျှင် ရဟန်းကျင့်ဝတ်သီလနှင့် ပြည့်စုံရမယ်။ လူဖြစ်လျှင်လည်း ငါးပါးသီလ ကိုယ်ကျင့်တရားနှင့် ပြည့်စုံရတယ်။ မင်းဖြစ်လျှင်လည်း မင်းကျင့်တရား ဆယ်ပါးနှင့်ပြည့်စုံရတယ်။ ဘယ်လောက် ပင်ထွင်၍ ပစ္စက္ခသတ္တဝါများနှင့် ကိုက်ညီအောင်ဆိုပြီး အယူအဆသဘောများနှင့်ပြုလုပ်သော်လည်း "အသစ်ဘယ်လိုကောင်းကောင်း အဟောင်းကိုတော့ တလယ်လယ်" လို့ဆိုတဲ့အတိုင်း ရှေးဟောင်းလမ်းစဉ်ကို ပြန်ရောက်တာဘဲ၊ အဲဒါကြောင့် ရှေးသူတော်ကောင်းလမ်းကိုသာ တည့်တည့်မတ်မတ်လိုက်ပါကိုယ်တော်။

ကောင်းပါပြီတကာဆိုပြီး ကျွန်ုပ်လည်း အထက်ထပ် တက်သွား၏။ မျက်နှာပုံ၊ ဝတ်ပုံတူသော လူတစ်စုနှင့်အထက်ဆုံးအထပ် တက်သွား၏။ ရောက်သောအခါ အခန်းများမတွေ့ရ။ သတ္တဌာန ဘုရား၇ဆူ သွားရာလမ်း၊ အောင်ခြင်းရှစ်ပါးဘုရား သွားရာလမ်း၊ နှစ်ကျိပ်ရှစ်ဆူ ရှစ်ကျိပ်ရှစ်ဆူ ဘုရားများ သွားရာလမ်းများကို တွေ့ရ၏။ ကျွန်ုပ်နှင့်ပါလာသော လူထုမှာ သတ္တဌာနကို အရင်သွားဖူးရအောင်ဆို၍ သတ္တဌာန လမ်းမကိုလျှောက်ပြီး မဟာဗောဓိပင်ဘုရားစ၍ ဖူးကြ၏။ နောက်ဆုံး ဖူးရသောဘုရားမှာ အတုမရှိ မုနိမြတ်စွာ၊ မဟိဒ္ဓိဘဂဝါတေစိန္တေပဟု ဘွဲ့တော်ကို မြကျောက်ကြီးကို စာလုံးထွင်း၍ ရေးထား၏။ စာလုံး၏ အနေအထားမှာ ငါးလုံးလောက်ရှိ၏။ စာလုံးများကို ရေကြည့်တော့ ၁၈လုံးရှိ၍ နဝင်းဘုရားကြီးဘဲဟု မှတ်ချက်ချ၏။

ဘုရား၏ဉာဏ်တော်မှာ ဗောဓိရိုး တင်ပလ္လင်ခွေ ၉ တောင်လောက်ရှိသောကိုယ်တော်ကြီး အရှေ့ဘက်သို့ မျက်နှာမူထား၏။ ရောင်ခြည်တော် ခြောက်ဖြာတို့ကလည်း မြတ်စွာဘုရားကိုယ်တော်မှ အလိုလိုထွက်တော်မူနေ၏။ ကျွန်ုပ်က ဝတ်ချ၍ ရှိခိုးလိုက်သောအခါ "ငါ-အတုမရှိ မွန်မြတ်စွာ မဟိဒ္ဓိဘဂဝါ စော စိန္တေယျာ" သည် ငါ၏ချစ်သား ဝါယမကို ငံ့တော်မူတာ ကြာလှချေပြီ။ ယခုမှပင် တွေ့ရချေ၏။ ငါသည်အသင်၏ ခန္ဓာကိုယ်ထဲ ကိမ်းဝပ်လိုတော်မူ၏ဟု မိန့်တော်မူပြီး ထိုဘုရားမှ ဘုရားတဆူခွဲထွက်၍ ကျွန်ုပ်၏ကိုယ်ထဲ ဝင်ကြွတော်မူ၏။ ကျွန်ုပ်သည် သိမ့်ကနဲ၊ ငြိမ့်ကနဲဖြစ်သွား၊ မိန်းမောသလို ဖြစ်သွား၏။ သတိရလာလို့ မျက်စိဖွင့်ကြည့်လိုက်သောအခါ ကျွန်ုပ်၏ အိပ်ရာပေါ် မှာဖြစ်နေ၏။

ကျွန်ုပ်လည်း အိပ်ရာမှထခါ နာရီကြည့်လိုက်တော့ ၁နာရီ ထိုးနေတာတွေ့ရ၏။ ဓါတ်ခန်းထဲ ပြန်ဝင်လာ၏။ ကျွန်ုပ်ပုတီးထိုင်လျက်သား တွေ့ရ၏။ ပုတီးထိုင်နေသော ကျွန်ုပ်ကလည်း ထနေသော ကျွန်ုပ်ကိုသိ၏။ ထနေသော ကျွန်ုပ်ကလည်း ထိုင်နေသော ကျွန်ုပ်ကိုသိ၏။ နှစ်ကိုယ်နှစ်စိတ်ဖြစ်နေ၏။ ဩော် ဒါဘယ်လိုဖြစ်တာလဲ။ ထိုင်နေသောကျွန်ုပ်က စဉ်းစားသောအခါ ထနေသော ကျွန်ုပ်ကလည်း စဉ်းစား၏။ ဘယ်ဟာ ကျွန်ုပ်ကိုယ်အစစ်ရယ်လို့ မဝေခွဲနိုင်အောင် ဖြစ်နေ၏။ ထိုအခိုက် ပုဂ္ဂိုလ်တပါး ကြွလာပြီး အသင်တို့သမာဓိအာရုံ ရုပ်နှစ်ပုံဖြစ်နေတာကို တပုံတည်းဖြစ်စေဟု ထိုပုဂ္ဂိုလ်ရဲ့လက် နှစ်ဖက်ဖြင့် တပုံနှင့်တပုံကို ကိုင်ပြီး ပူးလိုက်တော့မှ ကျွန်ုပ်၏ရုပ်တရုပ်ထဲ ဖြစ်သွား၏။ ထိုအခါကျမှ ပုတီးစိပ်နေရာမှ ထပြီး အလွန်ထူးဆန်းအံ့ဩဘွယ် သဘောတရားများစဉ်းစားပြီး ဤဖြစ်ရပ်ကို မှတ်တန်းတင်ထားလိုက်ပါတော့၏။ ဤသည်ကား မဟိဒ္ဓိသဘောဖြစ်၏။

ဝါခေါင်လပြည့်ကျော် ၂ရက်စနေနေ့ အာရုဏ်တက်ခါနီးအချိန်လောက်မှာ အိပ်မက်၏။ ကုဋီကိုသွားသော ကျွန်ုပ်ကျောင်းကတံတားသည် အနောက်ဆောင်နားတဖြတ်၊ ရေတွင်းနားကတဖြတ်၊ ကုဋီဘက်ကတဖြတ် ပေါင်း၃ ဖြတ်ဖြစ်နေ၏။ အနောက်ဆောင်နှင့် ရေတွင်းနားအဖြတ်ကို ၈လက်မလောက်အပြားနှင့် ဆက်ထား၏။ ကျွန်ုပ်လည်း ကုဋီသွားရန် ထိုဆက်ထားသောအပြားပေါ် လျှောက်သွား၏။ ရေတွင်းနားကဆက်ထားသော တံတားပေါ် ရောက်သွား၏။ ရှေ့ဆက်သွား၏။ ကုဋီနားမှာက ပြတ်ပြတ်နေ၍ မသွားနိုင်ဘဲ ဖြစ်နေ၏။

ထိုတံတားများအပြတ်ပြတ် ဖြစ်နေခြင်းမှာ ဦးဘဖုံးဆိုသောသူက ကျွန်ုပ်ကိုမပြောဘဲနှင့် ဖျက်ယူပြီး ရေတွင်းပျက်နားမှာ ကောက်ရိုးစင်ကြီး ၃ခန်းပတ်လည် ဆောက်ထား၏။ ကောက်ရိုးများတင်ထားတာတွေ့ရ၏။ ကုဋီကိုလှမ်းကြည့် ကုဋီလည်းမတွေ့ရ ကျင်ကြီးလည်း မစွန့်ချင်တော့ ပြန်လာပြီး မဖုံးတို့အိမ်ဘက် ဆွမ်းခံသွား၏။ မိန်းမမွန်မွန်ရီရီ ဝဝလှလှ တစ်ယောက် တစ်ကိုယ်လုံး ပူးကပ်ပြီး ဆွမ်းလောင်း၏။ ဒန်ဗူးထဲလည်း ရွှေဒင်္ဂါးပြားများ ထည့်လောင်း၏။ ရွှေဒင်္ဂါးပြားလည်းပါ၏။ ရွှေလုံးများလည်းပါ၏။ ထိုမိန်းမက ပြောသည်မှာ ယောကျ်ားများကို နှောက်ယှက်တာမိန်းမဘဲ၊ မိန်းမများကိုနှောက်ယှက်တာယောကျ်ားဘဲ၊ သူတို့နှစ်ဦး မနှောက်ယှက်ကြဘဲနှင့် အကူအညီပေးကြလျှင် ဘယ်လောက် အလိုခပ်သိမ်းပြီးမလဲလို့ဟု ပြောပြီး ကျွန်ုပ်ကိုပြုံးကြည့်၍ သူ့အိမ်ထဲဝင်သွား၏။

ကျွန်ုပ်လည်းရှေ့ဆက် ဆွမ်းခံသွား၏။ ပိုးထမီအဝါများကိုဝတ်သော မိန်းမနှစ်ယောက် သုံးယောက်က သူတို့ဖာသာသူတို့ ပြောကြသည်မှာ တရားကျင့်ကြံနေသော ပုဂ္ဂိုလ်များတွေ့ရင်တော့ ရင်းနှီးအောင် ဆည်းကပ်ကိုးကွယ်ပြီး သားဆုပန်ချင်တယ်အေ - ညီးကလည်း ဘုန်းကြီးထံ သားဆုပန်ရမလား။ နတ်ကြီးတဲ့ညောင်ပင်ကြီးများ မန္တလေးတောင်က ခြင်္သေ့ကြီး ၂ကောင်တို့ စစ်ကိုင်းက ခြင်္သေ့ ၁၀ဘုရားတို့ သားဆုပန်လျှင် ရသားဘဲအေ - အဲဒါတွေ မသေချာဘူးအေ့ - ဘုန်းကြီးကိုလိုသမျှ အာရုံပေးပြီးတော့ သားရချင်တာပြောတာအေ - ညီးဟာကလည်းအေ သူတော်ကောင်း ဖျက်ဆီးရမယ်လို့ တစ်ယောက်သောမိန်းမက ဝင်ပြောပြန်သည်မှာ ညီးကလက်စသတ်တော့ မာန်နတ်သမီးသုံးယောက်ရဲ့ညီမနဲ့တူတယ်။ အောင်မယ် မစပ်မအပ်အေ - ငါကလွယ်လွယ်နဲ့ သူဌေးဖြစ်အောင် ကျန်တာအေ့ဟု ပြောပြီး သူတို့သုံးယောက် အူလံပတ်လံရီကြတော့၏။

ထိုအခိုက် သူတို့အိမ်ပေါက် ကျွန်ုပ်ကဆွမ်းဝင်ရပ်၏။ ထိုမိန်းမသုံးယောက်က ပြိုင်တူထ ရှိခိုးကြပြီး - တပည့်တော်မတို့သုံးယောက် ပြစ်မှားမိသမျှဝန်ချပါတယ်ဘုရား။ အရှင်မြတ်လို ပုဂ္ဂိုလ်ကို မည်သူတဦးတယောက်ကမှ တုံလှုပ်ခြောက်ခြားခြင်းငှာ မစွမ်းနိုင်ပါဘုရားဟုပြောပြီး ပုတီးသုံးကုံး လှူလိုက်ကြ၏။ ထိုအခိုက် တုံးကြီးခေါက်သံကြားတာနှင့် ကျွန်ုပ်လည်းနိုးလာ၍ မျက်နှာသစ်၊ ဘုရားဝတ်တက်ပုတီးစိပ် မေတ္တာပို့ အမျှဝေပြီး ဤမှတ်တမ်းကို ရေးလိုက်၏။ ထိုအိပ်မက်သဘောမှာ ဂုဏ်တော်သုံးဆင့်ပြီးမြောက်ကြောင်း သဘောတရားများပြထားသောလိုရင်းဖြစ်၏။ ထိုနေ့က အရ- ဟံမွေခန္ဓာ ၈၄၀၀၀ ပြီး၍ မြေခတတ်တက်သောနေ့ဖြစ်၏။

ဝါခေါင်လပြည့်ကျော် ၇ရက် ကြာသပတေးနေ့ နေ့ဖိုထိုရင်းခေတ္တနားပြီး လျောင်းလိုက်၏။ အိပ်ပျော်သွား၏။ အိပ်မက်သည်မှာ ခွေးကလေးတစ်ကောင် အကောင်းပကတိက လက်ပြတ်သွား၏။

ထို့နောက် လျှာပြတ်သွား၏။ ထိုခွေးကလေးမှာမသေဘဲ ဟိုပြေးသည်ပြေး ပြေးနေ၏။ ကျွန်ုပ်လည်း ထိုခွေးကလေးကို ဖမ်းယူပြီးလက်ပြတ်တာကို လက်ပြန်ဆက်ပေးလိုက်၏။ လျှာပြတ်တာကို လျှာပြန်ဆက်ပေးလို့ ဂါထာမန်း၍ ဆက်ပေးလိုက်၏။ မန်းသောဂါထာကား ဗုဒ္ဓဿ လောကစမ္မေဟိ စိတ်ယဿနကမ္မတိ အသောကဝိရာဇံခေမံ ဇော်မင်လမုဋ္ဌမံ ဖြစ်၏။ ထိုခွေးက အကောင်းပကတိဖြစ်ပြီး အိပ်သွား၏။

အိမ်က ဇရပ်ပြောင်းရွှေ့နေကြ၏။ကျွန်ုပ်တို့၏အရပ် အနောက်ပိုင်းမှာ စစ်တိုက်နေခြင်းကြောင့် ဖြစ်၏။ ဗမာစစ်သားများနှင့် ဗမာအရပ်သား ပူးပေါင်းပြီး တစ်ဖက်ကရန်သူကို ပြင်းပြင်းထန်ထန် စစ်တိုက်နေကြ၏။ ဘုန်းတော်ကြီးများကလည်း စစ်ပွဲဖြစ်နေကြသော်လည်း ဆွမ်းခံမပျက်ပေ။ လက်နက်များကို အရေးမစိုက်ကြ။ ကျွန်ုပ်လည်း ထိုစစ်ပွဲကိုသွားကြည့်လေ၏။ တစ်ဖက်နှင့်တစ်ဖက် ဖြစ်နေခြင်းကြောင့် ကျည်ဆံကျသောနေရာများက ဖုန်ခိုးတွေထနေ၏။ တစ်ဖက်ရန်သူကို လှမ်း၍ မမြင်ရပေ။ ပစ်နေသောအသံသာ ကြားရ၏။ ကျွန်ုပ်စိတ်ထဲတွင် ဘယ်နှယ် မီးခိုးများထရမည့်အစား မီးခိုးမထဘဲ ဖုံခိုးများထနေပါသလားဟု အောင့်မေ့ ၏။ တကာတစ်ယောက်လာနှိုး၍ နိုးလာ၏။ ထိုတကာနှင့် စကားပြောဆိုပြီးတော့မှ ဤမှတ်တမ်းကိုရေး၍ မြေခတ်နမိတ်ပြကြောင်းဟု မှတ်တမ်းတင်လိုက်ပါ၏။

ဝါခေါင်လပြည့်နေ့က "သံဃာယနာအခါတော်နေ့နှင့် မေတ္တာအခါတော်နေ့" ပြုလုပ်ပြီး မိုးလင်းဝတ်တက်ကြ၏။ အခါတော်နေ့က လပြည့်နေ့ညမှာ ကျင်းပ၏။ လူ ၂၀၀ကျော် လက်ဘက်၊ ချင်းသုပ်တို့ဖြင့် လက်ဘက်ရည်တိုက် သံဃာတော်များအား ညချင်း၊ ရှာလပတ်ရည်တိုက်၏။ ကျွန်ုပ်ကတရားဟော ည၁၀နာရီပြီး၏။ ဝတ်ကြီးတက်က အလင်းတက်ကြ၏။ ထိုနေ့ကစ၍ ၉ရက်တိုင်တိုင် ပိဋကတ်သုံးပုံ၊ ကျမ်းဦးဂါထာများကို ရွတ်ဖတ်၏။

ဝါခေါင်လပြည့်ကျော် ၈ရက်နေ့ ရှင်အရိယာဝံသထံသွား၏။ ပိဋကတ်သုံးပုံ ကျမ်းဦးဂါထာများ၊ ပုဒ်များ ရွတ်ဖတ်ကြောင်းပြော၍ သူလည်းလိုချင်ပါကြောင်း ပြောသဖြင့် ကျွန်ုပ်ကရွတ်ပြ၊ သူကကူးယူ၏။ ထိုပုဂ္ဂိုလ်၏လက်ရေးများမှာ အသတ်၊ အတင်၊ အငင်အဆွဲ အလွန်ညီညွတ်၏။ သတ်ပုံလည်း မှန်ကန်လှ၏။ အင်း - ဒါကြောင့်လည်း ပေါက်ပေတာကိုးဟု မှတ်ချက်ချလိုက်၏။ ထိုအခါ ရှင်အရိယာဝံသက ကိုယ်တော်က တပည့်တော်လက်ရေးကြည့်ပြီး ဒါ့ကြောင့်လည်း ပေါက်ပေတာကိုးဟု မှတ်ချက်ချနေတာ ဟုတ်ပါတယ်ဘုရား။ ဘာထူးလို့လဲကိုယ်တော် - ကိုယ်တော်လည်း ပေါက်တဲ့ပုဂ္ဂိုလ်ဘဲဥစ္စာဟု ဘိုးဘိုးအောင်က ဝတ်ထားသော ရှင်အရိယာဝံသ ရဟန်းတော်က ဤကဲ့သို့ ကျွန်ုပ်ကို ပြန်ပြောလိုက်တော့ ကျွန်ုပ်က တပည့်တော်တို့က ပေါက်တယ်ဆိုပေမဲ့ ဘာမှထူးခြားသေးတယ် မဟုတ်သေးပါဘူး။

အရှင်မြတ်တို့ကတော့ အလွန်ထူးဘဲဟု ပြောလိုက်သောအခါ ဒါကတော့ အကျင့်ရှိလာလျှင် ဖြစ်လာတာပါဘဲ။ မဂ်ဆိုက်ဖိုလ်ဝင်ဖြစ်နိုင်တဲ့ ပရမတ္ထသစ္စာ အသိဉာဏ်ရဖို့က ပိုပြီးခက်ပါတယ်။ တန်ခိုးတို့ ဘာတို့ဆိုတာ အရှင်ဘုရားအသိဆုံးဘဲ။ လောကီအသိဉာဏ်ရ ပုဂ္ဂိုလ်များလည်း ရတာဘဲဥစ္စာ။ ကျွန်ုပ်တို့စကားအရ ကောက်ကြည့်လိုက်သည်မှာ အရှင်ဘုရားက ယခုဘဝနှင့်ပင် မဂ်ဆိုက်အောင် ကျင့်နေတာလားဘုရား။ ဘုရားတပည့်တော်က လေးမဂ်လေးဖိုလ်လောက် ဘယ်ဟာမှ မခဲရင်းကြောင်း

ပြောနေတာပါဘုရား။ တပည့်တော်တို့က သတ္တိကောင်းတဲ့လူတွေဆိုတော့ ဆုတောင်းခံတာနှင့် မဂ်ဉာဏ်ကမရနိုင်သေးပါဘူး၊ ပါရမီဖြည့်ရမှာ ဖြစ်တာပါဘဲဘုရား။ အရှင်ဘုရားတို့ကလည်း ဖြဟ္မာနည်းနဲ့ အသက်ရှည်ပြီး ပါရမီ ဖြည့်နိုင်တာပါဘုရားဟု ကျွန်ုပ်ကပြောသောအခါ သူကပြန်ပြောသည်မှာ - အနု ၅၀၀ ရင့်မှာတစ်ကျိပ်ကတော့ ဖြဟ္မာနှင့် စားလို့ရမှာ မဟုတ်သေးဘူးထင်တယ်။

ဒါကတော့ အရှင်ဘုရားအထင်ကိုး။ ဘုရားတပည့်တော်အရကတော့ အနု ၅၀၀ကတော့ ပြီးမယ်ဆို ပြီးလောက်ပါတယ်၊ ဘဝသံသရာမှာ ကြာရှည်စွာလည်ခဲ့ရတော့ မဖြစ်ဘူးတဲ့ သတ္တဝါရယ်လို့ ရှိတာမှ မဟုတ်ဘဲဘုရား။ ထို့ကြောင့် အရှင်ဘုရားတို့လိုပုဂ္ဂိုလ်ဟာ ရင့်မှာတစ်ကျိပ်သာ ဖြည့်ရဖို့ ရှိတယ်လို့ ထင်မိပါတယ်၊ ဒီလိုရှိတယ်ကိုယ်တော် - တပည့်တော်တို့ ဂေါတမဘုရားအလောင်းဟာ ဝိဇ္ဇာဘဝ ဘုရားတစ်ဆူထံ ဗျာဒိတ်ခံယူခဲ့ရကြောင်း ဗုဒ္ဓဝင်မှာ ဖတ်ခဲ့ဖူးတယ်ကိုယ်တော်၊ အဲဒီလိုများ ဆိုရရင်တော့ အနု၅၀၀ ဖြည့်ရဦးမယ်ကိုယ်တော်။ ဒီလိုလည်း ဖြစ်နိုင်ပါတယ်။ ဒါ့ထက်စကားစပ်လို့ ပြောရဦးမယ် ဘုရား။ အရှင်ဘုရားတို့လို ပုဂ္ဂိုလ်တွေဟာ များသောအားဖြင့် ဘုရားဆုပန်တွေလို့ သုံးပုံနှစ်ပုံလောက် မှန်းနိုင်စရာအကြောင်း ရှိပါတယ်ဘုရား။ အင်း - ဒီလိုဆိုရင်တော့ ဘုရားအလောင်းတော်များ မြောက်မြားစွာရှိနေတာဘဲလို့ဆိုပြီး ပါရမီနုကြတဲ့ သတ္တဝါများအဖို့ အားတက်စရာပေါ့ဘုရား စသည်ဖြင့် အလ္လာပ သလ္လာပ ပြောဆိုကြပြီး အင်းဖက်ရောက်သွားကြပြန်၏။ အင်းအကြောင်း ဆွေးနွေးကြပြန်၊ ထိုကဲ့သို့ ဆွေးနွေးကြသောအထဲမှ အချက်ကျစကားများကိုသာ မှတ်သားထားလိုက်၏။

၁။ အင်းနှင့်ပတ်သက်လို့ မှတ်သားချက်မှာ ခင်ပျော်ရေးသားတော်မူသော အင်္ဂဝိဇ္ဇာကျမ်းမှ အင်းကျိုးခြင်း၊ ကန်းခြင်းစည်းကမ်းများမှာ မှန်ကန်ကြောင်း

၂။ သမာဓိရှိပြီးသောသူအဖို့မှာ အင်းချမည့်ဂါထာကို ရွတ်နေပြီး အင်းဘောင်တားခြင်း စာသွင်းခြင်း ပြုလုပ်ကလည်း ဖြစ်မြောက်နိုင်ကြောင်း ဂါထာကို ချမည်မဟုတ်ဘဲ ဂဏန်းသွင်းမည်ဆိုပါက အရဟံဂုဏ်တော်ဂါထာ၊ သုဂတောဂုဏ်တော်ဂါထာများကို ရွတ်နေပြီး ဂဏန်းသွင်းခြင်း၊ အင်းပေါင်းသားခြင်း ပြုလုပ်က ပို၍ ထက်မြက်နိုင်ခြင်းဖြစ်ကြောင်း။ ဤအချက်နှစ်ချက်ကို အရှင်အရိယာဝံသခေါ် ဘိုးဘိုးအောင်ထံမှ မှတ်ယူလိုက်ပါ၏။ ညနေ လေးနာရီခွဲလောက်မှ ပြန်လာ၏။ ကျောင်း ၇ နာရီလောက်ရောက်၏။ မြင်းလှည်းနှင့်ပြန်၍ မြင်းလှည်းမှ ရထားစီးလာရခြင်းကြောင့်ဖြစ်၏။

၁၃၃၀ ခု ဝါခေါင်လဆန်း ၉ ရက်၊ စနေနေ့ည အိပ်မက် - ကျွန်ုပ်သည် စင်အမြင့်ကြီးတစ်ခုပေါ် သို့တက်ရန် ကြိုးစားသော်လည်း တစ်ဝက်လောက်သာရောက်၏။ စင်ထိပ်ရောက်ရန် ၃ တောင်လိုသေး၏။ စင်ပေါ် ကရှိသောသူများက ကြိုးချပေးပြီး ကျွန်ုပ်ကိုဆွဲတင်ကြ၏။ လူ ၃ယောက်က ဆွဲတင်ကြ၏။ အမျိုးမျိုးဆွဲတင်ကြသော်လည်း အထက်ရောက်မှာ ၃ တောင်လောက်သာ လို၏။ ကျွန်ုပ်သည် ကြိုးများကို ဖယ်လိုက်ပြီး ဇွတ်အတင်းဆွဲတက်သော်လည်း ၃ တောင်လောက်သာလိုနေ၏။ အထက်ကို မော့ကြည့်လိုက်သောအခါ လူ ၃ယောက်အပြင် ဘုန်းတော်ကြီးတစ်ပါးကိုပါတွေ့ရ၏။ ထိုဘုန်းကြီးတစ်ပါးကပြောသည်မှာ အချိန်တန်လျှင် အလိုလိုရောက်မှာပါ။ ကြိုးစားနေပေမဲ့ ရမှာမဟုတ်ပါဘူး။

မကြိုးစားပါနဲ့ဟု လှမ်းပြောတော့မှ ကျွန်ုပ်ကမတက်တော့ဘဲ လျှော့လိုက်၏။

ဝါခေါင်လဆန်း ၁၀ရက်နေ့တွင် မြေဓာတ် ၂၇၁၈၅၀ ရ၍ မြေဓာတ်မှအပို ၅၀၀၀ ယူပြီး ရေဓာတ်တက်၏။ ည ၁၀ နာရီမှာတက်၏။ တညလုံး ဖယောင်းနှင့်ဓာတ်မီးများ ပူဇော်ထား၏။ ည ၁ချက်ထိအောင် ပုတီးစိပ်၏။ ဝါခေါင်လဆုတ် ၁၀ရက်၊ တနင်္လာနေ့ည အိပ်မက်၏။ အသားညိုညို လူခန့်ကြီးကြီးတစ်ယောက်က ကိုယ်တော် ဆေးခြောက်မယ်ကို ဖော်ရမယ်။ သုံးမယ်တော့ဖြင့် ပြောမယ်၊ ကိုယ်တော့်သဘောနှင့်ကိုယ်တော်ရှာပေါ့။ ကောင်းပါပြီတကာကြီး၊ တောင်မင်းကြီးဘုရား သွားပြီး တရားထိုင်ကိုယ်တော်၊ အသိထူးလာမယ်ကိုယ်တော်။ အောင်ခြင်းရှစ်ပါးဆရာတော်ဘုရားကလည်း ကိုယ်တော့်ကို ထွက်တော့မယ်လို့ အမိန့်ရှိတယ်။ ကိုင်း . . သွားလိုက်ဦးမယ်ကိုယ်တော် ဆိုပြီးထွက် သွား၏။ နံနက် ၅ နာရီ၊ ပုတီးစိပ်ပြီးမေတ္တာပို့၊ ဓာတ်ခန်းထဲတွင်စိပ်၏။ တရားထိုင်နေသောနောက်က ရေများကျလာ၏။ ရေဓာတ်သဘောပြတာဖြစ်၏။ နံနက်ယာဂုသောက်ပြီး တောင်မင်းကြီးဘုရား၊ ဆုတောင်းပြည့်ဘုရား၊ ကြေးဘုရားကြီး၊ နဂါးရုံ ပုထိုးတော်ကြီး၊ ဂူကြီး၊ အောင်မြေဘုရားများ ပုတီးသွားစိပ်၏။

ဝါခေါင်လဆုတ် ၁၂ ရက်၊ အင်္ဂါနေ့ နေ့လည် - ဓာတ်ခန်းထဲ တရားထိုင်တော့ ကိုယ့်ကိုယ်ကို နှစ်ကိုယ် ထင်ထင်ရှားရှားမြင်တွေ့ရ၏။ ဝါခေါင်လပြည့်ကျော် ၁၃ ရက် ၊ ဗုဒ္ဓဟူးနေ့ - နေ့တရားထိုင် ဓာတ်ခန်းထဲတွင် လင်းကနဲ ဖြစ်သွားပြီး အာရုံပေါ်လာသည်မှာ ငါးနှစ်ကောင်၊ ကလနားအနီရစ်နှင့် ဖြူဖွေးနေ၏။ ငါးအရပ်က ၉လက်မလောက်ရှိ၏။ ကန်တော့ပွဲများပေါ်လာ၏။ ပန်းအနီများဖြင့် ထိုးထား၏။ ပန်းအနီပွင့်များ ကန်တော့ပွဲဖုံးအုပ်နေအောင်ပြည့်နေ၏။ အဖြူပွင့်များကလည်း အနည်းအကျဉ်း ပါ၏။ ကန်တော့ပွဲနေရာမှာလည်း ထိုပန်းပွင့်များက ပန်းပင်များကဲ့သို့ ရှင်နေ၏။ ထိုအာရုံများကို ဖျောက်ပြီးပြန်ထိုင်၏။

ပုတီးထိုင်ပြီးသောအခါ ပက်လက်ကုလားထိုင်ကြီးပေါ်မှာထိုင်၍ ပက်လက်လှန်မှေးနေလိုက်၏။ ကုလားထိုင်ပေါ် ထိုင်တဲ့ပုံအတိုင်း အတောင်၃၀လောက်၊ ဘုရားကြီးတစ်ဆူ ချောင်းကလေးကို ကျော်ပြီး တံတားကဲ့သို့ ပြုလုပ်ထား၏။ ကလေးများ ထိုဘုရားကြီးပေါ် လျှောက်သွားကြ၏။ ကျွန်ုပ်က ဘုရားကြီး ပေါ်မလျှောက်ဝံ့၍ ဘေးကလျှောက်သွား၏။ ထိုဘုရားကြီးက ကျွန်ုပ်၏ကိုယ်ကြီးဖြစ်နေ၏။ အပြင်ဘက် က တံခါးပုတ်သံကြား၍ သတိရလာမှ ထိုအာရုံပျောက်သွား၏။ ဝါခေါင်လကွယ်၁၄ရက် ကြာသပ တေးနေ့ အာရုဏ်ထ၍ ဘုရားဝတ်တက်၊ ပရိက်ပြုပြင် ပုတီး ၁၀၈ ပတ်စိပ်၏။ ဆွမ်းစဉ်များလိုက်ပြီး ဆွမ်းစားကိစ္စပြီးလျှင် စစ်ကိုင်းတောင် ရှင်အရိယာဝံသထံသွား၏။ တစ်ချက်ခွဲလောက်ရောက်၏။ ဓာတ် အကြောင်းကို ဆွေးနွေးကြ၏။ထိုဆွေးနွေးချက်ထဲတွင် လိုရင်းစကားများကို သာမှတ်ထားလိုက်၏။

၁။ ဓာတ်တို့၏ သဘောသည် သမာဓိပေါ်၌သာ များသောအားဖြင့် မူတည်နေ၏။ အနည်းငယ် လောက်တော့ ပညာပေါ်မှာ မူတည်ထားရှိ၏။

၂။ အင်္ဂုရ ကျမ်းများကိုတော့ ကြည့်ရှုပြီး ထိုကျမ်းများ၏ သဘောတရားကို ပိုင်ပိုင်နိုင်နိုင် လေ့လာ ရမည်။ ကျမ်းအားလုံး တသဘောတည်း ဖြစ်ကြ၏။

၃။ စားလမ်းကိုမမှတ်ဘဲ လမ်းကြီးကိုသာ လိုက်ရမည်။ စားလမ်းသည် ကျောင်းသား၊ ကပ္ပိယမ

သဘောထားရမည်။ ထွက်ရပ်သည် စားလမ်းက အခြေခံရသည်။ ဤအချက်သုံးချက်ကို အဂ္ဂိရပ်အတွေးအခေါ် မှတ်တမ်းတင်ထားလိုက်၏။

၁အချက်မှ ညွှန်ပြသောနည်းလမ်းသည် မှန်ပေသည်။ အဘယ်ကြောင့်ဆိုသော် သမာဓိမှ ဓါတ်လုံးပညာသည်သာ နက်နဲသော အဓိပ္ပါယ်ကို ဖော်နိုင်စွမ်းအားရှိပေသည်။ ထိုအားထုတ်မှု သမာဓိမှ ရရှိသော ပညာဖြင့် အဂ္ဂိရဓာတ်ဘက်ဖြစ်စေ မဝေခွဲနိုင်သော အာရုံနမိတ် အတွေ့အကြုံ လက္ခဏာများကိုဖြစ်စေ ဖေါ်နိုင်စွမ်းသော ဉာဏ်ပညာအားကို ရရှိပေသည်။ ဤသဘောတရားများသည် ကျွန်ုပ်၏ ကိုယ်တွေ့ဖြစ်၏။ သတိမူကြပါကုန်။ ညနေလေးနာရီခွဲလောက် ပြန်လာခဲ့၏။ ကျောင်းကို ငါးနာရီခွဲ ရောက်၏။

တော်သလင်းလဆန်း ၂ ရက်နေ့ည အိပ်မက်သည်မှာ - စေတီကြီးတစ်ဆူ၏ တနင်္ဂနွေထောင့်ဘက်က မြုံများကို ကျွန်ုပ်အား ဆရာဘုန်းတော်ကြီးက ရှင်းလင်း ခိုင်းလေသည်။ ကျွန်ုပ်နှင့်အတူ ဦးပဥ္စင်းလေးပါးလည်းပါ၏။ ကျွန်ုပ်တို့ရှင်းနေကြ၏။ ထိုဘုရား၏ အရှေ့ဘက်မျက်နှာကလည်း ဦးပဥ္စင်း၊ ကိုရင်တော်တော်များများ ရှင်းနေကြပေသည်။ ရှင်းနေကြသောအချိန်မှာ ညဖြစ်၏။ ကျွန်ုပ်၏ ဆရာဘုန်းကြီးက အဂ္ဂိထောင့်အထက် ပစ္စယာကနေ ကျွန်ုပ်ကို ဒုတ်မီးထိုးထိုးပြီး ကြည့်ရှုနေ၏။ ၎င်းနောက် အောက်ဆင်းလာပြီး ကျွန်ုပ်တို့ ကို ပြောသည်မှာ တော်ပြေ ငါ တစ်ခွန်းတည်းပြောမယ် ဆိုပြီး ထွက်သွား၏။ ကျွန်ုပ်တို့လည်း တန်းလိုက်သွား၏။

ကျွန်ုပ်နှင့်အတူ ရှင်းနေကြသော ဦးပဥ္စင်းများကလည်း တော်ကြပြီ။ကျွန်ုပ်ကို ပြောသည်မှာ ဒီဘုရားကြီးက အတောင် လေးငါးဆယ်မြင့်တယ်။ ဘုရာဝါတော်အရ တည်ထားတာ ကိုယ်တော်လည်း နောက်ဓါတ်ဘုရားကြီး တည်ရမယ်။ ဒီတခါ တတိယစစ်ပွဲကို သတ္တဝါများ ဗုဒ္ဓကို ယုံကြည်ကြသော သူတော်စဉ် သတ္တဝါများ၏ အသက်များကိုကယ်တင်ရန်နှင့်သာသနာတော်၏ ရေသောက်မြစ်သဖွယ်ဖြစ်သော စေတီပုထိုးတံခိုးကြီးသောဘုရားများ မထိခိုက်မပျက်စီးရအောင် အောင်သိဒ္ဓိဓါတ်ဘုရားကြီး ကိုယ်တော်မြတ်ကြီးတည်ရန် ကိုယ်တော်၏တာဝန်ဖြစ်တယ်။ ကိုယ်တော်မငြင်းပါယ်နှင့်၊ ကိုင်းတပည့်တော်တို့ သွားလိုက်အုံးမယ်ဆိုပြီး တူရွင်းပေါက်ပြားများထမ်းပြီး အရှေ့အရပ်ထွက်သွားကြ၏။ ကျွန်ုပ်လည်း တရွင်းထမ်း ဘုရားကြီးသုံးပတ်ပတ်ပြီးဝတ်ချ၍ ဆုတောင်းပဌနာ ပြုပြီး ပြန်လာခဲ့၏။ မုခ်လှိုင်ကထွက်သော် ထိုဘုရားကြီးမဟုတ်ဘဲ ပုထိုးတော်ကြီး ဘုရားဖြစ်နေ၏။ နိုးလာခဲ့၏။ ဘုရားများမီးပူဇော်ပြီး ပရိက်ယူပုတီးစိပ်နေ၏။ ပုတီးအပတ် ၃၀ လောက်ရတော့ တုံးကြီးခေါက်သံကြား၏။

တော်သလင်းလဆန်း ၃ ရက်တနင်္ဂနွေနေ့ည အိပ်မက်၏ဘုရားကြီးတစ်ဆူတွင် ကျွန်ုပ်က ပုတီးစိပ်နေ၏။ ပုတီးစိပ်လို့ပြီးတော့ ဝတ်ချမေတ္တာပို့အမျှဝေပြီးထလိုက်တော့ လူရိပ်ကနဲမြင်ရ၍ လိုက်ရှာတော့ မြောက်ဘက်လှေခါး အဆင်းမှ ထိုလူတစ်ယောက်နှင့်ခွေးနှစ်ကောင် ထည်ထုပ်ထားသော ဂုံနီအိတ်ပါတွေ့၏။ အုတ်သမံတလင်းပေါ် ချထား၏။ တစ်ကောင်ကအောက်ပိနေ၊ တစ်ကောင်တအပေါ်ကဖြစ်နေ၏။ ကိုရင်တစ်ပါးပြေးလာပြီး ဂုံနီအိတ်ဖြည်ပြီး အောက်ပိနေသောလူးလွန့်နေသော ခွေးတစ်ကောင်ကို ဆွဲထုတ်လိုက်၏။ တော်တော်လေးထုတ်မှရ၏။ ပိနေတဲ့ အကောင်ဆွဲထုတ်လို့ရတော့ ကိုရင်ကခွေးဖင်ကိုလက်ဖြင့်ဆွဲဖြုတ်လိုက်၏။ ဖြုတ်ပါလာ၏။ ထိုခွေးဖင်ကိုဖြုတ်သော နေရာတွင်

ချထားခဲ့ပြီး ကိုရင်ကထွက်ပြေးသွားခဲ့၏။ ထိုလူကလည်း ခွေးများကိုထားခဲ့ပြီးသွား၏။ ကျွန်ုပ်လည်း ထိုအချင်းအရာများကိုကြည့်ပြီး ဘုရားဝတ်ချ၍ပြန်လာခဲ့၏။

တုံးကြီးခေါက်သံကြား၍နိုးလာ၏။ ထမျက်နှာသစ် ဝတ်တက်၊ပုတီးစိပ်၊မေတ္တာပို့၊အမျှဝေ။ ထိုအိပ်မက်အကြောင်းကို စဉ်းစား၏။ မရ။ မှတ်ထားပြီးအရှင် အရိယာဝံသမေးရန်ဖြစ်၏။ တော်သလင်း လဆန်း ၃ရက်နေ့ အိပ်မက်၏ - ညောင်ရွက်ပုံ ၂တောင်လောက်ရှိသော စာအုပ်ကြီး တစ်အုပ်ကိုတွေ့၏။ ထိုစာအုပ်ကိုဖွင့်ဖတ်တော့ ကောင်းမုဆန်ဖြင့်ရေးထားသော စာလုံးများတွေ့ရ၏။ နေရာဌာနအမျိုးမျိုး၊ တောအမည်အမျိုးမျိုး၊ တောင်အမည်အမျိုးမျိုးတို့ရေးထား၏။ ဓာတ်အမျိုးအမည်များ၊ ဆေးအမျိုး အမည်များ အင်းအမျိုးအမည်များ ရေးထား၏။ ပုံများဖြင့်လည်းပြထား၏။ ကျွန်ုပ်မှတ်မိသော အမည် သုံးခုရှိ၏။ ပဋ္ဌလောပဒ၊ ပဋ္ဌမဟာသေလာ၊ ပဋ္ဌသာကီယမဟာ ဤသုံးခုသာမှတ်မိတော့၏။

၁၃၃၀ပြည့် တော်သလင်းလဆန်း ၆ ရက်ဗုဒ္ဓဟူးနေ့ - အရဟံ ဂါထာ ၂၀ပတ်၊ အရ - ဟံသိဒ္ဓိ ၃၀၀ ပတ်ရသောကြောင့် ရှေ့ကစိပ်ခဲ့သော ၁၀ရက်တွက်နှင့်ပေါင်းသော် အားလုံးပေါင်း စာရင်း အရဟံဂါထာ ၂၀ - ၁၅၀၂၀။ အရဟံသိဒ္ဓိ ၃၀၀ပတ် - ၃၂၀၀၀။ ၁၀ရက်တွက် - ၄၄၃၁၈၉။ စုစု ပေါင်း ၄၉၀၇၀၉ - ရ၍ ၊ ရေဓာတ် ၄၈၀၇၀၉ ပတ်နှင့်တကွပြီး၍ အပို ၁၀၀၀၀ ယူ၍ ကန်တော့ ပြီးစီးကြောင်း ဘုရားအားလျှောက်ထားပြီး လျှဒါန်းပူဇော်ပွဲတို့ဖြင့် ပူဇော်လျှဒါန်းပြီး လေဓါတ်တက်စိပ်ရန် အမိဌာန် ပြု၏။ ရေဓါတ်မှ အပို ၁၀၀၀၀ ယူ၍ လေဓါတ်တက်စိပ်။

ညအိပ်မက် - ကျွန်ုပ်၏ကျောင်းကြီးပေါ်တွင်စာရေးတန်မဲလျှဒါန်း၍ ဆွမ်းကြီးလောင်းနေ၏။ ဒေါ်သက်လို့ခေါ်သော တကာမကြီးတစ်ယောက်က လျှဒါန်းဖွယ်ဖြစ်သော ကြံရည်ပုလင်းကို မဲထည့် ဖောက်၏။ ဘီလပ်ရည် ပုလင်းအနေလောက်ရှိ၏။ ပေါက်သောကိုရင်က ကြံရည်ပုလင်းကိုမယူ၍ ဒီကိုရင်က သာသနာစိတ် မရှိဘူး ကိုယ့်ချွေးနည်းစာလေးဖြင့် မရှိမဲ့ရှိမဲ့ဝယ်ပြီး လျှဒါန်းရတဲ့ ငါ့ကြံရည် ပုလင်းကိုတော့ မယူသွားဘူးဆိုငို၏။ ထိုအခါ ကျွန်ုပ်ကဒေါ်သက်ကိုရင်မယူလျှင် ကျွန်ုပ်ကိုလာလှူ ဟုပြောလိုက်တော့မှ အငိုရပ်ပြီးလာလှူ၏။ ထိုအခါမှတကာမ ကြီးဒေါ်သက်က ကျေနပ်သွားပြီး ကြံရည် က နဝင်းရပါတယ် ဘုရား၊ ပုလင်းကလည်း နဝင်းရပါတယ်ဘုရား၊ အရှင်ဘုရားကလည်း နဝင်း ဖြစ်သော ဂုဏ်တော်၉ပါးစိပ်၍ အလွန်ထိုက်တန်လှပါတယ်ဘုရားဟု လျှောက်ပြီးသွားတော့၏။

ကျောင်းပေါ်မှာ ထွန်းထားသော ဓါတ်မီးကြီး ၁၀၀၀အား ၅လုံးတို့ကလည်း မီးချောင်းလို အဖြူရောင် များ ထွန်းထား၏။ ထိုမီးတိုင်အောက်ဝင်သွားသူများအားလုံးတို့သည် ဘာတွေပဲဝတ်ဝတ် အဖြူရောင် ဖြစ် ကုန်ကြ၏။ အလွန်လင်းထိန်သောအဖြူရောင် ဓါတ်မီးကြီးများဖြစ်ကြ၏။ ပရိတ်သတ် ရှင်းတော့ ကျွန်ုပ်ကထိုမီးလုံး များအောက် ခေါက်တုံ့ခေါက်ပြန်ပုတီးစိပ်နေ၏။ ကိုယ့်ကိုယ်ကို ကြည့် တော့လည်း အသားရောင်၊ သင်္ကန်းပါအဖြူ ရောင်များဖြစ်နေ၏။ ကျောင်းပေါ် ပုတီး ၉ပတ် ခေါက်တုံ့ ခေါက်ပြန်စိပ်နေပြီး ပြီးလုနီးမှာ သာသနာရေးဝန်ကြီး သာသနာရေးဆရာကြီး ၂ယောက်လာပြီး ကန်တော့ဝတ်ချ၍ " အရှင်ဘုရားကို ဤဘွဲ့တော် ဆက်ကပ်လွှာကို ဆက်ကပ်ရန်လွှတ် လိုက်လို့ ပါဘုရား". . ကောင်းတယ် တကာတို့ . . . ကောင်းပါတယ်ဆိုပြီး သူတို့ကပ်လာသော စာရွက်နှင့် တံဆိပ်တုံးကို ယူပြီးကြည့်လိုက်၏။ တံဆိပ်တုံးက ရွှေသားကိုထုထား၏။ တံဆိပ်တုံးထည့်သော သေတ္တာ

လေးက နံ့သာနီသားဖြစ်၏။ ထိုသေတ္တာလေးထဲတွင် စာရွက်လိပ်ကလေးပါပါ၏။ စာရွက်လိပ် ယူကြည့်တော့ စာရွက်အောက်က ရွှေပြားတစ်ရွက်တွေ့ရ၏။ စာရွက်က အပေါ်မှထပ်လိပ် ထားခြင်းဖြစ်၏။ ထိုရွှေစာရွက်နှင့် တံဆိပ်တုံး တို့တွင်ရေးထား သောစာတို့က အဘိဓဇရဋ္ဌ မဟာဂုရု - ဗုဒ္ဓအရှင်ဝါယာမာဘိဝံသဟု ရေးထား၏။

ထိုစာကိုဖတ်ကြည့်ပြီးပြုံး၍ ဘေးနားချထားလိုက်၏။ တုံးကြီးခေါက်သံကြား၍ နိုးလာ၏။ တော်သလင်းလဆန်း ၇ရက် ညအိပ်မက် - ဂဠုံစံကိုယ်တော်ကြီးက မီးငြိမ်းသံများလာပေး၏။ ထနိုးသံကိုလည်းပြောသွား၏။ ကျွန်ုပ်က ဒါဘာလုပ်ရမှာလဲဟုမေးတော့ ပြာချလို့ပြောသွား၏။ တော်သလင်းလဆန်း ၈ရက်နေ့ ရှင်အရိယာဝံသထံသွား၏။ ၁၂ နာရီကထွက် ၁ချက်ခွဲရောက် ရထားနှင့်သွား၊ မြင်းလှည်းနှင့်စီး - ပတ္တမြားစေတီအတက်၊ တောင်ကွဲနားမရောက်ခင် ၂ဖာလုံလောက်အလို ထိအောင် ၅ကျပ်ပေးရ၏။ ရှင်အရိယာဝံသ ကြိုနေ၏။ သူကလက်ဖဝါးကို လှမ်းဆွဲပြီး ကိုယ်တော် တော်သလင်းလဆန်း ၂ရက် ညအိပ်မက်ထဲမှာ ကိုယ်တော့်ဆရာက "တော်ကြပေ့ ငါတစ်ခွန်းတည်း ပြောမယ်လို့" ပြောသွားတယ် မဟုတ်လား၊ ထိုအမေးကို အံ့အား သင့်စွာနဲ့ ပြောသွားပါကြောင်း ပြောဆိုလိုက်၏။ အဲဒါကိုယ်တော်ပေါက်မြောက်တဲ့အကြောင်း ပြောသွားတာဟုပြောတော့မှ ဩော် ဒါကိုး- ဟု သတိပြုလိုက်တော့၏။

တော်သလင်းလဆန်း ၆ရက် - ကိုယ်တော့်မွေးနေ့မှာလည်း ပုဂ္ဂိုလ်နှစ်ယောက်လာပြီး ဘွဲ့တော်ကပ်သွား တယ်မဟုတ်လား၊ ကျွန်ုပ်လည်း စဉ်းစားနေ၏။ ကိုယ်တော်မေ့နေပြီလား၊ အိပ်မက်ထဲမှာလေ။ ဩော် - ဟုတ်ပါတယ်။ အဲဒါ ကိုယ်တော့်ဘွဲ့ပဲ။ ဂုဏ်တော်ပွားများတဲ့ဘက်မှာတော့ ကိုယ်တော်ဟာ ၁ နံပါတ်ရတယ်။ ကိုယ်တော့နဖူးမှာမကြာမီ အရဟံ စာလုံးပေါ်လာမယ်။ ထိုအခါမှာ ကိုယ်တော်သတ္တဝါများအတွက် တတိယကမ္ဘာစစ်ဘေးအန္တရာယ်ကာကွယ်ရန် မြန်မာပြည်အနေနှင့် ကိုယ်တော်တာဝန်ယူပြီးကာကွယ်ရမယ်။ ကျွန်ုပ်သည် ဘာမှမပြောဘဲ သူပြောတာသာ နားထောင်ပြီး နောက်က လိုက်သွား၏။ ရှင်အရိယာဝံသ ကျောင်းလေးရောက်ကြ၏။ အောင်သိဒ္ဓိစာတ် ဘုရားကြီးတည်ဖို့သဘောတရားများပြောပြနေ၏။ ထိုနေ့က ဒါနှင့်အချိန်ကုန်ပြီး လှည့်၍ပြန်လာ၏။ ကျွန်ုပ်က ကျောင်းရောက်တော့ စဉ်းစားနေ၏။

တော်သလင်းလဆန်း ၉ ရက် ညအိပ်မက် - တိုက်ပျက်ကြီးတစ်ခုနားရောက်သွား၏။ ဘုန်းတော်ကြီး တစ်ပါးဦးစီးပြီး အလုပ်သမားများဖြင့် ပြင်နေကြတာ သုံးပုံနှစ်ပုံပြီးနေ၏။ တစ်ပုံကကျန်နေသေး၏။ ဦးစီးပြီးပြင်နေသော ဘုန်းတော်ကြီးက အဲဒီမပြင်ရသေးသောအပိုင်း တောင်အထက်ကိုထောင်ထားတာမရသေးဘူးဟု သူ့လူများ ကို ပြောနေ၏။ အတော်မြင့်မားကြောင်း ပြင်ပြီးထားသောနေရာကို ဓာတ်လှေကားဖြင့် တက်ကြည့်ရ၏။ တက်ကြည့်ပြီးကျွန်ုပ်ပြန်လာ၏။ နိုးလာ၏။

တော်သလင်းလဆန်း ၁၂ရက် - ရွှေရောင်ငွေရောင်တို့ဖြင့် ပြုလုပ်ထားသော အနံငါးတောင်၊ အလျား၁၀တောင်ကျယ်သော အုံ့ဩတနန်းပန်းပျောက်အမွှန်တို့ဖြင့် ပြုလုပ်ထားသောကျောင်း နှစ်ဆောင်ကိုတွေ့ရ၏။ တစ်ကျောင်းက ရွှေအတိပြည့်၏။ တစ်ကျောင်းက ငွေအတိပြည့်၏။ ကျောင်းထဲ ဝင်ကြည့်တော့ နေသောပုဂ္ဂိုလ်မတွေ့ရချေ။ ထိုကျောင်းဆောင်နှစ်လုံးနှင့် မလှမ်းမကမ်းမှာ ညောင်ပင်ကြီးတစ်ပင်

ရှိ၏။ ထိုညောင်ပင်ကြီးမှ ရက္ခစိုး ကြီးထွက်လာပြီး ဒါကိုယ်တော်တို့လို ပုဂ္ဂိုလ်များနေရာ မဟာသေလာဂီရိအတိဇေယျသုခကျောင်းတော်ခေါ်တယ်။ နေချင်သောအခါ ကြွတော်မူလာခဲ့ပါ။ ဘာမှမလိုပါဘူး။ ကျွန်ုပ်လည်း ကြည့်ပြီးပြန်လာ၏။

တော်သလင်းလပြည့် ရှင်အရိယာဝံသထံသွား၏။ ကြုံနေ၏။ ခရီးရောက်မဆိုက်ပြောသည်မှာ ပုဂ္ဂိုလ်ထူးများနေရာ ကိုယ်တော်တွေ့ပြီမဟုတ်လား။ အိပ်မက်ထဲတော့တွေ့ရပါပြီ။ ကိုယ်တော်ကိုယ်တိုင်တွေ့ချင်သေးတာပေါ့မဟုတ်လား။ တွေ့ရရင်တော့ အတိုင်းထက်အလွန်ပေါ့။ ဒီလိုဆိုလျှင်လာ ကိုယ်တော်အဲဒီနေရာသွားရအောင်။ သူ့နောက်လိုက်သွား၏။ တောင်ခြေရောက်လျှင် အိပ်မက်ထဲမှ မြင်သောကျောင်းကလေးများနေရာရောက်နေ၏။ အိပ်မက်ထဲကအတိုင်းဖြစ်နေ၏။ သူကပြောပြန်သည်မှာ ဒီလိုကျောင်းတော် ဝိဝေကအဆောင်များမှာ ဒီတောတောင်မှာ အများကြီးရှိပါတယ်။ ဒါက ကိုယ်တော်တို့လိုနောက်ပေါက်ရောက်ကြတဲ့ ပုဂ္ဂိုလ်များအတွက်ပါ။ အလွန်ကောင်းလှပါတယ်ဘုရား။

ကျွန်ုပ်သေသေချာချာ မှတ်မှတ်သားသား ကြည့်ရှုပြီး ထိုကျောင်း၏သလွန်တော်ပေါ် မှာ ကျွန်ုပ်ထိုင်လိုက်၏။ သူကလည်း သဥ္စာလီပေါ် ထိုင်လိုက်၏။ မိနစ် ၂၀လောက် ပေါက်ပုဂ္ဂိုလ်များနေရာ ပတ်သက်လို့ ထိုကျောင်းပေါ် မှာ ဆွေးနွေးပြီးပြန်လာ၏။ ထိုကျောင်းလေးကဆင်းလျှင် ကျွန်ုပ်ကျောင်းရောက်လာ၏။ အရှင်အရိယာဝံသလည်း ဖရောင်းတိုင် ၉ တိုင်တောင်းပြီး အောင်မြေမှန်ကင်းဘုရားထဲ ပုတီးစိပ်ရန်ခေါ် သဖြင့် ပုတီးစိပ်ကြပြီး သူပြန်သွား၏။ ကျွန်ုပ်လည်း ကျောင်းပေါ် တက်ပြီး ဆန်းကြယ်သောဖြစ်ရပ်အတွေ့အကြုံများကို မှတ်သားလိုက်ပြီး စိတ်ဝင်စားနေတော့၏။

တော်သလင်းလပြည့်ကျော် ၂ ရက် တနင်္ဂနွေနေ့ည အိပ်မက် - ကျွန်ုပ်သည်သင်းပိုင်အဝါရောင်ဝတ်ထားပြီး ထွက်ရပ်လမ်းအကြောင်းဆွေးနွေးရန်သွား၏။ ကျွန်ုပ်ကျောင်းမှ တောင်ဘက် လျှောက်သွား၊ တောင်မင်းကြီးဘုရားရောက် ဝတ်ချရှိခိုးပြီးဆုတောင်းမေတ္တာပို့၍ တောင်မင်းကြီးဘုရားတောင်မုခ်ဘက်ဆင်းသွား၏။ မယ်ဇယ်တန်းဘက်လည်းဆင်းလိုက်ရော အလွန်နက်သော တောကြီးထဲရောက်သွား၏။ ထိုတောကြီးထဲတော်တော်ကြာကြာလျှောက်သွားတော့ ကျွန်ုပ်၏ဝဲဘက်လမ်းသွယ်မှ အသက်သုံးဆယ်လောက် မိန်းမတစ်ယောက် လျှောက်လာတာတွေ့ရ၏။ သူ့ရဲ့အဝတ်အစားကို ကြည့်လိုက်တော့ ထမိန်ကအဝါရောင်ဖြစ်နေ၏။ အင်္ကျီကလည်းအဝါနုရောင်၊ တဘက်က အဝါရောင် များဝတ်ဆင်ထားတာကို တွေ့ရ၏။

သူလည်း ကျွန်ုပ်၏ ဝဲဘက်လမ်းသွယ်မှ လျှောက်သွားနေ၏။ ကျွန်ုပ်ကလည်း သွားရင်းသူမကိုအကဲခတ်နေ၏။ သူမကတော့ခပ်တည်တည်ကြီးလျှောက်သွားနေ၏။ တော်တော်လေးသွားမိကြတော့ကျွန်ုပ်သွားသောလမ်းနှင့် သူမသွားသောလမ်းတို့ဆုံနေသော လမ်းဆုံတစ်ခုသို့ မရှေးမနှောင်း ရောက်သွားကြ၏။ သူမကပြုံးဆိုကျွန်ုပ်နောက်ဘက်ဝဲဘက်လက် နောက်ကဝင်ရပ်ပြီး ကျွန်ုပ် နောက်ကလိုက်လာ၏။ "မ - မပါလျှင် ဘယ်နေရာမှမပြီးသေးပါဘူး၊ မ -နှင့်တွဲမှဘုရားဖြစ်တာ၊ ထွက်ရပ်ပေါက်တာ" လို့ပြော၏။ ကျွန်ုပ်လည်း ဂူကြီးနားရောက် ရောနိုးလာ၏။ နာရီကြည့်တော့ ၃နာရီလောက်ရှိ၍ ထပြီးမျက်နှာသစ်ဘုရားဝတ်တက် ပုတီးစိပ်တော့၏။

တော်သလင်းလပြည့်ကျော် ၃ ရက်ညအိပ်မက် - ရွာတစ်ရွာကို ဆွမ်းစားသွားရန် ကတ္တီပါ

အဝါရောင် သက်န်းကိုရုံပြီး သင်္ကန်းအဝါရောင်ကို ခြုံ၍ထား၏။ လူအများက ဒီကိုယ်တော်က ဝါတာကွ - ဝါတာဟု ပြောကြ ၏။ ဦးကေသကရဆွမ်းစားကြွရန် အိမ်ကိုလမ်းညွှန်ခေါ် သွား၏။ ထိုရွာရောက်တော့ မိန်းမနှစ်ယောက်က သူကြီးတိုင်မည်ပြောပြီး ထွက်လာကြ၏။ မိန်းမငါးယောက်လောက်က မတိုင်ရန် လိုက်ဆွဲထားကြ၏။

ကျွန်ုပ်တို့က ထိုအချင်းဖြစ်ပွားနေတာကို ကြည့်နေကြ၏။ မိန်းမနှစ်ယောက်မှာ ကုလားဆင် ဖြစ်၏။ အသားဖြူကြ၏။ ကြည့်ကောင်း၏။ အဝါရောင်လုံချည်များ ဝတ်ထားကြ၏။ ကျွန်ုပ်တို့လည်း ဆွမ်းစားပင့်သောအိမ်ရောက်၍ ဆွမ်းစား မည်လုပ်တော့ နိုးလာ၏။ လွန်ခဲ့သောငါးရက်လောက်က သူရဿတီမယ်တော် ရုပ်ပုံရေးခိုင်းထားတာလာပို့၏။ ပန်းချီမောင်လှရွှေက ရေးဆွဲလှူ၏။ တော်သလင်း လပြည့်ကျော် ၄ရက်အင်္ဂါနေ့ဖြစ်၏။ ဘိုးတော်ရုပ်၊ အရှင်မြတ်တို့ပုံတော်၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ် ပုံတော်များလည်း အရေးခိုင်းလိုက်၏။

တော်သလင်းလပြည့်ကျော် ၄ ရက်ည အိပ်မက်၏။ မယ်တော်ရုပ်ကိုင်ထားသော ပန်းခိုင်ကို တင်အောင် ဝင်းတို့က မြခင်ပေးရန် ပလပ်စတစ်အိတ်နှင့်ထည့်၍ပေး၊ ဓာတ်လုံးအပြာရောင်နှစ်လုံး ဘဲဥအခြမ်းပုံနှစ်လုံးပေါင်း လေးလုံးလည်း ထည့်ပေး၏။ အရပ်နှစ်ရပ်တွင် အိမ်တစ်အိမ်မှာ လှိုင်မုခ်လို ကားကြီးရေးထားပြီးပိတ်ထား၏။ အိမ်မမြင်ရ၊ ကားချပ်ကြီးသာမြင်ရ၏။ ၎င်းကားချပ်ကြီးတွင် ရေးထား သောမုခ်ပုံကြီး၊ လူကြီးတစ်ယောက်က လက်ညှိုး ဖြင့်ထိုးပြပြီး အဲဒီနေရာ ကိုယ်ရင့်နေရာပဲဟု ပြော၏။ ထိုရေးထားသောမုခ်ကိုကြည့်လိုက်တော့ နှင်းရောအကျော် ဟုရေးထား၏။ ကျွန်ုပ်က ထိုကားကြီးကို ပိတ်ဖြူဖြစ်အောင် လက်နှင့်သပ်လိုက်၏။ အပြာနုရောင်ဖြစ်သွား၏။ ဓာတ်လုံးကိုလည်း လက်ဖဝါးထဲ ထည့်ပွတ် အလုံးဖြစ်သွား၏။ နည်းနည်းတော့ပျက်၏။ ထိုကဲ့သို့မက်ပြီးနိုးလာ၏။ ရုပ်ပုံကို သူရဿတီ မယ်တော် သဘောကျကြောင်းလက္ခဏာဖြစ်၏။

တော်သလင်းလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့အိပ်မက် - ၁၀၈တိုင်သော ရွှေတိုင်များ ထွန်းညှိ ပူဇော်ပြင်ဆင်ထား၏။ မီးခြစ်ရှာတော့ ဘုရားရှေ့ကမီးခြစ်ကလည်း ထောင်နေ၏။ နတ်သမီးတံဆိပ် ဖြစ်၏။ အိပ်ယာ ဘေးကမီးခြစ်ကလည်းထောင်နေ၏။ ဒေဝီသဘောကျသော အထိမ်းအမှတ်ဖြစ်၏။ တော်သလင်းလပြည့်ကျော် ၇ရက် နံနက် ၅ နာရီတွင် ပုတီးစိပ်ရင်း မှေးခနဲဖြစ် သွားခိုက် တောင်သမန်အင်း လောက်ကြီးသော ချောင်းကြီးတွေ့မြင်ရ၏။ ကျွန်ုပ်ဖြတ်ပြီး လျှောက်သွား၏။ ရေမစိုအောင် သင်းပိုင်ပင့် သွား၏။ တစ်ဘက်ကမ်းနဖူးရောက်တော့ ပူဇော်ပွဲများ ကျင်းပပြုလုပ် ရန် ရှင်းနေကြ၏။ တနေရာမှာ ကန်တော့ပွဲများထိုးရန် ပြုပြင်နေကြပြီး နေရာများမှာလည်း ရှင်းနေကြတာတွေ့ရ၏။ အရှေ့ဘက်က ကန့်လန့်ကာများ အနောက်ဘက်က ကန့်လန့်ကာများ ကာထားတာတွေ့ရ၏။

နံနက်လင်းသောအခါ ကန်တော့ပွဲများအဝယ်ခိုင်းပြီး အနန္တပွဲထိုးလှူလိုက်၏။ သကြားဖြူဟွာ၊ နတ်ဒေဝါနှင့်မယ်တော် သူရဿတီအမှူးရှိသော နတ်ဒေဝီများ၊ အရှင်မြတ်များ၊ ဘိုးတော်များကို ဘိတ်ကြား ပြီး ကျွန်ုပ်နှင့်တကွ ရှင်တော်မြတ်ဘုရားအား လှူဒါန်းကြ၏။ နေ့၁၂နာရီလောက် ရှင်အရိယာဝံသထံ သွား၏။ ရောက်ရောက်ချင်း ကိုယ်တော်ဓာတ်လုံး အဝါလမ်းရတဲ့အကြောင်း အိပ်မက်ထဲမှာ ပြတယ် မဟုတ်လားဟု မေး၏။ ထိုအခါကျမှ သတိရလာပြီး ဩော် . . ဟုတ်တယ် ဟုတ်တယ် သင်္ကန်းဝါ

ဝတ်ရတယ်။ မိန်းမလည်း အဝါအဝတ်နဲ့ပဲမက်တယ်။ အင်း . . အဲဒါတွေ မနှစ်သက်နှင့် ရှေ့ဆက်ပြီး တိုးပါကိုယ်တော်။ သွတ်ကလေးဘာလေး ဖမ်းကြည့်ရဲ့လား။ ကြည့်ပါတယ်။ ရရဲ့လား . . ရပါတယ်။ လူမသိစေနဲ့နော်၊ တင်ပါ့ မသိစေရပါဘူး။ ထိုနေ့က ဓာတ်အကြောင်းပြောပြီး အချိန်ကုန်ကြ၏။ အချိန်ကုန်တော့ ပြန်လာခဲ့၏။

တော်သလင်းလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့ညအိပ်ဖက် - ပန်းကန်ပြားပျံကဲ့သို့ တဟုန်ထိုး မောင်းနှင်လာ၏။ လေကဲ့သို့လျှင်မြန်၏။ အလွန်လျှင်မြန်စွာ မောင်းနှင်လာကြ၏။ ကျွန်ုပ်နားရောက်တော့ ပွတ်ရှောင်သွားကြ၏။ သီသီကလေးပွတ်ရှောင်သွား၏။ ရှေ့လူကနောက်လူကို ရှောင်ရန် ပြောလိုက်၏။ နောက်တစ်စင်းမောင်းလာပြန်၏။ ကျွန်ုပ်နားရောက်တော့ ရပ်လိုက်ပါလို့ပြောပြီး စီးလိုက်သွား၏။ တစ်နာရီ မိုင် ၁၀၀လောက်မောင်းဟု ရှေ့လူက နောက်လူကို ပြောလိုက်၏။ နောက်လူ က ခေါင်းညိတ်လိုက်ပြီးမောင်း၏။ မောင်းသူက နောက်ဖက် အထိုင်ခုံး၍ ရွှေ့ထိုင်လိုက်၏။ ဝေါ - ဝေါ သံချင်းဆက်နေ၏။ မည်သည့်အရာကိုမျှ ကြည့်လို့မရ။ ရိပ်ကနဲရိပ်ကနဲ ဖြစ်နေ၏။ ရင်ထဲကိုဖိုဖိုနေ၏။ အလွန်လျှင်မြန်၏။ မြေပြင်မှ တောင်များအပေါ် တိုးတက်သွားပြီး တိမ်ယံထဲတက်သွား၍ ကြာရင့်ရောင် အာကာသပြင်ထဲရောက်သွား၏။ ထိုနေရာရောက်တော့ ကျွန်ုပ်စီးလာသော ပန်းကန်ပြားပျံယာဉ်မျိုးလို ယာဉ်များစွာတွေ့ရ၏။ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ စီးနေကြ၏။ ဝေါ - ဝေါသံများ အဆက် မပြတ်တော့ချေ။ နိုးလာ၏။ အိပ်ယာနိုးလာတာတောင်မှ ရင်ဖိုနေတုန်းဖြစ်၏။ မိုးလည်းပြင်းထန် စွာရွာ နေ၏။ ထိုမိုးသံကိုပင် နှေးသည်လို့ထင်နေ၏။ အလွန်ထူးဆန်းဖွယ်ရှိပေစွ။ လေခါတ်သဘော လက္ခဏာ ဖြစ်၏။

တော်သလင်းလပြည့်ကျော် ၁၁ရက်ညအိပ်မက် - အမြင့်တစ်ခုပေါ်က ကျယ်ဝန်းသော တွင်းကြီး ထဲ ကျွန်ုပ်ကျသွား၏။ လက်မောင်းလောက်မြွေပွေးများလည်း ကျင်းထဲရှိနေ၏။ ထိုမြွေပွေးများ ပေါ်ကျ သွား၏။ ကျွန်ုပ်ကို မကိုက်ကြ။ ကျွန်ုပ်သည် ထိုမြွေပွေးများကို တုတ်ဖြင့် တွင်းအထက်ကို ကလော်ပစ်၏။ အထက်ကလူတစ်ယောက်က ကလေးလက်ကောက်ဝတ်လောက်ရှိသော မြွေပွေးတစ်ကောင် တုတ်ဖြင့် ကလော်ပြီး ကျွန်ုပ်ရှိသောကျင်းကြီးထဲချ လိုက်၏။ ကျွန်ုပ်ကကိုက်မှာကြောက်လို့အော်လိုက်၏။ ကျွန်ုပ် ပေါ်ကျလာသော်လည်း မကိုက်ပေ။ နိုးလာ၏။ ကြောက်နေတုန်းရှိသေး၏။

၁၃၃၀ခု တော်သလင်းလပြည့်ကျော် ၁၂ရက်၊လေဓာတ် ၉၆၈၀၉၀ အပိုနှင့်တကွပြီး၍ မီးဓာတ် တက်၏။ သိဒ္ဓိစိပ်ပြီး မီးဓါတ်တက်။ နေ့အိပ်မက် - တော်သလင်းလပြည့်ကျော် ၁၃ရက် နေ့တစ်ချက် လောက် တရားထိုင်နေစဉ် လစ်ကနဲဖြစ်သွား၏။ ဘုရား၊ တရား၊ သံဃာ၊ ဗြဟ္မာ၊ သိကြား၊ သာသနာ တော်စောင့်ဒေဝီများ ပူဇော်ပေးထားသော အနိမ့်အမြင့် ပြုလုပ်ထားသော မီးထွန်းသော ခုံပေါ်က မိန်းမ ခေါင်းနှစ်ခေါင်းပေါ်လာ၏။ ပီပီသသကြီးပေါ်လာ၏။

ပထမပေါ်သော မိန်းမခေါင်းကချောလှ၏။ ဒုတိယပေါ်သောခေါင်းက အသားညို၏။ အရုပ် ဆိုး၏။ ၅မိနစ်လောက်ကြာအောင် ပုတီးစိပ်တော့ ရှေ့ကမီးထွန်းခုံထိပ်ပေါ်နေ၏။ ချောလှသော ခေါင်းက ရှေးဦးစွာပျောက်သွား၏။ တော်တော်ကြာမှ အရုပ်ဆိုးသော ခေါင်းကပျောက်သွား၏။ ပုတီးအပတ် ၂၀လောက်ရသောအခါ ကျောနောက်က မိန်းမသံကြားရ၏။ ကျွန်ုပ်စိတ်ထဲတွင် အားပေးရ၏။ ငါ

ခေတ်ခန်းထဲစိတ်တာ၊ ဂလန့်ချထားတာ ဘယ်လိုမှဝင်မလုပ်နိုင်ဟု စိတ်တင်းထား၏။ ထိုအခိုက် ကြားရသော မိန်းမသံသည် ပိပြင်ပြတ်သားစွာ "တွံမာရနာမကျားဟဲ - ဟံမာရဆွ ရသာတီ" ဆိုပြီး အသံများပျောက်သွား၏။ ကျွန်ုပ်လည်း ပုတီးဆက်စိပ်၏။ ၁၀၈ပတ်ပြီးလျှင် မေတ္တာ ပို့အမျှဝေပြီး သိမ်းလိုက်၏။

တော်သလင်းလကွယ်နေ့ နံနက်ခင်းကိစ္စများပြီးတော့ နေ့ ၁၁နာရီ ၄၅မိနစ် ရှင်အရိယာဝံသ ထံသွား၏။ ရှင်အရိယာဝံသက ကိုယ်တော့်ကို ဤအင်းလေးပါးပေးရမယ်။ ဉာဏ်ရှိတိုင်းသုံး ကိုယ်တော်ယခုတပည့်တော် ပေးသောအင်းကို ဂ္ဂသယမူလီသွေးသောအရေ နံ့သာရေတို့ဖြင့်သောက်ပြီး ဤအင်းဆန်၊ ဆပုံများကို ကူးထား ဝိဇ္ဇာလေးပါးအင်းတော်ဖြစ်တယ်ကိုယ်တော်။ ဝိဇ္ဇာလေးပါးကို သူ့အင်းနှင့်သူ တစ်ပါးစီပင့်ပြီး သူ့စမဂါထာနှင့် ၁၀၀၀စုပ်၊ သိဒ္ဓိတင်ပြီး သောက်။

(၁) အင်း

| | |
|---|---|
| က | ဃ |
| ဏ | ငူ |

(၂)အင်း

| | |
|---|---|
| လ | ထ |
| ဏ | ယ |

(၄)အင်း

| | |
|---|---|
| အ | မ |
| ေ | ၃ |

(၃)အင်း

| | |
|---|---|
| ည | ၃ |
| ပ | ဝ |

ပထမ - အင်းစောင့် ဝိဇ္ဇာပင့်ရန်နှင့် မန်းရန်စမဂါထာ၊ ဥုံ - က၊ဃ၊ဏ၊ငူ မဟာရက္ခယန္တဂဟ ဝိဇ္ဇာမင်းချက်ချင်းယခု ကြွရောက်စောင့်ရှောက်တော်မူပါ။ ၃၇ ခုတ်ပင့်၊ မန်းရန်ကား
ဥုံ - က၊ ဃ၊ ဏ၊ငူ၊ စတုအက္ခရံ မဟာတေဇံ၊ စတုဗုဒ္ဓါသွာဟ။

ဒုတိယ - ဥုံ၊ လ၊ ထ၊ ဏ၊ ယ မဟာယန္တာမန္တာယ ဝိဇ္ဇာမင်းကြွရောက် စောင့်ရှောက်တော်မူပါ။
၃၇မင်းဂါထာ။ ဥုံ၊ လ၊ ထ၊ ဏ၊ ယ စတုအက္ခယံမဟာကေဇံ - စတုပစ္စေကဗုဒ္ဓါသွာဟ။

တတိယ - ဥုံ - ည၊ ၃၊ ပ၊ ဝ - မဟာအသိဂဝိဇ္ဇာမင်း ကြွရောက်စောင့်ရှောက်တော်မူပါ။
၃၇ဂါထာ - ဥုံည - ၃ - ပ - ဝ - စတုအက္ခရံ မဟာတ္တေဇံ၊ စတုန္နံမဟာသာဝကါနသွာဟ။
(၁၀၀၀)စုပ်။

စတုတ္ထ - ဥုံအမ - ေ၃ - မဟာလောဟာ၊ ပလိတ၊ ဝိဇ္ဇာမင်းကြွရောကစောင့်ရှောက်တော်မူပါ။
ဂါထာ - ဥုံအမ - ေ၃ -. စတုအက္ခရံ - မဟာတေဇံ၊ စတုန္နံအနာဂါမိ ပြဟ္မာနံသွာဟ။

ဤဂါထာဖြင့် ၁၀၀၀စီစုတ်ပြီး သိဒ္ဓိတင်သောက်အနည်းဆုံး ၉အင်းတောချသောက်ကိုယ်တော်၊ အစွဲဟူ သမျှ အားလုံးနိုင်တယ်။ သိဒ္ဓိတံခိုးတေဇောကြီးတယ်။ အလိုဆန္ဒခပ်သိမ်းပြီးတယ်ကိုယ်တော်။ ရဟန်း ဖြစ်ဖြစ် လူဖြစ်ဖြစ် ငါးပါးသီလလုံရတယ်။ အထူးသတိရှိကိုယ်တော်။

ကိုင်း . . ကိုင်းလာ ဘုရားများမှာ ဒီကနေ့တော်သလင်းလကွယ်နေ့ဆိုတော့ ကွယ်ကွယ်ကားကားဖြစ်အောင် ပတ္တမြားစေတီကစပြီး ပုညရှင်အထိ ဘုရားများ ပုတီးစိပ်ကြရအောင်၊ ကောင်းပါပြီဘုရားဆိုပြီးနောက်ကလိုက်သွား၏။ ငါးမိနစ်လောက်သွားလိုက်ရင် ပတ္တမြားစေတီ တန်ဆောင်းဝရောက်ကြ၏။ အရှေ့ဘက်မုခ်က နှစ်ယောက်သား ထိုင်ပြီး ပုတီး ၂၇ပတ်စိပ်ကြ၏။ အရဟံသိဒ္ဓိ စိပ်၏။

ထို့နောက် ရွှေစေတီ၊ ရွှေဘုံသာ၊ဆုတောင်းပြည့်၊ ဥမင်၃၀ဘုရား၊ သိမ်၊ ဥမင်ရွှေရင်မျှော်ဘုရား၊ဆင်ဖြူရှင်လှဘုရား၊ ဥမင်၉၀ဘုရား၊ ပုညရှင်ဘုရားကို ပုတီး၂၇ပတ် စိပ်ကြပြီး ညနေ ၅နာရီလောက် တောင်ခြေအရောက် မြင်းလှည်းစီးပြီး ကားဂိတ်လာကာ ကားဂိတ်ရောက်၊ ကားစီးပြီး ကျောင်းကို ၇ နာရီရောက်၏။

သီတင်းကျွတ်လဆန်း ၁ ရက်၊ တနင်္ဂနွေနေ့ည အိပ်မက် - အောင်မြေရွှေဘုံမြတ်စွာဘုရား မြောက်ဘက် ဖိုခွင်ပေါ်တင်ထားသော ဒယ်အိုးကြီးအတွင်း မိန်းမတစ်ယောက်နှင့်ကလေးက ခြေတွဲလောင်းချထိုင်နေ၏။ ဒယ်အိုး ထဲမှာလည်းဆီတစ်ဝက်ကျော်ကျော်ပါ၍ ထိုင်နေကြသော မိန်းမနှင့် ကလေးတို့၏ဖင်ကို ဆီထိနေ၏။ အောက်ကဖိုခွင်ထဲမှာလည်း မီးကတော်တော်တောက်နေ၏။ ကလေးနှင့် မိန်းမတို့သည် မပူသလိုနေကြ၏။ ကျွန်ုပ်က ကလေးကို သနားလို့တောင်းမည် ကြံသေး၏။ ဘေးကကြည့်နေသော လူများကလည်း တောင်းရန်လျှောက်ကြ၏။ မတောင်းဖြစ်ဘဲ ငေးကြည့်နေမိ၏။ ဆီတော်တော်ဆူပွက်လာတော့ အမယ်လေးပူလိုက်တာဆိုပြီး ခါးကော့လိမ်နေ၏။ ထိုမိန်းမက ပြေးလာ၍ မိန်းမကို ဒယ်ထဲမှဆွဲယူပြီးကိုင်ပေါက်လိုက်၏။ ကလေးကိုလည်း ဆွဲပစ်လိုက်၏။ သူတို့ကြည့်ရတာ စိတ်မသက်သာဘူးဆိုပြီး ဘုရားတောင်ဘက်ပတ်လာ၏။

ဘုရားမီးထွန်းရန် ဓာတ်မီးတိုင်ဆင်ပြီးလို့ ညမီးထွန်းနေတာတွေ့ရ၏။ ဘုန်းတော်ကြီး တစ်ပါးနှင့် လည်းတွေ့ရ၏။ ဟေ့ - မောင်ပဥ္စင်း မီးဓါတ်ခံနိုင်ရည်ရှိအောင် ဤခြသေ့၏လက် အင်းတော်ကို နေ့စဉ် မီးဓါတ်စိပ်တိုင်း သောက်ကိုယ်တော်၊ အရှင်ဘုရား ဘယ်သူလဲဘုရား။ ဗားမဲ့ဆရာတော် ခေါ်တယ် မောင်ပဥ္စင်းရ။ တို့က မင်းတို့လို အလုပ်လုပ်တဲ့လူကို ပေးချင်တာ၊ ရော့ - ရော့ သုံးရွက်ပေး ခဲ့မယ်။ ကိုယ့်နံကိုသွင်းပြီး သောက်၊ မီးဓါတ်သိဒ္ဓိ မငြိုမငြင်ဘဲနှင့် ပေါက်နိုင်တယ်လို့ပြောပြီး အင်း သုံးရွက်ပေး၍ ဘုရား အနောက်ဘက် ဆင်းသွား၏။ ကျွန်ုပ်လည်းနိုးလာ၏။ လက်ထဲတွင် အင်းသုံးချပ် ဆုပ်ကိုင် လျက်သား ဖြစ်နေ၏။ မီးများကိုဖွင့်၍ အင်းတော်ကို ကူးယူလိုက်ပြီး တစ်နေ့တစ်ရွက် သောက်၏။ နောက်နေ့ များလည်း တစ်ရွက်စီ နံနက်စောစောချသောက်၏။ အင်းမချမီ မှိုင်းခံစက္ကူများ ကို ကမ္ဘဝါသုံးကြိမ် ဖတ်ထားပါ။ စက္ကူများကို သနချေပါ။ ရေးမည့်ခဲတံ၊ စုတ်တံများ သနချေ ထားပါ။ ထိုအင်းချပြီး စက္ကူများ ထားသောအခါ မိမိတေဇအရပ်တွင် ကောင်းမွန်စွာထားပါ။

(မဟိဒ္ဓိသရဏဂုံ-၃အင်း) အဝင် ၃-အင်း

| | | |
|---|---|---|
| စ္ဆာ | ရ | ဗု |
| ဒ္ဓံ | ပု | ဂ |
| ဏံ | မိ | သ |

| | | |
|---|---|---|
| ဂ | သ | မိ |
| ဓ | ဒိ | ဏံ |
| ရ | စ္ဆာ | မ္မံ |

| | | |
|---|---|---|
| ဏံ | ဃံ | စ္ဆာ |
| မိ | အာ | ရ |
| သ | ဂ | သံ |

မဟိဒ္ဓိခြသေ့လက် အင်းတော်ကြီး

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၈ | မိ | ဋ္ဌာ | ဂ | ကံ | ရ | ကံ | ဂ | ဋ္ဌာ | မိ | ၆ |
| | ဋ္ဌာ | ဂ | ကံ | ရ | သ | ရ | ကံ | ဂ | ဋ္ဌာ | |
| | ဂ | ကံ | ရ | သ | ဒ္ဓံ | သ | ရ | ကံ | ဂ | |
| | ကံ | ရ | သ | ဒ္ဓံ | ဗု | ဒ္ဓံ | သ | ရ | ကံ | |
| | ရ | သ | ဒ္ဓံ | ဗု | ဗု | ဗု | ဒ္ဓံ | သ | ရ | |
| | ကံ | ရ | သ | ဒ္ဓံ | ဗု | ဒ္ဓံ | သ | ရ | ကံ | |
| | ဂ | ကံ | ရ | သ | ဒ္ဓံ | သ | ရ | ကံ | ဂ | |
| | ဋ္ဌာ | ဂ | ကံ | ရ | သ | ရ | ကံ | ဂ | ဋ္ဌာ | |
| ၀ | မိ | ဋ္ဌာ | ဂ | ကံ | ရ | ကံ | ဂ | ဋ္ဌာ | မိ | ၅ |

(မဟိဒ္ဓိသရဏဂုံ အထွက် ၃-အင်း)

| | | |
|---|---|---|
| ကံ | မိ | သ |
| ဒ္ဓံ | ပု | ဂ |
| ဋ္ဌာ | ရ | ဗု |

| | | |
|---|---|---|
| ဂ | သ | မိ |
| ဓ | ဒိ | ကံ |
| ရ | ဋ္ဌာ | မ္မံ |

| | | |
|---|---|---|
| သ | ဝိ | ကံ |
| ဂ | အာ | ယံ |
| သံ | ရ | ဋ္ဌာ |

ဤမဟိဒ္ဓိ သရဏဂုံခြသေ့လက် အင်း တော်ကြီးကို တေဇောဓာတ် စစိပ် သောနေ့ကစ၍ ချသောက်၊ တေဇောဓာတ်စိပ်လို့ သိဒ္ဓိတက် စိပ် သောအခါ သရဏဂုံဝင်အင်း၊ ထွက်အင်းချသောက် အလွန်ထူး မြတ်၏။

**အင်းများ၏အကျိုး-** အန္တရာယ် အမျိုးမျိုး၊ ဘေးအပေါင်းလွတ်၏။

လူ့နတ် ချစ်၏။ ရေမနစ်၊ မီးမလောင်၊ ကြံတိုင်းအောင်၏။ ဆောင်တိုင်းမြောက်၏။ ရွှေငွေပြား တို့တွင် လည်း ဝင်ထွက်ရအင်း မျက်နှာချင်းဆိုင်၍ သရဏဂုံ ၁၀၀၀ စုပ်ဆောင်လေ။ ထိုအိပ်မက်သည် မီးခါတ်နိမိတ်ပြသော အိပ်မက်ဖြစ်၏။ သီတင်းကျွတ်လဆန်း ၃ရက် အင်္ဂါနေ့ညအိပ်မက်- မန္တလေး တောင်လောက်ရှိသောတောင်ပေါ်ရောက်နေ၏။ တောင်တစ်လျှောက် ကြေးစည်များအလတ်စား အရွယ်၊ အငယ်စားအရွယ်များ သိန်းသန်းမက လူသွားလမ်းဘေး ဝဲယာတွင်ချိတ်ဆွဲထားကြ၏။ တောင် ကြီး၏ အလယ်လောက်တွင် စေတီကြီးတစ်ဆူ၊ အာရုံခံတန်ဆောင်တစ်ခု ကိုတွေ့ရ၏။ ဘုရားဝင်ဖူး ပုတီးဥပတ်စိပ်ပြီ အာရုံခံထဲလျှောက်ကြည့်၏။ မင်းမဟော်နှင့် ကေဝဋ္ဋပုဏ္ဏားတို့ စစ်တိုက်ခန်းဆွဲချိတ် ထား၏။ ထိုအရုပ်ကားများကိုကြည့်ပြီး အရှေ့ဘက်တန်းနေသော တောင်ကြီးတစ်တောင်ဆီသို့ လျှောက် သွား၏။ ကြေးစည်များသည် အရင်တွေ့ခဲ့သော တောင်ထက်ပင် သာ၍များစွာတွေ့ရ၏။ လျှောက်သွား တော့ မဟာမြတ်မုနိကျောင်းတော်ကြီးကဲ့သို့တွေ့ရ၏။ အလယ်တိုက်ထဲမှာလည်း ရွှေဘုရားကြီး တစ်ဆူ တွေ့ရ၏။ မဟာမြတ်မုနိလောက်ရှိ၏။ ဘုရားဖူးပုတီးစိပ်နေတုန်း နိုးလာ၏။ လက်ထဲတွင် ပုတီးစိပ် လျက်ဖြစ်နေ၏။

သီတင်းကျွတ်လဆန်း ၄ ရက် ဗုဒ္ဓဟူးနေ့ည အိပ်မက် - ကျွန်ုပ်၏ကျောင်းရှေ့တွင် ရထားသုံးစင်း ဆိုက်နေတာတွေ့ရ၏။ ရှေ့တစ်စင်းက ရွှေ တစ်စင်းကပတ္တမြား၊ တစ်စင်းကမြ အတိတ်ပြသော ရထား

သုံးစင်းဖြစ်၏။ သေသေချာချာ ကြည့်လေကောင်းလေဖြစ်၏။ ရထားသုံးစင်းမှ စောင့်နေကြသော မင်းဝတ်တန်ဆာဝတ်ထားသော လူသုံးယောက်ကို ကျွန်ုပ်ကမေးကြည့်၏။ ဤအရာများက ဘယ်သူလုပ်တာလဲ၊ တယ်ကောင်းပါလား၊ ဘာကိစ္စနှင့် ကော လာတာလဲဟု မေးလိုက်၏။ ပြန်ဖြေကြသည်မှာ ဘိုးတော်တို့မှ လုပ်တာပါဘုရား၊ အရှင်ဘုရားခြေတော်တင်ရန် အလိုရှိတဲ့အခါ တပည့်တော်တို့ကို စေလိုက်လို့ပါဘုရား။ ရထားအတွင်းထဲကလည်း ခင်းပြားကြီးခုနှစ်ချောင်းက ဘာသဘောနဲ့ ထားတာလဲ။ အရှင်မြတ်၏ သူတော်ဥစ္စာ ၇ ပါးလက်ကိုင်ထား၍ ကျင့်ကြံနေသောကြောင့် ဤကဲ့သို့ လက်ခတ်လို ခင်းပြားကြီး ၇ပြား ပြုလုပ်ထားရကြောင်းပါဘုရား။ အင်း . . ကောင်းတယ် . . ကောင်းတယ်။ တပည့်တော်တို့ကို လိုသောအခါ စေတော်မူပါဘုရား။ ကောင်းပါပြီ တကာတို့။ ကျွန်ုပ်လည်းနိုးလာပြီး ဤမှတ်တမ်းကို ရေးလိုက်၏။


